
www.burmeseclassic.com



# မြို့အုပ်ပုံပြင်

# ဟော်ထေင်

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ရာပြည့်စာအုပ်တိုက်
အငှမနှစ်လည် အထိမ်းအမှတ် ဂုဏ်ပြုထုတ်ဝေခြင်း

BURMESE CLASSIC .com

လွတ်လပ်ရေး မရမီနှင့် လွတ်လပ်သော ဘဝသို့ ကူးပြောင်းသည့် စပ်ကြားကာလ အုပ်ချုပ်ရေး ယန္တရားကြီးအကြောင်း ဝတ္ထုတိုများ ဖြစ်သည်။ တောသူ တောင်သား၊ ဆယ်အိမ်ခေါင်း၊ သူကြီး၊ မြို့အုပ်၊ နယ်ပိုင်၊ အရေးပိုင်တို့၏ လူ့ဘဝ အဖွဲ့များပင် ဖြစ်သည်။ အမြီးအမောက် မတည့်သည့် လောကကြီး၏ သဘာဝကို တထေ့ထေ့ ပြုံးရှုံ တပြုံးပြုံးနှင့် မဲ့ရမည့် ပြုံးတမဲ့မဲ့ ဝတ္ထုတိုများပင် ဖြစ်၏။ 'တော' (မေ ၁၉၃၆) မှသည် 'ဆဲမှု' (နိုဝင်ဘာ ၁၉၇၂) အထိ ဝတ္ထုတို ၁၇ ပုဒ် ပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မောင်ထင်

ဧရာဝတီတိုင်း လပွတ္တာမြို့၌ အဖ ဦးတရောင်၊ အမိ ဒေါ်စိန်ပွင့်တို့က ၂၁ မတ် ၁၉၁၉ တနင်္ဂနွေနေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးထင်ဖတ် ဖြစ်သည်။

လပွတ္တာမြို့ ဦးခန္တီကျောင်းနှင့် ဦးဘိုးထွန်းကျောင်းများတွင် စတင် ပညာသင်ကြားခဲ့သည်။ မြောင်းမြ တိုင်းရင်းသားအထက်တန်းကျောင်းမှ ဆဋ္ဌမတန်း၊ ရန်ကုန် မြို့မ တိုင်းရင်းသားအထက်တန်း ကျောင်းမှ ဟိုက်စကူးဖိုင်နယ်၊ ရန်ကုန်တက္ကသိုလ်မှ ဘီအေ (ဝိဇ္ဇာဘွဲ့ -၁၉၃၃) ရရှိ အောင်မြင်ခဲ့သည်။

မြောင်းမြမြို့ တိုင်းရင်းသားအထက်တန်းကျောင်း အထက်တန်းပြဆရာ(၁၉၃၅)၊ မြို့ပိုင် (၁၉၃၆-၄၂)၊ နိုင်ငံခြားရေးဌာန လက်ထောက်အတွင်းဝန်(၁၉၄၃-၄၄)၊ သတင်းနှင့် ဝါဒဖြန့်ချိရေးဌာန ဒုတိယအတွင်းဝန်(၁၉၄၄-၄၅)၊ အသံလွှင့်ဌာန ညွှန်ကြားရေးဝန် (၁၉၄၆-၄၇)၊ လူမှုဝန်ထမ်း ဝန်ကြီးဌာန (ခေတ္တ) ရခိုင်တိုင်း ပြန်လည်ထူထောင်ရေး မင်းကြီး (၁၉၄၇-၄၉)၊ ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်(၁၉၄၉)၊ ရန်ကုန်သတင်းစာ အုပ်ချုပ်မှုအယ်ဒီတာ(၁၉၅၀-၅၅)၊ မြန်မာနိုင်ငံ တရေးဆရာအသင်း ဥက္ကဋ္ဌ(၁၉၅၄)၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ(၁၉၅၉)၊ စာပေ ဗိမာန် စွယ်စုံကျမ်းပြုစုရေး အတိုင်ပင်ခံ(၁၉၅၅-၅၈)၊ လန်ဒန်တိုင်း သတင်းထောက်နှင့် အလွတ် သတင်းစာဆရာ (၁၉၅၇-၇၇)၊ မြန်မာစာအဖွဲ့နှင့် သမိုင်းဖြစ်ရပ်မှန် ပြုစုရေးအဖွဲ့ဝင် (၁၉၈၅ မှ ယနေ့ထိ) ... စသည်ဖြင့် နယ်ဘက်၊ စာပေနှင့် သတင်းစာ အဖွဲ့အစည်းများတွင် တာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၃၃ ခုနှစ်မှစ၍ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် စာအမျိုးမျိုး ရေးသားပြုစုခဲ့သည်။ ကိုဒေါင်း (၁၉၃၇)၊ မြို့အုပ်မင်းဆို ဘုံရုံကျော(၁၉၃၇-၄၁)၊ ဘဘ အရေးကြီးဆုံးလဲနှင့် အာဇာနည်မိခင်ပြဇာတ် (၁၉၄၄)၊ ဒေဘ (၁၉၄၇)၊ မျိုးဖျက်ရန်သူ(၁၉၆၀)၊ ရာဇဓမ္မသင်္ဂဟကျမ်းနှင့် ယောအတွင်းဝန် ဦးဘိုးလှိုင် အတ္ထုပ္ပတ္တိ (၁၉၆၀)၊ ဗမာ နိုင်ငံရေး သုခမိန် (၁၉၆၅)၊ ပူရှိကင်၏ မုန်တိုင်းထဲက နပုံးစာနှင့် အခြားဝတ္ထုတိုများ(၁၉၆၅)၊ မြန်မာ့ လယ်ယာမြေစနစ်(၁၉၆၆)၊ မိုပါဆွန်း ဝတ္ထုတို များ(၁၉၆၆)၊ လောကအမြင် (၁၉၆၆)၊ မောင်ထင်၏ ဝတ္ထုတိုများ(၁၉၆၈)၊ ကမ္ဘာ့ဝတ္ထုတိုများ (၁၉၇၂)၊ ကမ္ဘာ့ စာပေအညွှန်း (၁၉၇၄-၈၇)၊ အုံ့မှုိင်းယ်ပုံပြင် (၁၉၇၄)၊ မြို့အုပ်ပုံပြင် (၁၉၇၆)၊ အနာဂတ္တိကျမ်း (၁၉၇၇)၊ မြင်ဝါတောင်(၁၉၇၇)၊ မောင်ထင်၏ ဝတ္ထုတိုပေါင်းချုပ် (၁၉၉၉)၊ ဂန္ထဝင်သံခိပ် (၁၉၉၉) တို့မှာ ထင်ရှားသည်။ ၁၉၈၁ တွင် 'ငါလီတာ၏ ခရီးစဉ်' ဖြင့် အမျိုးသား စာပေဆု (ဘာသာပြန်)၊ ၁၉၉၄ ခုတွင် ပခုက္ကူ ဦးအုန်းဖေ စာပေဆု(တစ်သက်တာစာပေဆု)၊ ၁၉၉၆ တွင် မြတ်မိခင်စာပေဆိုင်ရာ ဂုဏ်ထူးဆောင်ဆု ဖြစ်သည့် မိဘမေတ္တာ စာပေ ဂုဏ်ရည်ဆု၊ ဝိဇ္ဇာပညာ ထူးချွန်တံဆိပ် (ပထမဆင့်-၂၀၀၃) တို့ကို ရရှိခဲ့သည်။

ယခုအခါ အမှတ် ၂၄၈၊ ၄ လမ်း၊ မြို့သစ်(က)ရပ်ကွက်၊ အင်းစိန်မြို့နယ်တွင် နေထိုင်လျက် ရှိပါသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၂၀၀၂ နှင့် ၂၀၀၃ ထုတ် ရာပြည့်စာအုပ်များ

၁၇၈။ နနှ၏ သံနှင့် သွေး
၁၇၉။ မောင်ပေါ်ထွန်း၏ ငါဘဝ ငါသာသခင် ငါသာဘုရင်
၁၈၀။ ဦးရွှေအောင်၏ ဓမ္မပဒ
၁၈၁။ မောင်ထွန်းသူ၏ လူမည်း ပညာရေးသုခမိန် ဒေါက်တာ ဘွတ်ကာ တီ ဝါရှင်တန်
၁၈၂။ မောင်မိုးသူ၏ စိတ္တဇ (Psycho by Robert Bloch)
၁၈၃။ ပါရဂူ၏ ဒီဗျာ
၁၈၄။ ရွှေဥဒေါင်း၏ စွန့်ဝံ့သူ
၁၈၅။ တင်မောင်မြင့်၏ မဟာရံတံတိုင်းကို ဖြတ်ကျော်ခြင်း (This Side of Glory by Bristow)
၁၈၆။ တင့်တယ်၏ အိုဘယ့်ကံ (The Scarlet Letter by Nathaniel Hawthorne)
၁၈၇။ ဦးရွှေအောင်၏ ရသစာပေ၏ ရသ
၁၈၈။ မောင်ပေါ်ထွန်း၏ မိန်းမတစ်ယောက်၏ ဘဝ (A Woman's Life by Maupassant)
၁၈၉။ ရှုဝ်၏ မိုက်ခဲထွန်းရွှေ ဝတ္ထုတိုများ
၁၉၀။ တက်တိုး၏ နပိုလီယံ
၁၉၁။ မောင်မိုးသူ၏ အိပ်ဇိုးဒပ် (Exodus by Leon Uris)
၁၉၂။ မင်းယုဝေ၏ ပထမ မြန်မာများ
၁၉၃။ တင်မောင်မြင့်၏ အချစ်များစွာနဲ့ပါ ဆရာ(To Sir With Love by Braithwaite)
၁၉၄။ ရှုဝ်၏ ဌမ်းပုံ
၁၉၅။ မောင်ပေါ်ထွန်း၏ စံပြခေါင်းဆောင်၊ စံပြခေါင်းဆောင်မှု (သမ္မတလင်ကွန်း၏ အံ့ဖွယ် ခေါင်းဆောင်မှု စွမ်းရည်) {Lincoln on Leadership}
၁၉၆။ ဦးတင်မောင်ရင်(မဟာဝိဇ္ဇာ)၏ စစ်တောင်းမှာ နောက်ဆုံးတိုက်ပွဲ
၁၉၇။ တက်တိုး၏ မေဓာ္တာမဏ္ဍိုင်
၁၉၈။ ဒေါက်တာကျော်စိန်၏ ဘဝဟန်

၂၀၀၃ ခုနှစ် စက်တင်ဘာနှင့် အောက်တိုဘာတွင် ထုတ်ဝေမည့် စာအုပ်များ

၂၀၁။ မောင်ဆုရှင်၏ တီထွင်မှုများသမိုင်း
၂၀၂။ ညိုမြ၏ ကုန်းဘောင်ရှာပုံတော်
၂၀၃။ တင့်တယ်၏ လစန္ဒာနှင့် ခြူးပိုက်ဆံ
၂၀၄။ ကျော်အောင်၏ ရာဇာမည်သော ကျား

ရာပြည့်စာအုပ် ၁၉၉

မောင်ထင်

# မြို့အုပ်ပုံပြင်

ရာပြည့်စာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁(အိမ်)၊ ၂၅၂၇၉၈(ဆိုင်)
[ ၁၊ ဩဂုတ်၊ ၂၀၀၃ ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၁၂၉ /၂၀၀၃ (၁) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၄၇၇ /၂၀၀၃ (၅) ]

□

ပုံနှိပ်ခြင်း
ပထမအကြိမ် -(၁၉၇၆) စာသဘင် စာအုပ်တိုက်
ဒုတိယအကြိမ် -(၂၀၀၃) ရာပြည့်စာအုပ်တိုက်

(၁၊ ဩဂုတ်၊ ၂၀၀၃)
အုပ်ရေ [၁၀၀၀]

□

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

□

ထုတ်ဝေသူ
ဦးကျော်ဆန်း [၀၉၃၂]၊ ရဲအောင်စာပေတိုက်
အမှတ် ၂၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

□

အတွင်းဖလင်
အေဇက်

□

စာအုပ်ချုပ်
ကိုမြင့်နှင့် ညီဝင်းမြင့်

□

မျက်နှာဖုံး ပန်းချီ
ဝသုန်

□

တန်ဖိုး
၁၅၀၀ ကျပ်

# မာတိကာ

| | | |
|---|---|---|
| - | အမှာ | ၉ |
| ၁။ | တော | ၁၇ |
| ၂။ | တရားခံ | ၂၂ |
| ၃။ | မျောက်ပွဲ | ၂၈ |
| ၄။ | သိကြားမင်း ထိုးသော လက်ဆောင် | ၃၆ |
| ၅။ | လာဘ် | ၅၂ |
| ၆။ | ရှင်းရှာ | ၈၁ |
| ၇။ | ဆက်ရန် ရှိသေးသည် | ၁၀၃ |
| ၈။ | ဓာရနက္ခတ် | ၁၂၀ |
| ၉။ | ဥပဒေ | ၁၃၆ |
| ၁၀။ | ရွေးကောက်ပွဲ ဒဏ္ဍာရီ | ၁၅၉ |
| ၁၁။ | မာလကာကုန်း | ၁၈၆ |
| ၁၂။ | အတိတ်ဘီလူး | ၂၁၆ |
| ၁၃။ | အညတရ | ၂၄၂ |
| ၁၄။ | ထနောင်းနှင့် ကဖွီး | ၂၅၄ |
| ၁၅။ | စိန်ခြူးကြာညောင် | ၂၈၂ |
| ၁၆။ | လူခွန် | ၃၀၈ |
| ၁၇။ | ဆဲမှု | ၃၂၆ |

www.burmeseclassic.com

www.burmeseclassic.com

မောင်အရင်းကဲ့သို့ သဘောထား၍
ပုံပြင်နှင့်တကွ ဆုံးမ ပုံပြင်ပေးသော
မင်းကတော်ကြီး
နှင့်
ညီအရင်းကဲ့သို့ သဘောထား၍
လက်တွေ့ကို ပြပြီးလျှင် ဆုံးမ ပုံပြင်ပေးသော
မြို့အုပ်မင်း
တို့၏
ကျေးဇူးကို အောက်မေ့၍ ....။

## အမှာ

မြို့အုပ်၊ သူကြီး၊ ကျေးရွာသမာဓိ၊ ဆယ်အိမ်ခေါင်း စသော ပုဂ္ဂိုလ်တို့သည် ဗြိတိသျှ မြန်မာပြည်၏ အုပ်ချုပ်ရေး အခြေခံအဆင့်တွင် အကျုံးဝင်သော ပုဂ္ဂိုလ်များ ဖြစ်လေသည်။ သာမန်အားဖြင့် ဆိုရလျှင် ထိုပုဂ္ဂိုလ်တို့၏ လုပ်ရည်ကိုင်ရည် အရည်အသွေးသည် တိုင်းပြည်နှင့် လူမျိုး ဖွံ့ဖြိုးမှုကို ဆောင်ကြဉ်းပေးနိုင်ဖွယ် ရှိသည်။

သို့သော် ထိုအုပ်ချုပ်ရေးသည် မြန်မာ့ရိုးရာ အလိုက် အဆင့်ဆင့် တိုးတက်လာသော အုပ်ချုပ်ရေး မဟုတ်။ တိုင်းတစ်ပါးသား အရင်းရှင် နယ်ချဲ့တို့က သူတို့၏ အကျိုးကျေးဇူး အလို့ငှာ တိုင်းရင်းသားတို့ကို စေခိုင်းဖို့ရာ ကြံဆ တီထွင်ထားသော အုပ်ချုပ်ရေး ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားတို့၏ အရည်အသွေးဆိုသည်မှာ ကျောက်တုံးအောက်တွင် ပေါက်သောမြက်ကဲ့သို့ ဖြစ်သည်။ ထိုမြက်သည် အတားအဆီး မရှိ၊ လွတ်လပ်စွာ မပေါက်ရချေ။ ကျောက်တုံး၏အင်အားကို မလှန်နိုင်၍ ကျောက်တုံးအောက်တွင် ဝပ်စင်းကာ တလူလူ ဖြစ်နေသော အညွန့်ကို သူတစ်ပါး မမြင်စေရလေအောင် ပုန်းလျှိုးဗုက်လျှိုးနှင့် ပေါက်ရသည်။

ထိုခေတ်တွင် အဆိုပါ မြို့အုပ်၊ သူကြီး စသည်တို့ မဆိုထားဘိ၊ တိုင်းကျိုးပြည်ကျိုးဆောင် တိုင်းရင်းသား ခေါင်းဆောင်များသည်ပင်လျှင် မိမိလူမျိုးနှင့် မိမိတိုင်းပြည်အတွက် စိတ်ရှိတိုင်း လွတ်လပ်စွာ ကြိုးပမ်းဆောင်ရွက်ခြင်း မပြုနိုင်ကြချေ။

မှုပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ထိုခေတ်သည် ရိုးရာ အုပ်ချုပ်ရေးစနစ်များ လျှော့ကျ ယိုယွင်း ပျက်စီး၍ အင်ပိုင်ယာ နယ်ချဲ့သမားတို့ တီထွင်သော အုပ်ချုပ်ရေး စနစ်များ အမြစ်တွယ်သောခေတ် ဖြစ်သည်။ အင်ပိုင်ယာဝါဒီတို့သည် တိုင်းရင်းသားတို့ကို ခေတ်မီနိုင်ငံသားများ အဖြစ်ဖြင့် ကမ္ဘာ့နိုင်ငံသားများ အလယ်တွင် ဣန္ဒြေသိက္ခာ ရှိရှိနှင့် တည်တံ့ကြပါစေရန် ရည်ရွယ်ရင်း မဟုတ်ချေ။

ထို့ကြောင့် အုပ်ချုပ်ရေး အဆင့်အတန်းအရ ပြောရပါလျှင် ဗြိတိသျှတို့ မြန်မာနိုင်ငံကို ချဉ်းနင်းဝင်ရောက်သော ခေတ်မှ စ၍ ဗြိတိသျှတို့ မြန်မာနိုင်ငံကို လက်လွှတ်လိုက်ရသော ခေတ်အထိ မြန်မာ့အုပ်ချုပ်ရေး အဆင့်အတန်းမှာ ခေတ်လည်း မမီ၊ တိုးတက်သော အုပ်ချုပ်ရေးလည်း မဟုတ်၊ ခိုင်မာသော သဘောလည်း မရှိ။ ဗြိတိသျှတို့ လက်လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် မြန်မာတိုင်းရင်းသားတို့ ဝါးအစည်း ပြေသကဲ့သို့ ပြေစေသော အုပ်ချုပ်ရေးမျှသာ ဖြစ်သည်။

ယင်းခေတ်ကာလအတွင်း မြို့အုပ်၊ သူကြီး စသော အုပ်ချုပ်ရေး ဝက်အူများသည် ဗျူရိုကရက်ယန္တ ရားကြီးကို စည်းနှောင်ပေးကြသည်။ ဤသို့ စည်းနှောင်ပေးရင်းနှင့် ဝက်အူများ သံချေးတက်လာသည်၊ ချောင်လာသည်၊ ပျက်လာသည်။ ဝက်အူအသစ်ကို လဲလှယ်ပေးသည် ဆိုသော်ငြားလည်း များစွာသော ဝက်အူတို့မှာ တစ်ပတ်ရစ်ချည်းသာ ဖြစ်သည်။

မြန်မာတို့သည် ယင်းသို့သော အခြေအနေကို တော်လှန်၍ လွတ်လပ်ရေးကို အရယူခဲ့ကြသည်။ လွတ်လပ်ရေး ရခါစတွင် ကျွန်ုပ်တို့ တိုင်းရင်းဖွား လူမျိုးများသည် ခေတ်မီ၍ တိုးတက်သော အုပ်ချုပ်ရေးစနစ်ကို အကောင်အထည် ဖော်ရန်အတွက် စိတ်အားထက်သန်ကြသည်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး သဘောတရားများကို လေ့လာကြသည်။ အနာဂတ်အတွက် မွန်မြတ်သော ရည်ရွယ်ချက်များကို ချမှတ်ကြသည်။

ဤဝတ္ထုတိုများသည် မြန်မာတို့ မလွတ်လပ်ခင် ဘဝမှ လွတ်လပ်သော ဘဝသို့ ကူးပြောင်းခဲ့ကြသည့် ကာလတစ်လျှောက်၌ တွေ့ရ ကြုံရသော အုပ်ချုပ်ရေး ယန္တ ရားကြီး အကြောင်းနှင့် ဆက်စပ်နေသော ဝတ္ထုတိုများ ဖြစ်သည်။



ဤဝတ္ထုတိုများ မြစ်ဖျားခံရာ အေသမှာ တောဖြစ်ပါသည်။ တောဆိုသည်မှာ ကျေးလက်တောရွာကို ဆိုခြင်းဖြစ်သည်။ ဗြိတိသျှ အုပ်ချုပ်ရေးစနစ်ကို ကြည့်လျှင် အုပ်ချုပ်ရေး အခြေခံအဖြစ်ဖြင့် ကျေးရွာနယ်ပယ်ကို ယူနစ်တစ်ခု ပြုထားကြောင်း တွေ့ရပါလိမ့်မည်။

သို့သော် မြို့နှင့် ကျေးရွာကို ယှဉ်လိုက်လျှင် ကျေးရွာသည်သာလျှင် အများစု ဖြစ်သည်။ မြို့အုပ်၊ သူကြီး စသူတို့၏ သဘာဝမှာ ထိုကျေးရွာများနှင့် လက်ပွန်းတတီး ဆက်သွယ် နေထိုင် လုပ်ဆောင်ရသော သဘာဝ ဖြစ်သည်။

ထို့ကြောင့် အမည်က မြို့ကို အုပ်ချုပ်ရသည်ဟု အဓိပ္ပာယ်ရသော်လည်း မြို့အုပ်၏လုပ်ငန်းမှာ ကျေးလက်တောရွာ အရေးအခင်းတို့ကို အများဆုံး အုပ်ချုပ်ရသော လုပ်ငန်း ဖြစ်ပါသည်။ အုပ်ချုပ်သူတို့အဖို့ မိမိအုပ်ချုပ်ရာ နယ်မြေသဘာဝ၏ အမှန်တရားကို သိလိုလျှင် ကျေးလက်တောရွာကို ဝိပဿနာ ရှုကြရပါမည်။

ကျွန်တော်သည် နစဉ်အခါက မိမိကိုယ်တိုင်လည်း ကျေးတောသား ဖြစ်ခဲ့ဖူးသည့်အလျောက် မိမိ အလုပ်လုပ်ရာ ကျေးလက်တောရွာ ပတ်ဝန်းကျင်ကို ဝိပဿနာတင်သည်ဟု ကြီးကြီးကျယ်ကျယ် မဆိုသာသော်လည်း တစေ့တစောင်း ဆိုဘိသကဲ့သို့ ကြည့်ရှုမှတ်သား လေ့လာခဲ့ပါ၏။

ဤသည်တွင် အလုပ်သင်မြို့အုပ် အဖြစ်ဖြင့် ကျေးရွာတို့ကို လှည့်လည်သွားလာရင်း "တော"ဟု အမည်ပေးထားသော ဝတ္ထုကြောင်းကလေး တစ်ခုကို ရေးပါသည်။ ထိုဝတ္ထုကြောင်းကလေးသည် ၁၉၃၆ ခုနှစ် မေလထုတ် ဂန္ထလောက မဂ္ဂဇင်းတွင် ပါလာပါသည်။ ထိုသည့်နောက်ပိုင်းတွင် မိမိ တွေ့ကြုံ ကြားနာရသော အကြောင်းခြင်းရာတို့ကို အခြေခံ၍ ကျေးရွာအုပ်ချုပ်ရေး သဘာဝကို ပြဆိုသော ဝတ္ထုတိုကလေးများကို အစဉ်တစိုက် အလျဉ်းသင့်သလို ရေးသား ဖန်တီးခဲ့ရာ ၁၉၇၃ ခုနှစ်တိုင်အောင်ပင် ဖြစ်ပါသည်။

"တော"ကို ဖတ်ရှုကြည့်လျှင် အချို့က ဝတ္ထုတို မဟုတ်ဟု ဝေဖန်ကြပါလိမ့်မည်။ အချို့ကလည်း ဆောင်းပါးလည်း မဟုတ်ဟု ဝေဖန်ကြဦးမည်။

www.burmeseclassic.com



ထိုစာကိုဖတ်ရသောသူသည် ထိုစာကို မိမိ၏စာဖတ်သောလေ့ အတွေ့အကြုံဖြင့် ပိုင်းခြားချင်သလို ပိုင်းခြားကြည့်နိုင်ကြပါသည်။

ကျွန်တော်ကား "တော"သည် "မြို့အုပ်ပုံပြင်" မြစ်များခံရာ စာတစ်ပုဒ်ဖြစ်သည့်အတွက်ကြောင့် ယင်းကိုပင် မြို့အုပ်ပုံပြင်များ၏ နိဒါန်းသဖွယ် ရှေ့၌တင်ထားပါသည်။ စာရေးသူသည် မိမိစာ ဖြစ်ပေါ်လာရခြင်း အကြောင်းကို အမှတ်အသား အဖြစ်ဖြင့် မှတ်တမ်းတင်လိုသော အဓိပ္ပာယ်နှင့် ရှေ့တင်ထားခြင်းကို စာဖတ်သူတို့က ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ယခု အဆိုပါ ဝတ္ထုတိုများကို ပထမဆုံး တစုတစပေါင်းတည်း ပြု၍ထုတ်ဝေရာ၌ ထုတ်ဝေလိုက်သော စာ၏ သမိုင်းမှတ်တမ်း အလို့ငှာ ပထမ ပုံနှိပ်ထုတ်ဝေသော မဂ္ဂဇင်းတိုက် အမည်နှင့် သက္ကရာဇ်တို့ကို ပေးထားပါသည်။

ဆယ်အိမ်ခေါင်း၊ သူကြီး၊ မြို့အုပ်၊ နယ်ပိုင်၊ အရေးပိုင်၊ ဝန့်ရှင်တော်မင်းကြီး စသော သူတို့သည် အားလုံး လူထဲမှ ပေါက်ဖွားလာသော လူချည်းဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်များ လူ့ဘဝကို ရကြစဉ်အခါက ထိုပုဂ္ဂိုလ်တို့ကို မည်သည့်နတ်၊ သိကြားကမျှ ဆယ်အိမ်ခေါင်းတံဆိပ်၊ သူကြီးတံဆိပ်၊ မြို့အုပ်တံဆိပ် စသည်ဖြင့် ခတ်နှိပ်ပေးလိုက်ခြင်း မရှိပါ။ စင်စစ် ထိုသူတို့သည် လူနှင့် တစ်စပ်တည်းချည်း ဖြစ်ပါ၏။ နောင်သောအခါမှာမှ သာလျှင် ပတ်ဝန်းကျင် အရိပ်အာဝါသကြောင့် ဖြစ်စေ၊ ပေါင်းသင်းဆက်ဆံရေး အခြေအနေကြောင့် ဖြစ်စေ ထိုပုဂ္ဂိုလ်တို့ကို အများက မိုးကျရွှေကိုယ် ဖြစ်သယောင်ယောင် ပြောဆိုကြပါ၏။ ဤသို့ပြောဆိုသည့်အတိုင်း မိုးကျရွှေကိုယ်ဟု ထင်မြင်သူတို့လည်း ရှိတန်ကောင်း၏။

သို့သော် ထိုသူတို့သည် လူပင်ဖြစ်၍ လူကဲ့သို့ပင် အမျက်ထွက်တတ်သည်၊ ခွင့်လွှတ်တတ်သည်၊ သနားတတ်သည်၊ ရက်စက်တတ်သည်၊ ချစ်တတ်သည်၊ မုန်းတတ်သည်၊ သတ္တိရှိတတ်သည်၊ ကြောက်ရွံ့တတ်သည်၊ တည့်မတ်တတ်သည်၊ သွေဖည်တတ်သည်၊ ရိုးသားတတ်သည်၊ ဆန်းပြားတတ်သည်၊ မှားတတ်သည်၊ မှန်တတ်သည်။ လူ၌ ရှိတတ်သော သဘာဝ အားလုံးတို့သည် သူကြီး၊ မြို့အုပ်စသူတို့၌ ရှမြင် စမြဲပင်။





ထို့ကြောင့် သူတို့အကြောင်းကို ဖွဲ့နွဲ့ရာ၌ ကျွန်တော်သည် လူ့သဘာဝမှ လွဲ၍ မဖွဲ့နွဲ့တတ်ပါ။ ဤသို့ လူ့သဘာဝကို ဖွဲ့နွဲ့ရာ၌ မပီမပြင် ရှိသည်ဆိုလျှင် ကျွန်တော်၏ အနုပညာသည် လိုနေသောကြောင့်သာလျှင် မပီမပြင် ဖြစ်ရပါမည်။ လူ့သဘာဝကား သူ့အတိုင်းပင် ရှိနေပါလိမ့်မည်။

ကျွန်တော်သည် ရှေးခေတ်အကြောင်းကို ဤအမှာ၌ နိဒါန်းဆင်ခဲ့ပါသည်။ အကြောင်း ရှိပါသည်။ ထိုခေတ် ထိုအခါက အုပ်ချုပ်ရေးမှာ တိုင်းရင်းသားတို့ သဘောတူညီ၍ တင်မြှောက်ထားသော သူတို့၏ အုပ်ချုပ်ရေး မဟုတ်ပါ။ ထိုသဘာဝကို တိုင်းရင်းသားတို့က စဉ်ဆက်မပျက် ခုခံ တော်လှန်ခဲ့ကြပါသည်။ ဤကဲ့သို့သော သဘောတရားကြောင့် ထိုခေတ်က သူကြီး၊ မြို့အုပ် စသူတို့ကို လူထုက မနှစ်မြို့သော စိတ်ဖြင့် ကြည့်ကြပါသည်။ ဤသည်မှာ သဘာဝကျလှပါသည်။

ထို့ကြောင့် ယင်းပုဂ္ဂိုလ်တို့ကို ကြည့်လိုက်လျှင် အများက မုန်းစရာဟုပင် မြင်ကြသည်။

ကျွန်တော့်အလုပ်မှာ ထိုချစ်ခြင်း၊ မုန်းခြင်းနှင့် မဆိုင်ပါ။ လက်တွေ့မျက်မြင် သုံးသပ်ရာ၌ ချစ်စရာကို တွေ့လျှင် ချစ်စရာ၊ မုန်းစရာကို တွေ့လျှင် မုန်းစရာ။ ဒိဋ္ဌမျက်မြင်အတိုင်းသာလျှင် ဖွဲ့ဆိုပါသည်။ ရည်ရွယ်ချက်မှာ ယထာဘူတ ကျစေဖို့ပင် ဖြစ်သည်။ ဤရည်ရွယ်ချက် အထ မမြောက်လျှင် ယခင်က ဆိုပြီးသောအတိုင်း ကျွန်တော်၏ အနုပညာ နေရာမကျ၍သာလျှင် ဖြစ်ရပေလိမ့်မည်။

ယထာဘူတကျကျ ရှုမြင်နိုင်ကြပါလျှင် ယောနိသော မနသိကာရ တရားသို့ ဆိုက်ကြလိမ့်မည်။

မြန်မာ့ရိုးရာ စာပေ ဝေါဟာရ၌ အလင်္ကာမြောက်သည် ဆိုသော စကားတစ်လုံး ရှိပါသည်။ အလင်္ကာဟူသော ပါဠိစကား၏ အနက်အဓိပ္ပာယ်မှာ ဖန်တီးခြင်းပင် ဖြစ်ပါ၏။ ဖန်တီးသော အလင်္ကာမြောက်သည့် စာပေတို့သည် စိတ်ကူးနှင့် မကင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုစိတ်ကူးကို ကျွန်ုပ်တို့ မည်သို့ ရကြပါသနည်း။

လူသည် အမျိုးမျိုး အဖုံဖုံ စိတ်ကူး၏။ သို့သော် လူ့စိတ်ကူးသည် လူ့အတွေ့အကြုံ အကြားအမြင်နှင့် မကင်းနိုင်။

လူသည် စိတ်ကူးဖြင့် နတ်ဘုံ နတ်နန်းကို ဖွဲ့ဆို ရေးသား၏။ ပန်းချီဆေးရေး၍ ခြယ်လှယ်၏။ သို့သော် ထိုရေးသားသောစာ၊ ခြယ်လှယ်သော ပန်းချီကားချပ်တို့၌ရှိသော နတ်သား၊ နတ်သမီး ဟူသည်တို့၏ အခြေခံကိုကြည့်လျှင် လူသည် မိမိ တွေ့ဖူးသော လူယောကျ်ား၊ လူမိန်းမကို တုပလျက် အခြေခံ၍ ရေးသား ခြယ်လှယ်ထားသည်ကို တွေ့ရမည်။

စိတ်ကူးသည် သုတနှင့် မုတရောရာကို အခြေခံ၍ ဆန်းကြယ်စွာ ဖြစ်ပေါ်သည်။ သုတကား အကြားအမြင် ဖြစ်၏။ မုတကား ကိုယ်တွေ့ဖြစ်၏။ လူ့လောကထဲတွင် ပေါက်ဖွားလာသော သူအဖို့ အကြားအမြင်နှင့် ကိုယ်တွေ့အားလုံးမှာ လူနှင့်ချည်းသာ ဆက်စပ်နေသည်။ ယိုးဒယား ကောက်ကြောင်းကို ဖန်တီးလိုက်သည့် ကိစ္စ၌ပင်လျှင် ပန်းပွင့်၊ ပန်းနွယ်၊ ပန်းရွက်၊ ပန်းဖူး စသော မြင်ဖူး၊ တွေ့ဖူးသော အရာကို အခြေခံ၍ စိတ်ကူးသည်ဟု ဆိုရန် ရှိသည်။

ဝတ္ထုရေး ဆရာသည် စာဖတ်သူနှင့် တွေ့ဆုံသောအခါ စာဖတ်သူက 'ဆရာ့ဝတ္ထုက တကယ်လား'ဟု မေးတတ်သည်။ ဝတ္ထုရေးဆရာ အဖို့ တကယ်ဟု ပြောရန် ခက်သည်။ အဘယ့်ကြောင့်ဆိုသော် ဝတ္ထုရေးဆရာသည် ဆင်ပြောင်ကြီးကို မြင်ပါလျက်နှင့်လည်း ကြွက်ဖြစ်အောင် စိတ်ကူး၍ ရေးချင် ရေးမည်။

တစ်ဖန်တဲ့လည်း စာဖတ်သူက 'ဒါဖြင့် ဆရာ့ဝတ္ထုက တကယ် မဟုတ်ဘူးလား'ဟု ပြောမေး မေးလိုက်လိမ့်မည်။ ထိုအခါ၌လည်း မဟုတ်ဘူးဟု ငြင်းရန် ခက်လိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဝတ္ထုရေးဆရာသည် တကယ့်အဖြစ်အပျက်ကို မှီး၍ စိတ်ကူးထုတ်သောကြောင့် ဖြစ်သည်။

ဒိဋ္ဌမမွတို့ကို ဖွဲ့နွဲ့ရာ၌ ဤသဘောသွား အတိုင်း ဖွဲ့နွဲ့ကြခြင်း ဖြစ်သည်။ သို့သော် ဒိဋ္ဌမမွအဖွဲ့သည် ဓာတ်ပုံရိုက်၍ ပြဘိသကဲ့သို့ ပြခြင်းကား မဟုတ်ချေ။ တကယ့်အဖြစ်ကို မှတည်၍ စာရေးသူခံစားချက်ကို အခြေခံကာ စိတ်ကူးထုတ်လိုက်





သောအခါ မျက်မြင်ဒိဋ္ဌအဖွဲ့ ပေါ်လာလေသည်။ ထိုအခါ တကယ့်အဖြစ်အပျက်ဆိုသော အရာသည် လုပ်ကြံဖန်တီးထားသော အဖြစ်အပျက်မျှသာ ဖြစ်လာသည်။ သို့ရာတွင် ယင်းလုပ်ကြံဖန်တီးထားသော အဖြစ်အပျက်သည် လက်တွေ့၌ မဖြစ်နိုင်ပါဘူး ဟူ၍လည်း မဆိုသာချေ။

ဝတ္ထုအဖွဲ့တို့၌ ယေဘုယျအားဖြင့် ဤသဘာဝ ထင်ရှားရှိခြင်းကြောင့် "စာရေးသူ၏ ဝတ္ထုတွင် ပါရှိသော နာမည်၊ နေရပ်၊ လိပ်စာ၊ အကြောင်းအရာတို့သည် စာရေးသူ၏ စိတ်ကူးမျှသာ ဖြစ်ကြောင်း၊ မည်သည့်လူ၊ မြို့ရွာ အကြောင်းရပ်ကိုမျှ ရည်ရွယ်ခြင်း မရှိကြောင်း၊ အမည်နာမ အဖြစ်အပျက် တစ်ခုခုနှင့် တိုက်ဆိုင်လာလျှင် မတော်တဆ တိုက်ဆိုင်ခြင်းမျှသာ ဖြစ်ကြောင်း" စသဖြင့် စာရေးသူတို့က ကြားပလ္လင်ခံ၍ ရေးသော ထုံးစံရှိသည်။

ကျွန်တော်သည် ထိုထုံးစံကို မပစ်ပယ်ပါ၊ လေးစားစွာ လိုက်နာပါသည်။

ထို့ကြောင့် ဤဝတ္ထုတိုများထဲ၌ မတော်တဆ တိုက်ဆိုင်သော နာမည်၊ နေရပ်၊ အကြောင်းအရာ တစ်ခုခုကို တွေ့လျှင်၊ ယင်းသို့ တွေ့သော သူက သူ့ကို ရည်ရွယ်၍ ရေးသည်ဟု ထင်မှတ်ခြင်း မပြုပါရန် တောင်းပန်ပါသည်။

မောင်ထင်

ရန်ကုန်မြို့
၁၉၇၅ ခု နိုဝင်ဘာလ ၄ ရက်နေ့။

www.burmeseclassic.com

# တော

ကျေးလက်တောရွာ ပြုပြင်ရေးခေတ်တွင် တောအကြောင်း ရေးလျှင် တောကို ထွင်၍ ရှင်းလင်း သုတ်သင်လိုသူများ အဖို့ အကြံသစ် ဉာဏ်သစ် ပွင့်လင်း ပေလိမ့်မည်။

တော၏ အာဝါသကို မှီလှုံ၍ လူဖြစ်လာသော ကျွန်ုပ်မှာ တောရိုင်း တောင်ရိုင်းတို့ဖြင့် မကင်းလေသောကြောင့် တောစိတ် တောင်စိတ်တို့ကို ရိုးသား ပွင့်လင်းခြင်းသဘော၊ လွတ်လပ်ခြင်းဂုဏ်၊ တန်းတူအခြေအနေတို့ကို အကြောင်းပြု၍ အထူးသဖြင့် ခင်မင်မိသည်။

ထို့ကြောင့်လည်း တောရိုင်းကို ခိုမိသည်နှင့် တစ်ပြိုင်နက် ကမ်းနားစပ်တွင် ဟန်လွှဲ၍နေသော ဓနိပင်၊ သေရည်ယစ်ဘိသို့ ယိမ်းထိုး၍နေသော ကွမ်းသီးပင်၊ အုန်းပင်၊ ကပွဲဆင်နေသော သမဲ့ပင်၊ ကနစိုပင်၊ နွဲ့၍နေသော လမုပင်၊ ကြံပင် စသည်တို့ဖြင့် ပတ်ဝန်း ခြံရံလျက် ရွှေအဆင်းဖြင့် ဝါဝင်းသော၊ ရိတ်သိမ်းပြီးစ စပါးငုတ်တို့လွှမ်းနေသော လယ်ပြင်ကြီးမှာ ကျွန်ုပ်၏ စိတ်နှင့် တစ်စပ်တည်း၊ တပြေးတည်း ဝင်ရောက် ကူးယှက် ပေါင်းဖက်၍ နေကြလေတော့သည်။

လွတ်လပ်ခြင်း၏ နိမိတ်ကိုဆောင်သော လဟာပြင်ထဲတွင် ကြောက်စိတ် ကင်းသော ကျွဲကျောင်းသားသည် ကျွဲဘို့နောက်နားတွင် တင်ပါးလွှဲထိုင်လျက်၊ တောစခန်း၏ လွတ်လပ်ရေးတေးသံကို တောအဝန်း၌ ပျံ့နှံ့၍ တည်စေ၏။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထဘီရင်ရှား၍ ဒူးနှစ်လုံးကို လွတ်လပ်ရေး ပေးထားသော မိန်းမပျို တစ်စုတို့ကား အနားယူအံ့သော နေမင်း၏ နီမြန်းသော ရောင်ခြည်တို့ကို ကျောခိုင်းလျက် ရေအိုးရွက်ရင်း ကန်ပေါင်ရိုးပေါ်မှ နေ၍ ကမ္ဘာလောက တစ်ဝန်းလုံးကို အစိုးရိမ်မဲ့သော မျက်နှာထားဖြင့် ရဲရင့်စွာ ရှု၏။

ထိုးထွက်နေသော ရေဆင်းတံတားကလေး၏ အထက်တွင် မိန်းမကား ထဘီဖွပ်လျက်၊ အောက်တွင် လင်သည်မောင်ကား မြိန်ရေရှက်ရေ ပလုတ်ကျင်းရင်း ရေချိုးလျက် ရှိနေကြသည်မှာ ယောကျ်ားနှင့်မိန်းမ အယုတ်အမြတ် အငြင်းပွားချက်တို့ကို ရက်ဖွယ်နှင့် ပြက်ရယ်ဘိသကဲ့သို့။

ငင်းတို့နှင့် မလှမ်းမကမ်းတွင် သက်ငယ်ကျူးတိုးကျဲတဲ မိုးကာထားသော၊ ဝါးတစ်ရိုက်ခန့် မြင့်သော အိမ်သာမှ ဇမ္ဗူ့သပြေသီးမှည့် ကြွေသော အသံဖြင့် ပလုံ ပလုံမြည်ရင်း ဆင့်၍ဆင့်၍ ပေါ်လာသော အသံကား ဇနီးမောင်နှံနှစ်ဦး၏ ရေပွဲသဘင်တွင် ပဋ္ဋင်တူရိယာ နှောလိုက်ဘိသကဲ့သို့။

ထိုကမ်းနားစပ်မှ လွန်သည်ရှိသော် ကရင်အိုတဲကလေးသည် ကုက္ကိုပင်၏ အေးမြသောအရိပ်ကို ခိုလှုံလျက် ရှိ၏။

တဲကလေးဆီသို့သွားရာ ကန်သင်းဘေး တစ်ဖက်တစ်ချက်တွင်ကား နွားချေးပိုး တောင်ပို့များ အစီအရီနှင့်။

အမဲသား ငါး ရှားပါးသည့် အခါများတွင် နော်ဆင်နှင့် စိန်မှုံ ညီအစ်မနှစ်ဖော်တို့မှာ ထိုတောင်ပို့များသို့ ချဉ်းကပ်လေ့ ရှိကြ၏။

အဘယ်အကြောင်းကြောင့် ချဉ်းကပ်ကြပါသနည်း။

နွားချေးပိုး တောင်ပို့တွင် အပေါက်ငယ်ကလေး ရှိ၏။ အပေါက်ဝတွင် မိခင်နွားချေးပိုးမကြီးသည် သားသမီးများဖြစ်သော ပိုးလောင်းကောင်ကလေးများကို စောင့်ရှောက်လျက် ရှိ၏။ ငင်း၏ အမှီသဟဲဖြစ်ရာ နွားမင်း၏ ဟိတ်ကိုဆောင်၍ ချဉ်းကပ်လာသူ တစ်စုအား တစ်ချောင်းတည်းသော ဦးချိုဖြင့် ခုခံအံ့ဟု မာန်ဖီ၏။





သို့ရာတွင် ငင်း၏အသက်သည် နော်ဆင်နှင့် စိန်မှုံတို့၏ ပေါက်တူးများတွင် ပါသွားရရှာလေပြီ။

နော်ဆင်နှင့် စိန်မှုံတို့လည်း တောင်ပို့၏ အတွင်းလမ်းကို လိုက်၍ ဖြိုကြ တူးကြ၏။ အတန်ကြာသော် တင်းနစ်ဘောလုံးခန့် ရှိသော ရွှံ့လုံးကလေးများ ပေါ်လာ၏။ တစ်လုံးစီ တစ်လုံးစီ ထုတ်ယူ၏။ ဓားမဦးဖြင့် ခွဲ၏။ အထဲမှ ဖြူဖြူဖွေးဖွေး နောက်ချေးပိုးလောင်းကလေးများကို ရွှံ့လုံး တစ်လုံးလျှင် တစ်ကောင်ကျစီ ထုတ်ယူ၏။

ငင်းတို့ တစ်အိမ်သားလုံးအတွက် ယနေ့အဖို့ တစ်နပ်စာ ဖူလုံလေပြီ။ ဘုရင်၏ ဝက်အူချောင်းသည် ကုလားအဖို့ ရွံဖွယ်ဖြစ်သော်လည်း နောက်ချေးပိုး နုနုထွတ်ထွတ်ကလေးများသည် နော်ဆင်တို့ သားအဖတစ်တွေအဖို့ ချိုဗာကိတ်မုန့်ပင် ဖြစ်လေတော့သည် တကား။

အပေါသုခံ၊ ချမ်းသာစွ၊ ချမ်းသာစွ။ နော်ဆင်နှင့် စိန်မှုံတို့ ကုသိုလ်ကောင်းကြပါပေ့။ ထင်းခွေလင်မယား ဖိုးဆော့နှင့် ဖာစုပ်တို့ကို ကြည့်ကြစမ်းပါဦး။

ဖာစုပ်ဟု ဆိုသောကြောင့် ချိုးချိုးဖဲ့ဖဲ့ လုပ်ကြ၍ နာမည်ပေးသည် မထင်ပါနှင့်။ တောဒ္ဓ တွေ့ရသော နာမည်ရင်း ဖြစ်ပါသည်။

အမည်ကလည်း ကြမ်း၊ အနေကလည်း ကြမ်း၊ အစားကလည်း ကြမ်း။ အအိပ်မှုကား ကြမ်းမရှိသဖြင့် မြေပေါ်မှာ စက်တော်ခေါ်ကြရရှာသည်။

ဖိုးဆော့မှာ ခါးတွင်ဝတ်သော လုံကွင်း တစ်၊ ပခုံးတွင်သိုင်းသော ရေလဲပိုင်း တစ်၊ ခေါင်းတွင်ပေါင်းသော အမဲအူ သဘက်ညစ်ထည်း တစ်၊ ဤမျှ ချမ်းသာ၏။

မဖာစုပ် အတွက်ကား ရွှံ့ရောင်ထသော ဇာမပါသည့် ချွေးခံအင်္ကျီ တစ်၊ ဖင်မလုံရှာသော ထဘီ တစ်၊ ဤမျှ ဌေး၏။

တစ်ဆယ့်နှစ်နှစ်အရွယ် သမီးချောကလေးနှင့် နို့စို့ရွယ်သားကလေး



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ သားအမိ သားအဖ လေးယောက် ရှိကြသည်။ ကျန်သော ပု စု ခရု တို့ကား သေကျေပျက်စီးသည်လည်း ရှိ၏။ သူများကို အပိုင်ပေးလိုက်ရသည်လည်း ရှိ၏။

သမီးကလေးမှာ မြို့ကြီးသူ ဖြစ်ပါသဘိ၊ နောက်ချေးပုံ ဆံထုံးကလေး ထုံးပြီး ပန်းတွေ ဝေဝေဆာဆာနှင့် ဟန်လုံးပြ၍ နေရှာပေမည်။ ယခုမူကား ဤသို့ မဟုတ်နိုင်ရှာပြီ။ ကိုယ်ကျပ်အင်္ကျီကလေးကို ဝတ်လျက် ထင်းရှူးရွက် ရလွန်းသဖြင့် ဇက်ကလေးမှာ ပု၍ပင် နေလေရော့ သလားဟု ထင်မှတ်ရသည်။

သားကလေးမူကား အဝတ်အစား ကပ်လောက်သောအရွယ် မဟုတ်သဖြင့် မိမွေးတိုင်း ဖမွေးတိုင်းပင် ဖြစ်ချေသည်။

၎င်းတို့၏ အိမ်ဂေဟာကလေးကို စာဖွဲ့ကြဦးစို့။

တိုင်လေးတိုင် စိုက်၍ ရိုင်ကာပြီးလျှင် နေမြင် လမြင် ခနိလက်များ မိုး၍ထားသည်မှာ စာဖွဲ့ဖို့ လိုမည် မထင်။

၎င်းတို့၏ မွေ့လျော်ရာအိပ်ခန်းကို ကြည့်ကြဦးစို့။ သပေါ့ဖျာစုတ်တစ်ချပ်သာလျှင် ရှိသဖြင့် ကြည့်၍ထူးမည် မဟုတ်ပါ။ ဝါးရှားသောအရပ်ဖြစ်၍ ဝါးပိုးထက်ခြမ်းခွဲ ခေါင်းအုံးမျှပင် မရှိပါ။ စောင်ဆိုသည်မှာ ဆောင်းတွင်းလို အခါမျိုးမှာမှ မြင်ဖူးလိုက်ကြပါသည်။

အစားအသောက် အတွက်ကား ခွက်ဝင် မြေအိုးတစ်လုံး၊ ဇလုံပေါက်တစ်၊ ဇလုံအငယ် နှစ်၊ အုန်းရည်မှုတ် တစ် တို့တည်း။

တို့စရာ မရှားပြီဖြစ်၍ ငါးပိနပ်ဖေ့ စားရလျှင် လောကစည်းစိမ်ဖြစ်ချေသည်။

မြို့ကြီးသူများ သနပ်ခါး၊ ပန်းမန် လိမ်းကျံဘိသကဲ့သို့ တောကြီးသား၊ တောကြီးသူ သားအမိ သားအဖ လေးယောက်တို့မှာ ရွှံ့နွံအလိမ်းလိမ်းကပ်လျက် နေထွက်မှသည် မိုးချုပ်သည့်တိုင်အောင် တောထဲတွင် တချွတ်





ချွတ်နှင့် ထင်းခွေရရှာသည်။ နဖူးမှ ကျသော ချွေးတို့ကိုမျှ မသုတ်အားဖြစ်ချေသည်။

ညနေစောင်းသော် အိမ်ထောင်သည်တစ်စုတို့သည် စည်းဝေး ပေါင်းဆုံကြလေသည်။ အိမ်ထောင်တွင် အသက်သခင်ဖြစ်သော ငါးမန်းစွယ်လွှကြီးမှာ သံချေးတက်ရန်မျှ အချိန်မရနိုင်ဘဲ တဝင်းဝင်း တလက်လက် ရှိနေသည်ကား အိမ်ထောင်သည်တစ်စုတို့၏ ကိုးကွယ်ရာ အိမ်ဦးနတ်အဖြစ်သို့ ရောက်နေသည်ကို သဘောတော်ကျပြီးလျှင် စိတ်ကြီးများ ဝင်နေရော့သလားဟု တွေးတောဖွယ်လျှင် ဖြစ်ဘိ၏။

ထိုအိမ်ထောင်သည် တစ်စုတို့လည်း ညနေစာ စားသောက်ပြီးလတ်သော် ကမ်းနားဘေးတွင် လေညင်းခံကြ၏။ ဖခင်လုပ်သူသည် ခပ်လှမ်းလှမ်းတွင် ရပ်နေသော၊ ကျက်သရေရှိသော မျက်နှာရှင် သမီးကလေးကို ကြည့်ရင်း ၎င်း၏ နောင်ရေးကို စဉ်းစားနေဟန် ရှိ၏။

ကျွန်ုပ်သည်လည်း ၎င်းအိမ်ထောင်သည်တစ်စုကို ကြည့်ရင်း ၎င်းတို့၏ နောင်ရေးကို စဉ်းစားမိ၏။ စိတ်ထဲတွင် မအီမသာ ဖြစ်မိ၏။ သက်ပြင်းကြီး ချလိုက်မိ၏။ ကျွန်ုပ် သက်ပြင်းချသည်နှင့် တစ်ချိန်တည်း ဗိုးဆော့ထံမှလည်း ရှေးမဆွက အတူတကွ တိုင်ပင် ထားဘိသည့်အလား သက်ပြင်းချသံကို ကြားလိုက်ရ၏။

[ ဂန္ထလောက၊ မေ ၁၉၃၆ ]

www.burmeseclassic.com

www.burmeseclassic.com

## တရားခံ

ညှိုးငယ်သော မျက်နှာဖြင့် ရှိသေစွာ လက်အုပ်ချီလျက် တရားခွင်တွင် ငြိမ်သက်စွာ ရပ်နေသော တရားခံ ဖိုးမှန်းကို ရုံးတော်သို့ လာရောက် နားထောင်ကြသူ တစ်စုတို့ မဆိုထားဘိဦး၊ တရားသူကြီး ကိုယ်နှိုက်ကပင်လျှင် အပြစ်ရှိသည်ဟု မယူဆနိုင်ချေ။

တရားခံမှာ လူရိုးသက်သက်ကြီး ဖြစ်၏။ တောသားပြကတေ့လည်း ဖြစ်၏။ ရုပ်ကလေးကလည်း သနားရပွနှင့်၊ အရွယ်ကလေးကလည်း ခပ်ကောင်းကောင်း၊ နှစ်ဆယ်ကျော်ရုံမျှ ရှိသည်။ ရှေးရှေးက တရားရုံးတော်ကို မြင်ဖူးဟန်လက္ခဏာ မရှိ။ တရားခွင်သို့ ခေါ်လာစ နေ့တွင် ရှိသေထိုက်သောသူကို ရှိသေတတ်သော ဖိုးမှန်းမှာ "ဘုရားတပည့်တော်"နှင့် "ကျွန်တော်မျိုး" တို့ကို အမှားမှား အယွင်းယွင်းနှင့်ပင်လျှင် သုံးလျက် ရှိချေသေးသည်။ နှစ်ခါ သုံးခါ ရက်ချိန်းပေးပြီး၍ နေသားတကျရှိမှ "ကျွန်တော်မျိုး" "မှန်ပါဘုရား" စသည်တို့ကို ဌာနအားလျော်စွာ သုံးတတ်လေတော့သည်။

တရားခံ၏ ဖြောင့်တန်းနက်ကြုတ်သော မျက်ခုံးအောက်တွင် ကြည်လင်သော မျက်လုံးတို့မှာ အပြစ်မရှိသည်ကို ပိုမိုထင်ရှားစေသည်။ မျက်နက်အောက်တွင် မျက်ရည်စကြောင့် အရောင်ယှက်သမ်း၍ နေသည်မှာ လာရောက် ကြည့်ရှု နားထောင်ကြသူ မိန်းမတို့ကိုမျှ မကသေး၊ ယောကျ်ားတို့၏ စိတ်နှလုံးကိုပင်လျှင် သနားသောစိတ် လွှမ်းမိုးအောင် ဖန်တီးလျက် ရှိလေသည်။ စကား ပြောပုံဆိုပုံ၊ နေပုံထိုင်ပုံတို့ကို အားလုံးခြုံကြည့်လျှင် ပါးစပ်တွင် လက်ညှိုးထည့်သည်ကိုမျှ ကိုက်တတ်ဟန် လက္ခဏာ မရှိချေ။





အထူးအာဏာရ တရားသူကြီး ဦးသာဟန်းသည် နှုတ်ခမ်းအောက်သို့ လေးကင်းသဖွယ် တွဲ၍ကျနေသော နှုတ်ခမ်းမွေးစတို့ကို ကိုက်ရင်း တရားခွင်သို့ တရားခံအား ပုလိပ်ကြပ်၍ ခေါ်သွင်းလာသော ပထမနေ့ကို ပြန်လည်တွေးတောမိသည်။ တရားခံ၏လက်တွင် ဆင်မြန်းထားသော လက်ကျဉ်းတို့၏ ချွင်ချွင်မြည်သောအသံသည် တစ်ရုံးလုံးကို ကရော်ကမည်ပြု၍ နေသကဲ့သို့ ရှိလှသည်။ အကြောင်းမှာမူ လုပ်သက်ရင့်သော တရားသူကြီး ဖြစ်လေရကား တရားခံကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် "တရားကို နတ်စောင့်သည်" ဟူသော စကားသည် စကားပုံသက်သက်မျှသာ ရှိတော့သည်ဟု ဦးသာဟန်း တွေးမိလေသည်။ စိတ်ထဲတွင် စုတ်များပင် သပ်မိလိုက်သည်။ ဤသူငယ်သည် ဤအမှုမျိုးကို လုပ်မည့်သူ မဟုတ်ဟု တစ်ထစ်ချ ယုံကြည်လိုက်သည်။ ဤအမှုကို တင်သော ပုလိပ်တို့၏ ဆင်လုံးပဲဟု တပ်အပ်စွဲ၍ ခေါ်ဆောင်လာသူ ပုလိပ်ကိုပင်လျှင် မျက်စောင်းခဲမိလိုက်သေးသည်။

ယနေ့ကား စီရင်ချက်ချရတော့မည်။ အိမ်မှ အရန်သင့် ရေးခြစ်လာသော စီရင်ချက်ကိုကိုင်ကာ ဦးသာဟန်းသည် တရားခွင်ပေါ်သို့ တက်လိုက်၏။ တရားခံမှုကား အချုပ်တန်းမှ နေ၍ ငြိမ်သက်စွာ မတ်မတ်ရပ်လျက်ရှိသော မိမိ၏ကိုယ်ကို ရှေ့သို့ ဖြည်းညင်းစွာ ညွှတ်လျက် လက်အုပ်ချီ၍ ဦးသုံးကြိမ် ချ၏။ လက်ကျဉ်းသံတို့မှာ ဦးချတိုင်း ချတိုင်း တချွင်ချွင်မြည်၏။ ဦးသာဟန်း၏ နှလုံးသားတို့ကို ပြေး၍ပြေး၍ ပြေးဆောင့်လိုက်ဘိသကဲ့သို့ ရှိ၏။

တရားခံ၏ တည်ကြည်သော မျက်နှာကလေးမှာ ဦးသာဟန်းအား "အပြစ်မရှိသူကို အပြစ်ပေးရဲလေစွာ့တကား၊ သဲသရာ မကြောက်သူ ဖြစ်စွာ့တကား" ဟု စွပ်စွဲနေဘိသကဲ့သို့ ရှိ၏။

အထူးအာဏာရ တရားသူကြီး ဦးသာဟန်းလည်း စီရင်ချက်ကို သက်နိုပ်စက်ဖြင့် ရိုက်၏။ "ဘယ့်နှယ်လုပ်မလဲ၊ ငါတော့ မတတ်နိုင်ဘူး သက်သေထွက်ချက်က တယ်ပြီး စေ့တယ်၊ ခိုင်လုံတယ်။ တရားခံကို မိပုံ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း လက်ပူးလက်ကြပ် မိတယ်၊ သူ့ ကြည့်ပြန်တော့လည်း ဒါမျိုး လုပ်မယ့်ဟန် လက္ခဏာ မရှိပါဘူး၊ အဲလေ.... ကိုယ်က ကြံဖန်ပြီး လွတ်အောင် သွယ်ဝိုက်ရေးလိုက်ပြန်လျှင်လည်း အထက်လူကြီးများက ငွေစားတယ်လို့ စွပ်စွဲဦးမှာပဲ၊ တရားဥပဒေဆိုတာ လူက ဖြစ်တာပဲ၊ ဘုရားဟောမှ မဟုတ်ဘဲ၊ မှားချင်လည်း မှားမပေါ့၊ စင်စစ်တော့ ဖိုးမှန်းဟာ လူကောင်းကလေးပါပဲ" ဟု စဉ်းစားမိသော ဦးသာဟန်းမှာ ယခုတွင်ပင် ရိုက်ပြီးဆဲဖြစ်သော စီရင်ချက် စာရွက်ကို လက်နှိပ်စက်မှ ဖြုတ်ရင်း ခေါင်းကုတ်မိလေသည်။

စီရင်ချက်ကို ကြည့်၏။ စာလုံးပေါင်း မှားသည်၊ သဒ္ဒါ မှားသည် တို့ကို ပြင်ရင်း လက်မှတ်ကို ထိုး၏။ "ပုဒ်မ ၃၇၉ အရ မောင်မင်းအပေါ် ပြစ်မှုထင်ရှားသည်ကို တွေ့ရှိသဖြင့် မောင်မင်းအား ထောင်ဒဏ်ရှစ်လ အပြစ်ပေးလိုက်သည်" ဟူသော စာပိုဒ်ပေါ်တွင် ကလောင်စကြော ဖြန့်လိုက်မိသည်မှာ သုံးလေးကြိမ်မျှပင် ဖြစ်သည်။ တစ်ခါတစ်ခါ စိတ်ပေါက်ပေါက်နှင့် ခွဲဆုတ်လိုက်မည်ဟု ကြံမိသေး၏။

ရုံးဘေးပတ်လည် ပြတင်းပေါက်ဝကို မေးထောက်ရင်း နားထောင်နေကြသော လူထုပရိသတ်တို့မှာ အထူးအာဏာရ တရားသူကြီးမင်း ဦးသာဟန်း၏ အမှားတော်ပုံကို ကြိုတင်၍ သိကြသည့် အနေဖြင့် ကရုဏာဒေါသတွေ ပွား၍ နေကြကုန်၏။ "သည်တစ်ချက်ဖြင့် တရားသူကြီးတော့ လွဲပြီ" ဟု မှတ်ချက်ချကြသေးသည်။

တရားသူကြီးလည်း တရားခံကို မျက်မှန်အောက်မှ မျက်လွှာကြီး ပင့်ကာ နှစ်ကြိမ်၊ သုံးကြိမ် ကြည့်မိ၏။ ကြည့်လေ ကြည့်လေ တရားခံ၏ ရိုးသားသော အမူအရာတို့မှာ ထင်ရှားလေလေ ဖြစ်လာ၏။ မိမိကိုယ်ကို ပင်လျှင် မိမိ မသင်္ကာသလို ဖြစ်လာ၏။ မိမိပါးကိုပင်လျှင် မိမိဖိနပ်နှင့် နှစ်ချက်မျှ ချလိုက်ချင်သလို ဖြစ်လာ၏။

တရားခံ၏ ချွန်နေသော သျှောင်ကလေးမှာ အမဲအူတံပက်၏ အလေးကြောင့် ရှေ့သို့ပိ၍ ငိုက်ကျနေသည်မှာ တရားသူကြီးကို ညွှတ်တွား





ကော်ရော်ပြုလျက် နေသည့်ပုံ ဖြစ်တော့သည်။ နက်ရှိုင်းသော မျက်ဝန်းတို့မှာ "အရှင်ဘုရား စဉ်းစားတော်မူပါ" ဟု တောင်းပန်လျက် ရှိသည်။ မဲ့၍ တွဲကျနေသော နှုတ်ခမ်းတို့မှာ "အရှင်ဘုရား ပြုမှ နေရမည့်သူ ဖြစ်ပါသဘုရား" ဟု လျှောက်ထားလျက်နေသည်။

တွေဝေနေသော ဦးသာဟန်းလည်း "ဟယ်.... တတ်နိုင်ပါဘူးလေ၊ ဝဋ္ဋရားဟာ ဝဋ္ဋရားပဲ" ဟု စိတ်တင်း၍ စီရင်ချက်ကို လက်မှတ်ထိုးလိုက်လေ၏။

တစ်ရုံးလုံး တိတ်သွားသည်မှာ တရားသူကြီးလက်တွင် ကိုင်ထားသော စီရင်ချက် စက္ကူစကို လေခတ်၍ တဖျပ်ဖျပ်မြည်သော အသံသည်သာလျှင် တစ်ရုံးလုံးကို ချောက်ချားစေတော့သည်။

'မောင်ဖိုးမှန်း' ဟူ၍ တရားသူကြီးက စတင်၍ ခေါ်လေ၏။

'ဘုရား' ဟု ငဖိုးမှန်းက ထူး၏။ ထို "ဘုရား" ဟု ရှည်ရှည်ဆွဲငင်၍ ထူးလိုက်သော အသံသည် တရားသူကြီး၏ ရင်ထဲတွင် ရာဝင်အိုးဝတွင် ကပ်၍ အော်လိုက်သော အသံကဲ့သို့ ပဲ့တင်ထပ်၍ သွားလေသည်။

'မင်း.... တယ်မိုက်သကိုးကွ၊ မင်းအမှုက အင်မတန်ကို အပြစ်ထင်ရှား နေတယ်ကွ၊ ကြားလား'

'ကြားပါသဘုရား'

ရုံးခန်း၏ ပြတင်းပေါက်ဝတွင် ပြုံနေသော ဦးခေါင်းဦးရေတို့မှာ နှစ်ဆမျှ တိုး၍လာ၏။ အသံတို့လည်း ကျွက်စီ ကျွက်စီ ဖြစ်လာ၏။ ရေရွှတ်သံတို့ကိုလည်း တရားသူကြီး နားဖြင့် ဆတ်ဆတ်ကြားလိုက်ရ၏။

'ခက်တယ်ကွာ၊ မင်းတော့ သနားပါရဲ့၊ သို့ရာတွင် ရပ်ထဲရွာထဲမှာ ဂုဏ်သရေရှိ လူကြီးတွေကိုက "မင်းပဲ"လို့ အတပ်စွဲနေတော့ အင်း....ခက်တယ်၊ ခက်တယ်၊ သူတို့နဲ့ မင်းနဲ့လည်း တစ်ခါမျှ မသိမကျွမ်း....'

'မှန်ပါသဘုရား၊ မသိမကျွမ်းရပါဘူး ဘုရား' ဟု တရားခံက ထောက်ခံချက် ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးသာဟန်းလည်း "အင်း.... ရိုးပေ့ အ ပေ့ကွာ"ဟု စိတ်ထဲမှ ရေရွတ်လိုက်၏။

'အေး.... ဒါကြောင့် ခက်တာပေါ့ကွာ၊ မင်းနဲ့လည်း ရန်သူ မဟုတ်ဘဲ နဲ့ ဘယ်နည်းနှင့်မှလည်း မင်းကို မတရားစွပ်စွဲမှာ မဟုတ်ဘူး၊ မင်းပြတဲ့ သက်သေတွေကလည်းကွာ အ တတနဲ့ တယ်ထူတဲ့ လူတွေပဲ၊ ပုလိပ်တွေဟာ ကွာ....' ဟု ဆိုရင်း စကားကို အဆုံးမသတ်ဘဲ ပုလိပ်ဘက်ကို စောင်းမြောင်းလိုက်၏။

တရားခံ ငဖိုးမှန်း၏ လက်ကျဉ်းမှ သွယ်တန်းလာသော သံကြိုးကို ကွင်းမှ ကျပ်တည်းစွာ ဆုပ်ကိုင်ထားသော ပုလိပ်သားမှာ "တရားသူကြီးတော့ ဖိုးမှန်းအကြောင်း သိလိမ့်မပေါ့ကွာ" ဟု ဝမ်းတွင်းကျိတ် ကျိတ်၍ ရယ်၏။

တရားသူကြီးလည်း ဆက်လက်၍ 'သို့သော်လည်း သည်လို ရှိသကွယ့်၊ ဒုစရိုက်ဆယ်ပါးဆိုတာ ဘုရားမကြိုက်တဲ့ အလုပ်ကွယ့် နော်။ မင်း ဒါမျိုးတွေကို....'

'မှန်ပါဘုရား၊ ကျွန်တော်မျိုး မခိုးရကြောင်းပါ ဘုရား၊ ပုလိပ်တွေ သက်သက်....'

'အေးလကွာ၊ ငါ သိပါတယ်၊ ခိုးသည် ဖြစ်စေ၊ မခိုးသည် ဖြစ်စေ၊ ငါက သတိပေးတာပါ။ မင်းကို သနားပါရဲ့။ သို့သော် တစ်ဖက်သက်သေက အင်မတန် ခိုင်လုံတယ်။ ဒီတော့ မင်းအပေါ် အပြစ်ရှိတယ်လို့ပဲ ယူဆရတော့ မယ်နော် ကြားလား။ သည်တော့ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ နောင်ကို ဘုရားမကြိုက်တဲ့ အမှု မပြုနဲ့ကွယ့်နော်။ သိလား၊ တို့ ဗုဒ္ဓဘာသာမှာ ရှိတယ် မဟုတ်လား။ သူများအသက် သတ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်း၊ သူ့အိပ်ရာ ပြစ်မှားခြင်း၊ သေရည်သေရက် မှီဝဲခြင်း ဆိုတာတွေဟာ ဘုရားမကြိုက်ဘူး ကွ။ မလုပ်နဲ့ကွယ့်နော် မောင်၊ အပုံကြီး မကောင်းဘူး။ မင်းကို မြင်ရတာ အားကြီး စိတ်မကောင်းဘူးကွယ်၊ သို့သော်လည်း အမှုက ထင်ရှားနေတယ်





ဆိုတော့ များများလည်း အပြစ်မပေးချင်ပါဘူးကွာ၊ ထောင်ထဲသွားပြီး ရှစ်လ လောက် နေလိုက်ကွယ့်နော်။ မင်းကို ငါ အလုပ်ကြမ်းနဲ့ ထောင်ဒဏ်ရှစ်လ ပေးလိုက်တယ် ကြားလား'

'မှန်ပါဘုရား၊ ကျွန်တော်မျိုး....'

'များတယ်လည်း မအောက်မေ့နဲ့ကွာ၊ သိလား။ ဒါမျိုးဟာ သုံးနှစ် အထိ ချနိုင်တယ်။ မင်းကို ညှာညှာတာတာ အပြစ်ပေးတာ၊ ပြီးတော့ အယူခံ ဦးနော် ကြားလား။ ငါ့ရုံးက ထွက်သွားတဲ့ လူကို အယူမခံရင် ငါက တယ် မကြိုက်ဖူးကွယ့်။ ဘာ့ကြောင့်ဆိုတော့ တို့ဟာ ဘုရားမှ မဟုတ်ပါကဘဲ ကလားကွ။ မှားချင်လည်း မှားမပေါ့၊ မှန်ချင်လည်း မှန်မပေါ့။ ဒါကြောင့် အယူခံလို့ လွတ်သွားရင် ငါတို့ ဝမ်းသာရတာပဲကွ။ ဒါကြောင့် အယူမခံဘဲ မနေနဲ့နော် .... ကြားလား'

'မှန်ပါ၊ ကျွန်တော်မျိုး.... တစ်ခု....'

'ဟော၊ ဘာလျှောက်စရာ ရှိသေးသလဲကွ။ များတယ်များ ထင်နေ သလား၊ မများပါဘူးကွာ။ မင့်ကို သနားလို့ လျှော့ပေါ့ အပြစ်ပေးတာပါ'

'မှန်ပါ၊ ဒါကြောင့် မဟုတ်ပါဘူး၊ ကျွန်တော်မျိုး အထူးလျှောက်ထား ချင်တာကလေး တစ်ခု ရှိလို့ပါဘုရာ့၊ တစ်ဆိတ် ခွင့်ပေး သနားတော်....'

'သြော်....သြော်.... သည်လိုလား၊ အေးအေး.... ဘာ ပြောချင်သေး သလဲ မောင်၊ ပြောပါ၊ ပြောပါ'

'တခြားတော့ မဟုတ်ပါဘူး ဘုရား၊ အိမ်မှာ ကျန်ရစ်ခဲ့တဲ့ အရှင် ဘုရားရဲ့ နမတွေကို ပြောလိုက်ပါ။ နင့်လင်တော့ ထောင်ထဲ သွားပြီ၊ နင်တို့ တစ်တွေ အိမ်မှာ ကောင်းကောင်းနေကြလို့ ပြောဖြစ်အောင် ပြောလိုက်ပါ ဘုရား'

[ ဂန္ထလောက၊ ဇွန် ၁၉၃၆ ]

www.burmeseclassic.com

www.burmeseclassic.com

## မျောက်ပွဲ

ရှေး လွန်လေပြီးသောအခါ ဘာတိုင်းပြည်တွင် ညာမင်းကြီး စိုးစံ၍ နေလေသတတ်။

ထိုသရော်ခါ ထိုဘာတိုင်းပြည်၌ ဒိုမိနီယန် အုပ်ချုပ်ရေးစနစ်သည် ခေတ်စားနေလေသတည်း။ သို့စဉ်လျက် ဆယ်အိမ်ခေါင်းနှင့် သူကြီးတို့၏ အဆင့်အတန်းသည် ဘဒ္ဒကမ္ဘာ ပေါ်ဦးစွာက ဗာရာဏသီတိုင်းတွင် ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်ကကဲ့သို့ "ထိုနည်း လည်းကောင်း"နှင့် "ထူးမခြားနား" အုပ်ချုပ်ရေးများပင် ဖြစ်ချေရကား၊ ရွာသားတို့အပေါ် သူကြီးသည် လူမော်လုပ်လျက်၊ မြို့အုပ်သည်လည်း သူကြီးတို့၏အပေါ် လူဇော်လုပ်နေသော ကောင်းမြတ်သော အခါသမယဟောင်းကြီးသာလျှင် ဖြစ်ဘိ၏။

ဤသို့သော ခေတ်ဟောင်း အဆွေးအမြည့်ကြီးဝယ် လယ်သမား တုတ်ဖြိုးသည် မိမိနှင့် ယှဉ်ပြိုင် အရွေးခံသူတို့အား ငါးမဲမျှ အပြတ်အသတ် နိုင်လိုက်ခြင်းအားဖြင့် "သာပေါင်း ညာစား" ကျေးရွာနယ်မြေကို အုပ်စိုးရသော သူကြီးမင်းအဖြစ်သို့ ရောက်ရှိကာ သူကြီးဦးတုတ်ဖြိုး ဟူသော ပညတ်နာမ ဂုဏ်ထူးဝိသေသကို ခံယူလျက်၊ သူကြီးကတော် နံပတ်တစ်၊ နံပတ်နှစ်တို့ ခြံရံကာ တစ်ကျိတ်သာသာမျှသော သားကြီး သမီးကြီးတို့၏ အခြွေအရံဖြင့် မတင့်တယ် မလျောက်ပတ်စွာ စည်းစိမ်တော် ယစ်မူး၍ နေလေသတည်း။





သူကြီးမင်း ကြည့်ရှုရသော နယ်ပယ်သည် အဝန်းကျယ်ပြောလှစွာ၏။ ယူဇနာဖွဲ့သည်ရှိသော် စတုရန်းမိုင် ၁၂ မိုင်မျှ ရှိပေလိမ့်မည်။ ဤမျှ ကျယ်ဝန်းသော နယ်ပယ်အတွင်းဝယ် လူခွန်တော် ကောက်ခံချိန်၌ ရှာ၍ တွေ့နိုင်ခဲသော ရွာသားတို့၏စံမြန်းရာ အိမ်ခြေတို့သည် ကိုးရာကျော်ရှိ၏။ ရာနစ်သောကြောင့် မြေခွန်တော် နည်းဥပဒေ ၇၇ အရ နှစ်ပဲနှုန်း ကြေညာထားသော ၁၂၃ ရေမြုပ်တော (အေ)ကွင်း၊ ၁၂၄ ရေမြုပ်တော (ဘီ)ကွင်း၊ ၁၂၅ ရေမြုပ်တော (စီ)ကွင်းတို့သည်လည်း သူကြီးမင်း၏နယ် အဝင်အပါ ဖြစ်တုံ၏။

ထိုကျယ်ပြောစွာသော နယ်ပယ်မှ မရတစ်ချက် ရတစ်ချက် အခွန်ကောက်ခံရခြင်းသည်ပင်လျှင် သူကြီးမင်း၏ တာဝန် ဝတ္တရားကြီး ဖြစ်ချေသည် တကား။

ထိုမှတစ်ပါးလည်း "ညာတာဝါဒ၊ ကိစ္စမြားမြောင်၊ သူကြီးတို့၏ဘောင်"ဝယ် အမှုစီရင်၍ ဒဏ်စာရင်း ထားသိုရခြင်း၊ ဖွားသေစာရင်း ကောက်ရခြင်း၊ ကျောက်ထိုးစာရင်း မှတ်ရခြင်း၊ ကျွဲနွား အသေအပျောက် စာရင်း ရေးရခြင်း၊ ခွဲပုံ (၁) စာရင်း ပြုလုပ်ရခြင်း၊ ညှိစာရင်း သွင်းရခြင်း၊ နှင်စာ ဆင့်ရခြင်း၊ ရောင်းကြော်ငြာ ထုတ်ရခြင်း၊ ဝရမ်း ကပ်ရခြင်း၊ လင်မယား ရန်ဖြစ်လျှင် ဖျန်ဖြေရခြင်း၊ ခွေးနှစ်ကောင် ကိုက်လျှင် ရေလောင်းရခြင်း စသော ထွေလာကေလာ ဝေယျာဝစ္စ အလုပ်တို့သည်လည်း ရှုပ်ထွေလှစွာ၏။

ဤမျှ ရှုပ်ထွေ မြားမြောင်လှသော အလုပ်ပိုတို့အတွက် လုပ်ခ ကိုင်ခဟူ၍ သမုတ်အပ်သော ခိုင်ကြေးတို့မှာ တစ်နှစ်အဖို့ အပြေးရေလိုက်သည်ရှိသော် ငွေ တစ်ရာငါးဆယ်ကျော်သည်ဟု ဆိုရငြားလည်း နှစ်ရာပျော့ညံ့ညံ့ ဖြစ်၍ နေလေသည်။ ယင်းသည့် အခြေထဲတွင် အခွန်သွင်းသည့်အခါ ချလန်မရေးတတ်သောကြောင့် ချလန်ရေးခ တစ်စောင်လျှင် တစ်မူး၊ တစ်မတ်ဖြင့် ဗြာတာတော်မင်းတို့အား ဉာဏ်ပူဇော်ခ ပေးရသေးသည်။ အကောင်အစား

www.burmeseclassic.com



ရှင်းသောအခါ၌ အခွန်တော်မှုစာရေးကြီးသည် ဘောတီးသမှု ပြုတတ်ချေသေးသည်။ ထိုသို့သော အကြောင်းမျိုးနံ့တို့ကြောင့် သူကြီးမင်း ဦးတုတ်ဖြိုး၏ ဝမ်းခါးသည် မဖူလုံ ဖူလုံ ဖြစ်၍ နေလေသည်။

နှစ်ပရိစ္ဆေဒ ကြာ၍ သူကြီးလုပ်သက် ရင့်လာလေလေ၊ သူကြီးမင်း၏ ဝမ်းဗိုက်သည်လည်း ကျုံ့၍ ကျုံ့၍ လာလေလေ။ သူ၏ ဝမ်းဗိုက်ဆိုသရွေ့လည်း သူ့ဝမ်းဗိုက်ချည်း သက်သက်မဟုတ်။ သူကြီးကတော် နံ့ပတ်တစ်နှင့် နှစ် အပြင် သားသမီး တစ်ပြုံတစ်ခေါင်းတို့၏ ဝမ်းဗိုက်သည်လည်း အကျုံးဝင်ချေသည်။

သူကြီးဝါး ဝလာသည့်နေ့၌ သူကြီးမင်း ဦးတုတ်ဖြိုးသည် အခွန်တော်ကောင်းစွာ ကောက်ခံ၍ ကျေးရွာအုပ်ချုပ်ရေး၌ တော်သောကြောင့် ငွေဖလားတစ်လုံးနှင့် အမှုထမ်းကောင်း လက်မှတ်တစ်စောင်၏ ပိုင်ရှင် ဖြစ်လာ၏။ သို့နှင့်လည်း ဦးတုတ်ဖြိုး၏ ဝမ်းဗိုက်သည် တကြွတ်ကြွတ် မြည်လျက်ပင် ရှိချေသေး၏ တကား။ ဤ အကြောင်းတို့သည်ပင်လျှင် မတင့်တယ် မလျောက်ပတ်ဟု ဆိုရလောက်သော အကြောင်းများ ဖြစ်ချေသည်။

တစ်နေ့သော အခါသမယ၌ သူကြီးမင်း ဦးတုတ်ဖြိုး၏ လက်ပေါ်၌ စန်း ခွ၍ စီးသတည်း။

ယင်ရွယ်သော အလုပ်သင် မြို့အုပ်ပေါက်စ တစ်ဦးသည် နောက်လိုက် နောက်ပါ အခြံအရံများဖြင့် တောကစားထွက်တော်မူသည် ရှိသော် ရွှေဒရယ် (စကားချပ်။ ။ထိုခေတ်ဆွေးကြီး၌ ရွှေသမင် မပေါ်သေးချေ)ကို နှစ်လုံးပူးနှင့် ချိန်ရင်း သာပေါင်းညာစား ကျေးရွာနယ်မြေသို့ ရောက်ရှိလာလေသတည်း။

သူကြီးမင်း ဦးတုတ်ဖြိုးတို့၏ စံမြန်းရာ တဲဂေဟာသို့ ရောက်သော အချိန်သည် ညချမ်းချိန်ခါ ဖြစ်သတည်း။ ထိုအခါ သူကြီးကတော်တို့ မိသားတစ်စုသည် ကြက်ဥကြော်တို့ဖြင့် လည်းကောင်း၊ "ဟလာလ်"လုပ်ပြီးသား





ကြက်သားတို့ဖြင့် လည်းကောင်း အရှင်ကြီး သခင်ကောင်း မြို့အုပ်မင်းအား ယဇ်ပူဇော်ခြင်း ပြုကြလေသတည်း။

မြို့အုပ်မင်းနှင့်တကွ နောက်ပါ မင်းပရိသတ် အပေါင်းဖြစ်သော ပြာတာတော်မင်း၊ တောလိုက်စာချီတော်မင်း၊ စားတော်ကဲမင်းတို့သည် နနွင်းနံ့ သင်းပျံ့လျက်ရှိသော ကြက်သားဟင်းနှင့် ဆီချေးနံ့ ကြိုင်လှိုင်လျက်ရှိသော ကြက်ဥကြော်တို့ကို မြိန်ရေရှက်ရေ စားတော်ခေါ်ကြလေကုန်၏။

မိုးသောက်လတ်သော် မြို့အုပ်မင်းသည် ကေသရာဇာ ခြသေ့်မင်း၏ နိုးခြင်းဖြင့် နိုးလေ၏။ လွန်ခဲ့သော ညက လက်၌ ဖွဲ၍ ကျန်ရစ်သော ကြက်သားဟင်းနံ့သည် သူကြီးကတော်၏ စေတနာ ဗရပွတို့ကို သတိရအောင် နှိုးဆော်လေ၏။ သူကြီးကတော်၏ သဒ္ဒါဒေယျ စိတ်ထားကို အကြောင်းပြုလိုသော မြို့အုပ်မင်းသည်လည်း 'ငါသည် သူကြီးမင်းအား သူကြီးစားမြေ ပေးကမ်းခြင်းဖြင့် ကျေးဇူးတုံ့ပြန်အံ့' ဟူသော ဂါထာကို ရွတ်ကာ ဥဒါန်းကျူးရင့်တော်မူသတည်း။

ထိုနေ့မှစ၍ ရေသော် လ ပေါင်း နှစ်ဆယ့်လေးလအတွင်း သူကြီး ဦးတုတ်ဖြိုး၏ သူကြီးစားမြေ အမှုတွဲသည် လှူပြည် တည်းဟူသော မြို့ပိုင်ရုံးမှသည် ဗြဟ္မာ့ပြည် တည်းဟူသော အခွန်ဝန်မင်း၏ရုံးသို့ အပြန်အလှန် ဆန်ချည် စုန်ချည် လူးလာခတ်ကာ စံမြန်း၍ နေလေ၏။ ဤသို့ လူ့ပြည်နှင့် ဗြဟ္မာ့ပြည်သို့ စုန်ဆန်ရဖန် များလတ်သော် အမှုတွဲအဖုံးသည် အစိုးရတို့၏ အရောင်အဝါဖြစ်သော ဝါကြန့်ကြန့်အဆင်းကို ငြီးငွေ့လေရကား ပြာရင့်ရင့် တံဆိပ် မင်ရောင်တို့ဖြင့် ပြိုးပြိုးပြက်ပြက် တစ်ခဲနက်လျက် မည်းမှောင်သစ်ပတ်လျက် ရှိသတည်း။

ဤသို့လျှင် အမှုတွဲသည် ကိုင်မိလျှင် ကြေတော့မည့်ပုံ ကဲ့သို့သော အဖြစ်သို့ ရောက်လေသော် သူကြီးမင်း ဦးတုတ်ဖြိုးသည် ကေလေးဆယ်မျှ ကျယ်ဝန်းသော သူကြီးစားမြေကို အပိုင်စားရပြီဖြစ်ကြောင်းနှင့် အရေးပိုင်မင်း



www.burmeseclassic.com

www.burmeseclassic.com



သခင်ကြီးဘုရား ရုံးတော်မှ အကြောင်းကြားစာကို သမ္မန်ပြာတာနှင့် ငွေနှစ်ကျပ်တို့၏ အကူအညီဖြင့် လက်ဝယ် ရရှိလေသတည်း။

သာပေါင်းညာစားရွာသို့ မြို့အုပ်မင်း အစဉ်အဆက်တို့သည် လာကြကုန်၏၊ သွားကြကုန်၏။ သို့ရာတွင် သူကြီးမင်း ဦးတုတ်ဖြိုးသည်ကား တည်မြဲလျက်ပင် ရှိချေသေးသည်။ ထိုမျှသော နှစ်ပရိစ္ဆေဒအတွင်း သူကြီးမင်း ဦးတုတ်ဖြိုးအား သူကြီးစားမြေဖြင့် မ စဖူးသော မြို့ပိုင်မင်းသည်ပင်လျှင် အရေးပိုင် ရင့်မကြီး အဖြစ်ဖြင့် မိမိ နေထိုင်ဖူးရာ အလုပ်သို့ ရောက်လာရပြန်ချေပြီ။

ရောက်သည်နှင့် တစ်ပြိုင်နက် အရေးပိုင်မင်းသည် သူကြီးမင်း ဦးတုတ်ဖြိုး၏ သူကြီးကတော်နှင့်တကွ ပွဲတော်တည်ခင်း ကျွေးမွေးလိုက်သော ကြက်ဥကြော်၊ ကြက်သားဟင်းများ အပြင် အကြော်အချက် ကောင်းလှသော သူကြီးသမီးတို့ကိုပါ များစွာ သတိရတော်မူသဖြင့် သာပေါင်းညာစားရွာသို့ နောက်လိုက်နောက်ပါ ခြွေရံသင်းပင်းတို့နှင့်တကွ ဒေသစာရီ ဖြန့်ချီတော်မူသတည်း။

ဤသို့ ကြွချီတော်မူရာဝယ် မိမိ၏ ကျေးဇူးရှင် သူကြီးမင်းအား ဖြုန်းစား နှုတ်ဆက်လိုသောကြောင့် လူမထောက် စာမဆင့် အသိမပေးဘဲ ကြွချီတော်မူသည် သာလျှင်တည်း။

ရွာဝင်ဝသို့ ရောက်လတ်သော် ရွာသူရွာသား အပေါင်းတို့သည် စုရုံး စုရုံးနှင့် ရုံကြီးတစ်ရုံထဲသို့ ဥဒဟို ဝင်ထွက်နေကြသည်ကို တွေ့ရလေရာ အရေးပိုင်မင်းသည် သူ၏အခွင့်အမိန့် တစ်စုံတစ်ရာ မရမရှိဘဲ ပွဲတခြိမ့်ခြိမ့် ခံ၍နေသည်တကားဟု ရာဇမာန် အမျက်ပွားပြီးလျှင် ကျေးရွာလက်စွဲ ဥပဒေပုဒ်မ ၂၁ (က) အနုလုံ ပဋိလုံ အဖန်ဖန် ဆင်ခြင် သုံးသပ်မိသတည်း။

သို့ရာတွင် အကြောင်းခြင်းရာကို စုံစမ်းဦးအံ့ဟု ကြွလတ်၍ ရုံအနီးသို့ ချဉ်းကပ်ပြီးလျှင် ရွာသားတို့အား မေးမြန်းတော်မူ၏။

ရွာသား အပေါင်းတို့သည်လည်း 'အရှင်ဘုရား ဤပွဲသည် အငြိမ့်ပွဲ၊





အရုပ်ဇာတ်ပွဲ မဟုတ်ပါ။ လူတစ်ကိုယ် နှစ်ပဲသာ ပေးရသော အင်္ဂလိပ်ကောပြော မျောက်ဖြူပွဲ ဖြစ်ပါသဘုရား' ဟု ဝပ်တွားရိုကျိုး ရှိခိုးဦးတင်ချှနားတော် ပန်ဆင်ကြလေ၏။

အရေးပိုင်မင်း သခင်ကြီးဘုရားသည်လည်း အများနည်းတူ အသပြာငွေ နှစ်ပဲကို ရုံဝင်ခ ပေး၍ နောက်လိုက်နောက်ပါ အခြွေအရံများနှင့် မျောက်ပွဲကို ရှုစားတော်မူလေသတည်း။

ရုံပွဲ၏အလယ်တွင် ဆယ်တောင်ပတ်လည်ခန့်ရှိသော ဝါးအိမ်ငယ်ကလေးသည် တည်ရှိ၏။ ထိုဝါးအိမ်ငယ်ကလေး အတွင်း၌ လူတစ်ရပ်နီးပါးခန့်ရှိသော မျောက်ဖြူကြီးတစ်ကောင်သည် ဝူး ဝါး ဟူသော အသံကိုပြုကာ ဆါသူပုန်ထ၍ နေလေသည်။ ထိုမျောက်သတ္တဝါသည် ခုန်ပေါက်ကျွမ်းထိုးကာ ပွဲတော်လာ ပရိသတ်အပေါင်းတို့အား စပ်ဖြဲဖြဲလုပ်၍ ပြနေလေသည်။ သူ၏ရှေ့တွင် အခွန်တော်ပြေစာများနှင့် ချလန်စာရွက်များသည် ပြန့်ကျဲ၍ နေလေ၏။ ထိုမှတစ်ပါးလည်း သူ၏ပါးစပ်မှ တဖျစ်တောက်တောက်ဖြင့် 'နိုးမန်းနိုး၊ နိုးဂွဒ်၊ ဒီ စီနိုပ်စက်၊ ဗဲရီးဘက်.... ဗဲရီးဘက်' ဟူသော အဓိပ္ပာယတ္တ ကင်းဟန် လက္ခဏာရှိသော အင်္ဂလိပ် စကားသံတို့သည် ထွက်ပေါ်လာကုန်၏။

အရေးပိုင်မင်းသည်လည်း အံ့အားသင့်ကာ တွေဝေနေဘိ၏။

အရေးပိုင်မင်းသည် ခေတ်ကာလ အားလျော်စွာ အင်္ဂလိပ်စာ တတ်မြောက်သူ ဖြစ်သည့်အလျောက် "နိုးမန်းနိုး၊ နိုးဂွဒ်၊ ဗဲရီးဘက်" စသော ဝေါဟာရတို့၏ ပိဏ္ဍတ္ထနှင့် အဝယဝတ္ထတို့ကို သဘောပေါက်မိသော်လည်း မျောက်ဖြူကြီး မြည်တမ်းသော "ဒီစီနိုပ်စက်" ဟူသော စကား၏အနက်ကို မထင်နိုင်ချေရကား မျောက်ဖြူကြီးကိုသာလျှင် စိန်းစိန်းရှုတော်မူရလေ၏။ မျောက်ဖြူကြီးသည်လည်း အရေးပိုင်မင်းအား မျက်စိဖြဲ၍ ကြည့်လေသတည်း။ ပါးစပ်မှ "ဒီစီနိုပ်စက်" ဟူသော အင်္ဂလိပ် စကားသံတို့သည် ဤသို့ ကြည့်ရင်း ကြည့်ရင်း လေပျော့၍ လာလေ၏။ နောက်ဆုံး၌ မျောက်ဖြူကြီးသည် ချုံးပွဲချ ငိုလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



"မျောက် ဟူ၍ပင် ဆိုရငြားသော်လည်း လူတို့ကဲ့သို့ပင် ငိုတတ်ချေသေး၏ တကား" ဟု ရွာသားအပေါင်းတို့သည် အံ့သြ မိန်းမောနေစဉ်ပင် အရေးပိုင်မင်းသည် ရုံထဲရှိ လူတစ်စုအား အပြင်သို့ ထွက်သွားစေရန် အမိန့်တော်မြွက် မှတ်တော်မူလေရာ၊ နောက်ဆုံး၌ ရုံထဲတွင် အရေးပိုင်မင်းနှင့် မျောက်ဖြူကြီး နှစ်ဦးသာလျှင် ကျန်ရစ်ခဲ့လေသတည်း။

ဤသို့ နှစ်ဦးတည်းသာလျှင် ဆိတ်ငြိမ်ရာအရပ်ကို မှီခဲရလတ်သော်၊ အရေးပိုင်မင်းသည် မျောက်ဖြူကြီးအား 'မောင်မင်း မှန်မှန်လျှောက်ထားစမ်းလော့၊ မောင်မင်းသည် သူကြီးဦးတုတ်ဖြိုးပင် မဟုတ်ပါလော' ဟူ၍ အမေးတော် ရှိလေ၏။

ငိုကြွေးလျက်ရှိသော မျောက်ဖြူကြီးသည် ပကတိလူတို့၏ အသံကိုဆောင်၍ 'ဟုတ်မှန်ပါကြောင်း ဘုရား' ဟု ရှိုရိုး သံတော်ဦး တင်လေ၏။

ထိုအခါ အရေးပိုင်မင်းလည်း 'ယင်းသို့ တပြီးကား မောင်မင်းသည် အဘယ်ကြောင့် မဖွယ်မရာ မျောက်ပွဲခံ၍ နေဘိသနည်း။ မောင်မင်း၏ ဝါသနာအထုံ မစွန့်နိုင်၍လေလော၊ သို့မဟုတ်ငြားက မောင်မင်းသည် သူငယ်ပြန်၍ နေလေသလော' ဟု မေးမြန်းပြန်လေ၏။

ထိုအခါ မျောက်ဖြူဟု သမုတ်အပ်သော သူကြီးမင်း ဦးတုတ်ဖြိုးသည် မိမိကိုယ်မှ အလိမ်းလိမ်းကပ်သော လဲဝါဂွမ်းတို့ကို သုတ်သင်ပြီးလျှင် ဤသို့ လျှောက်ထားလေသတည်း။

'မှန်လှပါ အရှင်ဘုရား၊ ကျွန်တော်မျိုးသည် ဝါသနာ မစွန့်လို၍လည်းကောင်း၊ သူငယ်ပြန်၍ လည်းကောင်း ဤသို့ မျောက်ဖြူယောင်ဆောင်၍ ပွဲခံစားရသည် မဟုတ်ပါ။ အရှင်ဘုရား သနားတော်မူသည့် သူကြီးစားမြေ နိုပ်စက်လေသောကြောင့် ဤအခြေသို့ ရောက်ရပါသဘုရား'

ထိုအခါ အရေးပိုင်မင်းလည်း ဤသို့ ဆို၏။ 'အဘယ် သူကြီးမင်း၊ သူကြီးစားမြေသည် သင်၏ ကောင်းဖို့ပင် မဟုတ်ပါလော'

'မှန်လှပါ ဘုရား၊ သူကြီးစားမြေသည် ကျေးတော်မျိုး ကျွန်တော်မျိုး





ဖြစ်သော တုတ်ဖြိုး ကောင်းဖို့ဟု ဆိုပါလျှင် ယခု မျောက်ပွဲသည်လည်း အရှင် အစိုးရမင်းတို့၏ ကောင်းဖို့ပင် ဖြစ်ပါသဘုရား။ အကြောင်းကိုဆိုသော် အရှင်ဘုရား သနားတော်မူသော သူကြီးစားမြေသည် တစ်ဆယ့်နှစ်ရာသီလေတဲ ရေမြုပ်၍နေသောကြောင့် ကျွန်တော်မျိုး လုပ်ကိုင် မစားရပါဘဲလျက် မြေခွန်တော် ကျိုးထမ်း* ၍ နေခဲ့ရပါသဘုရား။ အခွန်တော်မပြေ ကျန်ငွေတို့ကို အကောက်အစားနှင့် ပင်လျှင် နိမ်၍ မရှင်းနိုင်သောကြောင့် ကျေးရွာသားများ မသိစေဘဲ မိမိကိုယ်ကိုမိမိ မျောက်ဖြူသဏ္ဌာန် မျောက်ပွဲပြ၍ ရသမျှ ကြေးငွေတို့ဖြင့် ကျိုးထမ်း၍ နေရပါသဘုရား။ ယခုကဲ့သို့ ကြံရဖန်ရသည်ကို သခင် ကိုယ်တော်မြတ်ကြီးက ရွာသားတို့ မိုလ်ပုံအလယ်တွင် မဖွယ်မရာ မဟာ အရှက်တော် ခွဲတော့မည် ဆိုပါလျှင် ကျွန်တော်မျိုးတုတ်ဖြိုးမှာ ရင်ကျိုးရပါလိမ့်မယ် ဘုရား'

ဤသို့ သားသားနားနား လျှောက်ထားသော သူကြီးအို ဦးတုတ်ဖြိုး၏ စကားကို ကြားရသော အရေးပိုင်မင်းသည် ကာလအတန်ကြာစွာ မှင်တက်မိ၍ နေလေရာ သူကြီး၊ ဆယ်အိမ်ခေါင်းနှင့် ကော်မတီလူကြီးတို့နာနတ်၍ ယူရလေသော ဟူ၏။

[ အိုးဝေမဂ္ဂဇင်း၊ ဒီဇင်ဘာ ၁၉၃၉ ]

* ကျိုးထမ်း။ ။ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် အထက်ပိုင်း အရပ်တို့၌ အခွန်တော်ဆောင်ရသည်ကို "ကျိုးထမ်း"သည်ဟု ဆိုလေ့ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## သိကြားမင်း ထိုးသော လက်ဆောင်

ရှေးသရောအခါ ပြည့်ဗာရာဏသီ ဗြဟ္မဒတ်မင်းကြီး စိုးစံတော်မူသတတ်။

ထိုသရော်ခါ မြို့အုပ်မင်း ဦးဘကျိုင်ဟု ဟိုးလေးတကျော် ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးသည် အုပ်ချုပ်ရေးအဖွဲ့တွင် အရေးပါ အရာရောက်သော မိမိ၏ ငယ်ဆရာ လွှတ်တော် အတွင်းဝန်တစ်ဦးနှင့် ကပ်၍ ကြံသောအားဖြင့်၊ ပန်းတင်းပန်းထော်နှင့် တကွ တောင်စဉ် ခုနစ်ခရိုင်ကို အုပ်စိုးရသော မြို့ပိုင်မင်း တစ်ဦး ဖြစ်လာ၏။

တစ်နေ့သ၌ မြို့ပိုင်မင်းသည် မြန်မာ့အလင်းပြက္ခဒိန်ကို စိမ်ပြေနပြေ လှန်လှောကာ နေလေသတည်း။ အိမ်ထောင်ကျစ အပျိုကြီးသည် ကုန်ခဲ့သော ရက်တို့ကို နှမြောသဖြင့် လက်ချိုးရေတွက်သည့် ဥပမာနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်၍၊ မြို့အုပ်မင်းသည် ကုန်ခဲ့သော ရက်တို့ကို နှမြောခင်တွယ်ခြင်း ကင်းမဲ့စွာဖြင့် မြန်မြန်ကုန်ပါစေဟု အတွင်းကျိတ် ဆုတောင်းရင်း ရေတွက်လျက် ရှိသည်။

မြို့အုပ်မင်းအဖို့ ရက်မငင်ရဘဲ ၂၈ ရက်နှင့် တစ်လဟု ခေါ်တွင်ရသည့် ဖေဖော်ဝါရီလသည် လထူးလမြတ် ဖြစ်သတည်း။ ထိုသို့သော လမျိုး၌ ၂၇ လုံးသော နက္ခတ်တို့သည် ကောင်းကင်ပြင်၌ မစုဝေးသော်လည်း မြို့အုပ်မင်း၏ အိမ်ရှေ့ ကြမ်းပြင်၌ ရေထမ်းကုလားသည် လည်းကောင်း၊ ဒိုဘီကုလားသည် လည်းကောင်း၊ နွားနို့ကုလားသည် လည်းကောင်း၊ မိလ္လာ





ကုလားသည် လည်းကောင်း၊ အထည်သည် ကုလားသည် လည်းကောင်း၊ ဆေးပေါ့ရိုင်မုန့်ကုလားသည် လည်းကောင်း၊ ကြက်ဥကုလားသည် လည်းကောင်း တစ်ခဲနက် စုဝေးနိုင်စိမ့်သောငှာ အခြားသော လထက် နှစ်ရက်၊ သုံးရက် ဦး၍ လခထုတ်နိုင်သော လကောင်း လမြတ် ဖြစ်ချေသည်။ ထိုသို့သော လမျိုး၌ မြို့အုပ်မင်းသည် ရှေ့လာမည့် လတို့သည် ဤသို့သာ ၂၈ ရက်သတ်သော် ကောင်းလေစွာ့ဟု အကြံရလေ့ ရှိသည်။

အထူးသဖြင့် မြန်မာ့အလင်း ပြက္ခဒိန်ကို လှန်မိသော ထိုနေ့၌ မြို့အုပ်မင်းသည် တစ်လ၌ ၂၇ ရက် (ဝါ) ၂၆ ရက်၊ သို့မဟုတ် ၂၅ ရက်၊ တစ်နည်းသော် ၂၄ ရက်၊ တစ်မျိုး ပြောရလျှင် ၂၃ ရက်၊ ယုတ်စွာ့အဆုံး ၂၂ ရက်၊ အနည်းဆုံး ၂၁ ရက်၊ ဘယ်နည်းနှင့်မဆို ရက်ပေါင်း ၂၀ လောက်တော့ ဖြစ်သင့်ကောင်း၏ဟု စိတ်ကူးယဉ်မိသည်။

မြို့အုပ်မင်းသည် မိမိ အလုပ်ဝင်သည့် နေ့ကစ၍ ယနေ့အထိ မြို့အုပ်လုပ်သဖြင့် မြတ်စွန်းသော မိဘတို့က ပို့သည့်ငွေ ခြောက်ရာကျော်ကို စဉ်းစား၍ နေဟန် လက္ခဏာ တူသည်။

မြတ်စွန်းမည်ဆိုလျှင် မြတ်စွန်းလောက်ပေမည်။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ မမှန်ဘူးဟု ငြင်းချက်ထုတ်လိုသော သပ္ပုရိသအပေါင်းသူတော်ကောင်းတို့သည် လာဘ်စားခြင်း စုံစမ်းရေး အစီရင်ခံစာကို ဖတ်ရာ၏။

ဤအလုပ်သည် မမြတ်ဘဲ ဘယ်နည်းနှင့်မျှ မနေနိုင်။ ရသမျှ လခကို မသဒ္ဒါရေစာ ထမင်းမစားဘဲ စုလျှင် တစ်နှစ်အဖို့၌ တစ်လခမျှ စီနိုင်မည် မဟုတ်ပါလော။ ထိုတစ်နှစ် အတွင်း၌ ကံကောင်းသူတို့သည် ဆောလုံးပမာ ဤထောင့်မှနေ၍ ထိုထောင့်သို့ ကန်ထုတ်ခြင်း ခံရသည်ရှိသော် မိဘထံမှ ခရီးစရိတ် တင်ကူး၍ ထုတ်နိုင်သေးသည်။ ဤသို့ ခရီးစရိတ် ထုတ်ရာ၌ ထိုထက် အလွန်ကံကောင်းသော မြို့အုပ်ပေါက်စတို့သည် တစ်နှစ်အတွင်း နှစ်ခါလည်း ထုတ်နိုင်၏၊ ဆယ့်နှစ်ခါလည်း ထုတ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



လိမ့်ပါများသော ကျောက်ခဲ၌ ရေညှိမတွယ်။ ထိုနည်းတူစွာလျှင် လိမ့်ပါများရသော မြို့အုပ်မင်းသည် မိမိအလုပ်၌ ကောင်းခြင်း၊ မကောင်းခြင်း စသည်တို့ကို အစွမ်းပြရန် အခါအခွင့် နည်းပါးလေရကား မိမိ၏ ဇလာသက်သက် အဖြစ်သည်သာလျှင် ထင်ရှားသည်ဖြစ်၍ ရာထူး အာဏာ တိုးတက်ရေး စသည်တို့၌ ဟိုသင်းကို ဟတ္ထာမျှော်သလို မျှော်လင့် စောင့်စားရင်းနှင့်ပင် သားသမီးဟူသော ရတနာတို့သာလျှင် တိုးပွား၍ လာရလေသည်။

ယင်းသို့လျှင် ထိုရတနာတွေ မစုပါဘဲလျက် ဒီရတနာတွေသာ စုနေသော မြို့အုပ်မင်းသည် သူ့ပြက္ခဒိန်ကို လှန်၍ရသလို လတို့ကို တစ်လပြီး တစ်လ လှန်နိုင်လျှင် 'အင်း.... တယ်နိပ်မှာပါကလား' ဟု သူ့ပါးစပ်ကလေများ ထွက်သွားရော့သလား မဆိုနိုင်။ သို့သော် ထိုလေ အဟုန်ကြောင့်ပင်လော မသိ၊ ပြက္ခဒိန် နောက်ဆုံးအရွက်သည် လန်သွားလေသည်။ ထိုအထိမ်းအမှတ်သည် နှစ်၏ ကုန်ဆုံးခြင်း အထိမ်းအမှတ် ဖြစ်သည်။ ထိုအထိမ်းအမှတ်အတိုင်း အကယ်တန္တို နှစ်ကုန်ဆုံးပါမူ နက္ခတ် ၂၇ လုံး စုဝေးဘိသကဲ့သို့ စုဝေးလာကြကုန်သော ရေထမ်းကုလား.... ကြက်ဥကုလားတို့၏ အကြွေးသည် ကြေမည့်အပြင် မင်းကတော် ခဏခဏ ပူဆာလေ့ရှိသော စိန်နားကပ်ကြီးကြီး တစ်ရန်လည်း ဝယ်နိုင်ပေမည်။

မြို့အုပ်မင်း စဉ်းစားခန်းထုတ်နေသော ဤအချိန်၌ အနောက်ဘက်တစ်ခွင်တွင် တိမ်တောင် တိမ်လိပ်တို့သည် ဖတ်အပ်ပြီးသော ဝါဠမ်းစုများကဲ့သို့ အထပ်လိုက်ပုံ၍ နေလေသည်။ နေရောင်ခြည်တို့သည် မိမိတို့၏ အခြေအရံဖြစ်သော အကြွင်းအကျန် အလင်းတို့ကို စုရုံးသိမ်းသွင်းလျက်ရှိသည်။ ထိုအတွင်း လင်းရောင်ခြည်အသက်ကို ဆက်ပေးရန် ဆန်းသုံးရက်လ ကလေးသည် "ပ"ေကာက်ကလေးကဲ့သို့ ခပ်ကွေးကွေး ထွက်လာသည်။ မိုးရိပ်လေရိပ်တို့ကြောင့် ခမျာမှာ ချမ်းရှာပေလိမ့်မည်။ မြို့အုပ်မင်းသည်ပင်လျှင် လက်ပြင်ကြောအောင့်ပြီး ကျောတစ်လျှောက်လုံး အေးသလိုလိုရှိသည်။ ထို့ကြောင့် ပြက္ခဒိန်ကို ပြန်ချိတ်၍ စောင်ကိုယူပြီးလျှင် မိမိကိုယ်





တစ်ပိုင်းကို ဖုံးလွှမ်းလျက် ပက်လက် ကုလားထိုင်ပေါ်တွင် ပက်လက်လှန်ကာ နဖူးပေါ် လက်တင်ရင်း မှိန်းနေသည်။

ရုံး၌ အလုပ်တွေ တစ်ပုံကြီး ရှိသည်။ အလကားရတုန်းက လိမ့်ယူထားသော အစိုးရ အမတော်ငွေများ ယခုလို ခေတ်ဆိုးကြီးမှာ ပြန်တောင်းရသာ ဖတ်ဖတ်မောစရာကြီးပါကလား။ ပြန်တောင်း၍လည်း မရ။ ဒိစတြိတ်ရုံးကလည်း အာဏာသံ ပြင်းလှသည်။ ပြင်းလှ၍ တစ်အိမ်တက် တစ်အိမ်ဆင်း တောင်းရသည်။ အိမ်မှာပဲ နေရသည် မရှိ။ သို့သော် မြို့အုပ်မင်း ခရီးများများ ထွက်သင့်သည် ဆိုပါကလား။ သည်ထက် ထွက်လျှင် မင်းကတော်ကို ကွာပစ်ခဲ့ရဖို့ ရှိသည်။ တောထဲ၌ မင်းကတော်နှင့် ဟန်ဓာတ်နှုတ်၍ ခရီးသွားရမှာလည်း ကျဉ်းမြောင်းသော လှေထဲတွင် တစောင်းလှဲ၍ နေရသည်မှာ လူတစ်ကိုယ်မျှပင် ချောင်ချိသည် မဟုတ်။

သည်အထဲမှာ 'ရှင် တန်းလွဲမှာ ဝါးပိုးအိမ် ဆောက်နေတယ်လို့ ရာဇဝတ်ဝန်မင်း တစ်နေ့က ပြောတယ်။ ဒါပဲနော်....ရှင် သတိထား' ဟု မင်းကတော်က ကြိမ်းသေးသည်။ လိုင်စင်မှုတွေကလည်း လွန်ခဲ့တဲ့ သင်္ဘော တက်က မဆုံအင်္ဂါ ကျလာသေးသည်။ ဂရန်မှု ရှုပ်ရှုပ်ထွေးထွေးကလည်း များလှသည်။ လုပ်ရသူက တစ်ယောက်တည်း၊ အမှုသည်တွေက သောင်းခြောက်ထောင်၊ သဟာတောင် အချိန်မှန် အလုပ်မပြီးရ ကောင်းလား တဲ့။ ရုံးစစ်ချက်မှာ အမှုတွဲတွေ ရက်ကြာသည် ဆိုပါကလား။ မြို့အုပ်တစ်ကိုယ်လျှင် လေယာဉ်ပျံ တစ်စင်းကျ ပေးသနားတော်မူလျှင် ကောင်းမည်။ အကောင်းဆုံးကတော့ မြန်မြန် လကုန်၊ မြန်မြန် လခထုတ်ရလျှင် အကောင်းဆုံး ဖြစ်သည်။ သည်လို ဒိစတြိတ်မျိုးမှာ ကြိုးကြိုးစားစားလုပ်လို့ နာမည်ကောင်းမည် မထင်။ လတွေ မြန်မြန်ကုန်၊ လခတွေ မြန်မြန်ထုတ်၊ သောက်သုံးကျတဲ့အလုပ် မဟုတ်ဘူး။ ဟော မိုးက တစိမ့်စိမ့်ရွာလို့ တော်တော်ကြာသကြီးမင်းကြီး မြွေမှန်း ကင်းမှန်းမသိ၊ ချောင်းကြိုမြောင်းကြားမှာ ခြင်ကိုက်ခံရဦးမည်။ အလုပ် ရိုးရိုးမှန်မှန် ကောင်းကောင်း လုပ်ရတဲ့ အရှုံးတွေ

www.burmeseclassic.com



ထင်ပါရဲ့။ အလုပ်ကို ညာလုပ်လျှင်၊ အထက်လူကြီးကို ညာတတ်လျှင် ဟန်ကျမှာပဲ။ ငါ့အဖေနှယ်ကွာ.... ရိုင်းလိုက်လေ၊ သားဖြစ်သူ တစ်ယောက်ကို ငယ်ငယ်ကတည်းက ညာတတ်အောင် ဆိုဆုံးမဖို့ ကောင်းသည်။

ယခုတော့ သူသင်ပုံက 'ငါ့သား ဖြောင့်မတ်တဲ့ပုဂ္ဂိုလ် ဖြစ်စေရမည်' တဲ့။ ထွီ .... သည်လို ဖြောင့်မတ်တဲ့ လူမျိုးဟာ ငါတွေ့ရသမျှ မလိမ်တတ်ပါကလား။ လိမ်တတ်တဲ့ လူမျိုးသာ လောကမှာ ကြီးပွားတာပဲ။ ဘာ သောက်သုံးကျ။ လ အမြန်ကုန်၊ လခ အမြန်ထုတ်၊ အကောင်းဆုံး၊ အို.... သည်ခြင်ကလည်း တဝီဝီနှင့် နားငြီးရန်ကော။ လကုန် လခထုတ်၊ လကုန် လခထုတ်။

လောကဓာတ် တစ်ခုလုံးသည် မှောင်အတိ ပြီးလေသည်။

မှောင်ကြီး ကျခါနီးတွင် မြို့အုပ်မင်း နားထဲ၌ ဝီဝီ မြည်သေးသည်။ မြို့အုပ်မင်းက ခြင်အော်သံဟု အောက်မေ့သည်။ စင်စစ် အိမ်အပြင်၌ မိုးမင်းသည် မည်း၍နေသည်။ "ပ"စောက်လို ကွေးနေသော လမင်းသည် အဘယ်အရပ်သို့ ပြေး၍ နေလေသနည်း။ သူ့ခမျာ ကြယ်အပေါင်းတို့ ဝန်းရံ၍ စံတော့မည်ဟု အားမာန်ပြုဆဲ။ မိုးမင်းက ငြိုးပြန်ပြီထင့်။ ယခုအခါသော်ကား အမှောင်သည် အမိုက်တိုက်ကို အဖော်ပြုကာ မည်း၍ နေချေပြီ တကား။

သို့ရာတွင် အလင်း၏ အစသည် အမှောင်ပင် ဖြစ်၏။

လောကဓာတ်ကြီး တစ်ခုလုံး ဝင်းနေသည်။ အမှောင်မိုက်သည် ပုန်းအုံးဟု အကြိုအကြားကို ရှာသော်လည်း မတွေ့၊ နေခုနစ်စင်း ထွန်းတောက်၍ ပူသော အလင်းမျိုး မဟုတ်။ လ ခုနစ်စင်း ထွန်းလင်း၍ အေးသော အလင်း ဖြစ်သည်။

လက်ထပ်မှု မှတ်ပုံတင် ဥပဒေအရ တရားနှင့်အညီ လူသိနတ်ကြား မင်္ဂလာဆောင်ယူရသော သုဇာတာ၏လင် သိကြားမင်းသည် မြို့အုပ်မင်း ရှေ့၌ မားမားရပ်လေ၏။





မြို့အုပ်မင်းက 'ထိုင်ပါ...ထိုင်ပါ၊ ဘာကိစ္စပါလဲ၊ အမှုကိစ္စနှင့်ဆိုလျှင် ရုံးကျမှပြောရင် ကောင်းလိမ့်မယ် ထင်တယ်' ဟု ပဋိသန္ထာရ ပြု၏။

သိကြားမင်းက မြို့အုပ်ဘေးရှိ ကုလားထိုင်တစ်လုံးကို ဆွဲထိုင်ရင်း ကွမ်းအစ်ကို လှမ်းယူ၏။ သူသည် မြို့အုပ်မင်းကို မျက်တောင်မခတ် ကြည့်ရင်း ကွမ်းယာ၍ ဝါးသည်။

'မြို့အုပ်မင်းက ကျုပ်ကို မသိဘူးလားဗျာ။ ကျုပ်က သိကြားမင်းပဲ' ဟု သိကြားမင်း ဆိုသူက သူ့ကိုယ်သူ မိတ်ဆက်ပေးရင်း ကွမ်းတံတွေးကို ပျစ်ခနဲမြည်အောင် အာခေါင်မှ ခပ်ထုတ်လိုက်သည်။ ကွမ်းတံတွေးသည် ခပ်လှမ်းလှမ်းရှိ တံခါးရွက်ကို ဝင်ပြီးမှ ပြတင်းပေါက်မှ အောက်သို့ ကျွမ်းပစ်၍ ကျသွားသည်။

မြို့အုပ်မင်းသည် ကွမ်းတံတွေးကို စက်ဆုပ်သည်။ ကေန္ဒ သိကြားမင်းသည် ဘဝဟောင်းက တိုင်းမြန်မာလူမျိုး ဖြစ်ခဲ့ဖူးရမည်။ ဒါကြောင့် ကွမ်းကြိုက်တာပဲဟု မြို့အုပ်မင်းက တွေးရင်း 'သြော်.... သြော် ဟုတ်လား၊ မိတ်ဆွေအတွက် ကျွန်တော် ဘာများ လုပ်ပေးနိုင်ခွင့် ရှိပါသလဲ ခင်ဗျာ' ဟု မင်းစိုးရာဇာ အရာရှိပိုင်းက လူများ ပြောလေ့ရှိသော၊ အာမထိ လျှာမထိ ဟက်ဟက်ပက်ပက် မရှိသော၊ စိတ်မပါသော၊ ပါးစပ်ချိုသော၊ အဟုတ်ပြောတာ မဟုတ်သော လောကဝတ် စကားနှင့် ညှဲ့ခံလေသည်။

'မြို့အုပ်မင်း၊ ကျုပ်အတွက် အထူးအထွေတော့ မဟုတ်ပါဘူးဗျာ၊ မြို့အုပ်မင်းရုံးမှာ လျှောက်ထားတဲ့ အိမ်ရာမြေကွက်ကလေး တစ်ခုအတွက် အမြန် ဆောင်ရွက်ပေးစမ်းပါ။ ကန့်ကွက်လွှာလည်း ခေါ်ပြီးလို့ ဘယ်သူမှလည်း မကန့်ကွက်ပါဘူး။ ဒါပေမဲ့ ကျုပ် ကြားတာက ခင်ဗျား အခွန်တော်စာရေးကြီးက အမှုတွဲ တင်မပေးသေးလို့တဲ့ဗျာ။ အဲဒါ တစ်ဆိတ်ဗျာ....'

'နေပါဦး မိတ်ဆွေ.... ဘယ်သူ့ အမှုတွဲလဲ'

'အိုဗျာ.... လျှောက်တဲ့ မိန်းမက မအေးတဲ့။ ကျုပ်တို့ ယောင်္ကျားချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောရစေတော့ဗျာ။ အိမ်က မအဇာ သိမှာစိုးလို့ တိတ်တိတ်လာပြောရတာပါ။ နှောင့်ယှက်တယ်လို့လည်း သဘောမထားပါနဲ့'

အလို.... လာလာချည်သေးတော့သည်။ ဩော် ကာလ ....ခေတ်စမ်းစာပေသာ ရှိသည် မဟုတ်သေး၊ ခေတ်စမ်း သိကြားမင်းလည်း ရှိသေးသကိုး။

'ဩော်.... သိပြီ သိပြီ၊ စိတ်သာချပါ ခင်ဗျာ။ မိတ်ဆွေနဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ လုပ်ပေးလိုက်ပါ့မယ်။ ဩော်.... သည်လိုကိုး၊ ကိုယ့်လူ ခင်ဗျားတို့ အိမ်နဲ့ ရာနဲ့ တင့်တင့်တယ်တယ်ဆိုရင် ကျုပ်တို့ လာလည်တော့ နှင်ချဦးမှာလား'

'ဟာဗျာ.... ကျွန်တော်က ရိုင်းတတ်တဲ့လူ မဟုတ်ပါဘူး။ ယခုကိစ္စအတွက် ဒါကလေး တစ်ဆိတ်' ဟု ဆိုရင်း သိကြားမင်းသည် သူ၏ ပါလီကွေး အောက်မှ စက္ကူတစ်ထုပ်ကို ဆွဲယူလိုက်လေသည်။

'သည်းခံပါခင်ဗျာ၊ ကျွန်တော် ဒါမျိုး ဝါသနာ မပါဘူး။ အဲသည်လိုဆိုတော့ ခင်ဗျားက သည်မြို့အုပ်က ရူးချာချာပဲလို့ အောက်မေ့မှာပဲနော်။ ခင်ဗျားသာ မဟုတ်၊ ကျုပ်အမှုသည်နဲ့ ရှေ့နေတွေက အားလုံး သည်လိုထင်တာပဲ။ သူတို့ကို ကျေးဇူးတင်မိပါတယ်။ ဘယ်လိုမှ သဘောမထားပါနဲ့ဗျာ'

'မဟုတ်ပါဘူး၊ လာဘ်ကယ်လို့ သဘောထားဖို့ မဟုတ်ပါဘူး၊ ကျေးဇူးဆပ်တာပါ'ဟု ဆို၍ သိကြားမင်းသည် မြို့အုပ်မင်းအိတ်ထဲသို့ စက္ကူအထုပ်လိုက် ထည့်လေ၏။

ထိုစက္ကူထုပ်သည် အကယ်၍သာ ငွေစက္ကူတစ်ထုပ်လုံး ဖြစ်ပါဘိမူ ကျွန်ုပ်တို့ မြို့အုပ်မင်း၏ "စိတ္တံ စေတသိကံ"တို့ အဘယ်ပုံရှိမည်ကို စာဖွဲ့၍ ဆိုလောက်ပေမည်။ စင်စစ်သော်ကား ဤသို့သော သိကြားမင်းထံမှ လာဘ်စားခြင်းသည် မြို့အုပ်မင်းအဖို့ ရာဇဝတ်မှု မကလို့ ဘာမှုမှ သင့်နိုင်မည် မဟုတ်။ အကြောင်းသော်ကား တစ်မှုကား ရာဇသတ် ဥပဒေအရ၊ သိကြားမင်း





ဟူသော ဝစနတ္ထကို အဘယ်ပုဒ်မမှာမှ ဝိဂြိုဟ်ပြုထားခဲ့သည် မဟုတ်သောကြောင့် တည်း။

ယင်းသို့သော်လည်း ကျွန်ုပ်တို့၏ မြို့အုပ်မင်းက အထူး နှာခေါင်းရှုံ့လိုက်သည်ကို ထောက်ရှုသော် အကြောင်းရှိရမည်။

ဟာ.... ရိုင်းလိုက်လေ သိကြားမင်းနှယ်၊ သူ့စက္ကူတွေက မိုင်းကိုင်စက္ကူတွေပဲ။

'အံမာ.... ခင်ဗျားက မိုင်းကိုင်စက္ကူမို့လို့ ကျွန်တော့်ကို ကလော်ဆဲချင်နေ.... မှတ်တယ်။ သေသေချာချာ ကြည့်စမ်းပါဦးဗျာ'

မြို့အုပ်မင်း၌ မခံချင်သော စိတ်ကလေးများ နှုတ်ခမ်းတွင် ရွှရွှ ရွှရွှ ပေါ်လာစဉ် ထိုမိုင်းကိုင် စက္ကူများကို ဖြန့်ကြည့်မိ၏။

'ဩော်.... ငါက စာပေဝါသနာ ပါတယ်ဆိုပြီး ဒီမင်စာတွေနဲ့ ငါ့ကို မူးတာပဲ၊ တယ်တော်တဲ့ သိကြားမင်းပဲ'

'မဟုတ်ရပါဘူး ခင်ဗျာ၊ ဘုရားအဆူဆူ ချွတ်တောင် သိကြားမင်းဘဝက မကျွတ်ရစေရဲ့၊ ဒါတွေဟာ ခင်ဗျားကို မ ရအောင် ယူလာတဲ့ အင်းတွေပဲဗျာ'

အလို .... သိကြားမင်း စကားပြောတာလည်း ငါ့စိတ်ကို မုန့်ဟင်းခါး ကဲ့သို့ အကွင်းသား မြင်သည် ထင်သည်။

'မုန့်တီဟင်းလို အကွင်းလိုက်မြင်တာ မြို့အုပ်မင်းရဲ့'

ထိုအခါ မြို့အုပ်မင်းသည် ပြုံး၍ 'အတူတူပါပဲဗျာ၊ ခင်ဗျားတို့ဆီမှာ မုန့်တီလို့ ခေါ်တယ်၊ ကျုပ်တို့ဆီမှာတော့ မုန့်ဟင်းခါးတဲ့ ဟဲ....ဟဲ....ဟဲ။ ....နေပါဦး၊ ခင်ဗျား အင်းက ဘာကောင်းသလဲ'ဟု စကားရော ဖောရော လုပ်၏။

'ကျုပ်က သည်လာမယ် လုပ်တုန်း ကျုပ်ကုလားထိုင် ကူရှင်တဲ့ ခါတိုင်းလို အိမနေဘဲ ခပ်တင်းတင်းရှိလို့ ကြည့်လိုက်တော့ လား...ဟား ဒေပရင်တွေ သံချေးတက်နေတာကိုး'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်....ဩော်'ဟု မြို့အုပ်မင်းက ညာတာဝါဒနှင့် ခေါင်းညိတ်သည်။ သူ့စိတ်ထဲမှာ သိကြားမင်း ပဏ္ဍုကမ္ဗလာ တင်းသည်ကို ပြောပြမလို့ ထင်သည်။ သို့သော် စပရင် သံချေးတက်သွားသဖြင့် အသာငြိမ်နေလိုက်သည်။

'ဒါနဲ့ စပရင်ဝယ်ဖို့ အလာမှာ ခင်ဗျားက မြန်မာ့အလင်း ပြက္ခဒိန်ကြီးကို လှန်လှောကြည့်ပြီး လကုန်ဖို့ချည်း ဆုတောင်းနေတာနဲ့ တောရွာဘုန်းကြီးဆီ ဝင်ပြီး အဲဒီအင်းတွေ တောင်းလာခဲ့တာပေါ့၊ အင်းတန်ခိုးက သူ့ကို ပြာချပြီး သောက်ရင် မိမိစိတ်ထဲမှာ စွဲတဲ့ လိုတာကို ရနိုင်တယ်ဗျာ့၊ စမ်းကြည့်ပါလား'

'ဟုတ်ပါ့မလားဗျာ'

'အောင်မယ်လေး မြို့အုပ်မင်းနှယ်၊ သိကြားမင်း တစ်ယောက်လုံး ပြောနေတာတောင် မယုံဘူးလားဗျာ့၊ ကျုပ်ကို နိုင်ငံရေးသမားများ အောက်မေ့နေသလား၊ မယုံရင် အခု စမ်းကြည့်ဗျာ....'

သိကြားမင်းသည် မိုင်းကိုင် စက္ကူများကို ယူ၍ ဓာတ်မီးခြစ်နှင့် မီးရှို့သည်။ လက်ဖက်ရည်ပန်းကန် တစ်လုံးနှင့် ရေကို တောင်း၍ ပြာများကို ဖျော်သည်။ မြို့အုပ်မင်းမှာ အင်းကို ယုံကြည်လှ၍ မဟုတ်၊ မငြင်းသာ၍သာ သောက်လိုက်ရသည်။

'ကဲ....ပြီးပြီ ပြန်မယ်၊ အိမ်က မျှော်နေရော့မယ်၊ ခင်ဗျား လခမြန်မြန်ထုတ်ဖို့ ယနေ့ကစပြီး လမြန်မြန် ကုန်မယ်.... စိတ်ချ။ မြို့အုပ်မင်းကို ယခုလို တွေ့ရတာ ဝမ်းသာသဗျာ့၊ သွားလိုက်ဦးမယ်'

သိကြားမင်းသည် ဖြုတ်ဆို ပျောက်သွားသည်။ မြို့အုပ်မင်းသည် အတန်ငယ် တွေဝေနေသည်။ နောက်မှ ကုလားထိုင်ပေါ်တွင် ပြောင်လက်လက် မြင်၍ ကြည့်လိုက်ရာ သိကြားမင်း မကိုဋ် မေ့ကျန်ခဲ့သည်ကို တွေ့ရ၍ 'အို....ကိုယ့်လူ ဘယ်ရောက်သွားပါလိမ့်၊ သည်မှာဗျို့ ဆရာကြီး၊ ခင်ဗျာ့ မကိုဋ် ကျန်ရစ်တယ်' ဟု လေကိုကြည့်၍ စကားပြော၏။





'ဩော်....ဩော်၊ ကျုပ်က မေ့တတ်လို့ဗျို့' ဟု သိကြားမင်း ဆိုသူ တစ်ဖန် ပြန်ပေါ်လာပြီး မကိုဋ်ကို ယူ၍ ဆင်းသွားသည်။ သိကြားမင်း မကိုဋ်မှာ ဝါးဖတ်ဦးထုပ်နှင့် ခပ်ဆင်ဆင် တူသည်ဟု မြို့အုပ်မင်း စိတ်က ထင်လိုက်သည်။

ထိုညအဖို့ မြို့အုပ်မင်းသည် တောသို့ ခရီးထွက်သည်။

လမ်းခရီး၌ အချိန်တို့သည် ကုန်လွယ်လှသည်ဟု ထင်မိသည်။ ခါတိုင်း တစ်ရေခရီးနှင့် သွားရသောအရပ်သို့ ရောက်ရန် နှစ်ရေ၊ သုံးရေ သွားရသည်ဟု အောက်မေ့သည်။ စင်စစ်ကား ရေ၏အရှိန်သည် သူ့နှုန်းနှင့် သူ မှန်မှန်ဖြစ်၏။ သို့သော် အချိန်သည် ရေရှိန်ထက် မြန်၍ နေလေရာ တစ်ရေခရီးကို နှစ်ရေ၊ သုံးရေ ခရီးဟု အောက်မေ့ရသည်။ ရွာတစ်ရွာ တက်၍ အလုပ်လုပ်မည်ဟု စ လိုက်လျှင်ပင် နေဝင်သွားတော့သည်။ မြေမှု တစ်မှု၌ သက်သေတစ်ယောက်ကို စစ်ရန် နှစ်ရက်ဆက်၍ စစ်ဆေးရသည်။ အမှု တစ်ပိုင်းတစ်စ ပြီး၍ ဒိုင်ယာရီကို လှန်ကြည့်သော် မိမိ ခရီးထွက်ခဲ့သည်မှာ မှန်းထားသော တနင်္ဂနွေ တစ်ပတ်ထက် ပိုပြီး သုံးရက်တာမျှ ကြာသွားပြီကို တွေ့ရသည်။ သို့ဖြစ်၍ မြို့သို့ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။ အလုပ်မှာ ဆယ်ပုံ ပုံ၍ တစ်ပုံမျှ မပြီးခဲ့။ အချိန်ကုန်မြန်သော်လည်း အလုပ်မှာ အချိန်နှင့် အမီလိုက်၍ မမြန်ချေ။ ထိုအခေါက်၌ မြို့ပြန်ရောက်သော် လခထုတ်သော နေ့နှင့် တိုက်ဆိုင်နေသည်။

မြို့အုပ်မင်းက မင်းကတော်ကို ထိုနေ့၌ လခအပ်ရင်း 'နေ့တွေ ကုန်လွယ်လိုက်တာကွယ်'ဟု ညည်း၏။

မင်းကတော်က 'ဒါမှ ကောင်းတယ်၊ လခမြန်မြန် ထုတ်ရတာပေါ့၊ နို့မို့ဆိုရင် ဒိုဘီကုလား ကြွေးတွေ ရှင်းနိုင်မှာ မဟုတ်ဘူး'ဟု အားပေးစကား ပြောသည်။

ဤသို့လျှင် မြို့အုပ်မင်းသည် ရုံးတက်လိုက်၊ ရုံးဆင်းလိုက်၊ တောသွားလိုက်၊ ပြန်လာလိုက်၊ ဒိုင်ယာရီ ရေးလိုက်၊ ခရီးစရိတ် ထုတ်လိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲမှာ နားပဲ နားရသည်မရှိဟု ထင်သည်။ လခတို့သည် ခါတိုင်းထက် ပို၍ မြန်မြန်ထုတ်ရသည်ဟု အယူရှိသည်။

တစ်ခါတစ်ခါ ထူးဆန်းလှသည်ဟု အောက်မေ့သည်။ အိပ်မည်ဟု အိပ်ရာဝင်လိုက်တုန်းပင် မိုးလင်းသွားရှေ့သလားဟု ထင်ယောင်ထင်မှား ဖြစ်လာသည်။

အလုပ်ကိစ္စ၌မူ မြေခွန်တော် စ၍ ကောက်ရန် ကြံစည်ဆဲမှာ မြေခွန်တော် ကောက်ခံချိန် ကုန်ဆုံးသွားသည်။ အကြိုးကား မြေခွန်တော် ကောက်ခံခြင်း၌ အချိန်တိုသောကြောင့် အချိန်မီ မပြေ။ မြေခွန်တော် စာရင်း မရှင်းမီပင် ကိုင်းချိန် ကျရောက်လာသည်။ ကိုင်းချိန် မကုန်မီပင်လျှင် ပိုက်ခွန်များ ကောက်ရန် ကိစ္စပေါ်လာသည်။ ပိုက်ခွန်ကိစ္စ မကုန်မီပင်လျှင် ကွင်းစစ်ရန် အချိန်ရောက်လာသည်။ နိုဝင်ဘာလမှ မေလအတွင်း ကွင်း ၁၅ ကွင်း စစ်ရန် စီစဉ်ထားသည်မှာ မေလသာ ကုန်သည်၊ ကွင်း ၅ ကွင်း မပြည့်။

သို့နှင့်ပင်လျှင် အခွန်တော် နှစ်ဟောင်းမှသည် နှစ်သစ်သို့ ပြောင်းလာပြန်ပြီ။ တစ်နှစ်မှ တစ်နှစ် အကူးတွင် အခွန်တော်ဌာနကို အရေးပိုင်မင်း စစ်ဆေးရာ ရှေးနှစ်ကထက် အခွန်တော်ငွေများ နှောင့်နှေးကြောင်း တွေ့ရသည်။ ရှေးနှစ်ကထက် အမှုမပြီးပြတ်ကြောင်း မှတ်ချက်ချသည်။ မြို့ပိုင်မင်းသည် တော်၌ ဘာအလုပ်မျှ မလုပ်လေဟန် ထင်မြင်ချက်ပေးသည်။ ဤရုံးမှ ဘာတစ်ခုမျှ အဆင်သင့် စီစဉ်ထားခြင်း မရှိဟု ခရိုင် ဝန်ရှင်တော်မင်းကြီး၏ စစ်ချက် မှတ်တမ်းရေးခြင်း ခံရသည်။

အထွေထွေမှု၌လည်း သူကြီးရွေးကောက်ပွဲ ခဏခဏ လုပ်ရသည်။ သူကြီး တစ်ခါ ရွေးကောက်တင်မြှောက်ပါမည့် အရေးသည် နှစ်နှစ် သုံးနှစ် ကြာသည်ကို တွေ့ရသည်။ သူကြီးတစ်ဦး ကွယ်လွန်ပြီး နောက်ဘဝ၌ သူ၏ ချွေးမဝမ်းဝယ် လူဝင်စားပြန်ဖြစ်ခါမှ ထိုသူကြီး အခွင့်ရလေတော့သည်။

ရာဇဝတ်မှုများ၌ ခွေးကိုက်မှုတစ်မှုကို တစ်နှစ်ခွဲကြာမျှ စစ်ဆေးရသည်။ တစ်ခါတစ်ခါ လျှာရှည်သော သက်သေနှင့် တွေ့လျှင် မထတမ်း





စစ်သည်မှာ သက်သေတစ်ဦးလျှင် တနင်္ဂနွေ တစ်ပတ်မျှကြာသည်။ ဤသို့ ကြာရသည်မှာ သက်သေထွက်ချက် မှတ်ယူရာ၌ များလှ၍ မဟုတ်၊ အမှု စစ်ဆေးရန် လက်နှိပ်စက်ကို ကိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ဝက်အူချောင်း ထွက်သဖြင့် ခဏ ပြင်ရာ နှစ်ရက်မျှ ကြာသည်။ ခိုးမှုများ၌ ထောင်ဒဏ် အပြစ်ပေး၍ ဘာမျှ မကြာသေးသော တရားခံများ ထောင်က ရုတ်ခြည်း လွတ်လာပြီး၊ ချက်ချင်း ဆိုသလို နောက်တစ်မှုနှင့် ရုံးသို့ ထပ်မံ ရောက်လာ တတ်သည်။

သို့သော် အိမ်ရှင်မ မင်းကတော်မှာ လခ ခဏခဏ ထုတ်နေရသဖြင့် တပြုံးပြုံးနှင့်....။

ထို့မျှ တိုတောင်းလှသည်ဟု ထင်ရသော ကာလ အတောအတွင်း မြို့အုပ်မင်း၌ သားသမီးတို့သည် ပြွတ်ခနဲ ပြွတ်ခနဲ ထွန်းကားလာလေသည်။ ဘယ်က ထွက်လာကြမှန်း မသိ။ တစ်ခါတစ်ခါ လက်ဦး ကလေးအတွက် နို့ဘူးဖိုးကြွေး မကျေသေးမီ၊ နောက်ထပ် တစ်ယောက် လူ့ဘဝကြီးထဲသို့ ယောင်ပေယောင်ပေနှင့် ရောက်လာပြန်သည်။

တစ်ခါတစ်ခါ ရုံးက အပြန်တွင် ပုစုခရုတွေ ဝိုင်းခြင်း ခံရသော မြို့အုပ်မင်းသည် တစ်ပြုံတစ်ခေါင်းကြီးဖြစ်သော ထိုရတနာစုတို့ကို ကြည့်ရင်း 'ယော....သည်တစ်ခါ ဘယ်လိုများ ဖြစ်ကြတာလဲ။ ဟော့....ဟော့....မင်း ကတော်၊ လွန်လွန်းတယ် ထင်ပါရဲ့ကွာ။ အမြွှာပူးတွေလည်း ပါသလား' ဟု ပြောင်သလိုလိုနှင့် မိမိကိုယ်တိုင်က မဝေခွဲနိုင်ဘဲ မေးမိသည်။ မင်း ကတော် လုပ်သူက ပေါင်တွင်းကြော လိမ်ဆွဲမှ ကုပ်သွားသည်။

လခ ခဏ ခဏ ထုတ်ရသည်မှာ မှန်ပါသည်။ သို့သော် ကြွေးက လည်း ခဏခဏ ဆပ်ရသည်။ ကြွေးရှင်များ ခါတိုင်းထက် အိမ် ခဏခဏ ဝင်သည်ဟု ထင်ရသည်။ ကြာလတ်သော် မိမိတို့၌ လခ မြန်မြန်ထုတ်ရ သဖြင့် များများကျန်နိုးနိုးနှင့် နို့ဆီဘူးဖြင့် စုသော ငွေတို့ကို ရေတွက်ရာ ခါတိုင်းကဲ့သို့ပင် တစ်လစာမျှပင် မရှိကြောင်းကို မြို့အုပ်မင်းနှင့် မင်းကတော်



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ဝမ်းနည်းဖွယ် တွေ့ရှိရသည်။ ထိုမျှ လျင်မြန်စွာ ပြေးနေသော အချိန်အတွင်း မြို့အုပ်မင်း၌ စည်းမဲ့ကမ်းမဲ့ ပေါက်လွှတ်ပဲစား လူဦးရေတိုးလျက် ရှိသည်။ သို့ကလို လူဦးရေ တိုးသလောက် လခတိုးလျှင် နိပ်မှာပဲဟု မြို့အုပ်မင်းက တွေးကြည့်သည်။ သို့သော် မှန်းစမ်း၊ အလို ယခုထက်ထိ ဒုတိယ မြို့အုပ်ဘဝနှင့်ပဲ မတိုးလည်း မတိုးနိုင်၊ မလျှော့လည်း မလျှော့နိုင်သော လစာတန်းကို ရောက်နေတုန်း ပါပဲလား။

ယင်းတို့ကို စဉ်းစားမိသော် မြို့အုပ်မင်းသည် နမူးမှ ချွေးများပင် ကျရရှာသည်။ တစ်နေရာမှာ တစ်စုံတစ်ခု ချွတ်ယွင်းနေသည် ထင်သည်။ အလုပ်အကြောင်း စဉ်းစားလိုက်လျှင် သာ၍ပင် စိတ်မအေးဖွယ် ဖြစ်သည်။ နှစ်တို့မှာ တိုတိုတောင်းတောင်းနှင့် အချိန်ကုန်သွားပါသော်လည်း အလုပ်မှာ အကြွေး ပြေသည် မရှိ။ အလုပ်ကလည်း တစ်လုပ်တည်း လုပ်လျက်နှင့် အဘယ့်ကြောင့် မပြေပါသနည်း။ တခြားကို စဉ်းစားရန် မလို။ ၁၉၃၆ ခုနှစ် လေမုန်တိုင်း ထသည့်အခါ အစိုးရက ငွေတော်ချေးထားသည်။ ၎င်းတို့ကို မြို့အုပ်မင်းသည် ဤနယ်ကို အုပ်ချုပ်စ နှစ်ကပင်လျှင် စ၍ ကောက်ခံသည်။ ထိုနှစ်မှ အစပြု၍ သူ့၌ ထွန်းကားသော သားသမီးတို့မှာ တစ်ဒါဇင် ကျော်ရန် ဒသမငါးသုညသာ လိုတော့သည်။ ယခုတိုင် ထိုအမတော်ငွေများ ကျေလည်အောင် ကောက်ခံ၍ မရသေး။ အဘယ် အကြောင်းကြောင့်နည်း။ မြို့အုပ်မင်း ဖျင်း၍ဟု ဆိုရအံ့လော။ မဟုတ်သေး၊ မဟုတ်သေး၊ တစ်နေရာမှာ တစ်စုံတစ်ခု ချွတ်ယွင်းနေပြီ ထင်သည်။

သူ၏အပေါ်၌ အုပ်ချုပ်မင်းလုပ်သော အရေးပိုင်မင်းသည် လည်းကောင်း၊ ခရိုင်ဝန်ရှင်တော်မင်းကြီးသည် လည်းကောင်း ထိုသို့ပင် ယူဆသည်။ သူတို့နှစ်ဦးစလုံးက တစ်နေရာမှာ တစ်စုံတစ်ခု ချွတ်ယွင်းနေပြီဟု ဆိုသေးသည်။

သို့နှင့်ပင် နေ့ကို လက စား၍ မပြီးသေးခင်၊ နှစ်က ဝင်၍ မှိုသည်နှင့် အချိန်မှာ ခပ်သုတ်သုတ် နှင်လျက်ရှိသည်။ ကျေးလက်တောရွာ ရုပ်ရှင်ပြပွဲ





တွင် စက်ဆရာက မြန်မြန်ပြီးအောင် စက်ကို အတွင်လှည့်သဖြင့် ကား၌ ဆင်သော အရုပ်တို့မှာ တဖျတ်ဖျတ်ဖြစ်၍ နေသလို မြို့အုပ်မင်း၏ဘဝသည် အတိုင်းထက်အလွန် မြန်လှလေသည်။ သို့သော် မြို့အုပ်မင်းသည် လွန်ခဲ့သော နှစ်များက သိကြားမင်း၏ အင်းများ အပင်းလှိုမိသည့် အကြောင်းကိုမူ လုံးလုံးလျားလျား မေ့လျော့နေ၏။

ထိုအင်းကို ပြာချမိုမိသည့် ကိစ္စကို ယနေ့ရုံးဆင်းမှပင် စဉ်းစားမိသည်။ ယနေ့ကား နောက်ဆုံး ရုံးဆင်းခြင်းပင် ဖြစ်သည်။ မိမိ အလုပ်အကိုင် နှောင့်နှေး၍ မြို့အုပ်အလုပ်နှင့် မတော်ဆိုပြီး အရေးပိုင်က အမှုဖွင့် စုံစမ်းနေသည်မှာ ကြာပြီ။ ယနေ့မှပင် အလုပ်က ထုတ်ပစ်လိုက်ကြောင်း စာ ရသည်။ စာရသည့်အလျောက် မိမိအလုပ်ကို သူတစ်ပါးအား အပ်နှံပြီး၍ ယခု ရုံးဆင်းလာသည်။ ပင်ပန်းနွမ်းရိလှသည်။ ယခုမှပဲ မြို့အုပ်မင်း နားခွင့်ရတော့သည်။ လွန်လေပြီးသော အခါက သိကြားမင်းနှင့် တွေ့သည့်နေရာတွင် တွေ့စဉ်က ဆိုင်ခဲ့ဖူးသော ပက်လက်ကုလားထိုင်ပေါ်မှာ အမောပြေ ထိုင်မိ၍သာ ထို သိကြားမင်း ထိုးသောလာဘ်ကို သွားသတိရသည်။ သူ့အင်းကို သောက်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာပြီ မှန်၏။ သို့သော် စင်စစ် တွေးကြည့်လျှင် မနေ့တုန်းက အဖြစ်အပျက်ဟု ထင်မြင်ရသည်။ မနေ့တုန်းကတောင် ဟုတ်ချင်မှ ဟုတ်မည်၊ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း အင်း သောက်မိသည် ဖြစ်ချင် ဖြစ်မည်။

အစဉ်းစားရ ကျပ်လှသည်။ လ မြန်မြန်ကုန်၊ လခ မြန်မြန်ထုတ်ရန် မိမိစိတ်၌ တောင့်တဖူးသည်။ ဤသို့ တောင့်တသည့်အတိုင်း အင်း တန်ခိုးနှင့် လခ ခဏ ခဏ ထုတ်ခဲ့ရသည်။ သို့သော် ဘာမျှ မထူးခြားလှပါတကား။ ယခု အလုပ်က ထွက်ရပြီ။ စုမိသော ပိုက်ဆံမှာ မိမိရပ်ရွာပြန်ဖို့ သဘော်စရိတ် ကျေရုံမျှသာ ဖြစ်သည်။ သိကြားမင်းနှင့်တွေ့သော ညနေခင်း၌ ငါ့၌ ပိုက်ဆံ ခြောက်မူးရှိသည်။ ယနေ့ ညနေလည်း ငါ့အိတ်ထဲ၌ ခြောက်မူးပဲ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျောက်လောင်း မျောက်လောင်းပါပဲကလား။ ဤသို့ မြို့အုပ်မင်းက စဉ်းစားသည်။

'ဟာ.... ငါ့ဟာက အိပ်မက် မက်တာပဲ'

သို့သော် မိမိစိတ်ကို ဤသို့ လှည့်စားကြည့်၍ မရကြောင်း သိရသဖြင့် မြို့အုပ်မင်းမှာ ဝမ်းနည်းရပြန်၏။

'တောက်၊ ဒီသိကြားမင်းဟာ တော်တော်ရိုင်းတဲ့လူပဲ၊ ငါ့ဝမ်းထဲမှာ သူထိုးထားတဲ့ လာဘ်တွေ ရှိသမျှ သားသမီး ရတနာတွေ စုပုံနေမှာပဲ။ ခက်ပါဘိကရို့၊ ငါ ဘယ်လို လုပ်ရပါလိမ့်'ဟု မြို့အုပ်မင်းက ညည်းညူလေ၏။

"ငါ့ဝမ်း မစင်လို့ဘဲ၊ ဝမ်းချူရင် ကောင်းမယ်"ဟု မြို့အုပ်မင်းက တွေးတော၏။

များမကြာမီ မြို့အုပ်မင်းသည် ဆရာဝန်ကို ခေါ်၏။ ဆရာဝန် ရောက်လတ်သော် မြို့အုပ်မင်းကို ဝမ်းချူ၏။

မြို့အုပ်မင်းသည် ဘယ်ဘက်သို့စောင်း၍ ဒူးကွေးနေသည်။ ဝမ်းချူကိရိယာသည် အသည်းထဲ အေးခနဲ စိမ့်ဝင်သွားသည်။ ဇက်ဆလင် မပါ၍လား မသိ။ မြို့အုပ်မင်း ယားကျိကျိ ဖြစ်လာသည်။ ဆရာဝန်ကို အားနာ၍ စိတ်ကို ချုပ်တည်းထားသည်။ သို့သော် မတတ်နိုင်ပြီ။ ဘာပဲဖြစ်ဖြစ် အားရပါးရ ရယ်လိုက်တော့မည်။

သူ ရယ်လိုက်သည်နှင့်အမျှ အနီးအပါးရှိ ဆရာဝန်၊ မင်းကတော်စသော အိမ်သူအိမ်သား အပေါင်းတို့သည် ဝါးလုံးကွဲ ရယ်ကြလေသည်။ တစ်အိမ်လုံး သိမ့်သိမ့်တုန်သွားသည်။

မြို့အုပ်မင်းလည်း ထ၍ ထိုင်သည်။ မင်းကတော်သည် ရယ်မောကာ သူ၏ခါးကို ကလိထိုး၍ နှိုးသည်။ သူ၏သားငယ်သည် ဖအေ အအိပ်ကြီးပုံကို ကြည့်၍ ရယ်နေသည်။ မြို့အုပ်မင်းသည် မျက်စိပွတ်ကြည့်သည်။

'ဘယ်အချိန်ရှိပြီ အောက်မေ့သလဲ၊ အခု ထမင်းစားတော့မယ်၊ ဘယ့်





နှယ်တော် ညနေမိုးချုပ်စမှာ အိပ်နေရတာလဲ၊ ကဲ....ကဲ ....ထ....ထ၊ ထမင်းစားမယ်'ဟု မင်းကတော်က ပြောရင်း ဆွဲထူ၏။

'နေပါဦးကွာ၊ ဝမ်းချူလို့ ပြီးပြီလား'

'အို....ဟို....ဟို၊ ဘာများ အိပ်မက်မက်နေပါလိမ့်၊ ဘယ်က ဝမ်းချူရမှာလဲ'

'အို.... ကိုယ် ဝမ်းချူတာ ယားကျိကျိနဲ့၊ နေပါဦး မိန်းမရ၊ ငါဘကယ် အိပ်မက်တာလား'

'ဘယ် သိနိုင်ပါ့မလဲ'

'အို....ခက်ပါဘိ၊ ဟော့.... ဟော့၊ ငါ့ကလေးတွေ တစ်ဒါဇင်ကျော် ဘယ်ရောက်ကုန်ပြီလဲ'

မင်းကတော်သည် မြို့အုပ်မင်း ဗိုက်ခေါက်ကို လိမ်ဆွဲလိုက်သည်။ ဆော်တော် နာသွားရှာသည်။ နာပုံကို ထောက်သော် ဇကန္တ သူ နိုးလာသည်မှာ အမှန်ပဲဟု မှတ်ချက် ချလိုက်ပြီးလျှင် မြို့အုပ်မင်းသည် မျက်နှာသစ်ရန် ထ သွားသည်။

[ ကြီးပွားရေး မဂ္ဂဇင်း၊ ၁၉၄၁ နှင့် မြဝတီ၊ နိုဝင်ဘာ ၁၉၅၅ ]

www.burmeseclassic.com

www.burmeseclassic.com

## လာဘ်

အရပ်ကတို့ ... ကျွန်တော့်ကို ပစ်မထားကြပါနှင့်။ ကျွန်တော် ယခု ဒုက္ခတွေ့နေပါပြီ။

အမိ အဖတို့ ခင်ဗျား၊ ကျေးဇူးရှင်နှစ်ပါး၏ သားချစ် လူယဉ်ကျေးသည် ခွေးဓာတ် ခင်းရပါတော့မည်လော။ ကြည့်ပြီး လုပ်ကြပါဦး။

ကိုလေးတို့ မလေးတို့၊ ခင်ဗျားတို့၏ မောင်ကို ဘုရားထူးခံ မင်းယောကျ်ား ဆိုပြီး ကြွားရှုံချည်း မနေကြပါနှင့်ဦး။

အမှန်မှာ အလျင်က နောင်တော့် နောင်တော်တွေ ဘုရားထူးခံခဲ့သမျှ ဝဋ်ကြွေးတို့ကို ယခုခေတ်၌ ကျွန်တော်တို့ ပြန်၍ ဘုရားထူးရမလောက် အတိုးနှင့် အရင်းပါ ပေးဆပ်နေရပါပြီ။ သည်တော့ကာ မောင်တစ်ယောက်အတွက် ခင်ဗျားတို့ သိပ်ပြီး စိတ်ကြီးဝင်မနေကြပါနှင့်ဦး။ ကျွန်တော့်အပူကို ဝိုင်းကူပြီး အေးအောင် ဖြေဆေးလည်း ညှိပေးကြပါဦးမှပေါ့။ ကျွန်တော်တော့ ဝေခွဲ၍ မရတော့ပါ။

ကျွန်တော်သည်ကား ဆိုလျှင် အခြားမဟုတ်၊ မြို့အုပ်ပေါက်စ ထောင်ခြောက်လ ဖြစ်ပါသည်။ ထောင် ခြောက်လ ချနိုင်သည့် ဘုန်းကံကိုလည်း ကျွန်တော် ရရှိထားသည်မှာ မကြာသေးပါ။ ယခုခေတ်တွင် အလွန်တရာမှ ပေါများလှသော မြို့အုပ် အသစ်ကျပ်ချွတ်များအား မြို့နယ်တစ်ပိုင်ကို အုပ်ချုပ်ရန် အစိုးရက လိုအပ်သော မာန်စွယ်များကို လုံလောက်စွာ တပ်ဆင်





မပေးနိုင်သေးသဖြင့် အုပ်ချုပ်ရေး ရင်ကြားမစေ့ ဖြစ်ခဲ့ရသည်ကို အင်္ဂလိပ်နှစ်ထပ်ကွမ်း တက်စဉ်က ရပ်သိရွာသိ ကြုံခဲ့ရဖူးပါပြီ။

ထို့ကြောင့် ဗြိတိသျှ စစ်အုပ်ချုပ်ရေးခေတ်၌ အာဏာပိုင်တို့သည် ဒုတိယတန်းနှင့် တတိယတန်း အာဏာတို့ကို လျှော့ဈေးဖြင့် ဖြန့်ချိခဲ့ရာတွင် ကျွန်တော်သည် ဘုန်းကံအလျောက် ထောင်ခြောက်လ ချနိုင်ခွင့် အာဏာကို ရခဲ့ပါသည်။ ကံထူးလွန်း၍ မြို့အုပ်ဖြစ်ခဲ့ရသည်မှာလည်း များစွာ မကြာလှသေးပါ။ အဆိုပါ ဗြိတိသျှ စစ်အုပ်ချုပ်ရေးလက်ထက်တွင် ဆယ်တန်းစာမေးပွဲ မေးခွန်းလောက် မလွယ်သော်လည်း၊ (ကျွန်တော့် အဖို့တော့မလွယ်ပါ။ အများတကာကတော့ လွယ်သည်ဟု ဆိုပါသည်) ထို့ထက်လည်းပို၍ မခက်သော မြို့အုပ်စာမေးပွဲတွင် အချောင် ထိပေါက်လိုက်သောကြောင့် ဖြစ်ပါသည်။

ကျွန်တော် ပြောရမှာ ရှက်လည်း ရှက်ပါသည်။ အမှန်မှာ ကျွန်တော်သည် မနေရှင်သားသမီး ဖြစ်ပါသည်။ ကျွန်တော်၏ အဖေသည် ဝါးဘလောက်သောက်ရွာတွင် လူရည်တတ် ဖြစ်ပါသည်။ စပါးတစ်ထောင်ကျော်ဝင်သော စပါးပုတ်ကြီးနှင့် တစ်လုံးအပြည့်မျှ နှစ်စဉ် လှောင်နိုင်သူဖြစ်ရာ ရပ်ရွာထဲတွင် အတော်မျက်နှာကြီးပါသည်။ ကြီးမည်ဆိုလျှင် ကြီးလောက်ပါ၏။ ကျွန်တော်တို့ပိုင် လယ်မြေများမှာ ရွာနောက်ဖေး ကွင်းပြင်ကြီးတွင် မျက်စိတစ်ဆုံး ပြန့်၍ နေပါသည်။ ကျွန်တော်သည် မြေပိုင်ရှင်တစ်ဦး၏ သားသမီး ဖြစ်သည့် အားလျော်စွာ ဧကဆိုသည်ကို နားမလည်ပါ။ မြို့အုပ်ဖြစ်မှ ကွင်းဆင်း၍ ဧကဆိုသည်မှာ မည်မျှကျယ်သည်ကို သိရပါသည်။ ထိုအခါကျမှ အဖေ၏ လယ်ခွန်တော်ပြေစာကို မြင်ဖူး၍ ကျွန်တော့်အဖေသည် ဘာ့ကြောင့် မနေရှင် ဖြစ်ရသည်ကို ကျွန်တော် အသေအချာ သိရပါသည်။ ကျွန်တော့်အဖေ၌ ပြေစာအရ လယ်ဧက ခြောက်ဆယ့်နှစ်ဧကနှင့် ဒသမ သုညလေး ရှိသောကြောင့်ပင် မနေရှင်ဖြစ်ရသည် မဟုတ်ပါလော။

မနေရှင် ဆိုသည်ကို ဂုဏ်ရှိသည်ဟု ကျွန်တော် ထင်မှတ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုမှ တိုင်းပြည့်ရန်သူ ဖြစ်နေကြောင်းကို သိရပါသည်။ သို့သော် ကျွန်တော် ယခု ပြောလိုသည်ကား အဖေ ခနရှင်ဖြစ်ကြောင်း ဂုဏ်ဖော်လို၍ မဟုတ်ပါ။ ကျွန်တော့်ရင်ထဲ၌ လေးနေသော ကိစ္စတစ်ခုကို ဖြေရှင်းရန်အတွက် တန်ခိုးတော် အနန္တ ရှိသော "လူထု"ကို အကူအညီ တောင်းလိုသောကြောင့် ဖြစ်ပါသည်။ လူထု ဆိုရာ၌ ကျွန်တော် တွေ့ကြုံဖူးသော၊ လူတကာတို့၏ အထုကို ခံရသော လူထုကို ကျွန်တော် မဆိုလိုပါ။ မျက်စိ၊ နား ကြီးသော လူထုကို ဆိုလိုပါသည်။

ကျွန်တော် မြို့အုပ်စာမေးပွဲ ဝင်သည်ဆိုလျှင်ပင် ကျွန်တော့်ဖခင်ကြီးက ကျွန်တော်တို့ရွာကို ပိုင်သော မြို့နယ်ရုံးထိုင်ရာ မြို့တွင် ပင်စင်အငြိမ်းစား နေသော တိုက်ပိုင်တစ်ဦး၏ သမီးနှင့် လက်ဆက်စေပါသည်။ ကျွန်တော့် အဖေသည် ထိုကိစ္စကို ကျွန်တော် လူလားမြောက်သည်က စ၍ စိတ်ကူးထား၏၊ မထား၏ကို ကျွန်တော် မသိပါ။ သို့သော် အဆိုပါ ကျွန်တော့်ယောက္ခမ တိုက်ပိုင်ကြီးမှာ ကျွန်တော် ငယ်စဉ်ကပင်လျှင် နယ်လှည့်တိုင်း ကျွန်တော်တို့ အိမ်မှာ တည်းလေ့ရှိ၍ ကျွန်တော့်အဖေပေါ် တော်တော် သြဇာရှိသည့်အပြင် ကျွန်တော့်အမေနှင့်လည်း လူကြီးချင်း အလွန်ခင်ပါသည်။ ထိုသို့ ခင်မင်စပြုရာမှ ထိုတိုက်ပိုင်ကြီးသည် ကျွန်တော်၏မိခင်အား ကျွန်တော့်ကိုယ်ရေးနှင့် စပ်လျဉ်း၍ ရန်ကုန်သူ ပေါ်ကြော့များနှင့် ခြောက်လှန့်လေရာ ကျွန်တော်မှာ ကျွန်တော်၏ဇနီးကို မင်္ဂလာဆောင်လိုက်ရပါတော့သည်။ မင်္ဂလာဆောင်သည့် ညမှာပဲ ကျွန်တော့်ဇနီးကို ကျွန်တော် မြင်ဖူးပါသည်။

ကျွန်တော့်မင်းကတော်မှာ တိုက်ပိုင်သမီးဟု ဆိုရငြားသော်လည်း အတော်ပင် လိမ္မာရေးခြား ရှိလှပါသည်။ ကိုယ့်ဇနီးမို့ ကိုယ်ပြောရခြင်း မဟုတ်ပါ။ ပုလိပ်မျိုးဟု ဆိုသော်လည်း အောက်လူအပေါ်၌ မာနတရား မထား၊ အထက်လူ အပေါ်၌လည်း ပါးလျက် နားလျက်·မလုပ်ဘဲ ဖော်ရွေစွာ ပေါင်းသင်းတတ်သောကြောင့် သူ့ကို ကျွန်တော် ရုံးထိုင်ရာမြို့ရှိ နိုင်ငံရေး သမား၊ တောင်သူလယ်သမား၊ အမျိုးသမီး အစရှိသည်တို့က မေတ္တာထားရုံ





ဒူ မကသေး၊ ရွာသူကြီး အပေါင်းတို့ကလည်း နေရာတကာမှာ မင်းကတော် .... မင်းကတော်နှင့် အရေးပေးပါသည်။

သို့သော် ကျွန်တော်သည် ကျွန်တော့်မင်းကတော်၏ ဂုဏ်ကို ဖော်ရန် အတွက် ပြောပြနေသည် မဟုတ်ပါ။ အမှန်မှာမူ ကျွန်တော်သည် နိုင်ငံရေး သမား မဟုတ်၍ စကားကို ပတ်ပတ်နပ်နပ် ရည်ရည်လည်လည် မပြောတတ် ပါ။ စာရေးဆရာလည်း မဟုတ်သဖြင့် ကိုယ်ရေးချင်သည့် အကြောင်းကို ဒိုးဒိုးဒက်ဒက် ထိအောင် မရေးတတ်ပါ။ ယခုလည်း ဘယ်စကား ဘယ် ရောက်နေပါလိမ့်။

ဩော်....ဩော် ကျွန်တော် ဆိုလိုချင်သည့် အကြောင်းက သည်လို ပါ။ ကျွန်တော့်မင်းကတော်သည် သနားစရာ ဖြစ်နေပါသည်။ မြို့အုပ် ဖြစ်စကတည်းက သူ့မိဘဆီကို ပိုက်ဆံ ကျိတ်ကျိတ်မှာနေခဲ့ရသည်။ ကျွန်တော့် အဖေကလည်း ခနရှင် ဖြစ်နေသောကြောင့် လူတကာ၏ရန်သူ မည်လေရာ၊ သူ့ကို ဘယ်သူကမျှ လခမပေးပါ။ သည်အထဲ အခွန်ဆောင်ဖို့ အတွက် နို့တစ်စာ ရသောအခါ သားဖြစ်သူ မြို့အုပ်မင်း အားကိုးနှင့် ကျွန်တော့်ထံ စာရေးပါသည်။ ကျွန်တော်မှာ မြို့အုပ် နုနုထွတ်ထွတ်ကလေးမို့ အဖေ့ကို ဘယ်လို အကူအညီပေးရမည် မသိသဖြင့် အမေ့လက်ကောက်ကို ဆပါင်ပြီး လယ်ခွန်ဆောင်ပါဟု စာပြန်လိုက်ရာ အဖေလုပ်သူက ကျွန်တော့်ကို စကား မပြောတော့ပါ။ ယခု မိုးဦးကျစက ထွန်တုံးတိုက်ပွဲများ ကျင်းပစဉ် သူ့လယ် ဧက ငါးဆယ်ထက်ပိုသည့်မြေကို သူများက အတင်းဝင်ထွန်တော့ မှ အဖေက သားကို ပြန်၍ ခေါ်ပါသည်။ ဤမျှလောက် ဖွင့်ပြောရလျှင် ကျွန်တော်တို့ ဇနီးမောင်နှံ၏ ပတ်ဝန်းကျင် အခြေအနေမှာ ပစ္စည်းမဲ့ လူတန်း စား ဘဝတွင် ရှိနေကြောင်းကို သိသာလောက်ပါပြီ။

ထို့ကြောင့် တစ်နေ့သော် မင်းကတော်က ကျွန်တော့်ကို ဤသို့ အားချပါသည်။

'ကိုကိုရယ်၊ ကိုကိုက တယ်ရိုးတာကိုး'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့.... ဘယ့်နှယ်ပြောတာလဲ၊ ရိုးတဲ့ဂုဏ်ဟာ နည်းတာမှတ်လို့'

'ဩော်.... ရိုးတော့ ဝတ်တာပေါ့ ကိုကိုရယ်'

ကျွန်တော် နားမလည်ပါ။ မိန်းမသား ဆိုသဟာ အလွန်ခက်တာလား။ လောကကြီးမှာ ရိုးသည့်ဂုဏ်ကို ထမင်းထုပ်နှင့် လည်၍ရှာယူစေကာမူ ရနိုင်ဖို့ ခဲယဉ်းသည် မဟုတ်ပါလား။ သို့သော် မိန်းမပေကိုး၊ ဝတ်ဖို့ စားဖို့ လောက်သာ သိတတ်မှာပ။

'ကိုကို့ကိုလေ၊ ဖေဖေက စပ်ပြီး ပြောကတည်းက ကိုကိုဟာ ရိုးတယ်တဲ့၊ အဲဒီလို ရိုးတယ်ဆိုတာကို ကြားကတည်းက ကိုကို့ကို လူမမြင်ဘူးဘဲနဲ့'

'အေး.... အေး၊ လူမမြင်ဘူးဘဲနဲ့ ဘာဖြစ်သတုံးကွ'

'လူမမြင်ရသေးဘဲနဲ့....'

'အေးလေ....'

'ချစ်တာပေါ့'

ကျွန်တော် ကောလိပ်ကျောင်းသူများကို တွေ့ဖူးပါသည်။ သို့သော် တစ်ခါမျှ စကားမပြောဖူးပါ။ သို့ပေမဲ့ သူတို့ ကျွန်တော့်မင်းကတော်လောက် စွံကြမည် မထင်ပါ။ သူ့ကို ဒါကြောင့် ချစ်ရပါသည်။

'ကိုကို့ကို ချစ်လွန်းလို့ ကျွန်မ မပြောရက်ဘူး၊ နို့ပေမဲ့ ကိုကို စဉ်းစားပါ၊ ကျွန်မလေ အခု သုံးလရှိသွားပြီ'

'ဟဲ့....ဟဲ့၊ ဘာလဲ ခင်ရဲ့၊ ဒီအိမ်လခကို အကြွေးမထားနဲ့၊ မှန်မှန်သာ ပေးလိုက်လို့ဆိုတာ ဘယ့်နှယ်ကြောင့် သုံးလရှိအောင် မပေးဘဲ ထားသတုံး။ တော်တော်ကြာ အိမ်ရှင့်အမှုနဲ့ ပတ်သက်လာရင် အိမ်လခ မျက်နှာကြောင့် အိမ်ရှင့်ဘက် လိုက်တယ် ဆိုပြီး....'

ကျွန်တော် တသီကြီး လျှောက်၍ ပြောမိပါသည်။ သူကတော့ ကျွန်တော် ပြောသမျှကို နားထောင်ဟန်ဆောင်ကာ ပြုံးရင်း ကျွန်တော့်လည်ကို ဖက်၍ ကျွန်တော့်နားနားကို ကပ်ကာ တိုးတိုးပြောပါသည်။ ကျွန်တော် ပထမတော့ မကြားပါ။ သူက အပြုံးမပျက်ဘဲ ထပ်ကာ ထပ်ကာ ပြောတော့မှ





ကျွန်တော် အံ့အားလည်းသင့်၊ ဝမ်းလည်းသာ ဆိုသကဲ့သို့ ဖြစ်သွားပြီးလျှင် သူ့ပါးကလေးကိုပင် နမ်းလိုက်မိပါသည်။

သူပြုံးနေသည့်ကြားက မျက်ရည်ယိုနေပါသည်။ ဤသတင်းထက် ကောင်းသော သတင်းကို ကျွန်တော်တို့ ယောက်ျားများအဖို့ လောကဓံ ရှာမတွေ့ပါ။ သူကတော့ ငိုနေပါသည်။ မလိုချင်လို့ဘဲလား။

'ကိုကိုရယ်၊ ရင်သွေး ဟူက ချစ်မဝဆိုတဲ့ စကားဟာ ကျွန်မအဖို့တော့ ကျွန်မနဲ့သာ ဆိုင်တယ်လို့ ထင်ပါတယ်၊ မလိုချင်ဘဲ ရှိပါ့မလား၊ အခုမှ သုံးလသာ ရှိသေးတယ်၊ ကျွန်မ သားကလေးအတွက် ပူမိပြီး....'

'သားကလေးလား၊ ဟင် ဘယ့်နှယ်လုပ် သိသလဲ'

'အို.... ကိုကိုကလည်း၊ ဘယ်ပြောနိုင်ဦးမှာလဲလို့၊ ခင်ကတော့ သားကိုပဲ တောင့်တနေလို့ သားကလေးလို့ ပြောတာ'

ထို့နောက် သူက သားကလေးအတွက်ဟု ပြောပါသည်။ မြို့အုပ်လခနှင့်လည်း မလောက်။ ကျွန်တော့် ယောက္ခမကြီး၏ ပင်စင်လည်း သူတို့တစ်အိမ်သားလုံး အတွက်ပင်လျှင် မလောက်သောကြောင့် ကျွန်တော့် မင်းကတော်မှာ ငွေမပိုနိုင်။ ကျွန်တော့်အဖေမှာလည်း တိုင်းပြည့်ရန်သူ ဖြစ်နေရာ စကားထဲထည့်၍ ပြောရန်ပင် မဖြစ်တော့ပါ။ ကုန်စည်ဈေးနှုန်းကလည်း ကြီးလျက်ပင်။ ခရီးစရိတ်ကလည်း ကုန်လှသည်။ ကွန်မြူနစ်ရန်၊ ပြောက်ကျားရန် တို့ကြောင့်လည်း မထွက်ဝံ့။ ကြွေးကလည်း ခဏခဏတင်။ ဤအထဲမှာ လုပ်သက်မှ နှစ်နှစ် ပြည့်မည်မကြံသေး၊ ဟိုရွှေ့ သည်ပြောင်းခဲ့ရ၍ ဘာတစ်ခုမျှ အဖတ်မတင်။ မြို့အုပ်ဆိုပြီး ချေ့သည်လာလျှင် ဖွယ်ဖွယ်ရာရာ ချေ့မခံနိုင်ပါ။ ကျွန်တော်ဖြင့် သူပြောသလို ခရေစေ့တွင်းကျ မပြောတတ်ပါ။ ကျွန်တော် နားလည်သမျှတော့ တစ်လနှင့်တစ်လ အလျှင်မမီသည့်အပြင် အကြွေးတင်လွန်းသဖြင့် ဤနှုန်းအတိုင်း အလုပ်လုပ်သွားလျှင် ကလေးရသည်နှင့် တစ်ပြိုင်နက် ဒေဝါလီ ခံရဖို့ရှိကြောင်း ပြောပြပါသည်။

ကျွန်တော်သည် အိမ်မှုကိစ္စတွေကို နားမလည်၊ တွေးလည်းမတွေးမိ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ အနေရ အထိုင်ရ ကျပ်သည့်ကိုမူ ရိပ်မိပါ၏။ တစ်ခါတစ်ခါ ပိုကာ ဒေါင်းရာ၌ ငွေတစ်ဆယ်လောက် ရှုံးလျှင် ကျွန်တော် ဣန္ဒြေမဆည်နိုင်တော့ပါ။ သို့သော် သူတို့မိန်းမများလောက် ရှာရှာဖွေဖွေ မသိပါ။ ထို့ကြောင့် သူ့စိတ် ပြေလာအောင် စကားစ ရှာ၍ ပြောပါသည်။

'ဒါတော့.... ခင်ရယ်၊ တိုင်းပြည်က နေသားတကျ မဖြစ်သေးလို့ကိုးကွယ့်။ အခု လွတ်လပ်တဲ့တိုင်းပြည် ဖြစ်လာတော့ ငါတို့ ဒီလိုပဲ အနာခံရဦးမှာပဲ'

'အနာမခံရဘူးလို့ မပြောပါဘူး ကိုကိုရယ်၊ နို့ပေမဲ့ စားစရာမှ မရှိဘဲ၊ ဘယ့်နှယ်လုပ် အနာခံမလဲ'

ကျွန်တော်တို့ တက္ကသိုလ်၌ ဗိုလ်ချုပ်ခေတ်ကို မမီလိုက်သော်လည်း ကျောင်းသားသပိတ်၏ သားစဉ်မြေးဆက်များ ဖြစ်နေပါသည်။ ထိုခေတ်က တက္ကသိုလ် ကျောင်းသားတို့မှာ နိုင်ငံရေးသမားများ ဖြစ်ကြ၍ တိုင်းပြည်ကို ချစ်သည့်စိတ်၊ တိုင်းပြည်အတွက် စွန့်စားလိုသောစိတ်၊ တိုင်းပြည်အတွက် အနာခံလိုသောစိတ် ရှိကြသည်ချည်းသာလျှင် ဖြစ်သည်။ ထိုအကြောင်းတို့ကြောင့် ကျွန်တော်သည် အထက်ပါ စကားမျိုးကို ပြောဝံ့ခြင်း ဖြစ်ပါသည်။ မြို့အုပ်ဆိုသည့် ဗျူရိုကရက်ပါးစပ်က နတ်စကား ထွက်သည်ဟု စွပ်စွဲမှာ ကြောက်၍ ဖွင့်ပြောရခြင်း ဖြစ်ပါ၏။

တချို့ကလည်း တိုင်းပြည်အတွက် အနာခံလာသည်ကို စင်မြင့်ပေါ်မှ တက်၍ တင့်တယ်လောက်အောင် ကဲဇာတာ ကောင်းကြပါ၏။ နိုင်ငံရေးသမားများပေကိုး၊ ပြောခွင့်ရှိတာပဲ။ တရားဟော စင်မြင့်ကို သူတို့ ပိုင်ပါသည်။ ကျွန်တော်ကား လခစား တိုင်းပြည် အစေခံဖြစ်၍ မပြောပိုင်ပါ။ အနာခံစရာရှိလျှင် တိတ်တိတ်ကျိတ်ပြီး အနာခံရပါသည်။ ကျွန်တော်တို့လို လူမျိုး အနာခံသော်လည်း ဘယ်သူမှ သိသည် မဟုတ်ပါ။ သိလျှင်လည်း အပြောင်းအရွှေ့ ခံရတတ်ပါသည်။

သို့သော် ကျွန်တော် ယခုတိုင် ဆိုလိုရင်းကို မရောက်နိုင်သေးပါ။





သည်းညည်းခံစေလိုပါသည်။ စိကာပတ်ကုံးလည်း မပြောတတ်ပါ။ စားစရာ မရှိလို့ အနာမခံနိုင်ရင် စားစရာရှိအောင် လုပ်ရမည်ဟု ကျွန်တော် သဘောပေါက်ပါသည်။ ပေါက်သည့်အတိုင်း ကျွန်တော်က ဇနီးသည်အား ပြောပြပါသည်။

'အဲ ...အဲ ဟုတ်ပြီ၊ ဟုတ်ပြီ။ ကိုကို စားစရာမရှိရင် ရှိအောင် လုပ်ရမယ်။ ဟုတ်တယ်၊ ဟုတ်တယ်၊ ကိုကို့လခ ဘယ်လောက်တိုးမလဲ'

'လုပ်သက် နှစ်နှစ်ပြည့်ပြီး မြို့အုပ်အဖြစ် အတည်ပြုတဲ့အခါ တိုးမှာပေါ့'

'တိုးတော့ ဘယ်လောက်တိုးမလဲ'

'တစ်ဆယ်'

'အမယ်လေး မိလ္လာဖိုးတောင် မရှိပါကလား'

'ဒါကတော့ကွယ် တို့မှာ ဒီလောက်ပဲ အကျိုးပေးတော့ အများနည်းတူပေါ့'

မင်းကတော်သည် ကျွန်တော့်အား ကျွန်တော်သည် အများနည်းတူ မဟုတ်နိုင်ကြောင်းကို သာဓက ဆောင်ပြပါသည်။ ရာဇဝတ်ဘက်မှ မိုးရိုးဖြစ်လာသောကြောင့် ရာဇဝတ်ဘက်တွင် ပုလိပ်သားက အစ မလောက်မငလခကို အောက်ဆိုက်က ရသည့်ငွေနှင့် ဖြည့်စွမ်းပုံ၊ မြေစာရင်းဌာန ငွေဝင်ပေါက် ဘယ်နေရာ၌ ရှိပုံ၊ ယစ်မျိုးဌာန၌ ငွေဝင်ပေါက် မည်မျှ အပေါက်ကြီးပုံ၊ တောင်သူလယ်သမား၊ အမျိုးသမီး စသည့် နိုင်ငံရေးသမားများနှင့် သူမည်မျှ အပေါင်းဆုံပုံ၊ နယ်ပိုင်ကတော်၊ အရေးပိုင်ကတော်တို့က သူ့ကို ည်မျှခင်ပုံ၊ လယ်အပိုကြေး၊ အမတော်ကြေး၊ မြေခွန်လျှော့ပေါ့ရေး စသည်တို့၌ အများနည်းတူ မြို့အုပ်မင်း၊ အခွန်ဝန်မင်းတို့ မည်မျှပွပုံ၊ ရာဇဝတ်မှုနှင့်ပတ်သက်၍ ပြောရလျှင် သူသည် အရပ်ထဲရှိ ရှေ့နေများအပေါ် မည်မျှ ဩဇာရှိပုံ စသည်တို့ကို ပါးနပ်သောမိန်းမ ဖြစ်သည့်အတိုင်း ကျွန်တော့်အား ပြောပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဩော်....မယ်မင်းကြီးမက ကျုပ်ကို လာဘ်စားခိုင်းနေတာကိုး'

ဤစကား ပြောမိသည့် နေ့ကစ၍ လင်မယားနှစ်ယောက် စကားပြော အပေါက် မတည့်တော့ပါ။

လာဘ်.... လာဘ်.... လာဘ်။

မြို့အုပ် ဖြစ်လာသည်နောက် ဘာ့ကြောင့် ချေးကို ကြောက်နေရသေးသလဲ။ လာဘ်စားသည် ဆိုသဟာကို ကျွန်တော် သိပါသည်။ မြို့အုပ် မဖြစ်ခင် ကတည်းက မြို့အုပ် ဖြစ်လျှင် လာဘ်စားနည်းကို သိထားနှင့်ရမည်ဟူ၍ သူငယ်ချင်းများက ညွှန်ပြသဖြင့် မစ္စတာ ဆွစ်သင်ဘင့်၏ "လာဘ်စားနည်း" စာအုပ်ကို အင်္ဂလိပ်တက်စ ကတည်းက ဘုရားဈေးတွင် မရမက ရှာဝယ်ပြီး ဖတ်ထားပါသည်။ ဆွစ်သင်ဘင့် စာအုပ်မှာ လာဘ်စားမှု စုံစမ်းရေးကော်မိတီ၏ အစီရင်ခံစာ ဖြစ်ပါသည်။ သူကတော့ သန့်ရှင်းမှုကိုကြိုက်၍ စေတနာကောင်း ထားကာ ဒုစရိုက်မှုတို့ကို ညွှန်ပြထားသည် မှန်ပါ၏။ သို့သော် လာဘ်စားပုံ လာဘ်စားနည်း အခြေခံများကို ဥဒါဟရဏ် ဆောင်၍ ပြထားသဖြင့် လာဘ်စားလိုသူတို့က သူတို့အတွက် ရှေးဦးသင်ခန်းစာဟု မှတ်ယူထားလေရာ အရာရှိပိုင်းထဲတွင် ထိုစာအုပ်ကို "လာဘ်စားနည်း" ရှေးဦးသင်ဖတ်စာ ဟု ခေါ်ပါသည်။

ကျွန်တော်သည် လူသာမန်တစ်ဦးပင် ဖြစ်ပါသည်။ လူဖြစ်လာလျှင် လူ့စည်းစိမ် ခံချင်သည်၊ စည်းစိမ်ခံဖို့ ပိုက်ဆံရှိချင်သည်၊ ပိုက်ဆံရှိအောင် လာဘ်စားရမည် ဆိုလျှင်လည်း စားလိုလှပါသည်။ ဤနေရာ၌ ကျွန်တော့် မင်းကတော်က ကျွန်တော့်ကို လာဘ်စားခိုင်းသည် ဟူ၍လည်း မဟုတ်သေးပါ။ အများနည်းတူ တရားသဖြင့် ဆောင်ရွက်၍ ပေးသောကြောင့် အမှုသည်တို့က အပြစ်ကင်းစွာ ပေးကမ်းသည့် သဒ္ဓါကြေးများကို လက်ခံသင့်သည်ဟုသာ သူ ဆိုလိုကြောင်း ပြောပြပါသည်။ ကျွန်တော့်အယူအဆမှာ ဂျပန်ကို မှုတ်ူးပဲခေါ်ခေါ်၊ လာဘ်သည် ကိုးမဖြစ်နိုင်။ ထို့ကြောင့် ပြောင်ပြောင်ပြောရလျှင် လာဘ်စားလိုပါသည်။ သို့ရာတွင် ကျွန်တော်သည် ကိုယ့်လိပ်ပြာ





ကိုယ်လန့်တတ်သော သူရဲဘောနည်းသူ၊ သတ္တိကြောင်သူ ဖြစ်ပါသည်။ လာဘ်စားနည်းကိုလည်း လက်တွေ့အားဖြင့် မသိသေးပါ။

ထို့ကြောင့် စိတ်ညစ်ညစ် ရှိသည်နှင့် တရားမ မြို့အုပ်ကတော် ထောင်သော ပိုကာဝိုင်းသို့ လာခဲ့ပါသည်။ အမှန်မှာ ထိုပိုကာဝိုင်းသို့ ဥက္ကဋ္ဌ ဆိုသူ လာ၍ ကစားမှ ကျွန်တော်တို့ ကစားဝံ့ပါသည်။ သို့မှ မဟုတ်လျှင် ပစ်စာတွေ အကြား၌ ကျွန်တော်တို့ ဗျူရိုကရက်များ နစ်မွန်းရလိမ့်မည်။ ကျွန်တော်တို့မှာ အလုပ် တကုပ်ကုပ်လုပ်ပြီး ပျော်ဖြေစရာ မရှိပါ။ တောမြို့ဖြစ်၍ ရုပ်ရှင်မရှိပါ။ ပွဲလမ်းသဘင်လည်း တစ်နှစ်ကြာမှ တစ်ခါ အနိုင်နိုင်ကြည့်ရပါသည်။ ပြဇာတ် ဆိုသည်ကိုမူ လူငယ်ကလေးများ ရန်ပုံငွေအတွက် ကပြခါမှ မြင်ဖူးပါသည်။ အရပ်ထဲတွင် ဘောလုံးပွဲလည်း မရှိ။ မြင်းပွဲ ဆိုသည်ကား ဝေလာဝေး။ စာဖတ်ရန်မှာလည်း သတင်းစာနှင့် ဝတ္ထုစာအုပ်များမှတစ်ပါး အခြားဖတ်စရာ မရှိ။

ကျောင်းနေစဉ်ကသာ စာဖတ်ခဲ့ဖူးပါသည်။ ကျောင်းမှထွက်သော် မိမိလုပ်ငန်းနှင့် ဆိုင်ရာ စာအုပ်ကိုပင်လျှင် ဖတ်ကောင်းသည်ကို နားလည်၍ ဖတ်လိုပါသော်လည်း အင်္ဂလိပ်လိုရေးထားသော စာအုပ်များမှာ တစ်အုပ်လျှင် ခုနစ်ကျပ်၊ ရှစ်ကျပ်မှသည် ဆယ့်ငါးကျပ်၊ ဆယ့်ခြောက်ကျပ် ပေးရသဖြင့် ထိုကဲ့သို့သော ဉာဏ်ပညာဖွံ့ဖြိုးရေးတို့ကို "ဓိမ်ခံပစ္စည်း" စာရင်းထဲ ထည့်ကာ မရှိသဖြင့် ချိုးခြံရပါသည်။ ထို့ကြောင့် ပိုကာဝိုင်းသို့သာလျှင် ကျွန်တော်များ ခြေဦးလှည့်မိကြပါသည်။

ထိုနေ့က ကျွန်တော်တို့၏မိတ်ဆွေ ဥက္ကဋ္ဌကြီး မကြွလာသေးသောကြောင့် တရားမ မြို့အုပ်အိမ်တွင် ဝိုင်းဖွဲ့၍ ထိုင်နေကြပါသည်။ ပိုကာဒေါင်းခြည် ဆိုလျှင် လူငါးယောက် ရှိသဖြင့် ကစားနိုင်ပါပြီ။ သို့သော် တရားမ မြို့အုပ်ကတော်က ငါးအိမ် ကစားရသည်မှာ ဖဲနာလှသည်။ ခြောက်အိမ်ပြည့်မှပဲ ကစားတာပေါ့ဟု ဆိုသဖြင့် ကစားဝိုင်းကို မစနိုင်သေးပါ။ ထို့ကြောင့် ကျွန်တော်နှင့်တကွ ဌာနအုပ်မင်း၊ တရားမ မြို့အုပ်မင်း၊ ဆရာဝန်၊ ပုလိစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



အင်စပိတ်တော်တို့ လေးဦးသား အာလာပ သလ္လာပ စကားများ ပြောကြပါသည်။ ရောက်တတ်လေးဆယ် အတင်းပြောကြပါသည်။ ထိုအတင်းစကားတို့ကို ယခု ဖွင့်ချလိုက်လျှင် ကျွန်တော်မှာ အလုပ်ပြုတ်ရပါလိမ့်မည်။

သာမန်အားဖြင့် ပြောရသော် ရှေးခေတ်က နိုင်ငံရေးသမားတို့က ဗျူရိုကရက်များသည် အရှင်အင်္ဂလိပ် အစိုးရမင်း၏ တစ်မျက်နှာကိုသာ ထောက်ပြီး မတရား မင်းမူကြသည့် အကြောင်းကို နိုင်ငံရေးသမား အချင်းချင်း ဝိုင်းဖွဲ့၍ ပြင်းထန်စွာ ရှုတ်ချဘိသကဲ့သို့ ယခုလည်း အပြန်အလှန်သဘောဖြင့် နိုင်ငံရေး အရေးရှိတို့က ဗျူရိုကရက်တို့၏ ခြေရာကိုဝင်၍ နင်းနေပုံကို မြိန်ရေရှက်ရေ ပြောခြင်းပင် ဖြစ်ပါသည်။ သို့သော် ကျွန်တော်များမှာ နိုင်ငံရေးသမားကဲ့သို့ ဆတ်ဆတ်ကြဲ အာဇာနည်များ မဟုတ်လေရကား အပြင်းအထန် ရှုတ်ချခြင်းကိုမူ မပြုခဲ့ပါ။ တိုးတိုးသား ကျိတ်၍ စကားတင်း ဆိုရပါသည်။ ဤသို့ စကားပြောနေသည့် အကြားထဲက စိတ်ထဲဗယောက်ဗယက် ဖြစ်နေသောကြောင့် တစ်လနှင့်တစ်လ အလျဉ်မမီကြောင်းကို ကျွန်တော် ညည်းမိပါသည်။

တရားမ မြို့အုပ်ကတော်သည် ထမင်းစားခန်းတွင် လက်ဖက်ရည်ဖျော်နေသည်။ ကျွန်တော်သည် ယောကျ်ားအချင်းချင်း နှစ်ကိုယ်ကြား ဆိုသလို တိုးတိုးသက်သာ ညည်းလိုက်ခြင်း ဖြစ်ပါ၏။ သို့သော် ညည်းသံမှာ တော်တော်ပင် ချူသံပါသွားဟန် လက္ခဏာ ရှိသည်။ အကြောင်းမူကား ကျွန်တော်ပြောသမျှကို အခန်းတွင်းမှ မင်းကတော်က တစ်လုံးမကျန် ကြားလိုက်သောကြောင့် ဖြစ်ပါသည်။ ကျွန်တော့်စကားကို ကြားသော မင်းကတော်သည် လက်ဖက်ရည် အချိုအပေါ့ကို မြည်းရာမှ 'သြော် မြို့အုပ်မင်းကတယ် ရှီးတာကိုး'ဟု ပြောပါသည်။

ကျွန်တော်သည် ထိုစကားကို ကြားသော် မိမိ၏နားကို မိမိ မယုံသဖြင့် မင်းကတော်အား 'ဘာပြောပါသလဲ'ဟု မေးမိပါသည်။

'မြို့အုပ်မင်းက တယ်.... ရှီးတာကိုးရှင့်'





လူတို့၏ ဝေါဟာရသည် ခေတ်အလိုက် ပြောင်းလဲတတ်ကြောင်းကို ဘက္ကသိုလ် ကျောင်းတော်ကြီးက ကျွန်တော့်အား ပို့ချခဲ့ပါသည်။ သို့သော် များစွာ သဘောမပေါက်ခဲ့ပါ။ ဟိုရှေးခေတ်က မိဘတို့သည် သားသမီးကို ချစ်လွန်လွန်း၍ သားရွှေဥဟု ယဉ်ကျေးစွာ ခေါ်လေ့ရှိသည်။ သို့သော် တစ်မူးတန် ပြဇာတ်များ ခေတ်စားသည့်အခါက "ရွှေဥ ကျားချီ"ဟူသော ဝေါဟာရကို ကြားရလျှင် ကြမ်းတမ်းသည်ဟု ယူဆလာလေသည်။ ထို့ကြောင့် သားတော်မောင်များကို ဖအေလုပ်သူက ရွှေဥဟုခေါ်ဖို့ အတော်ဝန်လေးလာပြီ။ ယခုခေတ် ဆိုလျှင် "ရွှေဥ ကြမ်းညပ်၊ မျက်စပ် ပိုးဝင်"ဟူသော စကားမှာ ဖရုသဝါစာ သက်သက်မျှသာ ဖြစ်ပေသည်။ ထို့ကြောင့် ထိုစကားကို သုံးမိလျှင် ဆဲသည်နှင့် တူပေတော့သည်။

ကျွန်တော်သည် ဝေါဟာရလိနတ္ထ ပကာသနီကျမ်း၊ လေခကျမ်း၊ ဗျဉ္ဇနိကျမ်း စသည်တို့ကို နားလည်သူ မဟုတ်ပါ။ တတ်သမျှ မှတ်သမျှ ဥပမာပေးလိုက်ခြင်း ဖြစ်ပါသည်။ ထိုဥပမာလျှင် ရှီးသည်ဟူသော ဝေါဟာရသည် ဘုရားရှင် လက်ထက်က အရိယာဘွဲ့ ရသည်နှင့်မခြား ဂုဏ်ရှိမည်ဖြစ်သော်လည်း ယခုခေတ်၌ အ သည်နှင့် အဓိပ္ပာယ်ထပ်တူ ဖြစ်ပါသည်။ နောင်တစ်ခေတ်၌ ရှီးသည်ဆိုလျှင် မအေ နှမနှင့် ကလော်တုတ်သည်ထက် ပို၍ နာကြည်းစေမည့် ဂမ္ဘီရသင့်သော စကား ဖြစ်လာလိမ့်မည်။

အိမ်က မင်းကတော်နှင့် အပေါက် မတည့်သည့်အထဲ ယခု တရားမမြို့အုပ်ကတော်က လုပ်ပြန်ပြီ။ သက်သက် အပေါက်ဆိုး မှတ်တာပဲ။ တောက်၊ အိမ်ရှင်နှင့်ညည့်သည် ဖြစ်နေလို့ပေါ့။ နို့မို့ရင်....။

သို့ပေမင့် မင်းကတော် လက်ဖက်ရည် လာချသောအခါ သူ့မျက်နှာမှာ ကျွန်တော့်ကို ရန်သတ္တုရ ပြုလိုသည့် မျက်နှာထား မဟုတ်ဘဲ အစ်မကြီးသည် မောင်ကလေးကို ကရုဏာသက်နေသည့် မျက်နှာထား ဖြစ်လေရာ ကျွန်တော်၏ ဒေါသတို့မှာ ရေဖြစ်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းကတော်ကလည်းဗျာ...ရိုးဂုဏ်ဟာ ဘယ့်လောက် အဖိုးတန်သလဲ'ဟု ကျွန်တော်က အယူခံ တက်မိပါသည်။

'တစ်ပြားမှ မတန်ဘူး'ဟု တရားမ မြို့အုပ်မင်းက ကျွန်တော့် အယူခံလွှာကို ပယ်ချလိုက်ပါသည်။

တရားမ မြို့အုပ်မင်းမှာ ကျွန်တော်နှင့် အလွန်ခင်ပါသည်။ သူ့ကို ကျွန်တော်က အစ်ကိုဟု ခေါ်ပါသည်။ အစစ အရာရာ ကျွန်တော့်အား ညီအရင်း ကဲ့သို့ သွန်သင်တတ်သဖြင့် သူ့ကို လေးစားပါသည်။ သို့သော် သူသည် တော်တော် ဝါရင့်နေပြီဖြစ်၍ မင်းကတော်၏ စိန်လက်ကောက်ကြီး ဝယ်ရန် သူ ဘယ်က ပိုက်ဆံရသည်ကို ကျွန်တော် တစ်ခွန်းတစ်စ သိထားပါ၏။ သို့သော် အကျယ်ဝိတ္ထာရ မချဲ့ပါရစေနှင့်။ သူ့လမ်းနှင့် သူ၊ ကိုယ့်လမ်းနှင့် ကိုယ်ပေါ့။ သူ့အကြောင်းပြချက် တို့ကိုသာ နားသောတဆင်တော်မူကြပါ ခင်ဗျား။

'ဒီလိုဗျာ၊ မြို့အုပ်မင်းရဲ့ ဒီလို။ ကျုပ်တို့ အခု အလုပ်လုပ်နေတာ နိဗ္ဗာန်ရည်မှန်းပြီး အလုပ်လုပ်တာ မဟုတ်ဘူး။ ရိုးရိုးကုပ်ကုပ်နဲ့ မှန်မှန်လုပ်လို့ ဘယ်တစ်ကောင်တစ်မြည်းကမှ ဆုတော်လာဘ်တော် သနားတာ မဟုတ်ဘူး။ ပရိယေသန ဝမ်းစာအတွက်ဗျာ။ မတွေ့ဘူးလားဗျာ၊ ကျုပ်တို့ မိတ်ဆွေကြီး၊ မြို့အုပ်ကြီး ဦးဒေါန ဆိုတာ။ ကျုပ်တို့ ဆင်ဒီကိတ်စာမေးပွဲတွေ ဖြေရတဲ့ခေတ်က စတုတ္ထတန်း မြို့အုပ်အဖြစ်နဲ့ အလုပ် ပထမ စလုပ်တယ်။ အလျင်ကတော့ဗျာ ဟိုက်ကုတ်စာရေးကြီးပေါ့။ လူက ရိုးရိုးနဲ့ မှန်မှန်ကြီး ဆိုတော့ ဟော အခွန်ဝန်က စကားခေါ်လိုက်ရင် သူက မပေါ်လာတော့ဘူးဗျာ။ အဲဒီတော့ သူ့ခမျာ စီစီ (အရေးပိုင် ရုံးစာရေးကြီး) လုပ်တဲ့လူက ညှဉ်းထားတာတောင်မှ ခံရတဲ့ဘဝ ရောက်ကရော။ ဒီအထဲ နယ်ပိုင်ကလည်း သူ့အားမကိုးရတော့ ဘာသိဘာသာ နေလိုက်တာပေါ့။ အရေးပိုင် ရှေ့ကျတော့လည်း မျက်နှာလုပ်ဖို့ လက်ဆောင်ပဏ္ဏာ မပြည့်စုံလေတော့ ခယယလည်း မလုပ်တတ်ဘူးပေါ့။ ငါ မှန်မှန်လုပ်မယ် ဆိုတဲ့ ကိန်းနဲ့ချည်း နေလိုက်





တာ၊ အခု ပင်စင်ယူခါနီးမှာမှ နယ်ပိုင် ခဏ တက်လုပ်ရတော့တယ်။ အဲနှီလေမဲ့ သူနဲ့ တစ်နှစ်တည်း အလုပ်ဝင်တဲ့ မြို့အုပ် ဦးသူတော် ဆိုတာကတော့ လာဘ်စားမှာ နာမည်ကြီးထဲကပဲ။ ဒါပေမဲ့ စစ်မဖြစ်မီကတည်းက အရေးပိုင် ဖြစ်နေတယ်'

ထိုဒေသနာ၏ အဆုံး၌ နှာရောင်ပွပွ၊ မျက်နှာအမ်းအမ်း၊ အသားနီနီ၊ ယစ်မျိုး အင်စပိတ်တော်က 'အဟမ်း...အဟမ်း'ဟု အနုမောဒနာ ပြုသည်။ သူသည်လည်း သူ့အလုပ်၌ အံခွနေသော ပုဂ္ဂိုလ်အကျော်အမော် တစ်ယောက် ဖြစ်သည်။ ထို့ကြောင့် သူက အင်္ဂလိပ်စကားကို ညှပ်ကာညှပ်ကာ ကျွန်တော့်အား ဩဝါဒ ပေးသည်။

'အိုင်ဆေး၊ မြို့အုပ်မင်းရဲ့။ မစားဒုက္ခ၊ စားဒုက္ခ ဆိုတဲ့ အင်္ဂလိပ် စကားပုံအတိုင်းပေါ့ လဗျာ'

ကျွန်တော်သည် တက္ကသိုလ်ကျောင်းသား ဘီအေ မအောင့်တစ်အောင် ဘဝမှ မြို့အုပ်လုပ်သူ ဖြစ်ပါသည်။ သို့သော် ယခု ယစ်မျိုး အင်စပိတ်တော် ပြောသော စကားပုံမျိုးကို ဘယ်အဘိဓာန်မှာမှ မတွေ့ဖူးသေးပါ။ ထို့ကြောင့် သူ့ကို မေးရမှာ ခပ်ရှက်ရှက်နှင့်ပင်....

'အင်္ဂလိပ်လိုက ဘယ်လိုလဲဗျာ'ဟု မေးမိပါသည်။

'ဟာ၊ ဒါကို ပြောရမယ် ဆိုရင်တော့ တော်တော်ရှည်သဗျို့'ဟု သူ့ဓာတ်ကြောသိသူ စကားနည်းသည့် ဆရာဝန်က ထောက်လိုက်သည်။

ထိုအခါ ယစ်မျိုး အင်စပိတ်တော်သည် လက်ဖက်ရည်ကို ကျိုက်ချလိုက်ပြီးနောက် 'ဒီလိုဗျာ....ဒီလို'ဟု အစချီကာ သူ၏ ယပ်လှဲဒေသနာကို ဥဒါန်းကျူးလိုက်ပါသည်။

'ဒီလိုဗျာ ဒီလို၊ ကျုပ်က ရာထူးတိုးစပေါ့။ ဘိန်းဆိုင်ထိုင် အရာရှိကနေပြီး အင်စပိတ်တော် တက်ဖြစ်တာကိုး။ အဲဒါလည်း ကြံရဖန်ရသဗျာ၊ ငွေငါးထောင်လောက် ကုန်တယ်။ အဲဒါနဲ့ဗျို့၊ ငွေငါးထောင် စရိတ်ရှေ့ အောင် ဆိုပြီး ကျုပ် ဘိန်းခန်းတွေ ဖွင့်၊ ခေါက်ဆွဲဆိုင်က တရုတ်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေါင်း၊ အရက်တီတ်တီတ်ပုန်းချက်တဲ့ လူတွေနဲ့ပူးပြီး နှယ်လိုက်တာ ဘာပြော ကောင်းမလဲ…,ဟား….ဟား….'

ထိုအခါ တရားမ မြို့အုပ်မင်းက 'ဟာ….ကျုပ် သိပြီ၊ ဒီတုန်းက ကိုယ့်လူကိုး။ ဟာ….ဟာ…သတင်းစာတွေထဲမှာ ဟိုးဟိုးကို ကျော်သွားတာပဲ၊ မြစ်ထဲမှာ ဘိန်းဖမ်းတုန်းက အလုံးရေ တစ်ရာ့လေးဆယ်၊ ကုန်းပေါ်ရောက်တော့ တစ် တစ်လုံး ပြတ်ကျန်ရစ်တာ၊ လေးဆယ်ပဲ စာရင်းပေါ်တော့တယ် မဟုတ်လား။ အဲဒီတုန်းက ခင်ဗျားတို့အမှုကို ကျုပ်စစ်ရရင် အားလုံး ပွ ကြဖို့ပေါ့ဗျာ။.ခုတော့ ကျုပ်က ပြောင်းသွားရလို့ဗျို့'

'ဪ၊ ဒီတုန်းက တရားမ မြို့အုပ်မင်းလား'

'ဟုတ်တယ်၊ ဟုတ်တယ်'

'အမလေးဗျာ၊ ကျုပ် စောစောကသာ သိလိုက်ရရင် ခင်ဗျားအတွက် တောင် ကြံပေးပါသေးတယ်။ အခုတော့ဗျာ၊ မြို့အုပ်မင့်နောက် ပြောင်းလာတဲ့ တရားသူကြီး ကိုယ်တော်မြတ်က လျှာရှည်တာနဲ့ပဲ ကျုပ်တို့ မဟုတ်တာ လုပ်တာ မဟုတ်တာ ဖြစ်ကုန်တာပေါ့'

သူတို့နှစ်ဦးမှာ ယခုမှ ပြန်ပေါင်းထုပ်မိကြသည်။ ထို့ကြောင့် ယစ်မျိုး အင်စပိတ်တော်မှာ အတော် လျှာသွက်လာသည်။

'ဒါနဲ့ဗျာ ဒီအမှုကို ပုလိပ်ကလည်း မွှေလိုက်တာ မပြောပါနဲ့။ နောက်ဆုံးတော့ အရေးပိုင်ကိုယ်တိုင် ယစ်မျိုးဝန်ထောက်ကို ခေါ်ပြီး လာစစ်ပါလေရော။ အရေးပိုင်ကလည်းဗျာ၊ ခင်ဗျား သိပါလိမ့်မယ်၊ ဌာနအုပ်မင်းရဲ့ အနားမှာ အမွှေးထုထုနဲ့ဗျာ။ သူက အင်္ဂလိပ် မဟုတ်ဘူးဗျာ၊ စကော့လူမျိုး။ ပိုက်ဆံကို ဘယ်အခါဖြစ်ဖြစ် တစ်ပြားစိ ချ ချပြီး သေသေချာချာ ရေတတ်တယ်ဗျာ့။ တောရောက်ရင် အမဲသား ရေလုံပြုတ်သာ စားပြီး ပိုက်ဆံစုတဲ့ အရေးပိုင်လဗျာ'

'ဪ…. ဟိုဒင်းဗျာ၊ သူ့နာမည် လျှာဖျားကလေးတွင် မေ့သွားတယ်။ ကျုပ်တို့ ဆရာစ် သူပုန်တုန်းက လူခွန်တော် အကောက်ကြမ်းလို့





သူပုန်တွေလိုက်လို့ ပြေးရတဲ့ အရေးပိုင်လား'ဟု ဌာနအုပ်မင်းက ရာဇဝင်ကို အဖောက်လိုက်သည်။

'အေးလေဗျာ သူပဲ၊ ကျုပ်လည်း နာမည်မေ့နေတယ်။ သူ့ကို သူပုန်တွေ လိုက်တုန်းက အရေးပိုင် မဖြစ်သေးဘူး၊ နယ်ပိုင်ဗျာ့ နယ်ပိုင်'

ကျွန်တော့်မှာ လိုရင်း မရောက်သည်နှင့် စိတ်ညစ်လာပြီး 'ကဲဗျာ၊ နာမည်တွေ နာမတွေ ထားလိုက်စမ်းပါ။ နောက်တော့ ဘာဖြစ်သလဲ'ဟု မေးလိုက်ပါသည်။

'အဲ….အဲ….နာမည်ကိုတော့ ထားလိုက်ပါတော့၊ နောက်တော့ ဘာဖြစ်သလဲဆို၊ ကျုပ်က အရေးပိုင်ဟာ ငွေမစားတတ်မှန်း သိတော့ ထိုင်ရှိခိုးလိုက်တာပေါ့။ အဲဒါနဲ့ အရေးပိုင်ကလည်း အထက်က ပြောင်းလာစ၊ ရှိခိုးတာ ခပ်ကြိုက်ကြိုက်နဲ့မို့။ ခင်ဗျားတို့လည်း ကြားဖူးပါလိမ့်မဗျာ။ ဟိုလေမြင်းခြံမှာ ဆိုလား၊ မန္တလေးမှာ ဆိုလား၊ မနက်ရုံးတက်လို့ ရုံးရောက်တယ် ဆိုရင်ပဲ ဒီအရေးပိုင်ဟာ မြို့ပေါ်ရှိ ကိုယ့်လက်အောက်က အရာရှိတွေကို ဆင့်ခေါ်တတ်တယ်။ ခေါ်လို့ ရောက်လာရင် သူ့စဉ်းစားခန်းထဲ မဝင်ခင် ပြာတာက "အရာရှိတွေ စုံပါပြီ အရှင်ဘုရား" လို့ လျှောက်ထားရတယ်။ အဲဒီအခါမှ သူက "ညီလာခန်(န်) ဝင် (န်) ဆေး"လို့ အမိန့်ချတယ်'

'ဘာလဲဗျာ့ ခင်ဗျာ့ဟာကြီးက….'ဟု ဆရာဝန်က ထောက်လိုက်ပါသည်။

'အိုဗျာ "ညီလာခံဝင်စေ"ဆိုတာကို အင်္ဂလိပ်သံနဲ့ ပြောတာဗျ'

တစ်ဝိုင်းလုံး ရယ်လိုက်ကြသည်မှာ ခွက်ခွက်လန်သော ဟူ၏။

ထို့နောက် ကျွန်တော်တို့၏မိတ်ဆွေ ယစ်မျိုး အင်စပိတ်တော်က ဆက်လက်၍ အမိန့်ရှိပါသည်။

'အဲသလောက် အရိုအသေ ကြိုက်မှန်းသိတော့ ပုဆိန်ပေါက် သုံးခါလောက် ပေါက်လိုက်တယ် ဆိုရင်ပဲ ကျုပ်ကို "မောင်မင့် လူမျိုးကို လူမျိုးအနေနဲ့ ကောင်းကောင်းသိတယ်"ဆိုပြီး သက်သေတွေကို ငေါက်ငေါက် ခေါ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ အလကား ဖြစ်သွားတာပေါ့။ အမှန်တော့ ဟိုတုန်းက ခင်ဗျားတို့ ပုလိပ်တွေက (ဤနေရာ၌ ဌာနအုပ်ကို ယစ်မျိုး အင်စပိတ်တော်က မေးငေါ့ပြပါသည်) သူတို့ဝေစု မရလို့ပါဗျာ၊ ရတော့လည်း ငြိမ်သွားတာပါပဲ’

‘ကျုပ်တို့ မပါဘဲ လုပ်ထားလို့ဗျ၊ ငါးပါးမှောက်မှာပေါ့’ဟု ဌာနအုပ်က ဝန်ခံသည်။

‘မှန်ပါတယ် ဌာနအုပ်မင်းရယ် ဟဲ....ဟဲ....ဟဲ၊ ပုလိပ်ဆိုရင် ကိုယ့်အဖေတောင် ကိုယ် မယုံနဲ့တဲ့’

‘နာမည်ကြီးတော့ ပုလိပ်ပါဗျာ၊ စားတာတော့ ခင်ဗျားတို့ အချောင်ဆုံးပဲ။ ကဲပါလေ၊ ခင်ဗျာ့ဟာကို ဆက်ပါဦး၊ ငယ်ကျိုးငယ်နာတွေ မဖော်ပါရစေနဲ့တော့’

‘ဒါပေမဲ့ဗျာ၊ ယစ်မျိုးဝန်ထောက်က ငြိမ်ငြိမ်မနေဘူး။ ဒါနဲ့ ကျုပ်ကလည်း သူ ကျေနပ်အောင် လုပ်လိုက်ရတာပေါ့။ ဝန်ထောက်ကလည်း ဘိုကပြားဗျ။ လူလည်၊ လူလည်။ သူက ကျုပ်ကို အရေးပိုင်ရှေ့မှာ လာဘ်မစားဖို့ ဆုံးမတာကိုးဗျ။ အမှန်မှာတော့ဗျာ အရေးပိုင် အထင်ကြီးအောင် လုပ်နေတာပေါ့။ ကျုပ်ကလည်း သူ့ကို ဆိုပြီးသားဥစ္စာ၊ နောက်ထပ်ဆိုလိုက်ရပြန်တော့ စိတ်ထဲ မခံချင်တာနဲ့ ရှင်းရှင်းပဲ ပြောချလိုက်ရတာပဲ။ ဘာရမလဲဗျာ၊ သူက ကျုပ်ကို မြန်မာလိုပြောတော့ ကျုပ်ကလည်း အင်္ဂလိပ်လို ပြန်ပြောလိုက်တာပေါ့’

ကျွန်တော်လည်း လိုရင်းကို မြန်မြန်သိချင်၍ ‘ဘယ်လိုလဲ’ဟု မေးပါသည်။

‘အို၊ မစားဒုက္ခ၊ စားဒုက္ခ၊ ဒါ့ကြောင့် စားသာ စားလို့ ပြောလိုက်တာပေါ့ဗျာ’

‘အင်္ဂလိပ်လို ပြောတယ်ဆို’ဟု ကျွန်တော်က ထပ်မေးပြန်ပါသည်။

‘အေးလေ၊ မြို့အုပ်မင်းကလည်း တက္ကသိုလ်ကျောင်းထွက်ပဲဗျ၊ အဲဒါကို အင်္ဂလိပ်လို ပြန်ကြည့်ပါလား’ဟု ဆိုပါသည်။





ဌာနအုပ်မှာ အကြောင်းကို သိပြီးသူ ဖြစ်သောကြောင့် တခစ်ခစ်နှင့်နေပါသည်။ သို့သော် ကျွန်တော့်မှာကား အင်္ဂလိပ်စာကို တက္ကသိုလ်ရောက်အောင် မသင်ဖူးသူက နှပ်၍ ချနေသည်ကို မခံချင်သောကြောင့် မျက်နှာသုအမ်းအမ်း ဖြစ်လာပါသည်။

ကျွန်တော့်မျက်နှာ နီလာသည်ကို သတိပြုမိသော ယစ်မျိုး အင်စပက်တော်မင်းသည် ကျွန်တော် စိတ်ပြေအောင် ရယ်လိုက်ပြီးမှ ‘ဒါမျိုးကို အင်္ဂလိပ်ပါရဂူတွေတောင် အင်္ဂလိပ်လို မပြန်တတ်ဘူးဗျ၊ ကျုပ်တို့ ဘာဂဝါဟိုက်စကူးသမားမှ ပြန်တတ်တယ်၊ အင်္ဂလိပ် စကားပုံကတော့ ဒီလိုတဲ့ဗျ၊ အိထရပ်ဗယ် –စားလည်း ဒုက္ခ၊ နိုး အိထရပ်ဗယ် –မစားလည်း ဒုက္ခ၊ သဲယာဖိုးအိ –ဒါကြောင့် စားကြပေရော့တဲ့ဗျာ’ ဟု ဣန္ဒြေထပ်ဆည်ရင်း ပြောလိုက်ပါသည်။

ကျွန်တော်မှာ အတန်ကြာမျှ အူတက်နေသောကြောင့် ဆရာဝန်က ကျွန်တော့်ဘေးကြောကို နှိပ်ပေးရပါသည်။

ဘေးကြော ပြေသွားသော်လည်း ကျွန်တော့်ပြဿနာ မပြေသေးပါ။ ထို့ကြောင့် ကျွန်တော်က ‘ခင်ဗျားရဲ့ စကားပုံကို အကြောင်းပြုပြီး ကျုပ်လာဘ်စားရမှာလားဗျာ’ဟု ရယ်သွမ်းသွေးလိုက်ပါသည်။

ထိုအခါ မိုက်အင့်အင့်၊ ရင်ကျယ်ကျယ်နှင့် ဌာနအုပ်မင်းက တရားမမြို့အုပ်ကတော် လာ၍ချသော လက်ဖက်ခွက်ကို နှိုက်ရင်း ‘စားကြဗျား၊ စားကြ၊ စားကြ’ဟု ပြောဂဘာ လက်ဖက်ရော လာဘ်ပါ ဘုဉ္ဉာဟိ ကြရန် တိုက်တွန်းနှိုးဆော်လေသတည်း။

တရားမ မြို့အုပ်မင်းကား လူမှုရေးရာ နှံ့စပ်သူ ဖြစ်လေရာ ကျွန်တော့်အရိပ်အကဲကို ကြည့်ပြီးလျှင် လာဘ် ဒေသနာတော်ကြီး၏ အစကို ပြန်၍ ရောက်ပါသည်။

‘ကမ္ဘာဦးက လူတွေ မဟာသမ္မတ မြှောက်တဲ့အခါမှာ တိုင်းသူပြည်သားတွေက သူ့ကို ဆယ်ဖို့တစ်ဖို့ လာဘ်ထိုးရသေးတယ် မဟုတ်လားဗျာ’



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မိဘများသည် ရှေးခေတ် တစ်ယူသန်များ ဖြစ်ကြပါသည်။ ကျွန်တော့် ခေါင်းထဲ၌လည်း ထိုတစ်ယူသန့်စိတ်များ မကုန်သေးပါ။ ထို့ကြောင့် တရားမ မြို့အုပ်က ကျွန်ုပ်တို့၏ မဟာဝင်လာ မဟာသမ္မတကို "ခိုက်"၍ ပြောရပါမည်လောဟု ကျွန်တော် စိတ်မကောင်း ဖြစ်မိပါသည်။ ထို့ကြောင့် တရားမ မြို့အုပ်က အလိုက်သိစွာ စကားကို ဖာရှာပါသည်။

'ဟဲ....ဟဲ၊ အရင်းတိုင်းပြောတော့ စကားက နားထောင် မကောင်းဘူးပေါ့၊ ဒါပေမဲ့ မဟာသမ္မတမင်းဟာ တိုင်းပြည်ကို တရားနဲ့အညီ အုပ်ချုပ်မင်းလုပ်ဖို့ ဘတ်ဂျက်စရိတ်အတွက် ပြည်သူပြည်သားတွေက စုဆောင်းပြီး ဘဏ္ဍာတော် ရန်ပုံငွေ ထည့်ကြတယ် ဆိုပါတော့လေ၊ ဘယ်လိုပြောပြော အခိပ္ပာယ်ကတော့ အတူတူပါပဲဗျာ ဟဲ....ဟဲ....ဟဲ။

'ရှေးခေတ်က တရားသူကြီးတွေကို ကွမ်းဖိုးပေးတယ် ဆိုတာလည်း တရားနဲ့အညီ ရွက်ဆောင်ဖို့ ထိုးရတဲ့ လာဘ်ပဲဗျာ၊ ခုခေတ် ကျုပ်တို့ ဟိုတယ်တက်ရင် ဘောက်ဆူး ပေးရသလိုပေါ့ဗျာ၊ လာဘ်ဆိုတာ ပေးသူရှိသမျှ ယူသူရှိမှာပဲ၊ နိဗ္ဗာန်ကို ရည်ရွယ်တာ မဟုတ်တော့ ကျုပ်တို့တော့ ရှောင်ရင်စားတာပဲဗျာ။ အဲ....အဲ၊ အိုင်စီအက်တွေကိုတော့ တုမနေနဲ့ဗျာ၊ သူတို့ကိုတော့ လာဘ်မစားနိုင်အောင် အစိုးရကိုယ်တိုင်က လာဘ်ထိုးထားပြီးသားကိုးဗျာ၊ ခင်ဗျားတို့က မြို့အုပ်လုပ်ပြီး သူတို့ကို အတုယူရင် ငတ်မှာပေါ့ဗျာ။ နို့ပေမဲ့ သိသာသိစေ မမြင်စေနဲ့ပေါ့လေ၊ ကြာကြာဝါးမယ့်သွား အရိုးကြည့်ရှောင်ရသဗျာ၊ အများကျေနပ်ရင် ပြီးတာပဲဗျာ၊ မြို့အုပ်မင်းတို့ကတော့ လိပ်ပြာမသန့်ဖြစ်တတ်လေတော့ ငတ်တာ ကောင်းပါတယ်လေ'

ဌာနအုပ်မင်းသည် အထက်ပါ စကားကို သံယောင်လိုက်၍ 'အဲဒီတော့ တိုင်တိုင်ပင်ပင် ပေါ့ဗျာ ဟုတ်စ၊ မြို့အုပ်မင်းကသာ မျက်စိမှိတ်လိုက်စမ်းပါ၊ ကျွန်တော် ကြည့်လုပ်လိုက်ပါ့မယ်'ဟူ၍ ဆွယ်တရား ဟောပါသည်။

ကျွန်တော့်မှာ လာဘ်စားခြင်းကို စက်ဆုပ်၍ စိတ်ပြေစရာ ရှာခါမှ ရာဇဝတ်အိုး တုတ်နှင့် ထိုးပေးမည့်သူနှင့် ပက်ပင်းပါ တွေ့နေရပါသည်။





ထို့ကြောင့် အနည်းငယ် မခံချင်သော မျက်နှာဖြင့် ဌာနအုပ်၏ စကားကို ချေပလိုက်ပါသည်။

'အမလေး၊ တော်စမ်းပါ ဌာနအုပ်မင်းရယ်၊ ခပ်ရှင်းရှင်း နေပါရစေ၊ ဒီလောက် ရှင်းရှင်းနေတာတောင်မှပဲ လူထုအကြိုက် နေရာတိုင်း မလိုက်ခဲ့လို့ ဟိုအသင်း ဒီအဖွဲ့တွေရဲ့ ခြေထိုးမှု ကြားထဲမှာ ခဏခဏ လိမ့်နေရတာ ခင်ဗျား အသိသားနဲ့၊ ခင်ဗျားကြီးက ချောက်မတွန်းစမ်းပါနဲ့ဦး'

'အဲဒါကြောင့် ခက်တယ်၊ မြို့အုပ်မင်းက လှေကြီးထိုးကိုးဗျာ၊ လာဘ်စား ဆိုတာ ဖြောင့်စားရင် လူမမိဘူး'

'အလိုလေး၊ တယ်ဆိုတဲ့ စာပါလား၊ ကျုပ်ထက် သာတဲ့လူလည်း ရှိသေးသကိုး'ဟု ယစ်မျိုး အင်စပိတ်တော်က လက်ဖျားခါရင်း ပြောလိုက်သည်။

ထို့နောက် ကျုပ်တို့၏မိတ်ဆွေ ဌာနအုပ်မင်းသည် လက်ဖက်ခွက်ကို နှိုက်၍ လာဘ်စားနည်း ဋီကာကို ဖွင့်လေ၏။

တစ်ရံရောအခါ မြို့အုပ်မင်းတစ်ပါးသည် ညောင်ကျိုး မိုလ်တဲ၌ တည်းခို၍ အင်းခံဝန် အမှုများကို စီရင်လေသတတ်။

ကျွန်တော်လည်း ဌာနအုပ်မင်း၏မိန့်ကြားချက်တို့ကို ဝတ္ထုရေး ဆရာဆရာများ၏ အသွားကဲ့သို့ ရေးသားလိုပါသည်။ သို့သော် စာသံ ပေသံနှင့် ရှေ့ကို မဆက်တတ်တော့ပါ။ တိုတိုပြောရလျှင် ထိုမြို့အုပ်မင်းသည် ခံဝန်တချုပ် ချုပ်ဆိုရာ၌ အင်းလေလံဆွဲဝယ်သည့် တန်ဖိုးငွေ တစ်ရာလျှင် ငါးကျပ်၊ တစ်ဆယ်မှသည် ရာခိုင်နှုန်း အစိတ်အထိ ကောက်ယူလေ့ရှိသည်။ ထိုအခါ လျှာခပ်ရှည်ရှည် အင်းသူကြီး တစ်ယောက်နှင့် ကန့်လန့်ကျလေရာ တစ်ယောက်တစ်ခွန်း စကားများကြသည်။ သို့သော် မြို့အုပ်မင်းမှာ ခေါင်းမာမာနှင့်မို့ ထိုအင်းသူကြီး၏ ခံဝန်စာချုပ်ကို လက်မခံဘဲ နေလေရာ နောက်ဆုံး၌ အင်းသူကြီးသည် အင်း၏တန်ဖိုးငွေ တစ်ရာလျှင် သုံးဆယ်နှုန်းမှ တစ်ပြားမှ မလျော့မပွန်းဘဲ အောင့်သက်သက်နှင့် မြို့အုပ်မင်းကို



www.burmeseclassic.com

www.burmeseclassic.com



လာဘ်ထိုးလိုက်ရလေသည်။ ထိုအချက်ကြောင့် အင်းသူကြီးလည်း တေးထား ပြီးလျှင် လယ်ပျက်ကိစ္စနှင့် မြို့အုပ်မင်း ညောင်ကျိုးသို့ နောက်တစ်ခါ အလာ တွင် "မြို့အုပ်မင်းသည် လယ်ပျက်၌လည်း နှစ်ဆယ့်ငါး ရာခိုင်နှုန်း လာဘ် စားကြောင်း"နှင့် အရေးပိုင်ထံသို့ ပစ်စာ ပစ်လေသည်။

ဌာနအုပ်မင်းသည် လက်ဖက်ခွက်ကို ထပ်၍ ထပ်၍ နှိုက်ပြီးလျှင် ပါးစုန့်ထွက်နေသော ပြောင်တင်းတင်းမျက်နှာကို လက်ကိုင်ပဝါနှင့် သုတ်၍ ဆက်လက်ပြောပြန်သည်။

'ပစ်စာ ပစ်တယ်ဆိုတော့ အရေးပိုင်က ထုံးစံအတိုင်းပေါ့ဗျာ၊ ပစ်စာ ကို မြို့အုပ်မင်းဆီကိုပဲ ပို့လိုက်တာပေါ့ဗျာ၊ ဒီတော့ ပစ်စာကို ရတယ်ဆိုရင်ပဲ မြို့အုပ်မင်းက ညောင်ကျိုးကို တစ်ခါထပ်သွားတယ်၊ ဟိုရောက်တော့ လယ် ပျက် လျှောက်သူများ ဗိုလ်တဲသို့ လာရောက်ရမယ်လို့ ဆင့်စာထုတ် ခေါ်ပါ ကရောဗျာ၊ ခေါ်လို့ရောက်တော့ သူက သူကြီးကိုဆင့်ပြီး ပိဿာလေးတစ်ခု တောင်းတာကိုးဗျ'

'ပိဿာလေးနဲ့ ဘေးပစ်မလို့လား'ဟု ကျွန်တော်က အလိုက် ကောင်း ဆိုး မသိ မေးလိုက်သည်။

'နေပါဦးဗျာ၊ ဆုံးအောင် နားထောင်ပါဦး၊ မြို့အုပ်မင်းက ရိုးတယ် ဆိုတော့လည်း မခံချင်ဘူး၊ တယ် ခက်တာကိုး'

ကျွန်တော်သည် တစ်ရာ့ကိုး၊ တစ်ရာ့တစ်ဆယ်မှုများနှင့် ပတ်သက်၍ ဌာနအုပ်ကို ငေါက်ပိုင်ခွင့် ရှိပါ၏။ သို့သော် ဤနေရာ၌ကား ဌာနအုပ်က ငေါက်သည်ကို ငုံ့ခံနေရပါသည်။

ဌာနအုပ်မင်း၏ ပြောပြချက်အတိုင်းမှာ သူကြီးမင်းသည် ပိဿာ လေးကို ပေးလိုက်သည်။ မြို့အုပ်မင်းသည် လယ်ပျက်လျှောက်သူ အပေါင်း တို့ကို ဤသို့ အမိန့်တော်မြွက် မှတ်တော်မူသတည်း။

'ကဲ....ကဲ....လယ်မပျက်ဘဲနဲ့ ပျက်တယ်လို့ လျှောက်တဲ့ဆရာတွေ လာခဲ့ကြ၊ လာခဲ့ကြ၊ ပိုက်ဆံ ဘယ့်လောက်ပါသလဲ၊ ငွေစက္ကူ လက်မခံဘူး၊





ငွေဒင်္ဂါးမှ လက်ခံမယ်၊ အ ရင် မယူဘူး၊ မျောက်ပွန်းရင် ပြန်လဲပေးရ မယ်'

ထိုအခါမှ ရွာသူကြီး၊ ဆယ်အိမ်ခေါင်းနှင့် မြေသမာဓိတို့မှာ ပိဿာ လေး အကြောင်းကို သဘောပေါက်၍ ရွှေမျက်နှာ ပြုံးချိုချို ဖြစ်ကြရလေ သည်။ ကျွန်တော်လည်း သည်တော့မှ သဘောပေါက်မိသည်။

လယ်ခွန် လယ်ခကို လျှော့ပေါ့စေချင်သော စားနေကျ ကြောင်ဖားလုထုကြီးမှာ ရှေ့သို့ တိုးလာသည်။ သို့ရာတွင် မြို့အုပ်မင်းကား တစ်စုံတစ် ယောက်သော သူကို စောင့်မျှော်နေသကဲ့သို့ လူတောထဲ လှမ်းကြည့်၏။ ထိုအတွင်း ရန်စရှိဖူးသော အင်းသူကြီးသည် လယ်သမား အကြားထဲတွင် ကုပ်ချောင်းချောင်းနှင့် ခေါင်းပြူကြည့်သည်ကို မြို့အုပ်မင်း မြင်ရလေ၏။

ထိုအခါကျမှ မြို့အုပ်မင်းလည်း ရေနစ်ကွင်း လယ်ပျက်လျှောက်လွှာ အမှုကို ခေါ်လေ၏။

စာရေးတော်ကြီးသည် သုတ်သီးသုတ်ပျာနှင့် ဗျာများသွားသည်။ သူ ဗျာများပုံကား သက်သက်အလုပ်မရှိသည်ကို အလုပ်များဟန်ဆောင်သော ဗျာများမှုဖြစ်၍ စာရှုသူတို့က မသနားလိုက်ကြပါနှင့်။

ထို့နောက် မြို့အုပ်မင်းသည် တောင်သူလယ်သမားတို့၏ အိတ် ထောင်ထဲက ထွက်လာသော ငွေစကို ပိဿာလေးပေါ်တွင် တီး၍ တီး၍ ဒင်္ဂါး အ မအ ကို စစ်ဆေးကြည့်ရှုပြီးမှ လက်ခံလေသည်။

'မင်းကတော် ခင်ဗျာ၊ လက်ဖက်ကုန်သွားပြီ၊ တစ်ဆိတ်လောက်....' ဟု လှမ်းအော်ရင်း ဌာနအုပ်မင်းသည် စကားရှိန် သတ်လိုက်သည်။

'ရမ်းလှချည့်လားဗျာ'ဟု ကျွန်တော်က အထိတ်တလန့် ပြောမိ သည်။

'ဟင့်အင်း၊ ဟင့်အင်း မရမ်းဘူးဗျာ၊ စနစ်တကျလုပ်တဲ့ အလုပ်ပဲ၊ အဲသလို ရသမျှငွေတွေကို သိမ်းကျုံးယူပြီး သူလည်း ညောင်ကျိုးက ပြန်လာ ပေါ့ဗျာ၊ ရုံးရောက်တော့ အင်းသူကြီးရဲ့ လျှောက်လွှာကြောင့် သူ့ကို ချေလွှာ



www.burmeseclassic.com

www.burmeseclassic.com



တောင်းတဲ့စာက သူ့ကို စောင့်နေပါလေရော၊ ဒီတစ်ခါတော့ဗျို့ ပစ်စာ မဟုတ်ဘူးဗျို့၊ သက်သေ သာဓကနဲ့ အတိအကျလျှောက်တဲ့ လျှောက်လွှာ ဖြစ်တော့ အရေးပိုင်က အင်ကွိုင်ယာရီ လိုက်ရတာပေါ့ဗျာ’

“အင်ကွိုင်ယာရီ” ဆိုသည်မှာ စစ်ဆေးခြင်းကို ဆိုလိုပါသည်။ သို့သော် ထိုခေတ်က ထိုဝေါဟာရသည် အလွန်ခေတ်စားပါသဖြင့် ခေတ်အလိုကို မလွန်ဆန်နိုင်သောကြောင့် ဤအတိုင်း ရေးလိုက်ရပါသည်။

‘ဒါဖြင့် ဒီလောက် ထင်ရှားတဲ့နောက် အလုပ်ပြုတ်ကရောပ’ ဟု စကားနည်းသော ဆရာဝန်က ဝင်၍ ထောက်ပါသည်။

‘ကွင်းလုံးကျွတ် လွတ်သဗျာ၊ ကွင်းလုံးကျွတ်’

အားလုံးက ‘ဟင်’ဟု သံပြိုင် အော်ကြလေ၏။

‘ဒါကြောင့် ကျုပ်က ပြောတာပေါ့ဗျား၊ ကျုပ်ပြောတဲ့ လာဘ်စားနည်းက ယစ်မျိုးအင်စပိတ်တော်ရဲ့နည်းထက် သာတယ်လို့။ အရေးပိုင်က အမှုစစ်တော့ သူကြီး၊ ဆယ်အိမ်ခေါင်း၊ သမာဓိနဲ့ လူထုရှေ့မှာ ဒင်္ဂါးကို ပိသာလေးပေါ် တစ်ပြားစီ တင်တင်ပြီး ငွေကို တီးယူတယ် ဆိုတဲ့ အချက်ဟာ ပေါ်လာတယ်၊ ဒီလောက် ထင်ရှားတော့ တရားခံ မြို့အုပ်မင်း ကွင်းလုံးကျွတ် လွတ်တာပေါ့ဗျာ’

‘ဟာ.... ခင်ဗျာ့ဟာကလည်း ရှင်းရှင်းလုပ်စမ်းပါဗျာ၊ ဘယ်လိုပါလဲ’ ဟု ဆရာဝန်က အလောတကြီး မေးပါသည်။

‘မှန်လှပါ အရေးပိုင်မင်း သခင်ဘုရား၊ ကျွန်တော်မျိုး မြို့အုပ်လုပ်လာတာ အနှစ်နှစ်ဆယ် ပြည့်ပါတော့မယ်၊ အလုပ်အကိုင်မှာလည်း အင်မတန် စေ့စပ်သေသပ်တဲ့ အကြောင်းကို နယ်ပိုင်နှင့်တကွ အရေးပါတဲ့ သက်သေများက ထွက်ဆိုသွားကြပါပြီ၊ ယခုကိစ္စဟာ သာမန်ကိစ္စ မဟုတ်ပါ။ လာဘ်ပေး လာဘ်ယူဆိုတာ တိတ်တိတ်ကျိတ်ပြီး လုပ်စမြဲပါ၊ ကျွန်တော်မျိုး ကဲ့သို့သော လုပ်သက် ဝါရင့်သူ ပုဂ္ဂိုလ်တစ်ဦးဟာ လာဘ်စားချင်ဦးတော့ လူအများ မြင်လောက်အောင် ဒင်္ဂါးကို ပိသာလေးနဲ့ တီးခေါက်ပြီးမှ ယူတယ်ဆိုတာ





ဟာ ဖြစ်နိုင် မဖြစ်နိုင်ကို အရှင်ဘုရား စဉ်းစားတော်မူပါလို့၊ အဲသလို အရေးပိုင်ကို လျှောက်ထားတာကိုးဗျာ့။ အဲသည်တော့ တရားမ မြို့အုပ်မင်း လည်း စဉ်းစားကြည့်တော့လေ။ ထုံးစံက လွှဲဖယ်ပြီး ဒီလောက် လူအများ ရှေ့မှာ ဒီလိုလုပ်ရည်ဝတဲ့ မြို့အုပ်မင်းဟာ အတင့်ရဲပြီး လုပ်လောက်အောင် မိုက်တွင်းနက်ပါ့မလား ဆိုတာ သံသယ ဖြစ်လာတယ် မဟုတ်လား’

‘အင်း.... အင်း၊ ဒီအချက်မှာ သံသယဖြစ်လောက်တဲ့ အကြောင်းဟာ တရားခံပေါ်မှာ အကျိုးသက်ရောက်စေရမယ်’ဟု တရားမ မြို့အုပ်မင်းက တရားသူကြီးပီပီ ဥပဒေစကား ပြောပါသည်။

‘အဲဒီတော့ အရေးပိုင့် စိတ်ထဲမှာ ဒီလောက်တော့လည်း မြို့အုပ်လုပ်တဲ့လူဟာ မိုက်မှာ မဟုတ်ပါဘူး ဆိုပြီး သံသယ ဖြစ်လာတာပေါ့။ ဒီအထဲမှာ သူကြီး၊ ဆယ်အိမ်ခေါင်း အပြင် လယ်သမားတွေကပါ ကြံရာပါ ဆိုတော့ လာဘ်ပေး လာဘ်ယူ ကိစ္စကို ဘယ်သူမှ ဖြောင့်ချက်မပေးဘူး၊ ဒီတော့ အမှုဟာ လျှော်သွားတာပေါ့ဗျာ။ အင်းသူကြီးကိုတော့ မြို့အုပ်က လီဆယ်မှုနဲ့ တရားစွဲမယ်ဆိုလို့ အင်းသူကြီးက နောက်ထပ် မြို့အုပ်မင်းကို ဆို့ရသေးတယ်၊ ဒီနေ့ကစပြီး အင်းသူကြီးလည်း ရောဝတီ တစ်ဖက်ကမ်း ပြောင်းပြေးပါလေရော’

ဤဒေသနာ၏ အဆုံး၌ အားလုံးသော သူတို့သည် “ဟယ်”ဟူ၍ ပြိုင်တူ အနုမောဒနာ ပြုကြကုန်၏။

ထိုနေ့၌ ပိုကာဝိုင်းတွင် တစ်ခါမျှ မနိုင်ဖူးသော ကျွန်တော်မှာ ငွေ အစိတ်ကျော် နိုင်ပါသည်။ ဥက္ကဋ္ဌကြီး မလာနိုင်သဖြင့် ငါးအိမ်နှင့်ပင် ကစားကြရာ ဌာနအုပ်မင်းက ကျွန်တော့်လက်ထိပ် အိမ်ကနေ၍ တည့်ဖဲများကို ခဏခဏ ချပေးပါသည်။ ထို့ကြောင့် ဆရာဝန်နှင့် တရားမ မြို့အုပ်ကတော်က ခဏခဏပွတ်ရာ၊ ဌာနအုပ်က ‘ခင်ဗျားတို့ မသိပါဘူးဗျာ၊ ဒီငွေတွေဟာ ကျွန်တော် ဘိန်းခန်းက ရလာတဲ့ ငွေတွေပါ၊ မြို့အုပ်မင်းကို သနားလို့ ကျွန်တော် လာဘ်စားထားတဲ့ ငွေတွေကို ဖဲ့ပေးတာဗျ’ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အနည်းငယ် ရှက်သလိုလို ရှိပါသည်။ သို့ပေမင့် နိုင်နေသောကြောင့် မှိန်းနေလိုက်ပါသည်။

ထိုနေ့က ကျွန်တော်သည် သန်းခေါင်အချိန်ရောက်မှ အိမ်ပြန်ရပါသည်။ အိမ်ရောက်လျှင် သူက ဆီး၍ ဆူလေမလားဟု ထိတ်သွားပါသည်။ သူ တစ်ခါဖူးမျှ မဆူတတ် မပူတတ်ပါ၊ သို့သော် စောစောက ကတောက်ကဆတ် ဖြစ်ထား၍ ကျွန်တော် စိုးရိမ်နေပါသည်။

သို့သော် ကျွန်တော် အိမ်ပြန်ရောက်သောအခါ သူက တံခါးကို ထ ၍ ဖွင့်ပေးသည့်အပြင် အိပ်ခန်းထဲသို့ ဝင်သောအခါ အပေါ်အင်္ကျီကို ချွတ်ပေးပါသေးသည်။

မှတ်မိသေးတော့သည်။

သူနှင့် မင်္ဂလာဆောင်သည့်နေ့က မိဘ ဆွေမျိုးတစ်စုတို့သည် ကျွန်တော့်ကို ကျီစယ်သောအားဖြင့် သူ့ကို အကျည်းတန်သည်ဟု ဆိုပါသည်။ ထို့ကြောင့် မင်္ဂလာ သတို့သမီးနှင့် သတို့သားတို့ကို မင်္ဂလာပုဏ္ဏားက လက်ထပ်ပေးစဉ် ကျွန်တော့်မှာ ရှက်လွန်း၍ ဇနီးလောင်း၏ မျက်နှာကို မကြည့်ဝံ့ပါ။ ကြည့်လိုက်လျှင်လည်း အကျည်းတန်သည်ကို မြင်ရ၍ စိတ်ပျက်မိမှာ စိုးပါသည်။ သို့ဖြစ်၍ အိပ်ခန်းသို့ရောက်မှ ဝဝကြီး ကြည့်မည်ဟု စိတ်ကူးထားပါသည်။ ညအိပ်ရာ ဝင်သောအခါ ခုတင်နား ကပ်ကြည့်ပါသည်။ သူ တစ်ဖက်သို့ လှည့်နေ၍ ကျွန်တော်က ကျောဘက်မှနေပြီး သူ့မျက်နှာကို စီး၍ ကြည့်ရပါသည်။ ကျွန်တော် ရင် အတော် ဖိုသွားပါသည်။ လန့်ပြီး အော်လိုက်လျှင် အရှက်ကွဲရချည့်။ သို့သော် သူ မအော်သည့်အပြင် တရှုပ်ရှုပ်နှင့် နေသောကြောင့် ကျွန်တော် အလွန်သနားသွားမိပါသည်။ သူ့မျက်နှာ၌ မျက်ရည်များက တရွှဲရွှဲ။ ကြည်လင်သော မျက်လုံးအိမ်မှ စမ်းမျက်ရည်တို့ စီးဆင်းနေသည်မှာ တငြိမ့်ငြိမ့်။ ထိုမျက်ရည်တို့မှာ မင်္ဂလာရှိသော မျက်ရည်၊ ဝမ်းသာသော မျက်ရည်၊ ရွှင်ပြုံးသော မျက်ရည်။ ထိုမျက်ရည်တို့သည်





ဆောင်းအိသော ပါးပြင်ပေါ်မှ ပုလဲဥများကဲ့သို့ လိမ့်၍လိမ့်၍ ခေါင်းအုံးပေါ်သို့ ခုန်ဆင်းနေကြပါသည်။

ကျွန်တော်၏ ချစ်စိတ်တို့မှာလည်း ယိုဖိတ်၍ လာလေရာ မျက်ရည်ဥတို့ကို ကျွန်တော်၏ နှာခေါင်းနှင့် သုတ်ပေးရင်း–

'ဟင်.... ဒါနဲ့ အမေက ပြောတော့ အကျည်းတန်တယ်ဆိုပြီး ခင်က လှတယ်နော်'ဟု ဆိုလိုက်ပါသည်။

သူသည် ငိုနေသည့်ကြားမှ "ခစ်"ခနဲ ရယ်သည်။

ယခု ကျွန်တော် အိပ်ရာပေါ်သို့ လှဲလိုက်သောအခါ သူသည် မျက်ရည်ယိုနေပါသည်။ ထိုမျက်ရည်တို့သည် မင်္ဂလာဦးည ကဲ့သို့ပင် မင်္ဂလာ ရှိပါသည်၊ ရွှင်ပျပါသည် ဟူ၍ ကျွန်တော် အထင်ရောက်မိပါ၏။ ထို့ကြောင့် ကျွန်တော်လည်း ထိုမျက်ရည်စတို့ကို ကျွန်တော့်နှာခေါင်းနှင့် ပွတ်၍ သိမ်းပေးပါသည်။ သူ ဘာမျှ ပြန်မပြောပါ။

'ခင်.... ကိုကိုလေ၊ ဒီည ငွေအစိတ်တောင် နိုင်လာတယ်။ မပူပါနဲ့ကွယ်၊ မယားတစ်ယောက်ကို ဖဲရိုက် ကျွေးနိုင်ပါသေးတယ်'ဟု သူ စိတ်ပြေအောင် ပြက်လုံး ထုတ်ပါသည်။

သူ၏ မျက်ရည်တို့မှာ သိမ်း၍ မရနိုင်အောင် ယိုစီးနေပါပြီ။ ကျွန်တော်လည်း သူ၏ မျက်ရည်နှင့်အတူ ရော၍ ဝမ်းနည်းမိပါသည်။ ငိုချင်လာပါသည်။

'ကိုကို'

'ခင်'

'မှားပြီ.... ကိုကို'

'ဟင်'

'မှားပြီ ကိုကိုရေ.... မှားပြီ၊ နေရေး၊ စားရေး ကျပ်တည်းတော့ စိတ်ရှုပ်ပေါက်မိတာပဲ ကိုကိုရယ်၊ ခင်ဟာလေ၊ ပုလိပ်သမီး ဖြစ်ပေမဲ့ ဒီလောက် မရိုင်းပါဘူး ကိုကိုရယ်၊ လောဘဇောကြောင့် ပြောမိတာပါ၊ ကိုကို့လိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မျိုးချစ်စိတ်က ရှိပါသေးတယ်၊ နိုင်ငံရေးသမားမှ တိုင်းပြည် ချစ်နိုင်တာ မဟုတ်ပါဘူး၊ ကျွန်မတို့လို ပြည်သူ့အစေခံတွေထဲမှာလည်း မျိုးချစ်စိတ် ရှိပါသေးတယ် ကိုကိုရယ်၊ ကျွန်မကို မေ့မယူပါနဲ့နော်’

ယော.... သည်တစ်ခါ အီမေကိုယ် ငိုရဖို့ အလှည့်ပါကလား။

ဩော် မိန်းမ မိန်းမ၊ သူကတော့ ဝတ်ချင် စားချင်ရှာမည်။ မင်းကတော် ဆိုပြီး ဂုဏ်သိန် မငယ်ရအောင် နေချင်မှာပဲ။ မင်းကတော် ဆိုပြီး ရွှေတွဲလဲ ငွေတွဲလဲ နေချင်မှာပဲ။ မင်းကတော် ဆိုပြီး ထည်ထည်ဝင့်ဝင့် နေချင်မှာပဲ။ ကိုင်း.... ယခုတော့ဗျာ၊ မင်းကတော် ကျွန်ုပ်ပေါက် ခွေးလောက် မကောင်းတဲ့။ တောက်.... ရိုင်းလိုက်တဲ့ ဖေ့ကံငယ် နိဗ္ဗာန်ရချင်လို့ မြို့အုပ် လုပ်တာမှ မဟုတ်ဘဲ၊ ပေးသူရှိက ယူသူရှိမှာပေါ့။ လူထုကသာ လာဘ်မပေး စတမ်း ဆိုပြီး ညီအောင်ညှိစမ်း၊ လာဘ်စားတယ်ဆိုတာ ရှိနိုင်ပါဦးမလား။ ခုတော့ သူတို့က သူတို့ သားသမီးတွေ တိုင်းကြီးပြည်ကြီးသားလို မကျင့်ဘဲ ရာဇဝတ်မှုတွေ ကျူးလွန်လာပြီလား ဆိုရင် ရာဇဝတ်မှုကို ထိမ်ချန်အောင် လာဘ်ထိုးပြီး စားတဲ့လူကို ကလော်ဆဲသေးတယ်။ ကိုယ့်သားဖြစ်ဖြစ်၊ ကိုယ့် သမီးဖြစ်ဖြစ် နိုင်ငံတော့ဥပဒေကို မစောင့်ရှောက်လျှင် ထုံးစံအတိုင်း အပြစ် ပေးပေ့စေ၊ ပေယျာလကန်ပေါ့၊ ကမ္ဘာသကာပေါ့။ ဘာလုပ် ငွေနဲ့လိုက်ပြီး ပေါက်နေရသလဲ။ ဘာကြီးဖြစ်ဖြစ်၊ ဘယ်ဘဝ ရောက်ရောက်။ “လာဘ် မပေးစတမ်းဟေ့”လို့ ဆိုပြီး လူထုက တောင့်ထားရင် လာဘ်စားမှု ပပျောက် ရမှာပဲ။ လူထုဆန္ဒကိုက ဒီ အဂတိလေးပါးကို ဆန့်ကျင်ဘက်ပြုလိုတဲ့ စိတ်တွေ အုံကြွပြီး ထ လာတဲ့ တစ်နေ့မှာ ဒီ အဂတိလိုက်စားမှုတွေ ပပျောက် ရမယ်။ ဒါတွေ ပပျောက်ရင် ယခုလို ငါ့မိန်းမ ငိုရမှာ မဟုတ်ဘူး။ မိန်းမ ငိုတော့ ဟင်း.... ငါလည်း ငိုချင်လာသဟေ့။ ငါ့မိန်းမ ဆင်းရဲလို့ ဒီလို ဖောက်ပြန်ရတာပဲ။ ဒီလောက်တောင် ဖြစ်တာ။ စားလိုက်မကွာ့နော်၊ စား လိုက်မကွာ့၊ ဗြောင် စားမယ်။

သူသည် သူ့ပါးပြင်ကို ကျွန်တော့်ပါးပြင်နှင့် ဟပ်၍ ကျွန်တော့်အား





ယုယနေစဉ် ကျွန်တော် စဉ်းစားခန်း ထုတ်လိုက်သည်မှာ အသံထွက်သွား ပါသည်။

‘ကိုကို....ကိုကို....ညအချိန်မတော် ပြန်လာပြီး ဘာတွေ ကယောင် ကတမ်း ပြောနေတာလဲ၊ ဘာစားမလို့လဲ၊ ဆာလို့လား၊ ဖွဟဲ့.... ဖွ.... ဖွ’ ဟူ၍ ကျွန်တော့်မင်းကတော်က စိုးရိမ်ကြီးစွာဖြင့် တရွှေမှင်စာကို နှင်လေ သည်။

‘စားမယ်ကွာ၊ စားမယ်ဟေ့၊ မင်း စိန်တစ်ဆင်စာ ရအောင် ငါ ဗြောင်စားပြမယ်ကွ’ဟု ကျွန်တော်က ကြိမ်းဝါးရင်း ကျွန်တော့်စိတ်ထဲ ရှိသည် များကို ထုတ်ပြောလိုက်ပါသည်။

သို့ကလို ပြောခါမှ သူ သာ၍ ငိုလေတော့သည်။

‘ကိုကို၊ ကိုကို၊ ကျွန်မကို ငရဲပေးတာလား၊ ကျွန်မက စ မိလို့ ဒီလို ဖြစ်ရတယ်၊ ကျွန်မ မှားတယ်၊ ကျွန်မ မှားတယ်၊ ဟင့်အင်....ဟင့်အင် ခင် ငတ်လို့ သေသေ ကိုကို ဒါမျိုးတွေ မလုပ်ရဘူး၊ ကိုကို ခင့်ကိုချစ်ရင် ကတိတစ်ခု ပေးပါ၊ ကိုယ်ကိုယ်တိုင်က ဘယ်နံ့ရောအခါမျှ လာဘ်မစားတဲ့ အပြင် ကိုယ့်ပတ်ဝန်းကျင် သန့်ရှင်းအောင်လည်း တရားသဖြင့် ဆောင်ရွက် ပါ့မယ်လို့ ကျွန်မကို ကတိပေးပါ’ဟူ၍ ကျွန်တော်၏ ချစ်ဇနီးသည် ကျွန် တော့်အား အကျပ်ကိုင်လေ၏။

ထို့နောက် အတွင်သား ငိုနေပြန်သည်။

သူ ငိုသည်ကို ကျွန်တော် မကြည့်ရက်နိုင်။ လုပ်ကြပါဦး အရပ် ကတို့၊ သူ သည်လိုငိုရသည်မှာ လူထုကြောင့် ဖြစ်ပါသည်။ လူထုကသာလျှင် တိုင်းကြီး ပြည်ကြီးသားပီပီ အခွင့်အရေးတို့ကိုသာ မဟုတ်ဘဲ ဝတ္တရား တို့ကိုပါ သိပြီး မတရားမှု ဟူသမျှကို အားမပေးလျှင် သည်လာဘ်ဆိုသော ဝေါဟာရကို အဘိဓာန်တွင် အဘယ်မှာလျှင် ရှာ၍ တွေ့အံ့နည်း။ သို့ကလို ဆိုလျှင် ကျွန်တော့်ဇနီးသည် အဘယ်မှာလျှင် မာရ်နတ်၏ သွေးဆောင်မှုကို ပါလေအံ့နည်း။ ကျွန်တော့်ဇနီးသာ မပါလျှင် ကျွန်တော်လည်း ဘာအားစူးဇေ့



www.burmeseclassic.com

www.burmeseclassic.com



ပါမည် မဟုတ်ပါ။ ယခုတော့ သူ တရားရခါမှ ကျွန်တော် မိုက်တွင်းနက်မိပါတော့သည်။

အရပ်ကတို့ .... ကျွန်တော့်ကို ပစ်မထားကြပါနှင့်၊ ကျွန်တော် သူတောင်းတဲ့ ကတိကို ယခု မပေးနိုင်သေးပါ။ လူထုခင်ဗျာ.... ခင်ဗျားတို့၏ အမှုကို ခင်ဗျားတို့ပဲ အလျှင်စီရင်ပါ၊ ပြီးတော့မှပဲ ကျွန်တော့်မိန်းမကို မပျက်နိုင်သော ကတိပေးပါရစေ။ သည်တော့ကာ ဗိုလ်ချုပ်ပြောတဲ့ ခင်ဗျားတို့ရဲ့ ဟတ္ထာ အကျင့်ကိုပဲ ဖျောက်မလား၊ ကျွန်တော်ပဲ ဟတ္ထာစားရမလား။ ဟိုသင်းလဗျာ၊ လာဘ်.... လာဘ်....။

[ ရှမ၀၊ အောက်တိုဘာ ၁၉၄၅ ]

## ၎င်းရှာ

ရှာနာမည်ကိုတော့ ထုတ်ဖော်လို့ မပြောပါရစေနှင့်၊ ဒီရှာနာမည်ကို ဖွင့်ချလိုက်လျှင် အကုန် ပေါ်ကုန်ရပါလိမ့်မည်။ အကုန်ပေါ်ကုန်လျှင် ကျွန်တော့်မိတ်ဆွေ မြို့အုပ်မင်းကို သူ့မင်းကတော်က ကြိမ်လုံးခေါင်းကြီးနှင့် ဆော်ပါတော့မည်။ သည့်ထက် ဆိုးဝါးမည့်အချက်မှာ ကျွန်တော်သည် ပုဒ်မ တစ်ဖက် ၅၀၀ အခြံအရံနှင့် ထောင်နန်းစံရပါလိမ့်မည်။ ယခုလည်း မရေးဝံ့ဝံ့နှင့် ရေးလိုက်ခြင်း ဖြစ်ပါ၏။ အကယ်၍များ ကာယကံရှင်သည် ကျွန်တော် တောက်တီးတောက်တဲ့ ရေးသည်ကို ဖတ်မိလျှင် ဖွေယူတော် မမူပါနှင့် ခင်ဗျား။ ရေးရခြင်း အကြောင်းမှာ တစ်ဖက်သား အသရေပျက်အောင် ရေးရခြင်း မဟုတ်ပါ။

မြို့အုပ် ဆိုသော သတ္တဝါသည် တော်လှည့်၍ ကြက်ဥ၊ ဘဲဥ တောင်းသော သတ္တဝါ၊ အမတော်ကြေးကို အုပ်စားသော သတ္တဝါ၊ လယ်ပျက်တွင် "ပွ"လေ့ရှိသော သတ္တဝါ၊ သူကြီးကတော်များ ရှာပေးသည့် သူဌေးသမီးတမျှ ရုပ်ရည်လှပသော အစေခံမကလေးများကို မီးဖိုချောင်၌ လှောင်၍ ဖျက်ဆီးတတ်သော သတ္တဝါ အစရှိသည်ဖြင့် ရာဇဝတ်ဝါ ခေတ်က အမိုးရ ဆန့်ကျင်ဘက် ဝါဒဖြန့်သည်တို့ကိုသာလျှင် ကြားဖူးပြီးလျှင် မြို့အုပ် တည်းဟူသော "ဗျူလိုကလက်တက်တက်" အား အလိုလိုနေရင်း အမြင်ကတ်နေသော လူထုအဖို့ အမြင် နှစ်ဖက်မြင်၍ အမှန်တရားကို သုံးသပ်နိုင်ပါရန် ရေးရခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကာယကံရှင်သည် ဤစိတ်ကူးဖြင့် တန်ဆာဆင်ထားသော အဖြစ်အပျက်ကို ဖတ်၍ "ငါ့ကို စောင်းရေးတာပါကလား"ဟု ဒေါပွမိသော် သည့်ပြင်လူကို ဘာပဲလုပ်လုပ်၊ ကျွန်တော့်ကိုတော့ ချမ်းသာပေးပါ ခင်ဗျား။

စင်စစ် အမှန်ကို မြင်စေချင်သော ကျွန်တော်၏ စေတနာကို ပါရမီဖြည့်စေလိုပါ၏။ အထူးသဖြင့် ကာယကံရှင်က အစ်ကိုကြီးလို တစ်သွယ်၊ ဟိုသင်းလို တစ်မျိုး၊ လေးစားခဲ့သော မြို့အုပ်မင်းနှင့်တကွ သူ့လိုသတ္တဝါတို့၌ စွန်းထင်းနေခဲ့သော မှည့်ပြောက်ကလေး တစ်ပေါက်ကို ဝိုင်းကူ ပယ်ဖျက်ပေးခြင်းအားဖြင့် ကုသိုလ်ပြုတော် မူစေလိုပါသည်။

သူ့ခမျာတွေ ယခုနေအခါ ဈေးလျှောနေသည်ကို အမိလည်း အသိသားပဲ။ ရှေးတုန်းက မြို့အုပ်ဟောင်းတို့၏ ရာဇဝင်ကြွေးများကို ယခုခေတ် မြို့အုပ်ပေါက်စများ ကုန်း၍ ဆပ်နေကြရရှာပါသည်။ မြို့အုပ် ဈေးမကောင်းသောကြောင့် ဩဇာမရှိ။ သောင်းကျန်းသူတို့က ဗိုလ်ကျ။ သောင်းကျန်းသူတို့က ဗိုလ်ကျသောကြောင့် တော်ရုံတန်ရုံ လူက မြို့အုပ် မလုပ်ချင်၊ မြို့အုပ် လုပ်ချင်စိတ် မရှိကြသောကြောင့် မြို့အုပ် ဈေးမကောင်း၊ မြို့အုပ် ဈေးမကောင်းသောကြောင့် ဂျာအေးကို သူ့အမေ ရိုက်နေပါပြီ။

အမှန်မှာ မြို့အုပ်ဆိုသော သတ္တဝါသည် လူပင် ဖြစ်ပါသည်။ လူထဲ၌ အဆိုးအကောင်း ရှိသကဲ့သို့ သူရို့အထဲ၌လည်း အဆိုးအကောင်း နှစ်မျိုး ရှိပေသည်။ လာဘ်စားသည့် မြို့အုပ်ရှိလျှင် မစားသည့် မြို့အုပ်လည်း ရှိပေဦးမည်။ အရက်ကြိုက်တတ်သော မြို့အုပ်ရှိလျှင် မကြိုက်တတ်သော မြို့အုပ်လည်း ရှိရပေဦးမည်။

ရှိရပေဦးမည်ဆိုတော့ ရှိချင်လည်း ရှိပေမည်။ ရှိချင်လည်း ရှိပေမည် ဆိုတော့ မရှိချင်လည်း မရှိနိုင်ပေ။ သို့သော် ကျွန်တော် ပြောချင်တာကတော့ ရှိရမည်လို့ ပြောချင်ပါသည်။ ရှိရမည်ဆိုတော့လည်း အာဏတ္တိနယကြောင့်သာ ရှိရမည်။ တကယ်ဆိုတော့ ရှိချင်မှ ရှိဦးမည်။ ဟာ....မဟုတ်သေးပါဘူး၊





မြန်မာစကားက ရှုပ်လှပါသည်။ ကျွန်တော် ဆိုချင်တာကတော့ "ရှိပါတယ်" ဆိုချင်တာပါပဲ။

အဖြစ်အပျက်ကတော့ ဒီလိုပါ ခင်ဗျား။

ဟိုသင်းဘူတာ အလွန်နားက မြစ်ကမ်းပါး ဟိုဘက်တွင် ရွာကလေး တစ်ရွာ ရှိပါသည်။ အဲဒီရွာက ဘွာဗျို့ ဘွာ.... ဘွာ။ ရွာနာမည် ဖော်ပြလျှင် အကုန် ပေါ်ကုန်ရပါလိမ့်မည်။

ကျွန်တော်တို့ ဇာတ်လိုက်ဖြစ်သူ မြို့အုပ်မင်း ဦး.... ၊ ဒါလည်း နာရာ မကျသေးဘူး ခင်ဗျား။ သူ့နာမည် ဖော်ပြောရင် ကျွန်တော့်မိန်းမကပါ ကျွန်တော့်ကို ဟိုမေးသည်မေး မေးပေတော့မည်။ အဲဒါက သာခက်တယ်၊ မိန်းမ ဆိုတာ တော်တော်ဆန်းတဲ့ လူတစ်မျိုးပဲ၊ သင်းတို့ကို ကျုပ်တို့ ယောကျ်ားတွေက လိမ်ပြောမယ်လို့ ကြံလိုက်ရင် ဟော....အကုန်ပေါ်ကုန်ပါ ကရော။ သည်တော့ ကျွန်တော့်ဝတ္ထုထဲက ဇာတ်လိုက်များရဲ့ နာမည်ကို အမည်မသိလို့ဘဲ ထားလိုက်ပါရစေ။

အဲဒီရွာကလေးကို မြစ်တစ်ဖက်ကမ်းက (မြစ်နာမည်ကတော့ ဗြဟ္မပုတ္တရမြစ်လို့ပဲ ဆိုကြပါစို့ဗျာ) နေပြီး ကြည့်လိုက်လျှင် ကမ်းနားစပ်မှာ အုန်းပင်ကလေး ကိုးတိုးကျဲတဲကိုသာ တွေ့ရပေလိမ့်မည်။ ခပ်လှမ်းလှမ်းက ကြည့်သော် ကျွန်းကလေးသဖွယ် တည်ရှိနေသည်။ မြေနုကျွန်းပေါ် ဖြစ်သောကြောင့် သဘာဝအလျောက် ပေါက်သည့် အပင်များမှာ ကိုင်းပင်များသာ ဖြစ်သည်။ ရွာထဲတွင် ပေါက်နေသော အပင်များမှာ လူတို့က တမင်တကာ စိုက်ပျိုးယူရသော အပင်များသာ ဖြစ်၏။

ဥပမာ သူကလေးရဲ့ အိမ်နောက်ဖေးမှာ အုန်းပင်နှင့် သဘော်ပင် ရှိသည်။ အိမ်ရှေ့မှာ သရက်ပင်များ ရှိသည်။ သဘော်ပင်ပျိုကလေး နှစ်ပင်၏ ကြားမှ ထွက်သွားသော အိမ်သာလမ်း ဖြစ်သည်။

ဇာတ်လမ်းကတော့ အဲဒီ အိမ်သာလမ်းက စ ရတော့မည်။ ထိုသို့ အိမ်သာမှ ဇာတ်အိမ်ဖွင့်ရသောကြောင့် ဇာတ်လိုက် မြို့အုပ်က ရှေးသကိုး



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အောက်မေ့လိုကြလျှင်လည်း ကျွန်တော် မတတ်နိုင်။ အမှန်မှာ ကျွန်တော်တို့ နှစ်ဦးသား ထိုရွာကို ရောက်သောအခါ၊ ထိုအိမ်သာလမ်းနှင့် မလှမ်းမကမ်းတွင် လှေဆိုက်ပြီး သူကလေး၏ အိမ်သို့ တက်ကြရပါသည်။

ကျွန်တော်တို့ နှစ်ဦးသားဆိုသည်မှာ မြို့အုပ်မင်းနှင့် ကျွန်တော့်ကို ဆိုလိုပါသည်။ ကျွန်တော်က အလုပ်သင် ဖြစ်ပါသည်။ သို့သော် မြို့အုပ်မင်းမှာ ထိုနယ်ကို ကျွန်တော် ရောက်ပြီးမှ ရောက်လာရသည်။ ထို့ကြောင့် မြို့နယ် အခြေအနေကို သူ ဘာမျှ မသိသေးပါ။ ထိုအခါ ကျွန်တော်က နယ်အခြေအနေ သိအောင် မြို့အုပ်မင်းကို လှည့်၍ ပြရပါသည်။

ဤစကားဖြင့် မြို့အုပ်မင်း မရောက်မီ ထိုရွာသို့ ကျွန်တော် ရောက်ဖူးကြောင်း သိသာလောက်ပါပြီ။ ဝတ္ထုသွား နားလည်အောင် ကျွန်တော်ရောက်ပုံကိုလည်း ပြောဦးမှ နေရာကျတော့မည်။ သို့သော် နဂိုက ဇာတ်လိုက် တစ်ယောက်တည်း၊ ယခုတော့ နှစ်ယောက်ဖြစ်နေ၍ စာရှုသူတို့ စိတ်ပျက်သည့် အထဲမှာ ထပ်၍ ပျက်လိုက ပျက်ထားကြပါကုန်။

ကျွန်တော် ၎င်းရွာကလေးကို ရောက်ရခြင်းမှာလည်း ကျွန်တော့် အလျင် ရောက်ဖူးသော ဟိုမြို့အုပ်မင်း ညွှန်ကြားချက်ကြောင့် ဖြစ်ပါသည်။

ဟာ....မဖြစ်ဘူး ထင်တယ်။ မြို့အုပ်တွေကလည်း တစ်ယောက်က နှစ်ယောက်၊ နှစ်ယောက်က သုံးယောက် ဆိုတော့ အလိုလိုမှ လူထုက မြို့အုပ်ကို အော့နှလုံးနာနေကြတုန်းမှာ သာပြီး အမြင်ကတ်ဖို့ပဲ ရှိတော့မည်။ "အင်း.... မြို့အုပ်တွေကလည်း နိုင်ငံရေးသမားတွေကို တုတုပြီး တယ် ဇာတ်လိုက် လုပ်ချင်သကိုး" ဟု ရေရွတ်၍ စာရှုသူတို့က ဇာတ်ကြောင်း ပြန်သူကို ကလော်ဆဲချင်ပေလိမ့်မည်။ ထို့ကြောင့် ဇာတ်လမ်းကို အစက ပြန်ကောက်ပါတော့မည်။

တစ်နေ့သ၌ ကျွန်တော်သည် အဆိုပါ ကျွန်တော့်အလျင် ရောက်ဖူးသော မြို့အုပ်မင်း၏ ညွှန်ကြားချက်ဖြင့် ၎င်းရွာကလေးသို့ ထွက်ခဲ့ပြီးလျှင် သူကလေး၏အိမ်တွင် တည်းခိုပါသည်။ ကျွန်တော် သူ့အိမ် ရောက်လျှင်





ရောက်ချင်း အိမ်ခန်းထဲသို့ သူ လစ်ခနဲ ဝင်သွားပါသည်။ နောက်ဖေးမှ ကြည့်လိုက်သော် ဖြူဖွေးသော ခြေမျက်စိတစ်ဖက်တွင် ရွှေခြေကျင်းသံကြီးကို ကြားလိုက်ရပါသည်။

အဲ....အဲ....အဲဒါ စကားပြောတာ မဟုတ်ဘူး ခင်ဗျာ။ ရွှေခြေကျင်းကြီးကို မြင်လိုက်တာမှ ဘီလူးခေါင်း ခြေကျင်းခင်ဗျ၊ ကြားလိုက်တယ် ဆိုတာကတော့ သူက ခါးပန်းပေါ် လှမ်းအတက်မှာ တစ်ဖက်သော ခြေကျင်းက အခြားတစ်ဖက်ကို တို့ကနန်း ဆိတ်ကနန်း လုပ်သွားလေတော့ ချွင်ခနဲ မြည်သံ ကြားလိုက်ရတာကို ပြောတာ ခင်ဗျ။

အမ်းမယ်လေး....စာလည်း ရေးချင်ရဲ့၊ အရေးကလည်း မတတ်တော့ ဒါသသင့်သမျှကို ပရိဟာရ ပြုနေရတာနှင့်ပဲ အချိန်ကုန်ရတော့သည်။

သူ ဝတ်ထားသော ထဘီမှာ သနပ်ခါးရောင် အပေါ်၌ ကြက်သွေးရောင် အပွင့်ကြီးရိုက်ထားသော ပါတိတ်လုံချည် ဖြစ်သည်။ ဇာဘော်လီမှာ ထိုခေတ်က ခေတ်စားသော ဇာဘော်လီ လည်ဟိုက်ဖြစ်သည်။ လည်ဟိုက်တစ်လျှောက်လုံး တက်တင်း ဇာတပ်ထားပါသည်။ ပဒုမ္မာ အင်္ကျီမှာ ယခုကာလပေါ် ခါးတိုကျပ် မဟုတ်ပါ။ တောရွာမျက်စိနှင့်မူ ခေတ်ဆန်လှသည်ဟု ဆိုနိုင်သော်လည်း ဇာဘော်လီ ပန်းကွက်များကို ထင်ရှားစွာ မမြင်နိုင်လောက်အောင် ထူထဲပါသေးသည်။

ကျွန်တော်သည် ခရီးပန်းလာသည်နှင့် သူ့ကို ဂရုစိုက်ပြီး သိပ်မကြည့်လိုက်ပါ။ သူကြီးမင်း လာပို့သော ထမင်းဟင်းလျာတို့ကိုသာလျှင် ဆာဆာနှင့် မြိန်ရေရှက်ရေ စားပါသည်။ စားပြီးသော် မျက်တောင်စင်းလာသောကြောင့် အိမ်ဦးခန်းရှိ ကွပ်ပျစ်ပေါ်တွင် လှဲအိပ်လိုက်ပါသည်။

ခေါင်းအုံးမှာ ဇာနားတပ်ထားသော ကတ္တီပါ ခေါင်းအုံးဖြစ်သည်။ သို့ရာတွင် ဆီချေးစော် နံပါ၏။ ဆီးချေးနံ့ထဲမှ ပန်းပေါင်းနံ့သည် နှာခေါင်းထဲသို့ တစ်ချက် တစ်ချက် စူးရှကာ ဝင်လာပုံကိုထောက်လျှင် ဧကန္တ သည် ခေါင်းအုံးဟာ မိန်းမအုံးတဲ့ ခေါင်းအုံးပဲ။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ ခင်းထားသော ကော်ဇောက နူးညံ့ညံ့နှင့်မို့ အိပ်လို့ တော်တော် ကောင်းပါ၏။

"မောင့်ကိုသာပင်၊
ဂျိ .... ဂျိ.... ရှဲ ရှဲ....၊
စိတ်ထဲက အသည်းရော အူရော ခင်....အင်.... အင်....၊
ရှဲ.... ရှဲ.... ဂျိ ဂျိ....၊
ချဟာစ်တာ အမှန်ပင်။
ရှဲ.... ဟဲ.... ဟဲ.... ဟဲ။
ရွှေမေတ္တာ အရင်းခံပါပဲ ဟဲ ဟဲ ရှင်။
ဂျိ.... ဂျိ.... ဂျိ....။

ပထမက ကျွန်တော် အိပ်နေစဉ် မင်းလောင်း ရှာသော ဖုတ်သွင်းရထားထဲမှ တူရိယာဝိုင်းကြီး အသံတော် ခံနေသည်ဟု ထင်မိသည်။ သို့သော် ဂျိ.... ဂျိ.... ရှဲ.... အသံက ဘယ်က ပါလိမ့်။

ကျွန်တော် မျက်စိကို တအားဖွင့်ကြည့်သည်။ သို့သော် မျက်တောင်စင်းနေသောကြောင့် ရှေ့တွင် ဝိုးတိုးဝါးတားကိုသာ မြင်ရသည်။

ကျွန်တော် နိုးလာသည်ကို မြင်သော ပြာတာတော်မင်း မောင်ဏကြီးက 'ခတ်အိုးကိုယ်တော် ခတ်အိုး'ဟု သံတော်ဦး တင်ပါသည်။

ထိုသည်တွင်မှ သီချင်းစက်မှ ခတ်ပြားသံဖြစ်ကြောင်း သိရပါသည်။

ကျွန်တော် ငေါက်ခနဲ ထ ထိုင်လိုက်သောအခါ သူကလေးသည် သီချင်းစက်ကို သံပတ်ပေးနေပါသည်။ သူ့ခေါင်းမှာ တောစံပယ်ပန်းများ ပန်ထားပါသည်။ သူ့ပဒုမ္မာ အင်္ကျီမှာ ကြက်သွန်ခွံကဲ့သို့ ပါးလွှာလာသည်ဟု ကျွန်တော် ထင်မိသည်။ သူ့ခါးတွင် ပါတိတ်လုံချည်အစား မန္တလေး လုံချည် ကြည်ပြာရောင် ရောက်၍နေပြီ။ သူ ကျွန်တော့်ကို လှည့်၍ ကြည့်သည်။

အသားကလေးက ဖြူဖြူဖွေးဖွေး၊ နှာတံကလေးက ခပ်ပေါ်ပေါ်၊ မျက်လုံးကလေးက နည်းနည်းလောက် ကျဉ်းသည်။ နှုတ်ခမ်းက ပါးသည်။





သို့သော် ကျွန်တော့်မျက်စိ၌ မျက်မှန် တပ်မထားသောကြောင့် သူ့မျက်နှာပြင်ကို မဖမ်းတတ်ပါ။ သို့ရာတွင် ဘယ်နည်းနှင့်မဆို ဆယ့်ခြောက်နှစ်ရွယ်လုံမပျို ဖြစ်ရမည်။

ထို့ကြောင့် မှန်းခြေနှင့် ကိုက် မကိုက် သိရအောင် မျက်မှန် တပ်ကြည့်ဦးမှ....။

သူသည် ထိုစဉ်က အသက်သုံးဆယ်နီးနီး ရှိပြီ။ သို့သော် အရွယ်တင်သောကြောင့် အသက်အစိတ်ထက် မကြီးဟု ခန့်မှန်းသည်။

ဩော်.... အပျိုကြီး၊ အပျိုကြီး။ တစ်ဆိတ်စာ ဟိုင်းခါနီးမှ ဆယ့်ခြောက်နှစ်သမီး အရွယ်လို သူ့ကိုယ်သူ ပြင်ဆင်ထားပုံက ဘာဂလိုလိုတို။

ကျွန်တော် အားရအောင် ကြည့်သည်ကို စောင့်၍ ပြီးလောက်သောအခါမှ သူ အိမ်ခန်းထဲ ဝင်သွားသည်။

'ချ–ဟာစ်–တာ အမှန်ပင်၊ ရွှေမေတ္တာ အရင်းခံပါပဲ ဟဲ ဟဲ....ရှင်'

ထိုနေ့ညနေ သူ့အိမ်မှ ကျွန်တော် လှေကလေးနှင့် ပြန်လာသောအခါ ပြာတာ မောင်ဏကြီး၏ပါးစပ်မှ "ခတ်အိုး....ခတ်အိုး"နှင့်သာ ထွက်နေသည်။ သူသည် စာရေးကြီးနှင့် တိုးတိုး စကားပြောပြီးလျှင် တခိခိ ရယ်နေသည်။

ကျွန်တော့် စိတ်ကူးထဲ၌ကား ကျွန်တော် လှေပေါ်အဆင်းတွင် နောက်ဖေး အိမ်သာလမ်းရှိ သင်္ဘောပင် အကြားမှ သူကလေး လှည့်ကြည့်နေသည်ကိုသာ မြင်ယောင်နေသည်။ သူဝတ်ထားသော ထဘီမှာ ရွှေဖလားရောင် ဖြစ်သော်လည်း ဗန်ကောက်လား၊ ရွှေတောင်လား ကျွန်တော် မခွဲခြားတတ်တော့ပါ။

ထဘီနှင့် စပ်သွယ်၍ ကျွန်တော့်လူယုံတော် မောင်ဏကြီးအား မေးကြည့်သောအခါ 'ကိုယ်တော်က မသိဘဲကို ဖယ၊ ကိုယ်တော် အိပ်နေတုန်းက လုံချည် မီးခိုးရောင်ကလေး လဲဝတ်လိုက်သေးတယ်'ဟု ပြန်ပြောပါသည်။

အစရှိ အနှောင်နှောင် ဆိုသလို ကျွန်တော် သူ့အိမ်ကို အနှောင်နှောင်



www.burmeseclassic.com

www.burmeseclassic.com



သွားပါသည်။ တစ်နေ့သော် ကျွန်တော် မတွေးတတ်သော အခြင်းအရာ တစ်ခုကို တွေ့ရပါသည်။

သူက သူ့အိမ်ရှိ ကောင်ကလေးတစ်ယောက်အား အင်္ဂလိပ်စာအုပ် တစ်အုပ်ကို ကျွန်တော့်ထံ အပေးခိုင်းသည်။ ထိုစာအုပ်ကို သူက ကျွန်တော် လိုချင်လျှင် ရောင်းမည်ဆိုသည်။ စာအုပ်မှာ ကက်တလောက် စာအုပ်ဖြစ်၍ ကျွန်တော် စကား ဘယ်လိုပြန်ရမည် မသိပါ။ ကျွန်တော် ဘာမှမပြောဘဲ စာအုပ် နောက်ဆုံးမျက်နှာ လှန်ကြည့်လိုက်ပါသည်။ စာအုပ်ကြားထဲမှ အရုပ်ကားကလေးတစ်ခု ကျလာပါသည်။

အရုပ်ထဲတွင် အင်္ဂလိပ် ရုပ်ရှင် ဓာတ်လိုက်မင်းသားက မင်းသမီးကို နမ်း၍နေသည်။

ထိုသည်မှစ၍ ကျွန်တော် အကြံရပြီးလျှင် ကျွန်တော့်မိတ်ဆွေ မြို့အုပ်မင်းအား တောလည့်ရန်အတွက် ပထမဆုံး ရွာမှာ ဤရွာပင် ဖြစ်သင့်သည်ဟု အရန့်ုးက သူ့အား ခေါ်လာပါသည်။

သူ့အပေါ် စေတနာပို၍ ခေါ်လာသည် မဟုတ်ပါ။ သူ့ဒိုး သေဖော်သို့ ရန် ခေါ်လာခြင်း ဖြစ်ပါသည်။

သူကလေးသည် ကျွန်တော်နှင့် မြို့အုပ်မင်း ရောက်လျှင်ရောက်ချင်း ထုံးစံအတိုင်း ဖြစ်သော အစီအစဉ်တို့ကို တစ်ခုပြီးတစ်ခု လုပ်ပါသည်။

ပထမဦးစွာ သီချင်းက "ချ–ဟစ်–တာ အမှန်ပင်၊ ရှဲ ဟဲ ဟဲ၊ ရှဲ ဟဲ ဟဲ"ဟု နှုတ်ဆက်ပါသည်။

ဓာတ်ပြား တစ်ချပ်ပြီးသော် သူကလေးသည် အခန်းထဲ တစ်ခါဝင်၍ ထဘီတစ်ထည် လဲပါသည်။

ဘီးလူးခေါင်း ရွှေခြေကျင်းကြီး ချွင်ခနဲ မြည်သံကို ကျွန်တော့်နည်းတူ မြို့အုပ်မင်း "မြင်"လိုက်ပါသည်။

ညနေစောင်းသောအခါ ကျွန်တော်နှင့် မြို့အုပ်မင်းတို့သည် ပက်လက် ကုလားထိုင် တစ်လုံးစီနှင့် အိမ်ရှေ့ဝရန်တာတွင် လေညင်းခံကြပါသည်။





သူကလေးသည် ထဘီတစ်မျိုးဖြင့် ထွက်လာပြန်သည်။ ထုံးစံအတိုင်း စာအုပ်တစ်အုပ်ကို ကိုင်၍ ထွက်လာပါသည်။

ကျွန်တော်လည်း ထုံးစံအတိုင်း သူယူခဲ့သော စာအုပ်ကို လှမ်း၍ ယူပါသည်။

သို့သော် ထိုစာအုပ်မှာ ရာဇဝတ်အိုးကြီး ဖြစ်ပါသည်။ ထို့ကြောင့် ထိုရာဇဝတ်အိုးကြီးကို တုတ်နှင့် ထိုးလိုသော် ထိုးရအောင် ကျွန်တော်၏ အာစရိ မြို့အုပ်မင်းအား ပို့ဆက်လိုက်ပါသည်။

မြို့အုပ်မင်းသည် ထိုအင်္ဂလိပ်စာအုပ်ကို ဖြန်းဆို ဖွင့်လိုက်ပါသည်။ စာရွက်ခေါက်ကလေး ကျသွားသည်။

မြို့အုပ်မင်းက ကပျာကယာ ကောက်ယူလိုက်ပြီး ကျွန်တော့်ဘက် လှည့်ကြည့်သည်။

ကျွန်တော်က မမြင်ဟန် ဆောင်လိုက်သည်။

မြို့အုပ်မင်းက ကျွန်တော် မမြင်မှုထင်၍ စာရွက်ခေါက်ကို ဖွင့်ဖတ်သည်။ ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် သူ ဘာလုပ်ရမှန်း မသိတော့ချေ။ ကိုယ့်လူ အတော် စိတ်အိုက်သွားဟန် တူသည်။ ထို့နောက် မြို့အုပ်မင်းသည် ထိုစာရွက်ခေါက်ကလေးကို ဖွင့်ကာ ဣန္ဒြေနှင့် ကြည့်သည်။

စာအုပ်ထဲမှ ရုပ်ရှင်မင်းသားသည် မင်းသမီးကို တင်းကျပ်စွာ ဖွေ့ဖက်၍ အချစ်နာလန် ထ နေသည်။

ကျွန်တော့်မိတ်ဆွေ မြို့အုပ်မင်းသည် ကျွန်တော်ကဲ့သို့ မဟုတ်။ အတော် အာစ လျှာစ သွက်သူဖြစ်သည်။ ကျွန်တော့်ထက် ဆယ်နှစ်ခန့် ကြီးသည် ဖြစ်သော်လည်း အလွန် ဖျတ်လတ်သူ ဖြစ်သည်။

ယခုတော့ မောင်မင်းကြီးသား စကားလည်း မပြောနိုင်။ အမူအရာမှာလည်း လေးလံ ထိုင်းမှိုင်းလျက်။

'ချ–ဟစ်–တာ အမှန်ပင်၊ ရွှေမေတ္တာ အရင်းခံပါပဲ ဟဲ ဟဲ ရှင်'



www.burmeseclassic.com

www.burmeseclassic.com



နေ အဝေ့ာ် စောင်းသွားပြီ။ မှောင်စ ပျိုးလာပြီ။ မြို့အုပ်မင်းလည်း မျက်မှောင်ကြုတ်၍ စဉ်းစားခန်း ဝင်နေသည်။

ကျွန်တော်ကား အကဲခတ်မြဲ။

ယခုမှ ဝန်ထုပ်ကြီး ကျသွားတော့သည်။ သို့မဟုတ် ကိုယ့်အပေါ်မှာ တာဝန် အတော်ကြီးဦးမည်။ ကိုယ်က သူ့လို နှုတ်စ အာစ သွက်သည် မဟုတ်။ ရုပ်ချင်းကော ယှဉ်လိုက်ဦးမလား၊ အပြောချင်းကော ယှဉ်လိုက်ဦးမလား။ ဘာမဆို သူက သာသည်။ သာသည့်တက်ကို ချိန်ခွင်လျှာ စောင်းလိမ့်မပေါ့၊ ဒီလိုဆိုရင် ကိုယ်နဲ့တော့ လွတ်ပါရဲ့၊ ကိုယ်လွတ်ရင် အိမ်က မိန်းမနဲ့ ရန်မဖြစ်ရတော့ဘူး။

သို့ကလို အတွေးကောင်းနေစဉ် မြို့အုပ်မင်းသည် ဖြုန်းခနဲ ထ၍ ကျွန်တော့်ကို တိုးတိုးမေးသည်။

ကျွန်တော်က လမ်းညွှန်ရင်း ဖြေလိုက်သည်။

ထိုအခါမှ မြို့အုပ်မင်းသည် အိမ်သာဘက်သို့ သွားသည်။

အိမ်သာလမ်းသည် သူကလေး အိပ်ခန်း၏ ခေါင်းရင်းဘက်၌ ရှိသည်။ မြို့အုပ်မင်း ဆင်းသွားသည်နှင့် တစ်ပြိုင်နက် သူကလေး၏ ချောင်းဟန့်သံကို ကျွန်တော့်နားနှင့်ဆတ်ဆတ် ကြားလိုက်ရပါသည်။

တစ်အောင့်လောက် ကြာသောအခါ မြို့အုပ်မင်းသည် အိမ်ပေါ်ပြန်တက်လာပါသည်။ သူ့မျက်နှာမှာ စောစောကလို မရွှင်တော့ပေ။ အိမ်ပေါ်ရောက်လျှင်ရောက်ချင်း သူ့တပည့်ကို ခေါ်၍ အိပ်ရာပြင်ခိုင်းသည်။

‘ကဲ.... ဆရာ အိပ်ပေတော့၊ မနက်ကျရင် ကွင်းဆင်းရဦးမယ်’ဟု ဆိုကာ သူတွင်သာမက ကျွန်တော့်ကိုပါ အအိပ်ခိုင်းသည်။

ထိုည၌ စောစော အိပ်ရာဝင်ရသော်လည်း ကျွန်တော် အိပ်မပျော်နိုင်ပါ။

မြို့အုပ်မင်းသည် ပထမ ဘုရားရှိခိုးပါသည်။ ထို့နောက် ဥဒေတယံ အပေတယံကို ရွတ်ပါသည်။ ထို့နောက် သမ္ဗုဒ္ဓေဂါထာကိုလည်း ရွတ်သံကြား





လိုက်ပါသည်။ ထို့နောက် ဘာတွေကိုရွတ်သည် မသိတော့ပါ။ တစ်ရွတ်တည်း ရွတ်နေသည်ကိုသာ သတိထားမိတော့သည်။ သို့နှင့် ညဉ့်နက်လာသောကြောင့် ကျွန်တော် အိပ်ပျော်သွားသော်လည်း ကျွန်တော့်အိပ်မက်ထဲ၌ဝင်လျှင် သူ၏ ဘုရားစာ၊ တရားစာတို့မှာ ရွတ်၍ မကုန်သေးပါ။

နံနက်တွင် ကျွန်တော်တို့ နှစ်ဦးသား ကွင်းဆင်းရပါမည်။ ကွင်းစစ်ခြင်းမှာ သေသေချာချာလုပ်လျှင် နှစ်ရက်၊ သုံးရက် ကြာတတ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ နှစ်ဦးသားသည် သူကလေး၏အိမ်၌ အနည်းဆုံး နှစ်ညအိပ်မည် ဟူ၍ တိုင်ပင်ထားကြပါသည်။ သို့သော် နံနက်လင်းသောအခါ မြို့အုပ်မင်းက ‘ကိုင်း....ကိုယ့်လူ၊ ကွင်းမြန်မြန်ဆင်းပြီး ကျုပ်တို့ဒီက မြန်မြန်ခွာမှပဲ’ဟု ကျွန်တော့်ကို တိုးတိုးပြောပါသည်။

ကျွန်တော် အနည်းငယ် အံ့အားသင့်ပါသည်။

“ညက နေရာကျရဲ့ မဟုတ်လား”ဟု မမေးသော်လည်း မေးဘိသကဲ့သို့သော မျက်နှာထားဖြင့် သူ့ကို လှမ်းကြည့်ပြီး ပြုံးလိုက်ပါသည်။

သူက ‘မပြုံးနဲ့ ဆရာရေ့၊ လမ်းကျမှ ပြောမယ်’ဟု ဆိုပြီးလျှင် ကျွန်တော့်ကိုသာ အတွင် အိမ်ရှေ့သို့ အရောက် နှင်ပါတော့သည်။

လမ်းတွင် သူကလေး သိချင်းစက်ဖွင့်ပုံ၊ ထဘီ အမျိုးမျိုးလဲပုံ၊ စာရွက်ခေါက်ကလေး ကျလာပုံ၊ ဓာတ်လိုက်မင်းသား မင်းသမီး နမ်းကြပုံ၊ ချောင်းဟန့်ပုံ စသည်တို့ကို ပြန်ပြောပါသည်။ သူက ကျွန်တော် မရိပ်မိဘူး အောက်မေ့၍ ပြန်ပြောခြင်း ဖြစ်ပါ၏။ ကျွန်တော့်အတွက် စိုးရိမ်၍ သတိပေးစကားများလည်း ပြောပါ၏။ သူလည်း တစ်ညလုံး ကြောက်ကြောက်နှင့် ဂါထာရွတ်ရပုံကိုလည်း ပြောပါ၏။

‘မဖြစ်ဘူး မောင်ရေ့၊ ကျုပ်က ခင်ဗျားလို ကလေးတစ်ယောက်အဖေ မဟုတ်ဘူး။ ကျုပ်မှာ ဟိုရတနာတွေက မစုမိပေမဲ့ ဒီရတနာတွေက နှစ်ယောက်လောက် ရှိနေပြီ။ သားသမီး ခုနစ်ယောက်ကို အနိုင်နိုင်ကျွေးနေရတုန်းမှာ ဒါမျိုးနဲ့ လာတိုးရင် ငါးပါးမှောက်ဖို့ပဲဗျ’



www.burmeseclassic.com

www.burmeseclassic.com



သူသည် တစ်လမ်းလုံး အာသွက်လျှာသွက်နှင့် ကျွန်တော့်အား ဆုံးမပါသည်။ သူသည် သူကလေး၏အိမ်ကို ပြန်ဝင်ရမှာကိုပင်လျှင် ကြောက်သည် ဆိုပါသည်။ ပထမ သူပြောနေသည်ကို နားရှိ၍သာ ကြားမိသော်လည်း မယုံလိုပါ။ သို့သော် မြို့အုပ်မင်း၏ စိတ်ရင်းသဘောထားကို ကျွန်တော် အစဉ်းသိဖြစ်၍ မယုံလိုသော်လည်း မဖြစ်တော့ချေ။ မြို့အုပ်မင်း၏ အမူအရာ အပြောအဆို အစခပ်သိမ်းကပင်လျှင် သူကလေး၏အပေါ် သူ အတော်ပင် ကြောက်လန့်နေပြီကို သက်သေခံ၍နေရာ ကျွန်တော်သည် ပြက်ချော်ချော်နှင့် သူ့အား ဤနေရာသို့ သွေးဆောင်လာခဲ့သည့် အတွက် ရှက်စိတ်ဝင်လာပါသည်။

'ဟဲ....ဟဲ၊ ကျွန်တော်လည်း အသိသားပါဗျာ။ သက်သက် အပျင်းပြေ ဆိုသလို မြို့အုပ်မင်းကို ခေါ်လာတာဗျ၊ ကျွန်တော့်ကိုလည်း ဟိုမြို့အုပ်က ညွှန်လို့ သီချင်းစက်သံကို လာပြီး နာခံမိရာက ဖက်နမ်းတဲ့ ရုပ်ပုံဆီ ရောက်သွားတာပဲ ခင်ဗျ'ဟု ကျွန်တော်က ဖွင့်ပြောလိုက်ပါသည်။

'အမလေး ကိုယ့်လူ၊ လက်စသတ်တော့ ကျုပ်ကို ချောက်တွန်းနေတာကိုး၊ အသည်းနှလုံး ကလီစာ တုန်လွန်းလို့ပါဗျာ။ မလုပ်ပါနဲ့၊ ကျုပ်တို့ တစ်ခါတည်းသာ ပြန်ကြပါစို့'ဟု သူက စိုးရိမ်တကြီး ပြောပါသည်။

သို့သော် ပြန်စရာရှိလျှင်လည်း ဣန္ဒြေမပျက်မှ ကောင်းမည်။ မြို့အုပ်ဆိုသည်မှာ လူဆိုး သူခိုး၊ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်၊ ဖာသည် မိန်းမရှင်မှ အစ လူကြီးလူကောင်း ဘုရားတကာ ကျောင်းတကာတို့ကိုပါ ပြေပြစ်အောင် ဆက်ဆံရသည်။ ပြေပြစ်အောင် ဆက်ဆံသည့်အထဲမှာ တရားမျှတစွာနှင့် မျက်နှာမလိုက်ဘဲ ဆောင်ရွက်ရသေးသည်။ ဟုတ်လျှင် ဟုတ်၏၊ မဟုတ်လျှင် မဟုတ်ဟု ရိုးရိုးပြော၍ ဆက်ဆံပြန်လျှင် လိုတာမရသော လူထုက နှာခေါင်းရှုံ့တတ်သည်။ မဖြစ်နိုင်သောအရာကို ဖြစ်အောင် လုပ်ပေးမည်ဟု လောကွတ်ချော်၍ ဆက်ဆံပြန်လျှင် လူထုက မတန်တဆ အခွင့်အရေး တောင်းမည်။ မရလျှင် ပစ်စာပစ်မည်။ ဆက်ဆံမှု၌ အလုပ်သဘောကို





ကပင်လျှင် တော်ရုံတန်ရုံနှင့် မပြေပြစ်နိုင်သည့်အထဲ ခင်မင်ရင်းနှီးစပြုသော အိမ့်ရှင်ကို စည့်သည်က ဝတ္တရားပျက်ကွက်လျှင် ရိုင်းရာ ကျပေမည်။

ထို့ကြောင့် ဆရာတပည့်နှစ်ဦးသည် အရေးတကြီးကိစ္စ ရှိလေဟန်ဖြင့် မပြန်လျှင် အလုပ်ပြုတ်တော့မလောက် အကြောင်းပြကာ သူကလေးအား နှုတ်ဆက်ပြီးသော် မိမိတို့ ရုံးထိုင်ရာဒေသသို့ ကဆုန်စိုင်း၍ ပြန်လာခဲ့ကြရပါသည်။

ကျွန်တော်သည် ထိုမြို့အုပ်မင်းနှင့် ထိုမျှသာ ရေစက်ဆုံခဲ့ပြီးသည့်နောက် ဟိုမြို့ဒီမြို့ အစရှိသည်တို့သို့ လွှင့်ခဲ့လေသတည်း။ သို့ရာတွင် ဘယ်မြို့ရောက်ရောက် ငုံးရွာကလေးအကြောင်းကိုသာလျှင် တအောက်မေ့မေ့ တသသနှင့် နေခဲ့ရလေသည်။ ဤ၌ "ငုံးရွာကလေး"ဟု ဆိုရသည်မှာ ကေားပရိယာယ်နှင့် ဆိုခြင်းမျှသာ ဖြစ်သည်ကို ဝန်ခံပါ၏။ စင်စစ် ငုံးရွာကလေးကို သတိရခြင်းသည် သူကလေးကို သတိရခြင်းပင် ဖြစ်ပါသည်။ သူကလေးကို သတိရတိုင်း ရတိုင်း မြို့အုပ်မင်းကိုလည်း မမေ့ပါ။

ဘယ်မြို့ ဘယ်ရွာ ရောက်ရောက် မြို့အုပ်မင်းထံမှ ငုံးရွာကလေးအကြောင်းကို စာရေးသည်ကို ခဏခဏ ဖတ်ရှုရပါ၏။ သူကလေး အိမ်ခေါင်ရင်းရှိ အိမ်သာလမ်းမှ သဘော်ပင် နှစ်ပင်၏ အခြေအနေ၊ လှေဆိပ်ရှိ အုန်းပင်မှ အုန်းရည်၏အရသာ၊ ဘင်္ဂလားသရက်ပင်မှ သရက်သီး ဘယ်နှတောင်း ဆွတ်ခူးရသည့် အကြောင်း၊ ကိုင်းတောထဲမှ ဖရဲသီး အလွန်ချိုသည့်အခြင်းအရာ စသည်တို့ကို မြို့အုပ်မင်း၏ ပေးစာထဲ၌ သေချာစွာ ဖော်ပြထားသည်ကို သွားရည်တများများနှင့် ကျွန်တော် ဖတ်ရှုရပါသည်။

သို့သော် ကျွန်တော် သိရှိလိုသော အချက်များကို သူ၏စာထဲ၌ ရှာဖွေ၍ မတွေ့ပါ။ ကျွန်တော်လည်း စာထဲ၌ ဖော်ပြ၍ မရေးဝံ့ချေ။ သို့သော် သူ့စာများမှာ တစ်နေရာတွင် တစ်ခုခုတော့ ဟာနေသည်။ ကျွန်တော်သည် ဘယ်နေရာမှာ ဟာနေပါသလဲဟု အတန်တန် မိမိကိုယ်မိမိ မေးမိပါသော်လည်း ကိုယ့်အမှု ကိုယ်စစ်ရသည့် အတွက်ကြောင့်ပေလော မသိ၊ တရားခံကိုပေါ်အောင် မစစ်နိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော် သူ့စာထဲတွင် ခတ်ပြားအကြောင်း ပါပါသည်။ သည် အကြောင်းကို ကျွန်တော် အစဦးက ပင်လျှင် သိပြီးသား ဖြစ်၍ ဘာမျှ အကြောင်းမထူးပါ။

"ညအိပ်ရာထဲ ဝင်.... ဟင် .... အင်

ဘုရားရှိခိုးရင်၊

မောင့်ကို ရည်မှန်း....ရည်မှန်း....ရည်မှန်း ....ရည်မှန်း.... ရည်မှန်း"

ဤခတ်ပြားမှာ ဤနေရာသို့ ရောက်တိုင်း ရောက်တိုင်း အပ် ကြောင်း ကျယ်၍ အပ်ချော်နေသောကြောင့် ထစ်နေသည်ကို ကျွန်တော် ရင်းရွာသို့ ရောက်စကပင်လျှင် သတိထားမိသည်။ သို့သော် ယခု မြို့အုပ်မင် စာအရ ဆိုလျှင် "ညအိပ်ရာထဲဝင်"၌ အပ်ကြောင်း ခဏခဏ ချော်နေသည် ဟု သိရပါသည်။

ဤစာ၏ အဓိပ္ပာယ် လေးနက်လှပေသည်။ သို့သော် စာရေးသူ ကာယကံရှင်က ဤစာ၏အဓိပ္ပာယ် လေးနက်ပုံကို အနည်းငယ်မျှ သိရှိမည် မဟုတ်ပေ။ ကျွန်တော်ကဲ့သို့သော ဝေဖန်သူ ပညာရှိ အခေါ်ခံ ရှေ့ဘဏ်တော် စူးစူးရောက်ရောက် ကွန့်မြူးတတ်သူအဖို့ သာလျှင် အပ်ချော်ခြင်း ဟူသော အဓိပ္ပာယ်ကို ဋီကာလက်သန်း၊ လက်သူကြွယ်၊ လက်ခလယ်၊ လက်ညှိုး လက်မ ချဲ့ထွင်၍ မကုန်နိုင်အောင် ဖြစ်ရပါ၏။

ကျွန်တော် သူကလေး ခတ်ပြား လဲပုံ၊ အပ်ထည့်ပုံ၊ သီချင်းစက် သံပတ်ပေးပုံ စသည်တို့ကို မြင်ယောင်ပါ၏။ ခတ်ပြားထဲက "ညအိပ်ရာထဲ ဝင်၊ ညအိပ်ရာထဲ ဝင်၊ ညအိပ်ရာထဲ ဝင်၊ ညအိပ်ရာထဲ ဝင်၊ အိပ်ရာထဲ ဝင်၊ ထဲဝင်၊ ထဲဝင်၊ ထဲဝင်" စသည်ဖြင့် သီချင်းသွား ထစ်၍ နေသည့်အခါ ပျာပျာသလဲဖြစ်ပြီး သူ့အခန်းထဲက ထဘီအသစ်တစ်ထည် လဲ၍ ထွက်လာ ပြီးလျှင် အပ်ခေါင်းကို ကပျာကသီ မ လိုက်သည့်ဖြစ်အင်ကို ကျွန်တော် မြင်ယောင်ပါ၏။

သို့ကလို သီချင်းက ထစ်၍နေသည့်အခါ မြို့အုပ်မင်းက ဥဒေတယံ





အပေတယံကို အထစ်ထစ် အငေါ့ငေါ့ ရွတ်ဆို သရဇ္ဈာယ်နေမည်ကိုလည်း မြင်ယောင်ပါ၏။

သို့သော် သူကလေးသည် ဣန္ဒြေပျက်မည် မဟုတ်၊ မျက်မှေးမှ မျက်လွှာကလေး တစ်ချက်ပင့်ပြီး မြို့အုပ်မင်းကို အကဲခတ်ပေမည်။ အကဲ ခတ်ပြီးသော် စိတ်မရှည်နိုင်သည့် အမူအရာဖြင့် နှုတ်ခမ်း မသိမသာ ရူကာ အိမ်ထဲသို့ ဝင်သွားပေမည်။

မြို့အုပ်မင်း၏ စာထဲတွင် ကျွန်တော် နားမလည်သော အချက်တစ်ခု ရှိသည်။ သူ့စာအဆိုက ရင်းရွာကလေးနှင့် နှစ်မိုင်ခန့်ဝေးသော ရွာ၌သာလျှင် အမြဲ စခန်းချပြီးလျှင် ရင်းရွာကလေးသို့ နေ့ခင်း နေ့လယ်မှသာ သွားရောက် သည်ဟု ဆိုသည်။

ယင်းသို့ဆိုလျှင် နီးရက်နှင့် ဝေးရသူကလေးမှာ အတော်စိတ်ပျက် မိပေမည်။ သူကလေး မပြောပါနှင့်၊ ကျွန်တော်ပင်လျှင် စိတ်ပျက်မိသည်။ ဘယ့်နှယ်ဗျာ.... သည်အခြေ ဆိုက်ခါမှ အပ်ချော်၍ နေတုန်းပဲလား။

ကျွန်တော်၏ပြန်စာတွင် အထက်ပါစကားကို ရေးချလိုက်ပါသည်။ ထိုသည့်နေ့ကစ၍ မြို့အုပ်မင်းသည် ကျွန်တော့်ထံ စာမရေးတော့ပါ။

စိတ်များ ဆိုးသွားလေရော့သလား၊ မဟုတ်သေးဘူး၊ မဟုတ်သေး ဘူး၊ ဒီမြို့အုပ် စိတ်ဆိုးသည်ကို ကျွန်တော် တစ်သက်နှင့်တစ်ကိုယ် မတွေ့ဖူး သေးပါ။ ဩော်....လယ်သီးစားခ ဥပဒေကြောင့် အလုပ်များနေရှာမှာပ။

ဟုတ်ပါသည်၊ ဟုတ်ပါသည်၊ နိုင်ငံရေးစားဖားကြီး၏ မဲဆွယ်သော ဥပဒေကြောင့် လူ့ပြည်မှာ အမှုပွေနေသည်။ ဩော် သဟာ့ကြောင့် သူ စာမရေးနိုင်ရှာသကိုး။ "ကျွန်တော်ကဖြင့်ဗျာ၊ ခင်ဗျားကို မော်ကတင်းက ပုလိပ်စစ် စစ်လို့ ဖြောင့်ချက်ပေးလိုက်ရပြီ အောက်မေ့လို့ပါ"ဟု မြို့အုပ် မင်းထံ ပြန်စာတစ်စောင်တွင် ကျွန်တော်က နောက်တီးနောက်တောက် လုပ်လိုက်ပါသေးသည်။

သည့်နောက် ကျွန်တော် ရရှိသော စာများတွင် ဝမ်းနည်းဖွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com



အချက်တစ်ချက် ပါပါသည်။ ၎င်းအချက်မှာ ၎င်းရွာကလေး၏ မြစ်ကမ်းတစ်လျှောက်သည် ဖြဟ္မပုတ္တရမြစ်ရေ၏ ရေအဟုန်ကြောင့် ရေစီးကမ်းပြိုဖြစ်သွားရရှာသည့် အကြောင်းပင် ဖြစ်ပါ၏။

ကမ်းပြိုသည့်အထဲ သူကလေးအိမ် ပါသွား၍ ခပ်လှမ်းလှမ်းမှာ အိမ်တစ်ဆောင် ဆောက်နေပြီဟု မြို့အုပ်မင်းက သတင်းပေးပါသည်။

ထို့နောက် မြို့အုပ်မင်းထံမှ စာမလာတော့ပါ။ ကျွန်တော့်မှာလည်း နိုင်ငံရေးစားဖားကြီး၏ ဘေးဒဏ်ရန်မာန် ခပ်သိမ်းတို့ကို ရှောင်တိမ်းရင်း မဲဇာရွှေလီဋ္ဌ ချောင်ကုပ်၍ နေရပါသည်။ စာရိတ္တဗလ ချို့တဲ့သူတို့ ဖွတ်မီချောင်းဖြစ်သောအခါ အလွန်ကြောက်ရပါသည်။ ထို့ကြောင့် ကျွန်တော့်မှာ အသေဝနာစ ဗာလာနံ ဟူသော မင်္ဂလာတရားတော်နှင့်အညီ သူနှင့် ဝေးစွာရှောင်ရခြင်းကိုပင်လျှင် ကိုယ့်ချစ်သူကလေးနှင့် ညားရဘိသကဲ့သို့ အောက်မေ့မိကာ ပီတိဖြစ်၍ နေရပါသည်။

ထိုနေ့က မိုးသည်းထန်စွာ ရွာနေပါသည်။ ကျွန်တော် သီတင်းသုံးဖွဲ့လျော်သော မဲဇာမှာ တစ်ခါတစ်ခါ မိုးရွာလျှင် တစ်ဥပုသ်လောက် ကြာပါသည်။ ထို့ကြောင့် ဖလန်နယ်လုံချည်ကို နှစ်ထပ်ဝတ်ပြီးလျှင် ဇွပ်ကျယ်၊ ရှပ်၊ ဆွယ်တာလက်ပြတ်၊ ဆွယ်တာလက်ရှည်၊ လောင်းကုတ်အင်္ကျီတို့ကို ဆင်မြန်းကာ မြန်မာပြည်မှ မိတ်ဆွေများ၏ အလာကို မျှော်နေပါသည်။

ထိုမိတ်ဆွေများကား အခြားမဟုတ်၊ မြန်မာပြည်အရပ်ရပ်မှ ကျွန်တော့်ထံသို့ ပေးပို့လိုက်သော သတင်းစာ၊ မဂ္ဂဇင်းနှင့် စာများ ဖြစ်ပါသည်။

တစ်ပတ်မှ တစ်ခါ စာရတတ်သော အရပ်မို့ ထိုစာများကို ကျွန်တော်သည် ရည်းစား မျှော်သကဲ့သို့ မျှော်ရပါသည်။

ထိုအထဲတွင် မိတ်ဆွေဖြစ်သူ မြို့အုပ်မင်း၏ စာတစ်စောင်ကို တွေ့ရလေရာ အတိုင်းမသိ ဝမ်းမြောက်မိပါကြောင်း။

ကျွန်တော် မအောင့်နိုင်ပါ။ သူ့စာကို ပထမဦးစွာ ဆွဲယူပြီးလျှင် ဖောက်လိုက်ပါသည်။





ကျွန်တော် စာကို ဖြန်းခနဲ မဖတ်သေးပါ။ ချက်ချင်းဖတ်လိုက်လျှင် ကုန်သွားပါက ရင်ထဲတွင် ဆာ၍ ကျန်ရစ်တတ်သည်။ တမြို့မြို့ ဖတ်ခြင်းသာလျှင် ဇိမ်ရှိသည်။ စာဖတ်လျှင် ပထမ နေ့စွဲကို ကြည့်ပါ။ အတွင်းက ဘပ်ထားသော နေ့စွဲနှင့် အပြင်က စာတိုက်တံဆိပ် နေ့စွဲကိုလည်း တိုက်၍ ကြည့်ပါဦး။ ၎င်းရက်စွဲချင်း ခြားနားပုံကို သုတေသန လုပ်ခြင်းအားဖြင့် စာရေးသူ၏ အကျင့်စာရိတ္တကို အကဲခတ်နိုင်သည်။

သို့သော် လိုရင်းက သူ့စာထဲ ဘာပါသလဲ ဆိုသည်ကို သိဖို့လိုသည်။

ထို့ကြောင့် နေ့စွဲကို ကြည့်ပြီးလျှင် ခေါင်းစီးကို ဖတ်ပါ။

"ဗျို့ ....ကိုဖိုးထင်"

ကျွန်တော်မှာ ဤခေါင်းစီးကို ဖတ်ပြီး အတော်အောင့်သွားပါသည်။ သည်လူတွေက တော်တော်နောက်တဲ့ လူတွေပဲ၊ နာမည်ပြောင်များကို တော်တော် ထွင်နိုင်ကြပါပေ့၊ နာမည်ထွင်တဲ့ အထဲမှာ ဒီနာမည်ဟာ တော်တော်ဆိုးသည်။ စာထဲမှာ ရေးထားတော့ မကြိုက်ပေမဲ့ သည်အတိုင်းပဲ ဖတ်ရတော့သည်။

'ကျုပ်မလည်း ဟိုရတနာတွေ မစုမိပေမဲ့ ဒီရတနာတွေကတော့ တစ်ကျိပ်နဲ့ နှစ်ယောက် ရှိသွားပြီ'

ကျွန်တော် ရှေ့ကို ဆက်မဖတ်သေးပါ။ သူ့စာက တစ်ကြောင်းစီ ဘစ်ကြောင်းစီ ဖတ်ပြီး စဉ်းစားခန်းဝင်မှ အရသာပေါ်သည်။ သည်မြို့အုပ်မင်းက အပြောမှာသာ ပါသည်မဟုတ်၊ စာအရေးအသားမှာလည်း ခေသူမဟုတ်။

မြို့အုပ်မင်း ဦးမည်သူ၊ ကလေး ဆယ့်နှစ်ယောက် အဖေ၊ ကလေးတွေ တစ်ယောက်မှ အဖိတ်အစဉ် မရှိ။ တော်တော်လည်း တတ်နိုင်တဲ့ မြို့အုပ်ပဲ။ ဂျာမနီပြည်မှာဆိုလျှင် ဆုငွေများများ ရနိုင်ပေမည်။

"ဒါပေမဲ့ တော်ပါသေးရဲ့၊ လခက မတိုးလို့"

သူကတော့ စာပြောင်ရေးတာပဲ။ သို့သော် ကျွန်ုပ်မှာ သူ့လို တစ်ကျိပ်နှစ်ယောက် မပြောနှင့်။ ယခု ကလေးရသည်မှာ နှစ်ယောက်တစ်ပိုင်းသာ



www.burmeseclassic.com

www.burmeseclassic.com



ရှိပါသေးသည်။ တစ်လနှင့်တစ်လ အလျဉ်မမီနိုင်သေးချေ။ သူ့လိုသာ တ
ဆယ့် နှစ်ယောက်နဲ့၊ လခကလည်း မတိုးဘူးဆိုလျှင် ဘယ့်နှယ်လုပ်ရပ

"အဲဒီအထဲမှာ ငှင်းရွာကလေး ရောက်တော့၊ ခင်ဗျားကို သတိရလို
တာဗျာ"

ကျွန်တော်သည်လည်း သူကလေး၏ မျက်နှာကို ကွက်ခနဲ မြင်
သည်။

"ညအိပ်ရာဝင် ဟင်.... အင်"

"ဘုရား အား.... အား ရှိခိုးရင်"

ကျွန်တော်က သီချင်းကလေးကို ညည်းလိုက်ရာ အသံကျယ်သွ
သည်။ ကျွန်တော့်ဇနီးက နောက်ဖေး မီးဖိုချောင်မှ နေ၍ 'ဘယ့်နှယ် စော
စီးစီး ညအိပ်ရာထဲ ဝင်နေရသလဲ'ဟု ဝေါက်လိုက်သောကြောင့် ကျွန်တေ
အသာကလေး ဝပ်နေရပါသည်။

"ဒါပေမဲ့ သားသမီး ဆယ့်နှစ်ယောက်အဖေ၊ တစ်လနဲ့ တစ်လ
အလျဉ်မမီရတဲ့အထဲ ခင်ဗျားရဲ့ ဆတ်ဆော့မှုကြောင့် ကံသီလို့ အကျိုးမနည်
ရတယ် ခင်ဗျ"

ဟယ်....ဖြစ်မှ ဖြစ်ရပလေ။ ငါ ဆတ်ဆော့မိတယ်၊ မှန်တယ
အစက ဒီလို အလွန်အကြူး ဖြစ်လိမ့်မယ်လို့ တစ်ခါမျှ မတွေးမိဘူး။

"ဒါပေမဲ့ ကျုပ်က စိပ်ပုတီး အားကိုးနဲ့မို့ လွတ်ခဲ့သဗျ"

ထိုစဉ်က ဘယ်သူ စိပ်ပုတီးကို ဘယ်ကာတွန်းဆရာမှ မမြင်ဖူးသေ
ပါ။ မြို့အုပ်မင်း၏ စိပ်ပုတီးကိုမူ ကျွန်တော် မြင်ဖူးခဲ့ပါ၏။ သို့သော် သူ့စာက
သည်လို တစ်ကြောင်းစီ ဓိမ်ခံဖတ်လို့တော့ အဓိပ္ပာယ်ပေါ်မှာ မဟုတ်ဘူ
အစက အဆုံး တောက်လျှောက်ပဲ ဖတ်လိုက်ပါတော့မလေ။

"မှတ်မိသေးရဲ့ မဟုတ်လား၊ သူ့အိမ်ကလေးက ဗြဟ္မပုတ္တရထဲ
* မျောပါသွားပြီလေ၊ အဲဒါနဲ့ အိမ်အသစ်ဆောက်တယ်။ ဘုရားစူးစေ့၊ ခင်ဗျာ
ဒီမြို့က ပြောင်းသွားတဲ့နောက် ကျုပ် ငှင်းရွာမှာ တစ်ညမှ မအိပ်ဘူး၊ နို့ပေမဲ့





ကုသိုလ်ဆိုးပုံက ခင်ဗျားရဲ့ဆရာ အာစရိ အရေးပိုင်မင်းက ငှင်းရွာမှာ မြေနု အမှုတွဲ စစ်စရာ ရှိတယ်ဆိုလို့ ကျုပ် သွားကြိုရသဗျာ။

"အရေးပိုင်မင်းကြောင့် ကံဆိုးတာ မဟုတ်ပါဘူး၊ ကျုပ် ဆိုလိုချင်တာက အရေးပိုင်မင်း မရောက်နိုင်သေးလို့ ကံဆိုးတာကို ပြောတာပါ။ သူက မနက်ရောက်မယ် ဆိုပြီး သူ့သဘော်ာ သောင်တင်နေတော့ ကျုပ်မှာ ငှင်းရွာကလေးမှာ တစ်ညတည်းရဖို့ ဖြစ်နေတော့သဗျာ့။ ဘုရား.... ဘုရား စာရေးရင်တောင် ချွေးဒီးဒီး ကျမိပါရဲ့။

အကျိုးနည်းကုန်ပြီ ထင်တယ်၊ ဘယ်လိုများ ဖြစ်ပါလိမ့်မတုံး။ ကျွန်တော်လည်း သူ့စာထဲက ဘုရား တ သည်ကို သံယောင်လိုက်ပြီး တ မိပါတော့သည်။ ထို့နောက် စာတစ်မျက်နှာ ဆုံး၍ နောက်တစ်မျက်နှာ လှန်လိုက်ပါသည်။

"ငှင်းရွာမှာ တည်းမယ်ဆိုတော့ သူကလေး အိမ်တစ်အိမ်ပဲ တည်းဖို့ ရှိတယ်ဆိုတာ ခင်ဗျားလည်း အသိသား မဟုတ်လား။ သူကလေးကလည်း အိမ်ဆောက်ပြီးစ၊ အိမ်တက် မင်္ဂလာတော့ မလုပ်ရသေးဘူး၊ သူကလေး ကတော့ ရေမျောပါသွားတဲ့ အိမ်ဟောင်းမြေရာနားမှာ တဲထိုးပြီး ဆိုင်ခင်းနေ တယ်၊ သို့သော်လည်း ကျွန်တော့်ကို သူ့အိမ်သစ်မှာ နေရာချပေးတယ်၊ ဒါနဲ့ ကျွန်တော်ကလည်း နောက်တော်ပါ မောင်ဏကြီးကို အဲဒီ အိမ်သစ်မှာပဲ အိပ်ရာ ပြင်ခိုင်းရတာကိုး။ အဲဒီည ဆယ်အိမ်ခေါင်း၊ သမာဓိ၊ သူကြီးတို့နဲ့ စကားလက်ဆုံ ကျနေတော့ ညအိပ်ခါနီးမှပဲ အိမ်သစ်ကို ရောက်တော့တာပဲ။

"ရောက်ရောက်ချင်းပဲ အိမ်အောက်မှာ ရေမိုးချိုးပြီး အိမ်ပေါ်တက် သွားတော့ အမယ်လေး.... မပြောပါရစေနဲ့ ကိုဖိုးထင်။

လာပြန်ပြီ ကိုဖိုးထင်၊ သူတို့ရဲ့ နားထဲမှာ ဒီနာမည်ဟာ နားဝင်ချိုနေ သလား။ ကျုပ်တော့ဗျာ ဒီနာမည်ကို ခေါ်တိုင်း ခေါ်တိုင်း ကျုပ်ကို ဆဲတာလို့ အောက်မေ့တယ်။

"တကတဲ လား၊ လား၊ နှစ်ဆောင်ပြိုင် ခုတင်ကြီးနဲ့ ခေါင်းအုံးက



www.burmeseclassic.com

www.burmeseclassic.com



နှစ်လုံးစီ ယှဉ်လို့။ အမယ်လေး အိပ်ရာခင်းကလည်း ဓာနားနဲ့ဗျ။ ဓာခြင်ထောင်ကြီးကလည်း ဟိန်းလို့ပေါ့လေ။ စောင်နှစ်ထည်ကလည်း ခြေရင်းမှာ။ 'မောင်မယ်စုံအတူ စက်ရာက' ဆိုတဲ့ တေးသွားလို ဖြစ်မှ ဖြစ်ရပလေတယ်ဗျာ။ ကျွန်တော့်မျက်စိထဲမှာ ပထမတော့ လျှပ်စီးလက်သလို ဝင်းသွားပါတယ်။ နောက်တော့ ဘာကိုမျှ မမြင်ရဘူးဗျ။ နောက်တော့ သေသေချာချာ မျက်စိဖြဲကြည့်တော့ ဓာတ်မီးကြီးကလည်း တထိန်ထိန် လင်းလို့ပေါ့ဗျာ။ သီချင်းစက်ကလည်း အိပ်ရာနဲ့ မလှမ်းမကမ်းမှာပေါ့။

ဘယ်နည်းနဲ့မဆို ကိုယ့်လူတော့ ညအိပ်ရာထဲဝင်....ထဲဝင်....ထဲဝင်....တဝင်ထဲ ဝင်နေရမှာပဲ ဟူ၍ ကျွန်တော် တွေးမိလိုက်ပါသေး၏။ သို့သော် သူ့စာကို ဆက်ဖတ်ကြဦးစို့။

"ကျုပ်လည်း လေ့ကားထိပ်မှာ ရပ်ပြီး တစ်အောင့်လောက် ကြက်သေ သေနေတယ်။ ပြီးမှ အင်္ကျီအိတ်ထဲ စမ်းကြည့်လိုက်တော့ ပုတီးကလေး ပါလာတာ တွေ့တာနဲ့ ကမန်းကတန်း စိပ်လိုက်ရတော့တာပဲ။ ကလေးကလည်း ဒါဇင်၊ မော်ကတင်း တစ်ယောက်တည်းနဲ့တောင်မှ မလောက်မင ဖြစ်လို့ မြို့အုပ်တန်မဲ့ တိတ်တိတ်ကုန်ကူးနေရတယ် ဆိုတာ ခင်ဗျားလည်း အသိသားပဲ။ ဒီအထဲမှာ ခင်ဗျားရဲ့ 'မောင့်ကိုသာပင်' ကြီးကို ကျုပ် ဘယ့်နှယ်လုပ်ပြီး ဟာဗှာ ပြုရမှာတုံး။

သူ့စာက ငိုသံပါကြီးနဲ့-

"အဲသလို တစ်အောင့်လောက် တွေတွေကြီး ရပ်ကြည့်ပြီးတဲ့နောက် ကျုပ်လည်းပဲ ချာခနဲလှည့်ကာ လှေကားကို နှစ်ထစ်ကျော် သုံးထစ် လှမ်းဆင်းပြီး လစ်ခဲ့ရပေသဗျို့"

အင်း....လစ်ခဲ့ရပေသဗျို့၊ ပေသဗျို့၊ ပေသဗျို့၊ အပ်ကြောင်းကတယ်လည်း ထစ်သကိုး။

ကျွန်တော် စာကို ရှေ့သို့ ဆက်မဖတ်နိုင်ပြီ၊ မြို့အုပ်မင်းကို သနားရမလား၊ သူကလေးကို သနားရမလား။





သူကလေး၏အသက်မှာ ငယ်သေးသည်ဟု ဆိုရမှာကလည်း ဘယ်နည်းနှင့်မဆို အသက် ၂၁ နှစ်ထက် မငယ်နိုင်။ ကျွန်တော်က အသက်အစိတ်ပါး ဟူ၍ ခန့်မှန်းသည်။ သူ့ခမျာ သည်လိုပဲ ငုဲးရွှာကလေးမှာ အပျိုဟိုင်းကြီး ဘဝနှင့် အရိုးထုတ်ရတော့မည်လော။ ကျွန်တော်တို့လည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ်၊ သူလည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ်၊ ဘယ်သူမဆို ဒွိယံ ဒွိယံနှင့် စုံတွဲနေချင်ရှာပေလိမ့်မည်။ မြို့အုပ်မင်း အစဉ်အဆက်တို့သည် လာကြလေကုန်၏၊ သွားကြလေကုန်၏။ သူ့ခမျာကား အပျိုကြီးဘဝ၌ပင် ရှိပေသေးသည်။ သူ၏ရုပ်ရည် ရူပကာနှင့် ငုဲးရွှာကလေးမှာ ဟပ်၍ မရနိုင်ချေ။ သူ့ရုပ်နှင့် မြို့အုပ်ကတော်၊ နယ်ပိုင်ကတော်၊ အရေးပိုင်ကတော် ဖြစ်မည်ဆိုလည်း ဖြစ်လောက်ပါ၏။ သို့သော် တောဌ်နေရသူ ဖြစ်၍ မထင်ပေါ်ခဲ့။ သူ့အလှကို သူသာ ကြည့်၍ ပီတိဖြစ်နေရသည်။ ထိုပီတိကို သူသည် အများအား ဝေငှပေးကမ်းကာ ဝေဿန္တရာ လုပ်လိုပေမည်။

မြို့တွင်းသူ ဟူဘိမှုကား သူ၏အလှသည် လူတကာတို့၏ ပါးစပ်ဖျား၌ အနံ့တည်ပေမည်။ ထိုအခါ လူသိများလာပေမည်။ ထိုအခါ လူကြိုက်များလာပေမည်။ ထိုအခါ လင်တစ်ယောက်ကို သူ ခေါင်းခေါက်၍ ယူနိုင်ပေမည်။ ယခုမှာမူ မြို့အုပ်တို့သည် လာကြကုန်၏၊ သွားကြကုန်၏။ သူ့မှာကား မစွံနိုင်သေးချေ။ သူ့အလှ တည်းဟူသော ပန်းပွင့်ပေါ်၌ မြို့အုပ်ကြီးငယ် တည်းဟူသော ပျားပိတုန်းတို့သည် တဒင်္ဂ ပဟာန် လာ၍ နားကြကုန်၏။ ဝတ်ရည်ကိုယူသော ပိတုန်းမြို့အုပ်တို့လည်း ရှိကောင်း ရှိပေမည်၊ မယူဘဲ ပျံသွားသော မြို့အုပ်ပိတုန်းးတို့လည်း ရှိကောင်း ရှိပေမည်။

ကျွန်ုပ်သည် စာကို ရှေ့ချကာ ဖတ်ရင်း ကျွန်ုပ်၏ မိတ်ဆွေတော် မြို့အုပ်မင်းက လက်စွဲတော် မောင်ဖကြီးအား အိပ်ရာလိပ်ကို အထမ်းခိုင်းပြီး ဆရာတပည့်နှစ်ယောက် ငုဲးရွှာကလေးမှ နှစ်မိုင်ကွာသော မိုလ်တဲသို့ ညကြီးမင်းကြီး ခြေကျင်သုတ်ပြေးသည်ကို မြင်ယောင်မိပါသည်။

ဤခေတ်ကြီး၌ ဤကဲ့သို့သော မြို့အုပ်မျိုးကို အများသဘောအရ



www.burmeseclassic.com

www.burmeseclassic.com



"ဆန်ပြုတ်မြို့အုပ်" ဟူ၍ ခေါ်ဆိုကြပေလိမ့်မည်။ ထိုမြို့အုပ်မင်း၏ သမာဓိဂုဏ်ကို အမွှမ်းတင်မည့်သူမှာ လူနည်းစုသမားသာလျှင် ဖြစ်မည်။ အ သော မြို့အုပ်၊ န သော မြို့အုပ်၊ ဖျင်းသော မြို့အုပ် ဟူ၍သာလျှင် အများက သမုတ်ကြပေလိမ့်မည်။ လေ့ကားထိပ်ဝယ် ရပ်၍ စိပ်ပုတီးကို အတွင်စိပ်ရင်း မာရ်နတ်နှင့် ရင်ဆိုင်ကာ တိုက်ပွဲဝင်ရသော အဖြစ်သနစ်၏ အသည်းထိတ်စရာ တို့ကို ထို "ဆန်ပြုတ်မြို့အုပ်"သာလျှင် သိမည်။ သို့သော် ထိုအခက်အခဲတို့ကို ကျော်လွှန်အောင် စစ်ပွဲဝင်ခဲ့သော မြို့အုပ်မင်း၏ အောင်ခြင်းမင်္ဂလာကိုမူ အသူ့လျှင် ကောင်းချီးပေးအံ့နည်း။ အကယ်၍ ၎င်းဗျာကလေး တိုက်ပွဲ၌ မြို့အုပ်မင်းသည် စစ်ရှုံး၍၊ သူကလေး တည်းဟူသော ရန်သူ့လက်ထဲ၌ ပါသွားရသည်ဟု ဆိုဘြားအံ့။ ကျွန်ုပ်တို့၏ မြို့အုပ်မင်းသည် လူတကာ၏ တံတွေးခွက်ထဲ၌ ပက်လက်ကလေး မျော၍ နေရပေလိမ့်မည်။

ထို့ကြောင့် ယင်းသို့ ပက်လက်မမျောရအောင် မြို့အုပ်မင်းသည် စိပ်ပုတီးကို အတင်းအကျပ် ဆုပ်ကိုင်၍ လေ့ကားထစ်ကို နှစ်ထစ်တစ်လှမ်း လှမ်းကာ သုတ်ခြေတင်ခဲ့ရသော အခါ၌မူကား ကိုယ့်အဖြစ်အပျက်ကို သူများအား မပြောဝံ့သော အခြေသို့ ဆိုက်ရောက်ခဲ့ရပေသည်။ လူအ၊ လူန၊ ဆန်ပြုတ်မြို့အုပ် ဟူ၍ သမုတ်ခြင်း ခံရသည်။ ဤသည်လည်း တံတွေးခွက် ပက်လက်မျောရခြင်းပင်။ သို့ကလို မျောရမည့် အတူတူ မာတ်ပြားထဲက သီချင်းသွားလို ညအိပ်ရာထဲ ဝင်လိုက်သော် မကောင်းပါလား။

သို့သော် အမှန်မှာ ဤလောကကြီးထဲမှ တရားသည် မပျောက်ကွယ်သေးဟု ကျွန်တော် ယူဆလိုပါသေး၏။

[ ရှုမဝ၊ အောက်တိုဘာ ၁၉၄၉ ]

## ဆက်ရန် ရှိသေးသည်

…ာဘ ဟူသည် အလွန် ကြောက်စရာ ကောင်းသောမီး ဖြစ်ပေသည်။

လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော အကြောင်းသုံးပါးတွင် …ာဘသည် အရင်းခံဖြစ်သည်ဟူ၍ တရားစာများတွင် ဖော်ပြသည်။ ထို …ပကျမ်းဂန်များ၏ အဆို၌ လောဘသည် ထင်းမီးနှင့် တူသည်။ ဒေါသ …ည် ထိုမီးမြိုက်ခြင်းခံရသော ရေနွေးအိုးနှင့် တူသည်။ မောဟကား ထိုကျိုက် …ျိုက် ဆူသော ရေနွေးအိုးကြီးမှ တက်သွားသော အခိုးအငွေ့နှင့် တူသည်။ …င်းသို့ ဥပမာ ပေးသည်။ ထိုဥပမာမှာ များစွာ ဆီလျော်လှပေသည်။

လူ့သမိုင်းသည် လောဘဇော၏ သမိုင်းပင် ဖြစ်သည်။

လောဘ မရှိလျှင် လူ့သမိုင်း ဟူ၍ ပေါ်ပေါက်လာမည် မဟုတ်။ …မိုင်း မရှိသည့်နောက် လူဟူ၍လည်း ရှိနိုင်ပါဦးမည်လော။ လောဘကြောင့် …သလျှင် လူ့သမိုင်းမှာ စိုပြည်၍ နေပေသည်။ သူ့ကြောင့် ရွှေအိမ်ရွှေနန်း …ကြငှန်းများ ပေါ်ပေါက်လာရသည်။ သူ့ကြောင့် လယ်သမားအရေးတော်ပုံ …ါ်ပေါက်လာရသည်။ သူ့ကြောင့် လုပ်ကြံမှုကြီးများ ပေါ်ပေါက်လာရ …ည်။ သူ့ကြောင့် တော်လှန်ရေးများ ပေါ်ပေါက်လာရသည်။ သူ့ကြောင့် …မ္ဘာစစ်ကြီးများ ပေါ်ပေါက်လာရသည်။ သူ့ကြောင့် အဏုမြူဗုံး ပေါ်ပေါက် …ာရသည်။ သူ့ကြောင့်ပင် ကမ္ဘာလည်း ပျက်ပြုန်းရပေဦးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ စကားမျိုးကို ဒုတိယကမ္ဘာစစ် မဖြစ်မီ ၁၉၃၈ ခုနှစ် ကျွန်ုပ်ရေးမိလျှင် အပျက်ကိုသာ ရေးတတ်သူဟူ၍ အများက ကဲ့ရဲ့ကြပေလိမ့် မည်။ အဏုမြူဗုံး ခေတ်၌ကား ထိုစကားသည် ယုတ္တိရှိသော စကားဟူ လက်ခံကြပေလိမ့်မည်။ အဏုမြူလက်နက်စစ်ပွဲ ကျင်းပသည့်အခါ၌မူကာ မှန်ပေ၏ တကား ဟူ၍ အများက ပြောကြပေလိမ့်မည်။ (ဝါ) တစ်နည်းကာ အများက ပြောနိုင်ကြတော့မည် မဟုတ်။ အကြောင်းမူကား ထိုသရော်ခ မှန်ပေ၏ဟု ကျွန်ုပ်အား ချီးမွမ်းကြမည့်သူများမှာ တမလွန်ဘဝသို့ စက္ကန့်ဝ အတွင်း ရောက်သွားကြမည် ဖြစ်သောကြောင့်တည်း။

ကမ္ဘာဦးသူတို့သည် ပဒေသာပင်ခေတ်ထဲ ရောက်နေကြသူများ ဖြစ် သည်။

ဤစကားကို စာတွေ့အရ ပြောရခြင်း ဖြစ်သည်။ ငါတွေ့ ပြောရ မဖြစ်နိုင်သေးပါ။ "ငါ"ကိုယ်တိုင်တော့ တစ်ခါမျှ မတွေ့မိဖူးသေးပါ။

သို့သော် မဟာဝင်စကား အရဆိုလျှင် ကမ္ဘာကြီး စတင်ဖြစ်ပေါ်လာ စဉ်က ဗြဟ္မာကြီးတို့သည် မြေဆီမြေဥတို့ကို သူတို့ချည်းသာလျှင် လက်ဝါး ကြီး အုပ်၍ စားခဲ့ကြသည်။ စားပါများ၍ အီလာသောအခါ ဣတ္ထိဘာဝ ပုမ္ဘာဝတို့ ဖြစ်ပေါ်လာပြီးလျှင် အိမ်ထောင်သားမွေး ပြုကြသည်။ သားသမီး မြေးမြစ် တီကျွတ်တို့ ပြန့်ပွားလာသော် မြေဆီ မြေဥတို့ ပျောက်ကွယ်သွား သောကြောင့် အလိုအလျောက် ပေါက်သော သလေးစပါးကိုပင်လျှင် လူတို့ ကိုယ်တိုင် ပြုပြင်စိုက်ပျိုးခဲ့ရသည်။

ထိုခေတ်တွင် ကိုယ့်လယ် ကိုယ်လုပ်၍ ထမင်းတစ်လုတ် အေးအေး စားနိုင်သည့် အခြေသို့ ရောက်ခဲ့သော်ငြားလည်း လောဘသည် လူတို့၏ ကိုယ်ကျင့်တရားကို ဖျက်ဆီးပစ်လေသောကြောင့် ခိုးသားဓားပြ ဟူသော ပြစ်ဒဏ်ကျူးလွန်သူတို့ ပေါ်ထွန်းလာပြန်သည်။ သူခိုးဒဏ်ကို မခံနိုင်လွန်း မက မခံနိုင်သောအခါ တိုင်းသူပြည်သား လူအများသည် လူထုဆန္ဒအရ "သမ္မတ"ဟူ၍ ရွေးကောက် တင်မြှောက်ကြလေသည်။





ဤနည်းဖြင့် လောဘကို လူတို့ သတ်ကြသည်။ သို့သော် ထိုလောဘ သည် သေပါ၏လော။ သြော်....မသေသေး။

သင်း မသေနိုင်သောကြောင့် လူ့ဖြစ်စဉ်၌ တစ်ဦးတည်း အာဏာပိုင် ဘုရင့်စနစ် ပေါ်ထွန်းလာသည် မဟုတ်လော။ မဟာသမ္မတ၏ သားစဉ်မြေး ဆက်တို့သည် လူထုထံမှ ယူထားသော အာဏာတို့ကို သူတစ်ဦးတည်းပိုင် လုပ်၍ လက်ဝါးကြီးအုပ်ကာ ရေကို လည်းကောင်း၊ မြေကို လည်းကောင်း၊ ဘဝကို လည်းကောင်း စိုးမိုးချုပ်ချယ်လာလေသည်။

ထိုဘုရင်အပေါင်းတို့သည် လောဘဇော မသတ်နိုင်သောကြောင့် တဖြည်းဖြည်းနှင့် မင်းဆိုးမင်းညစ် ဘဝသို့ ရောက်ကြကုန်သည်။ ထိုအခါ မှူးကြီးမတ်ရာ သေနာပတိတို့၏ အခွင့်အရေးများကို ဘုရင်မင်းမြတ် လုပ်သူ က ကျူးကျော်စော်ကားဖန် များလတ်သော် "မင်းတိုင်ပင် အဖွဲ့"ဖြင့် အုပ်စိုး သော အခြေသို့ ရောက်အောင် မှူးကြီးမတ်ရာ သေနာပတိတို့က တိုက်ပွဲ ဆင်ကြလေကုန်သည်။

ဤတိုက်ပွဲကြီး ပြီးဆုံးသောအခါ လောဘဇောသည် ရပ်တန့်သွား ပြီးလျှင် ကမ္ဘာကြီးမှာ ငြိမ်းချမ်းသော ဘဝသို့ ရောက်သွားပါသလော။

သြော်....မရောက်သေးပါ။ **ဆက်ရန် ရှိပါသေးသည်။**

မှူးကြီးမတ်ရာ သေနာပတိတို့သည် ဘုရင်၏အာဏာစက်ကို မှီ၍ ဓာန်ယစ်ကြပြန်ပါသည်။ လောဘ၏ နှိပ်စက်ခြင်းကြောင့် ၎င်းတို့လည်း ဘစ်ကိုယ်ကောင်း ကြံကြပြန်ပါသည်။ ထိုအခါ သူဌေးသူကြွယ်တို့က လူထု ကိုယ်စား မှူးကြီးမတ်ရာ သေနာပတိတို့ထံမှ အခွင့်အရေးများကို အရတိုက်ယူ ကြပြန်ပါသည်။

ထိုအခါ အနောက်နိုင်ငံများ၌ "ပါလီမန်"ဟူသော စကားကို တွင် တွင် သုံးလာကြသည်။ ညီမျှသော အခွင့်အရေးဟု ပြောလာကြသည်။ နောက်ဆုံး၌ "ဒီမိုကရေစီ"ဟူသော ဝေါဟာရ ပေါ်လာသည်။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်၏ ပါလီမန်ကို လက်လှမ်းမီသော လူထုသာလျှင် ကောင်းစားသေးသည်။ လူထုတစ်ရပ်လုံးကား မှောက်လောင်း မှောက်လောင်းပင် ဖြစ်ရလေသည်။

ထို့နောက်၌မူကား "လူထု"ဟူ၍ လည်းကောင်း၊ "လူထုအာဏာ" ဟူ၍ လည်းကောင်း ပြောလာကြသည်။ အဘယ်ကြောင့် ထိုသို့ ပြောရသနည်း။ လူထုပိုင် ဒီမိုကရေစီ အာဏာကို လူတစ်စုက လောဘဇောနှင့် အုပ်စားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် လူထုက သူ့ခေတ်ရောက်အောင် တိုက်ယူမြဲ ဖြစ်သည်။ ထို့ကြောင့်လည်း "လူထုခေတ်" ရောက်လာရသည်။ လူထုခေတ် ရောက်၍ လောဘဇော ကိုယ်ရှိန်သတ်ပါဘိမူကား အေးကွက်နင်းပြီဟု ဆိုရပါမည်။

သို့သော် အေးကွက်နင်းပါပြီလား။

နေပါဦး၊ နေပါဦး၊ သိပ်ပြီး လောမကြီးပါနှင့်။

လူ့သမိုင်းကို ဤမျှလောက် စာကလေး တစ်ကြောင်း၊ နှစ်ကြောင်း ခြစ်၍ ပြရုံမျှနှင့် လောကနိဗ္ဗာန် တည်ထောင်ပြီးပေပြီဟု ကျွန်ုပ် မဆိုချင်သေးပါ။

လောဘနှင့် ကမ္ဘာကို တည်ခဲ့သည်။ ကမ္ဘာကြီးကို ဖျက်ရန် ဘာနှင့် ဖျက်ရမည်နည်း။

အို....မဟုတ်သေးပါဘူး၊ လောကနိဗ္ဗာန်ကြီးကိုမျှ မတည်ဆောက်ရသေးခင် အဘယ့်ကြောင့် ကမ္ဘာကြီးကို ဘာနှင့် ဖျက်ရမည်နည်းဟု မေးရပါသလဲ။

စင်စစ် ကျွန်တော်သည် စကားကိုဖောက်၍ ကျော်တက်သွားရသည့် အကြောင်းမှာ အခြား မဟုတ်ပါ။ တွေ့ဖူး၊ ကြားဖူးသော အချက်ကလေး တစ်ခုက ကျွန်တော်၏ ဦးနှောက်ထဲ ဝင်လာသောကြောင့် ဖြစ်ပါသည်။

*

၁၉၃၁ ခုနှစ် တစ်နေ့သော နံနက်ခင်းတွင် မြန်အောင်မြို့နယ်ကို ပိုင်သော မြို့အုပ်မင်းတစ်ဦးသည် "ဖွတ်"ကားကလေးကို စီးကာ ငါးပိဆိပ်နှင့် ရွှေကျင် အကြား စွန်သိုက်ရွာသို့ ခရီးထွက်ခဲ့သော ဟူသတတ်။

"ဖွတ်"ကား ဆိုသည်မှာ အင်္ဂလိပ်နာမည် "ဖို့ဒ်"ကား ဖြစ်သည်။ သို့သော် ဆီစားလွန်းသော ကားဟောင်း ကားဆွေးမို့ ခရီးစရိတ် တွက်ခြေ ကိုက်သောကြောင့် "ဖွတ်"ကား ဟူသော ဝေါဟာရသည် ပို၍ သဘာဝ ကျပေသည်။ ထို့ပြင် ထိုစကားမှာ လူထုနှင့် ဆက်စပ်သော စကားလည်း ဖြစ်သည်။

ငါးပိဆိပ်နှင့် ရွှေကျင်ရွာများကား မြန်အောင်မှ ညောင်ကျိုးသို့ ဆောက်ထားသော ရေကာတာကြီးဘေးတွင် ရှိသည့် ရွာများဖြစ်သည်။ ထိုရွာများမှ နေ၍ ဧရာဝတီ မြစ်ကမ်းဘေးသို့ ဖွတ်ကားမှ ဆင်းပြီး ခြေကျင် လျှောက်လျှင် စွန်သိုက်သို့ ရောက်နိုင်သည်။

မြို့အုပ်မင်း၏ လာရင်းကိစ္စမှာ ဧရာဝတီမြစ်ထဲရှိ မြေနုကျွန်းပေါ်များကို ရွာသားချင်း အဝေမတည့်ကြ၍ ၎င်းတို့ကို ဖျန်ဖြေနိုင်လျှင် ဖျန်ဖြေရန်၊ မဖျန်ဖြေနိုင်လျှင် အခွန်တော် ဥပဒေအရ မြေဝေငှပေးရန် ဖြစ်သည်။

လူတို့သည် သေကြကုန်၏။ ပျောက်ကြကုန်၏။ သို့သော် ဧရာဝတီ မြစ်ကြီးကား စီးမြဲ။ ယင်းသို့ စီးမြဲ စီးရင်းနှင့် ဧရာဝတီမြစ်သည် မေခနှင့် မလိခ မြစ်များမှ စ၍ တောတောင် အထပ်ထပ်၊ မြေပြင် အမျိုးမျိုးကို ဖြတ်သန်းကာ နုန်းမြေတို့ကို ယူဆောင်လာလေ့ ရှိသည်။ ထိုနုန်းမြေတို့မှာ မြစ်ဝှမ်းထဲတွင် ကြက်မ တစ်ဝပ်စာ၊ အိမ် တစ်ဆောင်စာ၊ ရွာ တစ်ရွာစာ၊ ကွင်း တစ်ကွင်းစာ ပေါ်၍လာလိုက်၊ မြုပ်၍သွားလိုက်နှင့် ဧရာဝတီ မြစ်ကြောင်းက တစ်နှစ် တစ်မျိုး ပြောင်းလဲစေသည်။

မြစ်ကြောင်း ပြောင်းလဲ၍ ရေကြောင်း ပြောင်းလဲသည်။ ရေကြောင်း ပြောင်းလဲ၍ ဧရာဝတီ သင်္ဘောလမ်းကြောင်း ပြောင်းလဲသည်။ သင်္ဘောလမ်း ကြောင်း ပြောင်းလဲ၍ မြို့နယ် နယ်နိမိတ်လည်း မြေခွန်တော် ဥပဒေနှင့်



www.burmeseclassic.com

www.burmeseclassic.com



နယ်နိမိတ်သတ် ဥပဒေအရ ပြောင်းလဲရပြန်သည်။ ထိုသဘောတရားကြောင့် စွန်သိုက်ရွာ တည့်တည့်တွင် ရှိသော မြေနုကျွန်းကြီးသည် ၁၉၃၈ ခုနှစ် မတိုင်မီက မိုးညိုမြို့နယ်မှ ပိုင်သောကျွန်း ဖြစ်ခဲ့သော်လည်း၊ ၁၉၃၉ ခုနှစ်၌မူကား မြန်အောင်မြို့နယ်၏ နယ်နိမိတ်ထဲ ဝင်လာလေသည်။

ထိုအခါ ထိန်တောမိုးညိုဘက်ကမ်းရှိ ကိုင်းသမားတို့က ၎င်းတို့သည် ထိုမြေနုကျွန်းပေါ်ကို တစ်နှစ်ဦး၍ လုပ်ကိုင်လာသည့် အတွက်ကြောင့် ၎င်းတို့သာလျှင် ဆက်လက် လုပ်ကိုင်သင့်သည်ဟု ဆိုကာ ကျွန်းပေါ်တက်၍ ကိုင်းစိုက်ကြသည်။ ထိုအခါ စွန်သိုက်ရွာသား အပေါင်းတို့ကလည်း ထိုကျွန်းမှာ မြန်အောင်မြို့အပိုင် စွန်သိုက်ကျေးရွာ နယ်မြေထဲသို့ ကျရောက်လာပြီဖြစ်၍ စွန်သိုက်ကျေးရွာနယ်မြေ ရွာသူရွာသား အပေါင်းတို့သာ လုပ်ကိုင်စားသောက်ခွင့် ရှိသည်ဟု ဆိုလာသည်။ ရွာသူ ရွာသားပေါင်း သုံးရာကျော်တို့မှာ မြေယာမရှိ ဖြစ်၍ ၎င်းတို့အား မြေခွန်တော် နည်းဥပဒေအရ ချပေးပါရန် လျှောက်ထားလေသည်။

စွန်သိုက် ရွာသားတို့၏ လျှောက်လွှာ၌ ထိန်တော မိုးညိုမှ ရွာသားများသည် မနှစ်က ထိုကျွန်းတွင် ကိုင်းလုပ်ဖူးသည် ဆိုပါသော်လည်း ၁၉၃၈ ခုနှစ် ကိုင်းခွန်တော် စည်းကြပ်ကြောင်း ပြေစာ မပြနိုင်ဟု ဆိုလေသည်။ သို့သော် ထိန်တောမိုးညိုသားတို့တွင် ပြေစာ ပြနိုင်သူ နှစ်ဆယ်၊ အစိတ်ခန့် ရှိသည်။ ထိုနှစ်ဆယ်၊ အစိတ်ခန့်သော ကိုင်းသမားတို့၏ စုစုပေါင်း လုပ်ငန်းမှာ ထိုကျွန်း၏ သုံးပုံတစ်ပုံခန့်မျှ ရှိသည်။ အကယ်၍ ထိုသုံးပုံ တစ်ပုံခန့်မျှသော မြေယာတို့ကို ၁၉၃၇ ခုနှစ်က အချိုးအတိုင်း ကိုင်းသမား အစိတ်ခန့်ကို ဆက်လက် လုပ်ကိုင်စေ၍၊ ကျန်မြေဧရိယာ သုံးပုံ နှစ်ပုံကို စွန်သိုက် ရွာသူရွာသားတို့အား ဝေငှပေးလိုက်လျှင် ကိစ္စပြီးနိုင်သည်။

သို့သော် စွန်သိုက် ရွာသူရွာသားတို့က ထိန်တော မိုးညို မြို့သားတို့လုပ်သော အရှေ့ဘက်ကမ်း မြေမှာ ပို၍နုသော မြေကောင်းဖြစ်သည်။ အနောက်ဘက်ကမ်း မြေမှာ ကုန်းကျ၍ မြေရင့်နေပြီ။ ထို့ပြင်လည်း မြေလိုသူ





များ၏ ဦးရေမှာ လူသုံးရာခန့်၊ မြေမှာကား အားလုံး ဧက လေးရာထက် မပို ဟူ၍ အရေးဆိုကြသည်။

မည်သည့် ကိစ္စမဆို လူစု၍ အရေးဆိုသော ခေတ်မျိုး၌ များရာ အနိုင်ရစတမ်းဟု ဆိုလျှင် စွန်သိုက် ရွာသူရွာသားတို့၏ အဆိုမှာ အလွန် တရားမျှတသည်ဟု ဆိုရပေမည်။ သို့သော် စွန်သိုက် ရွာသူရွာသားတို့ကား ခင်စစ်အားဖြင့် သူတစ်ပါး လုပ်ကိုင်ပြီးသော မြေကို ဝင်၍ ဝေစုခွဲသောသူများ ဖြစ်သည်။ ထိန်တောမိုးညို ရွာသားတို့က မြေနုကျွန်း ပေါ်လျှင်ပေါ်ချင်း ကိုင်းချပြီးဖြစ်သည်။ ထိုကိုင်းမြေမှ မတ်ပဲများ တစ်တောင်၊ တစ်ထွာလောက် အညှောက်ထွက်ခါမှ စွန်သိုက် ရွာသားတို့သည် လူမိုက်နောက်မှ အကြံရ ဟူသော စကားစဉ်အရ လည်းကောင်း၊ မြေတိုင်းစာရေး မြှောက်ပင့်ပေးချက်အရ လည်းကောင်း ပု စု ခရု မကျန် လူစာရင်းများကို ဖူးစကက်ခေါ် လျှောက်လွှာစာရွက် နှစ်ရွက် အပြည့်ရေး၍ လျှောက်ထားကြသည်။

ဥပဒေအရ မြေနုကျွန်းပေါ်၌ မြေတိုးခြင်း၊ မြေလျော့ခြင်း၊ နယ်နိမိတ် အကန့်အသတ် ပြောင်းခြင်းများ ရှိခဲ့လျှင် မြေအရာရှိတို့က မြေယာများကို အသစ်အသစ် ချပေးစမြဲ ဖြစ်သည်။ သို့ရာတွင် ဦးသူက ဦးသည့်အလျောက်၊ နှောင်းသူက နှောင်းသည့်အလျောက် နှစ်ဦးနှစ်ဝ အကျေအချမ်း သဘောတူ ဝေယူကြမည် ဆိုလျှင်လည်း ကိစ္စပြီးနိုင်သည်။ သို့သော်....။

အဲသည် သို့သော်ကြောင့် ခက်တာပဲ။ 'လူဆိုတာ လောဘသားပေကိုး။ လောဘသား ဆိုတော့ တရားဥပဒေက ဆိုထားသလောက် အစွမ်းကုန် ကိုယ်ရဖို့ ကိုယ်ကြည့်မှာပဲ'

ဤသို့ စွန်သိုက်ကျေးရွာသူကြီးက သူ့လူများဘက်က မျက်နှာလိုက်၍ ပြောသည်။ ပြောလည်း ပြောပေမှာပ။ မြေနု ဝေသည့်အခါ သူ့အတွက် စားပေါက်မနည်းပေ။ သူ့နာမည်၊ သူ့မိန်းမနာမည်၊ သူ့ယောက္ခမ နာမည်၊ သူ့ယောက်ဖ နာမည်၊ သူ့မိန်းမဘက်က ဦးလေး၏ အငှားသမား နာမည်၊ သူ့မိတ်ဆွေ၏ အသိ၏ မိန်းမ၏ ရေထမ်းသမား၏ နာမည်။ ကျွဲနာမည်၊



www.burmeseclassic.com

www.burmeseclassic.com



ထိုနာမည်တို့ကို စုပေါင်း၍ လျှောက်လွှာထဲတွင် သူ လျှောက်ထားသည် မဟုတ်လော။

မြို့အုပ်၏ တာဝန်မှာ ထိုမှုများပြားသော နာမည်စာရင်းတို့ကို မည်သူ သည် ကိုင်းသမား၊ မည်သူသည် ရောကျော်ဟူ၍ စစ်ဆေးရန် တာဝန်ဖြစ် သည်။ စစ်ဆေး၍ ရလျှင် ကျန်လူစာရင်းနှင့် ထိန်တောမိုးညိုသားတို့ကို ပေါင်း၍ ရှိသမျှရေိယာကို ကေဖွဲ့ပြီးလျှင် တစ်ဦးလျှင် လံတာမည်မျှဟူ၍ စာရင်းချကာ ဝေရမည်။ ကေလေးရာခန့်ကို သံကြိုးဆွဲရုံမျှနှင့်ပင် တစ်ရက် နှစ်ရက်၊ သုံးရက်နှင့် ပြီးမည့်ကိစ္စ မဟုတ်။ ပြီးစေကာမူ မြေကွက်များ ရိုက်ရဦးမည်။ မြေကွက်ရိုက်၍ ပြီးစေကာမူ မဲချရဦးမည်။ မဲချ၍ ပြီးစေကာမူ မူလကလုပ်သော ကိုင်းသမား အစိတ်၏ မြေမှ အသီးအနှံတို့၏ တန်ဖိုးကို မြေသမာဓိတို့နှင့် ညှိနှိုင်း၍ ခန့်မှန်းရဦးမည်။ ခန့်မှန်း၍ ပြီးစေကာမူ ထို ခန့်မှန်းချက်အတိုင်း လူသစ်ကိုင်းသမားက လူဟောင်းကိုင်းသမားကို လျော် ကြေး ပေးအောင် အမူစီရင်ရဦးမည်။ ဤသို့သာ ဥပဒေရှိသမျှ ကစွတ်ကင်း လျှောက် လိုက်၍ လုပ်ရမည်ဆိုလျှင် မည်သည့်ကိုင်းသမားမျှ ကိုင်းလုပ်ရန် အချိန်ရကြတော့မည် မဟုတ်။ ရုံးစရိတ်ကြောင့် ကိုင်းသမားအားလုံး မွတ်မွတ် ကြေပြီးသည့် အဆုံး၌ အဓိကရုဏ်းထဲတွင် နစ်မွန်းကြရဖို့သာ ရှိမည်။

ထို့ကြောင့် သမာသမတ်လည်း ဖြစ်စေ၊ အများလည်း ကျေနပ်စေ ဟူသော ရည်ရွယ်ချက်ဖြင့် ထိန်တောမိုးညိုသားတို့က တစ်ဖက်၊ စွန်သိုက် ရွာသားတို့က တစ်ဖက်၊ ဤနှစ်ဖက်ကို စေ့စပ်ရေးတရား ဟောရသည်။ ထိုအခါ စွန်သိုက်သူကြီးက စေ့စပ်ရေးကို ကြိုက်ပုံ မပေါ်။

'မြို့အုပ်မင်းရယ်၊ မသကာဆိုရင် ကိုယ့်မြို့နယ်ဘက်က လူတွေ အတွက် မျက်နှာလိုက်သင့် လိုက်ရတယ်။ ခုတော့ ကိုယ်တော်က မိုးညိုမြို့အုပ် ကို စကားပြောနေတာ ဘာကောင်းသလဲ' ဟူ၍ မြန်အောင်မြို့အုပ်ကို ရန်တွေ့ လေသည်။

'အင်း...သူကြီးမင်းလည်း လောဘသားကိုးဗျာ။ ဒီတော့ အရှည်ကို





ဘယ်မြင်မလဲ။ သူကြီးမင်း မြင်နေတာက တစ်ခုတည်းရယ်။ ဒါက ဘာလဲ ဆိုရင် ကျုပ်တို့က နှစ်ဦးနှစ်ဝ ကျေချမ်းအောင် လုပ်လိုက်ရင် ဒီကိစ္စ ဒီတွင် ပြီးပြီ၊ ကျုပ်မှာ အလုပ်တာဝန် အများကြီး ပေါ့သွားမယ်။ သူကြီးမင်း မြင်တာက ကျုပ် တာဝန်ပေါ့သစေချင်လို့ ပြောတယ်လို့ပဲ မြင်လိမ့်မယ်။ ကျုပ်မြင်တာက ခင်ဗျားတို့မိုးညိုနဲ့ မြန်အောင်နယ်သားတွေ အချင်းများရင်း နဲ့ပဲ ဒီနှစ် ဘယ်သူမှ ကိုင်းမလုပ်ရဘဲနဲ့ ဘယ်သူမှ မြေမရမှာ စိုးလို့ ပြောတာ။ ဒီလဟာ တန်ဆောင်မုန်းလ။ ခု ခင်ဗျားလောဘ မသတ်နိုင်တာနဲ့ နတ်တော် ကုန်တော့မယ်။ တော်တော်ကြာ ပြာသိုကျလို့လည်း ဒီအမှု မပြတ်နိုင်။ ခင်ဗျား တို့ အလိုမကျလို့ ပစ်စာပစ်တာက တစ်လလောက် အချိန်ကြာသွားလိမ့်ဦး မယ်။ ဒီလိုဆိုရင် တပို့တွဲ၊ တပေါင်းမှာ ကိုင်းထဲ ဘာပင်စိုက်လို့ ရဦးမှာလဲ'

'ကျွန်တော်မျိုးတော့ နာစရာ မရှိပါဘူး။ ဒီနှစ် ကိုင်းမစိုက်ရ နောင်နှစ် ပေါ့'

'ခင်ဗျား မနာပေမဲ့ ထိန်တောမိုးညိုသားတွေ နာကုန်မှာပေါ့'

'ဟာ၊ ဒါကတော့ တရားအတိုင်း သူ နာဖို့ဖြစ်တာ၊ ကျွန်တော်မျိုးနဲ့ ဘာဆိုင်လို့တုံး'

ဟုတ်ပေသည်။ လောဘက စကားပြောတော့ သည်အတိုင်း မှန်ပေ သည်။

ထိန်တောမိုးညိုသားကို မြန်အောင်သားက မိုက်သည်ဟု ဆိုသည်။ သို့သော် ထိန်တောမိုးညို ကိုင်းသမားများမှာ သူတစ်ပါး၏ ကျေးရွာနယ်မြေ သို့ ရောက်လာ၍လား မပြောတတ်၊ ခပ်ကုပ်ကုပ်ပင် နေကြသည်။ သူတို့ မနှစ်က လုပ်ကိုင်သော လက်ငုတ် ကိုင်းမြေပေါ်တွင် မတ်ပဲ၊ ပဲလွန်း၊ တိုင်တောင်ပဲ စသော ပဲပင်များမှာ အညွန့်များ တဝေဝေနှင့် စိမ်းလန်းစိုပြည်၍ နေသည်ကို ကြည့်ရင်း မသက်သာသော မျက်နှာနှင့် နေကြသည်။

တစ်ယောက်သော ကိုင်းသမားက–

'သူကြီးက စောစောတုန်းကတော့ မလျှောက်ဘူးဗျာ။ သူကြီးမင်း



www.burmeseclassic.com

www.burmeseclassic.com



စောစောက ကန့်ရင်လည်း (သူတို့အရပ်မှာ ကန့်ကွက်ကို ကန့်ဟု ပြောသည်) စော်စောထဲက ကျုပ်တို့လုပ်မှာ မဟုတ်ပါဘူး။ ခုတော့ဗျာ၊ သီးပင်ကလေးတွေ ဝေဆာလာတော့မှ မြေဝေပေးပါဆိုတော့၊ ကျုပ်တို့ရဲ့ ကိုင်းပြေစာဟာ အဲလကား ဖြစ်ရတော့မှာလား'ဟူ၍ ပြောသည်။

'ဒါကတော့ဗျာ ဥပဒေအတိုင်း ဖြစ်ရမှာပေါ့'

ဟူ၍ သူကြီးမင်းက ပြန်ပြောလေသည်။

'ကိုင်း....ဒီလောက် ဥပဒေစကား ပြောလှတယ်။ ဥပဒေအတိုင်းလုပ်ပေးပါ့မယ်ဗျာ။ အဲ....တစ်ခုတော့ ဘွင်းဘွင်းပြောပါရစေ၊ ကျုပ်ကတော့ စည်းကမ်းကြီးတတ်သနော်။ ဘာလုပ်လုပ် သေသေချာချာ စေ့စေ့စပ်စပ်လည်း လုပ်တတ်တယ်။ မျက်နှာလွှဲ ခဲပစ်တော့ မလုပ်တတ်ဘူး။ ကျုပ်က စေ့စပ်လွန်းအားကြီးလို့ သူကြီးတို့က မျက်စိစပါးမွေး စူးချင်လည်း စူးမှာပဲ။ ဝါးလုံးရှေးသုတ် လုပ်တတ်တဲ့လူဟာ စေ့စပ်တဲ့လူကို အမြင်ကတ်တယ်ဗျာ။ ကျုပ်တော့ ဇွန်သိုက်ရွာသားရဲ့ ကျေးဇူးကြောင့် အမြင်အကတ်တော့ ခံရမှာပဲ။ ကသိလ်ပေါ့လဗျာ'

ဟူ၍ မြန်အောင်မြို့အုပ်က သူကြီးမျက်နှာကို အကဲခတ်ရင်း ရယ်ရွှန်းပတ်ရွှန်းနှင့် ပြောလိုက်သည်။

သူကြီးကား မျက်နှာပျက်သွားသည်။ သို့သော် ဣန္ဒြေဆည်၍ တရားသဖြင့် ပြုလုပ်တတ်သူကို အလွန်ကြည်ညိုကြောင်းနှင့် မြို့အုပ်အား မြှောက်ပင့်ပြောပြန်သည်။

မြို့အုပ်လည်း အမှုစစ်ရန်အတွက် အစီအစဉ် လုပ်သည်။ ပထမ မြေပုံကို ယူ၍ ကြည့်သည်။

'အလို တယ်ဆန်းပါကလားဗျာ၊ ဟောဒီကျွန်းက အမဲမွှကျွန်းနော်။ အင်း....သူကြီးမင်းရယ်၊ ခင်ဗျားတို့ မြေနကြောင့် ဒီလိုများ ဖြစ်နေမှာလားဗျာ'

ထိုအခါ သူကြီးမင်းက 'လောဘသားတွေကိုး'ဟု ပြောပြန်ပါသည်။





'ကိုင်းဗျာ အမဲမွှကျွန်းကို ဘာ့ကြောင့် အမဲမွှကျွန်းလို့ ခေါ်သလဲ'ဟု မြို့အုပ်က တစ်ဖန် မေးပြန်သည်။

အမဲမွှကျွန်းမှာ ရွာနှစ်ရွာမှ ရွာသားနှစ်စုတို့က တစ်စုအပေါ် တစ်စုနိုင်လိုမင့်ထက်ပြု၍ အမဲမွှမြေကို လုသောကြောင့် အမဲမွှကျွန်းဟု ခေါ်သည်ဆိုသည်။ ထို့နောက် လင်းတကျွန်းသို့ ရောက်သောအခါ မြေလုရင်း တုတ်တပြက် ဓားတပြက် ထိုးခုတ်ကြသည့်အတွက် ကိုင်းသမား အသေကောင်တို့ကို လင်းတဆွဲသည့် အထိမ်းအမှတ်ဖြင့် လင်းတကျွန်းဟု ခေါ်ကြောင်းပြောပြပါသည်။ အစိုးရမြေပုံပေါ်တွင် အခေါ်အတိုင်း လင်းတဟု ရေးမှတ်သည်။

'အင်း....အတိတ်နိမိတ်ကတော့ ကောင်းပါပေရဲ့ သူကြီးမင်းရယ်။ လက်စသတ်တော့ ခင်ဗျားတို့ရွာမှာ အလုပ်အကိုင်က မြေလုစားတယ် ဆိုတဲ့ သဘောပါပဲကလား'

ဟု မြို့အုပ်သည် သူ့ဝသီအတိုင်း တဲ့တိုးကြီး ပြောလိုက်မိရာ သူကြီးမင်းမှာ ပို၍ မျက်နှာပျက်သွားလေသည်။ ထို့နောက် မြို့အုပ်သည် မြေပုံကို တစ်ဖန်ကြည့်လိုက်သောအခါ မင်နက်အစက်များဖြင့် ပြထားသော ကျွန်းတစ်ကျွန်းကို တွေ့သည်။ ထိုကျွန်းကို မြေတိုင်းဌာနက ခဲတံပြာနှင့် ကြက်ခြေခတ်ထားသည်။

'အလို ဒီကျွန်းက အဆန်းပဲဗျာ၊ ကြက်ခြေလည်း ခတ်ထားတယ်။ မြေပုံပေါ်မှာ ပြထားပေမဲ့ မြေကြီးကတော့ နေပါဦး ဟင်.... မြေကြီးကတော့ မရှိပါကလားဗျာ'

'ဘယ်ရှိနိုင်ပါ့မလဲ၊ နာမည်တောင် မမှည့်ရသေးခင် မြုပ်သွားလို့'

ဟူ၍ ကျေးရွာကော်မီတီ လူကြီးက ပြောပြန်ပါသည်။

"အင်း....တုထိသြဘာမင်္ဂလာနှင့် ပြည့်စုံတဲ့ စကားပဲ"ဟူ၍ မြို့အုပ်စိတ်ထဲတွင် ကျိတ်၍ပြောသည်။

သည်တစ်ခါ အသံထွက်၍ မပြောခြင်းမှာ သူကြီးကို အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



အားနာ၍ ဖြစ်မည်။ မြို့အုပ်၏ဝသီမှာ နည်းမကျလျှင် မကျဘူးဟု စေတနာနှင့် တဲ့တိုးပြောသော ဝသီဖြစ်၏။ တဲ့တိုးပြောရခြင်း သဘောမှာ မဟုတ်တာလုပ်လျှင် မဟုတ်တာဖြစ်မည့် အရည်ကိုမြင်၍ ပြင်ချိန်ရှိတုန်း ပြင်နိုင်ရန် ပြောသည့် သဘောပင်။ သို့သော် မဟုတ်တာဖြစ်အောင် မဟုတ်တာလုပ်လိုသူတို့အတွက် တဲ့တိုးစေတနာ ဆိုသည်မှာ ပိသာလေးနှင့် ဆေားပစ်သော စေတနာ ဟူ၍သာ အထင်မှားစရာ ဖြစ်ချေလိမ့်မည်။ ထို့ကြောင့် မြို့အုပ်သည် စကားကို လှိုးလွှဲကာ ရေမြုပ်သွားသည့် ကျွန်းအကြောင်း ဆက်မေးလေသည်။

ကျေးရွာကော်မီတီ လူကြီးမင်းသည် ရှေ့မီ နောက်မီ ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ မှတ်ဉာဏ်လည်း ကောင်းသည်။ အတွေ့အကြုံလည်း များသည်။ စွန်သိုက်ရွာ တည်စကပင်လျှင် သူ၏ မိဘများနှင့်အတူ လူပျိုဘဝက စ၍ ကိုင်းလုပ်လာသူ ဖြစ်သည်။ ယခု အသက်ခြောက်ဆယ် ကျော်ပြီ။ ကိုင်းသမားဘဝကို မစွန့်သေး။ သူ လူပျိုဘဝ အသက်နှစ်ဆယ်ကျော်က အဆိုပါ ရေမြုပ်ကျွန်းသည် သောင်ခုံအဖြစ်နှင့် ပေါ်ခဲ့သည်။ နောက်တစ်နှစ် ၎င်းသောင်ခုံသည် အနည်းငယ် နေရာရွှေ့သည်။ သို့သော် အကျယ်မှာ တစ်ကြိုးပတ်လည်လောက် ကျယ်လာသည်။ တစ်ကြိုး ဆိုသည်မှာ မြေတိုင်းသော သံကြိုးကို ခေါ်သည်။

နောက်တစ်နှစ်သို့ ရောက်သောအခါ ဧက ငါးဆယ်လောက် ကျယ်လာသော သောင်ခုံကြီး ဖြစ်လာသည်။ ထိုအခါ စွန်သိုက်နှင့်တကွ ရွာနီးချုပ်စပ်မှ ရွာသူရွာသား အပေါင်းတို့သည် ထိုကျွန်းပေါ်သို့ တက်ရောက်ကာ အလုအယက် ပဲပျိုးကြသည်။ ရွာသူရွာသား လေးငါးဆယ်ခန့်လောက် လု၍ ပျိုးကြသည်။ ဧကငါးဆယ်ကို လူငါးဆယ် ညီတူညီမျှဝေလျှင် ပြီးနိုင်၏။ သို့သော် "လောဘသားပေကိုး"။ တော်သလင်း၊ သီတင်းကျွတ်ဖြစ်၍ ဦးလျှင် ဦးသလို အတင်းစိုက်ပျိုးလျှင် နတ်တော်လ မြစ်ရေ ကျသည်ထက် ကျသွားသည့်အခါ မိမိ၏ ကိုင်းဦးကိုင်းထိပ်၌ မြေတိုးများ ရနိုင်ဦးမည် မဟုတ်လော။

ရွာသူရွာသား လေးငါးဆယ်တို့မှာ ဆူညံ ဆူညံနှင့် သူ့ထက်ငါ





ပဲကြဲကြသည်။ ဆေးပင် ချကြသည်။ တိုင်ထောင်ပဲအတွက် တိုင်ကလေးများ စိုက်ကြသည်။ တစ်ဦးနှင့်တစ်ဦး အားကျမခံ ဆဲဆို ပုတ်ခတ်စကား ပြောကြသည်။ လူတစ်ဦး၏ လောဘတစ်ခုစီကို စုယူလိုက်သောအခါ လောဘအိုးကြီးမှာ မိုးပြဒယ်ထက် အဆ အရာ အထောင်မက ကြီးမားလာသည်။ ကိုင်းသမား၏ နှလုံးဝယ် ကိန်းအောင်းနေသော လောဘမီးငွေ့တို့သည် အပြင်သို့ ကန်ထွက်သောအခါ လောဘမီးငွေ့တို့သည် ပျံ့နှံ့ကုန်သည်။

နံနက်ခင်း နေမင်းက ကျဲကျဲ။ နေမင်းသည် တဖြည်းဖြည်း အရှိန်ယူ၍ တက်လာသည်။

နေမင်းကလည်း ပူ၊ လောဘအိုးကလည်း ပူ၊ ဒေါသအိုးကလည်း ပူ။ ကောင်းကင်သို့ အပူရှိန်များ ရိပ်ရိပ်တက်သွားဟန် တူသည်။ ထိုအပူရှိန်တို့သည် ဧရာဝတီမြစ်ကြောင်းမှ ရေခိုးရေငွေ့တို့ကို ကောင်းကင်သို့ရောက်အောင် တစ်ပါတည်း ယူသွားဟန် လက္ခဏာရှိသည်။ ထို့ကြောင့် နံနက်ခင်းသာ ဆိုရသည်။ ထိုနေ့က ပူအိုက်စပ်ကြီး ဖြစ်နေသည်ဟု ကျေးရွာကော်မီတီလူကြီးက မှတ်ချက်ချသည်။

ရွာသား လေးငါးဆယ်၊ ဟိုတစ်စု ဒီတစ်စု၊ ဟိုတစ်ယောက် ဒီတစ်ယောက်၊ အလုအယက် ပျိုးကြ၍ အလုအယက် တိုင်စိုက်ကြသည်။ တစ်ဦး၏ ငန်းဦးသည် အခြားတစ်ဦး၏ ငန်းဦးသို့ လာ၍တိုက်သည်။ တစ်ဦး၏ ကိုင်းဦးထိပ်သည် အခြားတစ်ဦး၏ ကိုင်းဦးထိပ်ထဲသို့ ကျူးကျော်သွားသည်။

'ဒီမှာ ငါကြဲနေတာ မမြင်ဘူးလား၊ မင်း ဟိုဘက်ရွှေ့ပြီး ကြဲပါလား။ သူ့အမေ ....'

ဤကဲ့သို့သော ဥပဒေ နောက်ထပ်တိုးသည့် ဆဲဆိုသံတို့သည် မိုးမွှန်၍ သွားလေသည်။ ထိုအတွင်း ကောင်းကင်မှ မိုးသားများလည်း ရိပ်ရိပ် ရိပ်ရိပ် တက်လာသည်။ မိုးသားတို့သည် ရေမြုပ်ကျွန်း တည့်တည့်မတ်မတ် ရောက်သောအခါ လူထု၏ လောဘဇောတိုက်ပုံကို အသာရပ်နား၍ ကြည့်ဟန် တူသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟေ့.... မင်း မိုက်သလား၊ ချလကွာ၊ ဆော်ဟေ့'

ရွာသားနှစ်ဦး ရိုက်ကြသည်။ သူတို့ကို အခြားရွာသားများက ဝိုင်းဖျဉ်သည်။ ဖျဉ်ရင်းနှင့် နှစ်စုကွဲ၍ တုတ်၊ ဓား စသည်တို့နှင့် ထိုးကြ ခုတ်ကြပြန်သည်။

မိုးမင်းသည် သူ့အောက်က လူသားများ၏ ဖြစ်အင်ကို ကြည့်ပြီး မျက်နှာညိုလာသည်။ ထိုအတွင်း လေမင်းက ဆော်သွင်း မြှုးလိုက်သည်။ ပထမ မှန်မှန်တိုက်သည်။ သို့သော် မိုးအောက် မြေပြင်၌ မြေကြီးသြဇာများ ဖြစ်ကြသော လူဟူသော သတ္တဝါတို့ အချင်းချင်း ဆော်ထည့်နေကြသည်ကို မြင်သောအခါ လမင်းသည် မိုးသားတိမ်လိပ်တို့ကို ခေါ်ဆောင်ကာ အရှိန်ပြင်းစွာနှင့် စကြဝဠာ တံတိုင်းဘက်သို့ သုတ်ခြေတင်လေသည်။

လေမင်း ဆောင်ရာသို့ တိမ်တိုက်များ လိုက်ပါသွားသည်။ တိမ်တိုက်များ လိုက်ပါသွားရာသို့ နောက်ထပ် တိမ်ညို၊ တိမ်ပြာ၊ တိမ်ပုပ်၊ တိမ်မည်း၊ တိမ်နက်တို့က စုရုံး၍ လိုက်ကြပြန်သည်။

'တော်ကြတော့ တဲ့၊ ဟိုမှာ မိုးသက် ဆင်လာပြီ'

မိုးကြိုးသံသည် ထိုသတိပေးသံကို လွှမ်းသွားသည်။

တိမ်တိုက်တို့လည်း မသမာသော လူထုကို ကန့်ကွက်ရန် ဆန္ဒပြဖို့အတွက် စုရုံးကြပြန်သည်။

'နင်တို့ ဒီလောက်တောင် ဖြစ်လှတယ်၊ ဆော်ကြလကွာ။ ဟော ဟိုမှာ လေ့တွေလည်း ကြိုးပြတ်ပြီး မျောကုန်ပြီ'

လှေမျောတာ ဘာအရေးတုံး၊ ရန်ဖြစ်၍ ကောင်းတုန်းမှာ လှေမျော လျှင် လက်ပစ်ကူးမည်။

ဒိန်း....ဟိန်း....ဟိန်း....။

မိုးကြိုးသံ ဟိန်းသွားသည်။ မိုးဖွဲကလေးများ ကျလာသည်။ လေထန်လာသည်။ လေနှင့်မိုးနှင့် တွေ့ကြပြီ။ မြေပေါ်သားတို့၏ ဒေါသ အခိုးအငွေ့တို့သည် ကောင်းကင်သို့ တက်၍ ရိုက်လေရာ လေနှင့်မိုးတို့လည်း အစွမ်း-





ကုန် စစ်ခင်းလေတော့သည်။ ထိုအခါ ဧရာဝတီမြစ်၏ လှိုင်းတို့လည်း အငြိမ် မနေနိုင်တော့ချေ။ ဝိခေါ်အောင်မြည်သော လေဆင်နှာမောင်းသည် ဧရာဝတီမြစ်က ရေကို စုပ်၍ ကောင်းကင်မှ မိုးကို မှုတ်ထုတ်လိုက်လေသည်။ ကောင်းကင်မှ မိုးနှင့် မြစ်ထဲမှရေတို့သည် နှစ်ဦးသား ဆုံကြလေရာ ဆလက မြှောက်ထိုးပင့်ကော် လုပ်ပေးပြန်သောကြောင့် မိုး၊ ရေ၊ လေတို့သည် အချင်းချင်း ပဋိပက္ခ ဖြစ်ပြီးလျှင် လောကဓာတ်ကြီး တစ်ခုလုံးမှာလည်း ဆလာဘမှောင်၊ ဒေါသမှောင်၊ မောဟမှောင်ထဲသို့ ဝင်သွားလေသည်။

'ဟ....ဟ....သူ့အမေ.... ရေတက်လာတာ မြန်လှချည်လား။ ဟဲ့၊ ဟဲ့၊ ရေအောက်က မြေကြီးကလည်း တရှဲရှဲနဲ့ နေရာရွေ့တယ်ဟေ့။ ဟေ့၊ အောက်က မြေကြီးက နိမ့်ဆင်းသွားတယ်'

'အမယ်လေး သေပါပြီ၊ လာကြပါဦး။ ကျုပ် ကြွက်တက်ပြီး ရေနစ်နေပြီ'

'ဟဲ့....ဟဲ့၊ မြေကြီး ဘယ့်နှယ်ဖြစ်သလဲ မသိဘူး။ သဲတွေ ကိုယ်ပေါ်ပေါ်လာပြီ'

'အောင်မယ်လေးဗျာ၊ သဲတွေ ချိုင့်ဝင်ကုန်ပါပြီ'

'ဝူး.... ဝါး.... လုပ်ကြပါဦးဗျို့၊ မြေကြီးနစ်ကုန်ပြီ ထင်ပါရဲ့'

ထို့နောက် အသံများ မကွဲပြားတော့ချေ။ ကယ်ပါ၊ ယူပါ တစာစာ ဆော်သံတို့သာ ကြားရတော့သည်။ ခွေးအူသံလိုလို၊ သရဲသဘက်များ ဟစ်သံလိုလို၊ ငရဲသားများ ကြွေးကြော်သံလိုလို၊ အားလုံးသော အသံများသည် ဆလမုန်တိုင်းထဲတွင် လွင့်၍ လွင့်၍....။

'ဆွမ်းခံချိန်လောက်က စပြီး အဲသလိုပဲ လေရော၊ မိုးရော၊ လှိုင်းရော၊ သုံးဦးဆိုင် ပြိုင်ပြီး ခွပ်လိုက်ကြတာ၊ ဆွမ်းစားချိန်လည်း ရောက်ကရော.... မြစ်ထဲမှာ လင်းလာတာပဲ'

ကျေးရွာကော်မီတီ လူကြီးမင်းက ယင်းသို့ပြောရင်း လက်ဖက်ရည်ကြမ်း တစ်ကျိုက်လောက် ကျိုက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မြစ်ထဲလင်းလာလို့ ကျွန်းကြီးကို ကြည့်လိုက်တော့၊ လား....လား ဖြူလို့ ဖွေးလို့၊ လှိုင်းချည်းပဲ ကျန်တယ်။ ကျွန်းတစ်ကျွန်းလုံး ဘယ်ရောက်သွားမှန်း မသိဘူး။

ရွာသူရွာသားများ၊ သူကြီးမင်း၊ ဆယ်အိမ်ခေါင်းမင်း၊ လူကြီးမင်းများမှာ ထိုအဖြစ်အပျက်ကို ကြားရသည်နှင့် တစ်ပြိုင်နက် သက်ပြင်း ကြီးစွာ ချကြပါသည်။

မြို့အုပ်သည် နားထပ်ကောင်းစွာ မလည်သေးသောကြောင့် 'ကျွန်းကြီး ပျောက်သွားတာက ဟုတ်ပါပြီ၊ လူတွေကကောဗျာ' ဟု မေးလိုက်မိသည်။

'အော်....မြို့အုပ်မင်းနယ်၊ ကျွန်းတစ်ကျွန်းလုံး ပျောက်တဲ့နောက် လူကို ထည့်မေးနေရသေးသလား' ဟု ကျေးရွာကော်မီတီ လူကြီးက စိတ်မရှည်သော လက္ခဏာနှင့် ပြန်ပြောသည်။

ဤသည်ကို ချက်ကောင်းယူ၍ အလိုက်မသိတတ်သော မြို့အုပ်သည် စေ့စပ် ဖျန်ဖြေရေးတရားကို ဟောလိုက်သေး၏။

သို့သော်....သို့သော် လောဘ၊ လောဘ၊ ပြောလို့ မရဘူး။

ထိုစေ့စပ်ရေးသမား မြို့အုပ်မင်းသည် မင်းခယောကျ်ားတို့၏ ထုံးစံအတိုင်း တစ်မြို့မှတစ်မြို့သို့ ပြောင်းခဲ့လေ၏။ ထိုသို့ ပြောင်းရသဖြင့် တစ်မြို့မှ နှစ်မြို့၊ နှစ်မြို့မှ သုံးမြို့၊ သုံးမြို့မှ လေး ငါး ခြောက်မြို့ စသည် ရောက်ခဲ့လေ၏။

သို့သော် စစ်ကြီးဖြစ်၍ အင်္ဂလိပ်များ ပြေးသည်အထိ စွန်သိုက်ကျေးရွာ မြေနုဝေသော အမှုတွဲသည် တိုးလိုးတန်းလန်းနှင့် ကျန်ရစ်ခဲ့လေသည်။ ထိုအတွင်း မြေနု အလုအယက် စိုက်ပျိုးကြခြင်း ဓလေ့ကြောင့် ရာဇသတ် ပုဒ်မ ၃၂၃၊ ၃၂၄၊ ၃၂၅၊ ၃၂၆ ဟူ၍ အမှတ်စဉ် တပ်ထားသော ရိုက်ပွဲပေါင်း မြောက်မြားစွာတို့လည်း ဖြစ်ပွားခဲ့လေသည်။

*





လူတစ်ဦး၏ လောဘဇော အရှိန်ပြင်းသည်ဆိုလျှင် နှစ်ဦး၏ လောဘမှာ နှစ်ဆတိုးကာ အရှိန်ပြင်းဖို့ပင်။ သုံးဦးဆိုလျှင် သုံးဆတိုး၊ ဤအချိုးအတိုင်း တွက်လျှင် လူထုလောဘ ဟူရာ၌ အဆပေါင်း များစွာ....။

ယခု ကျွန်ုပ်တို့ လူထုခေတ်ထဲ ရောက်နေပြီ။ လူတစ်ဦး၏ လောဘအာကို ပြုတ်ထွက်သွားအောင် လူထုကြီး အုံကြွ၍ တိုက်နေပြီ မဟုတ်လော။ အို လောဘ၊ သင် ဘယ်လဲ၊ သင့်ကို အသေသတ်မည်။ မပြေးနှင့်၊ မပြေးနှင့်။ လက်မြှောက်တော့၊ မလွှတ်တော့ဘူး။ လူထုဆန္ဒအရ သင့်ဇိဝိန်ကို ဖြုတ်မည်။

ဤနည်းဖြင့် လောဘကို သူတို့ သတ်ကြသည် ဟူ၍ စာဆိုရှိ၏။ သို့သော် လက်တွေ့၌ လောဘသည် သေပါပြီလော....။

ဩော်.... မသေသေး၊ *ဆက်ရန် ရှိပါသေးသည်။*

[ ရှုမဝ၊ ဇွန် ၁၉၅၀ ]

www.burmeseclassic.com

www.burmeseclassic.com

## စောရနက္ခတ်

ဤအကြောင်းအရာတို့ကို ပြောပြသော ကျွန်တော်၏ မိတ်ဆွေ (၁)ရာဘက် ရာဇဝတ် တရားသူကြီးမင်းက သူ့ရုံးတွင် သုံးစွဲသော ကျမ်းစာကို ကိုင်၍ 'ဘုရားဇူးရပါစေရဲ့၊ တကယ့် အဖြစ်အပျက်ပါ'ဟု ဆိုပါသည်။

'ခင်ဗျား မယုံ မေးကြည့်၊ တစ်နေ့ကျတော့ ကျုပ်ပြောတဲ့ နယ်ကို ခင်ဗျား ပြောင်းရဦးမှာပဲ၊ အဲ.... ဟိုရောက်ရင် မြို့အုပ် ဦးသာဗျော့ဟာ ဘယ်လိုလူလဲလို့ မေးသာကြည့်ပေတော့၊ ကျုပ်ပြောတာ မမှန်ဘူးဆိုရင် တစ်ခါတည်း ကျုပ်ဆီလာပြီး ဇက်ဖြတ်လှည့်'

(၁)ရာဘက် တရားသူကြီးမင်း မှသားပြောသည်ဟု ကျွန်တော် တပ်အပ်သေချာ သာဓက မပြနိုင်စေဦးတော့၊ သူ့ကို ကျွန်တော် ဇက်မဖြတ်ရဲပါ။ ထို့ကြောင့် သူပြောသမျှကို ယုံပါသည်ဟု ကျွန်တော် "အင်း"လိုက်ခဲ့၏။ ကျွန်တော်၏ စိတ်ထဲ၌ကား (၁)ရာဘက် ရာဇဝတ် တရားသူကြီးမင်းသည် အလွန်တရာ စိတ်ကူးဆန်းကြယ်သော ပုဂ္ဂိုလ်တစ်ယောက် ဟူ၍ပင် အမှတ်ထားမိပါသည်။

အမှန်မှာ တရားသူကြီးမင်း ကိုယ်တိုင်ကလည်း သူ ပြောသည့် အချက်ကို ကျွန်တော် မယုံတစ်ဝက် ယုံတစ်ဝက်နှင့် လက်ခံနေသည်ဟု ကောင်းစွာ ရိပ်မိပါသည်။





ရိပ်မိမည် ဆိုလျှင်လည်း ရိပ်မိလောက်ပေပြီ။ ကျွန်တော်၏မိတ်ဆွေ တရားသူကြီးမင်းမှာ လုပ်သက် ဆယ့်ငါးနှစ်ကျော်ခဲ့ပြီ။ ထို့ကြောင့် မျက်နှာရိပ် မျက်နှာကဲကို သိတတ်သူ ဖြစ်သည်။ ထိုဆယ့်ငါးနှစ်မျှသော ကာလ အပိုင်း အခြားအတွင်း ဒိစတြိတ်ပေါင်း များစွာတွင်ရှိသော နယ်ပေါင်းများစွာတို့ကို လှည့်လည်လာခဲ့ပြီး ဖြစ်သည်။ ထိုကာလ အတောအတွင်း လူမျိုးစုံနှင့် တွေ့ကြုံဖူးခဲ့ပြီ။ တရားသူကြီးပီပီ စစ်စစ် ဆေးဆေး၊ မေးမေး မြန်းမြန်းနှင့် အမြဲတမ်းပင် နှစ်ဖက်စကား၊ နှစ်ဖက်နား ကြားသိနေရသူဖြစ်ရာ သူ့အဖို့ လောကတစ်ရပ်လုံးသည် ဘာမျှ ထူးဆန်းအံ့ဩဖွယ်ရာ မဟုတ်တော့ပြီ။

'ပိုက်ဆံ ခြောက်မူးနဲ့ လူသတ်တယ်ဆိုတာ အတော်ဆန်းသဗျာ့၊ ကျုပ်တို့ မြန်မာပြည်မှာတော့ ဒါမျိုး ရှိမယ် မထင်ပါဘူး'

အကယ်၍ မိတ်ဆွေက မြန်မာပြည်ကို ချစ်မြတ်နိုးသူ ပီပီ၊ မြန်မာ ပြည်၌ ဤမျှ ဆိုးသွမ်းသော ရာဇဝတ်ကောင်တို့ မရှိတန်ရာဟု အထက်ပါ အတိုင်း စိတ်ကူးနှင့် တွေးတော ပြောဆိုခဲ့ပါမူ၊ ကျွန်ုပ်၏မိတ်ဆွေ (၁)ရာဘက် တရားသူကြီးက ပိုက်ဆံ ဆယ်ပြားနှင့် လူ့အသက်ကို သတ်ခဲ့သူ တရားခံများ ကို သူ မည်သို့စစ်ဆေး၍ စက်ရှင်ရုံးသို့ တင်ခဲ့ကြောင်းများကို မိတ်ဆွေအား ပြောပြမိပေလိမ့်မည်။

သူသည် အတူးအာဏာရ တရားသူကြီး ဖြစ်လေရာ "မမြင်ဖူး ဆေး သမား၊ မကြားဖူး တရားသူကြီး" ဟူသော ဆိုရိုးစကားကဲ့သို့ အများက မကြားဖူးသော ကိစ္စတို့ကို သူသာလျှင် ဒိုင်ခံ၍ ကြားနာခဲ့ရပြီ မဟုတ်ပါလော။

ကျွန်ုပ်ထက် များစွာ အသက်ကြီး၍ လုပ်သက်ရင့်သူ တစ်ဦး၏ ပြောစကားကို မယုံကြည်ဟု ဆိုရမည် ခက်လှသည်။ ထို့ကြောင့် ကျွန်တော် က 'ယုံပါတယ်ဗျာ'ဟု ဆိုပါ၏။ သို့သော် ကျွန်တော်၏မိတ်ဆွေ (၁) ရာဘက် တရားသူကြီးက ကျွန်တော် "ယုံပါတယ်"ဆိုသည့်ဟာကို သူက မယုံသေး။

'ခင်ဗျား မယုံရင် ကျုပ်မင်းကတော်ကို မေးကြည့်လဗျာ'



www.burmeseclassic.com

www.burmeseclassic.com



သူက ဤသို့ ပြောသည်။ ကျွန်တော်ကမူ "ငါမယုံ ငါမယား မေးကြည့်"ဟူသော စကားစဉ်ကို ပြေး၍ သတိရမိသည်။ သို့သော် မင်းကတော်လုပ်သူက သူ့ခင်ပွန်းသည် ပြောပြချက်ကို အားလုံးမှန်သည်ဟု ထောက်ခံသည်။

မင်းကတော် တစ်ယောက်လုံးက ထောက်ခံနေသည့် အရာ၌ ကျွန်တော်က မယုံသင်္ကာသော မျက်နှာထားကို ပြနေလျှင် ရိုင်းရာ ကျပေမည်။ ထို့ကြောင့် (၁)ရာဘက် ရာဇဝတ်တရားသူကြီးမင်း ပြောသမျှကို ကျွန်တော် ပစ်၍ ယုံလိုက်ပါ၏။

သို့သော် ကျွန်တော်၏ နေအိမ်သို့ ရောက်သောအခါ ကျွန်တော့်မင်းကတော်ကို ပြန်၍ ဖောက်သည် ချလိုက်သည်တွင် ကျွန်တော့်မင်းကတော်က ကျွန်တော့်စကားကို ပိစိညှပ်လောက်မျှ မယုံပါ။ ထို့ကြောင့် ကျွန်တော်လည်း (၁)ရာဘက် တရားသူကြီးမင်း၏ စိတ်ကူးယဉ်သည်ကိုသာ ချီးကျူးမိပါသည်။

စင်စစ် (၁)ရာဘက် တရားသူကြီး၏ အလုပ်သည် ကဗျာဆရာတို့၏ အလုပ်ကဲ့သို့ စိတ်ကူးယဉ် အလုပ် မဟုတ်ချေ။

ကဗျာဆရာ၏ အလုပ်မှာ သူခိုးခိုးခြင်းကို အမှန်အတိုင်း မြင်ပါလျက်နှင့်လည်း သူခိုးနှင့် ခိုးခြင်း ဟူသော ဗျူပွတ်နှစ်ခု အကြားထဲတွင် စိတ်ကူးယဉ်ဆင်ခြေများကို တသီကြီး ကြားညှပ်၍ ထည့်ကာ သူခိုးကိုပင်လျှင် အာဇာနည် ဖြစ်အောင် ဖန်တီးရသောအလုပ် ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

ထို့ကြောင့်လည်း ကဗျာဆရာအဖို့ အကျည်းတန်သော ဖားပြုပ်သည်ပင်လျှင် ရွှေစင်ရုပ်ပမာ လှမျိုးနုံလျက် ရှိနေပေမည်။ သို့သော် မိုးကျမယ်၏ ဆင်းဟန်သွင်ပြင်တို့သည်လည်း သုံးဆယ့်နှစ်ကောဋ္ဌာသ အစုအဝေးဖြစ်သော မစင်ဘင်ပုပ် ဖြစ်ကောင်း ဖြစ်ချေဦးမည်။

ယင်းသို့ တပြီးကား (၁)ရာဘက် တရားသူကြီး၏ အလုပ်သဘော၌ သူ့ရုံးရှေ့တွင် ဒေဝဒ္ဓရာ နတ်ကညာပင် ဘွားခနဲ ပေါ်လာစေကာမူ ထိုနတ်ကညာမှာ ပြည့်တန်ဆာ အကျင့်ဥပဒေအရ ပြစ်မှုထင်ရှားလျှင် ဘာမျှ ပို၍ ထူးခြားလိမ့်မည် မဟုတ်ချေ။





ဤအချက်တို့ကို ကျွန်တော် ဆင်ခြင်လိုက်သော် ကျွန်တော်၏ မိတ်ဆွေ တရားသူကြီးက ကျွန်တော့်အား စိတ်ကူးယဉ်ယဉ်နှင့် လုပ်ဇာတ်ခင်းရန် အကြောင်း ဘာမျှ မမြင်ပါ။

ကျွန်တော်သည် ပရိယေသန ဝမ်းစာအလို့ငှာ အရာရှိလောကထဲတွင် သမ်းချော်၍ ရောက်ခဲ့စဉ် မဟုတ်တန်သည်တို့ဟုတ်ခြင်း၊ ဟုတ်တန်သည်တို့ မဟုတ်ခြင်း ဟူသော ခွတီးခွတ အခြင်းအရာတို့ကို တွေ့မြင် ကြားသိခဲ့သည့် အခိုက်အတန့်၌ (၁)ရာဘက် တရားသူကြီး၏ ဆန်းပြားပွေလီသော ကိုယ်တွေ့ အခြင်းအရာတို့ကို ယုံမိသလိုလို ရှိခဲ့သော်လည်း၊ နှုတ်ခမ်းများ၌ ဆောကွတ်ကို ထား၍ နှလုံးထဲ၌ တံစဉ်ကဲ့သို့ ကောက်သော လောကထဲတွင် ကျင်လည်ခဲ့ရပြန်သော် မိတ်ဆွေ တရားသူကြီးအား "ဖြီးတာပါ"ဟု မှတ်ချက် ချမိလေသည်။

ထို တရားသူကြီးမင်း၏ အဖြီးတရားတို့ကို ကြားနာခဲ့ရပြီးနောက် ကျွန်တော်သည် အပေါ်ယံ ရွှေမှုန့်ကြဲ အထဲက နောက်ချေးခံသော လောကထဲတွင် တလိမ့်လိမ့်နှင့် လိမ့်နေစဉ် အခါတစ်ပါး၌ ထို (၁)ရာဘက် တရားသူကြီးမင်း ပြောခဲ့ဖူးသော မြို့နယ်တစ်ခုသို့ ရောက်ခဲ့ရလေသည်။

ကျွန်တော်သည် တရားသူကြီးမင်း ပြောသော မြို့အုပ် ဦးသာဗျောကို မေ့သေး။

ထို့ကြောင့် ရုံး၌ ၎င်း၏အကြောင်းကို မေးမြန်း ကြည့်မိသည်။

မြို့ပိုင်မင်း ရုံးစာရေးကြီးက ဦးသာဗျောဟူသော အမည်ကို စိပ်ပုတီးစိပ်ဘိကဲ့သို့ ထပ်ကာထပ်ကာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ပြုပါသည်။

'ဦးသာဗျော၊ ဦးသာဗျော၊ ဒီနာမည်မျိုး မကြားဖူးပေါင်'ဟု စာရေးကြီးက သူ့ကိုယ်သူ ပြန်ပြောဘိသို့ တဖွဖွ ရွတ်ဆိုသည်။

'ဟုတ်ပါတယ်ကွယ်၊ သူ တို့ကို သက်သက် ဖြီးတာပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း ကျွန်တော့်ကိုယ်ကို ကျွန်တော် ပြန်ပြောနေဘိသို့ တဖွဖွ ရွတ်ဆိုမိသည်။

တစ်နေ့သောအခါ ကျွန်တော်သည် တောထွက်ခဲ့ပါ၏။

တောထွက်ဟု ဆိုခြင်းမှာ ကျွန်တော်သည် ရှုပ်ထွေးပွေလီသော လောကလူ့ဘောင်၌ မပျော်ပိုက်၊ ငြီးငွေ့သောကြောင့် ချမ်းမြေ့သော နိဗ္ဗာန်ရွှေပြည်ကို ရည်စူးကာ ဖန်ရည်စွန်းသော သင်္ကန်းကိုဆင်မြန်း၍ ရသေ့ရဟန်းလုပ်ခြင်း မဟုတ်။ ကျွန်တော်၏အလုပ်မှာ နိဗ္ဗာန်နှင့်ဝေးသော အလုပ်ဖြစ်ရာ ကျွန်တော်၏ တောထွက်ခြင်းမှာ လူခွန်၊ မြေခွန်၊ ဂရန်ခွန်၊ လိုင်စင်ခွန်၊ ကျူးကျော်ခွန် စသည်တို့ကို မရ အရ တောင်းခံ၍ ခွဲပုံစာရင်း စစ်ခြင်း၊ ကွင်းစစ်ခြင်း၊ အမှုစစ်ခြင်း စသည့် အလုပ်အတွက် တောထွက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်၏ လောင်းလှေငယ်သည် မြစ်ဝဒေသမှသည် မြစ်ဖျားခံရာ ဒေသသို့ ဦးတည်၍ ထွက်ခဲ့ပါသည်။

တစ်ရွာနှင့် တစ်ရွာမှာ တစ်ရေ၊ နှစ်ရေဝေးသော ခရီးဖြင့် ကွာခြား၍ နေရာ မြို့အုပ်ဘဝနှင့် လောင်းလှေ စီးရသည်မှာ များစွာ ငြီးငွေ့ဖွယ် ကောင်းလှပေသည်။

တစ်ရေ ဆိုသည်မှာလည်း အခြားမဟုတ်၊ လထွက် ရေတက်ချိန်မှစ၍ လပြည့် ရေပြည့်ချိန်ကို ကျော်လွန်ကာ လဝင် ရေစစ်ချိန်အထိ ဖြစ်လေရကား တစ်ရွာမှ အခြားတစ်ရွာသို့ ရောက်ဖို့အရေးသည် အနည်းဆုံး ရှစ်နာရီကြာလေသည်။ တစ်ရေ ပြည့်ပြည့်လှော်ရသည့် အလှည့်၌ တစ်ညလုံးလုံး လှော်ကြရပေသည်။

ကောင်းကင်ပြင်၌ ဖိုးရွှေလမင်းသည် လောကဓာတ် တစ်ခုလုံးကို ပြည့်ဝကြည်လင်သော မျက်နှာဝိုင်းနှင့် ရွှန်းရွှန်းစားစား ကြည့်နေသည်။

ပဲ့ကိုင်လျက်ရှိသော ပြာတာတော်မင်းသည် ခနိုရည် ရွှမ်းစိုသော အသံဖြင့် လှိုင်ထိပ်ခေါင်တင်၏ စိန်ခြူးကြာညောင်ကို ညောင်နာနာ သီဆို





လျက် ရှိသည်။ အကယ်၍ မူရင်းစာဆိုတော် လှိုင်ထိပ်ခေါင်တင်သည်သာ လျှင် ပြာတာတော်မင်း၏ အသံကို ကြားရပါက လှိုင်ထိပ်ခေါင်တင် ခမျာမှာ သင်မျှော်လိုသော စိတ်တို့ ကုန်ခန်းဖွယ်ရာသာ ရှိပေလိမ့်မည်။

အကယ်စင်စစ် ကျွန်တော်သည်ပင်လျှင် အိမ်တွင် ကျန်ရစ်သော မင်းကတော်ကို လွမ်းကြည့်လိုသော စိတ်တို့ ကုန်ခန်းသွားမိသည်။

ကျွန်တော်သာ စိတ်ပျက်မိသည် မဟုတ်၊ လှေလှော်ရန် အငှားလိုက်သော လှေသမားနှစ်ယောက်သည်ပင်လျှင် ဘိန်းမူးရာမှ လန့်ဖျပ်၍ သွားသောကြောင့်–

'ဟေ့.... တော်စမ်းကွာ၊ မင့်အသံက ထမင်းခုနစ်ရက် မစားရတဲ့ အသံလို'ဟူ၍ ဝေဖန်သည်။

ထိုအခါ ပြာတာတော်မင်းက အရွဲ့တိုက်၍ အသံကို ခုနစ်မောင်းတင်ကာ 'ခရွေးယပင့်စသတ်ချစ်တော့ အနှစ်သာရကို ဖော်မယ်၊ ဘုရားရှိခိုးတောင် မဖြောင့်အောင် သူ နှောင့်ယှက်တယ်။ တူ့နယ်တဲ့နယ်– လဗျောင်'ဟု အော်လိုက်သောအခါ ကမ်းဘေးတစ်ဖက်တစ်ချက်၌ အိပ်တန်းတက်နေကြသော ဆကြက်၊ ဗျိုင်းအောက်၊ တစ်တီတူး၊ လင်းဝက်၊ ငဟစ်၊ ကလကတ်၊ စစ်စလီ၊ ဘင်ကျီး စသော ငှက်တို့သည် လန့်၍ ပျံကြလေသတည်း။

သို့သော် လမင်းကား အနည်းငယ်မျှ ဣန္ဒြေမပျက်ချေ။ အချိန်မှာ သန်းခေါင်ကျော် တစ်ချက်၊ နှစ်ချက်တီးလောက် ရှိပေလိမ့်မည်။ ကျွန်တော်လည်း အိပ်၍မရသည်နှင့် လူးလွန့်နေရာမှ မျက်တောင်စင်းလာရာ မည်သည့်အချိန်၌ အိပ်ပျော်သွားသည်ဟု သတိမထားမိပါ။ အိပ်မက်ထဲတွင် မြို့အုပ်မင်းဦးသာဗျောက ကျွန်တော် ကောက်ခံလာသော အခွန်တော်ငွေများကို နှိုက်ယူသဖြင့် ကျွန်တော်က ဂူးဂူးဝါးဝါးနှင့် အော်မိသည်။

ထိုဂူးဝါးသံ ကြားသော် ကျွန်တော်၏ လက်စွဲတော်မှာ ကျွန်တော့်အား လှုပ်၍ နှိုးနေသည်။

ကျွန်တော်တို့အားလုံး ညက သူကြီးအိမ် ရေဆိပ်သို့ ကြက်မတွန်ချက်

www.burmeseclassic.com



အတွန်တွင် ရောက်ကြ၍ ခရီးတစ်ထောက် နားနေကြခြင်း ဖြစ်ရာ အားလုံး မောမောနှင့်မို့ နေထန်းတစ်ဖျား သာသာမှပင် နိုးကြသည်။

ကျွန်တော်လည်း မိမိ လန့်၍အော်သော အဖြစ်အပျက်ကြောင့် ရာဇကုန္ဒြေ မပျက်တပျက် ဖြစ်သွားရာ အိပ်ရာမှ လူးလဲထ၍ သူကြီးအိမ်သို့ ရေဆင်းတံတားမှ လျှောက်၍ လာခဲ့သည်။

ထိုနေ့ နံနက်စာကို သူကြီးအိမ်၌ စားကြသည်။

နံနက်စာ စားပြီးသော် သူကြီးကတော်သည် ဖလားစုံကွမ်းအစ်ကြီးကို ကိုင်ကာ ကျွန်တော့်ရှေ့သို့ လာချသည်။

'သူကြီးကတော်၊ ကျွန်တော် ကွမ်းမစားတတ်ဘူးဗျ'ဟု ကျွန်တော်က သူကြီးကတော်အား လှမ်း၍ ပြောလိုက်သည်။

ထိုအခါ သူကြီးကတော်က သူ၏ ဖလားစုံကွမ်းအစ်ကို ပြန်ယူသွားလေသည်။

ဤအခြင်းအရာသည် ကျွန်တော့်အဖို့ ဘာမျှ မဆန်းပါ။ ကျွန်တော်က ကွမ်းမစားတတ်၊ ထို့ကြောင့် သူကြီးကတော်က ကွမ်းအစ်ကို ပြန်သိမ်းခြင်းမျှသာ ဖြစ်သည်။ သို့သော် သူကြီးမင်းကမူ သူကြီးကတော်ကို စိန်းစိန်းကြည့်သည်။ သူကြည့်ပုံမှာ ဝမ်းတွင်းက အပြစ်တင်လျက် ရှိသော ကြည့်ပုံကြည့်နည်း ဖြစ်သည်။

'မင်းကလည်းကွယ်၊ မြို့အုပ်မင်း ကွမ်းမစားတတ်ပေမဲ့ ဒီပြင် လူတွေ ကွမ်းမစားရဘူးလား။ ထားခဲ့.... ကွမ်းအစ်'

သူကြီးက သူကြီးကတော်တို ဤသို့ တိုတိုတောင်းတောင်း ကြိမ်းသည်။

ကျွန်တော်က သူကြီးကတော်ဘက် မျက်နှာလိုက်၍ 'သူကြီးမင်း နှယ်ဗျာ၊ ကွမ်းအစ်က အပိုမို့လို့ သိမ်းတဲ့ဥစ္စာ၊ သူကြီးကတော်ကို အလကား ကြိမ်းမနေပါနဲ့'ဟု ဆိုလိုက်သည်။





'အလကားပါ ကိုယ်တော်၊ သင်းက လူမြင်တိုင်း ဦးသာဗျောချည်း မှတ်နေတယ်'

'ဦးသာဗျော....'

ကျွန်တော်သည် ပါးစပ်မှ ဝေါက်ခနဲ မေးလိုက်သည်။

'ဘာ ဦးသာဗျောလဲ၊ ဘယ် ဦးသာဗျောလဲ'

ကျွန်တော်က ဘာလဲ၊ ဘယ်သူလဲ၊ ဘယ်လိုလဲ၊ ဘယ့်နှယ်ဟာလဲ ဟူသော မေးခွန်းတို့ကို ဆင့်ကဲဆင့်ကဲ မေးလိုက်သည်မှာ စက်သေနတ်ပစ်သလို တရစပ်ပင် ဖြစ်၏။

သူကြီးမင်းက ရယ်လေသည်။

'အလကားပါ ကိုယ်တော်ရယ်၊ ဘယ်ဦးသာဗျောမှ မဟုတ်ပါဘူး'ဟု သူကြီးမင်းက ဖုံးကွယ်လိုသော စိတ်ထားနှင့် ပြောကြားလိုက်သည်။

ထိုအခါ သူကြီးက ဝေါက်သဖြင့် နှုတ်ခမ်းစူနေသော သူကြီးကတော်က ဝင်၍ တောလိုက်သည်။

'ဘာအလကားလဲ၊ မင်းကတော်ကြီး ကောင်းလွန်းလို့သာ ဒီဖလားစုံဟာ ဒီကနေ့အထိ ကျန်ရစ်နေတာ။ နို့မို့ရင် မြို့အုပ်မင်း ကြွလာတဲ့အခါ ဒီကွမ်းအစ်ကို တည်နိုင်မှာတောင် မဟုတ်ဘူး'

'နေစမ်းပါကွာ၊ မင်းက လူကြီးသူကြီးနဲ့ စကားပြောနေရင် အလိုက်မသိ အားမနာ။ အလကားပါ ကိုယ်တော်၊ သူ ဒီလိုပဲ တောင်စဉ် ရေမရ စကားပြောတတ်တယ်'

သူတို့နှစ်ဦး အချီအချ စကားပြောနေကြသည်။ ကျွန်တော်မှာ မျက်စိသငယ် ဖြစ်နေသည်။

'နေကြပါဦး၊ ခင်ဗျားတို့ ယခုပြောတဲ့စကား ကျုပ် ဘာမှနားမလည်ဘူး။ ကျုပ် သိချင်တာက ဦးသာဗျောဆိုတာ ဘယ်သူလဲ၊ ဒါပဲ ကျုပ် သိချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



မြို့အုပ်တို့ မျက်စောင်း ဆိုသည်မှာ အကြောင်းသုံးပါး ရွေးချင်မှ ရွေးတတ်သည်။ ထို့ကြောင့် သူကြီးမင်းက ဖုံးကွယ်နေရာမှ ဖွင့်ပြောသည်။

'ဦးသာဗျော့ဆိုတာ ဟိုလွန်ခဲ့တဲ့ ဆယ်နှစ်ကျော် ဆယ့်ငါးနှစ်လောက် က မြို့အုပ်ကြီးပါ'

ဟာ....ဟုတ်ပြီ၊ သူပဲ၊ သူပဲ။ လက်စသတ်တော့ မြို့အုပ်ဦးသာဗျော့ အကြောင်းကို (၁)ရာဘက် တရားသူကြီးမင်း ပြောတာ အဟုတ်ပါပဲကလား။

ကျွန်တော်သည် ဤသို့ တွေးမိသည်။ ထို့ကြောင့် သူကြီးမင်းကို ကျကျနန စစ်ဆေး မေးကြည့်မည်ဟု အောက်မေ့၍ 'မြို့အုပ် ဦးသာဗျော့ ဆိုတာ ဟို.... အကျင့် မကောင်းဘူး ဆိုတဲ့ မြို့အုပ်လား'ဟု တိုက်ရိုက်ပင် မေးလိုက်မိသည်။

'ဟာ....ဟုတ်ပါဘူး ကိုယ်တော်၊ ဒီမြို့အုပ်ကြီးဟာ သဘော သကာ ယ ပြည့်ဝပါတယ်။ ဆင်းရဲသားကိုလည်း သနားညှာတာ တတ်ပါတယ်။ မဟုတ်တာလည်း မလုပ်ပါဘူး။ အသောက်အစား အလောင်းအစား ကင်းပါ တယ်။ မိန်းမတွေ မှိုလိုပေါက်အောင် ယူတတ်တဲ့ လူလည်း မဟုတ်ပါဘူး။ အသက်ကလည်း အတော်ပဲ ကြီးပါပြီ။ ခုနေခါ ရှိမှ ရှိပဦးမလား မပြောတတ် ဘူး။ ရပ်သူရွာသားတွေ အပေါ်မှာ အင်မတန် စောင့်ရှောက်တတ်ပါတယ်။ ယခု ကျွန်တော်မျိုးမှာ သူကြီးစားမြေ ရတာ သူ့ကျေးဇူးကြောင့်ပေါ့'

အလို၊ သည်လို ဆိုပြန်တော့လည်း (၁)ရာဘက်ကြီး ပြောတဲ့ ဦးသာ ဗျော့ ဟုတ်ဟန် မတူသေးဘူး။

'နို့....နေပါဦး သူကြီးကတော်ရယ်၊ မင်းကတော်ကြီး ကောင်းလွန်း လို့သာ ဒီဖလားစုံ ကွမ်းအစ်ကြီး ကျန်ရစ်တယ် ဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ ဗျာ'

'ဒါကတော့ ဒီလိုပါ' သူကြီးကတော်က ပဏာမ ခံလေသည်။

'ဒါကတော့ ဒီလိုကိုယ်တော်၊ ဒီလို....' သူကြီးက သူကြီးကတော်၏ ကိုယ်စား ဝင်စွက်သည်။





'ဖြစ်ပုံက ဒီလို ကိုယ်တော်ရဲ့။ မြို့အုပ်ကြီး ဦးသာဗျော့ဟာ တစ်မနက် ကျွန်တော်မျိုး အိမ်မှာ ဝင်တည်းတယ်။ အဲဒီတော့ ကျွန်တော်မျိုး မိန်းမက ဒီဖလားစုံ ကွမ်းအစ်ကို တည်တယ်။ ဦးသာဗျော့က ကွမ်း အင်မတန် ကြိုက် တယ်။ ဒါနဲ့ ကွမ်းအစ်ကြီး ပိုက်ပြီး တစ်ယာပြီး တစ်ယာ စားပါလေရော။ စားရင်းနဲ့ပဲ ရေ အဆင်သင့်တာနဲ့ သူ့တပည့်က ခေါ်တယ်ဘုရား။ ဒါနဲ့ ဒုယားဖာယားနဲ့ လှေဆိပ်ဆင်းတော့ ကျွန်တော်မျိုးလည်း သုတ်သီးသုတ်ပျာ နဲ့ လိုက်ပို့တယ်။ မြို့အုပ်ကြီး လှေ ထွက်သွားပြီး ဘာမျှ မကြာပါဘူး။ ကျွန်တော့်မိန်းမက ကွမ်းအစ်ကို သိမ်းမယ်လုပ်တော့ ငွေဖလားတွေ၊ ငွေ ထုံးဘူးတွေ မရှိတော့ဘူး။ ယခု ကိုယ်တော် မြင်တဲ့ အတိုင်းပဲ၊ ငွေဖလား နဲ့ ငွေထုံးဘူးက ယိုးဒယားပန်းဖောက်၊ နီပါတ်တော်ခင်းဆိုတော့ အဖိုးတန် တယ်။ အချိန်ကလည်း မနည်းဘူး၊ လေးဆယ့်နှစ်ကျပ်ခွဲယုတ် လေးတယ်'

'လေးဆယ့်နှစ်ကျပ်ခွဲသားတောင် ရှိသလား' ကျွန်တော်က နား မလည်၍ ကြားဖြတ် မေးခွန်းထုတ်သည်။

'လေးဆယ်မှာ နှစ်ကျပ်ခွဲယုတ်ဆိုတော့ သုံးဆယ်ခုနှစ်ကျပ်ခွဲသား ပေါ့။ အဲဒါနဲ့ သူကြီးကတော်မှာ မြို့အုပ်ရင့်မကြီးက ဒီလောက် လက်ဆော့ရ ပါ့မလားလို့ မကျေနိုင် မချမ်းနိုင် ဖြစ်နေတယ်။ ဒါပေမဲ့ တစ်လမှ မကြာပါ ဘူး ကိုယ်တော်၊ မြို့အုပ်ကတော်က ငွေဖလားနဲ့ ငွေထုံးဘူး မှားပါလာပါတယ် ဆိုပြီး သူ့ရုံးက သမ္မန်ပြာတာကို လွှတ်ပြီး ပြန်ပို့တယ်'

'ဟာ ဒါဖြင့် ဟုတ်ပြီ၊ ကျုပ် ကြားဖူးတဲ့ ဦးသာဗျော့ဟာ သူပဲ။ သူ့မှာ ဒီအကျင့် ရှိတယ်'

'ဟာ မဟုတ်ပါဘူး ကိုယ်တော်၊ ကျွန်တော်မျိုးမတော့ လူတစ်ဖက် သားကို ဒီလို မစွပ်စွဲလိုပါဘူး။ ထုံးဘူးနဲ့ဖလား ပျောက်တဲ့ကိစ္စမှာ ဦးသာဗျော့ လို့ ကျွန်တော်မျိုးမ တစ်ခါမျှ မထင်မိပါဘူး။ ကျွန်တော်မ ဆိုချင်တာကတော့ သူ့တပည့်တပန်းထဲက လက်ဆော့သူတွေကြောင့်လို့ ဆိုချင်တာပဲ။ နို့ပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းကတော်ကြီးက သူ့လူတွေကို အထိန်းအအုပ် ကောင်းတော့ ကျွန်တော်မ ပျောက်တဲ့ပစ္စည်း အားလုံး ပြန်ရတာပဲ’.

သူကြီးကတော်က ဤသို့ ဝင်၍ ထောက်ပြန်သည်။ သူကြီးမင်းကလည်း သူ့မိန်းမ ပြောသမျှကို ထောက်ခံသည်။

‘ကိုယ်တော့်နှယ်၊ မြို့အုပ်ရင့်မကြီး သူမျှားပစ္စည်းကို ဒီလောက်လိုချင်လှရင် ဖလားနဲ့ထုံးဘူးကိုသာ ကြံစည်မှာလား ကိုယ်တော်။ ကျွန်တော်မျိုးတို့သူကြီးဒါဘာမှာ ဆိုရင် ငွေကွမ်းအစ်၊ ငွေပေါင်ဒါဘူး၊ ငွေဓား၊ ပါကားဖောင်တိန်၊ လက်ပတ်နာရီ စုံနေတာပဲ။ ဒါတွေ မြို့အုပ်ရုံးမှာ ခေတ္တသိမ်းထားရတယ်။ ဦးသာဗျော လက်ထက်မှာ ဘာတစ်ခုမျှ မပျောက်ရှုံးပါဘူး’

သူကြီးရော သူကြီးကတော်ပါ ဦးသာဗျောဘက်မှ အတိုင်အဖောက်ညီညာစွာ ရှေ့နေလိုက်၍ နေကြပြန်ပြီ။ ထိုအခါ ကျွန်တော်က ဦးသာဗျောကိုခိုးသူကြီး ဟူ၍ ဖွတ်စွပ်စွဲနေလျှင် များစွာမှ ရိုင်းရာကျပေလိမ့်မည်။ သက်သေမလုံမလောက်နှင့် အတင်းအဓမ္မ စွပ်စွဲရန်ကား မသင့်လှချေ။

ယခု ဦးသာဗျောမှာ နာမည်တူသူ တစ်ဦးမျှသာ ဖြစ်ပေလိမ့်မည်။ သူ၏တပည့်များ မှားခဲ့ကြသောကြောင့် ဆရာဖြစ်သူ ဦးသာဗျော၏ ခေါင်းပေါ် ကျနေခြင်း ဖြစ်တန်ရာသည်။ မင်းကတော်က တော်ပေသောကြောင့် တပည့်တပန်းတို့ အသုံးမကျသည်ကို လူတကာ မသိအောင် ဣန္ဒြေဆည်နိုင်ခြင်း ဖြစ်တန်ရာသည်။

သို့သော် (၁)ရာဘက် ပြောစကားကို ကျွန်တော် မှတ်မိသရွေ့မှာ ဦးသာဗျောသည် ယခုလို ဖလားအစ၊ ထုံးဘူးအစ သူတစ်ပါးထံမှ ယူလာသည့် အခါ မင်းကတော်က ယူလာသမျှ ပစ္စည်းတို့ကို သိမ်း၍ ပိုင်ရှင်တို့အားပြန်အပ်တတ်သည်ဟုလည်း ကြားဖူးသည်။

သို့ပေမင့် ကာယကံရှင်များ ကိုယ်တိုင်က ဦးသာဗျော၏ စာရိတ္တမကျိုင် ခိုင်မြဲပုံကို ချီးကျူးနေသည့်အခါ ကျွန်တော်က သံသယရှိသင့်သည် မဟုတ်ချေ။





ကျွန်တော်၏ လောင်းလှေကလေးသည် အထက်သို့ ဆန်ရပြန်ချေပြီ။ မြစ်ဖျားသို့ ရောက်လေလေ၊ ရေစီးသန်လေလေ ဖြစ်သောကြောင့် ခရီးမှာ ပို၍ကြာပါသည်။ ပျင်းရိဖွယ်ကောင်းသော လမ်းခရီးတစ်လျှောက်၌ ဦးသာဗျော အကြောင်းရင်း အမှန်ကို သူကြီးနှင့် သူကြီးကတော်တို့ ဖုံးကွယ်ထားပေသလော၊ အမှန်အတိုင်းပင် အစစ်ရင်ခံလေသလော။ ဘယ်သင်း၊ ဘယ်ဟာကို ဘယ်လိုမှ ဝေခွဲ၍ မရနိုင်တော့ပါ။

သို့နှင့်ပင် နောက်တစ်ရွာသို့ ရောက်ပါသည်။ ထိုရွာ၌ တည်းခိုရန်အိမ်ကြီးအိမ်ကောင်း တစ်လုံးမျှ မရှိပါ။ သူကြီးမင်း၏အိမ်မှာ ရေအုန်းတိုင်ကို ထူ၍ ဓနိ... ဓနိကာ၊ ဝါးကြမ်းခင်း ဖြစ်သည်။ အိမ်မှာ လေးပင်သုံးခန်းပင်ဖြစ်သော်လည်း အိပ်ခန်းဟူ၍ မရှိ၊ မီးဖိုဟူ၍ မရှိ၊ မီးဖိုဆောင်ဟူ၍ မရှိ။ သူကြီးလင်မယား၊ သားသမီးနှင့် အောင်နက် ကုတ်ကျားတို့ပါ အတူတူကြမ်းတစ်ပြေးတည်း အိပ်ကြရသည့်အပြင် ညအခါ၌ အခင်းမရှိသော ဖိနပ်ချွတ် နေရာ မြေပြင်တွင် နွားပြာကြီးတစ်ရှဉ်းကိုလည်း ချည်နှောင်ထားရသည်။ အိမ်၌ တံခါးမရှိ။ မလုံ့ တလုံဖြစ်သော ကဲလားသုံးခုမှာ ဖရိုဖရဲနှင့်ရှိသည်။

သို့သော် ရွာထိပ်၌ အကာမရှိသော သွပ်မိုးဇရပ်တစ်ဆောင် ရှိ၏။

ထိုဇရပ်မှာ ခရီးသွား ခရီးလာတို့ တည်းခိုရာ၊ အမောအပန်း ဖြေရာနေရာဒေသ ဖြစ်ချေသည်။

ကျွန်တော်နှင့်အတူ ပြာတာတော်မင်း၊ စာရေးတော်မင်း၊ လှေထိုးသား၊ ထမင်းချက် စသည်တို့သည် ထိုဇရပ်ပေါ်သို့ တက်၍ ခရီးတစ်ထောက်နားကြသည်။

သူကြီးမင်းသည် သူ့အိမ်၌ရှိသော နွားမလိုက်စောင်များ၊ ကန့်လန့်ကာများကို အုန်းဆံကြိုးနှင့် ချည်သိုင်း၍ ဇရပ်၏ လေးဖက်လေးတန်ပတ်ဝန်းကျင်ကို ကာရံပေးခြင်းအားဖြင့် ဇရပ်ကလေးမှာ တည်းခိုချင်စရာ အိမ်ကလေး ပမာတမျှ ဖြစ်လာရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ထိုဇရပ်တွင် နှစ်နေ့နှင့် တစ်ည အိပ်ခဲ့ရပါ၏။ နေ့ခင်း နေ့လယ်အချိန်၌ ဇရပ်ပေါ်တွင် လေတဖြူးဖြူးနှင့်မို့ အလွန် အိပ်၍ကောင်းလှပေသည်။

သို့သော် နောက်တစ်နေ့၌ နေမညိုခင် ရေလှည်သင့်သည် အလျောက် မြစ်ကို စုန်ဆင်းကြရတော့မည် ဖြစ်ရကား ကျွန်တော်၏ နောက်လိုက် နောက်ပါတို့သည် အမှုတွဲကို ထမ်းသူက ထမ်း၊ ထမင်းအိုးသေတ္တာကို ချီသူက ချီ၊ အိပ်ရာလိပ်ကို မိုးသူက မိုးနှင့် အလုပ်များနေကြလေသည်။

ထိုအခါတွင်မှ သူကြီးသည် သူ၏ဆယ်အိမ်ခေါင်းနှစ်ယောက်နှင့် အတူလာ၍ စောင်များ၊ ကန့်လန့်ကာများ၊ ကော်ဇောများ၊ ဖျာများကို လာ၍ သိမ်းသည်။

'စောင်က လေးထည်ဟော့....ဟုတ်ကဲ့လား'ဟု သူကြီးက မေး၏။ ဆယ်အိမ်ခေါင်းတို့က 'ဟုတ်ပါပြီ'ဟု ပြောသည်။

'ကန့်လန့်ကာ နှစ်ချပ်၊ စေ့ရဲ့လား'

'စေ့ပြီ'

'သင်ဖြူးဖျာ ငါးချပ်'

'ငါးချပ်၊ ဟုတ်တယ်'

'သပေါ့ဖျာ သုံးချပ်'

'တစ်၊ နှစ်၊ သုံး.... စေ့ပြီ'

'မှိုင်းလုံးကော်ဇော တစ်ချပ်'

'ဟုတ်တယ်၊ တစ်ချပ်ပဲ'

'စေ့ပြီ၊ စေ့ပြီ။ ကိုင်း.... အိမ်ကို ယူသွားကြတော့'

သူကြီးက နောက်ဆုံး ဤသို့ အမိန့်ပေးသည်။

ကျွန်တော်က သူကြီး၏ စေ့စပ်သေချာပုံကို အနည်းငယ် ခံပြင်းပါသည်။





'သူကြီးနှယ်ဗျာ၊ ခင်ဗျား ပစ္စည်း စစ်တာကလည်း ငွေတိုက်မင်းကြီး စစ်တာထက် သေချာလှချည့်လား။ ကျုပ်လူတွေက ခင်ဗျားပစ္စည်း မယူပါဘူးဗျာ'

'ဟာ ကိုယ်တော်ကလည်း၊ ကိုယ်တော့်ကို ယုံပါတယ်၊ စိတ်ချပါတယ်။ ဒါပေမဲ့ မြို့အုပ်ကြီး ဦးသာဗျော လက်ထက်က စပြီး ကျွန်တော်မျိုးလည်း အကျင့်ပါနေလို့ပါ ဘုရား'

ယော၊ လာပြန်ပြီဟဲ့....ဦးသာဗျော။ ဒီတစ်ခါတော့ ဒီဦးသာဗျောဟာ ဟို ဦးသာဗျောနဲ့ပဲ တူရဲ့။

စိတ်ထဲတွင် ကျွန်တော် ဤသို့ ကျိတ်၍ တွေးပြီးလျှင် သူကြီးအား စစ်ဆေးမေးမိပြန်သည်။

'ဒီမယ်သူကြီး၊ ကျုပ် မေးမယ်.... မှန်မှန် ပြောစမ်း။ ခင်ဗျား ပြောတဲ့ ဦးသာဗျောဟာ ထုံးဘူးကလေးက အစ လစ်ရင် ယူသွားတတ်တဲ့ ဦးသာဗျောလား'

ယခု ကျွန်တော့်ရှေ့တွင် ရှိနေသော သူကြီးသည် ယောဟောဒိုင်းဒိုင်း သမားကြီး ဖြစ်သည်။ သူသည် စကားကို လိုးလွဲ၍ ပြောရန် ဝါသနာမပါ၊ အမှန်ကိုလည်း ဖုံးကွယ်မထားတတ်။

'အဲဒီ ဦးသာဗျောပေါ့ ကိုယ်တော်၊ သူလာရင် ဘာမျှ မခံနိုင်ဘူး။ ဖန်ခွက်ပျောက်၊ ပုလင်းပျောက်၊ မျက်နှာသုတ်ပဝါပျောက်နဲ့။ အင်မတန် စိတ်ညစ်စရာ ကောင်းတယ်။ ဒါပေမဲ့ ဆုံးတော့ မဆုံးပါဘူး။ နောက်ဆုံးမှာ သူ့မင်းကတော်က အားလုံးကို စာရင်းအင်းနဲ့ ပြန်ပို့လိုက်တာချည်းပါပဲ။ နို့ပေမဲ့ ကိုယ်တော်ရယ်၊ အခွန်တော်ငွေစာရင်း ရှုပ်နေချိန်မှာ ဦးသာဗျော ယူသွားတဲ့ စာရင်းကလည်း ရှုပ်လွန်းတော့ တစ်ခါတစ်ခါ စိတ်ရှုပ်မိတယ် ဘုရား။ ဒါကြောင့် မြို့အုပ်လုပ်တဲ့ ခေတ်မှာဆိုရင် သူကြီးတွေ၊ သူကြီးကတော်တွေဟာ ကိုယ့်မြို့အုပ် တောလည်လာပြီး ပြန်သွားပလား ဆိုရင် ဘာသိသူက



www.burmeseclassic.com

www.burmeseclassic.com



ဘာပါသွားပြီဆိုတာ စစ်ကြည့်ရတယ်။ အဲဒါနဲ့ ယခု ကျွန်တော်မျိုးလည်း ပစ္စည်းစာရင်းစစ်ဖို့ အကျင့်ပါနေပြီ။ ဦးသာဗျောကို မီလိုက်တဲ့ သူကြီးတိုင်းဟာ ကျွန်တော်မျိုးလိုပါပဲ ကိုယ်တော်'

ယခု သူကြီးမင်းက အမှန်ကို တစ်တစ်ခွခွ ဖွင့်ဟ ပြောပြန်သည့်အခါ ကျွန်တော်က များစွာ မယုံချင်ပါ။

ထို့ကြောင့် 'မြို့အုပ်ရင့်မကြီးနဲ့ဗျာ၊ သူများပစ္စည်း ဘာမဟုတ်တာကလေးကို ခိုးတယ်ဆိုတာ မလွန် လွန်းဘူးလားဗျာ'ဟု စောဒက တက်မိသည်။

'လွန်သလား၊ မလွန်သလားတော့ မပြောတတ်ဘူး ကိုယ်တော်ရေ။ ယခု ကျွန်တော်မျိုး စစ်တဲ့ ပစ္စည်းတွေဟာ တစ်ခါတုန်းက ဦးသာဗျော လက်ထဲကို အကုန် ပါသွားဖူးတာပဲ'

သူကြီးမင်းက ဤသို့ပြောခါမှ (၁)ရာဇဘက် တရားသူကြီးကတော် ပြောသည်ကို ပြန်သတိရမိသည်။

'အဲဒီ မြို့အုပ်ကြီးဟာ တကတဲ တစ်နေ့ကျတော့ရှင့် သူကြီးအိမ်က နွားမလိုက် စောင်တွေ၊ ကော်ဇောတွေ၊ ကန့်လန့်ကာတွေ၊ ဖျာတွေ အားလုံး သိမ်းကျုံးပြီး ယူလာသတဲ့။ အဲဒါနဲ့ မြို့အုပ်ကတော်က ဒီပစ္စည်းတွေ လှေငှားပြီး လှေနဲ့ သူကြီးအိမ် ပြန်ပို့ရသတဲ့ရှင့်။ ရှင်တို့ ကြားဖူးကြရဲ့လား။ အဲဒီ မြို့အုပ်ကြီးက စောရနက္ခတ်နဲ့ ယှဉ်ပြီးမွေးတဲ့ မြို့အုပ်တဲ့ တော့'

(၁)ရာဘက် မင်းကတော်၏ အဆုံးသတ် စကားဖြစ်သော "....တဲ့ တော့"ဟူသော ဝေါ်ကလေးမှာ ယနေ့တိုင်အောင် ကျွန်တော့်နားထဲမှာ မထွက်သေးပါ။

ကျွန်တော်သည် ဦးသာဗျော၏ ကိုယ်ရေးရာဇဝင်ကို စုံစမ်းထောက်လှမ်း ခဲ့သည်မှာ ကြာလေပြီ။ မြို့နယ်၏ အစွန်အဖျားဖြစ်သော ရွာတစ်ရွာ ရောက်ခါမှပင် ဦးသာဗျော၏ အတ္ထုပ္ပတ္တိ မူမှန်ကို တွေ့ရလေတော့သည်။ ယခုမှပင် (၁)ရာဘက် တရားသူကြီးနှင့် မင်းကတော်တို့၏ သက်သေ





အထောက်ချက်သည် တရားလို သူကြီးမင်းတို့၏ သက်သေထွက်ချက်နှင့် ကိုက်ညီပေသည်ဟု အဆုံးအဖြတ် ပေးနိုင်လေတော့သည်။

'ကိုင်း ရေအမီ ခရီးထွက်ရမှာမို့ သွားတော့မယ် သူကြီးမင်းရေ့။ ကျေးဇူးလည်း တင်ပါသဗျာ၊ ဒါပေမဲ့ ကျုပ်လှေထဲ ဘာများ ပါသွားသေးသလဲ ဆင်းပြီး စစ်ကြည့်ကြပါဦးလား'ဟု ကျွန်တော်က ခနဲ့ခနဲ့ ပြောလိုက်သည်။

'စစ်စရာ မလိုပါဘူး ကိုယ်တော်၊ ကျွန်တော်မျိုးက ဦးသာဗျော လက်ထက်ထဲက စပြီး အကျင့်ပါနေတာကို ခွင့်လွှတ်ပါ'

သူကြီးမင်းက ဤသို့ တောင်းပန်သည်။ ကျွန်တော်သည် သူကြီးမင်းကို လှေဦးမှနေ၍ လက်ယမ်းပြကာ နှုတ်ဆက်ရင်း ရာဇဏ္ဍေ မဆည်နိုင်အောင် တဟားဟားနှင့် ရယ်လိုက်ရာ တောင်သလဲပင် ထိပ်ဖျားက ချိုးနှစ်ကောင်သည် လန့်၍ ပျံလေသတည်း။

[ ရှုမဝ၊ ဒီဇင်ဘာ ၁၉၅၃ ]

www.burmeseclassic.com

www.burmeseclassic.com

# ဥပဒေ

တစ်ခုသော မြစ်ဝကျွန်းပေါ် မြို့တစ်မြို့တွင် သမ္မန်ပြာတာ ဦးမောင်ကလေး၏ နာမည်သည် မြို့နယ်၏ စတုဒိသာ ပတ်ဝန်းကျင်၌ ထင်ရှားကျော်စော ပေသည်။

မြန်မာ့ဝေါဟာရ၌ ကောင်းသတင်းကြောင့် ကျော်စောသည်လည်း ကျော်စောမည်ပေသည်၊ မကောင်းသတင်းကြောင့် ကျော်စောသည်လည်း ကျော်စော မည်ပေသည်။

ထို့ကြောင့် ထိုမြို့သို့ ပြောင်းရွှေ့လာခါစ မြို့နယ်တရားသူကြီး ဦးဖိုးခအဖို့ ဦးမောင်ကလေး၏ ကျော်စောခြင်းသည် သူ၏ ကျော်စောခြင်းနှင့် ထပ်တူထပ်မျှပင် ရှိပေလိမ့်မည်ဟု အောက်မေ့မိသည်။

ဦးဖိုးခကား နာမည်ကို ဦးဟု တပ်ထားရသော်လည်း လူကား ဦး၏ အရွယ် မဟုတ်ချေ။ ရှေးခေတ်က ဆင်ဒီကိတ် ဟူသော မြို့အုပ်စာမေးပွဲ ရှိသည်။ ထိုခေတ်တွင် ကာလကတ္တား အင်ထရင့်စ်ခေါ် တက္ကသိုလ်ဝင် စာမေးပွဲအောင်သူသည် ဆင်ဒီကိတ်စာမေးပွဲတွင် ဝင်ခွင့်ရသည်။ ဦးဖိုး ကား အညာဒေသမှ ရန်ကုန်သို့ လာရောက်၍ ရန်ကုန်အစိုးရ တန်းမြင့် ကျောင်းတွင် ပညာသင်ကြားရင်း အတန်းကုန် အောင်ခဲ့ရာ ဆင်ဒီကိတ် စာမေးပွဲ၌ ဝင်ရောက် ဆင်နွှဲခဲ့သည်။

ဦးဖိုးခအဖို့ ထိုစာမေးပွဲသည် ခဲယဉ်းလှသည် မဟုတ်။ ပညာတတ် ကောင်းသူ ဖြစ်ရကား အလွယ်တကူနှင့်ပင် အောင်လေသည်။ စာမေးပွဲ





အောင်ပြီးသည့်နောက် အထက်အညာတစ်ခွင်တွင် စတုတ္ထတန်း မြို့အုပ် အဖြစ်နှင့် အစိုးရမင်းတို့၏ တာဝန်ဝတ္တရားကို ဦးလည်မသုန် ထမ်းရွက်ခဲ့လေ သည်။

ဦးဖိုးခ၏ ဖြောင့်မတ်ခြင်း သတင်းကောင်းသည် သူ အလုပ်လုပ်ရာ ဒေသတို့၌ ပျံ့နှံ့ခဲ့သည်။ ဖြောင့်မတ်သည့်အပြင် အလုပ်ဝတ္တရားတို့ကို ဆောင် ရွက်ရာ၌ စေ့စပ် သေချာလှလေရာ အထက်လူကြီးတို့က သူ့အား အထူး မျက်စိကျခဲ့သည်။ ထို့ကြောင့်လည်း တတိယတန်း အာဏာရ မြို့အုပ်ပေါက်စ ဘဝ၌ နှစ်အနည်းငယ်မျှသာ ကျင်လည်ခဲ့ပြီးနောက် မကြာမြင့်မီပင်လျှင် ဒုတိယတန်း အာဏာရ တရားသူကြီးဘဝသို့ ရောက်ခဲ့ရပေသည်။

ထိုနှစ်၌ သူသည် စစ်ကဲတော်ကြီး တစ်ဦး၏ သမီးနှင့် ထိမ်းမြား လက်ထပ်သည်။

အချို့က သူ ဒုတိယတန်း အာဏာရသည်မှာ စစ်ကဲတော်ကြီး၏ မျက်နှာကြောင့်ဟု မလိုတမာ ဆိုကြသည်။ သို့သော် ဓာတ်သိတို့ကား ဦးဖိုးခ ၏ ဖြောင့်မတ်သော တရားစီရင်မှုကို ဒိစတြိတ် တရားသူကြီး၊ စက်ရှင် တရားသူကြီးများ သာမက ထိုခေတ်အခေါ် ဟိုက်ကုတ်ဟု ခေါ်သော တရား လွှတ်တော်ရုံးကြီးကပါ အသိအမှတ် ပြုလေရာ ဦးဖိုးခ တည်းဟူသော မြို့အုပ် ပေါက်စ၏ ဂုဏ်သတင်းကို အတွင်းဝန်ရုံးရှိ ရုံးဝန်ထောက်တို့ပင်လျှင် ဖုံးဖိ ထားခြင်းငှာ မတတ်နိုင်ဟု ဆိုကြလေသည်။

ယခုအခါ ဦးဖိုးခသည် ဒုတိယတန်း အာဏာရ မြို့နယ်တရားသူကြီး ဘဝနှင့် အဆိုပါ မြို့တွင် ရုံးစိုက်လျက် ရှိချေပြီ။ အထက် အညာတစ်ခွင်၌ သူ ဆက်ဆံခဲ့ဖူးသူ တောင်သူလယ်သမား ကျေးတောသားတို့မှာ ပကတိ ရိုးသားသူများ ဖြစ်သည်။ မင်းဆိုလျှင် ကြောက်သည်၊ ချစ်သည်၊ ရိုသေသည်။ ဟုတ်လျှင် ဟုတ်၏ဟု ပြောတတ်သည်။ ပရိယာယ်ကိုမျှပင် မသုံး။ ထို့ ကြောင့် လူဖြောင့်ကြီး ဦးဖိုးခနှင့် လေ့ကြီးထိုး ရိုးရိုးသမားတို့မှာ ပုလဲနှင့် နံ့ပ ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ရောက်ခါစ မြို့ကလေးမှာ အလွန်စည်ကားသည်။ အညာဒေသနှင့် လုံးဝမတူ။ အောက်သူအောက်သားများသည် ပိုက်ဆံရှင်သည်။ အသုံးအဖြုန်း ကြီးသည်။ ဦးဖိုးခသည် ရောက်ခါစ၌ မြို့၏အကဲကို ဤသို့သာ ခတ်မိသည်။

မြို့၏ အလုပ်အကိုင်မှာ လယ်သမားနှင့် ငါးပိသမားများသာ ဖြစ်သည်။ သို့သော် လယ်ယာလုပ်ငန်းမှာ ချစ်တီးတို့၏ လက်ဝယ် အများအပြား ရှိသည်။ မူဆလင် လူမျိုးများက ချစ်တီး၏နောက်၌ ဒုတိယလိုက်သော လယ်ပိုင်ရှင်များ ဖြစ်သည်။ မြန်မာလယ်ပိုင်ရှင် ဟူ၍ များစွာ နည်းပါးသည်။ သို့သော် မြန်မာတိုင်းရင်းသားတိုင်းမှာ ငါးပိပွဲစား အလုပ်ဖြင့် များစွာ ကြွယ်ဝချမ်းသာလျက် ရှိပေသည်။

ထိုမြို့၌ ငါးပိကို ကိုယ်တိုင် မလုပ်။ ပင်လယ်ပိုင်း မြစ်ဝကျွန်းပေါ် ဒေသမှ လာသရွေ့ ငါးပိလှေမှ ငါးပိတို့ကို တစ်ဆင့်ဝယ်၍ အထက်အညာသို့ တင်သော အလုပ်ကိုသာ လုပ်ကြသည်။ ထို့ကြောင့် ထိုမြို့၏ ဆိပ်ကမ်း၌ ငါးပိပွဲရုံတို့ တသီတတန်းကြီး စည်ကားသိုက်မြိုက်စွာ တည်ရှိပေသည်။

ဦးဖိုးခသည် အညာသားပီပီ ငါးပိအကြောင်း နားလည်သူ မဟုတ်။ ငါးပိလုပ်ငန်းနှင့် ဆက်စပ်သော ကုန်သည်တို့၏ ပရိယာယ် ဝေ၀ုစ်ကိုလည်း မသိ။ ထိုကုန်သည်တို့နှင့် ဆက်စပ်သော တရားရုံး၏ သဘာဝတ္ထုကိုလည်း သဘောမပေါက်။ မြို့နယ်ရုံး တစ်ခုလုံး၌ သူကလွဲလျှင် ပြာတာတော်မင်း ဦးမောင်ကလေးမှာ သူ့လောက်နီးနီး နာမည်ကြီးသည်ကိုသာ သိသည်။

ဦးမောင်ကလေး နာမည်ကြီးသည်မှာ ကြီးလောက်၍ ကြီးခြင်းဖြစ် ၏။ တရုတ်တန်း၌ ပိုက်ကျူးဝိုင်းထောင်သည်ကို သတင်းပေးသူမှာ ဦးမောင်ကလေးပင် ဖြစ်သည်။ ဦးဖိုးခ မြို့နယ်တရားသူကြီး (၂)၏ ရုံးတော်၊ ရာဇဝတ်မှုကြီး နံပါတ် ၉၆၊ ၂၁ တွင် တရားလို (အစိုးရ)ပြ သက်သေများ အနက် ဦးမောင်ကလေး၏ထွက်ချက်သည် ခိုင်မာသော ထွက်ချက်ဖြစ်ရာ ပိုက်ကျူးဝိုင်းထောင်သူ ပိန်ချောင်းမှာ ဒဏ်ငွေများစွာ အတပ်ခံရသည်။





အလားတူ ပြည့်တန်ဆာ အိမ်ခန်းထောင်ခြင်း၊ အရက်ချက်ခြင်း၊ ကြက်တိုက်ခြင်း စသော အမှုတို့၌လည်း သတင်းပေးသူ အနေနှင့် သော်လည်းကောင်း၊ ပုလိပ်ပြ သက်သေအဖြစ်နှင့် သော်လည်းကောင်း ပြာတာ ဦးမောင်ကလေး ပါရသည်ချည်းပင်။ သူ မပါသော အမှုတို့မှာ လျှော်၍ လျှော်၍ သွားတတ်သည်။

တစ်ခါတစ်ရံ ဦးမောင်ကလေးသည် တရားခံဘက်က သက်သေအဖြစ်နှင့် ပါဝင်သည်။ ထိုအခါများ၌ ဦးဖိုးခက ဦးမောင်ကလေးကို မျက်မှောင်ကြုတ်၍ ကြည့်မိသည်။ သို့သော် ဦးမောင်ကလေး၏ ထွက်ချက်သည် လည်းကောင်း၊ ဦးမောင်ကလေး၏ မျက်နှာရိပ် မျက်နှာကဲသည် လည်းကောင်း ဖူက်သည်ဟူ၍ မရှိခဲ့။ ထို့ကြောင့် တရားခံဘက်က ဦးမောင်ကလေး ပါသည်ဆိုလျှင် ဦးဖိုးခသည် တရားခံကို စိတ်ချလက်ချ လွှတ်နိုင်သည်။ တရားခံကို လွှတ်လိုက်သဖြင့် ဒိစတြိတ် တရားသူကြီးက အယူခံလွှာအရ လည်းကောင်း၊ စာဒကလွှာအရ လည်းကောင်း အမှုကို ပြန်လည်ခေါ်ယူ စစ်ဆေးကြည့်လိုက်လျှင် ဦးဖိုးခ ဖြောင့်ဖြောင့်မှန်မှန် တရားစစ်ဆေး ဆုံးဖြတ်သည်ကိုသာ တွေ့ရသည်။

ထို့ကြောင့် အဆိုပါမြို့သို့ ဦးဖိုးခ၏ ရာထူးနောက်တွင် ဒုတိယတန်း အာဏာကြောင့် (၂)ဟု ပြထားသော ဂဏန်းကို ပထမတန်းသို့ ရွေးရှုကာ (၁)ဟု ပြောင်းရန် အချက်တစ်ချက် ပေါ်ပေါက်လာခဲ့သည်။ အဘယ်ကြောင့် ယခုမှ ဦးဖိုးခ၏ရုံးတွင် အစိုးရက စွဲတင်သောအမှုများမှာ ရာခိုင်နှုန်းအားဖြင့် အတော်များများ ပြစ်ချက်ရသောကြောင့်ပင်။ ပြစ်ချက်ရသမျှ အမှုတွင်လည်း ပြာတာ ဦးမောင်ကလေးက သက်သေလိုက်သောကြောင့်သာလျှင် ပြစ်ချက်ရသည်က များပေသည်။

ဦးဖိုးခသည် ဟိတ်ကြီးဟန်ကြီး လုပ်တတ်သူ မဟုတ်။ သို့သော် လက်အောက်ငယ်သားတို့နှင့် များစွာ အရောမဝင်။ ခပ်မှန်မှန် နေတတ်သည်။ ပြင်ပလောက တစ်ခုလုံးကိုလည်း များစွာ ဂရုမစိုက်။ သူ၏ တရားခွင်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပ ပယောဂတို့ မလွှမ်းမိုးနိုင်စေခြင်းဌာသာ များစွာ ဂရုစိုက်သည်။ သို့ဖြစ်၍ ဦးမောင်ကလေးအား ပြာတာ အများထဲတွင် လူတော်တစ်ယောက်ဟု စိတ်၌ ကျိတ်၍ ချီးမွမ်းသော်လည်း သူ့ကို တစ်ခါဖူးမျှ အရေးမပေးချေ။ ရုံးတွင် သက်သေအဖြစ်နှင့် သူ့ကို စကားပြောသည်မှအပ အခြားနေရာ၌ သူ့ကို အရောတဝင် မလုပ်ချေ။

စင်စစ် ဦးမောင်ကလေးမှာ တရားမရုံးမှ ပြာတာ ဖြစ်လေရာ မြို့နယ်တရားသူကြီးရုံးနှင့် လက်ပွန်းတတီး ဆက်စပ်နေသည် မဟုတ်ချေ။ မြို့နယ်တရားသူကြီး အမ်နေနှင့် တရားမရုံး၏ အရေးအရာတို့ကိုလည်း ဦးဖိုးခက စိတ်မဝင်စား။ ဦးဖိုးခ စိတ်ဝင်စားသည်ကား သူ့ရုံးက အမှုတွဲသာလျှင် ဖြစ်သည်။ အမှုတွဲ၌ နေ့စဉ်မှတ်တမ်း အပြည့်အစုံ ရေး မရေး၊ နေ့စဉ်မှတ်တမ်းကို စာမျက်နှာ စီရာ၌ မှန် မမှန်၊ သက်သေထွက်ချက်၊ တရားခံထွက်ချက်၊ စွဲချက်မှတ်တမ်း၊ တရားစီရင်ချက်၊ ထောင်ချဝရမ်း၊ သက်သေခံစာရွက်စာတမ်း၊ ရှေ့နေ အာဏာလွှဲမှတ်တမ်း၊ သမ္မန်စာ၊ ဝရမ်းစာ စသည်တို့ကို သူ့စာမျက်နှာနှင့်သူ ဖိုင်တွဲ၏၊ မတွဲ၏ကို လောကရေးရာတို့ထက် ပို၍ ဂရုထားသည်။

တရား ဆိုသည်မှာ ချိန်ခွင်လျှာကဲ့သို့ ဖြောင့်မတ်ရမည် ဖြစ်သည်။ ပြင်ပ ပယောဂ ဝင်လျှင် ထိုချိန်ခွင်လျှာမှာ ဇောက်ထိုးမိုးမျှော် ဖြစ်တတ်သည်။ ထို့ကြောင့်လည်း မနုကျယ် စသော ဓမ္မသတ်တို့၏ အရင်းအမြစ်ကို ကြည့်ပါက ကမ္ဘာဦးက တရားစီရင်မှု အရာတွင် ကျော်စောခဲ့သူမှာ အသက် ခုနစ်နှစ်အရွယ် နွားကျောင်းသားကလေးမျှသာ ဖြစ်သည်။ အသက်ခုနစ်နှစ်အရွယ် နွားကျောင်းသားသည် အဘယ်မျှ တရားစီရင်နိုင်ပါသနည်း၊ စီရင်နိုင်ရန် ပညာအခြေခံ အဘယ်မျှ ရှိပါသနည်း။ ဤ၌ မနုကျယ် ဓမ္မသတ်က ပြဆိုထားသည်မှာ ထိုသူငယ်သည် ဗြဟ္မာဘဝမှ စုတေ၍ လူ့ပြည်၌ လူပြန်ဖြစ်သူဟု ဆိုပေသည်။ ဤအချက်သည် တရားစီရင်ရေး အရာ၌ ပညာ





အခြေခံ ရှိသည်ကို ပြဆိုချက်တည်း။ သို့သော် အဘယ်ကြောင့် အသက် ခုနစ်နှစ် အရွယ်မျှသာ ရှိပါသနည်း။

စင်စစ် ဤအရွယ်သည် မှန်သည်ကို မှန်၏၊ မှားသည်ကို မှား၏ဟု ဓလောက်မညာ ဆိုတတ်သော အရွယ်ဖြစ်သည်။ ဤသဘောကို တင်စား၍ အသက် ခုနစ်နှစ်အရွယ်ဟု ပညာရှိတို့က ဆိုလေသည်။

သို့သော် ဓောက်မဲ့ကြောင့် နွားကျောင်းသားက တရားသူကြီး လုပ်ရပါသနည်း။

နွားကျောင်းသားတို့၏ စရိုက်မှာ လွတ်လပ်သော စရိုက် ဖြစ်သည်။ ပြင်ပလောက၏ ဩဇာ မလွှမ်းမိုးနိုင်သော စရိုက်ဖြစ်သည်။ ထို့ကြောင့် နွားကျောင်းသား ဥပမာကို သုခမိန်တို့က ညွှန်းဆိုခဲ့ခြင်း ဖြစ်ပေသည်။

ဦးဖိုးခသည် ဤသဘော သရုပ်တို့ကို ဆန်းစစ်ကြည့်နိုင်မည့် ပုဂ္ဂိုလ်ဖြစ်သည်။ ဤသဘောကို ဆန်းစစ်ကြည့်ချင်မှ ကြည့်လိမ့်မည်ဟု ဆိုစေကာမူ အင်္ဂလိပ်စာတတ် ဦးဖိုးခသည် မျက်နှာကို အဝတ်စီးထားသည့် မိန်းမပျိုက ချိန်ခွင်လျှာ တည့်တည့်မတ်မတ်ရှိအောင် ချိန်ဆသော အနောက်နိုင်ငံသားတို့၏ တရားစောင့် နတ်ဒေဝီကို အမိပွားယ် ကောက်တတ်မည့်သူ ဖြစ်သည်။

“မင်းကြီး၊ လူတို့တွင် စီရင်ကြသည် အံကြောင်း နှစ်ပါးတည်း….။ ရှေးရှေးသော ကမ္ဘာအဆက်ဆက် မင်းလောင်းမင်းလျာတို့ ကျင့်တန်းနှင့်အညီ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော မဂ္ဂင်ရှစ်ပါးကို ယှဉ်၍ စီရင်ဆုံးဖြတ်သည်ဟု ဓမ္မသတ်ဆိုသည်။

“….ငါမင်းမြတ်သည် အစိုးရသည်တကားဟု အပိုင်အနိုင် လုယက်သိမ်း ဖျက်ဆီးခြင်း၊ သေတန်သောသူ၊ မသေတန်သောသူ၊ ဖြတ်တန်သောသူ၊ မဖြတ်တန်သောသူ၊ မလျော်တန်သောသူ၊ လျော်တန်သောသူ၊ နေရာမှ နှိမ့်တန်သောသူ၊ မနှိမ့်တန်သောသူ၊ ထိုဆိုပြီးခဲ့သမျှကို မချင့်မဆင်ခြင်းမီစီရင်



www.burmeseclassic.com

www.burmeseclassic.com



လေ့ပြုသော အရာကို ပါပသတ် ဟူသတည်း။ ။ ပါပသတ်ကို ပယ်၍ ဓမ္မသတ်နှင့် စီရင်ရာ၏။”

ဦးဖိုးခကား မနုကျယ် ဓမ္မသတ်က ပြဆိုဘိသကဲ့သို့ ဓမ္မသတ်သမား ဖြစ်အောင် ပါရမီ ဖြည့်နေသူတည်း။

တစ်နေ့သ၌ ဦးဖိုးခသည် နံနက် ၁၁ နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် တရားခွင်ပေါ်သို့ တက်လာလေသည်။

သူသည် ရှေ့တွင်ချထားသော အမှုတွဲတစ်ခုကို ကောက်၍ ကိုင်လိုက်သည်။ ခါတိုင်း၌ ရာဇဝတ် အသေးမှု၊ အကြီးမှုတို့သည် တစ်နေ့ တစ်နေ့အတွက် တစ်ဒါဇင်ထက် မနည်းခဲ့။ ယနေ့မှာမူ အမှုတစ်ခုသာ ရှိသည်။ ဦးဖိုးခက ရုံးစောစော ဆင်းနိုင်လိမ့်မည်ဟု တွေး၍ ဝမ်းမြောက်နေသည်။

‘ဒီနေ့ အိန္ဒိယ ရာဇသတ်ပုဒ်မ ၂၂၅–ခ အမှုတစ်ခုရှိတယ် ကိုယ်တော် ခေါ်လိုက်ရမလား’ ရှေ့ဖတ်စာရေးက မေးသည်။

‘အင်း၊ ခေါ်လိုက်’ ဦးဖိုးခက ဖြေ၏။

‘ဦးမောင်ကလေး’

‘ဦးမောင်ကလေးက ဘာလဲ’

‘တရားလိုပါ ဘုရား’

‘ဘယ် ဦးမောင်ကလေးလဲ’

‘ကျွန်တော်မျိုးတို့ ဦးမောင်ကလေးပါ’

မှန်၏။ ဦးမောင်ကလေးသည် ကျွန်တော်မျိုးတို့၏ ဦးမောင်ကလေး ဖြစ်၏။ ကျွန်ုပ်တို့၏ ဓာတ်လိုက်ဖြစ်၏။

တရားခွင်တွင် ဦးမောင်ကလေးသည် တရားလို ရှေ့နေ အမှတ်တစ် အဖြစ်နှင့် ခရေစေ့တွင်းကျ ထွက်ဆိုသွား၏။ သူ့ထွက်ချက်မှာ စေ့လှသည်။ ရေဝင်ပေါက် မရှိ။

‘၁၂၈....ခု....လ၊....ရက်နေ့ နံနက်ဆွမ်းခံချိန်မှာ ကျွန်တော်မျိုး ရယ်၊ သူကြီးဦးမှော်ရယ်၊ ဆယ်အိမ်ခေါင်း ဦးကြိုလိမ်ရယ်၊ အရပ်လူကြီး





ဦးခံကွန်း၊ ဦးသာဗျောတို့အတူ လေ့သမားငဆိတ်ကို ငှားပြီး တစ်ပေကုလား ကို သွားကြပါတယ်။ သွားတဲ့ကိစ္စကတော့ မြို့တရားမ တရားသူကြီးရုံး စာရိမှ နံပါတ် ၄၆၊ ၂၁ အရ ယခုရုံးတော်ရှေ့ရှိ တရားခံဖိုးညွန့်ကို ဝရမ်းစာ ချဖို့ သွားပါတယ်။ ဝရမ်းက လူဖမ်းဝရမ်းပါ။ ကျွန်တော်မျိုးတို့ ပထမ အစိန်တို့ ကုန်စုံဆိုင် ဝင်ရပါတယ်။ အဲဒီကမှ တစ်ဆင့် ကုန်စုံဆိုင်အား ဟဲတားက လျှောက်ပြီး ဖိုးညွန့်ရဲ့ လယ်တဲကို သွားပါတယ်။ တဲရှေ့ရောက် တော့ ဖိုးညွန့်ကို သူကြီးက ခေါ်လို့ ဖိုးညွန့် ဓားရှည်တစ်ချောင်းကိုင်ပြီး ထွက်လာပါတယ်။ ကျွန်တော်မျိုးက သူကြီးကို ပြောပါတယ်။ “သူ့လက်ထဲ က ဓားကို တစ်ဆိတ် ကြည့်ကြပါ။ ကျွန်တော်တော့ ဝတ္တရားအရ သူ့ကို ဖမ်းရပါလိမ့်မယ်။ သူကြီးမင်းတို့က တစ်စုံတစ်ခု ဖြစ်လာပလားဆိုရင် ဝိုင်းပြီး ကျွန်တော့်ကို ကူပါ” အဲဒီလို ကျွန်တော်မျိုးက ပြောပြီး ဖိုးညွန့် ရှိရာ သွားပါတယ်။ ဖိုးညွန့်ရဲ့ ပခုံးကို ကျွန်တော်မျိုးက ကိုင်ပြီး “ဟောဒီမှာ ဝရမ်းပါတယ်၊ မင့်ကို ငါ ဖမ်းပြီ” ကျွန်တော်မျိုးက ဒီလိုပြောတော့ ဖိုးညွန့်က စိန်းစိန်းကြည့်ပြီး “ဘာမှုနဲ့ ဖမ်းတာလဲ” အဲသလို မေးတယ်။ ကျွန်တော်မျိုး က ဝရမ်းစာမှာ ပါတဲ့ ဓာရိမှုကို နံပါတ်နဲ့တကွ ဖတ်ပြပြီး ဘာအကြောင်း ကြောင့် လူဖမ်းဝရမ်း ထုတ်ရတယ်ဆိုတာ ရှင်းပြတယ်။ ရှင်းပြလို့လည်း ပြီးရော ဖိုးညွန့်ဟာ ကျွန်တော်မျိုး လက်ကို ပုတ်ချတယ်။ “မလိုက်ဘူး၊ သတ္တိရှိရင် ဖမ်းကြည့်ပါလား” အဲသလို ပြောတယ်။ သူကြီးက အေးအေး သက်သာ အဖမ်းခံဖို့ ပြောတော့ သူကြီးကို ဓားနဲ့လိုက်တယ်။ ကျွန်တော်မျိုး လည်း ကြောက်တာနဲ့ ကမ်းနားဘက် ဆင်းပြေးတယ်။ သူကြီးလည်း ဆယ် အိမ်ခေါင်း၊ အရပ်လူကြီးများနဲ့ အတူ ပြေးရတယ်။ ကျွန်တော်တို့အားလုံး လှေဆိပ်ရောက်တော့ လှေပေါ် ခုန်တက်၊ ကြိုးဖြေ၊ လှော်ထွက်ခဲ့ရပါတယ်။ ဖိုးညွန့်က ကုန်းပေါ်က ဓားဝြပြပြီး “ရဲရင် ကပ်ခဲ့”လို့ အော်သေးတယ်။ ဒါပေမဲ့ ကြောက်တာနဲ့ သူကြီး နေရာ ဌာနကို ပြန်ခဲ့ပါတယ်’

အမှုသွားမှာ ဤမျှလောက်ပင် ဖြစ်၏။ သက်သေထွက်ချက်ကို



www.burmeseclassic.com

www.burmeseclassic.com



နိုးနိုးဒက်ဒက် ထွက်ဆိုပြီးနောက် ဦးမောင်ကလေးက သူကြီးရွာသို့ အပြန်တွင် အစိန့်ဆိုင်၌ လှေကို ခေတ္တရပ်၍ ဖိုးညွန့် စားနှင့် လိုက်သည့်အကြောင်းကို အစိန့်အား တိုင်ကြားခဲ့သေးသည်ဟု ထွက်ဆိုသည်။

သက်သေထွက်ဆိုသူက ရေရေလည်လည် ပြောတတ်လျှင် တရားသူကြီး သက်သာသည်။ ဦးမောင်ကလေး ထွက်ဆိုချက်ကို တရားသူကြီးက တစ်ဝါကျစီ လက်ရေးနှင့် လိုက်ရေးသည်ပင်လျှင် ထမင်းအိုးတစ်လုံးချက်မျှ မကြာပေ။

တရားလိုဘက်က ရှေ့နေ မရှိချေ။ ပုလိပ်ဘက်က အမှုလိုက် ရှေ့နေများ ရှိတတ်ပါ၏။ သို့သော် အမှုမှာ များစွာ နိုင်လုံနေသဖြင့် ပုလိပ်အမှုလိုက်ရှေ့နေ ပင်လျှင် ထိုနေ့က မလာတော့ပါ။

တရားခံဘက်၌လည်း ရှေ့နေ မရှိချေ။ သို့သော် တရားသူကြီးတို့၏ တာဝန်မှာ တရားခံ၏ ရသင့်ရထိုက်သော အခွင့်အရေးကို စောင့်ရှောက်ရန် တာဝန်ဖြစ်သည်။ ထို့ကြောင့် တရားခံအား 'ဘာများ မေးလိုသေးသလဲ' ဟု ဦးဖိုးခက မေးသည်။

'ကျွန်တော်မျိုးကို မတရား စွပ်စွဲတာပါ ကိုယ်တော်'

'ခင်ဗျားကြီးကို ကျုပ်က မေးပါလို့ ပြောနေတာ၊ ဆင်ခြေပေးဖို့ ပြောနေတာ မဟုတ်ဘူး'

ဦးဖိုးခက အရွယ်ခပ်ငယ်ငယ်၊ တရားခံက သူ့ထက် အသက်ခပ်ကြီးကြီး၊ ဝါရင့်သေးသော တရားသူကြီး မဟုတ်သဖြင့် ဦးဖိုးခသည် မယ်မင်း၊ မောင်မင်း၊ နင်၊ ငါ ဟူသော စကားကို မသုံးတတ်သေး။ ထို့ကြောင့် စိတ်ပေါက်ပေါက်နှင့်မို့ ခင်ဗျားကြီး ဟု ငေါ့လိုက်၏။

'ဒီ....မောင်ကလေး ဆိုတဲ့ ပြာတာဟာ ဒီမြို့မှာ အရှုပ်ဆုံးပဲ ကိုယ်တော်။ သင်း ကျွန်တော်မျိုးကို သက်သက် အမှုဆင်တာပါ'

ဦးမောင်ကလေးသည် တရားခံထက် အသက်ကြီးသည်။ နောင်လေး ငါးနှစ်လောက် ကြာလျှင်ပင် ပင်စင်ယူရတော့မည် ဖြစ်၏။ သို့သော်





တရားခံ ဦးဖိုးညွန့်၊ သို့မဟုတ် အမှုထဲ၌ ရေးမှတ်ထားသည့်အတိုင်း ဆိုလျှင် တရားခံ ဖိုးညွန့်သည် ဝယဝုမိုသော ဘာသော ညာသော မထောက်နိုင်။ သူလည်း စိတ်ပေါက်ပေါက် ရှိလာသည်နှင့် ဒေါသသံဖြင့် ပြောလေသည်။

'မေးစရာရှိရင် မေးပါ၊ အပိုတွေ ပြောမနေပါနဲ့' ဟု တရားသူကြီး ဦးဖိုးခက ငေါက်လိုက်သည်။

'ဒီလူရှုပ်ဟာ ချစ်တီးဆီက ပိုက်ဆံရလို့ သက်သက် လီဆယ်စွဲတာပါ ဘုရား။ ကျွန်တော်မျိုးမှာရှိတဲ့ လယ်ကလေးလည်း ပြုတ်ပါပြီ။ ဒါနဲ့ အားမရသို့ နောက်ထပ် လူကိုပါ ဒုက္ခရောက်အောင် လုပ်တာပါ။ ကျွန်တော်မျိုးတော့ မေးလည်း မေးတတ်ပါဘူး'

ဤသို့ တရားခံက ပြောသောအခါ တရားသူကြီးသည် တရားခံအပေါ် ကရုဏာသက်မိသည်။ သို့သော် တရားစီရင်ရာ၌ ကရုဏာသည် လည်းကောင်း၊ ဒေါသသည် လည်းကောင်း၊ ချစ်ခြင်းသည် လည်းကောင်း၊ မုန်းခြင်းသည် လည်းကောင်း ဘာမျှမဆိုင်။ ၎င်းတို့က ဝင်မစွက်ရ။ ၎င်းတို့၏ ဆန္ဒာဂတိနိုင်ငံသို့ မလိုက်ရ။ တရားလို၊ တရားခံတို့၏ အခွင့်အရေးနှင့် တရားလမ်းကြောင်း မှန် မမှန်ကိုသာ ဂရုမွေစိုက်ရမည် ဖြစ်၏။ ထို့ကြောင့် တရားသူကြီးသည် သနားစိတ်ကို ချိုးနှိမ်လိုက်၏။

တရားခံဆိုတော့ ဦးမောင်ကလေး ဆိုတဲ့ တရားလိုကို လူယုတ်မာတစ်ယောက်လို့ ပြောပေမှာပဲ။ ဒါက ထုံးစံ၊ နို့ပေမဲ့ ဦးမောင်ကလေးလို လူက ညှိုးသူရန်ဘက် မဟုတ်ဘဲနဲ့ ဘယ့်နှယ် မတရား လုပ်ပါ့မလဲ။

တရားသူကြီးက ဤသို့ စဉ်းစားမိဟန် ရှိသည်။

'မတရား စွပ်စွဲတယ် ဆိုရင်လည်း မတရား စွပ်စွဲကြောင်း သက်သေပြပါ၊ ခင်ဗျားနဲ့ ညှိုးသူရန်ဘက် ဖြစ်ဖူးသလား'

ဦးဖိုးခက တရားခံ၏ အခွင့်အရေးကို ကာကွယ်ပေးရသော တာဝန်ရှိသည့်အလျောက် မေးလိုက်ပြန်သည်။

တရားခံက သူနှင့် ဦးမောင်ကလေးမှာ ရည်းစားလုဘက် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်က ရန်စ ရှိသူလည်း မဟုတ်ပါ။ သို့သော် ဦးမောင်ကလေး
ကဲ့သို့သော "သတ္တဝါ"သည် ပိုက်ဆံရမည်ဆိုလျှင် သူ့အမေကိုပင် ...
လည်လှီးရန် ဝန်လေးမည့်သူ မဟုတ်ပါ။ ယခုကိစ္စမှာ ဦးမောင်ကလေးသည်
တရားမရုံးမှ ပြာတာဖြစ်၍ ချစ်တီးများနှင့် ဝင်ထွက်သွားလာ စားသောက်
နေသူ ဖြစ်ပါသည်။ ဓာရီမှုတွင် နိုင့်ထက်စီးနင်း လုပ်တတ်သူ ချစ်တီးနှင့်
ပေါင်း၍ ကြွေးရစရာ ရှိသည်ကို မရနိုင်သဖြင့် လူကို ဒုက္ခရောက်အောင်
ကြံဆောင်ခြင်း ဖြစ်ပါသည်ဟု ဖွဲ့နွဲ့ကာ လျှောက်ထားလေ၏။

တရားသူကြီးကား ဥပဒေ မတတ်ကျွမ်းသော တရားခံကို ဥပဒေ
အဆစ်အမြစ်တို့ဖြင့် ကာကွယ်စောင့်ရှောက်ပေးရမည့် တာဝန်ရှိသည့်အတိုင်း
'ကိုင်း ခင်ဗျားကြီး မမေးတတ်ရင် ကျုပ် မေးမယ်'ဟု ဆိုကာ တရားခံ၏
ဘက်မှ အခွင့်အရေးတို့ မဆုံးပါးရလေအောင် ပြည့်ပြည့်စုံစုံ သေသေချာချာ
မေးခွန်းထုတ်လေသည်။

မေးခွန်းထုတ်သူက ကတ်ကတ်သတ်သတ်ပင် မေးခွန်းထုတ်သည်။
ဥပမာ ဦးမောင်ကလေးတို့လူစု လှေဆိုက်စဉ်က ဘယ်တံတား၌ ဆိုက်သလဲ၊
ရင်းတံတားသည် တရုတ်ကုန်စုံဆိုင်နှင့် ဘယ်လောက်ဝေးသလဲ၊ တရုတ်
ဆိုင်ရှင်နှင့် တွေ့စဉ်က အစိန် ဘာလုပ်နေသလဲ၊ အစိန် ကုန်ချိန်နေသည်မှာ
ဘာကုန်လဲ၊ ဘယ်နှပိဿာ ချိန်နေသလဲ၊ အစိန့်ဆိုင်နှင့် တရားခံ လယ်တဲ
ဘယ်လောက်ဝေးသလဲ၊ ဆိုင်မှနေ ကြည့်လျှင် လယ်တဲ၌ ဖြစ်ပွားသော
အခြင်းအရာကို မြင်နိုင်ပါ့မလား၊ တရားခံက ဓားနှင့်လိုက်တာ ဘယ်က
စလို့ ဘယ်အထိ လိုက်သလဲ၊ သူ ပြေးလိုက်သော ခရီးသည် မည်မျှရှိသလဲ၊
ကိုက် ၂၀၀ လောက် ရှိမလား၊ အတောင်ငါးဆယ်လောက် ရှိမလား၊ အလံ
လေးဆယ် လက်တစ်ကွက်လောက် ဝေးမလား အစရှိသဖြင့် အမှုအခင်းနှင့်
ဆိုင်ရာကို တိတိကျကျ မေးသည်။

ဦးမောင်ကလေးက ဒိုးခနဲ ဒေါက်ခနဲ ဖြေသည်။ သူ့စိတ်ထဲမှာ
သေချာလာလျှင် "သေချာပါတယ်"ဟု ဖြေ၍ ဇဝေဇဝါဖြစ်ဖွယ် ရှိသည်တို့ကို





... "စိတ်အထင်"ဟု ပြောသည်။ ထို့ကြောင့် မည်သို့ မေးမေး အဖြေမှာ
...ဖိုးသွန့် ဓားဆွဲ၍ လိုက်ကြောင်း၊ ဦးမောင်ကလေးက ဝရမ်းဖမ်းရာ၌
...ည်းမျဉ်းနှင့်အညီ ဦးဖိုးသွန့်ပခုံးကို ကိုင်၍ ဝရမ်းစာ ဖတ်ပြကာ ဖမ်းကြောင်း
...လို အပေါက်ရှာ၍ မရအောင် ထွက်ဆိုသွားလေသည်။

ထိုနောက် တရားလိုပြ သက်သေများကို တစ်ယောက်ပြီး တစ်
ယောက် တရားခွင်ရှိ သက်သေဝက်ခြံထဲ သွင်းကာ စစ်လေသည်။ တရုတ်
ဆိုင်ရှင် အစိန်ကား သက်သေစာရင်းတွင် မပါ။ သူကြီး၊ ဆယ်အိမ်ခေါင်း၊
အရပ်လူကြီး ဟူသော လူစုနှင့်ပင် သက်သေ လုံလောက်လျက် ရှိချေပြီ။
သက်သေအားလုံး၏ ထွက်ချက်မှာ အသေးအဖွဲ့ကလေး တစ်ချက်၊ နှစ်ချက်မှ
လွဲ၍ အားလုံးသော အဓိက အချက်တို့တွင် ထပ်တူထပ်မျှ ညီညွတ်လှပေ
သည်။ ညီညွတ် ဟူသည်မှာ တစ်သံတည်းချည်း မဟုတ်။ အယူအဆ၊
ထင်မြင်ချက်၊ ခန့်မှန်းချက်တို့၌ တစ်ဦးနှင့်တစ်ဦး မတူကြချေ။ သို့သော်
သက်သေခံ ဥပဒေအရ ထင်မြင်ချက် ဟူသည်မှာ သက်သေခံဝင်သည်
မဟုတ်။ သက်သေခံ ဝင်သမျှ ထွက်ချက်တို့ ညီညွတ်လျှင် ဥပဒေသဘော၌
ခိုင်လုံပြီ ဖြစ်သည်။ ယခုအတိုင်းမှာ များစွာ ခိုင်လုံနေပြီ။ တရားလိုဘက်က
အဆိုကို တရားခံဘက်က ချေပရန်မှာ သက်သေခံ အလွန် ကောင်းပါမှ
ချေပနိုင်ပေလိမ့်မည်။

ဤသို့လျှင် အမှုသွားမှာ စင်းစင်းကြီးဖြောင့်နေသော အမှုသွား ဖြစ်
သဖြင့် တစ်ခါတည်းနှင့် စွဲချက်တင်ရန်သာ ရှိလေတော့သည်။ ထို့ကြောင့်
တရားခံအား တရားသူကြီးက စစ်ချက်ယူလေသည်။ တရားခံ၏ အဆိုမှာ
'ကျွန်တော်မျိုး ဘာမှ မသိပါ ဘုရား၊ မောင်ကလေး မတရား လုပ်တာပါ'
ဟုသာတည်း။

နောက်ဆုံးတွင် တရားသူကြီးသည် တစ်ထိုင်တည်းပင်လျှင် စွဲချက်
တင်လေသည်။

'ကျွန်ုပ် မြို့နယ်တရားသူကြီး ဦးဖိုးခ (၂)က ဦးသာဒင်၏သား



www.burmeseclassic.com

www.burmeseclassic.com



အသက် ၅၁ နှစ်ရှိ တရားခံ ဖိုးညွန့်အပေါ်မှာ ပြာတာ ဦးမောင်ကလေးက… မြို့နယ် တရားမတရားသူကြီးရုံး ဓာရီမှု နံပါတ် ၄၆–၂၁ အရ လူဖမ်းဝရမ်းနှင့် ဥပဒေအညီ ဖမ်းဆီးသည်ကို တမင်ခုခံသည့်အတွက် အိန္ဒိယရာဇသတ် ပုဒ်မ ၂၂၅ (ခ)အရ ပြစ်ဒဏ်ထိုက်သင့်သည် ဖြစ်သောကြောင့် ယခု ကျွန်ုပ်က စွဲချက်တင်သည်။ အပြစ်ကို ဝန်ခံပါသလား’

ဦးဖိုးခသည် အင်္ဂလိပ်လိုရေးထားသော စွဲချက်ကို တရားခံ ဦးဖိုးညွန့်အား ဘာသာပြန်၍ ပြောပြလေသည်။

တရားခံ ဦးဖိုးညွန့်ကမူ ‘ကျွန်တော်မျိုးမှာ အပြစ်မရှိပါ ကိုယ်တော် ဒီခွေးမသား မောင်ကလေး လူရှုပ်ဟာ….’ဟူ၍ ဒေါသနှင့် ပြောရာ သူ့စကား မဆုံးခင် ရှေ့ဖတ်စာရေးကြီးက ငေါက်လိုက်သည်။

‘ခင်ဗျား၊ ဒါ ရုံးဗျ။ ဟိုမဲ ဒီမဲနဲ့ ဆဲမနေနဲ့။ ရုံးတော်ကို မထီမဲ့မြင် ပြုမှုကြောင့် တစ်မှုက နှစ်မှု ဖြစ်သွားမယ်။ ခင်ဗျား မကျေနပ်ရင် သက်သေပြ’

စာရေးကြီးက ဤသို့ ပြောလိုက်စဉ် တရားသူကြီး ဦးဖိုးခက မျက်မှောင်ကို ကြုတ်ကာ ဦးဖိုးညွန့်ကို ကြည့်သည်။

တရားခံက တရားသူကြီးတို့၏ မျက်စောင်း အကြောင်းသုံးပါး မရှေး ဟူသော သဘောတရားကို ထင်မြင်မိ၍ပေလော မသိ၊ ငြိမ်ကျသွားသည်။ ပြီးမှ ဦးဖိုးခအား ‘မှန်ပါ၊ ကျွန်တော်မျိုး မခံချင်လွန်းလို့ပါ ကိုယ်တော် သည်းခံပါ’ဟု ဆိုလေသည်။

ဦးဖိုးခကား တရားခံက တရားလိုအား ဆဲရေးသည်ကို ဇွေမယူ၊ သူ့အလုပ်သာ ပြီးအောင် လုပ်လိုသည်။ ထို့ကြောင့် တရားခံကို သက်သေ စာရင်းပေးပါဟု တောင်းသည်။

‘ကျွန်တော်မျိုးမှာ သက်သေပြစရာ မရှိဘူး ကိုယ်တော်’ဟု တရားခံက ဆို၏။

‘ဟာ…. ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ ခင်ဗျားကြီးကို မတရား လုပ်ထားတာမှန်ရင် မတရားလုပ်ချက်ပေါ်အောင် သက်သေပြရမယ်။ ကျုပ်





က လီဆယ်စွဲတာမျိုးကို အင်မတန် မုန်းသဗျာ့။ မတရားလုပ်တာကို ခံမနေချင်ဘူး’

‘ကျွန်တော်မျိုးလည်း မခံချင်ဘူး ကိုယ်တော်၊ ဒါပေမဲ့ ကျွန်တော့်မျိုးက တစ်ကောင်ကြွက်ပါ။ ဘာမှ မတတ်နိုင်ပါဘူး’

‘ဟုတ်သေးဘူးလေ၊ အမှု အသွားအလာအရ တရုတ်ဆိုင်က အစိန် ရှိသေးတယ် မဟုတ်လား။ သူ့ဆိုင်နဲ့ အချင်းဖြစ်ပွားရာ နေရာနဲ့ ခပ်လှမ်း လှမ်းပဲ။ ဒီဆိုင်မှာ ခင်ဗျား မိတ်ဆွေအသိ မရှိဘူးလား’

‘အစိန်ကို ကျွန်တော်မျိုး သိပါတယ်။ သူ့ဆိုင်က လူငှား ချွန်ဖုတ် ဆိုတဲ့ ပေါက်ဖော်ကိုလည်း ကျွန်တော်မျိုး သိပါတယ်။ ဒါပေမဲ့ အကြောင်းထူး မှာ မဟုတ်ပါဘူး။ ကျွန်တော်မျိုး သက်သေမပြလိုပါဘူး။ မတရားလုပ်တာ ကြိမ်းရှိတုန်း ခံရမှာပေါ့၊ မကြောက်ပါဘူး’

တရားခံ၏ မျက်နှာထားသည် တည်သည်။ ရိုးသားသော အသွင်ကို ဆောင်သည်။ ဟန်လုပ်တတ်သော သဘော မရှိ။ ပါးရည်နပ်ရည် မရှိ။ နွ ကျကျ၊ အ တတ ဖြစ်ပေမည်။

ဤအချက်တို့ကို ဦးဖိုးခသည် တရားခံအား အကဲခတ်ကြည့်ရင်း ထင်မြင်လာသည်။

‘မဟုတ်ဘူး၊ ဦးဖိုးညွန့် လီဆယ်စွဲတာမှန်ရင် ကျုပ်လည်း မခံဘူးဗျာ၊ ဒီအကြောင်း ပေါ်အောင် ခင်ဗျားက ပြနိုင်ရင် တရားသဖြင့် ဖြစ်ရမယ် မဟုတ်လား၊ ဒီတော့ ခင်ဗျားဘက်က အစိန်နဲ့ ချွန်ဖုတ်ကို သက်သေပြ ပါလား’

‘ကျွန်တော်မျိုးတော့ နားမလည်ဘူး၊ ကိုယ်တော့်သဘောပဲ’

ဦးဖိုးခသည် ရုံးထိုင်ရသည်မှာ အတော်ညောင်းလာပြီ။ ဝမ်းလည်း ဟာလာပြီ။ မင်းကတော်က ပို့လိုက်သော လက်ဖက်ရည်နှင့် မုန့်ဦးနှောက်၊ နံ့ဖက်ကတော့တို့မှာ ရုံးခန်းနောက်ရှိ စဉ်းစားခန်းထဲမှ သူ့ကို မြူခေါ်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုင်း.... စာရေးကြီး၊ ဒါဖြင့်ရင် အစိန်နဲ့ ချွန်ဖုတ်ကို သမ္မာန်စာ ချပေတော့'

ယင်းသို့ပြောရင်း စဉ်းစားခန်းထဲ ဝင်သွားလေသည်။ ရှေ့ဖတ်စာရေးကြီးကား မြို့နယ်တရားသူကြီး ထံပါးသို့ ကပ်ကာ လိုက်၍ စဉ်းစားခန်းထဲသို့ ဝင်လေသည်။

'ဘာတုံး.... စာရေးကြီးရဲ့၊ ဘာမှုများ ရှိသေးလို့လဲ'

'မရှိပါဘူး ကိုယ်တော်၊ အရေးပိုင်ရုံးက စာလာတယ်၊ ပထမတန်း အာဏာတိုးဖို့အတွက် အမှုတွဲ ခြောက်တွဲကို ရုံးသုံးလက်စွဲ ဥပဒေအရ အမြန်ပို့ရမယ်တဲ့၊ ကျွန်တော်မျိုးလည်း ရွေးထားပြီးပါပြီ၊ ဒါကို မြန်မြန် လက်မှတ်ထိုးရင် ကောင်းမယ် ကိုယ်တော်၊ မြို့နယ်တရားသူကြီး ဆိုပြီး ပထမတန်း အာဏာကို ရထားမှ အလုပ်များများ တွင်မယ်၊ ယခုအတိုင်း ဆိုတော့ အမှုတွေက မကြာသင့်ဘဲ ကြာကြာနေတယ်၊ အမှုကို ဆုံးဖြတ်ပြီး ပေမယ့် ပြစ်ဒဏ်ကျတော့ အရေးပိုင် (ခရိုင် ရာဇဝတ် တရားသူကြီး)ရုံးကို ပြန်တင်ရတော့ အမှုတွေဟာ မကြာသင့်ဘဲ ကြာနေပါကရော'

ဦးဖိုးခသည် ပြုံးလိုက်သည်။

သူသည် တတိယတန်း အာဏာကို ရသည်မှာ မကြာသေးခင် ဒုတိယတန်း အာဏာရခဲ့သည်။ အခြားမြို့အုပ်များ ဆိုလျှင် အတော်ကြာမှ ရသည်။ ယခုတစ်ဖန် ဒုတိယတန်း အာဏာမှ ပထမတန်း အာဏာသို့ တိုးမြှင့်ပေးရန် ခရိုင်ရုံးက ပင်လျှင် အရေးတယူ ပြုလာသည်။

'အေးဗျာ၊ ကောင်းတယ်....ကောင်းတယ်၊ ကျုပ် လက်မှတ်ထိုးပေးမယ်၊ ယူခဲ့ပေတော့'

ရက်သတ္တ နှစ်ပတ်ခန့် ကြာသောအခါ တရားသူကြီး ဦးဖိုးခသည် တရားခံ ဦးဖိုးညွှန့်၏ အမှုကို စစ်ဆေးပြန်သည်။

စစ်ဆေးသမျှ ထူးခြားသော အကြောင်းအချက်များ ထပ်မံ၍ မတွေ့ရချေ။ အစိန်၏ ထွက်ချက်အရ သမ္မာန်ပြာတာ မောင်ကလေး လာရောက်





ကြောင်း၊ သူ့ဆိုင်ရှေ့တဲတားမှ သူကြီး၊ ဆယ်အိမ်ခေါင်း၊ အရပ်လူကြီးတို့နှင့် အတူ မောင်ကလေးသည် တရားခံ၏ လယ်တဲဘက်သို့ ထွက်သွားကြောင်း၊ ထိုလူစု ပြန်လာသောအခါ တရားခံက သူတို့ကို ခုခံသူဖြင့် တိုက်ပြေးလာကြသည်ဟု ပြောဆိုကြကြောင်း၊ ဤမျှသာ ထွက်ဆိုနိုင်သည်။ ချွန်ဖုတ်၏ ထွက်ချက်မှာလည်း အစိန့်ထွက်ချက်ထက် မပိုချေ။ ၎င်းတို့ နှစ်ဦးစလုံး၏ မြင်သမျှ ကြားသမျှ အပေါ်တွင် အခြေတည်၍ လီဆယ်မှုကို ရှာဖွေတတ်နှင့် ကော်ထုတ်၍ စစ်သလို စစ်ဆေးခဲ့သော်လည်း တရားသူကြီးအဖို့ ပြည့်စုံလုံသော အချက်များကို မရနိုင်ခဲ့ချေ။

ဦးဖိုးခသည် ပထမတန်း အာဏာကို ရမည်မှာ သေချာသလောက် ရှိနေပြီ။ ဤအတွင်း သူ၏ အမှုတို့ကို လိုအပ်သည်ထက် မကြန့်ကြာစေရန် ဆုံးဖြတ်ပိုင်းဖြတ်ပြီး ဖြစ်သည်။ ယခု အမှုမှာ ဆုံးခန်းသို့ တိုင်လေပြီ။

ထို့ကြောင့် ဦးဖိုးခသည် စီရင်ချက်ကို ရေးလေသည်။

ဦးဖိုးခသည် လက်နှိပ်စက်ကို ရိုက်တတ်သူ မဟုတ်။ အစိုးရက ပေးသော စတီဖင် ကုမ္ပဏီတံဆိပ်ပါ မင်အိုးနှင့် အစိုးရက ပေးသော ကလောင်တံကို တို့ကာ.... တို့ကာ အစိုးရက ပေးသော မင်နှိပ်စက္ကူပေါ်တွင် စာလုံးသီးများကို ခါချ၍ စီရင်ချက်ကို ရေးသည်။

ဦးဖိုးခသည် တရားသူကြီးတို့၏ လက်သုံးစကားဖြစ်သော "ဤအမှုသည် နေ့ခင်းကြောင်တောင် အလင်းရောင်ကဲ့သို့ ထင်ရှားလှပေသည်" ဆိုသော ဝါကျကို စီရင်ချက်တွင် သူ့နေရာနှင့်သူ ရေးသည်။

ပြစ်ဒဏ်ကို ပေးရာ၌လည်း ရုံးသုံးလက်စွဲက ညွှန်ပြသော နည်းစနစ်အတိုင်း ထောင်ဒဏ် ရက်တိုတို ပေးခဲ့လျှင် အစိုးရ၌ ကုန်ကျသောစရိတ်နှင့် တရားခံ၏ နောင်တရမှုတို့ကို မထေမိ ဖြစ်တတ်သည့် သဘာဝကို ကောင်းစွာ နှလုံးပိုက်မိသည်။ တရားခံမှာ ပထမပြစ်ချက် ဖြစ်သဖြင့် ပုဒ်မ ၂၂၅-ခ အရ ခြောက်လအပြည့် အပြစ်ပေးရန် မသင့်သည်ကိုလည်း စဉ်းစားသည်။ ထို့ကြောင့်–



www.burmeseclassic.com

www.burmeseclassic.com



'လေးလဟေ့.... လေးလ'

ဦးဖိုးခက ယင်းသို့ ပြတ်ပြတ်တောင်းတောင်း ပြောလိုက်သည်။

ရှေ့ဖတ် စာရေးကြီးကား ထောင်ဝရမ်းကို လက်နှိပ်စက်ထဲ သွင်း၍ တောက်–တောက်–တောက်–တောက်နှင့် ရိုက်လေသည်။ ပြီးလျှင် တရားသူကြီး လက်မှတ်ထိုးရန် တရားသူကြီးရှေ့တော်သို့ ဝရမ်းစာကို သွင်းလေ၏။

အမှုမှာ ပြီးပြီဖြစ်၍ အမှုသွားကို လာရောက် နားထောင်သူတို့ တဖွဲဖွဲနှင့် ပြန်ကြပြီ။ တောမြို့မျှသာ ဖြစ်ချေရကား ရုံး၌ အမှုအခင်းပြီးလျှင် ရုံးတွင်း၌ တိတ်ဆိတ်ခြင်းသာလျှင် မင်းမူတတ်ပေသည်။ ထို့ကြောင့် တရားခွင်တွင် တရားသူကြီး၊ ရှေ့ဖတ်စာရေး၊ ပြာတာများ၊ တရားခံ၊ တရားခံ၏ အဆွေအမျိုး တစ်ယောက်၊ နှစ်ယောက် ဤမျှသာ ကျန်ရစ်လေသည်။

တရားသူကြီးက ဝရမ်းစာကို လက်မှတ်ထိုးစဉ် ရှေ့ဖတ်စာရေးက 'ဒီအမှုတော့ တရားခံ အတော်နာတာပဲ ကိုယ်တော်'ဟု တုံးတိတိ ပြောသည်။

'ဘာဖြစ်လို့လဲဗျာ'

'အမှုဆိုတာ သက်သေခံ ဥပဒေအရ ဆုံးဖြတ်ရတော့၊ အမှုတွဲမှာတော့ ရှင်းနေတာပေါ့ ကိုယ်တော်၊ ဒါပေမဲ့ ပြာတာ ဦးမောင်ကလေး ဆိုတာ နာမည်ကြီးပဲ'

'ကျုပ်လည်း သူ နာမည်ကြီးတာကို သိပါတယ်၊ ဦးမောင်ကလေး ဟာ အတော်သားပဲ'

'တော်ဆို လူလည်ကြီးကိုး ကိုယ်တော်'

ဦးဖိုးခသည် ပျာပျာသလဲ ဖြစ်သွားပြန်သည်။ 'ဟင်.... ဘာပြောတယ်'ဟူသော စကားကို နှစ်ခွန်းဆင့်၍ မေးသည်။

'တစ်ရုံးလုံးမှာ မောင်ကလေးဟာ လူရှုပ်ပဲ ကိုယ်တော်'

ရှေ့ဖတ်စာရေးက ဦးမောင်ကလေးကိုပင် ဦးတပ်၍ မခေါ်တော့ဘဲ ရွံ့ရွံ့ရှာရှာ ပြောလိုက်၏။

'ဒါပေမဲ့ ကိုယ်တော်၊ အမှုဆိုတာ သက်သေထွက်ချက်နဲ့ သက်သေခံ





ဥပဒေအပေါ်မှာ တည်တော့ ကျကျနန အမှုဆင်ရင် ဘယ်ဟာ မှန်တယ်၊ ဘယ်ဟာမှားတယ် ဆိုတာ သိနိုင်ဖို့ ခက်တာကလား။ ကျွန်တော်မျိုးကတော့ ဦးမောင်ကလေး အမှုဆိုရင် ဆင်လုံးပဲလို့ အယူရှိတယ်။ ဒါပေမဲ့ အယူရှိတာဟာ သက်သေခံ မဝင်ဘူး။ ဒီတော့ ကိုယ်တော့်ကို ကျွန်တော်မျိုးတို့က ဆာစောကကြိုပြီး ပယောဂဖက်အောင် ဘာမျှ ပြောမထားပါဘူး။ ယခု ပြီးလို့ ဆရာ မှားပြီးပြီ၊ မှန်တယ် မှားတယ် ချိန်နိုင်ဖို့ ပြောတာပါ'

ရှေ့ဖတ်စာရေး၏ စကားသည် သင့်၏။ လူကြီး ပီသ၏။ သို့သော် အမှုကား ပြီးခဲ့ပြီ။ နားစွန်နားဖျား ကြားချက်နှင့် အမှုကို ပြောင်းပြန်လုပ်၍ ရသည် မဟုတ်ချေ။ ထို့ကြောင့် ဦးဖိုးခသည် တရားခံကို ကရုဏာကြီးစွာဖြင့် ကြည့်မိသည်။

'ကိုင်း စီရင်ချက်တော့ ချပြီးပြီ ဦးဖိုးညွန့်၊ ခင်ဗျား အယူခံမလား'

ဦးဖိုးခက တရားခံကို ဤသို့ မေး၏။ တရားခံကမူ 'မခံပါဘူး ဘုရား၊ ကိုယ်တော် စီရင်တာကို ကျွန်တော်မျိုး ကျေနပ်ပါတယ်။ ကျွန်တော်မျိုး အကုသိုလ်နဲ့ ကျွန်တော်မျိုး ခံရတာပါ။ ဒါပေမဲ့ ဒီမောင်ကလေး ဆိုတဲ့ ခွေးမသားကိုတော့ မကျေဘူး'ဟူ၍ ပြန်ပြောသည်။

'ဟာ ဒီလိုလည်း အာဃာတ မထားနဲ့လေ၊ ခင်ဗျားကို မတရားလုပ်တယ်ဆိုရင် မတရားလုပ်ကြောင်း ရုံးတော်မှာ ထင်ရှားအောင်ပြဖို့ တာဝန်ရှိတယ်။ ယခု ခင်ဗျားက မပြနိုင်ဘူး၊ ဒီတော့ သက်သေထွက်ချက်အရ စီရင်ဖို့ပဲ ရှိတယ်။ ခင်ဗျား အယူမခံချင်ဘူး ဆိုပေမဲ့ ခင်ဗျာ့အခွင့်အရေးကို မပိတ်ပင်ရအောင် ကျုပ်က အယူခံခိုင်းတယ်ဗျာ။ ကိုင်း....ဘာပြောချင်သလဲ'

'မပြောလိုပါ ကိုယ်တော့် သဘောအတိုင်းပါပဲ'

ဦးဖိုးခသည် ထိုနေ့မှစ၍ မကျေမနပ် ဖြစ်နေသည်။ ထို့ကြောင့် တစ်ပေကုလားဘက်သို့ ခရီးထွက်မည်ဟု ဒိုင်ယာရီတွင် ပြလိုက်သည်။

တစ်ပေကုလားမှာ အမြဲတမ်းလိုလို ရေမြုပ်နေသောဒေသ ဖြစ်သည်။ ၎င်းတစ်ဝိုက်ရှိ လယ်တို့၌ ရိုးရိုးစပါးကို စိုက်၍မရချေ။ တစ်တောင်နီ စပါ



www.burmeseclassic.com

www.burmeseclassic.com



သာလျှင် စိုက်၍ ရပေသည်။ တစ်တောင်ပို စပါးခင်းကပင်လျှင် ရေကြီးသော ဒဏ်ကို မခံနိုင်။ ထို့ကြောင့် ထိုဒေသမှ လယ်သမားတို့သည် ချစ်တီး၏ ကျေးကျွန်များသာ ဖြစ်နေကြရရှာသည်။

ထိုရွာ၏ တစ်ခုတည်းသော ကုန်စုံဆိုင်မှာ ညွှဲ့သည့်အများ တည်းခိုရာ ဖြစ်သည်။ ဆယ်အိမ်ခေါင်းမှ အစ၊ ရာဇဝတ်အုပ် အလယ်၊ မြို့အုပ် အဆုံး ရှိသော ကျေးရွာနယ်ပယ် မင်းတစ်ပိုင်း စိုးတစ်ပိုင်းတို့သည် ထိုကုန်စုံဆိုင်၌သာ တည်းခိုရလေသည်။

ယခုမူ ထိုကုန်စုံဆိုင်မှာ မြို့နယ်တရားသူကြီး ဦးဖိုးခအတွက် တမင်သက်သက် စုံစမ်းရာဌာန ဖြစ်ပေပြီ။

ဦးဖိုးခသည် ဆိုင်ရှင်အစိန်နှင့် စကားစမြည်ပြော၍ ထောင်ကျသွားသူ ဦးဖိုးညွန့်၏ လယ်တဲ ရှိရာသို့ ထွက်လာခဲ့သည်။

လယ်တဲမှာ ဟောင်းလောင်းဖြစ်နေသည်။ အိုးမရှိ၊ ခွက်မရှိ၊ သုသာန် တစပြင်ပမာ ခြောက်သွေ့ တိတ်ဆိတ်နေသည်။ ဤအချိန်မှာ ရေကျချိန် ဖြစ်၍ အမှန်ပင် ခြောက်သွေ့နေပြီ။ ဤအချိန်တွင် ဦးဖိုးညွန့်သည်လည်း ထောင်ထဲတွင် ခြောက်သွေ့၍ နေပေလိမ့်မည်။

ဦးဖိုးခသည် အစိန့်ကို ဘာမျှ မမေး။ သို့သော် အစိန်သည် တဲကို ကြည့်လိုက်၊ ဦးဖိုးခကို ကြည့်လိုက်နှင့် ပြုံးပြသည်။

'ဟော့ မင်းက ဘာသဘောကျလို့ ရယ်တာလဲကွ'

ဦးဖိုးခက ခပ်ငေါက်ငေါက် မေးလိုက်၏။

'ဦးဖိုးညွန့်ကို သတိရလို့ ပြုံးတာပါ။ သူ လူရိုးလူကောင်းပါပဲ၊ ဒါပေမဲ့ ပြာတာ ဦးမောင်ကလေးက အင်မတန် လည်တယ်'

'ဟော....' ဦးဖိုးခသည် လေချဉ်တက်ဘိသကဲ့သို့ ဟေး လိုက်၏။

'လည်တယ်၊ အင်မတန် လည်တယ်။ ကျွန်တော်တို့တောင် မရိပ်မိဘူး'

'ဟော....မင်း ဒီအမှုကိုသိရင် ငါစစ်တုန်းက ဘာ့ကြောင့် မပြောသလဲ'





'ကျွန်တော်မျိုး ဘာမှသိတာ မဟုတ်ဘူး၊ သူ လူလည်ဆိုတာပဲ သိတယ်။ သူ ဘယ်လို ဆင်လုံးထုတ်တယ် ဆိုတာ နားမလည်ဘူး။ အမှုပြီးသည် အထိ အမှုမှန်ပဲလို့ ယုံကြည်တယ်။ ခုမှ ရိပ်မိတယ်'

'ဘယ်လိုကြောင့် ရိပ်မိသလဲ'

'ဖိုးညွန့်က ဒီတဲမှာ သူတစ်ယောက်တည်း နေတာပဲ။ မနှစ်က လယ်ချက်လို့ ရှိသမျှကို ချစ်တီးလက် အပ်လိုက်ရတယ်။ ဒီအထဲမှာ ချစ်တီးက ဖိုးညွန့် လူဝါးဝတယ်လို့ ပြောသံ ကြားလိုက်ရသေးတယ်။ နောက်တော့ အမှုဖြစ်တာပဲ။ သူ့တဲမှာ သူတစ်ယောက်တည်းပဲ နေတော့ ပြာတာ ဦးမောင်ကလေးတို့နဲ့ တွေ့တဲ့အခါမှာ သူ့ဘက်က သက်သေ ဘယ်မှာ ရှိပါ့မတုံး။ ဒီတော့ ဦးမောင်ကလေးက လူလည်ဖြစ်လေတော့ ဖိုးညွန့်ဟာ သူ့လက်ခုပ်ထဲမှာပဲ ရှိမှာပေါ့'

'ဟ အစိန်ရာ၊ ဒီလိုဆိုရင် မောင်ကလေး လိမ်ဆယ်တာကို မင်း သက်သေထွက်ခဲ့ပါလားကွာ။ ခုတော့ မဆိုင်သူမှာ သက်သက်ထောင်ကျပြီပေါ့'

'ဟာ ကိုယ်တော်လည်း တရားသူကြီးပဲ၊ ကျွန်တော်မျိုးရဲ့ အထင်ကို သက်သေခံဝင်တယ်လို့ ယူမလား။ ကျွန်တော့်မျိုးလည်း တွေးမိတာကို ပြောတာ။ တပ်အပ်သေချာတော့ မပြောတတ်ဘူး။ လယ်တဲမှာ ကိုယ့်ဘက်က တစ်ယောက်မျှ သက်သေမရှိတော့ ယခုလိုပဲ ခံရမှာပေါ့'

အစိန်သည်လည်း လူလည်တစ်ယောက် ဖြစ်သည်။ တော၌ပင် နေသော်လည်း သူ့အိမ်မှာ ပုလိပ်တို့၏ စားအိမ်သောက်အိမ်၊ ယစ်မျိုးတို့၏ စားအိမ်သောက်အိမ် ဖြစ်နေရာ သက်သေခံဥပဒေ၏ သဘောကို သူ သိပြီး ဖြစ်သည်။

သက်သေခံ ဥပဒေ ဆိုသည်မှာ လူလိမ်လူကောက် လူညစ်ပတ် လူရှုပ်တို့၏ လှည့်ပတ်သော စကားရပ်တို့ကို ကာကွယ်၊ ဟန့်တား၊ ချုပ်ချယ်၊ ဆိန်းသိမ်း၊ ကွပ်ကဲသော ဥပဒေဖြစ်သည်။ သို့သော် ဥပဒေ ဟူသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



လူက လုပ်ခြင်းမျှသာ ဖြစ်ရကား၊ လူ မကောင်းသမျှ ကာလပတ်လုံး ဥပဒေသည် လူလုပ်ခြင်းကို ခံရဖို့သာ ရှိနေပေသည်။

ယခု ဥပဒေကို ပြာတာ ဦးမောင်ကလေးက လုပ်ကြဲလိုက်ပြီ။ ထို့ကြောင့် ဥပဒေကပင်လျှင် ဦးဖိုးညွန့်အား လုပ်ကြဲလိုက်ပြီ မဟုတ်လော။

ဦးဖိုးခသည် ငိုင်ကျသွားသည်။ ထို့ကြောင့် အစိန်၏ ဆိုင်ဘက်သို့ လာလမ်းအတိုင်း ပြန်လာခဲ့သည်။ အစိန်သည် လမ်းပြအနေနှင့် ရှေ့ကသွားသည်။ သူက တောတွင်းသားမို့ မြန်မြန်သွားတတ်သည်။ ထို့ကြောင့် ဦးဖိုးခကို ဝါးတစ်ရိုက်၊ နှစ်ရိုက်မျှ ဖြတ်၍ ချန်ရစ်ခဲ့သည်။

ဦးဖိုးခသည် တောတန်းအကွေ့တစ်ကွေ့၌ တစ်ယောက်တည်း ကျန်ရစ်သောအခါ ဦးဖိုးညွန့်၏ တဲအိုပျက်ကို တစ်ချက် လှမ်း၍ ကြည့်ကာ တောက်ခေါက်မိသည်။

သို့သော် သူ့တောက်ခေါက်သံကို ရိုးပြွတ်များ၊ ခရာချုံများ၊ သက်ငယ်ပင်များ၊ မျဉ်းမပင်များ၊ ကုက္ကိုပင်များကသာ ကြားလိုက်ရသည်။ ထိုအပင်များကလည်း ဦးဖိုးခကို လေထဲတွင် ယိမ်းနွဲ့ကာ လှောင်ပြောင်နေကြသည်။

*

‘ကိုယ်တော် ဒီတစ်ပတ် ခရီးထွက်တာ ကြာလှချည့်လား’

‘အင်း....နည်းနည်း ကြာသွားတယ်၊ စာရေးကြီးရဲ့’

‘သိပ်ကြာတော့လည်း မကောင်းဘူး ကိုယ်တော်။ ဟိုဘက်ဒေသက ရေမြုပ်ဒေသတွေ။ ကြာကြာနေရင် ငှက်ဖျားတို့ ဘာတို့ ပါလာတတ်တယ်။ ခဏပဲ နေဖို့ ကောင်းတယ်’

စာရေးကြီးသည် မြို့နယ်တရားသူကြီးဖြစ်သူ မြို့အုပ်မင်းအား ကြင်နာစွာ ပြောပြလေသည်။

‘ကျေးဇူးပါပဲ စာရေးကြီးရယ်။ ဒီလိုသတိပေးတာကို ကျေးဇူးတင်





ပါတယ်။ ကျုပ်က မရောက်ဖူးသေးတော့ အနံ့ လျှောက်လည်နေတာပဲ။ စိတ်ပြေလက်ပျောက် ဆိုသလိုပေါ့ဗျာ’

ရှေ့ဖတ် စာရေးကြီးကား တရားသူကြီး ဦးဖိုးခ၏ စိတ်ပြေလက်ပျောက် သဘောကို နားမလည်။ သူ့အဖို့ကား လူလည်ဦးမောင်ကလေးသည် အတိတ်ကာလထဲ၌ မေ့ပျောက်၍ သွားချေပြီ။ သူ့အဖို့မှာ ဦးမောင်ကလေး၏ ကလိမ်ဘဝကို ဖြစ်ရိုးဖြစ်စဉ်ပမာ ယူဆနေဟန် တူ၏။ ဦးဖိုးခကား ထိုအဖြစ်အပျက်ကို ဖျောက်၍ ရတော့မည် မဟုတ်ချေ။

‘ကောင်းပါတယ်လေ၊ နယ်အကြောင်းသိတော့ ပိုကောင်းတာပေါ့ ကိုယ်တော်။ သြော်....ဒါထက် တရားခံဖိုးညွန့် အမှုကို မှတ်မိသေးရဲ့လား ကိုယ်တော်။ သူ့အယူခံ ရှုံးသွားပြီ။ ဟောဒီမှာ ဒိစတြိတ် (ခရိုင်)ရာဇဝတ်တရားသူကြီးရဲ့ မှတ်ချက်ပဲ’

ဦးဖိုးခသည် ရယ်ရမလို၊ ငိုရမလို မျက်နှာထားနှင့် အမှုတွဲကို လှမ်းယူလိုက်သည်။

“ဤအမှုတွင် တရားခံသည် ပြစ်မှုကျူးလွန်သည်မှာ နေ့ခင်းကြောင်တောင် အလင်းရောင်ကဲ့သို့ ထင်ရှားလှပေသည်။ မြို့နယ်တရားသူကြီးသည် ဤမျှလောက် ထင်ရှားသောအမှုကို ပြစ်ချက် ပေးရိုးပေးစဉ်ထက် ပို၍ မပေးသည်မှာ ပြောစရာတစ်ခု ဖြစ်နေသည်။ သို့သော် တရားခံမှာ ယခုတစ်ကြိမ်တစ်ခါမျှသာ ပြစ်ချက်ကျူးလွန်သူ ဖြစ်သောကြောင့် ပြစ်ဒဏ်ကို အပြည့်ပေးရန် ကျွန်ုပ် မထောက်ခံလို”

အမယ်လေးဗျာ၊ အယူခံဝင်ကာမှ စက်တိုင်တက်ရတော့ မလောက်ပါကလား။ တရားသူကြီးသည် ဟစ်၍ရယ်ရ ကောင်းနိုးနိုး၊ အသံကုန်ရယ်ရ ကောင်းနိုးနိုး။ မင်တက်မိနေဘိသို့။

စာရေးကြီးကား တရားသူကြီး တုန်လှုပ်နေသည်ကို စိတ်မဝင်စား။ ခရိုင်ရာဇဝတ် တရားသူကြီးထံမှ ပေးပို့လိုက်သော လွှတ်တော်ပြန်တမ်းတစ်ရပ်ကိုသာ ပို၍ စိတ်ဝင်စားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ ကိုယ်တော် ဝမ်းသာစရာတစ်ခု ပြရဦးမယ်။ ဟောဒီက ဟိုက်ကုတ် "နို့တီဖီကေးရှင်"တစ်ခုကို ဖတ်ကြည့်ပါတော့'

ဦးဖိုးခသည် လွှတ်တော်ပြန်တမ်းကို ဖတ်ကြည့်လိုက်သည်။

"...မြို့နယ်၊ မြို့နယ်ရာဇဝတ် တရားသူကြီး ဦးဖိုးခ (၂)အား....ရက်နေ့မှ အစပြု၍ ပထမတန်းအာဏာသို့ တိုးမြှင့်ပေးလိုက်...."

ဦးဖိုးခသည် 'ဟေ'ဟု လေချဉ်တက်၍ မျိုလာဘိသကဲ့သို့ ဟိန်းလိုက်သည်။

ရှေ့ဖတ်စာရေးကြီးက တရားသူကြီး သဘောတော်တွေ့၍ "ဟေ" ဆိုသည်ဟု အမှတ်သညာဖြင့် 'ကိုယ်တော် အာဏာတိုးလာတော့ ကျွန်တော်မျိုးတို့ ရုံးသားများကို လက်ဖက်ရည် တိုက်ရမယ်'ဟု ဆိုလေသည်။

ဦးဖိုးခသည် လေချဉ်တက်လာပြန်သည်။

'ဟေ.... အေး'ဟု အသံထွက်လာသည်။

စာရေးကြီးလည်း အကျေနပ်ကြီး ကျေနပ်ကာ တရားသူကြီး၏ ရှေ့တော်မှ ထွက်ခွာလာခဲ့သတည်း။

[ သွေးသောက်၊ ၁၉၃၄ ]

## ရွှေးကောက်ပွဲ ဒဏ္ဍာရီ

ရွှေးကောက်ပွဲ ဆိုသည်ကို ကျွန်တော် လူမှန်း သိတတ်သည့် အရွယ်ကပင် ကြားဖူးသည်။

ကျွန်တော် ယခုလိုပြောလိုက်တော့ အပြောကြီးသည်ဟု ဆိုကြမည်လော မပြောတတ်။ လူမှန်း သိသည့်အရွယ် ဆိုသည်မှာ အလွန်ဆုံး လေး၊ ငါး၊ ခြောက်နှစ် ခုနစ်နှစ်အရွယ်လောက် ရှိတော့မပေါ့။ သည်လို ကလေးအရွယ်က စပြီး ရွှေးကောက်ပွဲကို ကြားဖူးသည်ဆိုတော့ ဧကန္တ နိုင်ငံရေးဗဟုသုတကို ထိုအရွယ်ကပင် ရခဲ့မှာပဲဟု ဆိုရန် ရှိနေပါသည်။

စင်စစ် ကျွန်တော့်အား ဤမျှလောက် အထင်မကြီးသင့်။ ကျွန်တော်ကလည်း မဝင့်ဝါတတ်။ ရိုးရိုးပင် အစီရင်ခံလိုပါသည်။

အမှန်ပါပဲ၊ ရွှေးကောက်ပွဲ ဆိုသည့် စကားကို ကျွန်တော် ငယ်စဉ်ကပင် ကြားဖူးပါသည်။

မမလှရင်ကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိသည်။ မမလှရင်သည် စာတတ်ပေတတ်ကြီး မဟုတ်ပါ။ ရှေးခေတ်က မြန်မာမိန်းကလေးများနည်းတူ လူကျောင်းမှာ စတုဓမ္မသာရတန်းနှင့် ညီမျှသော ပညာရင်နို့ သောက်စို့ဖူးခဲ့သည်မှတစ်ပါး ယခုခေတ် မိန်းကလေးများကဲ့သို့ ပထဝီဝင်အကြောင်း၊ သိပ္ပံအကြောင်း၊ ပြည်သူ့နီတိအကြောင်း၊ သမိုင်းအကြောင်း၊ သင်္ချာအကြောင်း ဟူသည်တို့ကို နကန်း တစ်လုံးမှ မသိပါ။ အနုစာပေကိုလည်း နားမလည်ပါ။ ကျွန်တော်တို့ ငယ်စဉ်ခေတ်က အနုစာပေ ဟူသော စကားကိုပင် သုံးစွဲခြင်း မပြုကြသေးပါ။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လူကျောင်းတွင် သင်ပုန်းကြီး ကုန်ပြီးသည့်နောက် မင်္ဂလသုတ်ကို ကရားက ရေလွှတ်သလို ရွတ်ဖတ်သရဇ္ဈာယ်နိုင်၍ ချောက်ချီးချောက်ချက် သုံးချက်တွက် တွက်တတ်ပြီဟု ဆိုသည်နှင့် တစ်ပြိုင်နက် မမလှရင်၏ အမိက သူ့သမီးအား 'ငါ့သမီး စာတတ်ပြီ၊ ကျောင်းနုတ်'ဟု ဆိုပြီးလျှင် ကျောင်းမှ နုတ်သွားသည်။

ကျောင်းမှ မနုတ်လျှင်လည်း မဖြစ်ချေ။ လူကျောင်း၌ တန်းကုန်ပြီ ဖြစ်၍ ဆက်လက်ပြီး ကျောင်းထားလျှင် ဆရာကတော်၏ ခိုင်းဖတ်သာ ဖြစ်ချေမည်။ အကယ်၍ ယောကျ်ားကလေး ဖြစ်လျှင်မူကား လူကျောင်းမှ ဘုန်းကြီးကျောင်းသို့ ပြောင်းထားလျှင် ပရိတ်ကြီးအပြင် ဇာဒင်လက်ရိုး ကလေး ဘာကလေး ဆိုသည်တို့ကို တတ်ကျွမ်းကောင်း တတ်ကျွမ်းပေလိမ့် မည်။ သို့သော် ဘုန်းကြီးကျောင်းများတွင် ဆယ်နှစ်၊ ဆယ့်တစ်နှစ်ရွယ် မိန်းကလေးများကိုပင် လက်မခံ။ မမလှရင်လို အပျိုဖားဖား ဖြစ်တော့မည့် အရွယ်၌ကား ဘုန်းကြီးကျောင်းနှင့် သာ၍ မအပ်စပ်ချေ။

မမလှရင်သည် ကျွန်တော့်မိခင်၏ ညီမဝမ်းကွဲဖြစ်၍ ကျွန်တော်၏ အဒေါ် တော်သည်။ သို့သော် ကျွန်တော်က ကျောင်းနေစ အရွယ်၊ သူက ကျောင်းက ထွက်စအရွယ်၊ ဤမျှသာ အရွယ်ချင်း ခြားသောကြောင့် လည်း ကောင်း၊ သူ့မောင်နှင့် ကျွန်တော်မှာ တစ်ခုတည်း ဖွားမြင်သောကြောင့် လည်းကောင်း မိဘ ဆွေမျိုးများက "မမလို့ ခေါ်"ဟု သင်ကြားထားသဖြင့် သူကို ကျွန်တော်က မမလှရင် ဟုပင် ခေါ်သည်။

ရပ်ထဲ ရွာထဲတွင် သာရေးနာရေး ကိစ္စပေါ်လာလျှင် ဆွေမျိုးသား ချင်း တို့သည် သာရေးနာရေး ပေါ်ပေါက်နေသော သူ၏အိမ်သို့ သွားရောက် ၍ ကူညီဖွယ် ကိစ္စအဝဝတို့ကို ဝိုင်းဝန်း လုပ်ကိုင်နေကြပါသည်။ ကျွန်တော် ကဲ့သို့သော သူငယ်တို့မှာ နာရေးကိစ္စကျလျှင် အိမ်တွင် နေရစ်ခဲ့ရသော်လည်း အလှူအတန်း ကိစ္စကျလျှင် မိခင်က လိုက်ခဲ့ဟု ခေါ်သဖြင့် မိခင်နောက်သို့ တကောက်ကောက် လိုက်ပါသည်။ ထိုအခါ အဆွေအမျိုး အိမ်၌ပင် ညဥ့်





အိပ် ညဥ့်နေ နေလေ့ရှိသည်။ အလှူရက်ရှည် ဆိုလျှင် နှစ်ည၊ သုံးည သုတစ်ပါး အိမ်၌ အိပ်ကြရပါသည်။

ဤကဲ့သို့သော အခါမျိုးတွင် ကျွန်တော်သည် မိခင်နှင့်အတူ မမ လှရင်တို့ အိမ်မှာ အိပ်ပါသည်။ များသောအားဖြင့် မမလှရင်နှင့် တကွ ကျွန်တော်တို့ ညီအစ်ကိုတစ်စု အတူတူ အိပ်ကြသည်။ ထိုသို့ အိပ်သည့်အခါ ကျွန်တော်က မမလှရင်အား ပုံပြောခိုင်းလေ့ ရှိပါသည်။

မမလှရင်သည် ယခင်က ဆိုခဲ့သည့်အတိုင်း စာတတ်ပေတတ်ကြီး မဟုတ်ပါ။ သို့သော် မိဘဘိုးဘွား အဆက်ဆက်က နှုတ်ဖြင့် အဆင့်ဆင့် သင်ကြားထားသော ရာဇဝင်၊ မဟာဝင်၊ ဇာတ် နိပါတ်၊ ဝတ္ထုပုံပြင်တို့ကို အတော် နံ့နံ့စပ်စပ် သိပါသည်။ သိသမျှကို ဖွဲ့နွဲ့ကာ ရေရေလည်လည် ပြောတတ်ပါသည်။

'ဟို .... ရှေးရှေးတုန်းက တဲ့....'

ကျွန်တော်က နားထောင်၍ ကောင်းသဖြင့် နားထောင်နေပါသည်။

'အင်း လိုက်လေ၊ အင်း မလိုက်ရင် မပြောဘူး'

ကျွန်တော်သည် နားထောင်၍ ကောင်းနေလျှင် အင်း လိုက်ရန် သတိမရပါ။ သို့သော် အင်း မလိုက်မိပါက နားမထောင်ရမည် စိုးရပါသည်။ ထို့ကြောင့် အတွင်သား အင်း လိုက်ပါသည်။ ကျွန်တော်နှင့် တစ်ခုတည်းတွင် မွေးသော မမလှရင်၏မောင် ဖြစ်သူကား အလှူအိမ်မှ မုန့်များကို တစ်ဖြို နှမ်ဖြို စားထားသဖြင့် တခေါခေါနှင့် ဟောက်၍ နေချေပြီ။

မမလှရင်က ပျူစောထီး၏ ရာဇဝင်ကို ပြောပြသည်။ မြန်မာတို့၏ မူလဒေသ မြောက်အရပ်မှသည် နေနတ်သားနှင့် နဂါးမတို့ သင့်၍ ရသော ဥကြီးနှစ်လုံး မျော၍လာသည်။ ချင်းတွင်းမြစ်ထဲတွင် ဥနှစ်လုံးမှာ ချာချာလည် ၍ မျောနေသည်။ ကျောက်ထုထပ်သော အရပ်သို့ ရောက်သောအခါ ဥ တစ်လုံးသည် ကျောက်ဆောင်နှင့် တိုက်မိသည်။ ဥကွဲသွား၍ ကျောက်ဆောင် ကြီးမှာ ကျောက်စိမ်း ဖြစ်လာသည်။ ဤနည်းဖြင့် မြန်မာနိုင်ငံသည် ကျောက်



www.burmeseclassic.com

www.burmeseclassic.com



စိမ်းထွက်ရာ နိုင်ငံဖြစ်လာသည်။ ကျွန်တော်သည် ပုံပြောသည်မှာ အမျှင်ပြတ်မည် စိုးသဖြင့် ခဏ ခဏ အင်း...အင်း ဟု ဆိုရသည်။

စင်စစ် မမလှရင်က ကျွန်တော် အင်း....လိုက်သံ မကြားလျှင် သူ တစ်ခါတည်း အိပ်လိုက်ချင်သည်။ တစ်ခါတစ်ခါ 'အိပ်ပြီလား'ဟုပင် ကျွန်တော့်ကို အတိအလင်း မေးသည်။ ကျွန်တော့်မှာကား ဥကြီး ကျောက်ဆောင်နှင့် တိုက်မိ၍ "ဂျိန်း"ခနဲ မြည်သွားသည်ဟု ထင်လိုက်သောကြောင့် အိပ်၍ မပျော်နိုင်။ နားထောင်၍ လွန်စွာ အရသာရှိသည်။ သို့ရာတွင် ပျူစောထီးသည် တော်တော်နှင့် ပေါ်မလာနိုင်ပါ။ ဥကြီးသာလျှင် ချင်းတွင်းမြစ်ထဲ မျောနေပါသည်။ ချင်းတွင်းမြစ်မှ တစ်ဖန် ဧရာဝတီမြစ်ထဲ ဝင်လာ၍ မြစ်ထဲ၌ တဝဲလည်လည် ဖြစ်နေပါသည်။ ကျွန်တော်လည်း အင်းကို အတွင်လိုက်ပါသည်။ ကျွန်တော်ပဲ ခွဲကောင်းမည်လား၊ မမလှရင်ပဲ ခွဲကောင်းမည်လား။

'အဲဒါနဲ့ တဲ့....'

'အင်း....'

'ဥကြီးဟာ တဲ့....'

'အင်း'

'သရေခေတ္တရာ အရပ်ကို ရောက်လာရော တဲ့....'

'အင်း'

'အဲဒါနဲ့ တဲ့....'

'အင်း'

'ဥကြီးကို ဒန်အိုးထဲ ထည့်ပြီး ပြုတ်စားလိုက်ကရော တဲ့'

'အင်း.... ဟာ မမလှရင်ကလည်း ဒီလိုဆိုရင် ပျူစောထီးပါ သေသွားကရောပေါ့'

မမလှရင်သည် ခွက်ထိုးခွက်လန် ရယ်လေသည်။ အနီးတွင် အလှူအတွက် လုပ်ကိုင်နေကြသော ဆွေမျိုးတစ်စုတို့သည် မမလှရင် ရယ်သည်မှာ ကျယ်လောင်လှလွန်းသောကြောင့် 'ဟဲ့ ကောင်မလေးတွေ၊ ကောင်ကလေး





တွေ၊ ညဉ့်နက်လှပြီ၊ မအိပ်ကြသေးဘူးလား'ဟု မြည်တွန်ပါသည်။ မမလှရင်က ပိုပြီး ရယ်ပြန်ပါသည်။ လူကြီးသူမများက 'ဘာဖြစ်တာလဲ' ဆို၍ ကျွန်တော်တို့ အိပ်ရာ နေရာသို့ ဝိုင်းလာကြပါသည်။ အမှန်မှာ ဤသို့ ဝိုင်းလာခြင်းမှာ ကျွန်တော်တို့ မောင်နှမသည် သန်းခေါင်သန်းလွဲ အချိန်မှာ အိပ်ဘဲ ဆူဆူညံညံ လုပ်ခြင်းကြောင့် ရိုက်ရန်၊ နှက်ရန် လာရောက်ခြင်း ဖြစ်သည်။ မမလှရင်ကား ဤအကြောင်းကို ကြိုတင် ရိပ်မိသောကြောင့် လူကြီးများကို ရှင်းပြသည်။

မမလှရင်၏ ဖြေရှင်းချက်မှာ ကျွန်တော့်အား တစ်ပုံပြီးတစ်ပုံ ပြောရသဖြင့် အိပ်ချင်လာသည်။ အိပ်ချင်မူးတူးနှင့် ပုံပြောရသောကြောင့် ဥကြီး နှစ်လုံးအနက် တစ်လုံးက ကျောက်ဆောင်နှင့် တိုက်မိ၍ ကျောက်စိမ်း ဖြစ်သွားပြီးနောက်၊ ကျန်ဥတစ်လုံးမှာ ပျူစောထီးကို မွေးရမည့်အစား ယောင်ယမ်းပြီး ဒန်အိုးထဲ ထည့်၍ ပြုတ်လိုက်သည်ဟု ဆိုပါသည်။

ဝိုင်းလာသော လူကြီးများလည်း ကျွန်တော်တို့မောင်နှမ ဖြစ်အင်ကို ကြည့်၍ ခွက်ထိုးခွက်လန် ရယ်ကြပြန်ပါသည်။ ကျွန်တော်ကား လူကြီးသူမများက ဤသို့ အနှောင့်အယှက်ပေးသဖြင့် အတော် စိတ်ပျက်သွားပါသည်။ ထို့ကြောင့် မမလှရင် ပုံပြီးအောင် မပြောလျှင် မအိပ်ဟု အကျပ်ကိုင်ပါသည်။ မမလှရင်လည်း ပျူစောထီးကို မြန်မြန် ရှင်ဘုရင်ဖြစ်အောင် လုပ်ပေးပြီးနောက် ကျွန်တော်က ထပ်၍ ပုံပြောမခိုင်းနိုင်အောင် တခေါခေါနှင့် ဟောက်၍ အိပ်လိုက်လေသတည်း။

ဤကဲ့သို့ မမလှရင်သည် ကျွန်တော့်အား ပုံပြောသည့် အခါပေါင်း မရေတွက်နိုင်ပါ။ ကြောက်စရာ၊ ထိတ်စရာ၊ သနားစရာ၊ ဒေါသဖြစ်စရာ၊ လွမ်းစရာ၊ ပျော်စရာ၊ အထွေထွေ အထူးထူးသော ပုံပြင်တို့သည် မမလှရင်၏ ပါးစပ်မှ ထွက်ပေါ်လာပါသည်။ သူပြောသမျှ ပုံပြင်တို့ကို စာအဖြစ်ဖြင့် မှတ်တမ်းတင်နိုင်လျှင် ယခုခေတ် ပညာရှင်တို့က ရသစာပေ ဟူ၍ စာရင်းသွင်းကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မမလှရင် ပြောသမျှ ပုံပြင်တို့တွင် သနားစရာ ပုံပြင်တစ်ခု ပါသည်။

ထိုပုံပြင်မှာ တစ်ပင်တိုင်မြနန်းတွင် စံနေသော မင်းသမီးကလေးက ခုနစ်ပြည်ထောင်မှ မင်းသားတို့ကို ရွေးချယ်၍ ပန်းကုံးစွပ်သည့် ပုံပြင်ဖြစ်ပါသည်။ ပုံပြင်၏ သဘောသွားမှာ လွန်စွာ ကြည်နူးဖွယ် ကောင်းပါသည်။

'အဲဒါနဲ့ တဲ့၊ ရွေးကောက်ပွဲကြီး ကျင်းပပါလေရော တဲ့'

'အင်း၊ မမရယ် နေပါဦး၊ ရွေးကောက်ပွဲ ဆိုတာက ဘာလဲ'

'အို… ငါ အစက ပြောပါပကော၊ အဲဒီ တစ်ပင်တိုင် မင်းသမီးကလေးက သူကြိုက်တဲ့ မင်းသားကလေး လည်ပင်းကို ပန်းကုံးစွပ်တာလေ အဲဒီလို ပန်းကုံးစွပ်ဖို့ ပွဲကြီး ကျင်းပတာဟာ ရွေးကောက်ပွဲပေါ့ကွယ့်'

ကိုင်း၊ ကျွန်တော် ငယ်စဉ်က နားလည်ထားသော ရွေးကောက်ပွဲဆိုသဟာ ဒါပါပဲ။

BURMESE CLASSIC .com

*

သို့သော် ကြီးပြင်းလာသောအခါ ရွေးကောက်ပွဲ၏ အနက်အဓိပ္ပာယ်တို့သည် ကျယ်ဝန်းလာချေ၏။

ကျွန်တော်ကိုယ်တိုင် ရွေးကောက်ခဲ့ရပါ၏။ ကျောင်းသားဘဝ၌ အသင်းအမှုဆောင်များ ရွေးကောက်သည့်အခါ ကျွန်တော်သည် ကိုယ်ကြိုက်နှစ်သက်သူကို လက်ညှိုးထောင်၍ ရွေးကောက်ခဲ့ဖူးပါ၏။ ကျောင်းသားကြီးဖြစ်လာသောအခါ ရွှေတိဂုံဘုရားလူကြီး ရွေးကောက်ပွဲတွင် မဲပေးခဲ့ဖူးပါ၏။ နောင်အခါ၌ တက္ကသိုလ်သို့ ရောက်သောအခါ သမဂ္ဂ ရွေးကောက်ပွဲအတွက် မဲဆန္ဒ ပေးခဲ့ဖူးပါ၏။

ထို့နောက်ကား ဒိုင်အာခီ ရွေးကောက်ပွဲတို့တွင် မိမိကိုယ်တိုင် မဲပေးနိုင်ခွင့် မရသေးသော်လည်း သူတကာ မဲပေးသည်ကို ကြည့်ခဲ့ရဖူးပါ၏။ မဲပေးနိုင်ခွင့်ရသော အရွယ်သို့ ရောက်သောအခါ ကျွန်တော်သည် တက္ကသိုလ်ကျောင်း၌ပင် ရှိနေသောကြောင့် မိမိရပ်ရွာ မဲဆန္ဒ ပေးပွဲကြီးတွင် မဆင်နွှဲခဲ့ရပါ။ ထိုခေတ်က ကျောင်းသားတို့သည် မိမိတို့ ပညာသင်ကြားရာ တက္ကသိုလ်မှနေ၍ မိမိတို့ရပ်ရွာ ရွေးကောက်ပွဲများ အတွက် မဲထည့်နိုင်သော အစီအစဉ်မျိုး မရှိပါ။

သို့သော် ၉၁ ဌာန အုပ်ချုပ်ရေး ခေတ်၌ကား တိုင်းသူပြည်သားတစ်ဦးအနေဖြင့် မဲဆန္ဒပေးရမည့် အခွင့်ကို ကြုံခဲ့ပါသည်။ ထိုစဉ်က ထိုအခွင့်အရေးကိုမျှ အသုံးမချဖူးလျှင် တိုင်းသူပြည်သားတစ်ယောက်ဟု စာရင်းသွင်းခြင်း မခံရသေးဟု ယူဆမိပါ၏။ ထို့ကြောင့် သည်တစ်ခါ မိမိကိုယ်တိုင် မဲပေးရလေတော့မည် တကားဟု အားခဲ၍ ထားလိုက်သည်။

သို့ရာတွင် ကျွန်တော်သည် အများနည်းတူ မဲတစ်ပြားကို ကိုင်၍ မဲရုံထဲ ဝင်ပြီးလျှင် ကိုယ်ကြိုက်ရာ ပုံးထဲသို့ ကိုယ့်လက်နှင့်ကိုယ် မထည့်လိုက်ရပါ။

အဘယ့်ကြောင့်ဆိုသော် ကျွန်တော်ကိုယ်တိုင် မဲထည့်ရမည့် အစား သူတစ်ပါး မဲထည့်သည်ကို စောင့်ကြပ်နေရသောကြောင့် ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်သည် အလုပ်သင်စမျှသာ ဖြစ်သောကြောင့် ရုံးအရာရှိ အဖြစ်ဖြင့် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို တွေးတော ပြန်မိသည်။ ထိုခေတ်က မင်းတိုင်ပင်အမတ်ရွေးပွဲ ဟူ၍လည်းကောင်း၊ နောင်အခါတွင် အုပ်ချုပ်ရေးတစ်ဆင့် တိုးတက်လာသည်နှင့် ဥပဒေပြုလွှတ်တော်ရွေးပွဲ ဟူ၍လည်းကောင်း ခေါ်ဆိုကြသည့် ရွေးကောက်ပွဲထဲတွင် အရပ်လူကြီးများ၊ မြေပိုင်ရှင်များ၊ အငြိမ်းစား အရာရှိဟောင်းများ၊ ဝတ်လုံတော် ရ မရ ရှေ့နေများ စသဖြင့် ပါဝင်လေ့ ရှိကြသည်။ မြို့ကြီးပြကြီးတို့တွင် ပညာအရည်အချင်း ထူးချွန်၍ တိုင်းကျိုးပြည်ကျိုး ဆောင်သည်ဟု အမည်ရသော ပုဂ္ဂိုလ်ကြီးများ ဝင်ရောက် အရွေးခံကြပါသည်။ သို့ရာတွင် မြို့ငယ်ပြငယ်တို့၌ကား ဥစ္စာပစ္စည်းကြောင့် ဂုဏ်အသရေရှိသည်ဟု အသိအမှတ် ပြုထားရသော ပုဂ္ဂိုလ်များ ပါဝင်ကြသည်။ ယေဘုယျအားဖြင့် ဆိုလျှင် ထိုထိုသော ပုဂ္ဂိုလ်များ၏ လုပ်ရည်ကိုင်ရည်တို့သည် မထူးလှပါ။







www.burmeseclassic.com

www.burmeseclassic.com



လူကောင်း သူကောင်းများ ဖြစ်ကြပါ၏။ သို့ရာတွင် လူရှုပ်လူပွေဖြစ်သည်ဟု နာမည်ကြီးသော လူလည်ကြီးများလည်း ပါဝင်ကြပါသည်။ အထူးသဖြင့် ရပ်ထဲ ရွာထဲတွင် အရာရှိလောကနှင့် သင့်အောင် ပေါင်းပြီးလျှင် ရန်ကုန်မြို့ တိုင်းပြည့် မျက်နှာဖုံးဖြစ်သော ပုဂ္ဂိုလ်ကြီးများနှင့် ဆက်သွယ်ပြီးသကာလ မိမိ၏ စည်းစိမ်ဥစ္စာ တိုးပွားရေး၊ မိမိ၏ ဩဇာတိက္ကမ ကြီးထွားရေး၊ မိမိ ထင်ရာ လုပ်ချင်သည်တို့ကို လုပ်နိုင်ရေးအတွက် အကြောင်းပြုကာ အမတ် အရွေးခံသော သူတို့လည်း ပါဝင်ကြသည်။

ထို့ကြောင့် ရွေးကောက်ပွဲတစ်ခု ကျင်းပပြီးပြီဟု ဆိုလျှင် ရွေးကောက်ပွဲ ကန့်ကွက်သံများကို ကြားရစမြဲ ဖြစ်ပါသည်။ မဲခိုးခြင်း၊ မဲလိမ်ခြင်း နှစ်ထပ်ကွမ်း မဲထည့်ခြင်း၊ အစားအသောက်နှင့် မဲဆွယ်ခြင်း၊ မဲပေးမည့် သူကို ဝှက်ထားခြင်း အစရှိသော အထွေထွေ အထူးထူးသော တိုင်ချက်တို့ သည် သက်ဆိုင်ရာ ခရိုင်ရှိ မဲဆန္ဒကြီးကြပ်ရေးမှူး ထံသို့ ပလူပျံဘိ သကဲ့သို့ ရောက်ရှိစမြဲ ဖြစ်ပါသည်။ သို့သော် သက်ဆိုင်ရာ တရားရုံးတို့တွင် အမှုတို့ကို စစ်၍ ချလိုက်သည့် အခါ၌မူကား အကယ်ပင် အရေးကြီး၍ အကယ်ပင် ပြစ်မှုထင်ရှားသော အခြင်းအရာတို့မှာ ယခုခေတ် မျက်စိနှင့် ကြည့်သော် မပြောပလောက်ဟု ဆိုရပါမည်။ သို့သော် ထိုခေတ် ထိုအခါက ပြစ်ချက် ရစေသော အမှုအသင်း တစ်ခု၊ နှစ်ခုသာ ပေါ်ပေါက်ခဲ့သည် ဖြစ်စေကာမူ ထိုကိစ္စမျိုးကို အလွန် အရေးကြီးသည်ဟု သဘောထားကြပါသည်။

ယင်းကဲ့သို့ အမတ်အရွေးခံသူ အချင်းချင်း ဗိဝါဒ ဖြစ်ပွားကြသည်မှာ မမွှတာကဲ့သို့ ဖြစ်သောကြောင့် များစွာ ဝေဖန်ပြစ်တင်ရန် လိုလိမ့်မည် မထင်ပါ။ သို့ရာတွင် ၎င်းတို့ ဗိဝါဒထဲတွင် အမှုထမ်း၊ အရာထမ်းတို့ ကန့်လန့် ပါလာလျှင် နယ်ပြောင်း၊ နယ်ရွှေ့၊ ရာထူးလျှော့၊ နှစ်တိုးလစာ ပိတ် စသော ကိစ္စများ ပေါ်ပေါက်တတ်သောကြောင့် မလည်မဝယ်နှင့် အရာရှိ ဖြစ်လာသူတို့အဖို့ လွန်စွာ ဒုက္ခများကြရသည်။

ကျွန်တော်မှာ အလုပ်သင်၍ တစ်နှစ်မျှပင် မပြည့်သေးပါ။ ကျွန်တော့





လုပ်ငန်းတွင် ဘယ်အရာကိုမျှ ကျွန်တော့် တစ်ဦးတည်း၏ ဆုံးဖြတ်ချက်ဖြင့် မိမိဘာသာ တာဝန်ယူ၍ ဆုံးဖြတ်ရသော လုပ်ငန်းမျိုး မရှိသေးပါ။ ရာဇဝတ် မှုခင်း စစ်ဆေးရာ၌ပင်လျှင် ကျွန်တော့်အား စိတ်ရှည်စွာဖြင့် သင်ကြားပေးကြ သော အထက်အရာရှိများ၏ အကြံဉာဏ်ကို ယူပြီးမှသာ ဆုံးဖြတ်ရပါသည်။ ဤအခြေတွင် ကျွန်တော်တစ်ဦးတည်း စီမံခန့်ခွဲရမည့် အလုပ်ကို တွေးတော ကြည့်မိသည်မှာ မဆန်းလှဟု ထင်ပါသည်။

ကျွန်တော်သည် အထွေထွေဌာန စာရေးကြီး၊ ငွေတိုက်ဌာန လက် ထောက် စာရေး၊ ပြာတာတော်မင်း အစရှိသည်ဖြင့် ခြံရံ၍ မဲပုံးများ၊ မဲပြားများ ကို တင်ဆောင်ကာ ၎င်းသမ္မန်တစ်စင်းဖြင့် အိမ်တစ်လုံးရွာတွင် ရွေးကောက် ပွဲ ကျင်းပရန် ထွက်လာခဲ့ပါသည်။

သမ္မန်ထဲတွင် ရွေးကောက်ပွဲနှင့် စပ်လျဉ်းသော အရေးပိုင်၏ အမှာ စကား အရပ်ရပ်တို့ကို အပြန်အလှန် စားမြုံ့ပြန်မိပါသည်။

BURMESE CLASSIC .com

အရေးပိုင်သည် စကော့လူမျိုး ဖြစ်ပါသည်။ စကော့လူမျိုးတို့သည် ငွေရေးကြေးရေး၌ အလွန်စေ့စပ်ကြသည်။ ငွေရေးကြေးရေး၌ စေ့စပ်သော သူတို့သည် အလုပ်အကိုင်၌လည်း သေချာတတ်သည်။ ဤမျှ စေ့စပ်သေချာ သော သူပင် ဖြစ်လင့်ကစား အင်းစိန်ခရိုင်တွင် အရေးပိုင်လုပ်ခဲ့သောအခါ ငွေတိုက်၌ စာရင်းနှင့်ငွေ မကိုက်သောကြောင့် အရေးပိုင်ကိုယ်တိုင် ငွေစိုက် လျော်ရသည်အထိ ကိစ္စများခဲ့ပါသည်။ ထို့ကြောင့် ၎င်းစကော့လူမျိုး အရေး ပိုင်သည် အလုပ်သဘော၌ သာ၍ သာ၍ စေ့စပ်သေချာပါသည်။

အရေးပိုင်သည် သူ၏ရာဇဝတ်မှု စစ်ဆေးရာ ရုံးခန်းကို မဲရုံသဖွယ် ပြင်ဆင်၍ မဲပုံးများ၊ မဲပြားများ၊ မဲကိုယ်စားလှယ်များ၊ မဲစာရေးများ၊ မဲရုံ အရာရှိများနှင့် မဲဆန္ဒရှင်များကို ဟန်ပြအဖြစ်ဖြင့် ပွဲမဝင်ခင် အပြင်ကစား ကျင်းပ ဆိုဘိသကဲ့သို့ မဲပေးပုံ ပေးနည်း လေ့ကျင့်ခန်းကို ကျင်းပပေးပါသည်။ ဤလေ့ကျင့်ခန်းတွင် အရေးပိုင်၏ လက်ထောက်ဖြစ်သော မြို့မဝန်ထောက် ကြီးက မဲရုံမှူးသဖွယ် ဆောင်ရွက်သည်။ ပထမသော် မဲကို တရားဥပဒေနှင့်



www.burmeseclassic.com

www.burmeseclassic.com



အညီ ပေးရသည့် အခမ်းအနားကို နမူနာပြ ဆောင်ရွက်ရပါသည်။ မှုမှန်သော မဲပေးနည်းကို လေ့ကျင့်စဉ်က အားလုံး ချောချောမောမော ဖြစ်၏။ သို့သော် လိမ်လည်၍ လည်းကောင်း၊ အယောင်ဆောင်၍ လည်းကောင်း မဲပေးသော အခြင်းအရာကို သရုပ်ဖော်သောအားဖြင့် မဲလိမ်ပေးသောသူကို အရေးပိုင်က မဲကိုယ်စားလှယ်အဖြစ်ဖြင့် ကန့်ကွက်လိုက်သောအခါ မြို့မဝန်ထောက်ကြီး သည် ဘာကို အဆုံးအဖြတ် ပေးရမည်မသိ ဖြစ်သွားပါသည်။

ထိုအခါ အရေးပိုင်က ‘နိုး....နိုး....နိုး’ ဟု ဆိုပါသည်။

‘ယခုရွေးကောက်ပွဲဟာ ခင်ဗျားတို့မြန်မာများ အုပ်ချုပ်ရေး အပြောင်း အလဲအတွက် အင်မတန် အရေးကြီးတယ်။ ကိုယ်ပိုင်အုပ်ချုပ်ရေး ဆိုတာဟာ ကိုယ့်ဘာသာကိုယ် တာဝန်တွေကို ကျေပွန်အောင် လုပ်တတ်မှ တန်ဖိုး ရှိတယ်။ ဒီတော့ အရာရှိများ ယခုရွေးကောက်ပွဲမှာ ဖြောင့်ဖြောင့်မှန်မှန် ဖြစ်အောင် ကြိုးစား စောင့်ထိန်းပေးကြပါ။ ခင်ဗျားတို့ အသီးသီးဟာ စိတ်ထဲ မှာ ဘယ်သူကို မဲထည့်မယ်၊ ဘယ်ပါတီကို အားပေးမယ်ဆိုတဲ့ စိတ်တွေ ရှိကြမှာပဲ။ အရာရှိမင်းများဟာ မဲပေးပိုင်ခွင့် ရှိသူများ ဖြစ်တဲ့အတွက်ကြောင့် ဘယ်သူဘယ်ဝါကို မဲပေးတာဟာ နိုင်ငံရေးမှာ ဘက်လိုက်တယ်လို့ စွပ်စွဲ ပြောဆိုပိုင်ခွင့် မရှိပါဘူး။ ကိုယ်ကြိုက်ရာ နိုင်ငံရေးပါတီ၊ နိုင်ငံရေးသမားကို လွတ်လပ်စွာ မဲပေးကြပါ။ အရာရှိများအားလုံး မဲပေးတယ်ဆိုတာကို ကျုပ် အလိုရှိတယ်။ ဒါမှ ခင်ဗျားတို့ဟာ မြန်မာနိုင်ငံ အုပ်ချုပ်ရေး အသစ်ကို ထိရောက်အောင် အကောင်အထည် ဖော်သွားနိုင်မယ်။ ဒါပေမဲ့ ဟိုဘက် သည်ဘက် ပင်းပြီး ဆောင်ရွက်တဲ့ အပြုအမူမျိုးကိုတော့ ကျုပ်တို့ အရာရှိ များဟာ ရှောင်ကြဉ်ရမယ်။ နိုင်ငံရေးလုပ်နေတဲ့ လူတွေ ဉာဏ်များပြီး တရား ဥပဒေနဲ့ မညီတာတွေ ပြုလုပ်ရင် ကျုပ်တို့အရာရှိများက တရားအတိုင်း ဖြစ်အောင် လမ်းညွှန်သွားဖို့ တာဝန်ရှိတယ်။ မဲလိမ်နည်းတွေကို အရာရှိများ မဖမ်းတတ်ရင် တာဝန်ကျေမှာ မဟုတ်ဘူး။ ဒါကြောင့် ကျုပ်တို့ ယခု အစမ်း လေ့ကျင့်ခန်းကို ထပ်လုပ်ဦးမယ်’





အရေးပိုင်သည် မြန်မာနိုင်ငံပေါ်တွင် သဘောထား မဆိုးပါ။ သူသည် အုပ်ချုပ်ရေးလုပ်ငန်း၌ ကျွန်တော်၏ လက်ဦးဆရာ ဖြစ်ပါသည်။ ကျွန်တော် အလုပ် လုပ်တတ်အောင် သူသည် စေ့စေ့စပ်စပ် သင်ကြားပေးပါသည်။ ထို့ကြောင့် ကျွန်တော်သည် သူ၏သဘောထားကို ကောင်းစွာ အကဲခတ်နိုင် ပါသည်။ တစ်ခါတစ်ခါ သူက ‘ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုတာ လူထု အသိ ဉာဏ် ဖွံ့ဖြိုးခြင်း အပေါ်မှာ တည်တယ်’ ဟု ကျွန်တော့်အား ပြောဖူးပါသည်။ ထိုစဉ်က သူ ဤကဲ့သို့ပြောသည်ကို ကျွန်တော် မကြိုက်ပါ။ ကျွန်တော်တို့၏ ကံကြမ္မာကို ကျွန်တော်တို့ ဖန်တီးလာရသော ခေတ်သို့ ရောက်သောအခါ အရေးပိုင် ပြောဆိုသွားခဲ့သော ဩဝါဒကို အမှတ်တရ ဖြစ်လာပါသည်။

သို့သော် ကျွန်တော် သဘောမပေါက်သည်ထက်ပင် ပို၍ သဘော မပေါက်သော သူများလည်း ရှိပါသေးသည်။ ဥပမာ ရှေးခေတ်က လူထု ရှေ့ဆောင်ဟု ယူဆထားသော အရာရှိပိုင်းတွင် မြန်မာနိုင်ငံ အုပ်ချုပ်ရေး အသစ်၏ အရေးကြီးပုံကို အရေးပိုင် မိန့်ကြားသကဲ့သို့ သဘောပေါက်ကြ သည် မဟုတ်ပါ။ ယခု လေ့ကျင့်ခန်း လုပ်သည်ကိုပင်လျှင် များစွာသော အရာရှိတို့က သက်သက်အလုပ်ရှုပ်အောင် ဖန်တီးနေဘိသကဲ့သို့ ကွယ်ရာ၌ ဝေဖန်ကြသည်။ သို့သော် ထိုကွယ်ရာ အတင်းပြော အရာရှိတို့သည် အရေး ပိုင် ရှေ့တွင် ပျာပျာသလဲ အလုပ် လုပ်ပြကြပါသည်။ BURMESE CLASSIC .com

*

ကျွန်တော်တို့အဖွဲ့သည် အိမ်တစ်လုံးရှာသို့ ညနေခင်း ရောက်ပါသည်။ နံနက်ဆိုလျှင် မဲရုံဖွင့်ရမည် ဖြစ်သောကြောင့် ကျွန်တော်သည် ရသမျှအချိန် အတွင်း မဲရုံသည် စည်းကမ်းနှင့်အညီ တည်ဆောက်ခြင်း ရှိ မရှိ စစ်ဆေးပါ သည်။ မဲကိုယ်စားလှယ်များကို ဆင့်ခေါ်၍ မဲရုံနှင့် ဘယ်နှကိုက် အတွင်းမှာ မဲ မဆွယ်ရ၊ မဲဆန္ဒရှင်များကို အစားအသောက် မကျွေးရ၊ အရက် မတိုက်ရ၊ ဘာ မလုပ်ရ၊ ညာ မလုပ်ရ စသည်ဖြင့် အရေးပိုင်၏ နမူနာပြ မဲရုံလေ့ကျင့် ခန်းမှ ရသော ဗဟုသုတတို့ဖြင့် တွင်တွင်ကြီး အမိန့်ပေးပါသည်။ မဲကိုယ်စား



www.burmeseclassic.com

www.burmeseclassic.com



လှယ်တို့က ပြုံးပြုံး ပြုံးပြုံးနှင့် ကျွန်တော် အမိန့်ပေးသမျှကို အတိအကျ လိုက်နာမည့် မျက်နှာပေးဖြင့် ခေါင်းကို အတွင် ညိတ်ကြပါသည်။

နံနက်လင်းသော် ကျွန်တော်တို့ လူစုသည် မဲရုံရှိရာဆီသို့ သွားကြပါသည်။ မဲရုံကို သူကြီးအိမ်နှင့် ခပ်ဝေးဝေးတွင် ထားရပါသည်။ ရွာထဲမှာ ယာယီကင်းဂိတ်တစ်ခု ရှိသည်။ ၎င်းကင်းဂိတ်နှင့်လည်း ဝေးအောင် ထားရပါသည်။ ထို့ကြောင့် နံနက်ခင်း မြူနှင်းမှုန်မှုန်တွင် ခေတ္တလမ်းလျှောက်ခွင့် ရသောကြောင့် တန်ဆောင်မုန်းလ၏ အချမ်းကိုမျှပင် သတိမရလိုက်ပါ။ မဲရုံထဲ ဝင်လာသောအခါ စိတ်ပင်လျှင် အတော် အိုက်သွားပါသည်။

သို့သော် အစီအစဉ်မှာ မူလက ကြံရွယ်ခဲ့သည့် အတိုင်းပင် ဖြစ်ပါသည်။ မဲပုံးများကို နေရာချသောအခါ မဲကိုယ်စားလှယ်များက နေရာမလှသည့်အပြင် မြို့ပိုင်မင်း ကြိုက်နှစ်သက်ရာမှာ ထားပါဟု ပြောကြသေးသည်။ ကျွန်တော်လည်း ၎င်းတို့၏ ပြောဆိုချက်ကိုပင် လိုက်လျော၍ မဲပုံးကို ကျွန်တော့် သဘောအရ ထားတော့မည်ဟု မဲပေးခန်းထဲ ဝင်လိုက်မိ၏။ သို့သော် အရေးပိုင်က အခါခါ အထပ်ထပ် မှာကြားလိုက်သော အချက်တစ်ချက်ကို သတိရ၍ မဲပေးခန်းမှ ပြန်ထွက်ပါသည်။

'ခင်ဗျားတို့ ကျွန်တော့်ကို ယုံကြည်ပြီး မဲပုံးများ ကြိုက်သလို စီစဉ်ပေးပါဆိုတာ ကျွန်တော် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ယခုကျေနပ်တုန်းမှာ ဘာမျှမပြောလိုကြပေမဲ့ နောင်အခါ မဲရှုံးရင် ရှုံးသူက တစ်မျိုး ပြောလာလိမ့်ဦးမယ်။ မြို့ပိုင်က သူမေတ္တာရှိရာ အမတ်လောင်းရဲ့ မဲပုံးကို မဲခန်းအဝင်ဝမှာ ထားပါတယ်လို့ စွပ်စွဲရင် ကျုပ်ကြားထဲက အရှောင်နာမည်ပျက်ဦးမယ်။ ဒီတော့ ခင်ဗျားတို့ သဘောချင်း ညှိနှိုင်းပြီး ရွေးကြပါ'

ကျွန်တော်က သည်ကဲ့သို့ ပြောသောအခါ မဲကိုယ်စားလှယ်တို့သည် သူ့သဘော၊ ငါ့သဘော၊ မင်းသဘော၊ ကျုပ်သဘောနှင့် တစ်ဦးအပေါ် တစ်ဦး လွှဲချနေကြပါသည်။ သို့သော် မည်သူမျှ ပထမ ဦးဆောင်၍ နေရာ မရွေးကြပါ။





ထို့ကြောင့် နောက်ဆုံးတွင် မဲနှိုက်သော စနစ်ဖြင့် မဲပုံးများကို နေရာချထားပါသည်။

ကျွန်တော်၏ မဲရုံတွင် ဘာမျှ ထူးထူးခြားခြား မဖြစ်ပါ။ မျက်မမြင် အတိုးအို၊ အဘွားအိုတို့ကို မဲခန်းထဲသို့ လက်တွဲခေါ်ဆောင်၍ ၎င်းတို့ကြိုက်ရာ မဲပုံးကို မဲထည့်စေခြင်း၊ မြန်မာနာမည်နှင့် မဲလာထည့်သော အရှုယာကုလား၊ ကာကာကုလားတို့ကို မဲကိုယ်စားလှယ်များက ကန့်ကွက်၍ ၎င်းတို့၏ မိဘမျိုးရိုးနှင့် ကိုယ်ပိုင်အမည် ဟုတ် မဟုတ်ကို သူကြီး၊ ဆယ်အိမ်ခေါင်း ကော်မီတီ၏ ထွက်ချက်နှင့် စစ်ဆေးရခြင်း၊ မဲစာရင်းတွင် နာမည်များ အလွဲလွဲ အမှားမှား စာရင်းတင်ထားသည်ကို အမည်မှန်၊ အသက်မှန်၊ အလုပ်အကိုင်မှန်၊ မိဘနာမည်မှန်တို့ဖြင့် တိုက်ဆိုင် ညှိနှိုင်း အဆုံးအဖြတ်ပေးရခြင်းသာဖြင့် သာမန် အခက်အခဲမျိုးသာ တွေ့ပါသည်။ ညနေပိုင်းတွင် မဲရုံပိတ်သည့် အချိန်၌ အောက်လင်း ဓာတ်မီးများ ထွန်းကာ ချိပ်တံဆိပ် အသီးသီး ခတ်နှိပ်၍ မဲပုံးပိတ်ရပါသည်။

BURMESE CLASSIC .com

မဲပုံးများကို ကျွန်တော် တည်းခိုရာ ကရင် ကုန်စုံဆိုင်သို့ ယူဆောင်လာပါသည်။ အိမ်တစ်လုံးရွာမှာ ကရင်အမျိုးသား လွှမ်းမိုးသော ရွာဖြစ်၍ ရွာသုံး တိုလီမိုလီ ပစ္စည်းတို့ကို ကရင်အမျိုးသမီးတစ်ဦးက ဦးစီး တည်ထောင်သော ဆိုင်က ဖြန့်ချိပေးပါသည်။ ၎င်းကုန်စုံဆိုင်မှာ မြို့မှလာသမျှ အရာရှိကြီးငယ်တို့ တည်းခိုရာစခန်း ဖြစ်သောကြောင့် ကုန်စုံဆိုင်၏ ဘေးတွင် မီးဖိုဆောင်နှင့် အိမ်သာ အပါအဝင် အခန်းရှည်တစ်ခု သတ်သတ်ရှိပါသည်။ ၎င်းအခန်းတွင် ကျွန်တော်တို့ အဖွဲ့သားများ တန်းစီ၍ အိပ်ရပါသည်။ ကျွန်တော်မှာ ပထမဦးဆုံး တာဝန်ထမ်းဆောင်ရသော အလုပ်တွင် မတော်မတရား မဖြစ်ရလေအောင်၊ မဲပုံးတို့ကို မိမိ၏ ရှက်ဖျင် ခုတင်အောက်၌ ထား၍ အိပ်ပါသည်။ အထွေထွေ စာရေးကြီးသည် ကျွန်တော် ဗျာများပုံကို ကြည့်ပြီး ရယ်ပါသည်။

နံနက်မိုးလင်းသော် မဲပုံးသုံးပုံးကို တရိုတသေ သမ္ဗန်ထဲတွင် ထည့်၍



www.burmeseclassic.com

www.burmeseclassic.com



မြောင်းမြမြို့သို့ ကျွန်တော်တို့ အဖွဲ့သားများ ပြန်လာကြပါသည်။ ကျွန်တော်တို့၏ နောက်တွင် မဲကိုယ်စားလှယ် သုံးဦးက သမ္ဗန်ကိုယ်စီနှင့် လိုက်လာပါသည်။

သမ္ဗန်ထဲတွင် အထွေထွေ စာရေးကြီးက ရွေးကောက်ပွဲ ကလိမ်ကျနည်း နည်းမျိုးစုံကို ဋီကာဖွင့်ပါသည်။

ချောင်းထဲတွင် စပါး နှစ်ရာပါ၊ သုံးရာပါ သမ္ဗန်ကြီးများကို တွေ့ရသည်။ ၎င်းသမ္ဗန်များတွင် ဒယ်အိုးများ၊ ဒန်အိုးများ၊ စဥ့်အိုးများကို ခပ်လှမ်းလှမ်းမှ မြင်ရပါသည်။ ခွက်အစိတ်ဝင်အိုးများ အတော်ခပ်များများကို သမ္ဗန်ဝမ်းခေါင်းထဲတွင် တင်ထားပုံမှာ ကျွန်တော့်စိတ်ထဲ ထူးခြားသလိုလို ရှိနေပါသည်။

ထို့ကြောင့် 'ဘာသမ္ဗန်တွေလဲဗျာ့'ဟု စာရေးကြီးကို လှမ်း၍ မေးမိသည်။

စာရေးကြီးက ပြုံး၍ 'မဲကြို သမ္ဗန်တွေပါ'ဟု အဖြေပေးသည်။

'မဲကြိုသမ္ဗန်ကလည်းဗျာ စဥ့်အိုးကြီးတွေ သယ်လာတာ များလှချည့်ကလား'

'အဲဒီအိုးတွေက အရက်အိုးတွေ၊ မြို့ပိုင်မင်းရဲ့'

ထို့နောက် အထွေထွေ စာရေးကြီးသည် မဲရာဇဝင်ကို ခင်းပြပါသည်။ စာရေးကြီးမှာ ဒွိသနှ က အုပ်ချုပ်ရေးဖြစ်သော ဒိုင်အာခီစနစ် ပေါ်သည့်နေ့မှ စ၍ ရွေးကောက်ပွဲ မဲဆွယ်သူတို့က မဲဆန္ဒရှင်တို့အား အကျွေးအမွေး၊ အရက်သေစာ တို့ဖြင့် မဲမြူနည်း အမျိုးမျိုးကို ပြောပြပါသည်။

'ဒါတွေကို ယခုလို ဖြောင်လုပ်တော့ ဒီရွေးကောက်ပွဲမျိုးဟာ လွတ်လွတ် လပ်လပ်လို့ ဆိုနိုင်ပါ့မလား'

'ဒါကတော့ မြို့ပိုင်မင်းရယ် သူကျွေးရင် စား၊ သူခေါ်တာနဲ့ လိုက်၊ ပြီးတော့ ကိုယ်ထည့်ချင်တဲ့ ပုံးထဲကို ကိုယ် ထည့်ကြတာပဲ'

'နို့ပေမဲ့ဗျာ၊ ယခုလို ဖြောင်ကျကျ မဲဆွယ်တယ်ဆိုတော့ ဥပဒေနဲ့





လွတ်ဘူးဗျာ။ ယခုတောင်မှ ကျုပ်တို့ မျက်စိအောက်မှာ အရက်အိုးကြီးတွေ တင်လာတာကို အရေးမယူရင် ကျုပ်တို့လည်း အပြစ်ကင်းပါဦးမလား'

'အပြစ်မကင်းဘူး ယူဆပြီး ယခု သမ္ဗန်တွေကို ဖမ်းကြည့်ပါလား။ သူတို့ ပြောလိမ့်မယ်။ သူတို့ဟာ ဘုံဆိုင်ကို အရက်သယ်ပို့ရတဲ့ သမ္ဗန်တွေပါလို့ ပြောလိမ့်မယ်။ သူတို့ဆီမှာ အရက်အိုးတွေ ပို့ဖို့အတွက် ယစ်မျိုးနည်းဥပဒေအရ ပါမစ်တွေတောင် ပါလာတယ်'

'ဟာ ဒီလိုဆိုရင် ယစ်မျိုးဌာန မှုထမ်း ရာထမ်းတွေတောင်မှ ရွေးကောက်ပွဲမှာ သူ့လူ ကိုယ့်လူ ဆိုပြီး ပါနေကြတာပေါ့'

'အင်း သိသာသိစေ မမြင်စေနဲ့ ဆိုတာမျိုးလို တချို့လည်း ကိုယ်ကြိုက်ရာ အမတ်လောင်းအတွက် အကျိုးဆောင်ပေးကြမှာပဲ။ ဒါပေမဲ့ အကယ်တမ်း စစ်ဟယ်ဆေးဟယ် လုပ်ရင် ဝိနည်းရှောင်ထားတာတွေကိုသာ တွေ့ရမယ်။ ကိုယ်ဖမ်းတဲ့ အမှုဟာ နိုင်လုံမှာ မဟုတ်ဘူး'

'သူတို့ရွေးကောက်ပွဲ ဆိုတာ တယ်ပြီး ဉာဏ်များပါကလားဗျာ့'

'ဉာဏ်များတာတွေတော့ မပြောနဲ့တော့ မြို့ပိုင်မင်းရေ့။ မြို့ပိုင်မင်းကတော့ မဲရုံမှူးဆိုပြီး မဲရုံထဲမှာ ဥစ္စာစောင့်လို လုပ်နေလို့ ဘာမျှ မသိတာ။ ကျွန်တော်တို့တော့ မြို့ပိုင်မင်းကို တစ်ယောက်တည်းထားပြီး နေ့လယ်ပိုင်းအားချိန်မှာ ရွာထဲ လျှောက်ကြည့်ခဲ့တယ်။ ဒီရွာထဲမှာ အလှူအိမ်တွေ တော်တော် များသဗျို့။ ဟိုအိမ်ကလည်း ဘုန်းကြီးဆွမ်း ကပ်၊ ဒီအိမ်ကလည်း ဘုရားကိုးဆူ ကျွေး'

'ဟာ.... ခင်ဗျားဥစ္စာကလည်း နေ့ခင်းကြောင်တောင် ဘုရားကိုးဆူကပ်တာ ဟုတ်မှ ဟုတ်ပါ့မလား'

'ဟုတ်တော့ ဘယ်ဟုတ်မလဲ၊ ညက ဘုရားကိုးဆူ ကပ်ပြီး ဒီနေ့မနက်ခင်း နေ့လယ်ခင်းကျတော့ လူတွေဖိတ်ပြီး ကျွေးကြ မွေးကြတာပေါ့'

'အင်း....ရွာကလေးက ကရင်ရွာသာ ဆိုတယ်၊ ကုသိုလ်ကောင်းမှုကျတော့ အင်မတန် သဒ္ဓါတရား ရှိကြပါကလားဗျာ့'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စာရေးကြီးသည် ခွက်ထိုးခွက်လန် ရယ်ပါသည်။

အမှန်မှာ ကျွန်တော့်၌ ဘာ ဗဟုသုတမျှ မရှိပါ။ စာရေးကြီးမှာ လောကထဲတွင် ကျင်လည်လာခဲ့သည်မှာ အနှစ်လေးဆယ် ကျော်ပါပြီ။ ရွေးကောက်ပွဲ အမျိုးမျိုး၌ နွှဲခဲ့ဖူးပါပြီ။ သူကြီး ရွေးပွဲ၊ တိုက်နယ်လူကြီး ရွေးပွဲ၊ ခရိုင်ကောင်စီ ရွေးပွဲ၊ မင်းတိုင်ပင်အမတ် ရွေးပွဲ၊ ဥပဒေပြုလွှတ်တော် အမတ် ရွေးပွဲ....အို မပြောပါနှင့်တော့၊ ရွေးကောက်ပွဲ အမျိုးပေါင်း သောင်းခြောက်ထောင် ကျင်းပခဲ့ရာ ကျွန်ုပ်တို့၏ အထွေထွေစာရေးကြီး မပါခဲ့သည် မရှိ။ ကျွန်တော်လို မြို့အုပ်ပေါက်စ ထောင်ခြောက်လ သမားမျိုးကို မဆိုထားဘိ၊ ရွေးကောက်ပွဲ ဗဟုသုတနှင့် စပ်လျဉ်းလာလျှင် အရေးပိုင်ကိုယ်တိုင်က သူ့အား ခေါ်၍ မေးမြန်းရသည်။ ထို့ကြောင့် သူ ရယ်သဖြင့် ကျွန်တော့်မှာ စိတ်မဆိုးနိုင်ပါ။ ကျွန်တော့်မှာ မရှိသော ဗဟုသုတကို သူ့ထံမှ ရအောင် မည်သို့ ယူရမည်ကိုသာ ကျွန်တော် စိတ်စောမိပါသည်။

'မြို့ပိုင်မင်းက တယ် ရိုးတာကိုးဗျာ့'

အမှန်မှာ အထွေထွေ စာရေးကြီးသည် "တယ် အ တာကိုးဗျာ့"ဟု ဆိုချင်ဟန် လက္ခဏာ ရှိပါသည်။ စာရေးနှင့် မြို့ပိုင်မို့သာ စကားပရိယာယ် ဖြင့် ပြောခြင်း ဖြစ်ဟန်တူပါသည်။ အမှန်မှာ တက္ကသိုလ် စာသင်ခန်းမှနေ၍ ရှုပ်ထွေး ပွေလီသော ဤလူ့ဘောင်ထဲသို့ တစ်ချက်တည်း ခုန်၍ဝင်ခဲ့သော ကျွန်တော့်အဖို့ တက္ကသိုလ် စာသင်ခန်း၌ ပို့ချသော ကြီးကျယ်သော၊ မြင့်မြတ်သော လက်သုံးဝါဒတို့သည်သာ ကမ္ဘာလောက တစ်ဝန်း၌ အနှံ့တည်နေသည်ဟု ထင်မှတ်နေပါသည်။ သေးနုပ်သော၊ ကလိမ်ကျသော သဘောတရားတို့ကို ကိုယ်တွေ့ တွေ့စရာ အများကြီး ကျန်ပါသေးသည်။

'မြို့ပိုင်မင်းက တယ် ခွကျသကိုး'ဟု စာရေးကြီးက ထပ်တွန့်၍ ညည်းညူလိုက်ပြီးလျှင် 'အကြောင်းပြကောင်းအောင် အလျှုလုပ်ကြတာဗျာ့ အမှန်မှာတော့ ရွေးကောက်ပွဲ မဲဆွယ်ဖို့အတွက် ကျွေးကြ မွေးကြတာပဲ' ဟူ၍ ပြောပါသည်။





သိသာ သိစေ၊ မမြင်စေနှင့်။ အင်း.... သူတို့ လုပ်ပုံတွေက ယဉ်လှပါသည်။ ပိပိရိရိ ရှိလှပါသည်။

ယခုခေတ်နှင့် စာသော်....။

*

'ဒီမှာ ကျုပ်ပြောမယ်ဗျာ၊ ကလိမ်ကျတာချင်း အတူတူချည်းပဲ၊ ဒါပေမဲ့ ခုခေတ် နောက်ပေါက်ကလေးတွေက တယ်ညံ့တယ်ဗျာ၊ ကျုပ်တို့လို နိုင်ငံရေး သမား လက်ဟောင်းကြီးတွေ ခေတ်တုန်းက ဒီလို ဘယ်ဟုတ်မလဲ၊ ဥပဒေ အတွင်းကချည်းပဲ၊ ဝိနည်းရှောင်ရှောင်ပြီး လုပ်သွားကြတယ်၊ လူမသိလိုက်ဘူး၊ သိသာ သိစေ မမြင်စေနဲ့တဲ့ ဗျာ့'

လာပြန်ပြီ သည်စကား။ ယခု သည်စကားကို ကြားရသောခေတ်မှာ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်အစိုးရ ဟူသော ခေတ်ဖြစ်ပါသည်။ အိမ်တစ်လုံး ရွေးကောက်ပွဲမှ ကာလရွေ့လျောလာသည်မှာ စိတ်အထင် အနှစ်အစိတ် ရှိတော့မည်။ ကျွန်တော် ယုံကြည်ခဲ့သည်မှာ အနှစ်အစိတ်ခန့် အတွင်း ကျွန်တော်တို့သည် လွတ်လပ်ရေးရအောင် ဆောင်ကြဉ်းလာနိုင်သည် အထိ တိုးတက်လာခဲ့ပြီဟု ယုံကြည်ခဲ့ပါသည်။

သို့ရာတွင် နှစ်ဆယ့်တစ်ဦးခေတ်၌ နိုင်ငံရေး သံသရာထဲတွင် ဒိုးကဲ့သို့ လည်လာသော လက်ဟောင်း နိုင်ငံရေးသမားကြီး ပြောလိုက်ပုံမှာ ကျွန်တော် ၏ ယုံကြည်ချက်ကို အစိတ်စိတ် အမြွာမြွာ ဆုတ်ဖြဲပစ်လိုက်သကဲ့သို့ ရှိသည်။

'ယခုခေတ် ဝက်အူလှည့်တွေ ဘာတွေ ပြောကြတယ်၊ ဘယ့်နှယ် ဒီကလောက် ခဲယဉ်းတဲ့ အလုပ်တွေကို လုပ်ဖို့ မလိုပါဘူးဗျာ၊ ချိပ်ခွာတာ ခက်တာ မှတ်လို့'

ကျွန်တော် ယခုမှ သတိရသည်။ ကျွန်တော် အိမ်တစ်လုံးက အပြန် အထွေထွေ စာရေးကြီးက တံဆိပ်နှိပ်ထားသော ချိပ်ကို တံဆိပ်မပျက်အောင် ခွာနည်း လုပ်ပြခဲ့ဖူးသည်။ ထိုစဉ်က ကျွန်တော်သည် ချိပ်ခွာပုံကို ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ကျွန်တော့် စာရေးကြီးကိုပင်လျှင် ကျွန်တော် မသကာပါ။ အသည်းထဲ စိမ့်၍ စိမ့်၍ ကြောက်ရွံ့လာပါသည်။

ယခုလည်း နိုင်ငံရေး အငြိမ်းစားကြီးတစ်ဦးက ဗဟုသုတ အလို့ငှာ ပြောနေသည်ကိုပင်လျှင် ကျွန်တော် စိမ့်၍ စိမ့်၍ ကြောက်ရွံ့လာပြန်ပါသည်။ ကျွန်တော်တို့တစ်တွေ ဤနည်းဖြင့်သာ စခန်းသွားနေကြပါက တစ်နေ့သော နေ့မှာ ကျွန်တော်တို့ ဘာတွေ ဖြစ်ကြရဦးမည်နည်း။

လောကၖ ယထာဘူတ ပညာရှင်များက မှုချမှတ်ခဲ့ကြသည်။ လောက တံထွာ မှုဆိုသည်မှာလည်း သင်္ခါရ ဖြစ်သောကြောင့် တစ်ထစ်ချ မှန်သည် ချည်းဟု မဆိုသာပါ။ မှုသည် ပရမတ် မဟုတ်ပါ၊ ပညတ်မျှသာ ဖြစ်ပါသည်။ သို့သော် ဃေဘုယျအားဖြင့်ကား ကာလ၊ ဒေသ၊ ပယောဂကို လိုက်၍ သူ့အချိန်နှင့် သူ၊ သူ့နေရာနှင့် သူ၊ သူ့အကြောင်းတရားနှင့် သူ မှန်တတ်သည်ကို ဝန်ခံကြရပါမည်။ သို့သော် မှုမှန်ရုံနှင့် ပြီးသည် မဟုတ်၊ လူကလည်း မှန်ဖို့ လိုပါသည်။ မှုကောင်းသော်လည်း လူ အသုံးမကျလျှင် သည်မှုကို မီးဖုတ်ပစ်ဖို့သာ ကောင်း၏။

ကျွန်တော်သည် ကျွန်တော့်အတွေးနှင့် ကျွန်တော် ဖြစ်ပါသည်။ သို့သော် ကျွန်တော် တွေးနေသည်ကို ကျွန်တော့်မိတ်ဆွေ နိုင်ငံရေးသမားကြီး ကြားသွားသလော မပြောတတ်ပါ။ သူက ဤသို့ ဆိုပါသည်။

'ကျုပ်တို့ခေတ်ကို ဖျူရိုကရက်ခေတ်လို့ ဆိုကြတယ်။ ဒါပေမဲ့ သူ့ခေတ်နဲ့သူ ချမှတ်တဲ့ မှုတွေက မဆိုးလှဘူးဗျာ။ ကျုပ်တို့ လူတွေကသာ ဆိုးနေကြတာ။ ဘာပဲပြောပြော နယ်ချဲ့ဆိုတဲ့ အကောင်ကလည်း ကျုပ်တို့ကို စည်းကမ်းဘောင် ခတ်ပေးခဲ့တာပဲ။ နို့ပေမဲ့ ကျုပ်တို့က အကျင့်မကောင်းတာဗျာ'

ကျွန်တော့်၏မိတ်ဆွေသည် အကျင့်ဟူသော စကားကို လေးနက်အောင် မှုရင်းအသံနှင့် ပီပီသသ ရွတ်ပြပါသည်။ မကောင်းသည်ကို လုပ်ခဲ့သမျှ မကောင်းမှန်း သိသိဖြင့် ရွတ်ချသော လေသံနှင့် ပြောဆိုခြင်း ဖြစ်ပါ





သည်။ မကောင်းသည်ကို မကောင်းမှန်းသိ၍ မကောင်းဟု ပြောခြင်းသည် လုလိမ္မာသသော ဖြစ်ပါသည်။ စင်စစ် ယခုအခါ ကျွန်တော်၏မိတ်ဆွေသည် လုလိမ္မာ ပြန်ဖြစ်၍ သမ္မာအာဇီဝဖြင့် အသက်မွေးနေပါသည်။

*

တစ်ခုသော ရွေးကောက်ပွဲတွင် အမတ်လောင်းတစ်ဦးသည် အနိုင်ရရှိရေး အတွက် အကြံထုတ်နေလေသတည်း။

ထိုခေတ်က အနိုင်ရရှိရေးအတွက် စည်းရုံးခြင်း မလိုချေ။ တစ်ဦးတည်း အကြံထုတ်လျှင် ပြီးနိုင်သည်။

ထိုခေတ်က ပါတီခေါင်းစည်းတပ်ရန် မလိုချေ။ တစ်သီးပုဂ္ဂလ အနေဖြင့် အရွေးခံနိုင်လျှင် ပို၍ သေချာသည်။ အရွေးခံပြီးနောက် ဥပဒေပြု လွှတ်တော်ထဲ ရောက်လာသောအခါ ထိုပါတီ၊ ဤပါတီတို့မှ ခေါင်းဆောင်ကြီးများသည် အမတ်မင်းကို လာရောက် "ပိုး"ကြပါလိမ့်မည်။ ထိုအခါ အမတ်မင်းသည် မိမိကိုယ်ကျိုးအတွက် လုပ်ပေးနိုင်သော ပါတီအမည်ကို ခံယူလိုက်ပါ။ အကယ်၍ မိမိအမည် ခံထားသော ပါတီသည် အယုံအကြည်မရှိ အဆိုတင်သွင်းခြင်း ခံရ၍ အစိုးရအဖွဲ့မှ ပြုတ်ကျတော့မည်ဟု ရိပ်မိသိရှိလာပါလျှင် အခြားတက်လာမည့် ပါတီထဲသို့ ခုန်၍ကူးပါ။ ဤနည်းသည် အမတ်မင်း၏ ကိုယ်ကျိုးအတွက် အလွန် ခရီးရောက်ပါသည်။

အထက်ဖော်ပြပါ နည်းနိသရည်းကို မှီး၍ နိုင်ငံရေးကို အရှီးကြေကြေ အရေခန်းခန်း လုပ်ဆောင်ရန် သန္နိဋ္ဌာန် ချထားသော ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးသည် အကြံထုတ်ပါလေသည်။

အကြံမထုတ်လျှင် မဖြစ်ပေ။ တစ်ဖက်က ယှဉ်ပြိုင် အရွေးခံမည့် အမတ်လောင်းသည် ရပ်ရွာတွင် မျက်နှာကြီးသည်။ သြဇာတိက္ကမ ရှိသည်။ အရာရှိတို့နှင့် အပေါင်းအသင်း ဝင်ဆံ့သည်။ လူထုကိုလည်း ခင်မင်အောင် လုပ်ထားသည်။ သူ၏ မဲဆန္ဒနယ်ရှိ တောသူတောင်သား လယ်သမားများနှင့် လျှင် သူ၏ ပေးစာကမ်းစာနှင့် မကင်းချေ။ ဘယ်နည်းနှင့် မဆို သူနှင့်

www.burmeseclassic.com



ယှဉ်ပြိုင်လာသော သူကို အပြတ်အသတ် နိုင်ခြေရှိနေသည်။ ဤအထဲတွင် ပုလိပ်သားတစ်ဦးသည် အလွန်တန်ခိုးကြီးနေသည်။ သူဆိုလျှင် အားလုံးသော လူဆိုး၊ သူခိုး၊ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ် မကျန် အရပ်သူ ရွာသားများက ကြောက်ရွံ့ကြသည်။ ထိုပုလိပ်သားမှာ ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးကို အပြတ်အသတ် နိုင်နိုင်မည့် တစ်ဖက်က ယှဉ်ပြိုင်သော အမတ်လောင်းနှင့် လွန်စွာ သင့်မြတ်သည်။ အရပ်ပြောစကားအရ ဆိုလျှင် ထိုပုလိပ်သားသည် ထိုအမတ်လောင်း၏ တပည့်ရင်းကဲ့သို့ ဖြစ်သည်။ ဤအချက် တစ်ချက်တည်းနှင့်ပင် ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးမှာ အကြံမထုတ်ဘဲ မနေနိုင် ဖြစ်ရရှာသည်။

“ဒီပုလိပ်ကို ရွာသားတွေအားလုံး ကြောက်ရတယ်၊ ဒီလို ကြောက်ရတဲ့ လူကို ကပ်ပြီး ငါ့အတွက် မဲရအောင် လုပ်ပေးပါ ဆိုရင် သူက ငါနဲ့ ယှဉ်ပြီး အရွေးခံမည့်သူရဲ့ ကျေးဇူးရှင် ကျေးဇူးစားမို့ ငါ့အတွက်တော့ လုပ်ပေးမှာ မဟုတ်ဘူး၊ လုပ်ခြင်းလုပ်ရင် သူ့ဆရာ အတွက်သာ လုပ်ပေးမှာ၊ တကယ်လို့ ငါ့အတွက် လုပ်ပေးပြန်ရင်လည်း တစ်ဖက်က ကန့်ကွက်လို့ ဘူးပေါ်သလို ပေါ်ခဲ့သော် ငါ့ အမတ် မဖြစ်ရခင် အလျှင်ပြုတ်မှာပဲ။ ဒီတော့ ဘယ်လိုကြံရပါ့”

ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးသည် ဤသို့ နက်နဲစွာ တွေးလေသည်။

ရွေးကောက်ပွဲရက်သည် တရွေ့ရွေ့ နီးလာပြီ။ ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးကား အဆိုပါ ပုလိပ်သားကြီးကို တစ်စတစ်စ ချဉ်းကပ်သည်။ လက်ဖက်ရည် ခဏခဏ တိုက်သည်။ အရက်ဖိုး ခဏခဏ ပေးသည်။ ပုလိပ်ကတော်အတွက် ဇာဘော်လီ ခဏခဏ ချုပ်ပေးသည်။ ကလေးများကို ခဏခဏ မုန့်ကျွေးသည်။

တစ်နေ့သော် ပုလိပ်သားကြီးထံမှ စကားတစ်ခွန်း ရသည်။

‘ဆရာရယ်၊ ကျွန်တော်တို့ ပုလိပ်ဆိုတာ လူဆိုးသူခိုးတွေ အပေါ်မှာ





သာ ဆိုးရင် ဆိုးမယ်။ ဆရာတို့လို ရပ်မိရပ်ဖတွေ အပေါ်မှာတော့ မိဘလို သဘောထားပါတယ်၊ ခိုင်းစရာရှိရင် ခိုင်းပါဆရာ။ အဲ....တစ်ခုတော့ ကျွန်တော် ရှင်းရှင်း ပြောပါရစေ၊ ဆရာလည်း ကျွန်တော့်ဆရာပါပဲ၊ ဆရာနဲ့ ယှဉ်ပြီး အရွေးခံမယ့် အမတ်လောင်းဟာလည်း ကျွန်တော့်ဆရာပါပဲ၊ ဆရာ့ကိုလည်း သစ္စာပေးပါတယ်၊ ဒါပေမဲ့ သူ့ကိုလည်း ကျွန်တော် သစ္စာဖောက်ပါဘူး။ ရွေးကောက်ပွဲ ဆိုတာမျိုးကလည်း နိုင်ငံရေးဆိုတော့ ကျွန်တော်တို့ အမှုထမ်းများနဲ့ မအပ်စပ်ပါဘူး၊ ဒါကလွဲရင် ဆရာတို့ အကြောင်းရှိက ခိုင်းပါ၊ ဆရာပဲ အမတ်ဖြစ်ဖြစ်၊ သူပဲ အမတ်ဖြစ်ဖြစ် ကျွန်တော့်အတွက်တော့ အားကိုးရာချည်းပါပဲ’

‘မင်းသဘောထားကို ငါ သိပါတယ်ကွယ်။ ဒီလို သဘောထားမျိုးကိုလည်း ကျေနပ်ပါတယ်။ ငါပဲ အမတ်ဖြစ်ဖြစ်၊ မင်းဆရာရင်းပဲ အမတ်ဖြစ်ဖြစ် ငါ့အဖို့မှာတော့ အကြောင်းမထူးပါဘူးကွယ့်။ ရွေးကောက်ပွဲကို ဝင်ဖူးတယ်ရှိအောင် ဝင်တာပါ။ ငါ အမတ်ဖြစ်မယ်လို့ မမျှော်မှန်းပါဘူး။ ဒါပေမဲ့ ငါ့မှာ အကြံတစ်ခု ရှိတယ်။ ရွေးကောက်ပွဲနဲ့ မဆိုင်ပါဘူး၊ အရပ်ထဲမှာ ငါ့ကို မကောင်းကြံနေတဲ့ လူတွေ ရှိနေတယ်’

‘ဟာ....ဆရာ ဘယ်သူတွေလဲ၊ ကျွန်တော့်ကို ပြစမ်းပါ။ ကျွန်တော် မှတ်လောက် သားလောက်အောင် တီးပြပါ့မယ်’

‘တပည့်ရဲ့....ဒီလိုလုပ်ချင်ရင် မင်းကို ငါ ဒုက္ခမပေးပါဘူး။ ငါ့ဟာငါ လူငှားပြီး အရိုက်ခိုင်းရင် ပြီးပါတယ်။ ငါက လူတစ်ဖက်သား သွေးထွက်သံယို လုပ်တာမျိုးကို တယ်ပြီး မလုပ်ချင်ဘူး။ အဲ ပရိယာယ်နဲ့ ဆုံးမလို့ရရင်တော့ ဆုံးမချင်တယ်’

‘ဘယ်လိုလဲ ဆရာ၊ ဆရာကြိုက်သလို ပြောပါ။ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ် လုပ်ပေး ဆိုရင်လည်း လုပ်ပေးပါ့မယ်’

‘ဒီလိုလည်း အမှုမဆင်ချင်ဘူး။ ငါ့ရန်သူတွေက ဆောင့်ကြွားကြွားနဲ့ ငါ့သြဇာ မခံဘူး။ ဒါကို ငါက အခုကတည်းက ချိုးထားချင်တယ်။ နို့မို့ရင်



www.burmeseclassic.com

www.burmeseclassic.com



ငါ့လယ်ထဲမှာ ငါ့စာရင်းငှားတွေကို သူက တယ်ပြီး အနိုင်ကျင့်တယ်။ ငါကလည်း သူတို့ကို အဖက်လုပ်ပြီး မပြောချင်ဘူး။ ဒီတော့ ငါက မင်းပေါက်နီးပေါက် ဆိုတာကို အကြောင်းပြချင်တယ်။ နောက်ဆုံးကွယ် ကုန်ကုန်ပြောပါ့မယ်။ မင်းလိုလူမျိုးဟာ ငါ့တပည့်၊ ငါရိုက်ရင်တောင် ငါ့ကို ပြန်မပြောဝံ့ဘူးဆိုတာ ပြချင်တယ်’

‘ဟာ....ဖြစ်ပါတယ် ဆရာ၊ ဒီကောင်တွေကို ကြည့်ပြောလိုက်ပါ့မယ်။ ဘယ်မှာလဲ ခွေးမသားတွေ’

‘မင်း ဘာမျှပြောဖို့ မလိုဘူး။ မင်း ငါပြောတဲ့အတိုင်း လုပ်နိုင်ရင်တော်ပြီ။ မင်းကို ငါ ငွေအစိတ် ပေးပါ့မယ်။ မင်း လုပ်နိုင်တယ်ဆိုရင် ယခု ပေးမယ်။ ကိစ္စပြီးရင် အစိတ်ထပ်ပေးဦးမယ်’

‘ဆရာ့အတွက် ဘာမဆိုလုပ်ပါ့မယ် ဆရာ။ ငွေကြောင့် မဟုတ်ပါဘူး’

‘ငွေကိုလည်း ယူပါ၊ ငါပြောတာလည်း လုပ်ပေးပါ။ မင်းအတွက် ဝန်လေးစရာ မဟုတ်ပါဘူး’

‘ပြောပါဆရာ၊ ပြောပါ။ ဘာလုပ်ပေးရမလဲ’

‘မင်းသောက်နေကျ လက်ဖက်ရည်ဆိုင်ကို ငါနဲ့ မတည့်တဲ့ အကောင်လာလာပြီး လက်ဖက်ရည်သောက်လေ့ ရှိတယ်။ မင်း ဆိုင်မှာ ထိုင်နေတုန်း သူ လက်ဖက်ရည် လာသောက်တဲ့အခါ ငါက မင်းကို ပါးတစ်ချက် နှစ်ချက် ဆွဲရိုက်မယ်။ မင်းက ငါ့ကို တောင်းပန်ပြီး “ကျွန်တော် ကြောက်ပါပြီ ဆရာရယ်၊ နောင်ကို မခိုးမခန့် မလုပ်ဝံ့ပါဘူး” အဲသလို ပြော။ ပြောပြီး မင်းက ဆိုင်ထဲက ထွက်သွားပါ’

ပုလိပ်ကို ယုံကြည်အောင် လှိမ့်ဖို့ ဟူသော အလုပ်သည် မလွယ်ပါ။ သို့သော် ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးသည်ကား အလွန်မှင်သေသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဤအထဲတွင် ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးက ပေး





မ်းထားသော ပစ္စည်းများသည် ကျွန်ုပ်တို့၏ ပုလိပ်သားကြီးကို လွှမ်းမိုးက် ရှိပြီ မဟုတ်တုံလော။

‘ဟာ.... ဆရာရယ်၊ ဒီအလုပ်က လူသတ်ရတဲ့ အလုပ်မျိုးမှဟုတ်ဘဲ။ ဆရာ ရွာလယ်ကောင်မှာ ပါးရိုက်တာကို ကျွန်တော် ခံရပါတယ်။ ဟုတ် ရိုက်ရင်တောင် ခံရမယ့်လူပါ ဆရာရယ်’

ဆရာတပည့်နှစ်ယောက် အပေးအယူ ဖြောင့်သွားကြသည်။

ရွှေးကောက်ပွဲကြီးကား တစ်ရက်ထက် တစ်ရက် ချဉ်းကပ်လာပြီဖြစ်၏။ နက်ဖြန်၊ သန်ဘက်၊ ဖိန်းနွဲ့လောက်ဆိုလျှင် မြို့ထဲတွင် လှုပ်လှုပ်ရွရွ ပေးကြရတော့မည်။

နံနက်ခင်းတွင် ဈေးထောင့်ရှိ လက်ဖက်ရည်ဆိုင်ကလေးသည် နှံ့စွာ အရောင်းရသွက်နေသည်။ လက်ဖက်ရည်ဆိုင်၌ ထိုင်၍ လက်ဖက်ရည် သောက်နေသောသူတို့သည် ရွေးကောက်ပွဲအကြောင်း ထင်မြင်ချက် အမျိုးမျိုး ပေးနေကြသည်။ များသောအားဖြင့် ထိုလက်ဖက်ရည်ဆိုင်ထိုင် ရိသတ်သည် ကျွန်ုပ်တို့၏ခေါင်းဆောင်ကြီးနှင့် ယှဉ်ပြိုင်မည့် အမတ်လောင်း၏ ဂုဏ်သတင်း၊ ဂုဏ်ပုဒ်တို့ကို ထုတ်ဖော်ချီးကျူးလျက် ရှိကြသည်။ သို့သော် င်းတို့သည် ကျွန်ုပ်တို့၏ခေါင်းဆောင်ကြီးကိုမူကား “အင်မတန် ဉာဏ်များတဲ့ လူကြီးလကွာ။ သူ့လိုလူမျိုး အမတ်ဖြစ်ရင် ငါတို့တိုင်းပြည် သံဃာစင်ပါ ောက်မှာပဲ” ဟု ထောမနာ ပြုကြပါသည်။

ထိုအတွင်း ကျွန်ုပ်တို့၏ ပုလိပ်သားကြီးသည် ကာကီရှပ်အင်္ကျီကို ဆိုးပြင်၍ ထုတ်၍ဝတ်လျက် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာသည်။

လက်ဖက်ရည်သောက်နေသော ပရိသတ်သည် ကျွန်ုပ်တို့၏ ပုလိပ်သားကြီးကို စကားရော ဖွဲ့ရော လုပ်ကြသည်။ အထူးသဖြင့် ကျွန်ုပ်တို့၏ ပုလိပ်သားကြီးကား နိုင်ခြေရှိသော အမတ်လောင်း၏ တပည့်ရင်း ဖြစ်သောကြောင့် ယနေ့အဖို့ ခါတိုင်းထက် ပို၍ မျက်နှာပွင့်လင်းသည်။

မကြာမီ ကာလသားခေါင်းနှင့်တူသော မျက်နှာပေါက်ဆိုးဆိုး လူ

www.burmeseclassic.com



တစ်ယောက်သည် ဆိုင်ပေါ်သို့ တက်လာသည်။ ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီး ပြောလျှင်လည်း ပြောစရာပင်။ ထိုမျက်နှာပေါက်ဆိုးသူသည် လူဗွေ တစ်ယောက် ဖြစ်သည်။ အထူးသဖြင့် လယ်ပိုင်ရှင်တို့ အပေါ်၌ အလွန်တရာ မထီမဲ့မြင် ပြုသည်ဟု သတင်းကြီးနေသူ ဖြစ်သည်။ ထို့ကြောင့် ၎င်းမျက်နှာ ပေါက်ဆိုးကို ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီး သဘောမကျ ဖြစ်နေသည်မှာ ယုတ္တိရှိသည်။ ကျွန်ုပ်တို့၏ ပုလိပ်သားကြီးကား ပုလိပ်ရည်ဝနေသောကြောင့် ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီး ပြောထားသော လူပုံစံနှင့် တိုက်၍ ကြည့်နိုင် သည်။

"ဒီအကောင်ပဲ၊ လူပါးဝတဲ့ အကောင်။ ဒီလို အကောင်မျိုးကို တစ်ခါ တည်း ရိုက်လွှတ်ဖို့ ကောင်းတယ်။ ဒါပေမဲ့ ငါ့ဆရာက ပရိယာယ် ကြွယ် တယ်။ အကြောင်းတစ်ခုတော့ ရှိလိမ့်မယ် ထင်ပါရဲ့"

ပုလိပ်သားကြီးက ထိုသို့ တွေးမိ၏။

မကြာမီ ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးသည် ဆိုင်ထဲသို့ ဝင်လာလေ သည်။

ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးသည် ပထမသော် ပုလိပ်သားကြီးကို မြင်ဟန်မတူ။ လက်ဖက်ရည် မှာ၍ စားပွဲအနီးရှိ ကုလားထိုင်တစ်လုံးကို ယူထိုင်လိုက်သည်တွင်မှ ပုလိပ်သားကြီးကို မြင်ဟန်ပြုသည်။

'အောင်မယ်၊ ဟေ့ ခွေးမသား၊ မင့်ကို တွေ့ချင်နေတာ ကြာပြီကွ'

ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးက လူအများ ကြားအောင် အော်ဟစ် ရန်တွေ့သည်။

ရပ်ထဲရွာထဲတွင် ကျွန်ုပ်တို့၏ ပုလိပ်သားကြီးကို ယခုလို ကြိမ်း မောင်း ဆဲဆိုဝံ့သူ မရှိ။ သို့သော် ယခု အရပ်တကာက ရွာအော့ဖြစ်နေသော ပုလိပ်တော်မင်းကို ကနေ့နက်ဖြန် အရွေးခံရမည့် အမတ်လောင်းတစ်ဦးက ရက်ရက်စက်စက် နိုင်နေပြီ တကား။

'ခွေးမသား၊ မင့်ကိုတွေ့ချင်နေတာ ကြာပြီကွ။ မင်းက အရပ်ထဲမှာ မိုက်တယ် ဆိုတော့ ငါက မင်းထက် ပိုမိုက်ပြရဦးမှာပေါ့ကွာ'





ဤသို့ ဆိုင်းမပါ ဗုံမဆင့်ဘဲ ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးက ဆက်တိုက် ရန်လုပ်သည်ကို ကျွန်ုပ်တို့၏ ပုလိပ်တော်မင်းက ကျားရှေ့ ချော်လဲသော သမင်ကလေးပမာ ပြူးကြောင်ကြောင်နှင့် ကြည့်နေသည်။

ထိုအတွင်း "ဖြန်း...ဖြန်း" ဟူသော အသံနှစ်ခု ရှေ့ဆင့်နောက်ဆင့် ပေါ်ထွက်လာပြီးလျှင် ကျွန်ုပ်တို့၏ ပုလိပ်သားကြီးသည် ရုပ်ရှင်ဓာတ်လိုက် တို့၏ အမူအရာထက်ပို၍ မှင်ကောင်းသော အမူအရာဖြင့် အရိုက်ခံထိသော ပါးကို လက်နှင့်အုပ်ပြီး ဆိုင်ထဲမှ ဆင်းပြေးလေသည်။

လက်ဖက်ရည်သောက် ပရိသတ်သည် အုတ်အုတ်သဲသဲ ဖြစ်သွားသည်။ ကနေ့နက်ဖြန် အရွေးခံတော့မည့် အမတ်လောင်း၏ သတ္တိ ဗျတ္တိကို အတွင်းကျိတ်ချီးကျူးပြီး၊ လက်ဖက်ရည်ဖိုး ခပ်မြန်မြန်ပေးပြီး ပုလိပ်တော်မင်း နည်းတူ ဆင်းပြေးကြသည်။

ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးကား လွန်စွာ ကျေနပ်သော အမူအရာ ဖြင့်-

'အရပ်ထဲ မိုက်တယ် ဆိုတဲ့ အကောင်တွေ .... ထွက်ကြစမ်းလကွာ၊ သိကြရောပေါ့ ငါ့အကြောင်း' ဟူ၍ ကြုံးဝါးလေသည်။

ထိုအခါ မျက်နှာပေါက်ဆိုးသူသည်လည်း ခွေးအမြီး ကုပ်သကဲ့သို့ ကုပ်ကာ ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီး ရှေ့တွင် မိမိကိုယ်ကို ကိုင်းညွတ်၍ ခပ်ဖြည်းဖြည်းနှင့် ဆင်းသွားလေသည်။

*

'ပုလိပ်ကို ပါးရိုက်လိုက်ပြီး မကြာပါဘူးဗျာ၊ ရွှေကောက်ပွဲ လုပ်ပါလေ ကရော'

ကျွန်တော်၏မိတ်ဆွေ လက်ဟောင်း နိုင်ငံရေးသမားကြီးက ပါးစပ်မှ ဗာတွေးစဉ်သည်အထိ အားရပါးရ ပြောပါသည်။

ကျွန်တော်သည် မမလှရင် ပုံပြောသည့်အခါ အင်းလိုက်သလို အင်း လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'တကကတဲဗျာ၊ ရပ်ထဲရွာထဲမှာ ဩဇာရှိတယ်။ အရာရှိနဲ့လည်း ဝင်ဆံ့တယ်၊ လူတကာနဲ့လည်း တည့်အောင်ပေါင်းတယ်၊ တောင်သူ လယ်သမားမှန်ရင်လည်း သူ့ကျေးဇူးရှိတယ်၊ အဲသလို အဘက်ဘက်က အရည်အချင်းပြည့်စုံနေတယ်ဆိုတဲ့ အမတ်လောင်းဟာ ရွေးကောက်ပွဲနေ့မှာ ပြုံးပြုံးပြုံးပြုံးနဲ့ဗျာ၊ သူ့အတွက်တော့ သေချာနေပြီကိုး။ ကျုပ်တို့ခေါင်းဆောင်ကြီးဆိုတဲ့ လူကတော့ မဲတရားလည်း တစ်လုံးမှ ဟောတတ်တဲ့လူ မဟုတ်တော့ဘာမှ မဟောဘူး မပြောဘူးဗျာ'

'အင်း....'

'အဲ.... မဲရုံနားမှာတော့ "ခွေးမှန်ရင် လူမထင်ဘူး"ဆိုတဲ့ မျက်နှာထားကြီးနဲ့ သူ ပါးရိုက်လိုက်တဲ့ ပုလိပ်သားကိုပဲ အမည်ခေါ်ခေါ်ပြီး "ဒီအကောင် ဘယ်မှာလဲ၊ ငါမှန်း သိပြီလားကွ"လို့ ကြိမ်းချည်းနေတယ်'

'အင်း....'

'တောနယ်ဆိုတော့ ရုံးစိုက်ရာမြို့ကို မဲပုံးတွေကို ယူလာဖို့က တယ်မကြာပါဘူး။ ဒါကြောင့် နှစ်ရက်အတွင်းမှာ မဲရေတွက်နိုင်တယ်'

'အင်း....'

'အဲ....မဲရေတွက်ပြီး အံ့ရှုံးအနိုင် ကြေညာလိုက်တော့ ဩဇာရှိတယ်၊ အပေါင်းအသင်း ကောင်းတယ်၊ လူတကာရဲ့ ကျေးဇူးရှင်ကြီး ဖြစ်တယ်ဆိုတဲ့ အမတ်လောင်းဟာ ခွက်ခွက်လန်အောင် ရှုံးပါလေရောဗျာ။ ဟိုပုလိပ်သားကိုပါးရိုက်တဲ့ အမတ်လောင်းကတော့ အပြတ်အသတ် နိုင်သဗျာ'

သည်တစ်ခါ ကျွန်တော် အင်း မလိုက်နိုင်တော့ပါ။ နိုင်ငံရေးသမားလက်ဟောင်းကြီး ဟူသော ကျွန်တော်၏မိတ်ဆွေ ပြောစကားကို ကျွန်တော်နားမလည်ပါ။

ပုလိပ်ပါးကို ရိုက်တာနှင့် ရွေးကောက်ပွဲ ဘာဆိုင်သတုံး။ ရွေးကောက်ပွဲနှင့် ပုလိပ်ပါးရိုက်သူ နိုင်သည်မှာ ဘာဆိုင်သတုံး။





'နေပါဦး၊ ခင်ဗျာ့ဥစ္စာက ဘာဆိုင်လို့ ပုလိပ်ပါးရိုက်သူက နိုင်ရတာတုံးဗျာ'

'ဟား....ဟား....ဟား အဲဒါပဲ၊ ခင်ဗျားတို့ခေတ်က လူတွေဟာအေမလည်ချည့်ဘဲ၊ စဉ်းစားကြည့်ပါလားဗျာ။ ကျုပ်တို့ပြောနေတဲ့ ပုလိပ်သားဟာ အရပ်ထဲမှာ ဗိုလ်ကျနေတယ် မဟုတ်လား။ အရပ်ကလည်း ဒီလိုဗိုလ်ကျနေတဲ့လူကို ဘယ်သူနှိမ်နိုင်ပါ့မလဲလို့ မျှော်လင့်နေတယ် မဟုတ်လား။ သော ယခု ကျုပ်တို့ခေါင်းဆောင်ကြီးက ဗိုလ်ကျတဲ့လူကို အုပ်ထည့်လိုက်တော့ မဲဆန္ဒရှင် ဆိုတဲ့ လူထုက ပြုံးပြီး မဲထည့်လိုက်တာပေါ့ဗျာ။ ကိုင်း....သုပ်ပုံကိုင်ပုံ အကွက်မစေ့ဘူးလား'

ကျွန်တော်၏ မိတ်ဆွေ နိုင်ငံရေးသမား လက်ဟောင်းကြီးသည် ကျွန်တော့်အား ဤသို့ပြောပြီးလျှင် နောက်ထပ် ကျယ်လောင်စွာ ဟားတိုက်လိုက်ပါသည်။

*

ဘဖတ်သူ မိတ်ဆွေ။

ယခု ကျွန်တော် ဒဏ္ဍာရီတစ်ခုကို ရေးနေခြင်း ဖြစ်ပါ၏။ ဒဏ္ဍာရီဆိုသည်မှာ ကျွန်တော့်အား မမလှရင် ပြောပြခဲ့သလို ယုံတမ်းစကားမျှသာဖြစ်ပါ၏။ အကယ် မဟုတ်ပါ။ နေနတ်သားနှင့် နဂါးမတို့ ညား၍ ဥကြီးနှစ်လုံး မြစ်ထဲ မျောပြီးလျှင် တစ်လုံးမှာ ကျောက်ဆောင်နှင့် တိုက်၍ ကွဲပြီးနောက်၊ ကျန်တစ်လုံးမှာ ဒန်အိုးထဲ ထည့်၍ ပြုတ်သကဲ့သို့ပင် ဖြစ်ပါ၏။

သို့သော် ကျွန်တော်ဖြင့် ခက်ကပြီ။

အကြောင်းသော် တမူကား ကျွန်တော်သည် ကျွန်တော်၏ ဒဏ္ဍာရီဆို ယုံလိုက်ရမလိုလို ဖြစ်နေသောကြောင့်တည်း။

[ ရှုမဝ၊ နှစ် ၁၉၆၀ ]

www.burmeseclassic.com

www.burmeseclassic.com

## မာလကာကုန်း

'တိုင်းပြည် အေးချမ်းဖို့တဲ့ တော်။ ကိုးတောင်ပြည့် အေးစေတီဘုရားတွေ
တည်ကြရမယ်။ ဆရာတော် ဦးခန္တီက အဲသလို မိန့်မှာသတဲ့။ ဒုဋ္ဌိကမ္ဘ ရက
ရောဂန္တ ရကပ်၊ သတ္တန္တ ရကပ်။ အဲဒီ ကပ်ကြီးသုံးပါးမှ လွတ်အောင် ကပ
ကျော်ဘုရား ဆိုကြပါစို့အေး။ အဲဒီဘုရားတွေကို တစ်တိုင်းလုံး တစ်ပြည်လုံးမှ
တည်ကြရမတဲ့။ ဒါ့ကြောင့် တို့ရွာဦးထိပ်မှာ ကိုးတောင်ပြည့်ဘုရားတစ်ဆူ
တည်နိုင်ပြီ။ သတ္တဝါများ အေးချမ်းကြပါစေ၊ ကျန်းမာချမ်းသာ ရှင်လန်းကြ
ပါစေ။ အရပ်က တည်တဲ့ဘုရား ဆိုတော့ အရပ်က အမှုဝေကြရမှာပေါ့။
ကြားကြားသမျှ အမျှ.... အမျှ.... အမျှ ယူတော်မူကြပါ၊ သပ္ပုရိသ သူတော်
ကောင်းတို့။ သာဓု.... သာဓု.... သာဓု'

ပထမကမ္ဘာစစ်ကြီး ပြေငြိမ်း၍ ဆယ်နှစ်ခန့်ကြာသော အချိန်ကာလ
၌ အထက်အဆိုပါ အမျှပေးဝေသံတို့သည် မြန်မာပြည်တစ်ဝန်း၌ ပဲ့တင်ထပ
ခဲ့လေသည်။

ထိုခေတ် ထိုကာလ၌ စပါးဈေး၊ ဆန်ဈေး မကောင်းသဖြင့် မြန်မာ
ပြည်ဖွား တိုင်းရင်းသားတို့သည် အလုပ်အကိုင် အဆေါက်အလမ်း မတည့်ကြ
ချေ။ ကိုယ်ပိုင်လယ်ကို လုပ်ကိုင် စားသောက်လာခဲ့ကြသော မြန်မာတောင်သူ
လယ်သမားတို့သည် မိမိတို့ပိုင်သော လယ်ကို တစ်စတစ်စနှင့် ချစ်တီး
လက်ထဲသို့ ထိုးအပ်နေကြရသောကြောင့် စီးပွားရေး ကျပ်တည်းမှုသည်
တစ်ပြည်လုံးကို လွှမ်းမိုးလျက် ရှိနေလေသည်။

ဆင်းရဲလေလေ သံဝေဂရ ဆိုဘိသကဲ့သို့ မြန်မာတို့သည် ဆင်းဆင်း
ရဲရဲ ဖြစ်လာသော အခါကျမှ ကျွန်တွင်းနက်လာသည်ကို ကောင်းကောင်း





သဘောပေါက်လာကြသည်။ ဤအကြောင်းကြောင့် နိုင်ငံရေးနိုးကြားမှု အရှိန်အဟုန်သည် တစ်ရှိန်ထိုး တက်လာလေသည်။ ထို့ကြောင့် ကျေးလက်နယ်ပယ် တို့တွင် မင်းလောင်းများ ခဏခဏ ပေါ်သည်။ သူပုန်ထမည့် အရိပ်နိမိတ်များလည်း တစ်စ တစ်စနှင့် ထင်ရှားလာခဲ့လေသည်။ ဤကဲ့သို့ တိုင်းကားပြည်ရွာ လှုပ်ရှား ထကြွလာလျှင် ခိုးသားဓားပြတို့လည်း ရှေ့တော်ပြေး အဖြစ်ဖြင့် စခန်း ထ ကြစမြဲ ဖြစ်၏။

ထိုခေတ်က မြန်မာ့ကျေးရွာတို့၏ ဓမ္မတာမှာ တစ်နှစ်လျှင် လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု တစ်ကြိမ်လောက် ဖြစ်ပွားခဲ့လျှင် မျက်လုံးမျက်ဆန်ပြူးသော ဓမ္မတာဖြစ်သည်။ ယခု ကျွန်တော်ပြောနေသော ခေတ်ကာလတွင် လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု ဆိုသည်တို့မှာ ကျေးရွာ၌ တစ်နှစ်အတွင်း နှစ်ကြိမ်မက၊ သုံးကြိမ်မက၊ လေးကြိမ်မက ဖြစ်ပွားလျက်ရှိသည်။ ထိုအခါ ရပ်ရွာထဲရှိ ရှေးလူကြီးများသည် ကမ္ဘာပျက်တော့မလောက် မျက်စိသငယ် ဖြစ်နေကြသည်။ ရှေးလူကြီးများ မျက်စိသငယ် ဖြစ်နေသည်ကို ထားပါဦး။ ထိုခေတ်ရှိ အင်္ဂလိပ် အရှင်သခင် အစိုးရမင်းတို့ပင်လျှင် ရာဇဝတ်မှု များပြားလွန်း၍ ကယောင်ချောက်ချား ဖြစ်နေကြပါသည်။ ထို့ကြောင့် တိုင်းတစ်ပါးသား အစိုးရသည် သူ၏ တည်တံ့ ခိုင်မြဲရေးအတွက် ပုလိပ်အဖွဲ့ကြီးကို တိုးချဲ့၍ ရာဇဝတ်မှု ပ ပျောက်ရေးကို လုပ်ဆောင်နေကြပါသည်။

လူတို့သည် ဒုက္ခနှင့်ကြုံလျှင် ကိုးကွယ်ရာ ရှာစမြဲ ဖြစ်သည်။ ကျွန်ုပ်တို့ မြန်မာပြည်ဖွား တိုင်းရင်းသားတို့ အဖို့ကား ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာမြတ်သုံးပါးတို့သည် ကိုးကွယ်ရာ ဖြစ်သည်။ ထို့ကြောင့် ထိုကဲ့သို့ ခိုးသားဓားပြတို့ ဆေးရန်ကြောင့် တိုင်းပြည် တုန်လှုပ်ချောက်ချားစ ပြုလာသောအခါ အေးစေတီ တည်မှသာလျှင် အေးချမ်းကြလိမ့်မည်ဟု ယုံကြည်ရင်း ရှိကြသည့်အတိုင်း မြန်မာနိုင်ငံ ကျေးလက်တောရွာမှ အစ မြို့ကြီးပြကြီးများပါ မကျန် ကိုးတောင်ပြည့် ကပ်ကျော် အေးစေတီများကို တည်၍ မေတ္တာဘာဝနာ ပွားများကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ဖွား တိုင်းရင်းသားတို့သည် မူလကပင် သဒ္ဓါတရား ထက်သန်ပြီးသား ဖြစ်ကြသည်။ ထိုသို့ ထက်သန်သော အခိုက်တွင် အများ ပြော သတင်းစကားအရ ကိုးတောင်ပြည့် အေးစေတီ တည်ကြရမည် ဟူသော ဩဝါဒကို ကြားရသောအခါ တစ်နိုင်ငံလုံး၌ သူ့ထက်ငါကောင်း အေးစေတီ ကို တည်ကြသည်။

သို့သော် မာလကာကုန်း ကျေးရွာအတွက်မှာမူ ဘာမျှ အထူးထပ်၍ တည်နေစရာ မလို။ ကိုးတောင်ပြည့် အေးစေတီသည် ရွာဦးထိပ်၌ ရှိနှင့်ပြီး ဖြစ်သည်။

ထိုစေတီမှာ ရသေ့ကြီး ဦးခန္တီ မမွေးခင်ကပင်လျှင် တည်ထား ကိုးကွယ်သော စေတီ ဖြစ်ဟန်တူသည်။ အချို့ကလည်း ရသေ့ကြီး ဦးခန္တီ မွေးပြီး မကြာခင်တည်သော စေတီဟု ဆိုသည်။ ဤအဆိုနှစ်ရပ် သဘော ကွဲလွဲ၍ မိမိကိုယ်ကို မိမိ ခန့်အပ်ထားသော ဘုရားလူကြီး အချင်းချင်း တုတ်ဆွဲ၊ ဓားဆွဲ စကားများကြသေးသည်။ သို့သော် ဘယ်ခေတ် ဘယ်အခါ က တည်တည်၊ တည်ပြီးသား စေတီကို ပြုပြင်မွမ်းမံ၍ ပူဇော်လျှင် ရသေ့ကြီး ဦးခန္တီ၏ ဩဝါဒအတိုင်း စေတီအသစ် တည်ထားကိုးကွယ်သည်နှင့် မခြား ဟူ၍ မာလကာကုန်း ကျောင်းတိုက် ဆရာတော်ကြီးက ဆုံးမပဲ့ပြင်သော ကြောင့် ဝိဝါဒ ရပ်သွားခဲ့လေသည်။

စင်စစ် ဤမြန်မာနိုင်ငံတွင် စေတီပုထိုး တည်ထားကိုးကွယ်သည် ဆိုသည်မှာ သင်္ကေတ အမှတ်အသားကို အရေးထား၍ တည်ထား ကိုးကွယ် ခြင်း မဟုတ်။ သံသရာ ဝဲဂယက်မှ လွတ်မြောက်ကြစေဖို့ အဓိကထား၍ တည်ထား ကိုးကွယ်ခြင်းသာ ဖြစ်သည်။ အထူးသဖြင့် သာမည တောင်သူ လယ်သမားတို့ ဘုရားတကာ အမည်ခံ၍ စေတီပုထိုး တည်ထား ကိုးကွယ် သည့်အခါ သူတို့၏နာမည် ကျန်ရစ်စေခြင်းငှာ တည်ထား ကိုးကွယ်ခြင်း မဟုတ်သဖြင့် နှောင်းလူတို့အဖို့ အမှတ်အသားသည် အုတ်မှတ်တစ်ပါး အခြား ဘာမျှ မကျန်ရစ်ချေ။





ထို့ကြောင့် ယခု မာလကာကုန်း ကိုးတောင်ပြည့် အေးစေတီဘုရားပွဲ ကျင်းပရန် ဘုရားလူကြီးများ တိုင်ပင် စည်းဝေးကြသောအခါ ဘုရားသမိုင်း ကို အဓိက မထားကြချေ။ ရသေ့ကြီး ဦးခန္တီ၏ ဩဝါဒအရ တည်ထား ကိုးကွယ်သော သဘောအဓိပ္ပာယ် ရောက်အောင် ကျိုးပဲ့ ပျက်စီးနေသော စေတီတော်ကို ပြုပြင်မွမ်းမံဖို့သာလျှင် အဓိက ဖြစ်လာလေတော့သည်။

ထို့ကြောင့် အနှစ်နှစ် အလလက ပန်းတစ်ပွင့်မျှ မကပ်ဘဲ၊ ဖယောင်း တစ်တိုင်မျှ မပူဇော်ဘဲ လျစ်လျူရှုခဲ့ကြသူတို့သည် ပေါ်ပင်ကိုလိုက်၍ ဘုရား ပရိဝုဏ်ကို ခုတ်ထွင်ရှင်းလင်းကြ၏။ ပရိဝုဏ် ဆိုသည်မှာလည်း ကျယ်ဝန်း လှသည် မဟုတ်။ စေတီ ပတ်ပတ်လည်၌ ပုဆိုးကွင်းသိုင်းစ အရွယ် ကလေး ငယ်များ လိုက်တမ်းပြေးတမ်း ကစားကြသည့်အခါ ခြေလှမ်းပေါင်း ဆယ့် လေး ငါးလှမ်းမျှ လှမ်းမိလျှင်ပင် တစ်ပတ်ပြည့်သည်။

ထို့ကြောင့် ပရိဝုဏ်ကို အလွယ်တကူ ရှင်းလင်းပြီးလတ်သော် အုတ်ကျိုးအုတ်ပဲ့များနှင့် ယိမ်းယိုင်နေသော ပိန္နဲတိုင်များကို ဘိလပ်မြေဖြင့် ပြန်လည် မွမ်းမံကြသည်။ ပြီးလျှင် ထုံးဖွေးဖွေး သုတ်ကြလေသည်။ အရပ်က ခိုင်း၍ ပြုပြင်သော ဘုရားဖြစ်လေရာ ဘုရားကို ထုံးသုတ်စဉ်က ထုံးထဲ၌ မဲနယ်လက်လွန်ပြီး ထည့်သဖြင့် ကိုးတောင်ပြည့် အေးစေတီသည် နေရောင် အောင် ပြာလဲ့လဲ့ ရောင်ခြည်လွှတ်၍ နေဘိသကဲ့သို့ ရှိလေသည်။

ဘုရားလူကြီးများ ကမကထပြု၍ ထိုအေးစေတီကို ပြုပြင် မွမ်းမံလိုက် သောအခါ မာလကာကုန်း ရွာသူရွာသားများသည် ထိုဘုရားကို နှစ်တိုင်း နှစ်တိုင်း ပို၍ ပို၍ ကြည်ညိုလာကြဟန် တူသည်။ ထို့ကြောင့် တပေါင်းလ ပြည့် ဘုရားပွဲနေ့များတွင် ထိုကိုးတောင်ပြည့် အေးစေတီဘုရား ပတ်ပတ် လည်၌ ကလေးလူကြီး ကျား–မ မရွေး ပန်း၊ ရေချမ်း၊ ဆီမီး စသည်တို့ ကပ်ကြသည်မှာ အတော် စည်ကားလာလေသည်။ ထို့ကြောင့် ဘုရားလူကြီး များက ဘုရားပွဲ ကျင်းပရန် စိုင်းပြင်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်နှစ်ကြာလည်း ဘုရားပွဲ မကျင်းပဖြစ်၊ နှစ်နှစ်ကြာလည်း ဘုရားပွဲ မကျင်းပဖြစ်။

ခေတ်သိသူတို့က မာလကာကုန်း ဘုရားပွဲ ကျင်းပမည်ဟု စီစဉ်တိုင်း စီစဉ်တိုင်း ဘုရားပွဲမိန့် ကိစ္စက 'အတော် ခွကျသဗျာ'ဟု ဆိုကြသည်။

ဘုရားပွဲအတွက် ပွဲမိန့်ခံသည် ဆိုသည်မှာ စင်စစ် ဘာမျှခဲယဉ်းသော ကိစ္စ မဟုတ်ပါ။ ဌာနအုပ်မင်းကို ဦးထိပ်ထား၍ ဆရာဝန်မင်းကို အသနားခံပြီးလျှင် မြို့ပိုင် ရုံးစာရေးကြီးမှ တစ်ဆင့် မြို့ပိုင်မင်းကို ဂါရဝပြုလိုက်ပါက လုံးဝဥဿုံ ပြီးမြောက်နိုင်ပါသည်။

သို့သော် မာလကာကုန်းကား အလွန် နာမည်ကြီးသည်။ အထူးသဖြင့် မာလကာကုန်းရွာမှ လူသတ်မှုများသည် အရေးကြီး မှုခင်းစာရင်းထဲ၌ မကြာခဏ ပါနေပါသည်။ လူသတ်မှု နည်းပါးလာပြီဟု ဆိုရသော အချိန်ကာလများ၌ ရာဇသတ် ပုဒ်မ ၃၂၄၊ ၃၂၅၊ ၃၂၆ တည်းဟူသော ထိခိုက်နာကျင်စေမှုများသည် တစ်ခုပေါ်တစ်ခု ထပ်၍ နေတတ်သည်။

မာလကာကုန်းရွာဟု ဆိုရငြားသော်လည်း ထိုရွာကို အညာတ မမှတ်သင့်။ နယ်ပိုင်ရုံးစိုက်ရာမြို့နှင့် သုံးမိုင်အတွင်း တည်ရှိသော ရွာကလေး ဖြစ်၍၊ အခြားသော ကျေးရွာများကဲ့သို့ တောကျသည်ဟု မဆိုနိုင်ပါ။

ရွာအနေအထားမှာ ဧရာဝတီ မြစ်ကမ်းပါးတစ်လျှောက် ဖို့ထားသော တာလမ်းမကြီးကို ခွ၍ မြို့နှင့် တစ်ဆက်တည်းလိုလို တည်ထားသော အနေအထားဖြစ်သည်။ ရွာမှနေ၍ လှမ်းကြည့်လိုက်လျှင် ဥဿျစ်ပင်များ အကြားဝယ် တည်ဆောက်ထားသော နယ်ပိုင်ရုံး၊ မြို့ပိုင်ရုံး စသည်တို့ကို ကောင်းစွာ မြင်နိုင်သည်။ ထို့ပြင် မြို့နှင့် နီးစပ်နေလေရာ ရွာသူရွာသားများထဲတွင် လူတစ်ရာလျှင် ကိုးဆယ့်ကိုးယောက်သော သူတို့သည် ရုံးအကြောင်း၊ ဂါတ်အကြောင်း၊ ထောင်အကြောင်းကို အရည်ဝနေသော သူများချည်း ဖြစ်သည်။

မာလကာကုန်းဟု တွင်ခြင်းမှာ မာလကာပင်များကို အစွဲပြု၍ တွင်သည်ဟု လူကြီးသူမတို့က ပြောကြသည်။ သို့သော် အရပ်ခေါ်မှာမူ မှန်လကာ





ကုန်း ဟူ၍လည်းကောင်း၊ မှန်ကလာကုန်း ဟူ၍လည်းကောင်း ဖြစ်ပါသည်။ မာလကာမှ ပုဒ်ပျက်၍ မှန်လကာ ဖြစ်နိုင်သည်။ မှန်လကာသည် တစ်ဆင့် ပုဒ်ပျက်လာသောအခါ မှန်ကလာ ဖြစ်သွားပြန်သည်။ ထိုဒေသ၌ ဖဲကစားသည်ကို ဖဲကလားသည်ဟု ပြောလေ့ရှိသည်ကို ထောက်ရှုလျှင် မှန်ကလာ ဟူသော စကားသည် မာလကာ ဟူသော ပုဒ်ရင်းမှ ဆင်းသက်လာသည်ကို သတ္တိတန်သည်ဟု ဆိုရမည်။ သို့ရာတွင် ဂါတ်တဲမှ ပုလိပ်သားတို့ကမူ မှန်ကလာ ဆိုသော စကားမှာ မာလက ရှာန်ကြွသော စကားမှ လာသည်ဟု ဆိုကြသည်။ 'မှန်ကလာကုန်းဘက်က အမှုဆိုရင် အားလုံး မာလက ကုတ်တဲ့ ကိစ္စချည်းပဲ များတယ်'ဟု ဂါတ်စာရေးက ညည်းညူလေ့ရှိသည်။ မာလက အဓိပ္ပာယ်နှင့်တကွ ၎င်းမှ ဆင်းသက်လာသော ဝေါဟာရတို့မှာ မည်သို့ ပုဒ်ပျက်ဆင်းပျက် ဖြစ်ရသည်တို့ကို နှောင်းလူတို့ သုတေသန ပြုသင့်ကြသည်။ သို့သော် ယင်းသို့ သုတေသနပြုရင်းနှင့် မာလက သွားသင့် မသွားသင့်ကို မူကား ပညာရှင်တို့ မိမိတို့ဘာသာ မိမိ ဆင်ခြင်ကြရမည် ဖြစ်သည်။

မြို့မှနေ၍ ရွာကို လှမ်းကြည့်လျှင် မာလကာကုန်းရွာသည် စိမ်းလန်းသော ငှက်ပျောပင်၊ အုန်းပင်များ အကြားတွင် ဝပ်နေသည်ကို တွေ့ရလိမ့်မည်။ တစ်ခု ထူးသည်ကား မာလကာကုန်း ဟူသော ဗျူပွတ်နှင့် လိုက်အောင် မာလကာပင်များကို ဝေဝေဆာဆာ မတွေ့ရခြင်း ဖြစ်သည်။ သို့သော် မာလကာကုန်း ဆတော်ကြီး (ဆရာတော်ကြီး)၏ ကျောင်း ပရိဝုဏ်ထဲ၌မူ မာလကာ အဖြူ အနီ အမျိုးမျိုးတို့ကို အများအပြား တွေ့ရှိနိုင်သည်။

မာလကာကုန်းရွာ တည်ထားသော နေရာသည် ရှေးပဝေဏီက ဧရာဝတီမြစ်ကမ်းဆောင်ရှိ သောင်ခုံများ ဖြစ်ဟန်တူသည်။ ထိုသောင်ခုံများပေါ်တွင် နုန်းတင် မြေနု အာနုဘော်ကြောင့် ပဲ၊ ပြောင်း၊ ရှောက်၊ ကြက်သွန်၊ မြေပဲ၊ ဆေး၊ ဝါ စသည့် ကိုင်းကုန်များသည် သန်မာစွာ ဖြစ်ထွန်းခဲ့ကြပေလိမ့်မည်။ သို့သော် တန်ဆောင်မုန်းလ ဧရာဝတီမြစ်၏ "ပဲခိုး" ရေကြောင့် မကြာခဏ ရေလွှမ်းမိုးသောအခါ မြို့ကို ရေတိုက်မစားနိုင်လေအောင်ဆည်



www.burmeseclassic.com

www.burmeseclassic.com



မြောင်းနှင့် ပီဒဗလျူဒီဌာနတို့က တာဖို့ပေးခဲ့ရပါသည်။ တာဖို့ရာမှာ အတွင်းတစ်ထပ်၊ အပြင်တစ်ထပ် စသည်ဖြင့် အထပ်ထပ် ဖို့ခဲ့ရသည်။ ထိုသို့ဖို့သောအခါ အထက်ဖော်ပြခဲ့သော နှန်းတင်မြေနုများကို ဖြတ်၍ ဖို့ရလေရာ မာလကာကုန်း ကျေးရွာလည်း နှစ်ပိုင်းဖြစ်လာရလေသည်။ ထိုနှစ်ပိုင်းအနက် အတွင်းပိုင်းကို တာတွင်း မာလကာကုန်း၊ တာပြင်ပိုင်းကို တာပြင် မာလကာကုန်းဟု ရွာသူရွာသားတို့က ခွဲခြမ်း ခွဲခြမ်း ပြောဆိုလာကြသည်။

မူလက အတွင်းအပြင် မခွဲခြားဘဲ မာလကာကုန်း ရွာမကြီး ဟူ၍ တည်ရှိစဉ် ရွာသူရွာသားတို့ ကိုးကွယ်သော ဘုန်းကြီးကျောင်းမှာ တစ်ကျောင်းတည်း ဖြစ်သဖြင့် တစ်ရွာလုံး စည်းစည်းလုံးလုံး ရှိသည်ဟု လူကြီးသူမများက ပြောကြသည်။ တာတွင်း မာလကာကုန်းနှင့် တာပြင် မာလကာကုန်းဟု နယ်မြေ ကွဲလာသော အခါ၌မူကား ဘုန်းကြီးကျောင်း နှစ်ကျောင်း ဂိုဏ်းနှစ်ဂိုဏ်း၊ အုပ်စုနှစ်ခုဟု ဖြစ်လာလေသည်။ ဤသို့ နှစ်တွေနှစ်ပြား ကွဲပြားလာခိုက်ဝယ် ဧရာဝတီမြစ်ကမ်းဆော့၌ မြေနုကျွန်းများ အသစ်ပေါ်လာသောအခါ တာတွင်း ရွာသားနှင့် တာပြင် ရွာသားတို့သည် သူ့ထက် ငါ ကောင်း မြေလုကြလေရကား တာတွင်းဘက်၌ ကျန်ရစ်သော အစ်ကိုနှင့် တာပြင်ဘက်သို့ ရောက်သွားသော ညီအရင်းခေါက်ခေါက်တို့သည် တဆောင်နှင့် မျက်ချေး ဖြစ်လာကြသည်။ တာတစ်ခု ခြားသည်နှင့်ပင် သားအဖချင်း မခေါ်နိုင် မပြောနိုင် ဖြစ်ရသည်ဟု အဆိုရှိ၏။

ဤအာဃာတကို အကြောင်းပြု၍ ဘုရားပွဲ လုပ်တော့မည်ဟု ကြံစည်တိုင်း လူကြီးများက “နောင်နှစ်မှ လုပ်ကြတာပေါ့ကွာ”ဟု ဆိုလေ့ရှိကြသည်။ ထို့ကြောင့် နောင်နှစ် နောင်နှစ်တို့သည် တစ်နှစ်ပြီး တစ်နှစ်သာ ကုန်လေသည်။ တစ်ခါမျှ ထိုနောင်နှစ်သို့ ရောက်ခဲ့သည် မရှိချေ။

သို့သော် တစ်နှစ်သောအခါ အများပြောဆိုခဲ့ကြသော နောင်နှစ်သည် ရောက်၍ လာပြန်ချေပြီ။

ထိုနောင်နှစ်နှင့်အတူ နယ်ပိုင်ရုံးနှင့် မြို့ပိုင်ရုံး နှစ်ခုပေါင်း ရုံးစိုက်ရာ အဆိုပါ မြို့သို့ မြို့ပိုင်အသစ်တစ်ဦး ပြောင်းရွှေ့လာလေသည်။





ထိုမြို့ပိုင်ကို ရပ်ရွာက ကိုအူလည်ဟု တိုးတိုးခေါ်ကြသည်။ ကိုအူလည် ဆိုသည်မှာ မှန်လကာကုန်း ဟူသော ဝေါဟာရကို ပုဒ်ပျက်သကဲ့သို့ပင် ကိုလူလည်မှ ပုဒ်ပျက်လာသည်ဟု ပါးစပ်ရာဇဝင်များအရ သိရသည်။ အလွန်လည်သော လူဟု အဓိပ္ပာယ်ရသည်ဟု ဆိုသည်။ သို့သော် ထိုအဆိုကို ဒိဋ္ဌမှ အဖြစ်အပျက်နှင့် ညှိနှိုင်းလိုက်သောအခါ မညီဟုလည်း သိရသည်။ မြို့ပိုင်မင်း ဆိုသူကား အသစ်ကျပ်ချွတ် ဖြစ်သောကြောင့် လူ့အကြောင်းဘာမျှမသိဟု အများက ဝေဖန်ကြသည်။ လူ့အကြောင်း မသိသောကြောင့် ကျအောင် ပြောနိုင်လျှင် လိမ့်တတ်သည်ဟုလည်း ရှေ့နေစာရေးများက မှတ်ချက်ချကြသည်။ ထို့ကြောင့် လူကြားကောင်းအောင် ကိုလူလည်ဟု ဘွဲ့ထူးသညာ တပ်ပေးထားကြသော်လည်း ထိုပုဂ္ဂိုလ်ကြီး၏ အမည်ရင်းမှာ ကိုအူလည် ဖြစ်သည်ဟု ကေစိဆရာတို့က ဆိုကြပြန်သည်။ ဇာစ်မြစ်ကို သိသော သူတို့ကမူ မြို့ပိုင်မင်းကို သူ၏ မိခင်၊ ဖခင်တို့က ချစ်စနိုးဖြင့် လူလေးဟု ခေါ်ရာမှ ကိုလူလေး ဖြစ်လာပြီးလျှင် ကာလရွေ့လျောသောအခါ ကိုလူလေး၌ရှိသော သေရသည် အယ်သရ ဖြစ်၍ ကိုလူလည်ဟု အသံပြောင်းကြောင်း၊ တစ်ဖန် လူတွင် လပြုတ်၍ အယ်ဖြစ်သွားခြင်းကြောင့် ကိုအူလည်ဟု တွင်ကြောင်း ပြောကျပြန်သည်။ ကျွန်ုပ်သည် မြို့ပိုင်မင်းကို သဒ္ဒဗေဒမျက်စိဖြင့် ဆန်းစစ်ကြည့်ရန် မရည်ရွယ်ပါ။ သို့သော် ထိုမြို့ပိုင်ရင့်မကြီးကို “ဦး” တပ်၍ မခေါ်ဘဲ၊ “ကို” ထည့်၍ ခေါ်သည့် အချက်ကိုမူ ရှင်းပြရန် သင့်သည်ဟု ယူဆပါသည်။

ဤကိစ္စကို သုတေသန ပြုကြည့်သော် မြို့ပိုင်မင်း ဦးအူလည်၌ ရင်းနှီးသူ ပေါများသဖြင့် ကိုလူလည်ဟု ရင်းနှီးစွာ ကွယ်ရာမှာ ခေါ်ကြသည်ဟု သိရပါသည်။ ဤ၌လည်း ဝါဒကွဲတစ်ခုကို တွေ့ရသေး၏။ မြို့ပိုင်မင်းကို ဦးအူလည်ဟု ခေါ်သောအခါ ရင်ခေါင်းသံ များများပါ၍ ချောင်းဆိုတတ်သည်။ ထို့ကြောင့် ဌာနက ရိုဏ်းပယတ် ပီသအောင် ရွတ်ဆိုရာ၌ အဆုတ်မှ ဆလထုတ်ရသော အင်အား မကုန်ခန်းရလေအောင် ကိုအူလည်ဟု တိုးတိတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုတ် ခေါ်ကြရသည်။ ဤကေစိဝါဒကိုမူ ပညာရှိ ကဝိပဏ္ဍိတ်တို့နှင့် လွှဲထား မှသာ ကျွန်ုပ် ဆိုလိုချင်သော အချက်သို့ ရောက်တော့မည် ထင်သည်။

ဆိုလိုချင်သော အချက်ကား အခြားမဟုတ်။ ဘုရားပွဲအတွက် ပွဲမိန့် ရဖို့ပင် ဖြစ်သည်။ ဤကိစ္စကို ဘုရားလူကြီးများက ပဏာမ အစည်းအဝေး အနေဖြင့် ဆွေးနွေးကြသည့်အခါ "ငါတို့ မာလကာကုန်းက တာတွင်း တာပြင် မညီမညွတ် ဖြစ်နေကြတာကို အစိုးရမင်းများ ရိပ်မိရင်တော့ ပွဲမိန့် မရမှာ သေချာသဟေ့"ဟူသော အသံထွက်လာသည်။

'မင်းတို့ ကာလသား ကာလသမီးတွေကိုက ခက်ပါတယ်၊ လူကြီး မိဘ ပြော်မရ ဆိုမရနဲ့၊ ထစ်ခနဲရှိရင် တုတ်ဆွဲ ဓားဆွဲကိုးကွယ့်၊ ဒီတော့ ဘယ်လိုကြံကြမတုံး'ဟု တစ်ဦးသော သက်ကြီးရွယ်ကြီးက အကြံတောင်း လေသည်။

ထိုအခါ အသက်လေးဆယ်နီးအရွယ် ကာလသားခေါင်းနှင့် တူသော ကိုင်းသမားကြီးက 'ကျုပ်လူတွေ ကျုပ်ထိန်းနိုင်ပါတယ်၊ ကျုပ်တို့ တာပြင် ထဲကို တာတွင်းထဲက လူတွေ မူးမူးရူးရူးနဲ့ ဝင်မလာရင် ဘာမှ မဖြစ်နိုင်ပါဘူး၊ အဲ ဒါပေမဲ့ သူတို့ဘက်က စတင်ပြီး စော်ကားလာရင်တော့ မခံနိုင်ဘူးဗျား ဒီတော့ ခင်ဗျားတို့ လူကြီးချင်းကလည်း လူငယ်တွေ ရန်မဖြစ်ကြရအောင် စောစောစီးစီးက ညှိနှိုင်းထားရင် ကောင်းမယ်'ဟု အကြံပေးလေ၏။

'ဒါကတော့ တို့လူကြီးပိုင်းက တာဝန်ယူရမှာပေါ့လေ၊ ဒါပေမဲ့ တို့ချည်းပဲ မပြီးဘူး၊ မင်းနဲ့ စိုးနဲ့ အုပ်နိုင် ထိန်းနိုင်မှ နေရာကျမယ်၊ မင်းတို့ ချည်း ဆိုရင် လူငယ်တွေမို့ အုပ်မနိုင် ထိန်းမရ ဖြစ်ကုန်မယ်'

'အမယ်လေး၊ အဲဒီအကြောင်းကို အစိုးရမင်းများ ရိပ်မိသွားရင်တော့ အကျိုးနည်းတော့မှာပဲ၊ ဘုရားပွဲ ဆိုတာ ကိုယ့်ဟာကိုယ် ထိန်းနိုင်မှ ကောင်း တယ် ခင်ဗျာ၊ ပုလိပ်ဆိုတာကတော့ ရန်ဖြစ်ပြီးမှ အချင်းဖြစ်ပွားရာ နေရာကို ရောက်လာမှာချည်းပဲ'

ဤသို့ တစ်ယောက်တစ်ခွန်း စောဒက တက်နေကြသည်နှင့် လိုရင်း





သို့ မရောက်နိုင်ကြချေ။ လိုရင်းမှာ ယခုနှစ်အတွင်း နာမည်ရလာသော စိန်ဗွက်ထော် ဇာတ်ပွဲကို ငှားရမ်းကြဖို့ဖြစ်သည်။ စိန်ဗွက်ထော်သည် အက၊ အဆို အလွန် ညက်ညောသည်။ "စုံဆယ်ဖြာ၊ ပန်ထွာဦးတင်၊ ဖူးမြင် ခဝပ် ဆောင်း"ဟု အသံအေးအေးကလေးနှင့် ဆိုရင်း ယိုးဒယားအကကို စည်းချက် ပိုင်ပိုင် ကပြသည့်အခါ ပရိသတ်တို့ တုတ်တုတ်မျှ မလှုပ်၊ အာရုံစူးစိုက်လေ့ ရှိသည်။ လွမ်းခန်း၊ ဆွေးခန်း၌ ကာလသား ကာလသမီးများသာ မျက်ရည် ကျကြသည် မဟုတ်။ အဘိုးကြီး အဘွားကြီးများပင်လျှင် ဘယ်ကလောက် ခိုင်ခိုင်နိုင်နိုင် တစ်ချီထဲ ငိုင်သွားစမြဲ ဖြစ်သည်။ သည်လိုပွဲမျိုးကို လက်လွှတ် ခံလို့ မဖြစ်။ ဘုရားပွဲ မဖြစ် ဖြစ်အောင် လုပ်ကြရမည်။ စိန်ဗွက်ထော်ကို ငှားဖြစ် ငှားဖြစ်အောင် ငှားကြရမည်။ ယခုပင်လျှင် လက်မလွှန်ရအောင် ပြောဆိုထားပြီးပြီ။ ဘုရားလူကြီးမင်းများကသာ နေရာကျအောင် ဆောင်ရွက် ကြပါဘိ။

ဤဥယျာဇဉ်သည် အလွန် သင့်မြတ်လှပါဘိ။ သို့သော်–

'ဟေ့၊ တို့အမျိုးအကြောင်း တို့သာ သိတယ်ကွ၊ တော်တော်ကြာ ရှုတ်ရှတ်နဲ့ဆိုရင် အားလုံး အရှုက်ကွဲမယ်၊ တို့ ဆတော်ကြီးကလည်း မြို့အထိ ကျော်ကြားနေတဲ့ ဆတော်ကြီး၊ သီလ သိက္ခာ သမာဓိနဲ့ နေလာလိုက်တာ၊ ဒီကနေ့အထိ ဒကာ ဒကာမတွေ ကြည်ညိုကြလွန်းလို့၊ တော်တော်ကြာ ကိုယ့်လူကိုယ် မနိုင်ရင်ခက်မယ်၊ အရေးအကြီးဆုံးကတော့ ပွဲမိန့်ကို ချောချော မောမော ရဖို့ပါပဲ၊ အဲဒါကို ပထမ ကြံစည်ရမယ်၊ ပြီးတော့ ကိုယ့်လူ ကိုယ် ထိန်းဖို့ အကွက်ချရမယ်'ဟု တစ်ယောက်က ပြောပြန်သည်။

ထိုအခါ အခြားသော သက်ကြီးရွယ်ကြီး ဥယျာဉ်သမား တစ်ဦးက 'ဒီလိုတော့ ရှိသဟေ့၊ တို့ဆတော်ကြီးက ကမကထ လုပ်တယ်ဆိုရင် အစိုးရ မင်းများက အယုံအကြည် မဲ့ကြမှာ မဟုတ်ပါဘူး။ ဆတော်ကြီးက အင်မတန် သမာဓိ ရှိတယ်ဆိုတာ မင်းစိုးရာဇာ အားလုံး သိကြပါတယ်။ ရာဇဝတ်မှု ကာကွယ်ရေးအတွက် တပည့် တပန်းများကို ဆုံးမပါဦးလို့ နယ်ပိုင်မင်း၊



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ် ဝန်ထောက်မင်းများက အဘိယာစက ပြုကြရင် ငါတို့ဆတော်ကြီး က အားလုံး ဆောင်ရွက်ပေးနေကျပဲ။ ပြီးတော့ ဆတော်ကြီးရဲ့ တပည့်ရင်း ဦးပဍင်းကလေးဟာ စာတတ်ပေတတ်ကွယ့်။ သူ့ကိုလည်း ရပ်ရွာက ရိုးဂုဏ် နဲ့ ကြည်ညိုကြတာပဲ။ အဲ .... ယခုရောက်စ မြို့ပိုင်မင်း ကိုအူလည် ဆိုတာ ကလည်း အတော်ရိုးတယ်လို့ ကြားရတယ်' ဟူ၍ သူ၏ အကြံပေးစကားကို နိဒါန်းသွယ်လိုက်လေသည်။

ထိုအခါ ဘောက်ဆတ်ဆတ် စကားပြောတတ်သော လယ်သူကြီး တစ်ဦးက 'ခင်ဗျားဥစ္စာ ဟုတ်မှလုပ်ပါ။ မြို့ပိုင်မင်းက ကိုလူလည်လို့ နာမည် ကြီးနေတာ၊ ခင်ဗျားက ဘယ့်နှယ် ကိုအူလည်လို့ ပြောရတာတုံး၊ ရာဇဂိုဏ်း သင့်ကုန်ပါလိမ့်မယ်'ဟု အတွန့်တက်လိုက်သည်။

'အို.... မောင်ရင် နားမလည်ပါဘူး၊ မြို့ပိုင်မင်း ဆိုတာဟာ လူ့ အကြောင်း သိပ်မသိသေးလို့ အူလည်လည်နေသတဲ့ ခင်ဗျာ။ အဲဒါကို လူတွေ က သိဒ္ဓိတင်ပြီး ကိုလူလည်လို့ ခေါ်နေကြတာ။ အမှန်တော့ ရုံးကိစ္စနဲ့ သူ့ကို တွေ့တဲ့အခါ ကျုပ် အကဲခတ်မိသမျှမှာတော့ ခပ်ရိုးရိုးပါပဲ။ ရိုးလွန်း တော့ အ တယ် ဆိုကြပါစို့။ အဲလေ ....ရိုးတယ်ပဲ ထားလိုက်ပါ၊ ရိုးဂုဏ်ရှိတဲ့ ဆတော်ကြီးရယ်၊ ရိုးဂုဏ်ရှိတဲ့ ဦးပဍင်းကလေးရယ်၊ ရိုးဂုဏ်ရှိတဲ့ မြို့ပိုင်မင်း ကိုအူလည်ရယ်၊ အဲဒီသုံးပါးစုံကို စုပေါင်းပေးနိုင်ကြရင် ပွဲမိန့်ရမှာ သေချာ တယ်'

မြို့နားနီးနီး မာလကာကုန်း ရွာသူ ရွာသားများကား ခေသူများ မဟုတ်ကြချေ။ စိတ်ကူးစိတ်သန်း အစဉ် ကောင်းလှပေသည်။

သို့ပါသော်ငြားလည်း မကြာသေးမီကမှ ရောက်လာသော မြို့ပိုင်မင်း ကို မည်သူက ဆက်ပေးနိုင်ပါမည်နည်း။

ဤသို့ အမေးရှိလာပြန်သဖြင့် အကြံပေး ပညာရှိကြီးက 'ဒီလိုကွယ့် ဒီလို၊ ယခု ငါပြောနေတာက ဆတော်ကြီးရဲ့ အမည်နာမကို ယူပြီး မြို့ပိုင်မင်း နဲ့ ဆက်ပေးနိုင်သူဟာ တို့ပြောနေတဲ့ ဦးပဍင်းကလေးပဲ ဆိုတာ မင်းတို့ တစ်တွေ နားလည်ကြဖို့ ပြောနေတာပဲ'ဟု ဆိုလေသည်။





ဤသည်တွင် 'ဟုတ်သဗျို့၊ ဟန်သဗျို့၊ နိပ်လိုက်လေ၊ အဆင်သင့်ပဲ' အရှိသော ကောင်းချီးသြဘာသံတို့သည် ဘုရားလူကြီးများ၏ ညီလာခံ သဘင်တွင် ဂယက်ရိုက်သွားသော ဟူ၏။

ထို့ကြောင့် နောက်တစ်ရက်၊ နှစ်ရက် ကြာလတ်သော် ဦးပဍင်းကို မြို့ပိုင်မင်းအိမ်၌ ဆွမ်းခံရင်း တွေ့နိုင်ကြပါသည်။

ဦးပဍင်းကား ပထမငယ် အောင်ပြီး၍ ပထမလတ်အတွက် စာဝါ လိုက်နေသော ပဍင်းပို့ဖြစ်သည်။ မာလကာကုန်း ဆတော်ကြီး၏ ကျောင်း တိုက်၌ ဦးပဍင်းကဲ့သို့ စာဝါလိုက်နေသော ရဟန်းသံဃာတော်မှာ နှစ်ကျိပ် ကျော် သုံးကျိပ်နီးပါးရှိ၍ ဆွမ်းကွမ်းကိစ္စ၌ မြို့တွင်းရှိ ဒကာ ဒကာမတို့အား အားထားကြရသည်။ ဦးပဍင်းမှာ စာတတ်ပေတတ် ဖြစ်ရုံမျှမက နှုတ်က လည်း သွက်သောကြောင့် တစ်နေ့သော် မြို့ပိုင်မင်းအိမ်၌ ဆွမ်းခံရင်း ဆရာ ဒကာ ဖြစ်သွားကြသည်။ မြို့ပိုင်မင်း ကတော်က ဆွမ်းနှင့် ဆွမ်းဟင်းများ ကိုင်ဆင်နေသည့်အတွင်း မြို့ပိုင်မင်းနှင့် ဦးဇင်းတို့သည် မကြာခဏ ဝိနည်း အကြောင်း၊ ကမ္မဋ္ဌာန်းအကြောင်း၊ ရှင်မဟာကစ္စည်း အကြောင်း၊ ရူပသိဒ္ဓိ အကြောင်း၊ ကမ္မဝါအကြောင်း၊ ပရိတ်ကြီးအကြောင်း၊ စိတ်စေတသိက် သိမ်ဗွာန်အကြောင်း သောင်းပြောင်းထွေလာတို့ကို ဆွေးနွေးလေ့ ရှိကြသည်။ မြို့ပိုင်မင်းကား အူလည်လည်နှင့် မေးတတ်သည်။ ထိုအခါ ဦးပဍင်းက တစ်ခွခွ ပိုင်ပိုင်နိုင်နိုင် ဖြေတတ်သည်။ အမေးကွဲကျောင်း အဖြေ ဘုရား ကျောင်း ဆိုသော နည်းအတိုင်းပင် ဖြစ်သည်။ မြို့ပိုင်မင်း၌ကား ကွဲကျောင်း အထက် သာသော အချက်တစ်ချက် ရှိသည်။ ထိုအချက်မှာမူ ဦးပဍင်းအား စမ်းသပ် စစ်သလို မေးတတ်ခြင်းပင် ဖြစ်၏။ သို့သော် ဦးပဍင်းကမူ အမှန်ကို မြန်မာ ထွက်ဆိုသော သက်သေကဲ့သို့ တိတိကျကျ အဖြေပေးနိုင်သော ကြောင့် ဖြစ်ခြင်းကြောင့် မြို့ပိုင်မင်း၌ ကပ်ငြိနေသော သက်ာရန့် ဟူသမျှသည် နိုင်နိုင် နှောထားသော အင်္ဂတေများ မာလကာကုန်း ကပ်ကျော် ကိုးတောင် သည်း အားစေတီမှ တစ်လွှာစီ ကွာကျဘိသကဲ့သို့ ကွာကျလေသည်။ ဤနည်း ဖြင့် ဦးပဍင်းသည် မင်းပေါက်စိုးပေါက် ဖြစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်တော့် ပွဲမိန့်ဆိုတာ မခဲယဉ်းပါဘူး၊ ဌာနာအုပ်မင်း
ကန့်ကွက်ချက် မရှိရင် ဖြစ်နိုင်ပါတယ်၊ ပြီးတော့ ဆရာဝန်ကလည်း သန့်
ရေး အတွက် ဘုရားလူကြီးများက ဆောင်ရွက်တာ ကျန်းမာရေးနဲ့ ညီပါပြ
ထောက်ခံချက်ပေးရင် ခဲယဉ်းစရာ မရှိပါဘူး'

မြို့ပိုင်မင်းက ဦးပဥ္စင်း၏ မေတ္တာရပ်ခံချက်ကို အကြောင်းပြ
ခပ်စင်းစင်း လျှောက်ထားလေသည်။

'ဒီအတွက်တော့ ဒကာကြီး စိတ်ချပါ၊ ဌာနာအုပ်မင်း ဆိုတာ
ကျုပ်တို့ ဆတော်ကြီးကို ကိုးကွယ်နေတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ ဆရာဝန်မင်း
ဆိုတာကလည်း ပန်ချာပီကြီး ဆိုပေမဲ့ သဘောကောင်းပါတယ်။ အလှူ
ဆတော်ကြီး လေနာထတုန်းက ခြေကြွတစ်ပြားမှ မယူဘဲ အုန်းသီးနှစ်
ငှက်ပျော သုံးခိုင်နဲ့ မာလကာသီး လေးခြင်းနဲ့ ကျေနပ်တဲ့သူပါ။ ဒီတော့
သူတို့အဖို့တော့ ကန့်ကွက်မယ် မထင်ပါဘူး။ မြို့ပိုင်မင်းကသာ စာရေးကြီး
လက်ထဲမှာရှိတဲ့ ပွဲမိန့်ကို အမြန်ဆုံး လက်မှတ်ရေးထိုးပေးပါ'

'မှန်ပါ၊ ဘုရားပွဲကိစ္စမှာ တပည့်တော်ကတော့ ဝန်မလေးပါဘူး
ဒါပေမဲ့ အဘက်ဘက်က ထောက်ခံတော့မှလည်း စိတ်ချရပါတယ်၊ မတော်
တဆ ဆိုတာလို တောဘုရားပွဲမှာ ပွဲလန့်တယ်ပေ့ါ ဆိုရင်တော့ စဉ်းစားရလိ
မယ် ကိုယ်တော်'

'အို.... ဒီအတွက် စိတ်ချပါ မြို့ပိုင်မင်းရယ်၊ ဘုရားလူကြီးတွေ
လူအုပ် အင်မတန် ကောင်းပါတယ်။ စကားစပ်မိလို့ ရှိမှ ပြောရဦးမယ်
ဘုရားလူကြီးများ အားလုံးက မြို့ပိုင်မင်းနဲ့ မင်းကတော်အပြင် (၁) ရာဘက်
မင်းကတော်၊ တရားမ မြို့အုပ်မင်းနဲ့ မင်းကတော်၊ အားလုံး အိမ်သူအိမ်သား
တွေ လာရောက် ချီးမြှင့်ကြမယ်ဆိုရင် မင်းတဲကလေး ဘာကလေး သပ်သပ်
ရပ်ရပ် လုပ်ထားရဦးမယ်လို့တောင် တိုင်ပင်နေကြပါတယ်'

ဤသို့ ဦးပဥ္စင်းက ပြောလိုက်သောအခါ ရောက်ခါစဌ အသိမိတ်ဆွေ
များများ မရှိသေးသဖြင့် အလွန်ပျင်းရိနေဟန် တူသော မင်းကတော်က





'အို....ကိုကိုရယ်၊ ဒီလိုဆိုရင် ပျော်ပျော်ပါးပါးနဲ့ ပွဲသွားကြရအောင်။ ကျွန်မ
မင်းကတော် တစ်စုကို အကြောင်းကြားလိုက်ပါ့မယ်'ဟု ဝင်၍ ထောက်ခံချက်
တစ်ခွန်းကိုသာ ပြောလိုက်လေသည်။

ဤသည်တွင် ပွဲမိန့်ကိစ္စသည် တစ်ချက်တည်းနှင့် ပြီးလေသတည်း။

ပွဲမိန့်ရပြီဟု ကြားရသည်နှင့် တစ်ပြိုင်နက် ဘုရားလူကြီးများသည်
လက်ခမောင်း ထ ၍ ခတ်ကြသည်။ အထူးသဖြင့် မြို့ပိုင်မင်း ကိုအူလည်၏
အကဲကို ခတ်သော သက်ကြီးရွယ်ကြီး ဥယျာဉ်သမားကြီးက 'ငါ့အကြံ
အောင်ပြီဟေ့'ဟု ကြွေးကြော်လေသည်။

'အလှူ့ရှင်မှန်းသိအောင် မဏ္ဍပ်တိုင် သိပ်မတက်နဲ့၊ ချော်ကျပါ့မယ်'
ဟု ကိုင်းသမားကြီးက ခနဲ့လေသည်။

'ခင်ဗျာ့အကြံမှန်း လူတိုင်း သိပါသဗျာ'ဟူ၍လည်း ကွန့်လိုက်သေး
၏။

'ဟေ့....မင်းသိတဲ့ အကြံက တစ်ခုပေါ့ကွာ၊ ငါ ကျိတ်ကြံတဲ့ အကြံ
ကလည်း တစ်ခုပါပဲ၊ ခုမှတော့ ငါဖွင့်ပြောမယ်၊ ငါမှန်းသိအောင် ပြောတာ
မဟုတ်ပါဘူး၊ ဝမ်းသာလွန်းလို့ ပြောရတာပါ။ ဒီမယ် ကိုယ့်လူရေ့၊ ကျုပ်က
ဦးပဥ္စင်းကို မှာထားတယ်၊ မြို့ပိုင်မင်း၊ (၁)ရာဘက်၊ တရားမမြို့အုပ်၊ အားလုံး
သော မင်းများကို သူတို့ရဲ့ ကတော်တွေနဲ့အတူ ဘုရားပွဲလာဖို့ အာပတ်လွတ်
အောင် ဖိတ်ခဲ့ဖို့ မှာထားတယ်၊ ဦးပဥ္စင်းကပဲ ရိုးတယ်ဆိုပေမဲ့ စကား
ပရိယာယ် အင်မတန် နေရာကျတာမို့ ယခု မင်းပေါင်းစုံ ကြွလာမယ်တဲ့'

'လူကြီးက လုပ်တော့မယ်၊ မင်းပေါင်းစုံ ဖိတ်တယ်ဆိုတော့ ကျွေးဖို့
မွေးဖို့ စရိတ်ပိုကုန်တဲ့အပြင် ဧည့်ခံရတဲ့ အလုပ်က များဦးမယ်'

'တယ်၊ မင်းမသိရင် အသာနေစမ်းကွာ၊ ငါ့အကြံက ဒီလို၊ သူတို့
မင်းပေါင်းစုံလာရင် ငါတို့ပွဲ ထိန်းပေးတာနဲ့ တူတာမို့ သူတို့ကို ရအောင်
ပင့်တာကွယ့်၊ မင်းတို့မလည်း မာလကာကုန်းသား ဆိုပြီး အ ရန်ပဏော'

ဤသို့ ဥယျာဉ်သမားကြီးက ဖွင့်ချလိုက်သောအခါ 'ဟုတ်ပေဗျို့'



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ထောမနာသံများသည် ညံမစဲ ဖြစ်လာလေရာ ဥယျာဉ်သမားကြီး ကိုယ်တိုင် သူ့စကားကို ပြန်၍ ပိတ်ရလေသည်။

'ဟေ့၊ ဒီအကြောင်းတွေ ဘယ်သူမှ မပြောနဲ့လဟ၊ တောစကား တောပျောက်လို့ သဘောထားရမယ်ဟေ့'ဟု ဥယျာဉ်သမားကြီးက အမိန့် ထုတ်လိုက်သောအခါ ချက်ဆိုလျှင် နားခွက်မှ မီးပွင့်လေ့ရှိသော ဘုရားလူကြီး များသည် နှုတ်လုံလျက် ရှိနေကြလေသည်။

တစ်ခုသော ညနေခင်း၌ မြို့ပိုင်မင်း၏ နေအိမ်တွင် မြို့၏အကြီးအကဲ များ ဖြစ်သော မင်းပေါင်းစုံနှင့် မင်းကတော်တို့သည် သားသမီးများ၊ ခယ်မ များ၊ ယောက်မများ၊ ကလေးထိန်းများ စသည်တို့ ဝန်းရံလျက် စုဝေးလာကြ ကုန်၏။ မြို့ပိုင်မင်း၏အိမ်မှာ မာလကာကုန်းသွားရာ တာလမ်းမဘေးနှင့် ဝါးတစ်ရိုက်မျှသာ ဝေးသည်ဖြစ်၍ အိမ်ပေါ်မှနေ ကြည့်လျှင် မြို့နီးချုပ်စပ် မှ အုတ်အုတ်သဲသဲ လူးလာခတ်နေကြသော ဘုရားပွဲသွား ပရိသတ်တို့ကို မြင်ရလေသည်။ သနပ်ခါး ဘဲကျားရိုက်ထားသော ကာလသမီးကလေးများ သည် သူတို့၏ဘွားအေ၊ အမေ၊ ကြီးတော်၊ မိကြီးများနှင့်အတူ ဖိနပ် ရှပ်တိုက် ကာ မာလကာကုန်းသို့ တရှူရှူ ချီတက်ကြလေရာ၊ ဖုန်တထောင်းထောင်း ထလျက် ရှိသည်။ သားသည်အမေတို့ကား သားသမီးများကို ခါးထစ်ခွင်၍ သနပ်ဖက်၊ ပြောင်းဖူးဖက် ဆေးပေါ့လိပ် တံတောင်ကျော်ခန့်ကို ပါးစောင် တွင် ခဲလျက် ထဘီ စွန်တောင်ဆွဲကာ ဆင်အိမ်ကြီး လှမ်းသကဲ့သို့ တက်လှမ်း နေကြသည်။ ဦးခေါင်းထက်တွင် လက်ကိုင်ပဝါ သုံးထောင့်ချိုးကို ချည်ထား သော လူပျို ကာလသားများကမူ သီချင်းတကြော်ကြော် ဟစ်အော်၍ ကာလ သမီးများကို ရိသဲ့သဲ့ လုပ်နေကြသည်။

ဤမြင်ခင်းကို မြင်ရသော တရားမ မြို့အုပ်ကတော်သည် မာလကာ ကုန်းကို မြန်မြန်ရောက်ချင်စောဖြင့် သူ၏ခင်ပွန်းအား 'ကိုင်းလေ၊ မြန်မြန် လုပ်ကြလေ၊ မြို့ပိုင်မင်းနယ်ရှင်၊ လှည်းကလေး ဘာလေးမှ ဆင့်မထားဘူး လား'ဟု သတိပေး နှိုးဆော်လေသည်။ ထိုအခါ (၁)ရာဘက်ကြီးက 'မင်း





ကတော်နယ်ဗျာ၊ ခုမှ နေဝင်စ ရှိပါသေးတယ်၊ မာလကာကုန်း ဆိုတာ ကရိုးပေါ်က လျှောက်သွားရင် ကွမ်းတစ်ယာညက် မကြာပါဘူးဗျာ၊ ခြေကျင်သွားလို့ ခဏနဲ့ရောက်တဲ့ ခရီးပါ'ဟု မြို့ပိုင်မင်းကိုယ်စား ကြားဝင်၍ နှစ်သိမ့်စကား ပြောသည်။

ထို့နောက် ဧည့်သည်တော်တို့သည် အိမ်ရှင် မြို့ပိုင်မင်းနှင့် မင်း ကတော်တို့က တည်ခင်းကျွေးမွေးသော အဖျော်ယမကာများကို သုံးဆောင် ပြီးလျှင် စိန်ဂွက်ထော် ပွဲသဘင်၏ အပျိုတော် ထွက်သည်ကို မီအောင် မာလကာကုန်းကျောင်းသို့ ထွက်ခဲ့ကြလေသည်။

လမ်းတွင် ဘုရားလူကြီးများက စေလွှတ်ထားသော အကြိုတော်၊ အထောက်တော်တို့က မင်းပရိသတ်တို့ကို ဆီးကြို၍ ရှေ့ဆောင်လမ်းပြ ပြုလုပ်ကြသည်။ အချိန်မှာ ထန်းရည်ဆိုင် မပိတ်မီအချိန်ဖြစ်၍ ဒယိမ်းဒယိုင် နှင့် သိုင်းကွက်နင်းနေကြသော ကာလသား တစ်အုပ်၊ နှစ်အုပ်ကို လမ်းတွင် အမှတ်မထင် တွေ့ကြရသည်။ သို့သော် ရေချိန်မတက်သေးသောကြောင့် ဘုရားပွဲသည် လွန်စွာ ဣန္ဒြေရလျက် ရှိသည်။ ထို့ကြောင့် မင်းပရိသတ် တို့ကို ဆီးကြိုကြသော ဘုရားလူကြီးမင်းများသည်လည်း ဣန္ဒြေမပျက် ကြချေ။

မင်းပရိသတ်တို့သည် ကိုးတောင်ပြည့် ကပ်ကျော်စေတီကို ဖြတ်သန်း ၍ မာလကာကုန်းကျောင်း ပရိဝုဏ်ထဲသို့ ဝင်ကြသည်။ ကျောင်းပရိဝုဏ် ဆိုသည်မှာ ဘေးနှစ်ဖက်နှင့် နောက်ကျောဘက်တွင် ကြခတ်ဝါးရုံများ ခြံရံ လျက် ရှေ့မျက်နှာစာမှာမူ ဟင်းလင်းပွင့်နေသော ပရိဝုဏ်ဖြစ်သည်။ ကျောင်း မြေနှင့် ဘုရားမြေမှာ တစ်ဆက်တည်းလို တည်ရှိနေသောကြောင့် ကျောင်း ပရိဝုဏ်မျက်နှာစာ၌ အေးစေတီနှင့် တကွသော အခြား မထင်မရှား စေတီ ပျက်များ ခြံရံနေသည်မှာ ကျောင်းအဝင်ဝ မျက်နှာစာကို တံတိုင်းကာရံထား သည်နှင့် တူလေသည်။ ထို့ကြောင့်လည်း ကျောင်းပရိဝုဏ် ရှေ့ဘက်ပိုင်း၌ ခြံစည်းရိုး မခတ်ဘဲ ထားဟန်တူသည်။ တစ်နည်းဆိုပြန်လျှင်လည်း ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်းနှင့် ဘုရားဝင်း တစ်ဆက်တည်း တည်သောအခါ ဘုရားသွား၊ ကျောင်းတက်၊ ဥပုသ်စောင့်၊ တရားနာ ပရိသတ်အတွက် ချောင်ချိအောင် တမင်လုပ်ထားသည်နှင့်လည်း တူသည်။ ယခုကဲ့သို့ ကျောင်း၏ဥပစာ၌ အကာအရံ မရှိခြင်းကြောင့်လည်း ယခု ဘုရားပွဲတော် ကျင်းပသောအခါ ပရိသတ်များစွာကို ညှော်ခံနိုင်လေသည်။

ကျောင်းဝင်းထဲသို့ ရောက်လျှင် သက်ကြီးရွယ်ကြီး ဘုရားလူကြီးတစ်ဦးက ရှေ့ဆောင်၍ မင်းပရိသတ်ကို မင်းတဲသို့ ခေါ်ဆောင်သွားသည်။ မင်းတဲ ဆိုသည်မှာ ကြီးကျယ်သောအရာ မဟုတ်ပါ။ လေးဖက်လေးတန် ရှာပန်းထည် ကာရံ၍ အလယ်တွင် ကုလားထိုင်များ၊ ကွပ်ပျစ်များ တည်ခင်းထားသော နယ်နိမိတ်မျှသာ ဖြစ်သည်။ ဇာတ်စင်မှ မျှော်ကြည့်လိုက်လျှင် ဝါးနှစ်ရိုက်ခန့် ဝေးမည် ထင်ရသည်။ မင်းတဲ၏ နောက်တွင် ဆွမ်းစားကျောင်း တစ်ကျောင်းသာ ရှိသည်။ ဆွမ်းစားကျောင်းပေါ်၌ စာသင်သားများ ကပ္ပိယများ၊ ဘုန်းကြီးကျောင်းသား သျှောင်ပေစုများသည် မင်းတဲကို ကျော်လွှား၍ ဇာတ်စင်ကို မျှော်တော်ဇောနှင့် ကြည့်နေကြသည်။ အာကျယ်ကျယ် ပြောတတ်သော ဘုန်းကြီးကျောင်းသား အရွယ်ခပ်ကြီးကြီးတစ်ဦးက 'ပွဲထွက်ပါတော့ဗျို့'ဟု အော်သည်။ 'မင်းကတော်တွေ အလာ စောင့်နေရတာနဲ့ပွဲ နောက်ကျနေပြီ'ဟူ၍လည်း ပြောသည်။ ထိုအခါ ဦးပဉ္စင်းကြီးတစ်ပါးက ငေါက်သည်။ 'မင်းရို့တစ်တွေ လူကြီး လူကြီးမှန်း မသိဘဲနဲ့ တောက်တီးတောက်တဲ့ စကားပြောနေရင် ဆွမ်းစားကျောင်းပေါ်က နှင်ချမယ်'ဟု ကြိမ်းမောင်းသည်။ ထိုအခါကျမှ ဘုန်းကြီးကျောင်းသား တစ်စုသည် ငြိမ်ကျ၍ သွားလေသည်။

ကွပ်ပျစ်ပေါ်တွင် ဖလားစုံ ကွမ်းအစ်များ၊ ချိုချဉ်ခဲဖွယ်များ၊ ဆီးသီးများ၊ မြေပဲလှော်များ၊ ပဲကြီးကြော်များ၊ ထန်းလျက်ဖြူဆုပ်များ၊ လက်ဖက်ဂျင်းသုတ်များသည် အလွန်တရာ မြိုင်လှသည်။ တရားမမြို့အုပ်မင်းကတော်သည် အလွန် လက်ဖက်ကြိုက်သူဖြစ်ရာ (၁) ရာဘက် တရားသူကြီးကတော်





အား လက်ဖက်စားရန် အဖော်ညှိသည်။ (၁) ရာဘက် တရားသူကြီးကတော်သည်လည်း လက်ဖက်ကို မြင်ရလျှင် သွားရည်ကျတတ်သူဖြစ်၍ အကြိုက်ကျသွားသည်။ သို့သော် မြို့ပိုင်မင်းနှင့်အတူ သက်ကြီးရွယ်ကြီးများ ပါလာကြသောကြောင့် ရုတ်တရက် လက်ဖက်ခွက်ကို မနှိုက်သေးဘဲ 'အမေတို့ သုံးဆောင်ကြပါဦး'ဟု အမေကြီးတို့ကို တစ်ဆင့် ဖိတ်ခေါ်ကျွေးမွေးသည်။ အမေကြီးတို့ကား အချိုလေး တည်းပြီးလျှင် လက်ဖက်နှင့် ခံတွင်းချဉ်ပြေအောင် နှဲ့နေကျ ဖြစ်သောကြောင့် ငြင်းပယ်ခြင်း မပြုကြချေ။ မြေပဲနှင့် ထန်းလျက်ဖြူဆုပ်ကို အလျှင်နှိုက်၍ လက်ဖက်ကို သုံးဆောင်ကြသည်။ ပါလာသော အိမ်သူအိမ်သား ပုစုခရုနှင့် ကလေးထိန်းတို့ကား ပဲကြီးလှော်ကို ဝါးကြသည်။ ဤကဲ့သို့ စားပွဲသောက်ပွဲ မြိုင်မြိုင်ကြီး အရှိန်ရလာသောအခါကျမှ တရားမ မြို့အုပ်မင်းကတော်နှင့် (၁) ရာဘက်ကတော်တို့သည် ရာဇဣန္ဒြေကို ဘေးချိတ်၍ မြိန်ရှက်စွာ သုံးဆောင်ကြလေသည်။

(၁) ရာဘက်ကတော်ကြီးကား စားကောင်းသောက်ကောင်း ကလေး ရှိလျှင် (၁) ရာဘက်ကြီးကို အစဉ် သတိရတတ်သူ ဖြစ်သည်။ ထို့ကြောင့် လက်ဖက်ခွက်ကို နှိုက်ပြီးနောက် ဂျင်းသုတ်ကို မြည်းကြည့်လိုက်သောအခါ အတော်ခံတွင်းတွေ့လေရာ (၁) ရာဘက်ကြီးကို လှမ်း၍ 'ဒီမှာ ဒီမှာ၊ ဟောဒီ ဂျင်းသုတ်ကလေးက အစပ်အဟပ် အဆင်ပြေလိုက်တာ စားပါဦး'ဟု ပြောရင်းနှင့် ဂျင်းသုတ်ပန်းကန်ကို သူ၏ချစ်စွာသော ခင်ပွန်းသည်အား လှမ်းပေးသည်။

ထိုအခိုက် (၁) ရာဘက်၊ တရားမမြို့အုပ်နှင့် မြို့ပိုင်တို့သည် ကုလားထိုင် ကိုယ်စီနှင့် စကားလက်ဆုံ ကျနေကြသည်။ (၁) ရာဘက်ကြီးမှာ ဆော့ပျော်နေတတ်သူ ဖြစ်လေရာ ဘုရားလူကြီးများအား 'စိန်ပွက်ထော်ဆိုတာ နိပ်ကဲ့လားဗျာ့'ဟု မင်းကတော်များ မကြားတကြား မေးလေသည်။

(၁) ရာဘက်ကတော်ကား အလွန်နားပါးသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမယ်တော့၊ ဇာတ်မင်းသမီး မြင်ရရင် မနေနိုင် မထိုင်နိုင် ဖြစ်တတ်တဲ့ လူကြီးရဲ့၊ ဂျင်းသုတ်ပန်းကန် လှမ်းယူစမ်းပါဦး'

(၁) ရာဘက် ကတော်ကြီး၏ ခနဲ့သံကို ကြားသောအခါ (၁) ရာဘက် တရားသူကြီးသည် လူမိသော မျက်နှာဖြင့် ဖြုံးဖြဲဖြဲ ပြုံးပြီးလျှင် ဂျင်းသုတ်ပန်းကန်ကို လှမ်းယူလိုက်သည်။ မင်းသုံးပါးကား ဂျင်းသုတ်အတော်ကြိုက်ကြဟန် တူသည်။ ထို့ကြောင့် ဂျင်းသုတ်ပန်းကန်မှာ ကွမ်းတစ်ယာ မညက်မီ ပြောင်တလင်းခါ သွားလေသည်။ ထို့ကြောင့် တစ်ပန်းကန်ပြီး တစ်ပန်းကန် ထပ်မှာ၍ စားကြသည်။

ပွဲကြည့်ပရိသတ်တို့ကား စိန်ဂွက်တော်ကို အာသီသ ထားနေကြသူများ ဖြစ်သည်။ သို့သော် သူတို့မျက်မှောက်တွင် တွေ့မြင်နေရသည်ကား မင်းစိုးရာဇာတစ်စု ပျော်ပွဲစားထွက်ခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ဆွမ်းစားကျောင်းပေါ်မှ ဘုန်းကြီးကျောင်းသား နည်းတူ လူပျို ကာလသားတို့က အတန်ငယ် ကန့်ကွက် ပြောဆိုလိုသော အမူအရာကို ပြလာကြသည်။ တချို့က ရှီခနဲမြည်အောင် လက်ခေါက်မှုတ်သည်။ အချို့က ဝူးဝါး အော်ဟစ်ကြသည်။ အလိုက်သိသော ဆိုင်းသမားတို့က ပဏာမ တီးလုံးများကို ချွေးဒီးဒီးကျအောင် လက်သံပြောင်ပြောင် တီးကြသည်။ သို့သော် 'စိန်ဂွက်တော် ထွက်ပါတော့ဗျို့'ဟူသော အသံများသည်သာ လွှမ်းမိုးစ ပြုလာသည်။

ထိုအခါ လူ့အလိုက်ကိုသိသော တရားမမြို့အုပ်မင်းက မြို့ပိုင်မင်းကို လက်တို့၍ ဒွတ်ဒက် ရှုတ်ရက် ပြောလေသည်။ ဤသည်တွင် မြို့ပိုင်မင်းလည်း ဘုရားလူကြီးများကို မျက်ရိပ်ပြ၍ ခေါ်သည်။

'ဘယ့်နှယ်လဲ လူကြီးမင်းတို့ရဲ့၊ ကျုပ်တို့လည်း ညလုံးပေါက် ပွဲကြည့်နိုင်တာ မဟုတ်ဘူး၊ အိပ်ရေးပျက်မယ်၊ နက်ဖြန်လည်း ရုံးတက်ကြရဦးမယ်၊ ပွဲကြည့်ပရိသတ်ကလည်း ပွဲတောင်းလှပြီ'

မြို့ပိုင်မင်းက ဤသို့ စောင်းပါးရိပ်ခြည် ပြောလေသော် ဘုရားလူကြီးတစ်ဦးက 'ယခုပဲ ပွဲထွက်ပါတော့မည်။ မင်းကတော်များ ပျော်ပျော်ပါးပါး





စားကြသောက်ကြသည်ကို ဝမ်းသာလွန်း၍ ပွဲထွက်ရန် ဇာတ်ခေါင်းကို မပြောမိဘဲ ရှိနေပါသည်။ သည်းခံပါ။ ယခုပင်လျှင် အပျိုတော် ထွက်ပါတော့မည်'ဟု တောင်းပန်စကား ပြောကြားလေသည်။

စိန်ဂွက်တော်ပွဲကား စ လေပြီ။

နှဲကြီးက အောသည်။ နှဲကလေးက နှဲကြီးအောသံနှင့် ဆန့်ကျင်ဘက် စူးစူးရှရှမြည်သည်။ သို့သော် ဂီတသဘော။ အသံကြီးနှင့် အသံကလေးကို သဟဇာတဖြစ်အောင် ပေါင်းစပ်လိုက်သောအခါ ပရိသတ်၏ မျက်စိအာရုံ၊ နားအာရုံတို့သည် ဇာတ်စင်ပေါ်သို့ ချက်ချင်း စူးစိုက်လာလေသည်။ ပတ်တီးဆရာကလည်း နှဲနှစ်လက် အသံနှင့်အတူ ရှိသမျှ ပတ်သံများကို တစ်ချက်တည်း လိမ့်၍ တီးလိုက်ရာ၊ ကြေးနောင်ဝိုင်းကလည်း သံစုံမြည်လာသည်။ ဤတွင် ယကွင်းကြီးက ဂျမ်းခနဲနှင့် အားလုံးကို လွှမ်းလိုက်ရာ ကားလိပ်လည်း တစ်ပြိုင်နက် တက်သွားသည်။ မီးခလုတ်ကို နှိပ်၍ လျှပ်စစ်မီးလင်းသကဲ့သို့ ယကွင်းက တီး၍ ကားလိပ်ပွင့်သည်ဟု ထင်မှတ်ရလေသည်။ ထို့နောက် ပြုံးစစ အမူအရာနှင့် လက်အုပ်ချီနေသော စိန်ဂွက်တော်လည်း ပေါ်လာလေသည်။

ထုံးစံမှာ အပျိုတော်အကကို သာမည ယိမ်းသမတို့ အထဲက တစ်ယောက်ယောက် ကပြစမြဲ ဖြစ်သည်။ သို့သော် စိန်ဂွက်တော်မှာ သူတစ်ပါးဇာတ်ထဲတွင် ယိမ်းသမ အဖြစ်ဖြင့် ပါဝင်ကပြခဲ့သည့် အချိန်မှစ၍ အပျိုတော်အကဖြင့် နာမည်ရခဲ့သူ ဖြစ်၍တစ်ကြောင်း၊ ယခု ဘုရားပွဲတွင် မင်းပေါင်းစုံရှေ့၌ မိမိကိုယ်တိုင် ပထမဦးစွာ ခံရန် ဘုရားလူကြီးများက တာဝန်ချထားပေးခြင်းကို ခံရသည်က တစ်ကြောင်း၊ ဤအကြောင်းတရား နှစ်ပါးကြောင့် အပျိုတော်အက၌ သူကိုယ်တိုင် ဝင်၍ကြရခြင်း ဖြစ်သည်။

'မင်္ဂလာရယ်မှ မဏ္ဍိုင်လေ....'ဆိုသော သီချင်းသံသည် ပရိသတ်တို့ကို နတ်ပူးအောင် လှုံ့ဆော်ပေးသော အသံနှင့် တူလေသည်။ ထိုအသံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရသော မင်းပရိသတ်မှာ 'ရှိးတွင်းခြင်ဆီထဲက စပြီး မရှိးမရှ ဖြစ်တာပဲ ဗျာ့' ဟူသော (၁) ရာဘက်တရားသူကြီး ပြောသည့်အတိုင်းပင် ဖြစ်သည်။

မာလကာကုန်း ရွာသူရွာသားတို့ကား မည်မျှ မည်မျှ ပွဲငတ်နေကြသည် မသိ။ အပျိုတော် ထွက်ပြီ ဆိုသည်နှင့် တစ်ပြိုင်နက် သူ့ထက် ငါ ကောင်း နေရာလု၍ ယှဉ်လာကြသည်။ ပရိသတ်သည် တစ်စ တစ်စနှင့် ရှေ့တိုး၍ တိုး၍ သွားကြလေရာ ပတ်မကြီးအနီးတွင် နှပ်ချေးတွဲလောင်းနှင့် ကောင်ကလေးများ တိုးဝှေ့နေကြသည်ကို ဝါးလက်ခုပ်တီးဆရာက အတင်း နှင်လွှတ်နေရလေသည်။

စိန်ငွက်ထော်သည် အပျိုတော်တို့ ဆိုနေကျ နတ်ပင့်သီချင်းများနှင့် သာလျှင် (၁) ရာဘက် အမှုးရှိသော မင်းပေါင်းစုံတို့ကို ရှိးတိုးရှတ္တ ဖြစ်အောင် ဆောင်ကြဉ်းနိုင်သည် မဟုတ်၊ သူ၏ အပျိုတော်အကသည်လည်း နတ်ကျ အောင် ဖမ်းစားနိုင်လေသည်။ ထို့ကြောင့် (၁) ရာဘက် တရားသူကြီးသည် ဘုရားလူကြီးမင်းတို့အား ထိုကဲ့သို့ မြန်မာ့အနုပညာ အဆင့်အတန်းမြင့်သော ဇာတ်ပွဲကို ဂုဏ်ရမ်းကပြသဖြင့် ပွဲကြည့်ပရိသတ်ကြီးမှာ ငြိမ်လျက်ရှိကြောင်း ဝမ်းပန်းတသာ ချီးကျူးလျက် ရှိနေလေသည်။

ပရိသတ်ငြိမ်သည်ဟု ပြောသည်မှာ ပြောလောက်ပေသည်။ စောစော ပိုင်းက နေရာခင်းခြင်း၊ ဖျာလုခြင်း၊ ဆီးသီးဝယ်ခြင်း စသော ဗာဟိရကိစ္စ တို့အပြင် ရန်ဖြစ်ခြင်း တည်းဟူသော ပဓာနကိစ္စတို့၌ ပွည်ပွည်ပြုနေကြသော ကလေးပရိသတ်သည် ပင်လျှင် ပွဲကို ပါးစပ်အဟောင်းသားနှင့် ငေးစိုက်ကြည့် လာကြလေပြီ။ ကလေးအကြိုက်မို့ဟု ပြောဖွယ်ရှိသည်။ သို့သော် လူကြီးပိုင်း လည်း အပျိုတော်အက၌ အာရုံစွဲငြိ ကပ်တွယ်လာပြီ ဖြစ်သည်။ ဆိုင်းက စိန်ငွက်ထော်ကို ပို့ပေးသည်။ စိန်ငွက်ထော်က ပရိသတ်ကို သယ်သွားသည် အပို့နှင့် အသယ်မှာ စည်းကိုက် ဝါးကိုက်နှင့် အလွန်တရာ မြိုင်လှလေရာ (၁) ရာဘက် တရားသူကြီး၏ဇနီး မင်းကတော်ကြီးမှာ လက်ဖက်ခွက်နှင့် ပဲကြီးလှော်ခွက်ကို မှား၍ နှိုက်မိလေသော ဟူ၏။





ဆိုင်း ရှင်သည်ထက် ရှင်လာ၍ 'သောက်တော်ဘူး ရယ်တဲ့ အိုမကွာ၊ အိုမကွာ၊ မင်းကျော်စွာလို့ မကျော်လား၊ ဝေးရာက ရှား' ဟူသော ဂီတလှိုင်း သံထဲမှ ယကွင်းသံရှုံရှုံကြီးက ပတ်ဝန်းကျင်ကို တုန်ခါအောင် ဟိန်းလိုက် သောအခါ ပရိသတ်မှာ မီးကို ရေနှင့် ငြိမ်းလိုက်ဘိသကဲ့သို့ ရှိလေသည်။

ဇာတ်ခုံကို အာရုံစူးစိုက်လွန်း အားကြီးသဖြင့် ပွဲအရောက် နောက်ကျ သူတို့ ပရိသတ်ထဲ တိုးဝှေ့လာသည်ကိုပင်လျှင် ဂရုမူမည့်သူ များစွာ မရှိကြ ချေ။ ဤအတွင်း သျှောင်ကြီးဖွေတစ်ဦးသည် နောက်ဘက်မှာ နေရာမရ၍ ဆားဘက်သို့ ယိုင်တိယိုင်ထိုး ဝင်လာသည်။ သို့သော် ထိုနေရာမှနေ၍ ကြည့်သော်လည်း စိန်ငွက်ထော်ကို သဲကွဲစွာ မမြင်ရ၍ ဇာတ်စင်နားသို့ နေရာ ရွှေ့လာလေသည်။ ဇာတ်စင်၏ လက်ဝဲဘက် ဆိုင်းဝိုင်းနှင့် တစ်လံ ကွာ၊ နှစ်လံကွာလောက်တွင် နှပ်ချေးတွဲလောင်း ကလေးငယ်များ စု၍ ထိုင် နေကြသည်။ ထိုနေရာသို့ ရောက်သောအခါ သျှောင်ကြီးဖွေသည် ကလေး တောထဲသို့ ဝင်၍ ဆောင့်ကြောင့်ထိုင်ကာ ရှုစားလေသည်။

ပွဲကြိုက်သူတို့ ဤသို့ တိုးဝှေ့ကြည့်သည် ကိစ္စမှာ ဘာမျှ မထူးဆန်း ပါ။ သို့သော် ယခုနှစ်မှစ၍ ပွဲမိန့်ရသော ဤဘုရားပွဲအတွက် ဘုရားလူကြီး များသည် အလွန် ဝီရိယကောင်းနေကြသည်။ မင်းပေါင်းစုံ ပရိသတ်အား ညည့်ခံနေချိန်၌ အရူးအမူးဟူ၍ မရှိစေရ။ မင်းတဲရှေ့၌ ဖြတ်သန်းသွားလာ သူများလည်း မရှိစေရ။ အထူးသဖြင့် တာတွင်းမှ တာပြင်သို့ ဝင်လာသော သူတို့ကို အထူး အကဲခတ်ကြရမည်။ ယခု ကိုင်းပေါ်ချိန် ဈေးကောင်းသဖြင့် တာတွင်းသားများ အတန်ငယ် ခြောက်စထောင်နေကြသည်။ သင်းတို့ ငွေစ ရှင်လျှင် ထန်းရည် အားကြီး မူးတတ်သည်။

ရပ်ထဲရွာထဲတွင် ကာလသားခေါင်း လုပ်နေသော ဘုရားလူကြီးက ဤသို့ ကြပ်မတ်ရမည့်ကိစ္စကို သူ့တာဝန် ထားပါဟု ဆိုသည်။ ထို့ကြောင့် သူသည် အများတကာထက် ဝီရိယကြီးလျက် ရှိလေရာ ထန်းရည်မူးသည်ဟု သင်္ကာလျှင် မသင်္ကာသူ့ အနီးသို့ ကပ်၍ အကဲခတ်လေ့ရှိသည်။ မိမိတို့



www.burmeseclassic.com

www.burmeseclassic.com



တာပြင်ရွာသား အချင်းချင်း အကဲခတ်ရသည်မှာ လွယ်သည်။ အကဲခတ်အံ့ဟု ချဉ်းကပ်လိုက်သည်နှင့် တစ်ပြိုင်နက် တကယ် ထန်းရည်မူးလာသူသည် လူမိမှာ စိုး၍ ချက်ချင်း ရှောင်ကွင်းပေးလေ့ရှိသည်။ သို့သော် ယခု ကလေးများ၏ နောက်ပါး၀ယ် တာတွင်းမှ သျှောင်ကြီးဖွေသည် ဆောင့်ကြောင့်ထိုင်၍ စိန်ပွက်တော်ကို မျက်စိစားပွဲ ထိုင်နေပုံမှာ ကေန္တ တော့ ကေန္တ ပါပဲ။ သို့ရာတွင် ဘာကေန္တမှန်း မသိ၍ ဝီရိယကောင်းသည့် သူကြီးက သေချာသထက် သေချာအောင် သျှောင်ကြီးဖွေ အပါးသို့ ချဉ်းကပ်၍ ထန်းရည်နံ့ ခံလေသတည်း။

သည်လို ထန်းရည်နံ့ ခံလျှင် နံစမြဲသာပ။

သို့သော် ကာလသားခေါင်းကြီးအဖို့ ဤခံထောက်မှုကြီးမှာ ဤမျှနှင့် မပြီးသေးချေ။ သေချာအောင်လုပ်ဖို့ တာဝန်ရှိနေသည်။

'မင်းကျော်စွာလို့ မကျော်လား၊ ဝေးရာက ရှား....'

ထို "ရှား"ဟူသော အသံသည် အထက်ဘဝင်၊ အောက် အဝီစိ ပျံ့သွားလေသည်။ ထိုမျှ ဆူညံနေသော အချိန်ကို ရွေးပြီးမှ ကာလသားခေါင်းသည် သျှောင်ကြီးဖွေကို နားနားကပ်၍ ဝါစုဂ္ဂတ ပြုသည်။

'ဝေးရာက ရှား' ဟူသော အသံသည် နောက်တစ်ပတ် ကျော့ကာ အထက်ဘဝင်သို့ လျှံ၍ အောက်အဝီစိသို့ ပြန်အကျတွင် 'ငါ့ပိုက်ဆံနဲ့ ငါမူးတာ မင့်အပူ နှစ်ပြားသား မပါဘူးကွ' ဟူသော စွာလောင်လောင် အသံကြီးသည် ပြန်ကျလာသော ဆိုင်းသံကို အထက်သို့ ပင့်တင်ပေးလိုက်လေသည်။

အသံရှင် မည်သူနည်းဟု ထင်ရှားအောင် ပြောဖွယ်ရာ မလိုတော့ပြီ။ အသံရှင် သျှောင်ကြီးဖွေကို အများမြင်သာအောင် သာဓက ပြဖို့ရာ ဝီရိယကောင်းသူ ဘုရားလူကြီး ကာလသားခေါင်းက သျှောင်ဆွဲ၍ ပြလိုက်လေသည်။

"သျှောင်" ဆိုသည်မှာ မြန်မာ့ရိုးရာ ဓလေ့အရ ဆိုလျှင် လူတို့၏ အထွတ်အမြတ်ထားရာ ပစ္စည်းဖြစ်သည်။ မိမိသျှောင်ကို သူတစ်ပါး ဆွဲလျှင်





သည်းသူမှု မခံ။ မိဘက သားသမီးကို သျှောင်ဆွဲ၍ ပါးရိုက်သည်လည်း ရှိ၏။ ဆရာသမားက တပည့်ကို သျှောင်ဆွဲ၍ ကြိမ်နှင့် ဆော်သည်လည်း ရှိ၏။ တစ်ခါတစ်ရံ၌လည်း ဆတော်ကြီး စိတ်ဆိုး၍ ဘုန်းကြီးကျောင်းသားကို သျှောင်ဆွဲကာ ကြေးစည်ထုသော ဖုနှင့် ထုသည်လည်း ရှိ၏။ သို့သော် ထိုဆုံးမထိုက်သော ပုဂ္ဂိုလ်က လွဲလျှင်–

'ဘယ်မအေရိုးမှ ငါ့သျှောင်ဆွဲတာ ငါ မခံဘူးလကွ' ဟူသော သျှောင်ကြီးဖွေ၏ အသံလှိုင်းသည် စကြဝဠာ တံတိုင်းသို့ လွင့်ထွက်သွားလေ၏။

ဤသည်တွင် ရုတ်တရက်အားဖြင့် ကာလသားခေါင်းကြီးက သျှောင်ကြီးဖွေ၏ သျှောင်ကို လွှတ်လိုက်ပြီ မှန်ပါ၏။ သို့သော် သျှောင်ကြီးဖွေက ဆ လာလေပြီ။

ထိုအခါ သျှောင်ဆွဲသူက ရုတ်တရက် စုဝေးလာသော ဘုရားလူကြီးများအား မိမိက ဦးခင်အောင် 'ဒီအကောင် မူးနေတယ်'ဟု ဆိုး၍ တိုင်လေသည်။

ရှင်နေသော ဆိုင်းသံသည် ကြောင်တက်တက်နှင့် အသံဝင်စ ပြုလာလေသည်။ စိန်ပွက်တော်လည်း နောက်ခံကားဆီသို့ တရွေ့ရွေ့ ဆုတ်သွားလေသည်။ ပတ်မဆရာကား ပတ်တုတ်ရန် ဟန်ပြင်သည်နှင့် တူသည်။ "ထိ"ဟု တစ်ချက်တို့၍ ထို "ထိ"သံကို "ထိ"နှင့် တစ်ဖန် အုပ်အုပ်ဆိုင်းဆိုင်း ပြုနေသည်။

ဘုရားလူကြီးများက အမူးသမားကို မြို့ပိုင်မင်း ရှေ့တော်သို့ သွင်းရန် ဘားနားကြီး ခွေးဆွဲသကဲ့သို့ ဝိုင်းဆွဲကြ၏။

သို့သော် ဘာရလိမ့်မတုံး။

'ငါ့ဟာငါ ပွဲထိုင်ကြည့်တာ ဘာဖြစ်လို့ သျှောင်ကို ဆွဲရသလဲ၊ ငါ့အဖေ ငါ့သျှောင်ဆွဲတာတောင် ငါ မခံဘူးလကွ၊ မင်းတို့က ဘာကောင်တွေမို့လဲ'

အခြေမှာ တစ်စက္ကန့်ပြီး တစ်စက္ကန့် ဆိုးလာသော အခြေဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ပိုင်မင်းလည်း တရားမ မြို့အုပ်မင်းကို လက်ကုတ်၍ အဖော်ခေါ်ပြီးလျှင် လူပိုင်းခံရသော သျှောင်ကြီးဖွေ အနီးသို့ ချဉ်းကပ်၍ အားလုံး သည်းခံကြ ရန် လေပြေထိုးလေသည်။

သို့သော် ပရိသတ် နောက်ပိုင်း၌မူကား "သျှောင် ဆွဲလို့ဟေ့" ဟူသော အသံဗလံများသည် အုတ်အုတ်သဲသဲ ဖြစ်လာသဖြင့် ရွှေပွဲလာတို့မှာ ဖျာလိပ်သူ လိပ်၊ ဆေးလိပ် ကွမ်းယာဆိုင်ကို ဝင်တိုးသူ တိုး၊ အချင်းချင်း ခလုတ်တိုက်သူ တိုက်နှင့် ရုတ်ရုတ်သဲသဲ ဖြစ်လာလေသည်။

မြို့ပိုင်မင်းလည်း တစ်ဖန် 'ငြိမ်ကြဟေ့'ဟု အသံညောင်နာနာနှင့် အော်လေသည်။

ဤသို့ အော်မှ ပိုဆိုး၏။

အဘယ်ကြောင့်ဟူမူ "ခွပ်" ဟူသော အသံတစ်သံ ပေါ်လာခြင်း ကြောင့် ဖြစ်သည်။

ပို၍ ထပ်ဆိုးလာသည်မှာ ထို "ခွပ်"သံသည် မြို့ပိုင်မင်း၏ နောက် နားမှ ပေါ်လာခြင်းကြောင့်ပင် ဖြစ်သည်။

မြို့ပိုင်မင်းက ပရိသတ်ဘက် လှည့်၍ ပွဲထိန်းနေစဉ် ဝီရိယကောင်း သော ကာလသားခေါင်းက သျှောင်ကြီးဖွေကို ဆုံးမရန် ရည်ရွယ်လေသလော မသိ၊ သူ၏ ဝါးရင်းတုတ်ကို ရွယ်၏။

သို့သော် သူက ရွယ်တုန်းရှိသေး၊ မည်သူမည်ဝါ မသိ၊ တစ်ယောက် သော သူက ကာလသားခေါင်းကို ထန်းတုတ်နှင့် ကပ္ပိလိုက်သောအခါ ဝါးရင်းတုတ်သံနှင့် ထန်းနှစ်တုတ်သံ နှစ်သံနှောပြီးလျှင် ရှေးဦးစွာ "ခွပ်"ဟု မြည်လာသည်။ အချို့က ပထမ၌ "တိန်"ဟု မြည်သည်ဟု ဆိုကြသည်။ ထိုရိုက်မှုကို သက်သေခံကြရာ၌ အချို့က "ဒေါင်"ဟူ၍ပင် မြည်ကြောင်း သက်သေထွက်ဆိုကြသည်။ သို့သော် အဖြစ်မှန်မှာ ဝါးလုံးခေါင်းသံ "ခွပ်" က ကျယ်ပါသော်လည်း ထန်းနှစ်တုတ်သံ "တိန်"က ပို၍ ပြင်းထန်လေရာ ကာလသားခေါင်း ခမျာ နေရာတွင် ပုံ၍ လဲလေသည်။ သျှောင်ကြီးဖွေကား မျက်စိအောက်မှ ပျောက်သွားသည်။





ဤအဖြစ်အပျက်တို့ကား မျက်စိတစ်မှိတ်အတွင်း လျင်မြန်စွာ ဖြစ်ပျက်နေသောကြောင့် ဘယ်သင်းက အလျင်၊ ဘယ်သင်းက နောက် ဟူ၍ မည်သူမျှ စီကာပတ်ကုံး မပြောနိုင်ကြချေ။

သို့သော် (၁) ရာဘက် တရားသူကြီးသည် "ခွပ်"တည်းဟူသော အသံမဖြစ်ပေါ်မီ တစ်စက္ကန့် ဆယ်ပုံ ပုံလျှင် တစ်ပုံခန့် စော၍ သူ့မင်းကတော် ကြီး၏ လက်ကို ဆွဲသည်ဟု နောက်ကြောင်းပြန်ရင်း ပြောပြသည်။

'ခင်ရေ....လာဟေ့၊ တော်တော်ကြာ ဒီအမှုက ငါ့ရုံး ရောက်လာမှာ ကွ၊ တို့ ဘုန်းကြီးကျောင်းကို တက်ပြေးကြစို့'ဟု ခေါ်သည်ဟု ဆို၏။

ထိုအခါ တရားမ မြို့အုပ်ကတော်က 'အမယ်လေး မြို့ပိုင်မင်း ကတော်ရဲ့၊ ရာဘက်ကြီးက သူ့မင်းကတော်ကိုတော့ သူ တယ်ပြီး သိတတ် ပါကလား'ဟူ၍ ဝရုံးသုန်းကား ဖြစ်နေသည့် ကြားထဲမှ ရယ်စရာ၊ မောစရာ လိုလိုနှင့် အချက်ကျကျ နှက်လေသည်။

သည်တော့မှ ရာဘက်ကြီးက 'မဟုတ်ပါဘူး၊ မင်းကတော်နဲ့ ကျုပ်တို့ မင်းကတော်များတစ်သိုက် လွတ်ရာရှောင်ဖို့ အားလုံးကို ခေါ်တာပါ'ဟု မြုံးမြုံမြုံ ပြောရင်း သက်ကြီးဝါကြီး သက်ငယ်ဝါငယ် အားလုံးတို့ကို ကျောင်း ပေါ်သို့ ခေါ်၍ တင်လေသည်။

ထို့နောက်၌ကား "ဖြောင်း"ဟူသော အသံများသည် အဆက်မပြတ် တရစပ် ပေါ်ထွက်လာပြီးလျှင် မြို့ပိုင်မင်းနှင့် တရားမ မြို့အုပ်မင်း၏ ပတ် လည်တွင် တုတ်မိုးများ ရွာကျလေသည်။

ကြိမ်လုံးခေါင်း၊ ဝါးရင်းတုတ်၊ မန်ကျည်းနှစ်တုတ်၊ ရှားနှစ်တုတ်၊ ထန်းနှစ်တုတ်၊ ဇာဝီတုတ် စသည်တို့မှာ လုတကာ၏ ဦးခေါင်းပေါ်၌ ဝဲနေကြ သည်။ ကံအားလျော်စွာ သူတို့အချင်းချင်း တေး၍ ဆော်နှက်နေခြင်းကြောင့် အပြေးအလွှား သွားနေကြသော မဆိုင်သူ ပွဲကြည့်ပရိသတ်တို့အား ဘေးမသီ ရန်မခ ဖြစ်ကြသည်။ 'မဆိုင်သူ မကပ်ကြနဲ့ဟေ့'ဟု အော်လိုက်ခြင်းကြောင့် ပရိသတ်အားလုံးတို့သည် ကိုးတောင်ပြည့် ကပ်ကျော် အေးစေတီ ရင်ပြင်ကို

www.burmeseclassic.com



ကျော်ဖြတ်ကာ တာလမ်းမကြီး အရောက် လှစ်၍ ပြေးကြသည်။ လူရှင်းသွားသောအခါ တစ်ဖက်၌ ဝီရိယကောင်းသူ ဘုရားလူကြီးများနှင့် တစ်ဖက်က ပွဲဖျက်သူ တာတွင်းရွာသားများသာ ကျန်ရစ်ကြသည်။ ဤနှစ်ဖက်သော တိုက်ပွဲဝင် အာဇာနည်များ အကြားတွင် မြို့ပိုင်မင်းနှင့် တရားမမြို့အုပ်မင်းတို့သည် လက်တွင် ဗလာသက်သက်နှင့် ချာချာလည်နေကြသည်။

မင်းနှစ်ပါးက 'မလုပ်ကြနှင့်' ဟု အမိန့်ပေးပါသော်လည်း သူတို့အမိန့်ကို မည်သူမျှ နားမထောင်ကြတော့ချေ။ ထို့ကြောင့် နှစ်ဦးသားသည် တုတ်မိုးရွာနေသည့် အထဲမှ လွတ်အောင် ကြည့်ရှောင်နေကြရသည်။ ထို့နောက် ကြည့်နေ၍ မဖြစ်သေးသောကြောင့် ရိုက်သူက ရိုက်ပြီးသည့် အခါတိုင်း ရိုက်ပြီးသော တုတ်ကို နှစ်ဦးသား အတင်းဆွဲ၍ သိမ်းရသည်။ မြို့ပိုင်မင်းအရှိန်ကြောင့် တုတ်ကို သိမ်းသောအခါ မည်သူမျှ မငြင်းဆန်ဝံ့ကြချေ။ သို့သော် တုတ် လက်မှ လွတ်သည်နှင့် တစ်ပြိုင်နက် ရိုက်သူသည် တစ်ခါတည်း ကိုယ်လွတ်ရုန်း၍ ပြေးရလေသည်။

ကိုးတောင်ပြည့် ကပ်ကျော် အေးစေတီ ရင်ပြင်ပတ်လည်တွင် အသို ကြီးသူ နှစ်ယောက်သည် တစ်ဦးက တစ်ဦးကို လိုက်၍ ရိုက်နေသည်။ လိုက်သူကလည်း ပတ်ပတ်လည် လိုက်၏။ ပြေးသူကလည်း ပတ်ပတ်လည် ပြေး၏။ ပြေးသူသည် ရင်ပြင်တော်မှ လွတ်အောင် ထွက်ပြေးရန် သတိရဟန် မတူချေ။ တစ်ချီတွင် လိုက်သူက ပြေးသူကို တုတ်ချက်မိသည်။ သို့သော် ပြေးသူကလည်း အရှုံးမပေးသေး။ သူကလည်း တစ်ဖန် ပြန်ရိုက်သည်။ သို့ရာတွင် အင်အားမမျှသောကြောင့် သူ၏လက်မှ တုတ်သည် လွတ်ကျလေသည်။ ထိုအခါ မူလက လိုက်၍ ရိုက်သူသည် တုတ်လွတ်ကျသူအား တဖုန်းဖုန်း မြည်အောင် နှက်လေသည်။ ဤသည်တွင် အရိုက်ခံရသူသည် ပုံလျက်သား လဲလေ၏။ ဤမျှနှင့် ကိစ္စ မတုံးသေး။ ပုံလျက်သား လဲနေသူကို ရိုက်သူက ဆင့်ကာ ဆင့်ကာ ရိုက်ပြန်သည်။ တုတ်မှာ လူကို ထိ မထိ မပြောတတ်။ အသံကား တဒုန်းဒုန်းနှင့် မြည်လေသည်။





ထိုအခါ တုတ်များကို သိမ်းဆည်းနေကြသော မြို့ပိုင်မင်းနှင့် တရားမမြို့အုပ်မင်းတို့သည် ဤအခြင်းအရာကို မြင်ရသည်တွင် မိမိတို့ လက်ထဲမှ တုတ်စည်းများကို ခေတ္တချ၍ သဲသဲမဲမဲ ရိုက်နေသောသူ၏ လက်ထဲမှတုတ်ကို အတင်းဝင်၍ ဆွဲလေသည်။ ထိုအခါကျမှ ရိုက်သူလည်း ထွက်ပြေးလေတော့သည်။

ဘုရား၊ သိကြား မ လို့ ဤမျှနှင့်ပင် ရိုက်ပွဲလည်း နိဋ္ဌိတံလေသည်။

ဘုရားလူကြီးများကား ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြပြီ။

ပတ်မ ဆရာလည်း ပတ်မ မတုတ်နိုင်ချေ။

စိန်ဂွက်ထော်ကား ကားကြားထဲမှ ကိုယ်ရောင်ဖျောက်သွားလေ၏။

ရန်စဲလတ်သော် (၁) ရာဘက် တရားသူကြီးနှင့် တကွသော မင်းကတော်၊ စိုးကတော်တို့သည် ကျောင်းပေါ်မှ ဆင်းလာကြသည်။

ဤသည်တွင်မှ ဘုန်းကြီးကျောင်းပေါ်၌ ကျန်ရစ်သော လူကြီးသူမများနှင့် ဦးပဥ္စင်းများသည် မင်းပရိသတ် အပေါင်းတို့ကို ဝိုင်းဝန်း ခြံရံ၍ အကာအကွယ် ပေးကြသည်။

မြို့ပိုင်မင်းကား သူနှင့် တရားမမြို့အုပ်မင်းတို့ နှစ်ဦး သိမ်းဆည်းလာသော တုတ်မျိုးစုံကို စစ်လျက် ရှိသည်။

'ဟောဒါက ထန်းနှစ်တုတ်ခင်ဗျာ၊ အမဲရိုးကလေးကို လက်ကိုင်လုပ်ထားတယ်။ လက်ရာက အတော်ကောင်းတာပဲ။ မဲဇလီကုန်းက လက်ဖြစ်တုတ်နဲ့ တူရဲ့။ ကျုပ်မိတ်ဆွေတစ်ဦးကို လက်ဆောင်ပေးဖို့ ယူထားရမယ်'ဟု မြို့ပိုင်မင်းက ဆိုလေ၏။

တရားမ မြို့အုပ်မင်းကလည်း 'ဟုတ်သဗျို့၊ ကျုပ်လည်း တစ်ချောင်း နှစ်ချောင်းတော့ ရွေးယူရဦးမယ်'ဟု ပြောလေသည်။

ထိုအခါ (၁) ရာဘက်က 'ခင်ဗျားတို့တုတ်တွေကို အိမ်ကျမှ စစ်လားဆေးလား လုပ်ကြစမ်းပါဗျာ။ ကျုပ်တို့ ယခု ပြန်ကြမှ တော်မယ်'ဟု ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မင်းပရိသတ်တို့လည်း ဘုန်းတော်ကြီး၊ ဦးပဥ္စင်း၊ လူကြီးသူမ စသည်တို့ကို နှုတ်ဆက်ပြီးသော် ပွဲသွားကြော့ကြော့၊ ပွဲပြန်မော့မော့ ဟူသော စကားပုံအတိုင်း ပြန်လာကြလေသည်။

တရားမ မြို့အုပ်ကတော်ကား ပွဲကလေးကြည့်၍ ကောင်းတုန်း လက်ဖက် ဂျင်းသုတ်ကလေး စား၍ကောင်းတုန်း ပွဲပျက်ရသည်ကို မချိတင်ကဲ ညည်းတွားရင်း (၁) ရာဘက်ကြီးက ဘယ်သို့ဘယ်ညာ၊ မြို့ပိုင်မင်းက ဘယ့်နှယ်၊ သူ့ယောကျာ်း တရားမ မြို့အုပ်မင်းက ဘယ်ပုံ စသည်တို့ကို အပြန်တွင် တသောသောနှင့် ဝေဖန်တီက ပြုလေသည်။

မာ်လကာကုန်း ဘုရားပွဲတော်ကြီး ပျက်ပြီးသည့်နောက် ခုနစ်ရက်ခန့် အတွင်း မင်းကတော်လောကတွင် ထိုအကြောင်းကို ဓာတ်လှန်ရသည်မှာ ခုနစ်ခါ ခုနစ်လီမျှမက ရှိလေသည်။ မြို့ထဲ၌လည်း ဤအကြောင်းကို မဲ့ကာရွဲ့ကာ ပြောကြသည်မှာ မဆုံးနိုင်။

သို့နှင့်လည်း ဤမျှဖြင့် ကိစ္စမတုံးသေးချေ။

မာလကာကုန်း တာပြင်ရွာသား ဘုရားလူကြီးများက ဂါတ်တိုင်သည်။ တာတွင်းရွာသား တစ်စုကလည်း အပြန်အလှန် တိုင်ကြားသည်။ ဂါတ်တွင် ဤအမှုကို စစ်ဆေးရာ၌ နယ်ပိုင်မင်း ကိုယ်တိုင်က မကြန့်ကြာစေ ရ ဟု ဆိုသောကြောင့် ရမန် တစ်ခါ နှစ်ခါယူပြီးလျှင် အပြန်အလှန် အမှုကြီးကို ရုံးတင်လေသည်။

(၁) ရာဘက်ကြီး ပြောသည့်အတိုင်း ထိုအမှုသည် သူ၏ရုံးသို့ ရောက်လာလေသည်။ ထို့ကြောင့် သူ့အဖို့ မထောင်းတာလှချေ။ သို့သော် မြို့ပိုင်နှင့် တရားမမြို့အုပ်တို့ကား မကြာခဏဆိုသလို သက်သေခံကြရသဖြင့် သူတို့၏ ရုံးအလုပ် အတော်ပျက်သည် ဆို၏။

သို့သော် သူတို့သက်သေခံချက်မှာ အမှုအတွက် မည်သို့မျှ ကူဖော်လောင်ဖက် မရချေ။

ဝီရိယကောင်းသော ဘုရားလူကြီး ကာလသားခေါင်းက သျှောင်ကြီး





မှု၏ သျှောင်ကို ဆွဲသည်ဟု မြို့ပိုင်နှင့် တရားမမြို့အုပ်တို့က အပ်ကျမပ်ကျ ထွက်ဆိုနိုင်ပါသော်လည်း မည်သူက မည်သူ့ကို ရိုက်သည်ဟု မည်သူမျှ မသိ။ ကိုးတောင်ပြည့်စေတီ ရင်ပြင်ပေါ်၌ လဲနေသူကို အပေါ်စီးမှ စီး၍ လူတစ်ယောက် ရိုက်သည်ကို မြင်ကြောင်း ထွက်ဆိုကြ၏။ သို့သော် ရိုက်သူ မည်သူမှန်း မသိ။ ခံရသူလည်း မည်သူမှန်း မသိ။ စင်စစ် မည်သူမည်ဝါ မည်သို့ ရန်စရှိ၍ မည်သို့ ဘုရားပွဲ ဖျက်သည်ကိုမူ သူတို့ မာလကာကုန်း အတွင်း၊ အပြင် ရွာသူရွာသား ဘုရားလူကြီးများသာ သိကြသည်။

ထို့ကြောင့် ထိုအမှုတွင် (၁) ရာဘက်ကြီးသည် နှစ်ဖက်က ပြသမျှ သက်သေပေါင်း မြောက်မြားစွာနှင့်တကွ ဒဏ်ရာအနာတရ ရသူ နှစ်ဖက်သော တရားလိုတို့ကို စစ်ရ ဆေးရသည်မှာ 'စိန်ဝွက်ထော်နဲ့ အကကို အဒင် မြင်လိုက်ရတာနဲ့ စာရင် မကာမိပါဘူး ခင်ဗျာ'ဟု မှတ်ချက်ချလေသည်။

ဤသို့လျှင် မာလကာကုန်း အမှုမှာ တစ်လကြာလည်း မပြီး၊ နှစ်လကြာလည်း မပြီး၊ သုံးလကြာလည်း မပြီး၊ ခြောက်လကြာလည်း မပြီး။ မပြီးဘဲနေသည့် အတောအတွင်း မြို့ပိုင်မင်း ကိုအူလည်လည်း (၁) ရာဘက် ဒုဝတ် တရားသူကြီးမင်းအား မာလကာကုန်း အမှုကြီးနှင့်အတူ ထားခဲ့၍ အခြားခရိုင်တစ်ကျေးသို့ ပြောင်းသွားရရှာလေသည်။

[ ငွေတာရီ၊ ဖေဖော်ဝါရီ ၁၉၆၇ ]

www.burmeseclassic.com

www.burmeseclassic.com

## အတိတ်ဘီလူး

'မဟုတ်ပါဘူး ဆရာ။ ဒါ တို့လူမျိုး၊ ဒါ တို့တိုင်းပြည်၊ ဒါ တို့အစိုးရ၊ ဒါ တို့တပ်မတော် ဆိုတဲ့ စိတ်ဓာတ်နဲ့ သူ့သားကိုသူ မိုးထိအောင် အမွှမ်းတင်ရင် ကျွန်တော် ဘာမျှ မပြောချင်ပါဘူး'

'သူက နဂိုကတည်းက တန်ရာတန်ဖိုးကို သိတတ်တာ မဟုတ်ဘူးလကွယ့်။ သူ့သား တပ်မတော်ထဲ ဝင်တုန်းက အမွှေပြတ် ကြေညာမယ် တကဲကဲလုပ်ပြီး ခုတော့ သားက ငွေကလေး မှန်မှန်ထောက်ပံ့တော့ သားကို မှီပြီး စိတ်ကြီးဝင်လာတာ မင်းအသိသားနဲ့ကွယ်။ အကြောင်းမသိခင်ကသာ ပြောချင်ပြော၊ အကြောင်းသိလာတော့လည်း ခွင့်လွှတ်လိုက်တော့ကွာ'

'နောက်ကဟာတွေ ဘာမျှ မပြောချင်ပါဘူး။ ဒါပေမဲ့လို့ သူ့အသားယူပုံက အခွင့်အရေး ဘယ်ရွေ့ဘယ်မျှ ရတယ် ဆိုတာကိုချည်း ပြော ပြောနေတော့ ကျွန်တော် နားထောင်ရတဲ့လူ နားရှက်တယ်ဗျာ။ လူတောထဲ ချချပြောတဲ့အခါ တိုင်းပြည်နဲ့ဆိုင်တဲ့ စိတ်ဓာတ်ခေါင်းပါးတာပဲ လူသိသဗျာ။ ဒီလိုလူမျိုးနဲ့ ဆွေနီးမျိုးစပ်တော်ရတော့ ကျွန်တော်ဖြင့် လုပ်ဖော်ကိုင်ဖက်တွေ ကြားထဲမှာ ခေါင်းတောင် မဖော်ဝံ့ဘူး။ သူငယ်ချင်းတွေက "ဟေ့ မင်းဘကြီးဟာ ခုထက်ထိ အလိုတော်ရိစိတ် မကုန်သေးဘူးလား။ တူတွေ သားတွေကတော့ လွတ်လပ်ရေးကြိုးပမ်းခဲ့ကြတာ ထောင်ကျသူ ကျခဲ့တယ်၊ အညှဉ်းပန်း ခံပြီး သေသူလည်း သေခဲ့တယ်။ ဘကြီးကတော့ လွတ်လပ်ရေးဆိုတာ နားမှ လည်ပါရဲ့လားဟေ့"လို့ မေးတဲ့အခါ ကိုယ့်ဘကြီးကို ကိုယ်ပြန်ထောင်းချင်တယ် ဆရာ'

'အို မင်းဥစ္စာက ကိုယ့်အမျိုးချင်း ရန်လုပ်ရမယ့် ကိစ္စမို့လို့ လူကြားလို့ မကောင်းပါဘူးကွယ်။ သူက ရှေးလူကြီးလကွာ၊ ဒီတော့ ရှေးခေတ်ကလို





ပဲ ပြောတတ်တာပေါ့။ သူ့လိုလူမျိုးက အခုမှ တပ်မတော်၊ တပ်မတော်နဲ့ တစ်တော်တည်း တော်လာရင်ပဲ တော်လှပြီဟေ့'

'ခုတော့ တော်တော် တော်တော်နဲ့ မြည်နေမှာပေါ့။ သူ့သားက ကြောခင် ဗိုလ်ကလေးက ဗိုလ်ကြီးဖြစ်တော့မှာကိုး ဘာရဲ့။ ကျွန်တော်က လည်း အဲဒါကို မခံချင်တာ။ ဘီအိုင်အေတုန်းက တစ်ချက်မှ ကျွန်တော်တို့ သခင်တွေကို အားမပေးတဲ့အပြင် သူနဲ့မတည့်သူ မှန်သမျှကို ချောက်ချခဲ့တာ ဘာလည်း မှတ်မိမှာပေါ့။ ကျွန်တော့်ကိုတောင်မှ သူက သခင်ဆိုရင် ဆွေသော မျိုးသော ချမ်းသာမပေးဘူး ဆိုလို့ ဗြိတိသျှ မပြေးခင် ငါ အလျင်ပြေးမှပဲ ဆိုပြီး ဘဆိကို လာခဲ့တာပဲ။ ဘကလည်း ဟိုတုန်းကတော့ ရဲရဲတောက် သခင်ဖိုးမြကြီး ဆိုပြီး မဟုတ်မခံ လုပ်ခဲ့တယ်။ ခုတော့ ဘလည်း ပြင်းပြင်း ထန်ထန် လုပ်စရာရှိရင် တရားသံကလေး ဘာလေး ပေးပေးနေတာနဲ့ ဘာ တစ်ခုမျှ ဩဇာမရှိတော့ဘူး'

အတိတ်ကို ဆွ ပေးလိုက်သောအခါ သခင်ဖိုးမြကြီးသည် လက်သီး လက်မောင်း တန်းရလေမလားဟု ဟန်ပြင်မိသည်။ သို့သော် ယခုလက်ငင်း မိမိ၏ဘဝမှာ အခြေအမြစ် ဘာမျှမရှိသောကြောင့် တစ်ရံတစ်ခါ အတိတ် ဆိုသည်မှာ သူ့အဖို့ ရှက်စရာလေလော ဟူ၍ပင် အောက်မေ့ပြီးလျှင် ငယ်စဉ် က ပုလိပ်တော်မင်း၏ သေနတ်ဒင်နှင့် နံရိုးကို အဆောင့်ခံရဘိသကဲ့သို့ အောင့်ခနဲ ဖြစ်သွားသည်။

'မှတ်မိပါရိုးလား သခင်မျိုးညွန့်ရယ်။ နင် ဟိုတုန်းက ဆယ့်သုံး လေးနှစ်ပဲ ရှိပါဦးမယ်။ ဒါပေမဲ့ နင်ဟာ နထွားကြီးဟဲ့။ ဒါကြောင့် ငါတို့ ဘီအိုင်အေကို ဖွဲ့စက နင့်ကို အသက်ပြည့်ပြီး ဆိုပြီး အတင်းဆွဲထည့်ခဲ့တယ်။ ဘီဒီအေ ဖွဲ့ပြီးတော့လည်း နင်တို့ ငတ်ငတ်ပြတ်ပြတ်နဲ့ သစ်သားသေနတ်ကြီး ထမ်းထမ်းပြီး ဦးဝိစာရ လမ်းဘေးမှာ ချွေးရဲရဲ သံရဲရဲနဲ့ "ကျား"လို့ အော်ကြ တဲ့ အသံတွေဟာ ယခုတိုင် နားထဲက မထွက်သေးပါဘူး ဟဲ့'

ဤသို့ ပြောလိုက်သောအခါ သခင်မျိုးညွန့်သည် ဂျပန်တော်လှန်ရေး



www.burmeseclassic.com

www.burmeseclassic.com



ခေတ်တွင် သူ့ကိုဖမ်းသော ဂျပန်ကင်ပေတစ်ဦးက သူ၏ မွှတ်သိပ်ဆော လောင်သော ဝမ်းဗိုက်ကို ကူဝါးစီးကရက်မီးဖြင့် ထိုး၍ စစ်ဆေးသည့် အခြင်း အရာကို ပြန်၍ သတိရမိပြီးလျှင် တွန့်၍ သွားလေသည်။

'အဲဒါပေါ့၊ ဟိုတုန်းကဟာတွေ တွေးမိလေလေ ဟိုအဘိုးကြီး ဦးသာဝကို စိတ်နာလေလေပဲ၊ ကျွန်တော်တို့က သူ့သား စစ်ထဲဝင်တုန်းက ကူညီ ဆောင်ရွက်ပေးရတဲ့ လူတွေပါ၊ တချို့ကတောင် ရှေးခေတ် ပုလိပ်ရဲ့ သားသမီးဖြစ်လို့ ဘာရယ် ညာရယ် ပြောကြတယ်၊ ဒါပေမဲ့ ကောင်ကလေး က သူ့အဖေလို မဟုတ်ပါဘူး၊ ဘာလည်း အသိသားပဲ၊ ဗိုလ်တောက်ထွန်းဟာ ဦးသာဝရဲ့ မယားကြီးက မွေးတဲ့သားပါ၊ ဗြိတိသျှခေတ်တုန်းက ဦးသာဝဟာ မယားငယ် ယူချင်တော့ ဗိုလ်တောက်ထွန်းတို့ သားအမိကို အိမ်က နှင်ချ တယ်၊ အဲဒီတုန်းက ဗိုလ်တောက်ထွန်း ကြီးလာရင် သူ့ဆီက အမွေတောင် မှာ စိုးလို့ဆိုပြီး အဖေတောင် အခေါ်မခံချင်ဘူး၊ ဒါပေမဲ့ ဗိုလ်တောက်ထွန်း ရဲ့ အမေဟာ သဘောထားကြီးပါတယ်၊ သည်းညည်းလည်း ခံပါတယ် ကိုယ့်ကြီးတော်မို့ ကိုယ်ပြောတာ မဟုတ်ပါဘူး၊ ဦးသာဝက ကောင်းကောင်း မွှန်မွှန် ထောက်ပံ့ကျွေးမွေးခြင်း မပြုတာတောင်မှဘဲ သားကို အထိုက် အလျောက် ကျောင်းထားပေးခဲ့တယ်၊ ဦးသာဝကတော့ လွတ်လပ်ရေး ရခါနီး အချိန်မှာ မယားငယ် ဆုံးတော့မှပဲ ဗိုလ်တောက်ထွန်းတို့ သားအမိကို ပြန်ခေါ် တယ်။ ဒါပေမဲ့လို့ ဗိုလ်တောက်ထွန်းဟာ သူ့အဖေရဲ့ အမူအကျင့်ကို မကြိုက် တာနဲ့ သူ့ဒွေးတော် မိကြီးတွေဆီမှာ အနေများတာပဲ၊ နောက်တော့တစ်ခါ သူ့အမေ ဆုံးသွားတော့ ဖအေအိုကြီးကို ပြုစုမယ့်လူ မရှိဘူးဆိုပြီး ဖအေထံ ပြန်လာတယ်၊ ပြီးတော့မှ စစ်တပ်ထဲဝင်တာ၊ ဝင်တုန်းက အဘိုးကြီးက တပ်မတော်ကို ဘာလေး ညာလေးတောင် ပြောသေးတယ်'

'ဟိုတုန်းက ဘာပြောပြောကွာ၊ အခု သူ ကျေနပ်ရင် ပြီးတာပဲ'

'ကျွန်တော်တို့ကလည်း အဘိုးကြီးဟာ ဟိုတုန်းက ပုလိပ်ဖြစ်ပေမဲ့ စိတ်ပြောင်းပြီလို့ ယူဆချင်ပါတယ်။ ဒါပေမဲ့ ဘရာ၊ ပြောရတာ တယ်ခက်





ပါလား၊ သူက သူ့သားတောက်ထွန်း ဗိုလ်ကြီး ဖြစ်တော့မယ်လို့ ကြားတော့ သူက ကျွန်တော့်ကို ခေါ်ပြီး ဘာပြောတယ် မှတ်သလဲ'

'အင်း ပြောစမ်းပါဦးဟ၊ မင်းကို ယခုလို ခေါ်ပြောတယ် ဆိုတာပဲ မင်းအတွက် ဂုဏ်ယူစရာ မဟုတ်လားဟဲ့။ ဟိုတုန်းက သခင်နဲ့ ပုလိပ်၊ ဘဇောင်းနဲ့ မျက်ချေးလို ဖြစ်ခဲ့တယ်၊ အခုတော့ နားလည်လာကြပြီ'

'တော်စမ်းပါ ဘရာ၊ ဦးသာဝ ကျွန်တော့်ခေါ်တာ ဂုဏ်တုဂုဏ်ပြိုင် လုပ်ဖို့ ခင်ဗျာ့'

'ဘယ်လိုတုံးဟ'

'ဘ သိတယ် မဟုတ်လား၊ ကျွန်တော့်တူတစ်ယောက် မနှစ်က တက္ကသိုလ်ဘွဲ့ရပြီး ဌာနတစ်ခုမှာ အလုပ်ဝင်တယ်၊ ကောင်ကလေးက ပညာ လည်း ကောင်း၊ လူချစ်လူခင်ကလည်း များဆိုတော့ ဝင်ဝင်ချင်းပဲ လခနှစ်ရာ နဲ့ စပြီး အလုပ်လုပ်ရတယ်။ အဲဒါကို အဘိုးကြီးက "ဟေ့....မင်း တူတော် မောင် အလုပ်ရပြီဆို၊ လခ ဘယ်လောက်လဲ"လို့ မေးတယ်။ ကြည့်စမ်းပါဦး ဘုရာ၊ တိုးတိုးတိတ်တိတ် မေးရင် ကျွန်တော် ဘာမှ အပြစ်မဆိုချင်ပါဘူး။ ခုတော့ သူက လူရှေ့သူရှေ့မှာ အကြံနဲ့ မေးတာဗျာ၊ ဒါပေမဲ့ ကျွန်တော်က လှငယ်ဆိုတော့ ကောင်းကောင်းပဲ ပြန်ပြောပါတယ်၊ ခုခေတ်မှာ တက္ကသိုလ် က ထွက်ခါစ အရာရှိကလေး ဘာလေး စဖြစ်ရင် ၂၀၀-၁၀-၃၀၀ စကေးမှာ ပဲ ရှိတဲ့အကြောင်း ပြောပြတယ်။ ဒီတော့ သူက "ဗိုလ်တောက်ထွန်းတို့နဲ့တော့ မကွာလား၊ သူ စစ်ထဲဝင်တာ လေး ငါး ခြောက်နှစ်ပဲ ရှိဦးမယ်၊ ဒါပေမဲ့ သူ့လခက မနည်းဘူးဟ၊ ငါ့ကို လစဉ် တစ်ရာ တစ်ရာ ထောက်ပံ့တာကြည့်၊ ဒါတောင်မှ သူ့လက်ထဲမှာ တစ်လ တစ်လ မကျန်ဘူးဆိုရင် သုံး လေးရာ ကျန်တယ်၊ မင်းတို့ ဥစ္စာကတော့ကွာ တက္ကသိုလ်မှာ နှစ်ပေါင်းများစွာ ပညာသင်ပြီး နှစ်တိုးကလည်း တစ်ဆယ်တည်းဆိုတော့ နင့်တူဟာ နောက် ဆယ်နှစ် ကြာမှ လခသုံးရာပဲ စည်ဦးမှာပါလား" လို့ ပြောသဗျာ့'

ထိုအခါ သခင် ဖိုးမြကြီးက ဟက်ဟက်ပက်ပက် ရယ်သည်။ သခင်



www.burmeseclassic.com

www.burmeseclassic.com



မျိုးညွှန့်က ဤသို့ရယ်ပုံကို မကြိုက်ချေ။ ဘယ့်နှယ်ကြိုက်နိုင်ပါမတုံး၊ မိမိ၏ ဆရာသခင် ရင့်မကြီးကို အငြိမ်းစား ပုလိပ် အင်စပက်တော် (ဝါ) ရဲဗိုလ်မှူး ဦးသာဝ၏ အမူအကျင့်များကို ယခု တိုင်ကြားနေသည် မဟုတ်ပါလော။ မသကာ ဆိုလျှင် သခင်ဖိုးမြကြီးသည် ရှေးခေတ်ကကဲ့သို့ "သခင်မျိုးဟော့ တို့ဗမာ"ဟု တစ်ခဲနက် ကြွေးကြော်ကာ ဦးသာဝကို ပျစ်ပျစ်နှစ်နှစ် ဝေဖန် ရှုတ်ချသင့်သည် မဟုတ်လော။ သို့သော် သခင်ဖိုးမြကြီးမှာ ခွက်ထိုးခွက်လန် ရယ်နေသဖြင့် မျက်စိထဲမှ မျက်ရည်များပင် ကျလာလေသည်။

'ဘဲ၊ ကျုပ်က ရယ်စရာပြောနေတာ မဟုတ်ဘူး၊ ဘကို လက်ပြန်ကြိုး တုပ်ပြီး ဖမ်းဖူးတဲ့ အင်စပက်တော် ဦးသာဝ လုပ်ပုံ ကောင်းသေးရဲ့လားလို့ ပြောပြနေတာဗျာ့'

ထိုအခါ သခင်ဖိုးမြကြီးသည် ရတ်တရက် အရယ်ရပ်ပြီးလျှင် 'ဟဲ့… ဒါမျိုးဟာ အဆန်းမှတ်လို့၊ သူတို့ခေတ်က အရာရှိကလေးတွေဟာ ဒီလိုပဲ အချင်းချင်း ဂုဏ်ပြိုင်တတ်ကြတယ်ဟဲ့၊ မင်းကတော်ချင်း ဂုဏ်ပြိုင်ရင် ဒီထက် တောင် ကဲသေးတယ်။ ကိုသာဝကြီး မေးတဲ့ မေးခွန်းမျိုး ဆိုတာဟာ လခများ များ ရတဲ့လူက လခနည်းနည်း ရတဲ့လူကို မေးတတ်တဲ့ မေးခွန်းပဲ၊ ဒီလို မေးလို့ရှိရင် အမေးခံရတဲ့ လူက မေးသူဟာ ရိုင်းတယ်လို့ ပြောကြတယ်၊ အဲ….လခများများ ရတဲ့လူကတော့ သူ့ကို ဒီလိုမေးရင် "ကျွန်တော် များများ မရပါဘူး၊ တစ်လ တစ်လမှာ ခရီးစရိတ်နဲ့ ဘာနဲ့ သုံး လေးရာလောက်ပဲ စည်ပါတယ်" လို့ မှင်နဲ့မောင်းနဲ့ ပြန်ပြောတတ်ကြသကွယ့်။ ဟိုတုန်းက သုံး လေးရာဆိုတာ ယခု သုံးလေးထောင်လောက် ဆိုပါတော့ကွယ်'

'ကျွန်တော် ဒါမျိုးကို မကြိုက်ဘူး၊ သူလုပ်ပုံက အချင်းချင်း လခနဲ့ တိုက်ပေးသလိုပဲ၊ ရာထူးနဲ့လည်း တိုက်ပေးလိုက်သေးတယ်၊ တိုက်ပေးတာမှ အဆင့်အတန်း ခွဲပြီး တိုက်ပေးတာဗျာ့။ လူငယ်တွေ စိတ်ဓာတ် မကျ ကျ အောင် ဆွဲချပေးတာနဲ့ မတူဘူးလား'

'အို….သခင် မျိုးညွှန့်ရယ်၊ ခုခေတ်မှာ ဒါတွေ မပြောကောင်းပါဘူး၊ လူဆိုတာ သူ့ကုသိုလ်နဲ့သူ ဟဲ့'





သခင် မျိုးညွှန့်သည် သခင်ပေါက်စ ခေတ်က အလွန်စိတ်ဆတ်သည် ဟု နာမည်ကြီးသူ ဖြစ်သည်။ ထိုစဉ်က တုံးဆိုတိုက် ကျားဆိုကိုက် လုပ်ခဲ့သူ ဖြစ်၏။ သို့သော် ယခုအခါ၌ လူလတ်ပိုင်း ဆိုသော်လည်း ကနေ့ နက်ဖြန် ဆိုလျှင် ယခု သူက သခင်ဖိုးမြကြီးကို "ဘ"ဟု ခေါ်မိသကဲ့သို့ သူ့ကို လူငယ်များက "ဘဲ"ဟု ခေါ်လာကြတော့မည်။ ထို့ကြောင့် ရှေးက စိတ်ဆတ် သော်လည်း ယခု အတော်ပင် ပျော့ပျော့ပျောင်းပျောင်း ရှိလာခဲ့လေပြီ။ သို့သော် သခင်ဖိုးမြကြီးက တရားချသော အသံနှင့် ပြောလိုက်သောအခါ သခင်မျိုးညွှန့်သည် ငယ်မူ ပြန်လာလေသည်။

'အောင်မယ်၊ ဟုတ်….ဟုတ်သေးတော့သဗျာ၊ သခင်ဖိုးမြကြီး ဆိုပြီး ဆတ်ဆတ်ထိ မခံတဲ့လူက ခုမှ ကုသလာ ကုသလာ ဓမ္မာတွေ ပြောနေတယ် ဆိုတော့ သခင်ဖိုးမြကြီးက ရှေးပုလိပ်နဲ့ ပုလင်းတူ ဘူးဆို့ ဖြစ်လာပြန်ပြီလား'

သခင်မျိုးညွှန့်က ဤကဲ့သို့ ပေါက်ကွဲသောအခါ သခင်ဖိုးမြကြီး ကလည်း သူ့ထက်မက ပေါက်ကွဲရန် ဟန်ပြင်မိသေးသည်။ သို့သော် သခင် ဖိုးမြကြီးကား ယခုအခါ အသက်ခြောက်ဆယ်နားသို့ သီနေပြီ ဖြစ်သည်။ သူ့ဘဝ သက်တမ်းတွင် အတွေ့အမျိုးမျိုးကို ကြုံခဲ့ရပြီးဖြစ်သည်။ လယ်သမား က တစ်မျိုး၊ အလုပ်သမားက တစ်မျိုး၊ ပုလိပ်က တစ်မျိုး၊ သူကြီးက တစ်မျိုး၊ မြို့အုပ်က တစ်မျိုး၊ အမျိုးမျိုးသော မနုဿတို့နှင့် ပေါင်းခဲ့ သင်းခဲ့ ပြီ ဖြစ်၍ အမျိုးမျိုးသော ဗဟုသုတတို့ ရကာ၊ ဘဝ၌ အနေကြာ၍ အနည်ထိုင်ပြီဖြစ်ရာ မိမိကိုယ်ကို မိမိ ချုပ်တည်းနိုင်သော အခြေသို့ ဆိုက် ရောက်ခဲ့လေပြီ။ ထို့ကြောင့် သခင်ဖိုးမြကြီးက လေအေးအေးနှင့် သူ့တပည့် ကို ပြောသည်။

'သူပြောတာတွေ ဇွတ်မယူကောင်းပါဘူးဟယ်။ ဟို ဗြိတိသျှခေတ်နဲ့ ဆိုရင် သူဟာ ပြောင်းသင့်သလောက် ပြောင်းခဲ့တာပဲ မဟုတ်လား။ ဟော့ ကိုငယ်ငယ်တုန်းက ခေတ်ကြီး အတင်းပြောင်းမယ်လို့ ကြွေးကြော်ခဲ့ကြ တယ်။ တကယ် လက်တွေ့ကျတော့ ဖိုးသာဝလို ချိုးကပ်နေတဲ့ လူမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



ချွတ်ရတာ မလွယ်ပါလားလို့ သိလာရတယ်။ ဘယ့်နှယ်ကွယ် ဘုရားတောင်မှ ချွတ်ထိုက်သူကိုသာ ချွတ်ခဲ့တာပဲ'

'ဘ ....ကျွန်တော်ပြောတာ လွန်သွားသလား။ ဘဟာ ကျွန်တော့်ဆရာအရင်းပါ။ စိတ်ဆောင်ပြီး အော်မိငေါက်မိတာ သည်းခံပါ။ ကျွန်တော်က ပြောရင်း ပြောရင်းနဲ့ ဟိုတုန်းက တိုင်းပြည်အတွက်ဟဲ့ ဆိုပြီး အံကြိတ်ခံခဲ့ရတာတွေကို ပြန်တွေးမိလို့ပါ ....ဘရယ်၊ ကျွန်တော်တို့ ခံရပါတယ်။ ဒါပေမဲ့ ဘဟာ ဝါးပပ် ဦးထုပ်ဆောင်း၊ ခံ့ဖိနပ်စီး၊ လွယ်အိတ်လွယ်ပြီး လွတ်လပ်ရေးအတွက် အနစ်နာခံခဲ့ရတယ် မဟုတ်လား။ ဘတို့က အဲဒီလို တစ်သက်လုံး စွန့်ရတဲ့ဘက်မှာချည်း နေခဲ့ရတာဖြစ်တော့ ကျွန်တော်တို့ အသည်းနာမိတယ်။ အခုလည်း ဘကို နိုင်းစရာရှိရင် သခင်ဖိုးမြကြီး.... သခင်ဖိုးမြကြီးလို့ တမြမြ ခေါ်နိုင်းပြီး သူတို့ကတော့ ကိုယ့်မင်းကိုယ့်ချင်းလမ်းက ဌာနချုပ်မှာ ခြေချင်းလိမ်နေကြတယ် မဟုတ်လား။ သခင်ဖိုးမြကြီး ဆန်အိုးထဲမှာ ကြွက်ချေးချည်း ရှိတာကိုတော့ ဘယ်သူမှ လှည့်မကြည့်တဲ့အပြင် သခင်ဖိုးမြကြီး နေထိုင်ကောင်းရဲ့လားလို့ မေးဖော်တောင် မရဘူး မဟုတ်လား'

'တယ်....ဒီကောင်ကလေးဟာ ပြောလေ ကဲလေ၊ မန်းလေ ပြဲလေပဲ။ ဒါမျိုး ဒီလို မပြောကောင်းဘူးဟဲ့။ ငါတို့ ကပြခဲ့ရတဲ့ ဇာတ်လမ်းက ဗြိတိသျှသံဖနောင့် အဆောင့်ခံပြီးတဲ့နောက် ဂျပန်က ရေနွေးပူလောင်းတာ ခံဖို့ဇာတ်လမ်းပဲ။ မင်းသမီးနဲ့ မင်းသားကလေး မနောဟရီ ဉယျာဉ်ထဲ ရောက်ပြီး အသီးအပွင့်တွေ ဆွတ်ခူးစားသောက်လို့မို့ ပျော်ရွှင်စွာ နေထိုင်ကြတယ်ဆိုတာ ငါတို့ ကပြရမယ့် ဇာတ်လမ်းထဲမှာ မပါဘူးဟ။ ဒီအချိန်ကျတော့ တို့အခန်းကို ကားလိပ်ချလိုက်ပြီ၊ ဒီတော့မှ ငါတို့လည်း ကားနောက်ဝင်ပြီး ကားကြားထဲက နောင်လာနောက်သားများ စားကြသောက်ကြ ပျော်ကြရွှင်ကြတဲ့ အခန်းကို ချောင်းကြည့်ဖို့ပဲ ရှိတော့တယ်။ ယခုအခါမှာ လုပ်ဖော်ကိုင်ဖက်တွေကလည်း ငါ့ကို အဘ အဘလို့ ခေါ်ပြီး အတိတ်ဆိုတဲ့ သချိုင်းထဲမှာ မြှုပ်နှံဖို့ရာ စီစဉ်နေကြတယ်။ ငါကလည်း အသက်ပြင်းသားဟဲ့၊





ကိုင်း ငါတို့လို ဘူတာကြီးကို ဖယ်ထားပါဦး၊ မင်းတို့ခေတ်ကို ပြန်ကြည့်စမ်းပါဟယ်၊ ယခု နင်လည်းပဲ လူကြီးပိုင်းရောက်ပြီး နင့်ထက်ငယ်တဲ့ လူတွေက နင့်ကို ဘယ်လို ပြောနေကြသလဲ'

သခင်ဖိုးမြကြီးက သခင်မျိုးညွန့်အား ချက်ကောင်းထိအောင် စကားကြောင်းလိုက်လေရာ သခင်မျိုးညွန့်လည်း အတန်ကြာ ငိုင်သွားသည်။

'အခု ချာတိတ်တွေက တော်လှန်ရေးတုန်းက မမွေးသေးပါဘူး၊ ဒါပေမဲ့ အပြောရတော့ အကျပ်သားပဲ၊ သူတို့ချည်း တစ်လျှောက်လုံးမှာ တော်လှန်လာသလို ပြောနေကြတာ ရှိတယ်။ လူငယ်ဝသီအတိုင်း ရာဇဝင်ကို ကွက်ကွက်ကလေး ကြည့်ပြီး ပြောချင် ပြောကြပါစေ၊ တစ်နေ့ကျတော့ အရည်လည်လာမှာပါပဲ။ ကျွန်တော်တို့ ဆင်းရဲဒုက္ခခံပြီး ကြိုးပမ်းခဲ့ရတာကို ဆားချိတ်ချင် ချိတ်ကြပါ၊ လွတ်လပ်ရေး လာဘ်လာဘကို ခံစားနေတဲ့ သူတွေက ကျွန်တော်တို့ခေတ်ကို လှမ်းလှမ်းပြီး အမနာပ ပြောတာတော့ ကျွန်တော် မခံချင်ဘူး။ ယခုလည်းပဲ ဘရယ်၊ ကြည့်စမ်းပါဦး၊ ဘကြီးသာဝလို လူမျိုးက လွတ်လပ်ရေး ကြိုးပမ်းတဲ့ ခေတ်ထဲမှာ နယ်ချဲ့ ဘက်တော်သား လုပ်လာပြီး ခုကျတော့ ကျွန်တော်တို့ ခေတ်အပေါ်မှာ လူလည်လုပ်လာတာ ဘာကောင်းသလဲ'

'ဪ၊ မင့်ဥစ္စာက ဒီဘူတာကိုပဲ ပြန်ပြန် ဆိုက်နေတာကိုး။ သူက သူ့အတွက် သူလုပ်တာ၊ ဒါ သူ့အလုပ်ဟဲ့၊ ငါတို့က နောင်လာနောက်သား ကောင်းစားဖို့ရာ ဆိုပြီး လုပ်လာတော့ တို့အလုပ် တို့ဆက်ပြီး လုပ်သွားကြဖို့ပဲ ရှိတယ်။ ငါလည်း သခင်အိုကြီး ဖြစ်ပေမယ့် မင်းတို့အလှည့်မှာ မင်းတို့ကိုယ်တိုင် လူမှုတော်လှန်ရေးကြီး လုပ်သွားရမှာကို စောင့်ကြည့်ချင်သေးသဟဲ့'

ဆရာတပည့်နှစ်ယောက် ဤကဲ့သို့ အချီအချပြောရင်း အသံတိတ်သွားပြန်သည်။ နှစ်ဦးသား ငယ်စဉ်က အတွေ့အကြုံကို ပြန်၍ တွေးနေကြဟန် တူသည်။

သခင်ဖိုးမြကြီးသည် ဦးသာဝကို သခင်မျိုးညွန့်တို့ လူမဖြစ်ခင်က



www.burmeseclassic.com

www.burmeseclassic.com



ပင်လျှင် သိခဲ့သူဖြစ်၏။ သာဝနှင့် ဖိုးမြကြီးမှာ ငယ်စဉ်က အတူတူ ဦးခေမိန္ဒကျောင်းတွင် မင်္ဂလသုတ်အထိ စာအံခဲ့ကြ၏။ သို့သော် သာဝမှာ တစ်ရွာသားဖြစ်သည်။ ဖိုးမြကြီးတို့ရွာနှင့် မနီးမဝေးတွင် သာဝ ကြီးပြင်းလာခဲ့သည်။ အရွယ်ကြီးမှ ဘုန်းကြီးကျောင်းသို့ ရောက်သူဖြစ်၍ စာမကျေခဲ့ချေ။ ထို့ကြောင့် ဘုန်းတော်ကြီးက မကြာခဏ သူ့ကို ထိပ်ခေါက်သည်။ သူ့အကျင့်မှာ ကြီးသူရှောင်၊ ရွယ်တူလျှင်ဖယ်၊ ငယ်သူကို ဖိထောင်းတတ်သော အကျင့်ဖြစ်သည်။ သို့သော် အများတကာထက် အကင်းပါးသောကြောင့် ဦးပဥ္စင်းများနှင့် အတိုက်အလျောက် ပေါင်းပြီးလျှင် ကျက်သရေခန်းထဲက ငှက်ပျောသီးကို မကြာခဏ စားခဲ့ရသူတစ်ဦး ဖြစ်လေသည်။

တစ်နေ့သောအခါ ရွာသို့ နောက်လိုက်နောက်ပါ အခြွေအရံနှင့် ရာဇဝတ် ဝန်ထောက်ကြီး ဆိုသူ အမဲလိုက်လာသည်။ သူ့ကို ကျေးလက်တောရွာက လူအများက ဗိုလ်ဒဂၢါးဟု ခေါ်ကြသည်။ အမည်ရင်းမှာ မစ္စတာ ဗိုလ်ဒီကာ ဖြစ်သည်။ ဗိုလ်ဒဂၢါးက တောခြောက်ရန် လူရှာသောအခါ သွက်လက်သူ သာဝက 'ဘုရားတပည့်တော်လည်း လိုက်မယ်ဘုရာ့'ဟု ဘုန်းကြီးကျောင်းသား စကားဖြင့်ပြောသည်။ ဗိုလ်ဒဂၢါးက ဘုရားထူးသံ ကြားလျှင်ပင် အလွန်ပီတိ ဖြစ်သွားသည်။ ထိုနောက် အမှုထမ်းတို့က ဘုရားတပည့်တော် ဟူသော စကားကို သခင်ကြီးဘုရား ဟူသော စကားနှင့် အစားထိုးဖို့ရာ သွန်သင်ပေးလိုက်သောအခါ သာဝသည် သခင်ကြီးဘုရားချင်း မိုးမွှန်အောင် ရွတ်ဖတ် သရဇ္ဈာယ်ခြင်း အမှုကို ပြုလေသည်။

'ငယ်ငယ်က ကျွန်တော်လည်း မိဘများ ပြန်ပြောတာ မှတ်မိပါတယ်' ဟူ၍ နားထောင်သူ သခင်မျိုးညွန့်က ဝင်၍ ထောက်လိုက်၏။

'အေး....အေး၊ ဒီလိုကွယ့် ဒီလို'ဟု သခင်ဖိုးမြကြီးက မီးသေနေသော ခြူးတံဆိပ် တစ်ထွာလောက်ကို ပြန်၍ မီးညှိကာ လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်နီးပါးက ရာဇဝင်ကို ပြန်၍ လှန်လေသည်။

သာဝ၏ ဖျတ်လတ်သွက်လက်သော သဘာဝကို ကြိုက်နှစ်သက်





လာသောအခါ ဗိုလ်ဒဂၢါးက သာဝအား 'လူကိုလေး၊ ချွန်နူတ် အလုပ်ကောင်းကောင်းပေးမယ်၊ မြို့ကို လာဂဲ့ဗာ' ဟု မှာသော ဟူ၏။

ဤနည်းဖြင့် သာဝသည် ဒိစတြိတ် ရာဇဝတ်ဝန်ရုံးတွင် ပြာတာဖြစ်လာသည်။ အရှင်မွေး နေ့ချင်း ညချင်းဆိုသော စကားအတိုင်း မကြာမီ အမှုထမ်း ဖြစ်လာပြန်သည်။ အမှုထမ်း သာဝသည် သခင့်အလိုကို လွန်စွာသိတတ်သည်။ ငယ်စဉ်တောင်ကျေး ကလေးအရွယ်ကပင်လျှင် သာဝ ဆိုသော သာဝသည် မိမိက နိုင်လောက်ပြီ ထင်လျှင် နားရင်းအုပ်ဖို့ရာ လက်မနှေးဘိ သကဲ့သို့ပင်၊ မိမိက နိုင်ပုံမပေါ်လျှင် မောင်မောင် ဘာဘာ ခေါ်၍ မိဘက် ရောက်အောင် အပါနူးတတ်သူ ဖြစ်သည်။ ထို့ကြောင့် သူ့၌ လုံးရည် ဘာမျှ မရှိဘြားသော်လည်း နိုင်လိုမင်းထက်နှင့် ပါးလျက်နားလျက်ရှိတတ်သော အမူအကျင့်တို့သည် ဗိုလ်ဒဂၢါး၏ အသိုင်းအဝန်းများအတွက် အလွန် အသုံးချ၍ ကောင်းသောကြောင့် သာဝအဖို့ တက်လမ်းမှာ ဖြောင့်တန်းလျက် ရှိနေလေသည်။

တစ်နေ့သော် ကျေးရွာတစ်ခုကို ဓားပြတိုက်လေသည်။ ထိုအမှုကို ရာဇဝတ်ဝန် ဗိုလ်ဒဂၢါး ကိုယ်တော်တိုင် စုံစမ်း စစ်ဆေးတော်မူသည်။ ဓားပြမှာ နာမည်ကြီးသော်လည်း စင်စစ် ပွေးပုန်းပေါင်မှာ မနေသော ဟူသော စကားအတိုင်း လူ လေး ငါးယောက် ပါသော ပုလိပ်အဖွဲ့ကို မရှောင်သာ၍ ချောင်တစ်ချောင်မှာ ပိတ်၍ မိနေလေသည်။ သို့သော် ဓားပြ၏ နာမည်ကြီးသော အရှိန်ကြောင့် မည်သူမျှ လက်ရ မဖမ်းဝံ့ချေ။

ဤသည်တွင် အကင်းပါးသူ သာဝသည် ဓားပြ၌ ကိုယ်ခံအဖြစ်ဖြင့် တစ်လုံးထိုး တူမီးသေနတ်တစ်လက်သာ ပါသည်ကို သတိထားမိပြီးလျှင် ဓားပြက သေနတ်ထဲ ယမ်းထိုးနေချိန်၌ နောက်ပါးက ကျော့၍ ဝင်လာပြီး နောက် လည်ကုပ်ကိုတက်၍ စီးလေသည်။

'မောင်မင်း သတ္တိရှိတယ်'ဟု ဗိုလ်ဒဂၢါးက ဩဘာပေးသည်။

မကြာပါဘူး၊ သာဝလည်း ရာဇဝတ်ကြပ် ဖြစ်လာသည်။ နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွင် ဗိုလ်ဒင်္ဂါး တစ်ရပ်တစ်ကျေးသို့ ပြောင်းရွှေ့သွားသောအခါ သာဝသည် တရားခံကို ညှဉ်းပန်းတတ်သည် ဟူသော စွဲချက်ကြောင့် အမှုထမ်းဘဝသို့ လျှောကျခဲ့ရသည်။ သို့သော် ကြာကြာမနေပါ။ နောက်ထပ် ပြောင်းလာသော ရာဇဝတ်ဝန်ထောက်က ဗိုလ်ဒင်္ဂါး၏ အတွင်းစာတစ်စောင်ကို ကြည့်ပြီးလျှင် ရာဇဝတ်ကြပ် ရာထူးကို ပြန်ပေးလိုက်သည်။ ဤအချိန်တွင် တိုင်းပြည်၌ အမျိုးသားရေး စသော ကြွေးကြော်သံများနှင့် တို့ဗမာ ဟူသော ကြွေးကြော်သံများ ပေါ်လာခဲ့လေသည်။

"ဥပဒေ နောက်ထပ် တိုးသမျှ ငါတို့ စားပေါက်ချည်းပဲ" ဟူသော လက်သုံးစကားနှင့် အလားတူ အမျိုးသားရေး ထကြွသမျှသည်လည်း သာဝအဖို့ ရာထူးတိုးဖို့ချည်း ဖြစ်နေဟန်တူသည်။ ပထမ၌ လူဆိုးသူခိုးကို ဖမ်းရသည်ဟု ရာဇဝတ်ကြပ် မောင်သာဝ ကောင်းကောင်းနားလည်သည်။ နောက်သော် နိုင်ငံရေးသမားကိုလည်း ဖမ်းရသည်ဟု နားလည်လာပြန်သည်။ ထို့ကြောင့် ဖေပုရှိန် ပေါ်သည့်နေ့မှစ၍ ဂျီစီဘီအေခေတ်၊ ဘူးအသင်းခေတ်၊ ဆရာစံခေတ် တစ်လျှောက်လုံး ဖမ်းပေ့ဆိုသရွေ့ ဖမ်းရသည်မှာ တမျှော်တပါးကြီးဟုပင် အောက်မေ့ခဲ့သည်။ အဖမ်းကျင်လည်လာသည်နှင့် အမျှ ရာဇဝတ်ကြပ်မှ ရာဇဝတ်အုပ် အဖြစ်သို့ ရာထူးတိုးလာပြန်သည်။ သို့ရာတွင် 'ရာဇဝတ်အုပ် ဆိုတော့ ရာဇဝတ်ကြပ်တုန်းကလောက် မစားသာဘူးဟေ့' ဟု ရာဇဝတ်အုပ် မောင်သာဝက မကြာခဏ ညည်းတွားလေ့ရှိသည်။

အဘယ့်ကြောင့် ဤသို့ ပြောရပါသနည်း။ ဤသို့မေးသည် ရှိသော် 'သခင်တွေက တယ်ထတာကိုးဗျာ၊ ကြွပ်ဆတ်ဆတ်နဲ့' ဟု ရာဇဝတ်အုပ် မောင်သာဝက ခေါင်းကုတ်၍ ဖြေလေ့ရှိသည်။

သို့သော် ဘယ်သူ ကြွပ်ဆတ်ဆတ်နိုင်သတုံး၊ ဟိုမြစ်ဝကျွန်းပေါ် မြို့တစ်မြို့မှာ တောင်သူလယ်သမား ကိစ္စနှင့် ပတ်သက်၍ ခရိုင် တို့ဗမာ အစည်းအရုံး ညီလာခံ ကျင်းပစဉ်က နယ်ပိုင်မင်း သခင်ဘုရား မစ္စတာ လော်လီက 'ဖမ်းလဟ' ဆိုသောကြောင့် ဝါးရင်းတုတ်နှင့် ရိုက်ပြီး ဖမ်းခဲ့သည်





မှာ အချုပ်ခန်း၌ ထားစရာနေရာပင် မရှိခဲ့ပါတကား။ ရာဇဝတ်အုပ် မောင်သာဝက နံပါတ်တုတ်ဆိုတာ မရှိသောကြောင့် ဝါးရင်းတုတ်ကို သုံးရပါသည်ဟု အဓိကရုဏ်း စုံစမ်းရေးအမှုတွင် ထွက်ဆိုခဲ့သည်။ ထိုစဉ်က သူ့သခင်ကို မကြာခဏ လော်လီ လော်လီ ဟု ခေါ်သောကြောင့် ဘိလပ်သား မစ္စတာ ချာ့ဗ်ပါတန် လော်ရီ ခမျာမှာ လော်လီခြင်း ငါးပါးဟူသော ဘွဲ့ထူးသညာကို တောင်သူလယ်သမားတို့က ပေးအပ်၍ ရရှိခဲ့လေသည်။

ထိုစဉ်က ဖမ်းဟဲ့ ဆီးဟဲ့ ဆို၍ ညီလာခံပျက်ပြီးသည့် နောက်ပိုင်း၌ ဆင်လျှင် နံနက်စောစော နေထွက်မည် ကြံကာရှိသေး၊ ရာဇဝတ်အုပ် မောင်သာဝကို သခင်ဖိုးမြကြီး နေအိမ် တက်၍ သခင်ဖိုးမြကြီးကို ရှာလိုက်သေးသည်။

သခင်ဖိုးမြကြီးက 'ဝတ္တရားအရ ရှာတာ ငါ ဘယ်လိုမှ မအောက်မေ့ပါဘူး။ ဒါပေမဲ့ သူက ငါ့မိန်းမကို သာဝမှန်း သိသလား ဆိုပြီး ကြိမ်းလိုက်မောင်းလိုက်နဲ့ နှစ်ပြားမတန် ပြောသွားလိုက်တာ ဒီကနေ့တောင်မှ ငါ့နားထဲ ထွက်ဘူးဟဲ့' ဟု ငေး၍ နားထောင်နေသော သခင်မျိုးညွန့်ကို ပြောပြသည်။

ထိုအခါ သခင်မျိုးညွန့်က 'ဒါနဲ့များဗျာ၊ ဘကြီး သည်းခံ သည်းခံနဲ့ ဘုရားဖြစ်မယ့် အုတ်ခဲကျနေတာပဲ' ဟု နှုတ်လှန်ထိုးလေ၏။

'နားထောင်ပါဦးလေ လူဆိုတာ အကြောင်းသိရင် ပြီးတာပါပဲကွာ' ဟု လေသံကို နှိမ့်၍ပြောရင်း ရာဇဝတ်အုပ် မောင်သာဝ အကြောင်းကို ပြန်ဆက်လေသည်။

အမှန်မှာ ထိုအခါ၌ ရာဇဝတ်အုပ် မောင်သာဝ မဟုတ်တော့ပြီ။ နယ်ခံအုပ် ဦးသာဝ ဖြစ်လာလေပြီ။ အဘယ့်ကြောင့်ဆိုသော် ဦးသာဝက တစ်နယ်သားတည်း ဖြစ်သူ သခင်ဖိုးမြကြီးကို မကြာမီ ဖမ်းဆီးရမိခြင်းကြောင့် ဖြစ်သည်။ ဤဖမ်းပွဲတွင် သခင်ဖိုးမြကြီး ထိပ်ကွဲသည်။ ပုလိပ်က သခင်ဖိုးမြကြီး ရူးသလိုလို ဖြစ်ပြီးလျှင် အချုပ်ခန်းနံရံကို ခေါင်းနှင့် ပြေးတိုက်သောကြောင့် ထိပ်ကွဲသည်ဟု ဆိုသည်။ သို့သော် အမှန်မှာ သခင်ဖိုးမြကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်အုပ် မောင်သာဝက အလစ်တွင် မျဉ်းလုံးတုတ်နှင့် ဆော်နှက်သော ကြောင့် ထိပ်ကွဲရခြင်း ဖြစ်သည်။ သခင်ဖိုးမြကြီးကား မိမိဘက်က သက်သေ ပြစရာ မရှိ၍ ကြိတ်ခံလိုက်ရသည်။ ဤကိစ္စ ပြီးသောအခါ ရာဇဝတ်အုပ် မောင်သာဝသည် ဌာနာအုပ် ဦးသာဝ ဟူ၍ ဟိုးလေးတကျော် ကျော်ကြား လာလေသည်။ သို့သော် ဦးသာဝ ခများမှာ ဌာနာအုပ်အဖြစ်ဖြင့် ကြာကြာ မစံလိုက်ရချေ။ မကြာမီ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်၍ ဗြိတိသျှကို တို့ဗမာ အစည်းအရုံးဝင်နှင့် အပေါင်းအပါတို့က ဗိုလ်တေဇအား အမှူးထားပြီးလျှင် မြန်မာ့ရေမြေမှ နှင်ထုတ်လိုက်သောကြောင့် ဖြစ်သည်။ ထိုစဉ်က ဦးသာဝ သည် သူ့သခင်များ ခြောက်လကြာလျှင် ပြန်လာမည် ဆိုသောကြောင့် 'မင်းတို့ ငချွတ်ကလေးတွေ နေနှင့်ဦးပေါ့ကွယ်'ဟု ကြိမ်းမောင်းသေးသည်ဟု အရပ်ပြောစကား ရှိသည်။ သို့သော် အင်္ဂလိပ် ပြေးချိန်၌ ဦးသာဝသည် အမှန်ပင် ကုပ်၍ နေပါသည်။ သူ့ကို ရပ်ရွာက နှိပ်စက်မည် စိုး၍ သခင် ဖိုးမြကြီးကို 'သူငယ်ချင်းရယ်၊ နောက်နောက်ကဟာတွေ ဖွေမယူပါနဲ့။ ငါ တာဝန် ဝတ္တရားအရ လုပ်ရတာပါ'ဟု ပြော၍ တောင်းပန်တိုးလျှိုး လုပ်သည်။ သခင် ဖိုးမြကြီးကလည်း အရှည်ပင် မျှော်၍ ဦးသာဝကို ကာကွယ် စောင့်ရှောက်ပေးသည်။ သို့ပါသော်ငြားလည်း ဂျပန်တို့ ရောက်လာသော အခါ ဦးသာဝသည် သူ့အလုပ်ကို ပြန်ရအောင် ကြံဆောင်ပြီးလျှင် ကင်ပေ တိုင်များအား 'သခင်တွေဆိုတာ သူတို့ပဲ'ဟု သခင်ဖိုးမြကြီးတို့ လူစုကို လက်ညှိုးထိုးပြလိုက်သေးသည်။ ဒေါက်တာဗမော် အစိုးရ ဖွဲ့၍ အတန်ငယ် ကြာသောအခါ ခရိုင် တို့ဗမာ အစည်းအရုံး၊ အာရှလူငယ်အဖွဲ့ စသော အဖွဲ့အစည်းတို့က ဌာနာအုပ် ဦးသာဝကို ပြန်လည်ခန့်ထားခြင်း မပြုရန် မကြာခဏ ဌာနချုပ်သို့ စာတင်သည်။ ဤစာတင်နေသော ကြားထဲမှာပင် ဌာနာအုပ် ဦးသာဝသည် ရဲအုပ် ဘဝမှ ရဲဗိုလ်မှူးဘဝသို့ ရာထူးတက်လိုက် သေး၏။ ဤကိစ္စနှင့် စပ်လျဉ်း၍ နောက်ကြောင်း ပြန်သောအခါ ဦးသာဝ သည် ရာထူးတိုးဖို့ အရေး၌ အညာဆီတစ်ပုံးပဲ ကုန်သည်ဟု ပြောလေ့ရှိသည်။





သို့သော် ဂျပန်တော်လှန်ရေးကို လုပ်ကြသောအခါ အကင်းပါးသော ဦးသာဝသည် သူ့ကိုယ်သူ ကိုယ်ရောင်ဖျောက်ထားသည်။ အချို့လူငယ်များ က မူကား ဦးသာဝကြောင့် မြေအောက်တော်လှန်းရေး လူငယ်ခေါင်းဆောင် အချို့ ဂျပန်လက်တွင်း၌ သေခဲ့ရသည်ဟု ပြောကြသည်။ သို့ပါသော်ငြား လည်း ရဲဗိုလ်မှူး ဦးသာဝမှာ ကက်စဘီခေါ် မြို့ပြအုပ်ချုပ်ရေးအဖွဲ့ ပြန်ဝင် လာသောအခါ သူ၏ အရှင်သခင်များကို ကောင်းစွာ ကြိုဆိုနိုင်ခဲ့သည်သာ ဖြစ်၏။ လွတ်လပ်ရေး ရခါစ အခါတွင် ဦးသာဝသည် အသက်ကြီးပြီဟု အကြောင်းပြ၍ ပင်စင်ယူလိုက်သည်။ ဓာတ်သိတို့ကမူ သူ ပင်စင်မယူလို သေး၊ သူ့ကို ငယ်စဉ်က သူကောင်းပြုသော သခင်ကြီး ဘုရားတို့နှင့်အတူ အလုပ် လုပ်ချင်သေးသည်ဟု ဆို၏။ သို့သော် သခင်ကြီး ဘုရားတို့က 'မင်း လွတ်လပ်တဲ့ မြန်မာအစိုးရ လက်အောက်မှာ လုပ်ချင်သေးသလား'ဟု မေးကြသည်။ ဤမေးခွန်းမှာ ငေါ့၍မေးသော မေးခွန်းဖြစ်ကြောင်း ဦးသာဝ ကောင်းစွာ နားလည်သည်။ လွတ်လပ်ရေးဟု အသံကြားလျှင် ဖျားချင်သော ဦးသာဝသည် အရှင်ကြီး သခင်ကြီးတို့ အရိပ်ပြလျှင် အကောင်ထင်ပြီ ဖြစ်၍ ပင်စင် ယူလိုက်သည်။

ယခုမှာမူ သခင်မျိုးညွန့်က အဘိုးကြီးဟု ခေါ်သော အငြိမ်းစား ရဲဗိုလ်မှူး ဦးသာဝသည် တပ်မတော်မှ ဗိုလ်တောက်ထွန်း၏အဖေ ဟူ၍ ရပ်ရွာထဲတွင် အတော်ပင် မျက်နှာပွင့်ခဲ့ပြီ ဖြစ်သည်။ ဤကဲ့သို့ မျက်နှာပွင့်လာ ခဲ့သည့် အလျောက် ဣန္ဒြေနှင့် နေလျှင် အတိတ်က "လှောင်ဘော်"များ ပျောက်၍ သိက္ခာရှိလာမည် အမှန်ဖြစ်သည်။ သို့သော် ငယ်ငယ်က ဝသီ ပျောက်တတ်သေး၊ ထို့ကြောင့် တစ်ခါတစ်ရံ ဓာတ်သိများကို ပင်လျှင် ဘင်စီးသော စကားများကို ပြောလေ့ရှိသည်။ ဤသည်တွင် သခင်မျိုးညွန့် ခေါက်ကွဲရခြင်း ဖြစ်သည်။

'ဒါပေမဲ့လို့ သခင်မျိုးညွန့်ရာ၊ မင်းက ငါတို့ ခံခဲ့ရတာတွေကို မေ့ပြီလားလို့ ခဏခဏ မေးတယ်။ ဟေ့ မမေ့ဘူးဟဲ့၊ သေတောင် မမေ့ဘူး။



www.burmeseclassic.com

ဒါပေမဲ့ ငါတို့ အားလုံးကို ခွင့်လွှတ်တတ်ပြီ။ မင်း အခုထက်ထိ ဥပေက္ခာ ဆိုတဲ့ တရားကို နားမလည်သေးဘူး။ ဗြဟ္မစိုရ်ရတရား လေးပါးထဲမှာ ဒီတရားဟာ လွတ်မြောက်ရေး တရားပဲဟဲ့။ ဒီတော့ မင်းလည်း သတိရှိ ကွယ် တပည့်ရယ်။ ဗိုလ်တောက်ထွန်း ဆိုတာ မင်းတို့ရဲ့ အရင်းအနှ တစ်ယောက်ပဲ။ သူ့ကို မင်းတို့က လူတစ်လုံး သူတစ်လုံးဖြစ်အောင် မြေ တောင် မြှောက်ပေးကြရဦးမယ်။ အပေါင်းတွေကို ဆွ နေဖို့ မဟုတ်တော့ လကွယ့်'

သို့သော် ဘယ်သူ ဘယ်လိုပြောပြော၊ သခင်မျိုးညွန့်ကား သူ့ဘကြ ဦးသာဝကို အစိမ်းလိုက်ပင် ဝါးစားလိုက်ချင်သေးသည်။ ထို့ကြောင့် သခ ဖိုးမြကြီးက 'ဒီကောင် တော်တော် အပြောရကျပ်တာပဲ'ဟု ညည်းတွားရ ရှေ့ရေးကို မျှော်တွေးကာ အတန်ကြာ ငေးနေလေသည်။ ထိုနောက် စကာ ဆက်ပြန်သည်။

'ဟဲ့....လူငယ်ဆိုတာ ရှည်ရှည်ဝေးဝေး သိပ်မစဉ်းစားတတ်ကြသေ ဘူး။ ဒါပေမဲ့ ခုခေတ်မှာ အတွေ့အကြုံက များလာတော့ လူငယ်ကလည် လူငယ်အလျောက် အများကြီး မျက်စိပွင့်လာကြပြီ။ ဒီတော့ ငါတို့ခေတ် အမှားတွေကို ခြေရာချင်း ထပ်အောင် မနင်းကြဖို့ မင်းတို့ကလည်း ကွပ်ကွ ကဲကဲ လုပ်ကြပေါ့ကွာ။ တော်တော်ကြာ မင်းတို့အမျိုးတွေက ဗိုလ်တော ထွန်းကို နေရာချထား ပေးကြရဦးမယ် မဟုတ်လား'

ဤသို့ သခင်ဖိုးမြကြီးက လေအေးအေးနှင့် ချော့မော့ပြောဆို စကားလမ်းကြောင်းကို လွှဲပေးလိုက်သောအခါ သခင်မျိုးညွန့်လည်း အတ ငယ် ပျော့ပျောင်းသော အမူအရာကို ပြလာလေသည်။ ထို့နောက် သခ မျိုးညွန့်က 'ခက်ပါတယ် ဘရာ၊ ဒီအကောင်ကို မိန်းမပေးစားဖို့ ပြောတော လူတစ်ယောက်ထဲ ရေအိုးဆယ်လုံး ရွက်နေရတာ၊ နောက်ထပ် တစ်လုံးအ မရွက်နိုင်သေးဘူးလို့ စကားကြီး စကားကျယ် ပြန်ပြောတယ် ခင်ဗျာ' ညည်းညူလေ၏။





'ဟဲ....ဟဲ...ဟဲ ကြိုက်တာ မတွေ့သေးလို့ပါဟဲ့'ဟု သခင်ဖိုးမြကြီးက ဆိုသည်။

'ကြိုက်တာတော့ ရှိနေပြီ ထင်တယ် ဘရဲ့။ ဒါပေမဲ့ သူ့ခမျာ အဘိုးကြီးကို စိတ်တိုင်းမကျလို့ ထင်ပါရဲ့။ ဒီလူကြီးကလည်း ခုထက်ထိ စိတ်မပြောင်းနိုင်သေးဘူး'ဟု သခင်မျိုးညွန့်က ဒေါနှင့် မောနှင့် ပြောပြန် သည်။ သူ့ခမျာ စိတ်ပြေမည်ဟု ကြံခါရှိသေး၊ ပြန်၍ စိတ်ထလာဟန် ဘုသည်။

ထိုအခါ သခင်ဖိုးမြကြီးက 'ဟော့ မောင်ရင်၊ မင်းဥစ္စာကလည်း သာဝကိုချည်း ခလုတ်တိုက်နေတယ်။ သူ့ကို ရေခဲတိုက်ထဲ သွင်းထားလိုက် မ်းပါ။ ချိုးကပ်နေတဲ့လူ စိတ်ပြောင်း မပြောင်း ကိစ္စ မရှိလှပါဘူး။ တိုင်းသစ် ပြည်သစ်မှာ လူသစ်တွေ တိုင်းကျိုးပြည်ကျိုး ဆောင်နိုင်အောင် ဖန်တီးပေးဖို့ ရှိတယ်။ နောက်ပြန် မကြည့်ပါနဲ့တော့ကွယ်၊ ငါတို့ ရှေ့ဆက်ပြီး လုပ်ရ ယ့် အလုပ်ကို ဦးတည်လိုက်စမ်းပါ ငါ့တပည့်ရာ။ မင်းက ဘာပြောပြော၊ း‌သာဝကြီးက သူ့သားကို အမွှမ်းတင်ရကောင်းမှန်း သိလာတာ ငါတို့ရဲ့ အမြင်ပဲဟာ။ ယခုလောက် တပ်မတော်၊ တပ်မတော်နဲ့ တတော်တော် ဖြစ်နေ ာကိုပဲ ငါတို့က ဂုဏ်ယူသဟ။ ကိုင်း....မင်း ဘာပြောချင်သေးသလဲ'

သခင်မျိုးညွန့်သည် သူ့ဆရာ၏အထာကို သိသည်။ "ဘာပြောချင် သေးသလဲ"ဟု ဆရာက တက်သံနှင့် ပြောလိုက်လျှင် တပည့်အဖို့ ငြိမ်နေ ျှင် အကောင်းဆုံးဟု သူ နားလည်သည်။ အမှန်မှာ သူ ပြန်ပြောစရာ ကားကိုလည်း ရှာမတွေ့တော့ချေ။

[ ငွေတာရီ၊ ဇန်နဝါရီ ၁၉၇၀ ]

www.burmeseclassic.com

www.burmeseclassic.com

# အညတရ

ပွဲဈေးတန်းကို အဝေးမှနေ၍ ကြည့်လိုက်သောအခါ လွန်ခဲ့သော သုံးလေးငါးနှစ်ခန့်က သူကြီး ကိုသာဗျောတို့လှူသိုက် ထောင်သော ကြက်ဝိုင်းလောက် စည်စည်ကားကား မရှိဟု တွေ့ရ၏။ ထိုစဉ်အခါက လယ်ကွင်းထဲသို့ ရွာလုံးကျွတ် ပရိသတ် ကြွရောက်အားပေးကြသည်။ ပရိသတ်ကလည်း ညီပါပေ့။ ကြက်ဝိုင်းသိမ်း၍ တစ်လလောက် ကြာသောအခါ မြို့မှပုလိပ်များ သတင်းအရ လာရောက် စစ်မေးကြသည်။ သို့သော် ကြက်ဝိုင်းဖြစ်သည်ကို မည်သူမျှ မသိလိုက်ကြဟု ဘုရားစူးကျိန်တွယ်၍ ထွက်ဆိုကြ၏။ ကြက်ဝိုင်း ဖြစ်သည် ဆိုသော နေရာမှာ ညောင်ပုလုရွာကြီး၏ နောက်ဖေး အလံလေးဆယ် လယ်တစ်ကွက်၊ နှစ်ကွက် သာသာမျှသာ ဝေးသောနေရာ ဖြစ်သည်ဟု ဆိုသည်။ ထိုနေရာနှင့် ညောင်ပုလုရွာကို ခနိုတောကလေး ကန့်လန့်ဖြတ်ခံနေသည် မှန်ပါ၏။ သို့သော် ရွာမှနေ၍ ကြည့်လျှင် ကြက်ဝိုင်းထောင်သော တလင်းပြင်မှာ ညောင်ပုလုချောင်းထဲ၌ ရေဝတီ သင်္ဘောကြီး ခုတ်တာ မြင်ရသလို အထင်သား မြင်နိုင်ပါသည်။ နေ့ခင်းကြောင်တောင်မှာ ထိုမျှလောက် အတင့်ရဲသော ကြက်ဝိုင်းကို ပုပုရွရွ မှန်သမျှ တစ်လုံးတစ်ခဲတည်း မြင်နိုင်ပါလျက် ကယ်နှင့် ယခု ကျေးရွာကော်မီတီ လူကြီးမင်း ဦးဇာကြယ် ကိုယ်တိုင် မမြင်၊ မကြား၊ မသိဟု ပြောနေပါပကော။ ဦးဇာကြယ်သည် မြန်မာပြည် ပုလိပ်အဖွဲ့ကြီး၌ အရေးပေါ်သည့် အခါတိုင်း အစိုးရသက်သေအဖြစ်ဖြင့် ကူညီခဲ့သူ ဖြစ်ပါသည်။ ထိုမျှလောက် သစ္စာသမာဓိရှိသော ပုဂ္ဂိုလ်ကြီး၏ ထွက်ချက်ကို





လက်ခံထိုက်ပါသည်။ ရွာသူရွာသား အားလုံးမှာ ဦးဇာကြယ် အလားတူ အစိုးရလူချည်းပါပဲ။ ရွာထဲက ကလေးများ ကြက်ဖကြီးနှစ်ကောင် မြင်လိုက်ရသည် ဆိုသည်မှာ ကြက်မြင်တိုင်း ကြက်ဝိုင်းချည်း မယူဆစေလိုပါ။ ထိုနေ့က သူရို့တစ်တွေ ကာလသားဟင်း ချက်စားရန် ကြက်ဖကြီးနှစ်ကောင်ကို တုတ်သိမ်းနှင့် လိုက်ရိုက်ခြင်းမျှသာ ဖြစ်ပါသည်။ ဤရွာမှာ သူကြီး ဦးသာဗျော သူကြီးလုပ်တာ ယခုမှ မဟုတ်ပါ။ အရေးပိုင် ဦးထွန်းရ လက်ထက်က စပြီး လုပ်ခဲ့ပါသည်။ ထိုနောက် ကျားအရေးပိုင် လက်ထက်မှာ အမှုထမ်းကောင်း လက်မှတ်နှင့် တစ်လုံးပူး သေနတ် ရခဲ့သည်။ ဘိုင်စကယ် အရေးပိုင် လက်ထက်တွင် အရေးပိုင်က အထင်မှား၍ ရာထူးမှ ခေတ္တချထားခြင်း ခံရသော်လည်း မကြာခင် အလုပ်ပြန်ရသည့်အပြင် တစ်လုံးပူး သေနတ်က နှစ်လုံးပူးသေနတ် အထိ တိုးတက်ခဲ့ပါသည်။ ကျားအရေးပိုင်ဟု ဘာ့ကြောင့် ခေါ်သလဲ မသိပါ။ အုပ်ချုပ်ရာမှာ အနည်းငယ် ကြမ်းတမ်းသဖြင့် ခေါ်ခြင်း ဖြစ်ဟန် တူသည်။ ဘိုင်စကယ် အရေးပိုင်ကတော့ ဘိုင်စကယ်စီးပြီး ရုံးတက်သဖြင့် အမည်တွင်ခြင်း ဖြစ်သည်။ ထို့နောက် အရေးပိုင် တစ်ဆက်၊ နှစ်ဆက် မကပါဘူး။ သူတို့လက်ထက်မှာ တစ်ခါဖူးမှ လောင်းကစား လောင်ပေါ် မရှိခဲ့ဖူးပါ။ ပုလိပ်တော်မင်းများ ဤရွာမှာ ကြိုက်သလို နေနေ နားနား နုံစမ်းပါ။ ရွာသူကြီး၊ ဆယ်အိမ်ခေါင်း၊ ကျေးရွာကော်မီတီ၊ ကျေးရွာသားများ ခည့်ဝတ်ကျေပွန်ကြသည်ကို တွေ့ရပါလိမ့်မည်။ အမှုရှိ၍ ပြောဆိုခြင်း မဟုတ်ပါ။ အမှု ရှိရှိ မရှိရှိ ဤသူကြီးမင်း၏အိမ်ကို ကိုယ့်အိမ်လို သဘောထားပြီး ဝင်ကြ ထွက်ကြပါ။ အဲ တစ်ခါတလေ ရွာသူရွာသားများ အပျော်အပါး နွားပြိုင်ခြင်း၊ လှေပြိုင်ခြင်း လုပ်သည်တို့ကိုမူ ဗွေမယူသင့်ပါ။ ဤကဲ့သို့ အကျိုးသင့် အကြောင်းသင့် ပြောဆို၍ ပုလိပ်အမှုထမ်းများကို ကျွေးစရာ ကျွေး၊ ပေးစရာ ပေးလိုက်သောအခါ ညောင်ပုလုရွာကြီး၌ သူကြီး ကြက်ဝိုင်းထောင်သည် ဆိုသော သတင်းစကားသည် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအချက်ကို မောင်ထွန်း ကောင်းစွာ သိသည်။ သူကိုယ်တိုင် ထို ကြက်ဝိုင်းတွင် ခွက်ခွက်လန်အောင် ရှုံးသဖြင့် သူ့အမေ ပေးထားသော ရခိုင်လုံချည်ကို ဒေါ်ပုတို၏ အုန်းထမင်းဆိုင်၌ ငွေလေးကျပ်နှင့် ပေါင်ခဲ့ရ သည်။ ဒေါ်ပုတို၏ အုန်းထမင်းဆိုင်က မီးတောက်သော ချက်အရက်မှာ အတော် ထိသည်ကိုလည်း မှတ်မိသေးသည်။ ထိုနေ့က ကြက်ဝိုင်းတွင် ဆေးလိပ် မီးခြစ် စီးကရက်ဆိုင်များ၊ ခေါက်ဆွဲ၊ ထမင်းသုတ်၊ မုန့်ဟင်းခါး ဆိုင်တန်းများ အပြင် လေးကောင်ဂျင်ဝိုင်း၊ ခြောက်ကောင်ဝိုင်း စသည်တို့က လည်း စည်ကားလိုက်တာ မပြောပါနှင့်တော့။ ကြက်ဝိုင်းသိမ်းသောအခါ ရွာထဲက အိုးစည်ဗုံမောင်းတီးသော တီးဝိုင်းက တစ်မျိုး၊ စည်းချက်တခြား လူတခြား ကပိုကရို ကိုးရိုးကားရား ကကြ ခုန်ကြသော အကဝိုင်းက တစ်မျိုး မိုးချုပ်လို့မှ ရွာကို မဝင်နိုင်ကြသေးသဖြင့် အောက်လင်းဓာတ်မီးကြီး လေး ငါး ခြောက်လုံး ထွန်း၍ တစ်ညလုံး ပျော်ကြ ပါးကြသည်မှာ မိုးစင်စင် လင်းခါနီး အထိပင် ဖြစ်တော့သည်။

သို့သော်၊ အလို ယခုကြည့်လိုက်တော့ အောက်လင်းဓာတ်မီးကလေး တစ်လုံးကို အနိုင်နိုင်ထွန်း၍၊ တောအငြိမ့်မင်းသမီး တစ်လက်ကို လူပြက် သုံးလေးယောက် ဝိုင်းပြီးလျှင်၊ ဆွမ်းလောင်းအသင်းက ကြေးနောင်ဝိုင်း စခွန့်ဝိုင်း စသည့် တစ်ပိုင်းတစ်စ ဂီတပိုင်းနှင့် အသုံးတော်ခံနေကြသည်။ ပွဲဈေးဝိုင်းမှာလည်း မုန့်ဟင်းခါးသည်ကိုတောင်မှ မမြင်ရ။ ကောက်ပင် ကောက်သား မပေါ်သေးသဖြင့် ကောက်ညှင်းထုပ်တောင်မှ ကောင်းကောင်း မရှိ။ အထက်မီး အောက်မီး မုန့်သည်နှင့် မုန့်လေပွေသည်များတောင် စုံလင် အောင် ဈေးမထွက်ပါတကား။ တီးလိုက်သည့် သီချင်းကလည်း "လွတ်လပ် ပြီ၊ လွတ်လပ်ပြီ၊ တို့ပြည် လွတ်လပ်ပြီ" ဟု ဆို၏။ က လိုက်တဲ့ အငြိမ့် မင်းသမီးကလည်း တင်ကလေး လှုပ်တုတ် လှုပ်တုတ်နှင့်၊ ဂျပန်ခေတ်မှာ ပေါ်လာတဲ့ ဖင်ချင်းပေါက် အကဟု ဆိုကြသည်။ မျက်စိရှက်စရာ ကောင်း လိုက်ပါဘိ။





မောင်ထွန်းက ဤသို့ တွေး၏။ သို့သော် ဘယ်သူ ဘာပြောပြော၊ ဂျပန်ခေတ် လွတ်လပ်ရေး နှစ်ပတ်လည်၌ သီဆိုကြသည့် ရွှေတိုင်ညွန့်၏ သက်ရာကိုမူ စိတ်ထဲမစွဲဘဲ မနေနိုင်။ "လွတ်လပ်ပြီ၊ လွတ်လပ်ပြီ၊ တို့ပြည် လွတ်လပ်ပြီ"ဟု အသံကုန်ဟစ်၍ ဆိုလိုက်သည့်အခါ "တို့"ဟူသော စကား ၌ အာပေါင်အာရင်းသန်သန်နှင့် အော်ကြသည့်သံပြိုင်မှာ ကြက်သီးမွေးညင်း ထ စရာ ကောင်းသည်။ စင်စစ် မောင်ထွန်းသည် နိုင်ငံရေးအမြင် တစ်ထွာ တစ်ညှိမျှပင် ရှိသော လူငယ် မဟုတ်ပါ။ အင်္ဂလိပ်အရှင်သခင် အစိုးရမင်းတို့ ၏ လက်အောက်၌ နေခဲ့ရသရွေ့ ကျွန်ဘဝကို ကျွန်ဘဝဟု သရုပ်မဖော် ဘတ်ခဲ့ပါ။ အမှန်ကို အမှန်အတိုင်း တင်ပြရသည့်အတွက် အထင်တော် သေးတော်မူလျှင်လည်း မောင်ထွန်း၏ ကံပါပဲ။ သို့သော် အင်္ဂလိပ်လက်ထက် မှာ သိသာသိစေ၊ မမြင်စေနှင့်ဆိုသော ကြက်ဝိုင်းကြီးကို ထောင်ခဲ့ရသည်မှာ အဓိပတိ လွတ်လပ်ခြင်းပါ တကား။

မှန်၏။ မောင်ထွန်းသည် အစိုးရစာသင်ကျောင်း မရှိသော ညောင် လု ရွာသားပီပီ ချက်ကျောက်ကြီးကို ပတ္တမြားဟု ထင်မြင်ခဲ့သည်မှာ အင်္ဂလိပ် ခွေးပြေး ဝက်ပြေး ပြေးသည်အထိပင် ဖြစ်၏။ သူတို့ပြေးမှ ငါတို့ ထွေး ပြေးပါပကောဟု သိလိုက်ရ၏။ သို့သော် နောက်လာသော ပထွေး သည် အလျှင်ပထွေးထက် တော်လိမ့်ဦးမည်ဟု ထင်မှတ်မှားမိသေးသည်။ ယခုကား ဂုန်နီအိတ်ကို ဝတ်ရတော့မည်။ ဝဲလည်း ပေါက်လာပြီ။ ငှက်ဖျား သည်း စွဲသဖြင့် လူရုပ် မပေါက်တော့ချေ။ အကျိုးနည်း၊ အရေးထဲမှ "ခွေး တပ် ဆွဲတယ်ဟေ့"ဆိုသောကြောင့် ကုန်းတစ်တန်၊ ရေတစ်တန် ပြေးလိုက်ရ သည်မှာ ဖတ်ဖတ်မော။ ဤအထဲတွင် ပထမ၌ နားကြားလွဲ၍ "ခွေးတပ် ဆွဲသည်" ဟု ထင်မိသောကြောင့်၊ သူကြီးကိုသာဗျော နေရာကို ယူသော ဂျပန်ခေတ်၌ ပြန်လည်ဆန်းသစ်သည့် သူကြီးမင်း၏အဖမ်းကို ခံလိုက်ရ သေး၏။ သူကြီးမင်းအား ဆဋ္ဌမမြောက် ဂျော့ဘုရင်တံဆိပ် ခတ်နှိပ်ထားသည့် ငွေကလေး ငါးကျပ်ကို ပူဇော်ကန်တော့နိုင်သဖြင့် လွတ်မြောက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကံအကြောင်း မလှလေတော့ ဂျပန်လက်ထက် ခေတ်ပျက် ရဲအဖွဲ့သား တစ်ဦး၏ ကစီပတ်ကြောင့် ခရိုင်မြို့အထိ မော်တော်ဘုတ်ကလေးနှင့် လိုက်သွားခဲ့ရသေး၏။ ထိုမြို့ရောက်သောအခါ ချွေးတပ်ဆွဲသည့် ဂျပန် စစ်ဗိုလ်က ဂျပန်ငွေ နှစ်ကျပ်တီတီ ထုတ်ပေး၍ ရဲဌာနသို့ ညနေ ၆ နာရီ အရောက် လာရမည် ဟူသော အမိန့်ကို နာခံရသည်။ ဤအမိန့်ကို ရပြီးသည် နောက်တွင် အပေါင်းအဖော်များနှင့် စု၍ မြောင်းမြမြို့ ကမ်းနားလမ်း ဦးစိန်းမောင်၏ ခေါက်ဆွဲဆိုင်တွင် ခေါက်ဆွဲတစ်ထုပ် ဝယ်စားပြီးလျှင် ညအချမ်းလုံအောင် ဆန်နီအရက်ကလေး လက်ဖက်ရည်ပန်းကန် နှစ်လုံးစာ လောက် ဗိုက်ထဲသို့ ထည့်ပြီးနောက်၊ ပြင်ရွာရောက်အောင် ညတွင်းချင်း ကုန်းကြောင်းလျှောက်ပြီး သကာလ၊ ညောင်ပုလုရွာ တစ်ဖက်ကမ်း လယ် တောထဲ၌ ထမင်းနှစ်နပ် အငတ်ခံကာ ပုန်းအောင်းခဲ့ရ၏။ နောက်မှ ရွာသူ ရွာသားများထံမှ သတင်း စုဆောင်းပြီး ရွာသို့ ဝင်ခဲ့ရသည်။

သည့်နောက်ပိုင်းတွင် တစ်ခါမျှ ရွာထဲ၌ စိတ်ချလက်ချ နေရသည် မရှိ။ မိုးဖြိုင်ဖြိုင် ရွာ၍ အမေ့လယ်ကလေးကို ထွန်ယက်စိုက်ပျိုးရင်း တစ်မိုး လောက် ဏ္ဍန္ဓမပျက် ခိုခဲ့ရဖူးသည်။ သို့သော် နောက်တစ်နှစ်၌မူကား ပြင်စလူမှာ လေယာဉ်ပျံကွင်း ဆောက်ရန်အတွက် ချွေးတပ်အလိုရှိသည် ဆိုသောကြောင့် သံဖြူခရပ်နှင့်စာလျှင် တော်ပါသေး၏ဟု အောက်မေ့၍ ပြင်စလူသို့ ဆင်းခဲ့သည်။ မောင်ထွန်းသည် လယ်သမားဖြစ်သည်။ လယ် လုပ်ရသော အလုပ်လောက် ပင်ပန်းသောအလုပ် မရှိဟု ထင်သည်။ သို့သော် ငါတို့ လယ်သမားမျိုးရိုးပဲ၊ လယ်လုပ်ရသလို ပင်ပန်းသော အလုပ်မျိုးဆိုလျှင် ဘာအလုပ် လုပ်ရလုပ်ရ မထောင်းတာပါ။ နွားနှင့် ကျွဲနှင့် ဖက်ပြီး ရုန်းရ သဖြင့် ပခုံးမှာ အသားမာ ပေါက်နေသည်ကို ကြည့်ကြပါတော့။ ဘယ် ကလောက် ပင်ပင်ပန်းပန်း အလုပ်ကြမ်းကို နိုင်အောင် လုပ်နိုင်ပါသည်။ သို့သော် မောင်ထွန်းမောင် ယခု အလုပ်လုပ်ရပုံကို ကြည့်ပါ။

ဤပြင်စလူ သဲသောင်ပြင်ကြီးသည် လူက လုပ်ထားသော သဲသောင်





ပြင် မဟုတ်ပါ။ နတ်သိကြားများ ဖန်ဆင်းထားသော သဲသောင်ပြင်ကြီး ဖြစ်ပါသည်။ ထို့ကြောင့် ထိုသဲသောင်ပြင်ကြီးသည် သဘာဝအတိုင်း ဖြစ်ပေါ် နေသော လေယာဉ်ကွင်းကြီး ပမာတမျှ ပြန့်ပြူးလှပါသည်။ ချိုင့်ခွမ်း ဟူ၍ တစ်လက်မမျှ မရှိပါ။ အဲ... သို့ပါသော်လည်း အုန်းလက်များ ဟိုတစ်လက် သည်တစ်လက် တင်နေသည်ကို တွေ့နိုင်ပါ၏။ ဗိုင်းထောင့်သီးများကို ဟိုတစ်တောင့် သည်တစ်တောင့် တင်နေသည်ကိုလည်း တွေ့နိုင်ပါ၏။ ခနဲ့ဖောင်များ ဟိုတစ်ခု သည်တစ်ခု တင်နေသည်ကိုလည်း တွေ့နိုင်ပါ၏။ သောင်စပ်၌တင်နေသော အမှိုက်သရိုက်တို့ကို မောင်ထွန်းတို့ ချွေးတပ်အဖွဲ့ က လက်ဖြင့်ကောက်၍ ရှင်းလင်းရသည်။ တစ်နေ့လုံး လုပ်ရသောအလုပ်မှာ လူတစ်ယောက်လျှင် အုန်းလက်တစ်လက်၊ ဗိုင်းထောင့်သီးတစ်သီး၊ ခနဲ့ဖောင် တစ်ဖောင်ကို ကောက်ယူ၍ နေပူကျဲကျဲ၌ ကျောပြင်ကို နေလှန်းပေးရသည့် အလုပ်မျှသာဖြစ်သည်။ ဤအလုပ် ပြီးသောအခါ ဂျပန်တို့က သောင်ပြင်၌ပင် ထုတ်လုပ်သော ငွေစက္ကူအသစ်ကျပ်ချွတ်ကို ရက်ရက်ရောရော ပေးကြပါ၏။ သို့သော် ၎င်းတို့ပေးသော ငွေစက္ကူမှာ ခြောက်ပြားမျှ မတန်ပါ။ သို့ရာတွင် ထိုငွေစက္ကူများကိုပင် စုပေါင်း၍ စရိတ်လုပ်ပြီးလျှင်၊ ထမင်း ဟင်း စသည်တို့ ကို ပြင်စလူ ရွာသားများအား အချက်ခိုင်းရသည်။ ပထမသော် ငါးပိ တို့စရာ များ လှိုင်လှိုင် စားရပါ၏။ နောင်သောအခါ ငါးပိ မပါ၊ ငရုတ်သီး မပါ၊ တို့စရာ မပါ၊ ဆားနှင့် ထမင်းချည်းသက်သက်ကိုသာ စားခဲ့ရ၏။ တစ်ခါ တစ်ရံ ချွေးတပ်ဂျပန်တို့က ပေးသနားတော်မူသော သကြားကိုမူတည်၍ ပြင်စလူ ကမ်းခြေရှိ အုန်းပင်များမှ အုန်းသီးကို တက်ခူးပြီးလျှင် အုန်း ဆန်ပြုတ် လုပ်၍ သောက်ရသည်မှာ အရသာ ရှိပါဘိ။ သို့ရာတွင် တစ်ချိ တစ်ချိ၌ ကင်ပေတိုင်က ပြင်စလူ ချွေးတပ်စခန်းကို လာ၍ 'တာကင် ရှိ သလား၊ တာကင် ရှိသလား'ဟု မေးမြန်းသည့်အခါ လိပ်ပတ်လည်အောင် ပြောတတ်သူတို့မှာ အဝီစိငရဲသို့ ဖောက်ထိုးမိုးမျှော် ကျကြရလေသည်။

မောင်ထွန်းက "တာကင်"ဆိုတာ ဂျပန်လို ပြောသည် ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အနီးအနားရှိ လုပ်ဖော်ကိုင်ဖက်တို့ကို တိုးတိုးမေးကြည့်သည်။ ထိုအခါ စိတ်မရှည်နိုင်သော သူတို့က 'မင့်နှယ်ကွာ တောသားလည်း ဆိုသေး၊ အ ကလည်း အလိုက်တာ၊ သခင်တွေကို စစ်နေတာကွ'ဟု ဆောင့်ကြီးအောင့်ကြီး ပြောလေသည်။ ဤတွင်မှ မောင်ထွန်းသည် အလင်းရောင်ကို ရသည်။ သခင် ဟူသော ဝေါဟာရမှ ဆက်စပ်၍ တွေးကြည့်လိုက်သောအခါ ဘီအိုင်အေ ပေါ်လာသည်။ ဘီအိုင်အေက ဘီဒီအေ ဖြစ်လာသည်ကိုလည်း လူပြော သူပြောနှင့် ရေးတေးတေး ကြားဖူးသည်။ တစ်ဖန် ဘီဒီအေ ဟူသော အမည် မှေးမှိန်သွားပြီးလျှင် ဗမာ့တပ်မတော်ဟု ဟိုးဟိုးကျော်လာသည်ကို နားလည်သည်။ ဗမာ့တပ်မတော်ဟု ဆိုသောအခါ ဗိုလ်ချုပ်အောင်ဆန်းကို သတိမရဘဲ မနေနိုင်ချေ။

လွတ်လပ်ရေးကို လက်လွတ်ရသော အခါကျမှပင် လွတ်လပ်ရေး၏ အရသာ ပေါ်လာသည်။ မောင်ထွန်းသည် အင်္ဂလိပ်တို့ စီမံဖန်တီးပေးသော ကျောင်း၌ စာမသင်ခဲ့ဖူးသော်ငြားလည်း ဘုန်းကြီးကျောင်း၌ မင်္ဂလသုတ်၊ နမက္ကာရ ပါဠိအနက်၊ ပရိတ်ကြီး စသည်တို့ကို သင်ခဲ့ရဖူးသူ ဖြစ်ခြင်းကြောင့် ဒုက္ခာမုဥ္စန္တိ ဟူသော ပါဠိကို အနက်ပြန်နိုင်ပါသည်။ ငယ်စဉ်က မုဥ္စန္တိကို မုန့်ဆန်း မုန့်ဆန်းဟု အပြောင်အပြက် ပြောခဲ့ဖူး၏။ သို့သော် တကယ်တမ်း ဒုက္ခနှင့် တွေ့သောအခါ မုန့်ဆန်းကလေးကိုမျှ မစားရသောကြောင့် မုဥ္စန္တိ၏ အနက်ကို ပို၍ သိလာရသည်။ ဤဥပမာအကြမ်း အတိုင်းပင် ယခု လွတ်လပ်ရေးနှင့် ကင်းဝေးသည်တွင်မှ လွတ်လပ်ရေး၏ တန်ဖိုးကို နားလည်လာလေသည်။

ထို့ကြောင့် စိတ်တွင် ဆုံးဖြတ်လိုက်သည်။ သို့သော် ထိုဆုံးဖြတ်ချက်ကို မည်သူ့ကိုမျှ မပြော။ အိမ်ရောက်မှ အမေ့ကို ပြောမည်။ အမေ့ကို သတိရသောအခါ အမေတို့ အိမ်တောင်ဘက်မှာ ကောက်စိုက် အငှားလိုက်သော မယ်မျှင်ကို သတိရပြန်သည်။ မယ်မျှင်နှင့် မတွေ့ရသည်မှာ ဂျပန်တက်ပြီးစ အချိန်ကစ၍ ဖြစ်သည်။ သူ့ကို ကြိုက်ရ ကောင်းမလား၊ မကြိုက်ရ





ကောင်းမလားဟု စဉ်းစားရင်းနှင့်ပင် ဂျပန်ခွေးတပ် အဆွဲခံရသည်ဖြစ်ရာ သည့်တစ်ခါတော့ ရွာရောက်လျှင် သင်းကလေးကို ပြောဖြစ်အောင် ပြောတော့မည်။

ဩော်... မယ်မျှင်၊ မယ်မျှင်။ သူ အမှန်တကယ် မောင်ထွန်းကို ချစ်မိမှာပါပဲ။ ချစ်တာကို မိန်းမကစပြီး ပြောရမည်လော။ စင်စစ်တော့ မောင်ထွန်း ဆိုသည့် မောင်ထွန်းက နှုတ်လေးနေသောကြောင့် သည်ကိစ္စ သည်မျှလောက် သံသရာရှည်ခဲ့ခြင်း ဖြစ်၏။ အမေကလည်း သဘောတူမှာ အမှန်ပင်။ တစ်ခါတစ်ရံ အမေက မယ်မျှင့်ကို သူ၏ချွေးမကလေး ဖြစ်ပါစေတော့ ဟူ၍ ကျီစယ်သည်။ သို့ကလို ကျီစယ်သောအခါ မယ်မျှင်က မျက်လုံးကလေး လှန်လှန်ပြီး မောင်ထွန်းကို ကြည့်သည်။ မောင်ထွန်း၏ ရင်ထဲတွင် ပွစွန်ဆိတ် ဝင်၍ ခုန်သကဲ့သို့ တဆတ်ဆတ် ဖြစ်သွားသည်။ သို့သော် ငယ်ပါသေးတယ်လေ။

ဤစိတ်ကူးကြောင့် မပြောရက်နှင့် နေခဲ့ရသည်။ ယခု ပြောမည်ကြံလိုက်သောအခါ မိမိသည် တောပုန်းဘဝသို့ ကျရောက်ရတော့မှာပါတကားဟု စဉ်းစားရင်း ငိုချင်သလိုလို ဖြစ်လာသည်။

သို့နှင့်ပင် အောက်လင်းကြီး တစ်တိုင်တည်း ထွန်းထားသော ဇာတ်စင်နားသို့ ရောက်လာသည်။ အနီးသို့ရောက်မှ မြင်ကွင်းစုံစုံ မြင်ရသည်။ အငြိမ့်သမ ဆိုသူမှာ က ဆို၍သာ က ရသည်။ စိတ်ပါဟန် မရှိ။ ထူးဆန်းသည်မှာ ပွဲကြည့်သူတို့ကလည်း စိတ်ချမ်းသာသော အမူအရာကို မပြကြ။ ရွှေတိုင်ညွန့်၏ "လွတ်လပ်ပြီ၊ လွတ်လပ်ပြီ၊ တို့ပြည် လွတ်လပ်ပြီ။ အောင်သပြေကို ဆွတ်ခါအတည်၊ ငါတို့ ကိုင်ဆောင်မည်"ဆိုသော အသွားကလေးမှာ လွတ်လပ်ရေး မရှိမှ အရသာပေါ်သော မောင်ထွန်း၏ နှလုံးသားကို ဆွဲခါလိုက်ဘိ သကဲ့သို့ပင် ရှိငြားသော်လည်း ကပြသူနှင့် ပွဲကြည့်ပရိသတ်တို့မှာကား ဝမ်းပန်းတသာ အမူအရာကို မပြကြချေ။ ဝမ်းနည်းသော အမူ



www.burmeseclassic.com

www.burmeseclassic.com



အရာ မပေါ်ရအောင် ဖုံးဖိသိုသိပ်သော သဘာဝသာလျှင် ပေါ်လွင် ထင်ရှား လျက် ရှိသည်။

သို့သော် ရေနံဆီမီးတိုင် အသီးသီးနှင့် ဝိုင်းဖွဲ့နေကြသော လေးကောင် ဂျင်ဝိုင်း၊ ခြောက်ကောင်ဝိုင်း၊ ကြိုးထိုးဝိုင်းတို့၌ လူစုနေကြပုံမှာကား ယခင် သူတွေ့ခဲ့ဖူးသော သူကြီးဦးသာဗျော၏ ပရိသတ်စုံချိန်ကို မမီသော်လည်း သူ့အခြေအနေနှင့်သူ အတော် စည်စည်ကားကား ရှိသည်ဟု ယူဆမိသည်။ ဦးသာဗျော၏ ကြက်ဝိုင်းထက် ပို၍ ဂုဏ်သိက္ခာရှိသော အချက်မှာ ရှေးယခင်က ကြက်ဝိုင်းအမှုလိုက် ပုလိပ်တော်မင်းများ ကိုယ်တိုင် ကြီးကြပ်ခြင်းဝင် ဖြစ်သည်။ ရောက်ဆဲခေတ်၌ ယင်းပုလိပ်တော်မင်းများကို ကျေးရွာ ရွာသူ ရွာသားတို့က ရဲသား၊ ရဲကြပ်၊ ရဲဗိုလ်မှူး စသည်ဖြင့် အမွှမ်းတင်ကြသည်။ သို့သော် မောင်ထွန်း မျက်စိထဲတွင် သင်းတို့ဟာ သင်းတို့ပါပဲ။ ငါးပိကို မည်သည့်နာမည်ပေးပေး ငါးပိစော်နံသည်ချည်း ဖြစ်၏ဟု ဥပဒေ ချမှတ်မိ သည်။ သို့သော် ရဲသား၊ ရဲကြပ် စသည်တို့ စုဝေးရာနှင့် မိမိမှာ သဟဇာတ မဖြစ်နိုင်။ ပြုံစလူ စခန်းမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ငှက်ဖျားသက်သေထူ၍ လှည့်ပတ်ဖြားယောင်း ထွက်လာခဲ့ရာ၊ ဤနေရာ ဤကာလ၌ ရဲသားတို့၏ အစစ်ကို ခံရလျှင် ယခင် သူကြီးဦးသာဗျော ရှိစဉ်က ကဲ့သို့ တစ်ရွာလုံး တညီတညွတ်တည်း မိမိဘက်လိုက်၍ သက်သေ ခံကြမည် မဟုတ်။

ထို့ကြောင့် ကုပ်ကုပ် ကုပ်ကုပ်နှင့် ရွာထဲကို ဝင်ခဲ့လေသည်။ ပထမ၌ ရွာထဲက ခွေးများ ဟောင်ကြသည်။ အိမ်စောင့်ကျန်ရစ်သောသူ အချို့က ချောင်းဟန့်ကြ၏။ ဘယ်သူလဲဟု မေးကြ မြန်းကြ၏။ ကျွန်တော်ပါဟု မသဲမကွဲ ဖြေရင်းနှင့် အမေရှိရာ အိမ်သို့ ကပျာကသီ ချဉ်းကပ်ခဲ့သည်။

အမေသည် မအိပ်နိုင်ဘဲ အိပ်ရာထဲ၌ လူးလွန့်နေဟန် တူသည်။ ထို့ကြောင့် အမေဟု အသာကလေး အသံပြုလိုက်သောအခါ အမေက လူ ကလေးလားဟု မေးသည်။ အမေရယ် မောင်ထွန်း ပြန်လာမည် ဆိုသည်ကို





ည်သို့သိပါသနည်း။ ဘုရားက ပြောလို့ သိတာပေါ့ သားရယ်။ အမေက ဤသို့ ဆိုသောအခါ မောင်ထွန်းသည် နို့စို့ကလေးကဲ့သို့ အမေ့ရင်ခွင်ထဲ ခေါင်းလျှို၍ ဝင်သည်။ အမေက မောင်ထွန်းကို ပွေ့ရင်း မျက်ရည်ဖြိုင်ဖြိုင် ကျသည်။ မောင်ထွန်းလည်း အည်းအည်းမြည်ကာ ငိုလေသည်။

သို့သော် ဤအငိုသည် အဘယ်သောအခါကျမှ ရပ်ရပါမည်နည်း။ အမေ့ပြောစကား ကြားရသည်မှာ မဟာမိတ် လေယာဉ်ပျံများက ရင်ထဲဝင်ပြီး က်သေနတ်နှင့် တရစပ် ပစ်သလို ပါပဲကလား။ ဘယ်လိုလဲ အမေရယ်၊ ြန်ပြောပါဦး၊ မယ်မျှင်ကလေးလေ၊ ဘယ်လိုဖြစ်တာတုံး အမေရဲ့။ မောင် ထွန်း အသည်းထဲ ကျွဲအုပ်ကြီး ဝင်လို့ ခတ်ပါပေါ့လား။

မောင်ထွန်းရေ၊ လူကလေးရ၊ စိတ်ကို ဖြေပါကွယ်။ လူကလေး မောင်ထွန်း ငါ့သားကြီး၊ ယောကျ်ား မဟုတ်လား။ မုဆိုးမ သားအမိမှာ ိသားနှင့် ဒီအမေသာ ရှိသည်။ အားကိုးရမည့် သားကလေးမို့ မယ်မျှင်နှင့် နေ့ရာချလိုက်ရလျှင် ကောင်းမှာပဲဟု အံမြဲတမ်း အမေ တွေးသည်။ သို့သော် စစ်ကြီး ဖြစ်၊ ကာလပျက်၊ ဓားပြတိုက်၊ ချေးတပ်ဆွဲ၊ စပါးပုံလု၊ နွားသတ်၊ သစ်ခေါက်ခွာ အစရှိသည်ဖြင့် ဂျပန်များ တက်လာမှ တစ်ရွာလုံး သောက် သောက်လဲ ပျက်စီးရသောအခါ၊ အမေ့သား မောင်ထွန်း အဘယ်မှာ နေသည် သိရနိုင်မို့ နေ့ရှိညမျှ အမေမှာ မျက်ရည်နှင့်မျက်ခွက် ဖြစ်ခဲ့ရသည်။ သို့သော် ယ်မျှင် ရှိလို့ တော်သေး၏ ဟု အမေ ယူဆခဲ့သည်။ အမေ ယူဆ၍ ကြာခင် ဂျပန်ကုမ္ပဏီက မဒမခေါက် ခွာဖို့ လာကြသည်ဟု ကြားရသည်။ ောက်ပိုင်းမှာကား စပါးဆွဲ၊ နွားဆွဲနှင့် သောင်းကျန်းလာကြသည်။ ောက်ဆုံး လူပါ ဆွဲ၏။ အဆွဲခံရသော လူစာရင်းထဲမှာ မယ်မျှင်ကလေး က်စိ ပေကလတ် ပေကလတ်နှင့် ထိပ်ဆုံးက ပါသွားပါလေရော။ အဲဒီညက ယ်မျှင်ကလေး ငိုပြီး အိမ်ပြန်လာသည်။ သူ့ကို သူ့အိမ်သားများက ချော့မေး သည်။ အမေကလည်း ချော့မေးသည်။ သူက မေးတိုင်း ငိုသည်။ ကြာတော့ မေးပုံအောင် ထမင်းမစား ဟင်းမစားနှင့်။ တစ်ရက်က နှစ်ရက်၊ နှစ်ရက်က



www.burmeseclassic.com

www.burmeseclassic.com



သုံးရက်၊ သုံးရက်မြောက်တဲ့ နံနက်ခင်းမှာ မယ်မျှင်က သူ့အိမ်ကို ပြောသည်။ မယ်မျှင် ရေခပ်သွားဦးမည် ဆိုသည်။ သို့သော် မွန်းတည့်ချိန်အထိ အိမ်ပြန် မလာ၍ အိမ်သူအိမ်သားများ လိုက်သွားကြသည်။ အမေလည်း မနေနိုင်၍ မယ်မျှင်တို့ အိမ်သားများနှင့်အတူ လိုက်သွားသည်။

ဆီးပင်အောက်မှာ လူကလေးရေ့၊ ဆီးပင်အောက်မှာ။ နဖားကြိုး ကလေး တွဲလောင်းနှင့် မြင်မကောင်း ရှုမကောင်းပါကလား။ အမေသည် ဆွဲကြိုးချလိုက်သည်ကို တစ်သက်နှင့် တစ်ကိုယ် တစ်ခါမျှ မမြင်ဖူးသော ကြောင့် ခေတ္တ နလုံးသွေး ရပ်သွားသည်။ မယ်မျှင်တို့ အိမ်သူအိမ်သားများက အမေကိုဝိုင်းပြီး နှာနှတ်ကြသည်။ သို့သော် အမေ့မျက်စိထဲမှာမူကား ထို အနိဋ္ဌာရုံကြီးသည် ထွက်မသွားနိုင်ချေ။ သမန်းလျှော်ကြိုး နဖားကြိုးက လည်ပင်းပတ်လည် နစ်နေသည်။ မယ်မျှင်သည် အသားလတ်သူကလေး ဖြစ်သည်။ ထို့ကြောင့် နဖားကြိုး နစ်နေသော လည်ပင်းအောက်ကို ကြည့် လိုက်လျှင် သွေးခြည်များ ဥနေသည်ကို အထင်းသား မြင်ရသည်။ ဤ ကိစ္စဖြစ်သည်မှာ နာရီပိုင်းသာသာမျှသာ ကြာသေးသည် ဖြစ်ခြင်းကြောင့် သွေးခြည်ဥသော နေရာ၌ အနီရောင် မရောက်သေးဟုပင် ထင်မိသည်။ သို့သော် အချို့ကလည်း ညိုမည်းလာသည်ဟု ပြောကြသည်။ အမေက မိမိ မတော်လိုက်ရသော ချွေးမလောင်းကလေး ဖြူဖွေးဖွေး၏ လည်ပင်းသည် နီထွေးထွေးပင် ဖြစ်နေသေးသည်ဟု ထင်လိုက်၏။

မောင်ထွန်းသည် ရင်ဘတ်ထဲ ရှားမီးကျီး ထိုးလိုက်သော အပူမျိုး၏ အကြီးအကျယ် လှိမ့်၍ လှိမ့်၍ ခံစားခဲ့ရသည်မှာ အမေသာ အနားမှာမရှိလျှင် မယ်မျှင် နောက်သို့ ကောက်ကောက်ပါအောင် လိုက်ရဖို့ ရှိသည်။ သို့သော် အမေ ပြောသကဲ့သို့ပင် ငါ ယောကျ်ားပဲဟု စိတ်ကိုတင်းသည်။ ညောင်ပုလု တွင် ဤကဲ့သို့ စိတ်တင်းရင်းနှင့် နှစ်ရက်၊ သုံးရက်ခန့် နေပြီးသော် မိမိစိတ်၌ ဆုံးဖြတ်ချက် ချခဲ့သည့်အတိုင်း အမေ့ကို ပြောပြသည်။

အမေ စဉ်းစားပါ။ အများကတော့ ဂျပန်ပေးသော လွတ်လပ်ရေး





နစ်ပတ်လည်ကို ကျင်းပသည် ဆိုပါသည်။ သို့သော် လွတ်လပ်ရေး ဆိုသည် မှာ သူတစ်ပါး ပေးမှရသည် ဆိုသည်ကို မောင်ထွန်း မယုံနိုင်ပါ။ မောင်ထွန်း သည် ဘာရာဇဝင်ကိုမျှ မဖတ်ဖူးပါ။ သို့သော် မောင်ထွန်းတို့၏ နေထိုင်ရာ မြန်မာပြည်သို့ ဂျပန်က မိုင်ပေါင်း ထောင်သောင်းမက ဝေးရာမှ ကြွချီလာ၍ မြန်မာပြည်သားတို့အား လွတ်လပ်ရေးကို ပေးသည် ဆိုသည်မှာ ယုတ္တိတန် သည်ဟု မထင်ပါ။ သူတို့ ပေးသော လွတ်လပ်ရေးသည် အမေ မြင်ခဲ့သော မြောက်ကောင်ဝိုင်း လွတ်လပ်ရေးလောက်ပဲ ရှိပါလိမ့်မည်။ ဆရာ ဘုန်းတော် ကြီး အမိန့်ရှိဖူးသည်မှာ မိမိတို့၏ လွတ်မြောက်ရေးကို မိမိတို့သာလျှင် ကြိုးပမ်းရာ၏ဟု ဆိုပါသည်။ မောင်ထွန်းက ဤစကားသည် လွတ်လပ်ရေး ကို တိုက်ယူမှ ရသည် ဟူသော စကားနှင့် အတူတူဟု မှတ်ယူသည်။

ထို့ကြောင့် တိုက်မှ ဖြစ်မည်။ အမေက မောင်ထွန်းကို ခွင့်လွှတ်ပါ။ မောင်ထွန်း ကန်တော့ပါသည်။ အမေ့ဂုဏ်ကျေးဇူးကြောင့် သားမောင်သည် ခလုတ်မထိ ဆူးမငြိ ဖြစ်မည်ဟု ယူဆပါသည်။ သို့သော် အမေ ရယ်၊ စစ် ထွက်သည် ဆိုသည်မှာ ပျော်ပွဲစားထွက်သည် မဟုတ်ပါ။ လူဆိုတာ သေမျိုး ချည်းပါပဲ။ သို့သော် သေသော်တည့်မှ ကိုယ့်တိုင်းပြည်ကို ချစ်သော စိတ်နှင့် သေရခြင်းက မြတ်သည် ထင်ပါသည်။

အမေသည် ချုံးမဲချ၍ ငိုသည်။ သို့သော် ကျိတ်၍ ကျိတ်၍ ငိုရခြင်း ကြောင့် အသံမထွက်။ အသံ မထွက်အောင် ငိုရခြင်းကြောင့် အမေ ရင်နာ၏။ ငင်စစ် အမေသည် မောင်ထွန်းအား သွားခွင့်မပေးလို။ သို့ရာတွင် တား၍မရ ဆိုသည်ကိုလည်း သိ၏။ ထို့ကြောင့် လူကလေး ခလုတ်မထိ ဆူးမငြိပါစေနှင့် ဟု ဆုတောင်းသည်။ မောင်ထွန်းက ဤဆုတောင်းခြင်းသည် ခွင့်ပေးခြင်းပင် ဖြစ်သည်ဟု စိတ်တွင် မှတ်ယူ၍ ဗမာ့တပ်မတော်ရှိရာ နေရာဒေသသို့ ထွက် လာခဲ့လေသည်။

စစ်သားဖြစ်ရန် အခြေခံ ဘာတစ်ခုမျှ မရှိဘဲလျက်နှင့် ပြင်းပြသော စိတ်ဓာတ်ကို မူတည်၍ နေ့မဆိုင်း ညမဆိုင်း နေပူကျဲကျဲကြီးမှာ လေ့ကျင့်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ လယ်သမားမို့သာ ခံနိုင်သည်။ တော်ရုံတန်ရုံ ဆိုလျှင် လေ့ကျင့်ရင်းနှင့် လျှာထွက်၍ သေရလိမ့်မည်။ သို့သော် အမေ့အတွက်၊ မယ်မျှင်အတွက် တိုင်းပြည်အတွက် စသည်ဖြင့် စိတ်တွင် ရည်မှန်းရင်းနှင့် ကြိုးစား၍ လေ့ကျင့်ခဲ့ရာ သာမန်တပ်သားမျှသာ ဖြစ်စေကာမူ အရေးကြုံလျှင် တပ်ကြပ်ကြီး၏ တာဝန်ကိုပင် ထမ်းဆောင်နိုင်သော အရည်အချင်းနှင့် ပြည့်စုံလာလေသည်။ သို့ရာတွင် မိမိရည်ရွယ်သည်မှာ ဂျပန်ကိုချဖို့ ရည်ရွယ်ခြင်းဖြစ်သည်။ ယခုမှာမူ ဂျပန်ကို မချရဘဲ ဂျပန်နှင့် ပူးပေါင်းရသော အဖြစ်သို့ ရောက်နေပါတကား။ ထို့ကြောင့် မောင်ထွန်း စိတ်ထဲတွင် ဘဝင်မကျလေ။

ထိုအခါ တောသူတောင်သားကြီးပီပီ ရဲဘော်ရဲဘက် အချင်းချင်းတို့အား ရှင်းရှင်းကြီး မေးကြည့်မိသည်။ ရဲဘော်တို့က ငုံးဆူ လူမသိဟု ဆို၍ မောင်ထွန်းကို ကျီစယ်ကြ၏။ တစ်နေ့ကျလျှင် အကြောင်းသိမည်ဟုလည်း ဆိုကြ၏။ နှုတ်လုံရမည် ဟုလည်း သတိပေးကြ၏။

တစ်နေ့သောအခါ ရန်ကုန်မြို့ရှိ ဗမာ့တပ်မတော် စခန်းကြီး၊ စခန်းငယ်မှ တပ်သားများသည် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြသည်။ မောင်ထွန်းလည်း ယခုမှပင် ဘဝင်ကျဟန် တူသည်။ ထို့ကြောင့် တော်လှန်ရေး အမိန့်ကို နာခံ၍ မိမိနေထိုင်ရာ အရပ်နှင့် မနီးမဝေးတွင် တာဝန်ကို ထမ်းဆောင်ရန် ရဲဘော်သုံးဦးကို အဖော်ခေါ်၍ ကိုယ်ရောင်ဖျောက်ခဲ့လေသည်။ ရဲဘော်တို့ကို အဖော်ခေါ်လာသည် ဆိုသည်မှာလည်း စင်စစ်အားဖြင့် သူတစ်ကွဲ ငါတစ်ကွဲ သတ်မှတ်ရာနေရာသို့ မိမိအစွမ်းနှင့် မိမိ စုဝေးရခြင်း ဖြစ်သည်။ ထို့ကြောင့် ပုန်းလျှိုး ငုက်လျှိုးနှင့် တစ်ရွာဝင် တစ်ရွာထွက် လာခဲ့ကြရာ၊ သရဲပုန်းချောင်း ကမ်းပါးဘေးရှိ လေးအိမ်တန်းရွာကလေးသို့ ညအချိန်မတော် ဆိုက်ရောက်လာကြသည်။ ချိန်းဆိုထားသော ရဲဘော်သုံးဦးနှင့် ဆုံမိကြသည်။

ထိုညခြံ ရွာမဝင်ဝံ့သေးဘဲ ဖျိုက်တောထဲရှိ လမုပင်များ အကြားတွင် ငုတ်တုတ်ထိုင်ရင်း မိုးလင်းခဲ့လေသည်။





မိုးသောက်ချိန် ရောက်သောအခါ ရွာ၏ အရိပ်အကဲကို ကြည့်၍နေကြသည်။ တပိုတပါးသွားရန် လာသော ရွာသားကြီးတစ်ဦးနှင့် လမုပင်အနီးတွင် ဆုံမိကြသောအခါ မောင်ထွန်းနှင့် အဖော်တို့က ဂျပန် ရှိ မရှိ မေးကြသည်။ ရွာသားကြီးက မရှိဟု ဆိုသည်။ သွေးက ပြောနေသောကြောင့် ဆလော မသိ၊ ရွာသားကြီးက ရဲဘော်တို့၏ အမူအရာကို ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် အကြောင်းကို ရိပ်မိ၍ ရွာတွင်းသို့ ခေါ်ဆောင်ပြီးလျှင် အစားအစာတို့ကို ကျွေးမွေးပြုစုသည်။ တစ်ရွာလုံးတွင် ကျား မ ကလေး လူနှစ်ဆယ်၊ သုံးဆယ်မျှပင် မပြည့်ချေ။

ရွာသားကြီး၏ တဲပေါ်သို့ ရောက်သောအခါ ပုဆိုးဖြင့် ထုပ်လာသော နိုင်ဖယ်သေနတ်များကို အသာဝှက်၍ အကျိုးအကြောင်း ရှင်းပြသည်။ ရွာသားကြီးမှတစ်ဆင့် အားလုံးသော ယောကျ်ားကြီးများက သူတို့၏ကျေးရွာမှာ ဂျပန်နှင့် အလှမ်းဝေးသော်ငြားလည်း၊ ဤသရဲပုန်းရေကျော်မှာ ကျေးရွာအဆင့်ဆင့်သို့ ကူးသန်းစရာ ဗဟိုချက်မ ဖြစ်သောကြောင့် ဂျပန်တို့ လှေသမ္ဗန် မော်တော်နှင့် ဆင်းလာလျှင် ဒုက္ခများစရာအကြောင်း ရှိသည်။ အထူးသဖြင့် သတိထားရန်မှာ မောင်ထွန်းတို့လူသိုက် လေးအိမ်တန်း မရောက်မီကြားရသော သတင်းဆိုးကြီး ဖြစ်သည်။ မြောင်းမြမြို့တွင် တော်လှန်ရေးသမား လူငယ်များအားလုံးကို ကင်ပေတိုင်က ဖမ်းဆီးထားပြီးပြီ။ သူတို့မှာ လွတ်လမ်းမရှိ၊ ကယ်မည့်သူလည်း မပေါ်လာ။ ပေါ်လာတော့လည်း ကင်ပေတ လက်ဦးသဖြင့် ကယ်နိုင်မည့်သူများ ထပ်မံ အဖမ်းခံရသည် ကြားသည်။ ဂျပန်ကို ရဲဘော်သုံးလေးယောက်နှင့် ခံချလျှင် အန္တရာယ်ရှိသည်။ ထို့ကြောင့် ဤရွာမှာ ပုန်းအောင်းနေပါ။ မရှိအတူ ရှိအတူ နေကြပါမည်။ အကြောင်းပေါ်လာလျှင်မူကား မိမိတို့ တတ်သမျှ မှတ်သမျှ အကူအညီ ပေးပါမည်။ သို့သော် အားမတန် မာန်လျှော့ ဆိုသော စကားလည်း ရှိသေးသည်။

သို့သော် မောင်ထွန်းက သူတို့အတွက် မပူပါနှင့်။ ဂျပန်လာလျှင်သာ အချက်ပေးပါ။ ရွာမှာ ညီညွတ်ဖို့ အရေးကြီးပါသည်။ နှုတ်လုံခြင်းသည်း



www.burmeseclassic.com

www.burmeseclassic.com



အမိက ဖြစ်ပါသည်။ အရေးကြုံလျှင် ကူညီပါ။ သို့သော် ရဲဘော်တို့အတွက် အသက်အသေခံစရာ မလိုပါ။ လက်နက်မဲ့သူတို့သည် ဘေးရန်ကိုမြင်လျှင် ကနစိုတောထဲ ဝင်ပုန်းကြပါ။ မိမိတို့ကသာ ရွာသူရွာသားများကို အသက် ပေး၍ စောင့်ရှောက်ပါမည်။ ဤသို့ စသည်ဖြင့် ပြောဆိုလေသည်။

မောင်ထွန်းသည် ဂျပန်ကို တွေ့လို၏။ သို့ရာတွင် ဤမျှလောက် ချောင်ကျရာနေရာ၌ တွေ့နိုင်မည် မထင်ပါ။ ထို့ကြောင့် ရွာထဲတွင် လွတ် လွတ် လပ်လပ် နေထိုင်၍ ရွာသူရွာသားတို့နှင့်အတူ ထင်းခွေ၊ ရေခပ် စသည့် အလုပ်မှသည် သား ငါး ရှာသည့် အလုပ်အထိ ကူညီလုပ်ကိုင် ပေးသည်။

ထိုညက မောင်ထွန်းသည် တော်တော်နှင့် အိပ်မပျော်ချေ။ တစ်ရေး လောက် ငိုက်လိုက်ပြီဟုဆိုလျှင် မယ်မှျင်ကို အိပ်မက် မက်သည်။ ထို့ကြောင့် စိတ်စနောင့်စနင်း ရှိသည်နှင့် အနီးရှိ ရိုင်ဖယ်ကိုကိုင်ကာ အမှောင်ထုထဲသို့ ထွင်းဖောက်သော မျက်စိအစုံနှင့် ကြည့်သည်။ ကြည့်ရင်း ကြည့်ရင်းနှင့် အဘယ်မျှကြာအောင် အိပ်ပျော်သွားသည် မသိ၊ ရွာထဲတွင် ရုတ်ရုတ်သဲသဲ အသံကြားမှ လန့်၍နိုးသည်။

လေးအိမ်တန်းရွာတွင် ရုတ်ရုတ်သဲသဲ ဖြစ်သည်ဆိုသည်မှာ ရွာသား ကြီးနှင့် အဖော်လေးငါးဦးတို့ အချင်းချင်း တီးတိုး တိုင်ပင်ခြင်းမျှသာ ဖြစ် သည်။ သို့သော် တိတ်ဆိတ်ခြင်းနှင့် ပြည့်စုံသော အရပ်ဒေသ၌ အပ်ကျသော အသံပင်လျှင် သေနတ်သံလောက် ကျယ်သည်ဟု ထင်မှတ်ရသည်။ ထို့ ကြောင့် မောင်ထွန်းသည် ရဲဘော်သုံးဦးတို့ကို လက်ကုတ်၍ နှိုးသည်။ အားလုံး ပင် လက်နက် အသင့်ပြင်ပြီးသား ဖြစ်နေကြသည်။ အတန်ကြာသော် ရွာသား ကြီးက လာကုန်ပြီဟု ဆိုသည်။

သရဲပုန်း ရေကျော်ထဲမှ မော်တော်ဘုတ်အသံလိုလို ကြားရသည်။ ဤအချိန်တွင် မိုးလည်း အတန်ငယ် လင်းလာပြီ။ ထို့ကြောင့် မောင်ထွန်း သည် ရွာသားတို့ကို အခြေမပျက် မိမိတို့တဲအိမ်၌ပင် နေထိုင်ကြရန် မှာကြား





ပြီးလျှင်၊ ရဲဘော်သုံးဦးကို ခေါင်းဆောင်၍ သရဲပုန်း ရေကျော်ချောင်းဦးချောင်း ဆိပ်ရှိ ညောင်ပင်အိုကြီး ရှိရာသို့ ကိုင်းတောနှင့် ဓနိတောများကို ဖြတ်၍ သွားကြသည်။ ညောင်ပင်အိုကြီးမှာ ညောင်ရွက် ကျိုးတိုးကျဲတဲနှင့် ချောင်းထဲ သို့ ငိုက်နေသည်။ ကမ်းစပ်ရှိ ကုန်းပြင်မြင့်ကလေးကို ရေတိုက်စားထားသဖြင့် ညောင်မြစ်များပင် ပေါ်နေသည်။ ထိုညောင်မြစ်တို့သည် သရဲပုန်း ရေကျော်ထဲ ကို ဆင်းပြီးလျှင် ညောင်ပင်အိုကြီး ပြိုမကျအောင် ကျားကန်ပေးနေသကဲ့သို့ ရှိသည်။ သို့သော် ညောင်ပင်အိုကြီးကို တွန်းချလိုက်လျှင် ရေထဲသို့ ကျသွား သိမ့်မည် ဟူ၍ပင် ထင်မှတ်ရသည်။

မောင်ထွန်းသည် ရဲဘော်သုံးဦးအား လူချင်းခွဲ၍ နေရာယူရန် စီမံ သည်။ အမှောင်ရိပ် မကုန်သေးသောကြောင့် အကာအကွယ် ကောင်းကောင်း ကို စိတ်တိုင်းကျ ရှာယူနိုင်ရန် အချိန်ရကြသည်။ မောင်ထွန်းက ရဲဘော်တို့ အား ရန်သူမြင်လျှင်မြင်ချင်း အရမ်းမပစ်ဘဲ အရိပ်အခြည်ကြည့်ပါဟု အထပ် ထပ် အခါခါ မှာသည်။ ဤအချိန်တွင် ဂျပန် မော်တော်ဘုတ်သည် ဖွတ်ချက် ဖွတ်ချက်ဖြင့် မြည်ကာ ညောင်ပင်အိုကြီး အနီးသို့ တရွေ့ရွေ့ လာနေသည်။ မောင်ထွန်းက ပစ်ကွင်းကို ရှာနေဟန် တူသည်။ ညောင်ပင်အိုကြီး၏ ပါးပျဉ်း ပေါ်တွင် သေနတ်ကိုမေးတင်၍ စောင့်နေစဉ် အရှေ့ပြဗ္ဗာ ဝိဒေဟာမှ နေမင်း သည် ရောင်ခြည်ကိုစ၍ ဖြန့်ရန် အားယူလိုက်သည်။ မော်တော်ဘုတ်ဦးတွင် စက်သေနတ်တစ်လက် ထောင်၍ ဂျပန်တစ်ကောင် ချောင်းမြောင်းနေသည် ကို တွေ့ရသည်။ သို့သော် မှုန်မွှားမွှားထဲ၌ မော်တော်ပေါ်ရှိ ဂျပန်အားလုံး ဘယ်နှယောက်ပါ၍ ဘာကို လုပ်နေကြသည်ဟု မမြင်ချေ။ မောင်ထွန်းက ဤမော်တော်သည် ရှေ့ပြေးမျှသာ ဖြစ်မည်။ ထို့ကြောင့် နောက်ကြောင်းကို ကြည့်ပြီးမှ ပစ်သင့်လျှင် ပစ်မည်ဟု စိတ်ကူးသည်။

သို့သော် စိတ်ကူးဆဲ သေနတ်သံတစ်ချက် ကြားရသည်။ ပထမသော် မိမိတို့ဘက်မှ ပစ်လိုက်သော သေနတ်သံ မဟုတ်ဟု ထင်သည်။ သို့သော် အမှန်မှာ စိတ်မချုပ်တည်းတတ်သော ရဲဘော်တစ်ဦးက မိမိအချက်ပေးခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကို မစောင့်ဘဲ ပစ်လိုက်သော သေနတ်သံဖြစ်သည်။ နေမထွက်မီ မိနစ်ပိုင်း အလိုတွင် ကျရောက်သော လင်းအရုဏ်သည် မော်တော်ပေါ်ရှိ စက်သေနတ် ကိုင် ဂျပန်၏ ကာကိုဦးထုပ်ကို ဝိသေသပြုလျက်ရှိရာ ရဲဘော်မှာ မချင့်မ ဖြစ်ပြီး ပစ်လိုက်ဟန် တူသည်။ သို့သော် ထိုသေနတ်သည် ပစ်မှတ် ထိဟန် မတူချေ။ ထို့ကြောင့် မော်တော်ပေါ်မှ စက်သေနတ် အငယ်စားသည် ဒုတ်ဒုတ် မြည်ကာ မီးရှူးပန်းများကို ပန်းလိုက်လေသည်။ ကျည်ဆန်တို့သည် ညောင်ပင်အိုကြီး၏ ပါးပျဉ်းတစ်ဝိုက်၌ ဝိဝိအော်၍ ထိမိထိရာကို ထိတိုင် ရှိရှိ ဟူသော အသံကို ပြုသည်။ ဤသည်တွင် မောင်ထွန်းလည်း မနေသာ ဖြစ်၍ မိမိ၏ သေနတ်ကို ညောင်မြစ်ပေါ် မေးတင်ကာ စက်သေနတ်ပစ်သော ဂျပန်ကို အသေအချာ ချိန်၍ ပစ်လိုက်လေသည်။ သူ့စိတ်ထဲ၌ "ဟော ဒါက မယ်မျှင့်အတွက်"ဟု ရေရွတ်ကာ ပစ်လိုက်ဟန် တူသည်။ မော်တော် ဦးမှ စက်သေနတ်သံလည်း ချက်ချင်း ရပ်သွားသည်။ ဤအချိန်အထိ ဂျပန် ဘယ်နှယောက် ဘယ်မှာ ရှိသည်ကို သဲသဲကွဲကွဲ မမြင်ရသေး။ သို့သော် နောက်ထပ် အခြား တစ်နေရာမှ စက်သေနတ် ဆွဲသံကို ကြားရပြန်၏။ တစ်ချိုတစ်ချို၌ ဂျပန်ရိုင်ဖယ်သံလည်း တစ်ဖျောက်ဖျောက် ပေါ်ထွက်လာ သည်။ မောင်ထွန်း အပါအဝင် ရဲဘော်တို့သည်လည်း မိမိတို့ ကြိုက်သလို ချက်ကောင်းကိုရွေး၍ ပစ်ကြသည်။ လူရိပ်မြင်လျှင် လူကို ပစ်သည်၊ မမြင် လျှင် မော်တော်သံခွံကို ပစ်သည်။ ထိုနေရာ၌ ရေစီးကောင်းသည်။ မော်တော် ထဲ ရေဝင်စ ပြုပြီ ထင်သည်။ တက်မကိုင်လည်း အခြေလှဟန် မတူချေ။ ထို့ကြောင့် မော်တော်သည် ယိမ်းယိုင်လူးလိမ့်ရာမှ ဦးပဲ့ချာချာလည်တော့မည် အနေအထားသို့ ရောက်လာသည်။ ဤအတွင်း ဂျပန် စစ်ဝတ်စစ်စားနှင့် လူတစ်ယောက်ကို ရိပ်ခနဲ မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် သေနတ်မောင်း ကို ဆွဲ၍ "ဟောဒါက အမေ့အတွက်"ဟု စိတ်ထဲတွင် ကုန်း၍ အော်ကာ မောင်ထွန်း ပစ်လိုက်သည် ထင်သည်။ ဂျပန်လည်း မော်တော်ဝမ်းခေါင်းထဲ ဟပ်ထိုးလဲသလို မြင်ရသည်။





တစ်ဖက်က တဒက်ဒက်နှင့် အဆက်မပြတ် ပစ်နေစဉ် မောင်ထွန်းတို့ ရဲဘော်တစ်စုသည် ချက်ကောင်းကိုရွေးကာ တစ်ချက်စီ ပစ်နေကြရသည်။ သို့သော် မော်တော်ဘုတ်မှာ ရှေ့ပြေးကင်းထောက် မော်တော်နှင့် တူလေရာ နောက်မော်တော်များ မရောက်မီ ကျည်ဆန်ကို ခြွေတာသုံးရင်းနှင့် ရှိသမျှ အချိန် မြန်မြန် အသုံးချပြီးလျှင် ဆုတ်ခွာပေးရန် သင့်ချေပြီ။ ထိုအတွင်း တဘက် ပေါင်းထားသော သူတစ်ယောက် မော်တော်ပေါ်၌ ဆောက်တည်ရာ နေရာ မရ ပျာယာခတ်နေပုံကို တွေ့ရသည်။ ဤအချိန်တွင် နေရောင်ခြည် ဖွင့်လာသည်။ ထို့ကြောင့် တဘက်ပေါင်းထားသူ၏ အရိပ်အခြည်ကို အတော် အသင့် မြင်နိုင်သည်။ ဟိုပြေး သည်ပြေး လုပ်နေသော သူ၏ ဦးခေါင်းမှ တဘက် ပြုတ်ကျ၍ ဆံထုံးတစ်စောင်း ထုံးထားသည်ကို မောင်ထွန်း တွေ့ရပြန်သည်။ ဤအချိန်၌ ပစ်ထည့်လိုက်လျှင် မိမိအမျိုးသားတစ်ယောက် အလဟဿ သေရပေတော့မည်။ ထို့ကြောင့် ကိုယ်ရှိန်သတ်၍ ကြည့်လိုက် သော အခါ လား...လား...အခြားသူ ဟုတ်ပါရိုးလား...ခေတ်ပျက် သူကြီး ဖြစ်နေပါပေါ့လား။ မောင်ထွန်းသည် အတန်ငယ် ဒေါသဖြစ်၍ သေနတ်ကို ချိန်သည်။ သူကြီးမျိုး ဖြုတ်လိုက်တော့မည်ဟု စိတ်ကူးမိဟန် တူ၏။ သို့သော် ဘာပဲဖြစ်ဖြစ် သူကြီးဆိုသည်မှာ မောင်ထွန်း ကဲ့သို့ပင် မြန်မာတစ်ယောက် ဖြစ်နေသည်။ ဤစိတ်ကူးကြောင့် မောင်ထွန်း လက်နှေးသွားသည်။ ဤ အတွင်း မိမိ အကာအကွယ်ယူရာ ညောင်ပါးပျဉ်းကြီးကို စက်သေနတ်သံများ တရစပ် လာ၍မှန်ပြီးလျှင် အချို့သော ညောင်မြစ်မှာ ဖွာဆန်ကြသွားလေ သည်။ ထို့ကြောင့် သဗ္ဗေသတ္တာ ကမ္မသကာဟု သဘောထား၍ မည်းမည်း မြင်လျှင် ပစ်မည်ဟု အာရုံစိုက်လိုက်သောအခါ ဂျပန်တစ်ဦးက သူကြီးကို ဝမ်းခေါင်းထဲ တွန်းချသည်ကို မြင်လိုက်ရသည်။

ဤသည်တွင် မောင်ထွန်းသည် ရန်သူကို စိတ်ချလက်ချ ပစ်ထည့် လိုက်သည်။ ဤတစ်ချက်၌ မောင်ထွန်းက "ဒါက တိုင်းပြည်အတွက်ကွ" ဟု ကြုံးဝါးပြီးမှ ပစ်ထည့်လိုက်သည်ဟု ယူဆရန် အကြောင်းရှိသည်။ မောင်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



က သူ ပစ်သမျှ တစ်ချက်ပစ် တစ်ချက်မှန်သည်ဟု ယုံကြည်သည်။ သို့သော် ဂျပန် စက်သေနတ်တို့ကို ရိုင်ဖယ်လေးလက်က ယှဉ်ပြိုင်ရသည်မှာ အလွန် ကံကောင်းမှ အရေးလှချိမ့်မည်။

ထို့ကြောင့် မောင်ထွန်းက ရဲဘော်တို့အား ဆုတ်ခွာရန် အချိန်ကျပြီဟု လက်ရိပ်ပြသည်။ ရဲဘော်တို့လည်း ညောင်ပင်အိုစခန်းမှ ဓနိတော၊ ကိုင်းတော ထဲသို့ ဝင်ကြသည်။ မောင်ထွန်းလည်း နောက်ပိတ်ဆုံး တစ်ချီလောက် လက်တည့်စမ်းဦးမည်ဟု နောက်တစ်ချက် ပစ်ရန်အတွက် ရန်သူဘက်ကို ကြည့်မိသည်။

ဒုတ်ဒုတ်သံများ မိုးမွှန်သွားပြီးနောက် ညောင်ပင်အိုကြီး၏ ပါးပျဉ်း များ ထပ်မံ၍ ဖွာဆန်ကြဲသွားပြန်သည်။ ညောင်ပါးပျဉ်းကို အကာအကွယ် ယူရသည်မှာ ကနစိုပါးပျဉ်းကို အကာအကွယ် ယူရသလောက် လုံခြုံလိမ့်မည် မထင်။ ဤအတွင်း မောင်ထွန်းသည် ပခုံး၌ နွေးခနဲ ဖြစ်သွားသည်ကို သတိထားမိသည်။ သို့သော် ညောင်ပင်အိုကြီး တစ်ခုလုံးကို အကာအကွယ် ယူနိုင်သေးသည်ဖြစ်၍၊ ပင်စည်နောက်သို့ ရောက်အောင် တံတောင်ဆစ် နှစ်ဖက်ကို ထောက်၍ မိမိကိုယ်ကို မိမိဆွဲယူလိုက်စဉ် ပေါက်ကွဲသံကြီးတစ်ခု ပေါ်လာပြီးနောက် အားလွန်၍ ရေထဲ ထိုးကျသွားလေသည်။

ထိုတိုက်ပွဲတွင် မောင်ထွန်း၏ ရဲဘော်သုံးဦးအနက် နှစ်ဦး ဒဏ်ရာရ သည်။ တစ်ဦးမှာ ဒဏ်ရာ အလွန်ပြင်းထန်သည်။ တောကြီးမျက်မည်းထဲတွင် အပြင်းအထန် ဒဏ်ရာရသူမှာ မသေကောင်း မပျောက်ကောင်း ကျန်ရစ်၍ ဂျပန်ရန် ရှင်းသောအခါ ဆေးရုံတက်နိုင်ခြင်းကြောင့် ဒဏ်ရာ ပျောက်ကင်း သည်ဟု ပြောကြသည်။ ကျန်တစ်ဦးမှာကား သာမညဒဏ်ရာ ဖြစ်၍ ကိစ္စ မရှိချေ။ သို့သော် တတိယမြောက် ရဲဘော်မှာ မောင်ထွန်းနှင့်အတူ ပျောက်ဆုံး သွားလေသည်။ လေးအိမ်တန်း ရွာသူရွာသားတို့ကား မူလကပင် မိမိတို့ ရည်မှန်းချက်အရ ဂျပန်ကမ်းတက် ရေတပ်သားများ ကမ်းပေါ်မတက်နိုင်မီ ဒဏ်ရာရ ရဲဘော်များကို တရကြမ်း ဆွဲ၍ ကနစိုတောထဲ ကလေး လူကြီးပါ





ကျန် ဝင်ပြေးကြသည်။ ထိုကနစိုတောထဲသို့ တော်ရုံတန်ရုံ တပ်စုများ လိုက်လာဖို့ ခဲယဉ်းသည်။ သို့သော် အမှန်မှာ မောင်ထွန်းနှင့် ရဲဘော်တစ်ဦး ကျပြီးသည့်နောက် ပစ်သံခတ်သံ ဘာမျှမကြားရသဖြင့် ဂျပန်တို့သည် ကမ်း ပေါ်သို့ တက်မလိုက်နိုင်ဟု ယူဆရသည်။ တိုက်ပွဲပြီး၍ စာရင်းကောက်သော အခါ မောင်ထွန်းနှင့် ရဲဘော်များ လက်ချက်ကြောင့် ဂျပန် သုံးလေး ငါးဦး ထက် မနည်း ကျသည်ဟု ပြောကြသည်။ သို့သော် မသေချာ။ သေချာသည် မှာကား ထိုညောင်ပင်အိုအနီး ဝဲထဲတွင် ဂျပန်မော်တော် နစ်မြုပ် ပျက်စီးနေ သည်ကား သေချာသည်။ ဂျပန်တို့သည် မည်သို့မည်ပုံ ပြေးကြသည်ကိုမူ မပြောနိုင်။ ဂျပန် ခေတ်ပျက်သူကြီးကား ပျောက်ဆုံးခဲ့ပြီ။ ယခင်က ပျောက် ဆုံးသည် ဆိုသော ရဲဘော်ကိုမူ အလောင်းပြန်ရသည်။ သို့သော် မောင်ထွန်း အလောင်းကိုမူကား သရဲပုန်းချောင်းတစ်လျှောက် ပိုက်စိပ်တိုက် ရှာသော် လည်း မတွေ့ကြချေ။

ညောင်ပင်အိုကြီး၏ အမြစ်များသည် ချောင်းထဲသို့ ဆင်း၍နေရာ ညောင်မြစ်၊ ညောင်ကိုင်းတို့သည် ရေထဲတွင် မြုံးထောင်နေဘိ သကဲ့သို့ ရှိသည်။ ထို့ကြောင့် ရွာသား အများက မောင်ထွန်း၏ အလောင်းသည် ညောင်ပင်အိုကြီးက ထောင်ထားသော မြုံးထဲ၌ ညှပ်ပူးညှပ်ပိတ် မိ၍ ငါးပု ဘင်း တွတ်သဖြင့် အစအနမျှပင် ကျန်မည်မဟုတ်ဟု ဆိုကြသည်။ သို့သော် ထိုနေရာတွင် ရေငုပ်၍ ရှာကြစဉ်က အရိုးစုကိုမျှပင် မရလိုက်ကြချေ။ ဤသည်တွင် အချို့က မောင်ထွန်း မသေဟုပင် ပြောကြသေး၏။ သို့သော် ယနေ့တိုင် မောင်ထွန်းကို လူ့ပြည်ထဲမှာ ရှာမရသောကြောင့် သူ သေပြီ ဆိုသော စကားကို ပို၍ ယုတ္တိတန်သည်ဟု ယူဆရမည် ဖြစ်သည်။

မောင်ထွန်းသည် မယ်မျှင်အတွက်၊ အမေအတွက်၊ တိုင်းပြည် အတွက် ရည်စူး၍ တိုက်သည်မှာ ယုံမှားစရာ မရှိချေ။ ဤရည်ရွယ်ချက်တို့ကို သူ့အမေအား ပြောခဲ့ဖူးသည်။ ရင်းနှီးသော ရဲဘော်တို့ကိုလည်း ပြောခဲ့ဖူး သည်။ ထို့ပြင် မောင်ထွန်းသည် ဂျပန် ပေးသော လွတ်လပ်ရေးကို မယုံ၊



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးကို တိုက်ယူမှ ရမည်ကိုသာ ယုံကြည်သည် ဆိုသည်မှာလည်း ထင်ရှားသည်။ သေနင်္ဂဗျူဟာ ပညာရှင်တို့က မောင်ထွန်း စစ်ဆင်ပုံကို ဝေဖန်ချင်သလို ဝေဖန်ကြစေ။ သို့သော် မောင်ထွန်း၏ တိုင်းချစ် ပြည်ချစ် စိတ် ဖူးပွင့်လာပုံကိုမူကား ဘယ်သူ ဘာကို ပြောချင်ကြသနည်း။ မောင်ထွန်းက တိုင်းပြည်အတွက် သူ၏ အသိတရားဖြင့် သူ တိုက်ခဲ့ခြင်း ဖြစ်သည်။ အချို့သော ရဲဘော်တို့သည် လွတ်လပ်မှ အမျှဝေပါဟု မသေမီ မှာကြားခဲ့ကြသည်။

သို့သော် မောင်ထွန်း ခမျာမှာ ထိုမျှလောက် ကဗျာဆန်အောင် စိတ်ကူးတတ်သည် မဟုတ်။ မသေမီ ရဲဘော်တို့အား ဘာစကားမျှ မှာကြားခြင်း မပြုခဲ့။ သေပြီးသော နောက်ပိုင်း၌မူ ဆိုဖွယ်ရာ မရှိ။ သရဲပုန်း ချောင်းဦး ချောင်းထိပ်ရှိ ညောင်ပင်အိုကြီး၏ အမြစ်များ အကြားတွင် ကားရားကြီး ညပ်ကာ နစ်မြုပ်နေသော သူ၏ အတ္တဘောကြီးမှာ သူ၏ နှာခေါင်းကို ငါးမူ တင်း လာ၍ တွတ်သည့် အခါ၌ပင်လျှင် တွတ်မှန်းသိမည် မဟုတ်။ စင်စစ်မူကား သူ့ကြောင့် လွတ်လပ်ရေး အရသာကို တမြုံ့မြုံ့ မြည်းနေကြသော ကျွန်ုပ်တို့ပင်လျှင် မသိကြ။

[ ငွေတာရီ၊ ဇန်နဝါရီ ၁၉၇၁ ]

## ထနောင်းနှင့် ကဗွီး

'ဆရာ... ဒီနေရာကို မှတ်မိသေးရဲ့လား'

'အေးကွယ်၊ ငါ ယောင်တောင်တောင် ဖြစ်နေပြီ'

'စဉ်းစားပါဦး ဆရာရယ်၊ ကျွန်တော်တို့လူစု ကြီးနိဘူတာက နေပြီး ချောက်ကိုပြန်တော့ လမ်းမှားတဲ့ နေရာလေ'

'ဟာ...ဟုတ်ပါ့မလား၊ တို့ ဟိုတုန်းက လမ်းမှားတော့ ကွင်းပြင်ထဲမှာ လှည်းလမ်းအတိုင်း လိုက်ခဲ့ရတာပဲ။ လှည်းလမ်းကလည်း ရာဇမတ်ကွက်ခိုက်ထားသလို တစ်ခုနဲ့တစ်ခု ကျော်ဖြတ်နေလို့ ဘယ်သွားလို့ ဘယ်လာရမှန်း မသိဘူး'

'ဟုတ်တယ်လေ၊ ဟိုတုန်းကတော့ လှည်းလမ်းတွေ ဥဒဟိုနဲ့မို့ ကျွန်တော်တို့ ကားသမားတွေ ဒီနေရာရောက်ရင် ဘယ်ချိုးလို့ ဘယ်ကွေ့ရမှန်း မသိတော့ ခဏခဏ လမ်းမှားတယ်။ ခုတော့ ဆရာ မြင်တဲ့အတိုင်းပဲ'

'အေး၊ အခုတော့ ကတ္တရာစေးလမ်းတွေ ဖြူးနေတာပေါ့လေ။ ဒါက ဆန်းပါဘူး၊ တစ်နေ့ကျရင် ဒီနေရာမှာ ဒီလိုပဲ ဆက်သွယ်ရေး ကောင်းလာမယ်လို့ ငါတို့ တွက်ပြီးသားပဲ။ မဆန်းပါဘူး၊ ဒါပေမဲ့လို့ ဒီလောက် ပြောင်းလဲသွားမယ်လို့ မထင်မိဘူး'

ဂျစ်ကားသည် ကတ္တရာစေးလမ်းပေါ် ငြိမ့်ညောင်းစွာ အိ၍ သွားနေသည်။ ဂျစ်ကားပုံစံသည် ယခင် ဆယ်နှစ်က ပုံစံမျိုး မဟုတ်ချေ။ ယခင်က ဂျစ်ကားမှာ လေးထောင့် ထောင့်ချိုးပုံစံ ဖြစ်၍၊ အဝေးကနေ ကြည့်လျှင် သင်းရှူးပုံး ဘီးတပ်၍ လိမ့်နေသကဲ့သို့ ရှိသည်။ ယခုခေတ်သုံး ဂျစ်ကားမှာ

www.burmeseclassic.com



အမေရိကန်ပုံစံလိုလို၊ ရုရှပုံစံလိုလိုနှင့် ကိုယ်လုံးကိုယ်ထည် တောင့်တင်း၍ နေရာကျယ်ဝန်းသည်နှင့်အမျှ ပုံပန်း ပြေပြေပြစ်ပြစ် ရှိလာသည်။ ရှေးက ဂျစ်ကားဆိုလျှင် များသောအားဖြင့် ရွက်ဖျင်မိုးချည်း ဖြစ်သည်။ ယခု ဂျစ်ကား အမိုးများမှာကား ဒန်နှင့် အခြားသတ္တုတစ်ခုခုကို ရောစပ်ထားသော သတ္တုစပ် နှင့် စီမံထုတ်လုပ်ထားသဖြင့် ပေါ့ပါး၍ ဆလွန်းကား အမိုးယောင်ယောင် ဖြစ်သည်။ ဤဂျစ်ကားမျိုးကို ရန်ကုန်မှာ အသုံးမများချေ။ နယ်တွင် စက်မှု လက်မှု လုပ်ငန်းကြီးများ၏ သယ်ယူပို့ဆောင်ရေး အတွက်သာ သုံးသည်။

သာစည်မှ မိတ္ထီလာကို ဖြတ်၍ ချောက်သို့ အလာတွင် လမ်း တစ်လျှောက်လုံး၌ ထိုဂျစ်ကားကို သုံးစွဲရန် မိတ်ဆွေ သစ်တောဝန်ထောက် တစ်ဦးက ပေးအပ်လိုက်သဖြင့် ခရီးသွားရ လာရ အလွန်တွင်ကျယ်သည်။ သာစည်-ချောက် မော်တော်ကားလမ်းမှာလည်း မိမိ ယခင် ဆယ်နှစ်ခန့်က တွေ့ကြုံခဲ့သော လမ်းမျိုးမဟုတ်။ ထိုစဉ်က ထိုလမ်းမှာ အလွန်လှိုင်းထသည်။ ကတ္တရာ ဖုံးရုံမျှသော လမ်းဖြစ်၍ အချို့နေရာတွင် ချိုင့်များ၊ တွင်းများ ရှိသောကြောင့် မော်တော်ကား အလွန်ခုန်သည်။

ယခုမှာမူ ကတ္တရာနိုင်နိုင်နှင့် တည်ဆောက်ထားသောကြောင့် အလွန် ပြေပြစ်သည်။ မည်မျှပြေပြစ်သနည်းဟု ဆိုသော် ရန်ကုန်-မန္တလေး စသော မြို့ကြီးပြကြီးများ၌ တွေ့ရသည့် နိုင်လွန်လမ်းများလောက်ပင် ပြေပြစ်သည်။ နောင်သောအခါတွင် သာစည်၊ မိတ္ထီလာ၊ ချောက်၊ ရေနံချောင်း စသော မြို့များတွင် ရန်ကုန်ကဲ့သို့ပင် နိုင်လွန်လမ်း ခင်းတော့မည်ဟု ခရီးသွားရင်း သတင်းကြားခဲ့ရသည်။

လမ်း အလွန်ကောင်းသောကြောင့် မော်တော်ကားမောင်းသူ တပည့် လက်ဟောင်းကြီးသည် ဂျစ်ကားကို ဝီခေါ်အောင် မောင်းသည်။ ထို့ကြောင့် မိမိက လျှော့မောင်းပါဟု အတန်တန် မှာရသည်။ တပည့်ကြီးက ဆရာ ကြောက်၍ လျှော့မောင်းခိုင်းသည်ဟု ထင်သည်။ မိမိက လွန်ခဲ့သော ဆယ်နှစ်





ခန့်တွင် မိမိကျက်စားခဲ့သော နေရာများကို ပြန်လည်သတိရရန် ခရီးဖြည်း ဖြည်း သွားချင်သောကြောင့် လျှော့မောင်းခိုင်းခြင်း ဖြစ်သည်ဟု ရှင်းပြသော အခါကျမှပင် တပည့် ကားမောင်းသူက ငြိမ့်ငြိမ့်ညောင်းညောင်း မောင်းလေ သည်။ ဘီးကလေး အိရုံမျှ မောင်းသည် ဆိုသော်လည်း အမှန်မှာ တစ်နာရီကို မိုင်သုံးဆယ်ကျော် လေးဆယ် အတွင်းမှာပင် မောင်းသည်။

ထို့ကြောင့် တစ်ခါတစ်ရံ မိမိပြန်လည် သတိရလိုသော နေရာရောက် လျှင် 'ဖြည်းဖြည်းကွယ်၊ ဖြည်းဖြည်း'ဟု မကြာခဏ ထပ်မံ သတိပေးရသည်။ ယခု ကြိုးနီဘူတာသို့ ခေတ္တလည်ပတ်ပြီးလျှင် ချောက်သို့ အပြန်တွင်မူကား ကားမောင်းသူ တပည့်သည် သူပါ ရော၍ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် တို့ကို ပြန်သတိရချင်သောကြောင့် တစ်နာရီ ငါးမိုင် ဆယ်မိုင်နှုန်းနှင့် မောင်း သည်။ တပည့်ဖြစ်သူသည် မိမိဆရာ လုပ်ငန်းခွင်မှ အနားယူခဲ့ပြီးသည့် နောက်ပိုင်း၌ ရေနံမြေဒေသထဲတွင်ပင် ကျန်ရစ်ခဲ့သဖြင့် စက်မှုလက်မှုမြို့ကြီး များ၏ ပြောင်းလဲပုံကို ကိုယ်တွေ့သိရှိပြီး ဖြစ်သည်။ သို့သော် ဆရာဖြစ်သူ ကား အငြိမ်းစားယူသည့် နေ့ကစ၍ ရေနံမြေကို ယခုမှ တစ်ခေါက် ပြန် ရောက်သောကြောင့် မြင်မြင်သမျှတို့ကို အဆန်းဟုချည်း ထင်သည်။ ထို့ ကြောင့် ယခုလောက် မြန်မြန်ကြီး ပြောင်းလဲသွားလိမ့်မည် မထင်ကြောင်း ပြောမိခြင်း ဖြစ်သည်။

'ဆရာ ပြန်တွေးစမ်းပါဦး၊ ဟောဟိုက အရိပ်ကောင်းကောင်းနဲ့ အပင်ကို ကြည့်စမ်းပါ။ ဘာပင်ပါလဲ'

'အောင်မယ်၊ ဟော့ ငါ့တပည့်သာဝရယ်၊ ငါ တစ်သက်လုံး သစ်တော ဘက်မှာ အလုပ်လုပ်လာတာ၊ မင်းက ငါ့ကို ဘာပင်လဲလို့ မေးရသေးသလား ကွယ်။ ထနောင်းပင်ပေါ့ကွ'

'ဟုတ်ပါပြီ၊ ထနောင်းပင်တော့ ထနောင်းပင်ပဲ။ ဒါပေမဲ့ ဆရာ မှတ်မိသလား မမှတ်မိသလား သိချင်လို့ မေးတာပါ။ အဲဒီထနောင်းပင်ကို မြင်တော့ ဆရာ သတိမရဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ထနောင်းပင် ဆိုတော့ ချိုးနှစ်ကောင်ကို သတိရတာပေါ့ကွာ။ ကိုင်း … ဘာပြောချင်သေးသလဲ'

'ပြန်တွေးစမ်းပါ ဆရာရယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က ဒီနေရာမှာ လမ်းမှားကြတော့ လမ်းမှန်ရောက်အောင် ကျွန်တော်တို့ ဘာလုပ်ကြသလဲ၊ မမှတ်မိတော့ဘူးလား'

ဤသို့ ပြောလိုက်တော့မှ အငြိမ်းစား သစ်တောဝန်မင်း ဦးအောင်သန်းလှိုင်သည် အတိတ်ကို ပြန်၍ အောက်မေ့မိသည်။ ယခု သူသည် ခုနစ်ဆယ် ကျော်ပြီ။ ငယ်စဉ်က ရန်ကုန်တက္ကသိုလ်တွင် တင်းနစ်ကစားခြင်း၌ တံခွန်စိုက်ခဲ့သူ ဖြစ်သည်။ လှေလှော်သင်း၌လည်း တက်ကြွစွာ ပါဝင်ခဲ့သူလည်း ဖြစ်သည်။ တခြား ပြေးခုန်ပစ် အားကစားမျိုးတို့ကိုလည်း မကစားဘူးဟု မရှိ။ သစ်တောသိပ္ပံဘွဲ့အတွက် မိုင်နှစ်ဆယ် လမ်းလျှောက်ပွဲတွင် မိမိသည် သတ်မှတ်ထားသော နေရာကို ပထမဆုံး ရောက်ခဲ့သူ ဖြစ်သည်။ သစ်တောဌာနတွင် အမှုထမ်းစဉ်ကလည်း တောကြီး တောင်ကြီးတွင် အမြဲ ခြေကျင် လှည့်လည် သွားလာခဲ့သူ ဖြစ်သည်။

အမှုထမ်းသက် ဝါရင့်၍ စိမ်ကိန်းတစ်ခုကို အကောင်အထည် ဖော်ရသည့် တာဝန် ပေါ်ပေါက်လာသောအခါ မြို့နား နီးနီးနေရ၍ ဂေါက်သီးကလပ် ဝင်ပြီးလျှင် ဂေါက်သီးမှန်မှန် ရိုက်ခဲ့ဖူးသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် ပြည့်စုံသည်။ ကိုယ်ကျန်းမာ၍ စိတ်လည်း ချမ်းသာသည်။ စိတ်ချမ်းသာသောကြောင့် ဤအရွယ်၌ သတိမေ့မေ့လျော့လျော့ မဖြစ်သေးပါ။ သို့သော် တစ်ခါတစ်ခါ လူကို မျက်နှာမှတ်မိသော်လည်း နာမည်ကို မမှတ်မိ၊ နာမည်မှတ်မိပြန်တော့လည်း ဘယ်သူ့နာမည်မှန်း မသိ။ ဤကဲ့သို့ အလွဲလွဲ အချော်ချော် ဖြစ်တတ်သည်ကို သတိပြုမိသည်။ ထို့ကြောင့် ယခု တပည့်သာဝက မေးသောအခါ အတန်ငယ်ပြန်၍ တွေးယူရသည်။ ဤသို့ ပြန်တွေးလိုက်တော့လည်း အမယ် ဘာလုပ် မမှတ်မိရမှာတုံး။

'ဟော့ …မောင်သာဝ၊ ငါ့တပည့်ရဲ့။ မင်းက ဒါကို မမေ့သေးဘဲကိုး





ကွာ။ ကောင်မလေးက စကားပြောရင် "ကျွန်တော် ကျွန်တော်နဲ့ ပြောတတ်တာကို မင်း သဘောကျနေတယ် မဟုတ်လား။ ဟား…ဟား…ခဲ့ရတော့ ကျန်ရစ်ဖြစ်နေပြီနဲ့ တူတယ်'

လွန်ခဲ့သော ဆယ်နှစ်လောက်က သည်နေရာမှာ ဆရာတပည့် လမ်းမှားကြသည်။ ထိုခေတ်က နှစ်ဆန်း ဝန်တင်ကားကလေးနှင့် ခရီးထွက်ခဲ့ရာ ဆိုထနောင်းပင်ကြီး အနီးမှာပင် တလည်လည် ဖြစ်ခဲ့ရသည်။ နောက်ဆုံး ဆိုထနောင်းပင်ကြီးမှ ထွက်လာခဲ့ရာ ဟိုရွာသည်ရွာ ဝင်ခဲ့ပြီးနောက် ထိုထနောင်းပင်ကြီး အောက်သို့ပင် တစ်ဖန် ပြန်ရောက်သည်။ သည်တစ်ခေါက်မှာမူ ထနောင်းပင်ကြီး အောက်၌ ကောင်မလေးတစ်ယောက်နှင့် တွေ့သည်။

သစ်တောဝန်ထောက် ဦးအောင်သန်းလှိုင်က သူ့ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် 'ဟော့ …သူငယ်မ'ဟု အော်ကျယ်ဟစ်ကျယ် ခေါ်သည်။ ကောင်မလေးက လန့်သွားသည်။ ပြီးသော် ကားပေါ်က လူနှစ်ယောက်ကို ကြည့်တည့်ကြောင်တောင် ကြည့်၍ 'ဘာတုံးဗျာ့'ဟု ပြန်မေးသည်။ သူမေးပုံက ရုတ်တရက် အလန့်ပြေပြီးမှ ရဲစိတ်ကို ပြန်တင်း၍ မေးသည့် အမူအရာနှင့် မေးပုံ ဖြစ်သည်။ ထိုအခါ သာဝ ဆိုသော တပည့်က ခစ်ခနဲ ရယ်သည်။ သစ်တောဝန် ဦးအောင်သန်းလှိုင်က သူ့တပည့်ကို မရယ်ရန် လက်ကုတ်သည်။

ထို့နောက် 'ကွယ့် သူငယ်မရဲ့၊ ငါတို့ ချောက်ကို သွားတဲ့လမ်း ပြစမ်းပါ' ဟု ပြောသည်။

ထိုအခါ သူငယ်မက 'ရွာထိပ်က ထနောင်းပင်ညီနောင်ကို မမြင်ခဲ့ဖူးလား'ဟု ပြန်မေးသည်။

ဦးအောင်သန်းလှိုင်က 'ဟဲ့ …ဒီနေရာမှာ ဟိုကြည့်လည်း ထနောင်းပင်၊ ဒီကြည့်လည်း ထနောင်းပင်၊ ယခု တို့ ရောက်လာတာလည်း ထနောင်းပင် ဆိုတော့ ထနောင်းပင်တွေ များလွန်းလို့ မျက်စိလည်နေတာကွယ့်'ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် လာ...လာ၊ ကျွန်တော် လိုက်ပြမယ်'ဟု ကောင်မကလေးက ဆိုသည်။ သာဝက ဣန္ဒြေမဆည်နိုင်၍ ဝါးခနဲ ရယ်သည်။ ဦးအောင်သန်းလှိုင်က သူ့တပည့်ကို စိန်းစိန်းကြည့်၍ နောက်ထပ် မရယ်ရအောင် တားမြစ်သည်။ ထို့နောက် သူငယ်မကလေးက ထနောင်းပင်ရိပ်အောက်မှ လေးငါး ဆယ် လှမ်း ခြေလှမ်းရှင်း ခရီးလမ်းကို ညွှန်လေသည်။ သူ ညွှန်တော့မှ လမ်းမှန်ကို တွေ့၍ ချောက်သို့ နေမဝင်ခင် ပြန်ရောက်သည်။

ဦးအောင်သန်းလှိုင်က သည်အကြောင်းကို ပြန်ပြောရင်း တဟားဟား ရယ်လေသည်။

သာဝက 'ဆရာ.... သိပ်မရယ်ပါနဲ့ ဆရာရယ်၊ ဆရာ ရယ်တာကို ကြားရင် ကောင်မကလေး ရှက်သွားပါ့မယ်' ဟု သူ့ဆရာကို ပြန်လည် လက်စားချေသည်။

ဦးအောင်သန်းလှိုင်က သည်တော့မှ ခွက်ထိုးခွက်လန် ပို၍ ရယ်လေသည်။ ပြီးမှ 'မင်း မှန်မှန်ပြော၊ သည်ကောင်မကလေးကို မင်း အဆက် လုပ်ခဲ့တယ် မဟုတ်လား'ဟု မေးသည်။

'မဖွဲ့ပါဘူး ဆရာရယ်၊ ခု သူ ဆရာတို့ စီမံကိန်းချခဲ့တဲ့ သစ်တော အနားက စက်ရုံတစ်ခုမှာ သူ့ယောကျ်ားနဲ့အတူ အလုပ်လုပ်နေတယ် ဆရာ'

'အေး၊ ငါ့တပည့်ကတော့ ကြံလိုက်မှဖြင့် သူများဖို့ချည်းပဲ'

သာဝသည် အတန်ငယ် ငိုင်သွားသည်။ ထို့နောက် နေညိုပြီ ဖြစ်၍ ဆရာ့အား မြန်မြန်ပြန်ဖို့ရာ တိုက်တွန်းရင်း ဂျစ်ကားကို စက်ကုန်သုတ်လေသည်။

ထိုအခါ ဦးအောင်သန်းလှိုင်က 'နေပါဦးဟ၊ ဖြည်းဖြည်းပေါ့ကွယ်။ ငါ တစ်ခု မေးပါရစေဦး၊ ဒီကောင်မကလေး လုပ်တဲ့စက်ရုံက ဘာစက်ရုံလဲ' ဟု မေးသည်။

'သနပ်စုံ စက်ရုံပါ'

'ဟဲ့ ဟုတ်မှ လုပ်ပါဟယ်၊ ငါရှိတုန်းက သေနတ်ရုံ တည်ထောင်





ဘယ်လို မကြားမိပါကလား။ မိန်းကလေးတန်မဲ့နဲ့ လက်နက်ထုတ်လုပ်ရေး ကို လုပ်လို့ ဖြစ်နိုင်ပါ့မလား'

'မဟုတ်ပါဘူး ဆရာရယ်၊ သရက်သီး သနပ်၊ မရမ်းသီး သနပ်၊ ကုလားတည်၊ သရက်ယို၊ မရန်းယို၊ ချုတ္တနီးလုပ်တဲ့ စက်ရုံ ပြောတာပါ'

'ဟား ...ဟား...ဟား၊ ငါက အတွေးခေါင်သွားသကိုးကွယ့်။ အေး၊ အဲဒီလို ယိုအမျိုးမျိုး စည်သွတ်တဲ့ စက်မှုလုပ်ငန်းတွေ ပေါ်လာမယ်လို့ ငါ ဟိုတုန်းက တွေးမိသားပဲ။ တွေးမိတာ ပြောပြတော့ မင်းတို့က ရယ်ကြတယ် မဟုတ်လား'

'ဒါကတော့ ဒီလိုကိုး ဆရာရဲ့၊ ဆရာ့ သစ်ပင်စိုက်ပျိုးရေးစီမံကိန်း မှာ ပါတဲ့ သရက်ပင်ကလေးတွေက လက်ခုပ်တစ်ဖောင်မျှ မရှိသေးဘဲ ကိုး။ ဒီတော့ ဒီအချိန်ကျရင် ဒီလောက် ဖွံ့ဖြိုးလာမယ်လို့ ဘယ်မှာ ထင်နိုင်ပါ့ မတုံး'

ဦးအောင်သန်းလှိုင်သည် သနပ်စုံလုပ်ငန်း ဟူသော သတင်းစကားတို့ ကြားလိုက်ရသောအခါ ယခင် မိမိ မျှော်မှန်းခဲ့သည့်အတိုင်း ဖြစ်လာပကိုးဟု တွေးမိ၍ စိတ်ထဲတွင် ပီတိဖြစ်သွားသည်။ အတွေး ပင်လယ်ကြောတွင် နစ်မွန်းနေစဉ် စကားမပြောဘဲ လိုက်ပါလာသည်။ ဂျစ်ကား တဝီဝီနှင့် အတော်ကလေး ပြေးသောအခါ မိမိ၏ ခရီးစဉ်ကို သတိရ၍ 'ဟေ့ မြန်မြန် မောင်းဟ၊ ငါ နက်ဖြန် သစ်တောစီမံကိန်းနေရာကို သွားဖို့ ချိန်းထားတယ် မဟုတ်လား။ ဒီည တရေးတမော ကောင်းကောင်းအိပ်ပြီး မနက်စောစော ထ စရာ ရှိတယ်။ ဝဇီရာ စက်မှုလက်မှု စီမံကိန်းဒေသကြီးဟာ ယခုလောက် ဆိုရင် နတ်ဘုံနတ်နန်းလို နေမလား မပြောတတ်ဘူး'ဟု ဆိုလိုက်လေ၏။

*

ဝဇီရာ စက်မှုထူထောင်ရေးကို ဝဇီရာ သစ်ပင်စိုက်ပျိုးရေး စီမံကိန်းနှင့် ယှဉ်ပြိုင်၍ မိမိကိုယ်တိုင် ကကြီးမှ အ အထိ စီမံ ဆောင်ရွက်လုပ်ကိုင်ခဲ့စဉ်က သစ်တောဝန်ထောက် ဦးအောင်သန်းလှိုင်သည် ချောက်နှင့်လမ်းရှာ ဘိအိုစိ



www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းကို အခါတစ်ရာမက ကူးချည်သန်းချည် လုပ်ခဲ့ဖူးသည်။ ယခု ဤဆိပ်ကမ်းကို မြန်မာ့ရေနံဆိပ်ကမ်းဟု ခေါ်နေကြပြီ။

မိမိရှိစဉ်က ၎င်းဆိပ်ကမ်းတွင် ကမ်းမပြိုအောင် ဂဝံကျောက်များဖြင့် ကမ်းနံ့ဘေးကို ဖို့ထားရာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မပြုမပြင်နိုင်သော ကြောင့် အတော်ပင် ယိုယွင်းနေသည်။ ယင်းကို မြန်မာ့ဆိပ်ကမ်း ဆောက် လုပ်ရေး အင်ဂျင်နီယာတို့က နှစ်စဉ် ပြင်ဆင်ရသည်။ ဤအတွက် ခန့်ခွဲ သုံးစွဲရန် ရန်ပုံငွေမှာ တစ်နှစ် တစ်နှစ်လျှင် မများလှဆိုသော်လည်း နှစ်ပေါင်း များစွာ ကြာသောအခါ စရိတ်ကြီးလေးကြောင်း တွေ့ရသည်။ ထို့ကြောင့် ယင်းဆိပ်ကမ်းပြုပြင်ရေးကို စီမံကိန်း ထုတ်ခဲ့ကြသော်လည်း ဘဏ္ဍာငွေကြေး အခက်အခဲကြောင့် ဘာမျှ ထိထိရောက်ရောက် မလုပ်နိုင်ခဲ့ချေ။

ဦးအောင်သန်းလှိုင်သည် မိမိဘာသာမိမိ တစ်ဖက်ကမ်း ကူးမည်ဟု ကြံ၍ ချောက်ဇည်ရိပ်သာမှ တပည့်သာဝနှင့်အတူ ထွက်လာမည် အပြုတွင် မြန်မာ့ရေနံမှ ဒုတိယမန်နေဂျာ ဦးတင်ထူးက သူ လိုက်ပို့ချင်သည်ဟု ဆို သဖြင့် သူ့ကိုပါ ခေါ်လာခဲ့သည်။ သို့သော် ချောက်နှင့် လမ်းရွာအကူး ဆိပ်ကမ်းတွင်မူကား ဦးတင်ထူး၏ ပရိသတ်များကို အခြား ဂျစ်ကားတစ်စီး နှင့် အတူ တွေ့ရသည်။ ၎င်းတို့မှာ များသောအားဖြင့် အသက်သုံးဆယ် တစ်ပိုက် လူငယ်များဖြစ်၍ သူတို့ကို ရှေးက တစ်ခါမျှ မသိခဲ့ဖူးချေ။ သို့သော် သူတို့ လူငယ်အားလုံးသည် အလွန် ဖော်ဖော်ရွေရွေ ရှိကြသည်။

ဦးတင်ထူးက ၎င်းတို့ကို မည်သူမည်ဝါက အင်ဂျင်နီယာ၊ မည်သူ မည်ဝါက အလုပ်သမားအရာရှိ၊ မည်သူမည်ဝါက အလုပ်သမား ရိပ်သာမှူး စသဖြင့် မိတ်ဆက်ပေးသည်။ ထိုအခါ ဦးအောင်သန်းလှိုင် အဖို့ သိဟောင်း ကျွမ်းဟောင်းနှင့် တွေ့ဆုံရသကဲ့သို့ ဖြစ်သွားသည်။

ထို့နောက် ချောက်ဆိပ်ကမ်းမှနေ၍ ကူးတို့ပေါ်သို့ ကူးကြသည်။ ဤသို့ ကူးသော အခါမှပင် စောစောက ဂရုမပြုမိသော ထူးခြားချက်ကို တွေ့ရသည်။ ယင်းထူးခြားချက်မှာ လူရော ကားပါ ကူးတို့နှင့် ကူးနိုင်ခြင်း





ဖြစ်သည်။ မတ်စောက်သော ကမ်းခြေအတွက် မော်တော်ကား တက်၍ မောင်းနှင်နိုင်လောက်သော နိမ့်လျှောရေဆင်းတံတားကို တည်ဆောက် နိုင်ရန် အကြောင်းမရှိဟု ရှေးက တွက်ဆခဲ့ဖူး၏။

ယခုမှာမူ ဆောက်လုပ်ရေး အင်ဂျင်နီယာသိပ္ပံ တိုးတက်ခြင်း ကျေးဇူး ကြောင့် ယခင်ရှိခဲ့ဖူးသော မတ်စောက်၍ လူသာဆင်းနိုင်သည့် လှေကားထစ် တံတားနေရာ၌ လူရော၊ ကားပါ ကူးနိုင်သော နိမ့်လျှောရေဆင်းတံတားသည် ဧရာဝတီမြစ်ထဲသို့ ထိုး၍ထွက်နေသည်ကို မြင်ရလေပြီ။ ထိုရေဆင်းတံတားမှ တစ်ဆင့် ကူးတို့တုံကင်းကြီးပေါ်သို့ ဂျစ်ကားကို တစ်ဆက်တည်း မောင်းနိုင် သည်။ တစ်ဖက်ကမ်းသို့ ရောက်လျှင်လည်း ကူးတို့တုံကင်းပေါ်မှ ရေဆင်း တံတားသို့ တစ်ဆက်တည်း မောင်းနိုင်သည်။ ချောက်လမ်းမကြီးမှ ဧရာဝတီ မြစ်ကို ဖြတ်၍ လမ်းရွာလမ်းမကြီးသို့ ဂျစ်ကားပေါ်၌ ထိုင်ရာမထ မောင်းနှင် ဖြတ်သန်းသွားနိုင်သော အခြေအနေမျိုးဖြစ်သည်။

တစ်ဖက်ကမ်းသို့ ရောက်သောအခါ ဒုတိယ ဂျစ်ကားတွင် လိုက်ပါ လာသူ လူငယ်များက ဦးအောင်သန်းလှိုင်၏ ကားနှင့်အတူ လိုက်ပါရစေ ဆို၍ ကားပြောင်းစီးကြသည်။ ဤသို့ ကားပြောင်းစီးစဉ် ဦးအောင်သန်းလှိုင် က 'ကျုပ်ဗျာ၊ ဒီနေရာမှာတော့ အလျင်လိုပဲ' မပြောင်းမလဲ နေလိမ့်မယ် ထင်မိတယ်။ ခုတော့ နိုင်ငံခြားမှာရှိတဲ့ မြစ်ကူးတို့တွေနဲ့ တစ်ထေရာတည်း ပါကလား။ ကျွန်တော် မလာခင်က ဒီကူးတို့အကြောင်း မကြားမိတော့ ယခု စိတ်ထဲမှာ ထူးဆန်းနေတယ်ဗျာ' ဟု ပြောလေသည်။

ထိုအခါ ဂျစ်ကားပြောင်းစီးသော အင်ဂျင်နီယာက 'ဒီလို မော်တော် ကားတွေ ကူးနိုင်တဲ့ ကူးတို့တွေက ဒီခေတ်မှာ သိပ်မဆန်းတော့ဘူး ဘကြီးရဲ့။ ပြီးတော့ ဒီကူးတို့ ဖွင့်တာ တစ်လတောင် မကြာသေးဘူး။ ဖွင့်ပွဲလုပ်တာ လည်း ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ သာမန် လုပ်ရိုးလုပ်စဉ်ပါပဲ' ဟု ရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့လား၊ ကျုပ်တော့ သတင်းစာထဲမှာ မတွေ့လိုက်ရလို့ မသိဘူးဗျာ'

'ဒီဖွင့်ပွဲ အကြောင်းကို သတင်းစာထဲမှာ သုံးကြောင်းလောက်ပဲ ပါတာ ဖတ်မိပါတယ်။ ကျွန်တော်တို့ စက်မှုဒေသမှာ တခြားကြီးကျယ်တဲ့ တိုးတက်မှုတွေ အများကြီး ဖြစ်ထွန်းနေတော့ ကုးတို့ကလေး တစ်ခုအတွက် နေရာမပေးနိုင်ဘူး ထင်ပါရဲ့'

အင်း ဟုတ်မှာပဲ၊ ဟိုပဝေသဏီကတော့ သစ်တောဝန်ထောက် ဦးအောင်သန်းလှိုင် မဲဇလီပင် စိုက်ပျိုးခြင်း ဆိုတဲ့ သတင်းတောင်မှ ရေးရေးဝေဝေဆာဆာ ရေးကြသားကြသည်။ ယခုမှာမူ ဟိုမှာလည်း လုပ်ငန်းသစ်၊ ဒီမှာလည်း လုပ်ငန်းသစ် ဟူ၍ စီမံကိန်း အမျိုးမျိုး အကောင်အထည် ပေါ်နေသောအခါ သတင်းထောက်များမှာပင်လျှင် စက်မှုလက်မှု လုပ်ငန်းကြီး တစ်ခုလုံးကို ကဏ္ဍအမျိုးမျိုးခွဲ၍ သတင်းအမျိုးမျိုး ဖြန့်၍ ရေးနေကြသည်။ ထို့ကြောင့် ထူးလျက်နှင့် မဆန်းသော သတင်းကို အသားပေးနိုင်ကြမည် မဟုတ်။

ကုးတို့အကြောင်း စကားတပြောပြောနှင့် နေရင်းမှာပင် ဂျစ်ကားနှစ်စီးသည် အဆင်သင့်ပင် ကတ္တရာစေး လမ်းမကြီးပေါ်သို့ ရောက်လာကြသည်။ ဤအချိန်တွင် နေအနည်းငယ် ပွင့်လာသည်။ နေပွင့်လျှင် ပွင့်ချင်း အလယ်ပိုင်းဒေသ ထုံးစံအတိုင်း ချွေးကလေး စို့သည်အထိ အိုက်စပ်စပ် ဖြစ်လာသည်။ ရှေ့လျှောက်ပြီး ပူရချေသေးရဲ့ဟု ထင်မိသည်။

ထို့နောက် ဦးအောင်သန်းလှိုင်နှင့် ဦးတင်ထူးတို့ လူစုသည် ဂျစ်ကားနှစ်စီးဖြင့် လမ်းရွာကို ဝင်ကြသည်။ ယခင်က လမ်းရွာကိုဝင်လျှင် လမ်းမကြီးမှ တစ်ဆင့် ချိုး၍ ဝင်ရသည်ဟု မှတ်မိသည်။ ယခုမှာမူ လမ်းချိုး မရှိ တစ်ခါတည်း လမ်းရွာထဲ ဖြတ်ကျော်သွားရသည်။ စိတ်ထဲတွင် လမ်းရွာများ ဟုတ်ပါ့မလားဟု တွေးမိသည်။

သာဝက 'ဆရာ ဒီနေရာကို မှတ်မိသေးရဲ့လား'ဟု မေးပြန်သည်။





သည်တစ်ခါတော့ ဦးအောင်သန်းလှိုင်သည် မိမိစိုက်ခဲ့သော ပင်လယ်ကဗ္ဗီးပင်ကြီးများ မိုးထိုးနေသည်ကို လှမ်း၍ မြင်ရပါလျက်ကယ်နှင့် ဘာကိုမှ မမှတ်မိတော့ချေ။

ဦးတင်ထူးက ဦးအောင်သန်းလှိုင်သည် သူ အလုပ်လုပ်ခဲ့သော နေရာကို ပြန်ရောက်၍ အားလုံးကို ပြန်လည် မှတ်မိလိမ့်မည်ဟု ယူဆသောကြောင့် ခပ်မဆိတ် နေခဲ့သည်။ ယခုမှ အကြောင်းသိရသောကြောင့် အိမ်ရှင်ဝတ္တရားအတိုင်း ထိုအဆောက်အအုံက ဤအခါမှာ မည်သို့ စသဖြင့် ပြောင်းလဲသောသဏ္ဍာန်ကို ပြန်လည် သရုပ်ဖော်ပေးသည်။

လမ်းရွာသည် ထိုခေတ်ကပင်လျှင် စည်ကားသော အလုပ်သမားမြို့တော်ကလေး ဖြစ်သည်။ လမ်းသစ်ဖောက်ခြင်း၊ အိမ်ရှေ့ ရေသွားမြောင်းဖောက်ခြင်း၊ အိမ်နောက် မိလ္လာမြောင်း ဖောက်ခြင်း၊ ရေလောင်းအိမ်သာအတွက် မြေမြှုပ် ဘိလပ်မြေကန်တူးခြင်း၊ အမှိုက်ပုံးနေရာ ကန့်သတ်ထားခြင်း စသော မြို့သစ်တို့၏ အင်္ဂါရပ်များနှင့်အညီ မိမိ မျက်စိအောက်တွင် ဘွားခနဲ ပေါ်ပေါက်ခဲ့သည်။

ယခုမှာမူ ၎င်းမြို့ကွက်ရိုက် အစီအစဉ်တို့သည် ရှေးကထက် ပို၍ နေသားတကျ ဖြစ်ရသည့်အပြင် ပျဉ်ထောင် ပျဉ်ခင်း တန်းလျားများ၊ အိမ်များ စသည်တို့မှာ နှစ်ထပ်တိုက်၊ လေးထပ်တိုက်၊ ခြောက်ထပ်တိုက် ဖြစ်နေကြသည်ကို တွေ့ရသည်။ ရန်ကုန်မြို့တွင် လွန်ခဲ့သော ဆယ်နှစ်ခန့်က တွေ့ရဖူးသော ဖဆပလ ကွက်သစ်၊ မင်းမနိုင်ကွက်သစ်၊ ရန်ကင်းမြို့ စသည်တို့၌ တွေ့ရသော တိုက်ခန်းကြီးများထက်ပင် တောင့်တင်း ခိုင်မာ၍ ဗိသုကာ သဘော၌ အဆင့်အတန်း မြင့်သည်ဟု စဉ်းစားမိသည်။

ထို့ကြောင့် ယခင်က အပ်ကျလျှင် သိရသော ရပ်ကွက်တွင် ဦးအောင်သန်းလှိုင်သည် မျက်စိ လည်လာသည်။ ဦးတင်ထူးက နေရာဌာနနှင့် အဆောက်အအုံများ အကြောင်းကို ရှင်းလင်းပြောပြရာ၌ သူသည် အင်း ဒိုက်ရုံမှ တစ်ပါး အခြား ဘာမျှ မတတ်နိုင်တော့ချေ။ ဘယ်ဟာ ဘယ်ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ပြောင်းလဲသည် ဆိုသည်ကို နားမလည်နိုင် ဖြစ်လာသည်။ လမ်းရှာ သည် ချောက်ထက်ပင် တိုးတက်နေသည်ကိုသာ တအံ့တသြ စဉ်းစားမိနေ သည်။

လမ်းရှာမှ ဝဇီရာသစ်တော စီမံကိန်းဒေသသို့ ဦးတည်ကာ ဂျစ်ကား နှစ်စီး ထွက်ခွာလာခဲ့ရာ၊ ငါးမိုင်မျှ ခရီးမပေါက်မီ လမ်းမကြီး၏ ဝဲယာနှစ်ဖက် တွင် အုပ်အုပ်ဆိုင်းဆိုင်း ညို့ညို့မှိုင်းမှိုင်း တောအုပ်ကြီးများကို မြင်ရသည်။ ယခင်က ဘယ်နေရာကို လှမ်းကြည့်ကြည့် တောင်ကုန်းကလေးများ ကျောက်တုံးကျောက်ခဲများ၊ ပုပျပ်သော တောပင်များ၊ တောပန်းများ၊ ချုံပိတ် ပေါင်းများ၊ ကျိုးတိုးကျဲတဲ တဲအိမ်များ၊ အဆောက်အအုံများ စသည်တို့ ကို မြင်နိုင်သည်။ ယခုမှာမူ တောအုပ်များ ဝန်းရံနေသောကြောင့် တစ်ခါ တစ်ခါ ရွာသစ် မြို့သစ်များ ရှိသည့် နေရာ၌ ရွာသစ် မြို့သစ် မရှိဟု ထင်ရ သည်။

ထို့နောက် စောစောက ချွေးကလေး စို့စို့မှာ နေပူပါလျက်နှင့် ပျောက်သွားပြီးလျှင် အပူအအေး မျှလာသည်ကို သတိထားမိသည်။

'ကိုင်း... ဟောဒီနေရာက စပြီး ဝဇီရာသစ်တောထဲ ဝင်ပါပြီ ခင်ဗျား' ဟု မြန်မာ့ရေနံ အလုပ်သမား အရာရှိက ပြောလိုက်သည်။ လမ်းကိုစွန် ထိုးထားသော ဆိုင်းဘုတ်ကြီးက "ဝဇီရာ သစ်တော"ဟု ဖော်ပြနေသည်။ ဆိုင်းဘုတ်ကြီး အောက်က မှတ်တိုင်တစ်ခု၌ "မီး သတိပြု"ဟုလည်း ကမ္ပည်း ထိုးထားသည်။

အလုပ်သမား အရာရှိက ဝဇီရာ ရွာကလေးကို အစွဲပြု၍ ဝဇီရာ သစ်တောဟု တွင်ကြောင်း ဦးအောင်သန်းလှိုင်ကို ပြောပြသည်။ ဦးအောင် သန်းလှိုင် ဝမ်းထဲမှာ ကျိတ်ပြီး ပြုံးသည်။ မူလက ဤနေရာမှာ စိန်နားပန် ရွာကလေး ရှိသည်။ ဤရွာကိုစွဲ၍ စိန်နားပန်သစ်တောဟု ခေါ်ကြရာ မိမိက စိန်ပါလျှင် ဝဇီရာဟု မှည့်ခေါ်သင့်ကြောင်း ကျေးရွာမှူးများကို အကြံပေးသည် နှင့် ဝဇီရာရွာဟု တွင်သည်။ သစ်တောစီမံကိန်း အကောင်အထည် ဖော်သော အခါ ဝဇီရာ အမည်သည် အတည်ဖြစ်လာသည်။





အင်ဂျင်နီယာကမူ ဦးအောင်သန်းလှိုင် အကြောင်း ကြားဖူး၍ 'အဲဒီ သစ်တောကြီးကို ဘကြီးပဲ ပြုစုခဲ့တယ် မဟုတ်လား။ ဘကြီး ဒါကိုတော့ မှတ်မိမှာပေါ့'ဟု ဆိုသည်။

ဦးအောင်သန်းလှိုင်က မှတ်မိပါသည်ဟု ဦးခေါင်းကို ညိတ်ပြသည်။ သို့သော် အမှန်မှာ သူ ဘယ်လို မှတ်မိနိုင်ပါ့မလဲ။

ကြည့်လိုက်စမ်းပါ။

ဟို ဆယ်နှစ်လောက်က ပင်လယ်ကဗ္ဗီးပင်များသည် အလွန်ဆုံး ခြေ အစိတ် ပေသုံးဆယ်မျှသာ ရှိတော့မပေါ့။ ယခု ပေတစ်ရာ နီးနီး မိုးသို့ မျှော်နေပြီ။ ဤအချိန်တွင် လေနုအေးသည် ဆော့လာပြီ။ အနည်းငယ် ကြမ်းချင် ရမ်းချင်သလိုလို ရှိသည်။ လေသည် ကဗ္ဗီးပင် အကိုင်းအခက်များ အကြားထဲသို့ တရကြမ်း ဝင်တိုးသည်။ ကဗ္ဗီးပင်များသည် ယိမ်းကရင်း တရှိုးရှိုး လေချွန်နေကြသည်။ သည်ကဗ္ဗီးပင်များကို ပျိုးစက ကိုအောင်ဌေး ဆိုသူနှင့် အချီအချ စကားများခဲ့ရသည်ကို ပြန်တွေးမိသည်။

ယခု ကိုအောင်ဌေးသည် အသက်ခုနစ်ဆယ် ကျော်ရော့မည်။ ဦး အောင်သန်းလှိုင်ထက် အနည်းဆုံး လေးငါးနှစ်လောက် ကြီးမည်ထင်သည်။ ကိုအောင်ဌေးမှာ ဂျပန်တော်လှန်ရေးခေတ်က စ၍ နိုင်ငံရေးလုပ်ခဲ့သူ ဖြစ် သည်။ သတင်းထောက် လုပ်သည်။ သတင်းစာ ကိုယ်စားလှယ်လည်း လုပ်သည်။ စာအုပ်လည်း ရောင်းသည်။ ထို့ကြောင့် ရှစ်စပ်လည်ခဲ့သူ ဖြစ်၍ အလွန် အမေးအမြန်း ထူသည်။ အလွန်လည်း စောဒက တက်တတ်သည်။ ဦးအောင်သန်းလှိုင်နှင့် တွေ့လျှင် အမြဲတမ်း ခွ ပြောသည်။

'ခင်ဗျားတို့ ကိုအောင်ဌေး ဆိုတဲ့လူ ကြားဖူးကြရဲ့လား'

ဦးအောင်သန်းလှိုင်က ဤသို့ မေးသောအခါ အသက် ၄၅ နှစ် အရွယ်ခန့် ရှိသော ဒု မန်နေဂျာ ဦးတင်ထူးက 'သူနဲ့ ကျွန်တော်တို့တစ်တွေ အင်မတန် ရင်းနှီးကြပါတယ်။ ယခု ဦးအောင်သန်းလှိုင် လာမယ် ကြားလို့ သူ ဟိုက စောင့်နေပါတယ်'ဟု ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်သန်းလှိုင်ကား မေးသာ မေးရသည်၊ ဦးအောင်ဌေးကို များစွာ မတွေ့လို။ အငြိမ်းစားဘဝမှာ အေးအေးလူလူနှင့် ခရီးထွက်လာသည်။ ယခု စကားတံရှည်သော သူနှင့် ပြန်တွေ့ရလျှင် နှစ်ဦးသား ဘုကျကြရဦးမည်။

ကဗွီးပင်များသည် မိုးမဆုံးမြေမဆုံး ပေါက်နေကြသည်။ ထိုကဗွီးတောမှ အထဲသို့ လှမ်းမျှော်ကြည့်လျှင် သရက်ပင်အုပ်များကို ဟိုတစ်ကွက် သည်တစ်ကွက် မြင်ရသည်။ ထိုအခါ ဦးအောင်သန်းလှိုင်က ပြုံးသည်။

အလုပ်သမား ရိပ်သာမှူးက 'ဘာပြုံးတာလဲ ဦးရဲ့'ဟု မေးသည်။

'အို…ဘာမှ မဟုတ်ပါဘူးကွယ်၊ ဒီသရက်တောကို ကျုပ်ပြုစုခဲ့တော့ ယခု သနပ်စုံလုပ်ငန်း ဌာနတွေ ပေါ်နေတာကို တွေးပြီး ကျေနပ်မိလို့ပါ'

'ဟုတ်ကဲ့၊ သစ်တောဧည့်ရိပ်သာ ရောက်ရင် သရက်သီး ကုလားတည်နဲ့ ငါးပိကြော် စားရဦးမယ်။ ဦးအတွက် စပယ်ရှယ် စီမံထားကြပါလိမ့်မယ်'

ဂျစ်ကားနှစ်စီးသည် တဝီဝီမြည်၍ မောင်းနှင်လျက် ရှိသည်။ နောက်မှ ကားသည် ကားမောင်းသူတစ်ယောက်နှင့် ၎င်း၏အဖော် တစ်ယောက်သာ ပါသည်။ ထိုကားကို ဦးတင်ထူးက ရှေ့ ကျော်တက်ခိုင်းသည်။ 'မင်းတို့ အလျင်သွားနှင့်၊ တို့ ဖြည်းဖြည်း လိုက်ခဲ့မယ်'ဟု ဆိုသည်။ သို့မှသာလျှင် ဦးအောင်သန်းလှိုင်ကို ခရီးဦးကြိုပြုဖို့ စီစဉ်နိုင်မည်ဟု ဦးတင်ထူးက တွေးသည်။

နောက်က ဂျစ်ကား ရှေ့တက်၍ အတန်ကြာသော် ပျောက်သွားလေသည်။ ထိုအခါ ပထမဂျစ်ကား ခရီးသည်တို့သည် ယူကလစ်ပင် တောကြီးကို ဖြတ်သွားသည်။ ယူကလစ်နံ့ တပျံ့ပျံ့ကို ခရီးသည် အားလုံးက တဝကြီး ရှုရှိုက်ကြသည်။

'နေပါဦး၊ ကျုပ်စိုက်ခဲ့တဲ့ သနပ်ခါးတောကို မရောက်သေးဘူးလား'

ဦးအောင်သန်းလှိုင်က ဤသို့ မေးသောအခါ အင်ဂျင်နီယာက





'ရှေ့မှာ တွေ့ရပါလိမ့်မယ်'ဟု ဆိုသည်။ ဆိုသည့်အခိုက်တွင်ပင် သနပ်ခါးတောကို ဖြတ်ကြရသည်။ ဦးအောင်သန်းလှိုင် စိတ်ထဲတွင် သနပ်ခါးနံ့ ရသည်ဟုပင် ထင်မိသည်။ သို့သော် အမှန်မှာကား ယူကလစ်အနံ့က လွှမ်းနေသည်။ 'သနပ်ခါးတောထဲရောက်ရင် ကျုပ်ဆောက်ခဲ့တဲ့ ဗိုလ်တဲကို ရောက်တော့မှာပေါ့'ဟု ဦးအောင်သန်းလှိုင်က ဆိုသည်။ သို့သော် ကားထဲရှိသော အခြား ပရိသတ်မှာ နားလည်ဟန် မရှိချေ။ ဤသည်တွင် ကားမောင်းသူ သာဝက 'သစ်တောဧည့်ရိပ်သာကို မဆောက်ခင်က ဗိုလ်တဲကို ဆရာ အလျင် ဆောက်ခဲ့တာပဲဗျ'ဟု ဂုဏ်ယူသောလေသံဖြင့် ပြောသည်။

ဒု မန်နေဂျာက 'သြော်…ဟုတ်ကဲ့၊ ဦးအောင်သန်းလှိုင် ဆောက်ခဲ့တဲ့ ဗိုလ်တဲ နေရာကိုပဲ ယခု ဧည့်ရိပ်သာ ဆောက်တာပဲ'ဟု ဆိုသည်။

ပင်လယ်ကဗွီးပင်တို့က လေချွန်သည်။ ယူကလစ်ပင်တို့ကမူ ရှဲရှဲဟု အော်သည်။ ဦးအောင်သန်းလှိုင်၏ စိတ်ထဲ၌ ကျောထဲက ချမ်းသလိုလို အောက်မေ့သည်။ အိုက်စပ်စပ်ရှိရာမှ အအိုက်ပျောက်၍ အအေးရောက်လာသောအခါ လမ်းရွာ၏ ရာသီဥတု သဘာဝကိုပင်လျှင် ဆန်းသလိုလိုဟု ထင်မိသည်။ ထင်နေရင်း မတ်တတ် မိုးတဖြောက်ဖြောက်ရွာသံ ကြားသည်။ ဟုတ်ပါ့မလားဟု ဇဝေဇဝါ ဖြစ်မိသည်။ ဇဝေဇဝါ ဖြစ်၍မှ မပြီးသေးဘူး၊ မိုးပြေးကလေး ကျလာသည်။

'ဟာ…ဘယ့်နှယ်လဲ၊ ရာသီဥတုက ဖောက်ပြန်လှချည်ကလား။ ဒီအချိန် ဘယ့်နှယ်မိုးရွာတာတုံး'ဟု ဦးအောင်သန်းလှိုင်က ညည်းညူသည်။

'ဘကြီးက သင်္ကြန်နီးမှ ဒီကို လာလည်တာကိုး။ ဒါ သင်္ကြန်အကြိုမိုးလေ။ ဒီမိုး တစ်ပြိုက် နှစ်ပြိုက် ရွာပြီးရင် သရက်သီးတွေ မှည့်တော့မယ်'

'ဟုတ်ကဲ့…အင်ဂျင်နီယာကြီးရယ်၊ ကျုပ် သင်္ကြန်မိုးအကြောင်း နားလည်သင့်သလောက် နားလည်ပါတယ်။ ဒါပေမဲ့ ဒီလိုဒေသမှာ ဒီအချိန် တစ်ခါမျှ မိုးရွာတယ်လို့ ကျုပ် မတွေ့ခဲ့ဖူးပါဘူး'

ဤသည်တွင် ဒုမန်နေဂျာက ကြားဖြတ်၍ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုလွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကဆိုရင် ဒီလိုမိုးမျိုး မရွာဖူးဘူးလို့ ဆိုကြပါတယ်။ ရွာရင်လည်း ဘုရားစူး လွတ်ရုံလို့ ဆိုကြပါတယ်။ ကျွန်တော်တော့ မိုးလေဝသကို မကျွမ်းကျင်ပါဘူး။ ဒါပေမဲ့ ကိုယ်တွေ့ကို ပြောရရင် ကျွန်တော်ရောက်စ လေးငါးနှစ်ကထက် ယခု မိုးရေချိန်များတယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ ဦးလည်း အသိသားပဲ၊ အညာမိုးဆိုတာ အောက်မိုးလိုတော့ မဟုတ်ဘူးပေါ့ ခင်ဗျာ။ ဒီမိုးကြောင့် ကိုင်းတွေ ယာတွေ အားကြီးဖြစ်ထွန်းနေတယ်၊ ဥယျာဉ်တွေလည်း ဖြစ်ထွန်းနေတယ်။ ဒါတွေဟာ ဦးအောင်သန်းလှိုင်ရဲ့ လုံ့လဝီရိယကြောင့်ပဲလို့ ဒီခေတ် လူငယ်များကို ကျွန်တော် ပြောချင်တယ်'

အင်ဂျင်နီယာ၊ အလုပ်သမား အရာရှိ၊ အလုပ်သမား ရိပ်သာမှူးစသော လူငယ် အဖော်တို့က–

'ဟုတ်တယ်၊ ဘကြီးကြောင့် မိုးရွာတယ်လို့ ဆိုချင်ပါတယ်။ သိကြားကတော် ရေချိုးခန်းက လာတဲ့မိုး မဟုတ်ပါဘူး'ဟူ၍ ရယ်ရွှန်းဖတ်ရွှန်းနှင့် ဦးအောင်သန်းလှိုင်ကို ဩဘာပေးကြသည်။ ဦးအောင်သန်းလှိုင်ကား သူ့စီမံကိန်း၌ အလုပ်လုပ်စဉ်က ဤကဲ့သို့ ဩဘာမပေးကြသည့်အပြင်၊ ကိုအောင်ဌေးက မကြာခဏ နောက်တာ ပြောင်တာကိုသာ ခံခဲ့ရဖူးသည်။ ထို့ကြောင့် ယခု ဩဘာသံ ကြားရသောအခါ အမြှောက်မကြိုက်ပါဘူး ဆိုသော်ငြားလည်း စိတ်ထဲတွင် အတန်ငယ် သာယာမိသည်။ သို့သော် 'အို... မိုးတို့ လေတို့ဆိုတာ သဘာဝပါကွယ့်၊ သိကြားကတော် ဆီးရှင်တာနဲ့လည်း မဆိုင်ပါဘူး၊ ကျုပ်နဲ့လည်း မဆိုင်ပါဘူး။ မောင်တို့ နောင်လာ နောင်သားများရဲ့ ကျေးဇူးရှင်က ဟောဒီ ကဗွီးပင်တွေပါပဲ'ဟု ပြောလိုက်လေသည်။

စကားတပြောပြောနှင့် ခရီးနှင်ခဲ့ရာ တမာတောအုပ်သို့ ရောက်လာကြလေသည်။ ဤနေရာ အရောက်တွင် မိုးသီးကြွေသောကြောင့် ဦးအောင်သန်းလှိုင်တို့ လူစုက ဂျစ်ကား ခဏရပ်ပြီးလျှင် ကောင်းကင်မှ ကျလာသော ရေခဲတုံးကလေးများကို ကောက်လိုက်ကြသေးသည်။

ဤအတွင်း ဦးတင်ထူးက တမာစေးထုတ်လုပ်ရန် စီမံကိန်းချလျက်





ရှိကြောင်း၊ တမာမှ အဆီချ၍ သွားတိုက်ဆေးလုပ်ရန် သုတေသနပြုလျက် ရှိကြောင်း၊ မဲဇလီပင်နှင့်အတူ ပွေးကိုင်းပင်များကို စမ်းသပ်စိုက်ပျိုးရာ ကောင်းစွာ မအောင်မြင်သေးကြောင်း၊ အလွန်ရှည်လျားသော ကဗွီးပင်များကို စနစ်တကျ ခုတ်လှဲ၍ မီးသွေးဖုတ်လျက် ရှိကြောင်း၊ မဲဇလီပင်မှ ရသော မီးသွေးသည် အမျိုးအစား အလွန်ကောင်းကြောင်း အစရှိသဖြင့် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်လတ္တံ့ လုပ်ငန်းများကို စီကာပတ်ကုံး ပြောနေသောကြောင့် အတန်ငယ် ခရီးဖင့်သွားကြသည်။

ဤအချိန်တွင် မိုးလည်း စဲလေပြီ။ မြေသင်းနံ့လည်း ကြိုင်လာသည်။ သည်အနံ့ကို ရသောအခါမှ အဘယ်အကြောင်းကြောင့် မသိ၊ ဝမ်းထဲက ဆာသလိုလို ရှိလာသဖြင့် ဦးအောင်သန်းလှိုင်က ခရီးဆက်ကြဦးစို့ဟု နှိုးဆော်လေသည်။

ရွက်နုထွက်နေသော မဲဇလီပင်များသည် ခရီးသည်တို့အား ကြိုဆိုနေကြသည်။ ဦးအောင်သန်းလှိုင်ကား မဲဇလီဟင်းချိုကို တောင့်တမိသည်။ သို့သော် ဧည့်သည်ဖြစ်သောကြောင့် အိမ်ရှင်တို့ ကျွေးသမျှနှင့် တင်းတိမ်ရမည်ဟု စိတ်တွင် မှတ်ထားလိုက်သည်။ သာဝကား ဆရာ့အလိုကို သိတတ်သူဖြစ်သောကြောင့် ဧည့်ရိပ်သာသို့ အမြန်ရောက်အောင် အသော့နှင်လေသည်။ ခင်စစ် ခရီးလမ်းမှာ များစွာ မရှည်လှချေ။ သို့သော် အိမ်ရှင်ဖြစ်သူတို့က ဧည့်သည်ကို ကြည့်စရာ၊ ရှုစရာများ ပြနေသဖြင့် အတန်ငယ် ခရီးဖင့်သွားသည်။

အတန်ကြာသော် သစ်ပင်ပျိုးသော စခန်းသို့ ရောက်လေသည်။ ထိုစခန်းကို ဂျစ်ကားဖြတ်၍ မောင်းသောအခါ လမ်းကို ခွ၍ စိုက်ထူထားသော မုခ်တစ်ခုကို တွေ့ရသည်။ ထိုမုခ်၏ နဖူးစီးတွင် “ဝဇီရာ စက်မှုဒေသသို့ ကြွရောက်လာသော ခရီးသည်တို့အား ကြိုဆိုပါ၏”ဟု ကမ္ပည်းထိုးထားသည်။ ထိုမုခ်ဝမှ နေ၍ လှမ်းမျှော်ကြည့်လိုက်သောအခါ ကေပေါင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ငါးရာ ကျယ်မည်ဟု မှန်းဆရသော လုပ်ငန်းမျိုးစုံ စက်ရုံဒေသကြီးကို မြင်ရသည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်က ဆောက်လုပ်ဆဲဖြစ်၍ ရုပ်လုံး မပေါ်သေးသော စက်ရုံဒေသကြီးမှာ ယခုအခါ သုဒဿန နတ်နန်းပမာ နေရောင်ထဲတွင် စိန်ကဲ့သို့ တောက်ပလျက် ရှိလေသည်။ ဝဇီရာ အမည်နှင့် လိုက်ပါအောင် အချို့ အဆောက်အအုံမှာ လိပ်ခုံးသဏ္ဍာန်၊ အချို့ကား မျှော်စင်သဏ္ဍာန်၊ အချို့ကား ထင်းရှူးပုံသဏ္ဍာန်၊ အချို့ကား ဘဲဥပုံ ကစားကွင်းသဏ္ဍာန် ခေတ်မီသော ပုံသဏ္ဍာန်အမျိုးမျိုး ရှိကြသည်။ ယင်းပုံသဏ္ဍာန်များကို ယခင်က တွေ့ခဲ့ဖူး၍ ဦးအောင်သန်းလှိုင်အဖို့ မထူးခြားလှပါ။

သို့သော် ယခင်က မီးခိုးမထွက်သေးသော အဆောက်အအုံတို့မှာ အခိုးအငွေ့ တလူလူနှင့် ဖြစ်နေသည်ကိုမူ အံ့အားသင့်မိသည်။ ယခင်က ဘူလဒိုဇာနှင့် တောင်ဖြိုသောအသံ၊ ဒင်ဆောင့်သံ၊ တူထုသံ၊ လျှပ်စစ်လွန်ဖြင့် ဖောက်သံ အစရှိသော ဆောက်လုပ်ရာမှ ပေါ်ထွက်သော အသံများသည် အလွန် နားငြီးသည်။ ယခုမူ လျှပ်စစ်ဓာတ်အားဖြင့် စက်များ လည်ပတ်သော အသံ ခပ်အုပ်အုပ်ကိုသာလျှင် တဝီဝီနှင့် ဆက်တိုက် မှန်မှန် ကြားနေရသည်။

စက်ရုံဝင်းကြီးထဲတွင် အလုပ်သမားများသည် သူ့လုပ်ငန်းနှင့်သူ ပျားပန်းခပ်မျှ အလုပ်လုပ်နေကြပုံမှာ စည်းကမ်းစနစ် အနည်ထိုင်လာပြီ ဖြစ်သော အသွင်ကို ဆောင်လျက် ရှိနေသည်။ တစ်ခါတစ်ခါ လျှပ်စစ် မော်တော်ကားကလေးများ စက်ရုံထဲမှ ပြေးထွက်လာသည်ကိုလည်း မြင်ရသည်။ တစ်ခါတစ်ခါ၌ကား မြေကြီးခဲနှင့်တူသော တွင်းထွက်ပစ္စည်း သယ်ယူလာသော လော်ရီကားများ စက်ရုံထဲ ဝင်သွားသည်ကိုလည်း တွေ့ရသည်။ ကိုယ်ရုံအင်္ကျီ အဖြူ၊ အပြာ၊ ဖောင်းဝတ်ရောင် စသည်တို့ကို ဝတ်ဆင်ထားသော အလုပ်သမားများနှင့် လုပ်ငန်းဦးစီးများ အချိန်လု၍ အလုပ်လုပ်နေကြပုံကိုလည်း အဝေးမှ လှမ်း၍ အထင်အရှား မြင်ရသည်။





ဤမြင်ကွင်းကို ကြည့်ရင်းနှင့် အတိတ်ခေတ်ကို စားမြုံ့ပြန်နေသော ဦးအောင်သန်းလှိုင်သည် ဧည့်ရိပ်သာ ဝင်းဝ ရောက်လာသည်ကိုပင်လျှင် ရောက်လာမှန်း မသိလိုက်ချေ။ ဂျစ်ကား ထိုး၍ ရပ်သောအခါမှ ကုန်းပြင်မြင့် ကလေး အပေါ်သို့ လှမ်း၍ ကြည့်မိသည်။ ထိုကုန်းပြင်မြင့်ပေါ်၌ မိမိကိုယ်တိုင် ဗိုလ်တဲတစ်လုံးကို ဆောက်လုပ်ရာ၌ ကြီးကြပ်ခဲ့သည်။ ထိုဗိုလ်တဲမှာ ဝါးထရံကာ၊ ဝါးကပ်မိုး၊ ပျဉ်ခင်း၊ အုတ်ဖိနပ်ခံ ဗိုလ်တဲဖြစ်သည်။

ပထမ ဗိုလ်တဲကို ဆောက်ပြီးသည့်နောက် ဆောင်းဦးပေါက်တစ်ညတွင် မြန်မာ့ရေနံ မိတ်ဆွေများကို မီးပုံပွဲဖြင့် ဧည့်ခံရာ၊ ကဗွီးသစ်ကိုင်းများဖြင့် မိုးထားသော မီးပုံမှ မီးပွားများကို ဗိုလ်တဲ ဝါးကပ် အမိုးပေါ် ကျသဖြင့် ဗိုလ်တဲတစ်ခုလုံး ပြာကျသွားသည်။ ထို့ကြောင့် ရင်းနေရာ၌ပင် ဗိုလ်တဲ တစ်ခုလုံး ထပ်ဆောက်သည်။ ယင်းဗိုလ်တဲမှာ ယခင်ပုံစံအတိုင်း ဖြစ်သော်ငြားသော်လည်း၊ ဆင်ဝင်ခန်းကို ကျယ်ကျယ်ချဲ့၍ ဆောက်ထားသဖြင့် အေးမြသော ရာသီတွင် နေစာလှုံ၍ အလွန်ကောင်းသည်။

သို့သော် ဗိုလ်တဲမှာ ယခု မရှိတော့ပြီ။ ရင်းနေရာတွင် ယခင် ဗိုလ်တဲ၏ ပုံစံကို ထပ်မံ တိုးချဲ့ပြုပြင်၍ နှစ်ထပ်ဧည့်ရိပ်သာ ဆောက်လုပ်ထားသည်။ ယခင် ဗိုလ်တဲ၌ ကုန်းပြင်ပေါ် တက်ရန်အတွက် မြေကြီးကိုပင် လှေကားထစ် လုပ်ထားသည်။ ယခုမှာမူ ယင်းလှေကားထစ်ကို အုတ်အင်္ဂတေ လှေကားထစ် အဖြစ်သို့ ပြုပြင် ပြောင်းလဲလိုက်ကြလေပြီ။

ဦးအောင်သန်းလှိုင်တို့ လူစုသည် ပြေပြေကလေး ခင်းထားသော လှေကားထစ်၌ တစ်လှမ်းချင်း လှမ်းနေစဉ် ဗိုက်အင့်အင့်၊ ထောင်ထောင် ဆောင်းမောင်း ပုဂ္ဂိုလ်တစ်ယောက် အပြေးအလွှား ဆင်းလာပြီးသော် ဦးအောင်သန်းလှိုင်အား 'အန်ကယ် နေကောင်းရဲ့နော်၊ ကျွန်တော့်ကို မှတ်မိသေးရဲ့လား'ဟု ဆီးကြို၍ ပဋိသန္ထာရ ပြုသည်။

မှတ်မိသေးရဲ့လား ဟူသော စကားမျိုးကို တစ်လမ်းလုံး ကြားနေရသော ဦးအောင်သန်းလှိုင်သည် ပထမသော် ထိုစကားကြောင့် ရှုံ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပြေး၍ကြိုသူကို ကြည့်လိုက်သောအခါ 'ဟာ...မောင့်ကို ဘယ်တော့မှ မမေ့ပါဘူး၊ သစ်ပျိုးခင်းတွေကို ထူထောင်စက မောင်ရင် အုပ်ချုပ်တဲ့ ရေနံချောင်းကို ရောက်တော့ မောင်ရင် ကျွေးတဲ့ ညောင်ချဉ်ရွက်နဲ့ ဝက်သားဟင်းချိုကို ဘုရားစူးစေ့ ယနေ့ထိ မမေ့သေးပါဘူး'ဟု ဝမ်းသာအယ်လဲ ပြန်၍ ပြောလေသည်။

'မြို့အုပ် ဦးလွန်ပုံးကို ဘယ်တော့မှ မမေ့ပါဘူးဗျာ။ ကျုပ်နဲ့ တွေ့တုန်းက ခင်ဗျားဟာ ဖလမ်းက ပြောင်းလာတဲ့ ချင်းအမျိုးသား မြို့အုပ်လို့ ရေနံချောင်းမှာ ကျော်ကြားတယ် မဟုတ်လား။ ခုတော့ ရာထူး တိုးကရောပေါ့လေ'

ဦးအောင်သန်းလှိုင်က ထိုသို့ နောက်ဆက်တွဲစကားကို ဆိုသောအခါ ဦးလွန်ပုံးက အသံဝဲဝဲဖြင့် သူ့ကိုယ်ရေးရာဇဝင်ကို ခင်းရင်း အုပ်ချုပ်ရေးစနစ် ပြောင်းလာပုံကို ရှင်းပြသည်။

'ခုခေတ်မှာတော့ မြို့အုပ်ဆိုတာ မရှိတော့ဘူးခင်ဗျာ။ ယခု ကျွန်တော်ဟာ ရှေး အခေါ်အတိုင်း ဆိုရင် ခရိုင်ဝန် အဆင့်ပါပဲ။ ဒါပေမဲ့ ခေတ်အလျောက်တော့ ခရိုင်မှူးလို့ ခေါ်ပါတယ်။ ခရိုင် အုပ်ချုပ်ရေးကော်မိတီရဲ့ အတွင်းရေးမှူးပါပဲ ခင်ဗျာ။ မြို့နယ်တွေမှာလည်း မြို့နယ်အတွင်းရေးမှူးများကို မြို့နယ်မှူးလို့ ခေါ်ပါတယ်။

'အေးလေ၊ ဒီလို အုပ်ချုပ်ရေးပုံစံ ပြောင်းလာတော့ အင်္ဂလိပ်စနစ်အတိုင်း ကောင်တီ ကောင်စီတွေ၊ ဂျပန်စနစ်အတိုင်း ပရီဖက်ချား နယ်မြေတွေ၊ ရုရှစနစ်အတိုင်း ဆိုဗီယက်အဖွဲ့တွေလို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာတာ မြင်ရတာပေါ့ဗျာ။ ဒီမိုကရက်တစ် အုပ်ချုပ်ရေးအဆင့်ကို တစ်စတစ်စနဲ့ ရောက်လာပြီပေါ့လေ။ ဒါနဲ့ နေပါဦး၊ ခရိုင်အုပ်ချုပ်ရေးကော်မီတီ ဥက္ကဋ္ဌကြီးကကော ဘယ်သူတုံးဗျာ'

ဤကဲ့သို့ ဦးအောင်သန်းလှိုင် မေးနေစဉ် အဘိုးကြီးတစ်ယောက် ပျာယီးပျာယာနှင့် လှေကားထစ်များကို နင်းပြီး ဆင်းလာသည်။ သူနှင့်အတူ





တွဲဖက်၍ အခြားပုဂ္ဂိုလ်တစ်ယောက်လည်း လိုက်ပါလာသည်။ ပျာယီးပျာယာ အဘိုးကြီးက 'အောင်မယ် ဦးအောင်သန်းလှိုင်က အလျင်ရုပ် အတိုင်းပဲ၊ ရုပ် မပျက်သေးဘူး'ဟု ဆိုသည်။

လား...လား၊ ဘယ်သူများလဲလို့။ လက်စသတ်တော့ ဦးအောင်ဒွေးနဲ့ ပြန်လည် ဆုံတွေ့ကြရပြန်ပကိုး။

ဦးအောင်သန်းလှိုင်သည် ဦးအောင်ဒွေးကိုလည်း မမေ့ချေ။ မြင်လျှင်မြင်ချင်း မှတ်မိသည်။ တစ်ယောက်နှင့်တစ်ယောက် အမြဲ ခွစကား ပြောခဲ့ကြသော လူချင်း မဟုတ်ပါလား။ နှစ်ဦးသား အော်ကျယ်ဟစ်ကျယ် ရန်ဖြစ်သလို ငြင်းလေ့ခုံလေ့ ရှိသော်လည်း အာဃာတ ထားကြသည် မဟုတ်။ သူက ခွတိုက်၍ ငါက ဘုတောသဖြင့် လင်မယား တကျက်ကျက် ဖြစ်ဘိသကဲ့သို့ ယခု ရန်ဖြစ်၊ ယခု ပြန်ခေါ်သော သဘော ရှိသည်။ ယခုလည်း တွေ့လျှင်တွေ့ချင်း ရုပ်မပျက်သေးဘူးဟု ဆိုသံကြားသောကြောင့် ဦးအောင်သန်းလှိုင်က 'နေပါဦး ကိုအောင်ဒွေးရ၊ ကျုပ်က ရုပ်ပျက်ရလောက်အောင် ပုပ်ပွနေတာမှ မဟုတ်ဘဲပဲ'ဟု အငေါ်တူးလိုက်လေသည်။

'ဟဲ...ဟဲ၊ ကြားရမဗျာ့၊ ကြားရမဗျာ့ ဒီအပြောမျိုးတွေ၊ သစ်တောဝန်ထောက်ရဲ့ လေသံကလည်း မပြောင်းသေးဘဲကိုး။ ဟီ...ဟီ'

'နို့...ခင်ဗျားရဲ့ နိုင်ငံရေးသတင်းထောက် လေသံကလည်း ဟိုတုန်းက အတိုင်းပါကလား'

'ဇာတိဆိုတာ မပျောက်ကောင်းဘူး မဟုတ်လား ဝန်မင်းရဲ့'

'တော်စမ်းပါ ကိုအောင်ဒွေး၊ ခင်ဗျားက ခုမှ ဝန်မင်း၊ ဝန်မင်းနဲ့။ အလျင်ကတော့ ကျုပ်ကို သစ်တောဝန်ထောက် ဆိုတဲ့ ဘွဲ့ကို ခံယူတဲ့ ဒုံရိုကရက် အခေါ်အဝေါ်ကို သိပ်ပြီး သောက်မြင်ကတ်တယ် ဆို'

'ဟား...ဟား၊ ဒါတွေကို မမေ့သေးဘဲကိုး'

'ဘယ်မေ့နိုင်မလဲဗျာ့၊ ခင်ဗျားက ပညတ်ကိုသာ ကြည့်တဲ့လူပဲ။ ဝန်ထောက်ဆိုတာ ကျုပ်က ထောက်ချင်လို့ ထောက်တာမှ မဟုတ်ဘဲ၊



www.burmeseclassic.com

www.burmeseclassic.com



အစိုးရက ပေးတဲ့ နာမည်ကိုးဗျာ။ ဓာတ်မသိတဲ့ လူက ဒီအခေါ်ကလေး သာယာတယ်။ ကျုပ်တို့မှာတော့ ဝန်ထောက်ဆိုတဲ့ စကားအဓိပ္ပာယ်အတိုင်း ဝန်ကို ထောက်ပြီး ပိုးပြီး ထားလိုက်ရတာ ခါးကို ချည့်ပါကရော'

'ကျုပ်...နားလည်လာပါပြီဗျာ၊ ငယ်ကျိုးငယ်နာတွေ ဖော်မနေပါနဲ့ တော့။ ယခု ခင်ဗျားရဲ့ သစ်တောကြီး တစ်ခုလုံးကို မြင်ရတော့ ခင်ဗျား ကျောပိုးရတဲ့ သစ်တောကြီးရဲ့ ဝန်ဟာ ဘယ်လောက်လေးမယ်ဆိုတာ ကျုပ် တို့ နားလည်ပါပြီ။ ကဲလေ ဒါတွေ ထားပါဦးဗျာ၊ သူတစိမ်းတွေ ကြားရင် ရှန်ဖြစ်နေတယ်လို့ ထင်ပါဦးမယ်၊ ကျုပ် မိတ်ဆက်ပေးပါရစေဦး။ ဟောဒါ က အုပ်ချုပ်ရေး ဥက္ကဋ္ဌ ဦးဦးကျော်တဲ့ ခင်ဗျာ၊ စစ်တွေသားပါပဲ၊ ဒီခရိုင်မှာ ဦးဦးကျော် ဆိုရင် မသိသူ မရှိပါဘူး။ လူချစ်လူခင် များပါတယ်'

ထိုအခါ ဦးအောင်သန်းလှိုင်က အုပ်ချုပ်ရေး ဥက္ကဋ္ဌကြီးအား 'တွေ့ ရတာ ဝမ်းသာပါတယ်'ဟု ဆို၍ နှုတ်ဆက်သည်။ ပြီးသော် ဦးအောင်ဌေး ဘက်သို့ လှည့်၍ 'နို့... ခင်ဗျားကကော ပါတီဥက္ကဋ္ဌ မဖြစ်သေးဘူးလား'ဟု မေးလေသည်။

အင်ဂျင်နီယာ အပါအဝင် လူငယ်တစ်စုက ဦးအောင်သန်းလှိုင်သည် ဦးအောင်ဌေး ပါတီဥက္ကဋ္ဌဖြစ်ကြောင်း အဘယ်ပုံ ကြို၍ သိနေပါသလဲဟု စိတ်တွင် အောက်မေ့နေကြဟန် တူသည်။ စင်စစ် ဦးအောင်သန်းလှိုင်သည် ဦးအောင်ဌေး ပါတီဥက္ကဋ္ဌ ဖြစ်နေကြောင်းကို တပ်အပ် မသိချေ။ ဆယ်နှစ်ခန့် က ပင်လျှင် ဥက္ကဋ္ဌ ဖြစ်ရမည့်သူမှာ ဦးအောင်ဌေးပဲဟု ယူဆထားသော အရှိန်ကြောင့် မေးလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် ဦးအောင်ဌေးကလည်း 'ခင်ဗျား ထင်တော်မူတဲ့ အတိုင်း ပါပဲဗျာ'ဟု စပ်ဖြဲဖြဲ ပြောသည်။

ထို့နောက် တစ်ယောက်သော ပုဂ္ဂိုလ်က 'ကိုင်း...နေပူထဲမှာ ရပ်နေ လို့ မတော်ပါဘူး၊ ညသည်လည်း ထမင်းဆာရော့မယ်'ဟု သတိပေးသည်။

ထို့ကြောင့် အားလုံး ဧည့်ရိပ်သာပေါ် တက်၍ နေရာထိုင်ခင်း ယူကြ





သည်။ ဦးအောင်သန်းလှိုင်က တပိုတပါး သွားလိုသည် ဆို၍ ဧည့်ရိပ်သာ အစောင့်က အပေါ်ထပ် ရေချိုးခန်းကို လိုက်ပြသည်။ ရေချိုးခန်းထဲ၌ ရေချိုး ရန် ဥရောပစတိုင် ရေအင်တုံကြီးနှင့်။ ရေနွေး ရေအေး နှစ်မျိုးရသော ပိုက် ခေါင်းများ တပ်ထားသည်။ မိလ္လာမှာ ရေဆွဲမိလ္လာ ဖြစ်သည်။ အာရှတိုက်ပုံစံ၊ ဥရောပပုံစံ မိလ္လာအိုး နှစ်မျိုးရှိသည်။

'အံမယ်၊ တယ်ပြီး ဟုတ်နေပါကလား'ဟု ဦးအောင်သန်းလှိုင်က သူ့ဘာသာသူ ပြောပြီးလျှင် ကိစ္စဝိစ္စကို အပြီးတိုင် ရှင်းလင်းလိုက်လေသည်။ ထို့နောက် ရေချိုးခန်းမှ အောက်ထပ်သို့ အဆင်း မီးဖိုဆောင်ကို စစ်ကြည့် သည်။ ဓာတ်ငွေ့မီးဖိုပေါ်၌ မဲဇလီရွက်ဟင်းချိုကို ထမင်းချက်က နွှေးနေ သည်။ ဓာတ်ငွေ့မီးဖိုကို ချောက်မြို့သူမြို့သားများသာ မက ဝဇီရာဒေသခံ လူထုပင်လျှင် သုံးစွဲနေကြလေပြီ။

မဲဇလီ ဟင်းချိုနံ့ကြောင့် ဦးအောင်သန်းလှိုင်သည် ထမင်း ပို၍ ဆာလာသည်။ ထို့ကြောင့် ဣန္ဒြေဆည်မနေတော့ဘဲ ထမင်းဆာကြောင်း ကြေညာလိုက်လေသည်။

ထိုအခါ ထမင်းပွဲအဆင်သင့်နှင့် စောင့်နေကြသော အိမ်ရှင်များက ဧည့်သည်ဦးအောင်သန်းလှိုင်ကို ထမင်းကျွေးသည်။ ဦးအောင်သန်းလှိုင်ကား မြိန်လိုက်သည့် ဖြစ်ခြင်း။ ဟင်းချိုကလည်း အရသာ ရှိပါပေ့၊ သရက်သီး ချဉ်တွက်နီးကလည်း ချိုပါပေ့၊ သံစည်ဘူးထဲမှ ဖောက်၍ ထည့်ထားသော ငါးပိ ကြော်ကလည်း မွှေးပါပေ့။ ဆာဆာနှင့် စားလိုက်သည်မှာ စားပြီးသည်နှင့် ဘစ်ပြိုင်နက် မျက်စိ စင်းလာလေသည်။

ထိုအခါ ဦးအောင်ဌေးက အလိုက်သိစွာဖြင့် 'ကိုင်း...ဦးအောင်သန်း လှိုင် ဒီအရပ်မှာ ခင်ဗျားဟာ ဧည့်သည်မဟုတ်ဘူး၊ နေချင်သလို နေဗျာ။ ဘရေးတမော အိပ်လိုက်ဦး။ တရေးနိုးတော့ ခင်ဗျားကြိုက်တဲ့ သရက်သီး ချဉ်တွက်နီး ထုတ်လုပ်ပုံကို သနပ်စုံ အလုပ်ရုံမှာ လိုက်ပြမယ်'ဟု ဆိုလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

တရေးမေးလိုက်ပါသော်လည်း နားထဲတွင် ဦးအောင်ဒွေး ဟောင်ဖွာ ဟောင်ဖွာ ပြောသံချည်း ကြားနေရသည်။ ဟိုတုန်းက ဦးအောင်ဒွေးသည် ဦးအောင်သန်းလှိုင်၏ သစ်တောဝန်ထောက် ဆိုသော ဂုဏ်ထူးကို လှောင်ပြောင်သည်။ တော်လှန်ရေးခေတ်ထဲမှာ "ဝန်ထောက်" ဆိုသော စကားရှိနေခြင်းကို ရှုတ်ချသည်။ ဝေါဟာရကို ရှုတ်ချရင်းနှင့် ဗျူရိုကရက် လုပ်ပုံကိုင်ပုံကို ဝေဖန်သည်။ ဗျူရိုကရက်ကို ပြောရင်းနှင့် ဦးအောင်သန်းလှိုင် ကဗွီးပင် စိုက်တာ ဘာစိတ်ကူးလဲဟု အပြစ်ဆိုသည်။ ကဗွီးပင်သည် အလယ်ပိုင်းဒေသတွင် မည်သို့မျှ အသုံးမကျဟု ဆိုသည်။ ကဗွီးပင် အစား ဆီးပင်များကို စိုက်လျှင် ဆီးယိုကောင်းကောင်း စားရမည် ဆိုသည်။

ဤကဲ့သို့ မခံချင်အောင် ပြောသဖြင့် ဦးအောင်သန်းလှိုင်က ဦးအောင်ဒွေးကို သစ်တောအကြောင်း နားမလည်ဘဲနှင့် ဆရာလုပ်နေသည်ဟု ခံပက်သည်။ နှစ်ယောက်သား ငြင်းခုံ၍ မောလာသောအခါ ယောချောင်းကမ်းနဖူးသို့ သွား၍ ရေကူးကြသည်။ ပြီးလျှင် နှစ်ယောက်သား တစ်ယောက်ခါး တစ်ယောက် ဖက်ပြီး ပြန်တက်လာကြသည်။

ယခု အဲသည်နေရာမှာ သနပ်စုံလုပ်ငန်း စက်ရုံကြီး ပေါ်လာသည်။ ဦးအောင်သန်းလှိုင်အဖို့ ဘွားခနဲ ပေါ်လာသည်ဟု ထင်ရသည်။ ထို့ကြောင့် ဦးအောင်သန်းလှိုင်အဖို့ မြင်မြင်သမျှမှာ အထူးအဆန်းချည်း ဖြစ်နေသည်။ ဦးအောင်ဒွေး၊ ဦးဦးကျော်၊ ဦးလွန်ပုံး၊ ဦးတင်ထူးနှင့်တကွ တပည့် သာဝပါမကျန် အားလုံးသော ဝိုင်းတော်သားတို့သည် စက်ရုံကို အပြန်အလှန် လိုက်၍ ကြည့်ကြရာ ကြည့်၍ မဝနိုင်လေသော ဟူ၏။

သရက်သီးဝမ်းပျဉ်းတို့ကို ရေဆေးသည်မှာ စက်နှင့်၊ ရွယ်တူ သရက်သီး ရွေးသည်မှာလည်း စက်နှင့်၊ သရက်သီး ခွဲစိတ်သည်မှာလည်း စက်နှင့်၊ ပေါင်းအိုးထဲ ထည့်၍ ပေါင်းသည်မှာလည်း စက်နှင့်၊ သကြားရည် လောင်းသည်မှာလည်း စက်နှင့်၊ မဆလာ ခပ်သည်မှာလည်း စက်နှင့်၊ ချွတ္တနီးများကို ပလတ်စတစ်ဘူးထဲ သွတ်ရာမှာလည်း စက်နှင့်၊ တံဆိပ်ကပ်ရာမှာလည်း





စက်နှင့်၊ အားလုံး စက်နှင့်ချည်း ဖြစ်သည်။ အလုပ်သမများက စက်ကိရိယာတို့ကို ထိန်းပေးရုံ ပေးကြသည်။ ချွတ္တနီးဘူးများ တံဆိပ်ကပ်ပြီးနောက် တလိမ့်တုံးနှင့် သိုလှောင်ခန်းကို ပို့ပြီးသော အခါကျမှပင် စက်၏လုပ်ငန်းများ ပြီးစီးသွားသည်။

တစ်နေရာတွင် ချွတ္တနီးဘူးများ၏ အပြစ်အနာအဆာကို စစ်ဆေးကြည့်ရှုရသည်။ ထိုနေရာတွင် ထိုင်၍ အလုပ်လုပ်နေသော သူငယ်မမှာ အသက်သုံးဆယ် အရွယ်လောက် ရှိပြီ ထင်သည်။ ထိုသူငယ်မနှင့် တပည့်ကျော် သာဝတို့သည် ခြေဟန်လက်ဟန်ဖြင့် ပြုံးလိုက်ရယ်လိုက် စကားပြောနေကြသည်မှာ ငယ်သူငယ်ချင်းနှစ်ဦး နှစ်ပေါင်းများစွာ ကွဲပြီးမှ ပြန်တွေ့၍ ရှုးဖြစ်ပေါင်းကို စားမြုံ့ပြန်နေသည်နှင့် တူလှသည်။ ဦးအောင်သန်းလှိုင်စိတ်ထဲ၌ ငါ့လူ သာဝသည် ဘယ်နေရာ သွားသွား မိန်းမအသိ ပေါလှပါတကားဟု အောက်မေ့မိသည်။

စက်ရုံထဲ၌ အနှံ့လျှောက်ကြည့်ကြသောအခါ အားလုံးပင် ခြေသလုံးတောင့်လာသည်။ ထို့ကြောင့် အလိုက်သိတတ်သော ဦးအောင်ဒွေးက ကြည့်ရာ ရှုစရာ ကြည့်လို့ ဝကြလျှင် ဧည့်ရိပ်သာကို ပြန်ကြစို့ဟု ပြောသည်။

'ဒီလို စက်ရုံမျိုး ပေါ်လာတာဟာ ဦးအောင်သန်းလှိုင်ရဲ့ တာဝန်ကျမှုတွေကြောင့်ပါပဲ ခင်ဗျာ' ဟု ဦးအောင်ဒွေးက စက်ရုံမှ ထွက်ခါနီးတွင် အလုပ်သမ အမျိုးသမီးကလေးများကို နှုတ်ဆက်ရင်း ပြောသည်။ အသက်လေးဆယ် အရွယ်ရှိ အလုပ်သမ ကြီးကြပ်ရေးမှူးက 'ဟုတ်ကဲ့ရှင်၊ ကျွန်မတို့ အလုပ်သမတွေထဲမှာ ဦးအောင်သန်းလှိုင်ရဲ့ သရက်ပင်စိုက်ပျိုးရေး စီမံကိန်းအကြောင်းကို ယခုထက်ထိ ပြောနေကြဆဲပါပဲရှင်။ ဦးအောင်သန်းလှိုင်ကို လူချင်းမတွေ့ဖူးသော်လည်း နာမည်ကိုတော့ ကျွန်မတို့ ကြားဖူးကြပါတယ်' ဟု ဆိုသည်။

ဦးအောင်သန်းလှိုင်လည်း ယခုလို တဲ့တိုးကြီး ချီးကျူးလိုက်သည်ကို ကြားရသော် မျက်နှာ မထားတတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဒွေးက 'ဝန်မင်းရဲ့ ကျေးဇူးပါပဲ'ဟု ချီးကျူးသူကို ထောက်ခံသည်။

ထိုအခါ ဦးအောင်သန်းလှိုင်သည် လွန်ခဲ့သော ဆယ်နှစ်က လေသံအတိုင်း 'တော်စမ်းပါ ကိုအောင်ဒွေးရယ်။ ခုထက်ထိ ဝန်မင်း၊ ဝန်မင်းနဲ့ တစ်ဝန်တည်း ဝန်မနေစမ်းပါနဲ့။ ခုခေတ်မှာ သစ်တောဝန်ထောက်ကို ခရိုင်သစ်တောမှူးလို့ အမည်ပြောင်းပေးထားပါပကော။ ခေတ်စကား ပြောစမ်းပါဗျာ' ဟု အတည်ပေါက်လိုလို ပြောင်သလိုလိုနှင့် "မှုတ်"လေသည်။

ကိုအောင်ဒွေးက 'ဟဲ...ဟဲ...ဟဲ၊ ဟိုတုန်းက အပြောင်းအလဲ ကာလမှာ ဗျူရိုကရက် အငွေ့အသက်ကျန်နေတော့ ဗျူရိုကရက်လို့ချည်း ပြောခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ ဦးအောင်သန်းလှိုင်ကို ဟိုတုန်းကတည်းက ကျိတ်ပြီး သဘောကျခဲ့တာ အမှန်ပါ။ မခံချင်အောင် စ တာကတော့ ကျုပ်ဝသီပါပဲ။ ခင်ဗျားလည်း ဒီဝသီရှိတယ် မဟုတ်လား။ ကျုပ်ကို အချောင်သမားလေး ဘာလေးနဲ့ ခင်ဗျား ပြောတာ ကျုပ် မမေ့သေးပါဘူး။ ဒါပေမဲ့ ဟိုခေတ်က ဟိုခေတ်ပဲ။ ပြောင်းလဲမှုတွေ အနည်မထိုင်ခင် ပြောချင်ရာ ပြောခဲ့ကြပေမယ့် ဦးအောင်သန်းလှိုင်လို လက်တွေ့ အလုပ်သမားများရဲ့ လက်တွေ့လမ်းစဉ်တွေဟာ အထမြောက်ခဲ့တာပါပဲ။ အပြောထက် အလုပ်က ထိရောက်ခဲ့တယ် ဆိုတာ သမိုင်းပေး သင်ခန်းစာ တစ်ရပ်ပါဗျာ'

ဦးအောင်ဒွေးက နိုင်ငံရေး ခမ္မကထိက ကဲ့သို့ ဟောပြောသည်ကို ဦးအောင်သန်းလှိုင်က ဘဝင်ကျလာသောအခါ 'နောက်ဆုံး နိဂုံးချုပ်လိုက်တော့ ယခုခေတ်မှာ ယခုလို အသီ ပေါက်လာကြလို့ ကျုပ်တို့ ဟိုတုန်းက ပင်ပန်းခဲ့သမျှ ပင်ပန်းရကျိုးနပ်ပြီလို့ ထင်မိပါသဗျာ'ဟု ဆိုလေသည်။

ဤအတွင်း စက်ရုံထဲမှ သွားမည်ဟန် ပြင်နေစဉ် သာဝသည် ယခင် အမျိုးသမီးနှင့် စကားလက်ဆုံ ကျမြဲ ကျနေသည်ကို တွေ့ရသည်။

သို့သော် စက်ရုံထဲက မထွက်ဖြစ်သေး။ ဦးအောင်ဒွေးက နက်ဖြန် အစီအစဉ် ပြောသည်ကို နားထောင်နေရသေးသည်။ ဝဓိရာ စက်မှုစီမံကိန်း





အဲ့ဒ အကျုံးဝင်သော ကြေးပိုက် သံပိုက် ခဲပိုက်အလုပ်ရုံ၊ သွပ်အရည်ကျို စက်ရုံ၊ သွပ်ပြားစက်ရုံ၊ ကြေးနန်းကြိုး စက်ရုံ၊ အိမ်ဆောက်ကိရိယာ ကုန်မာပစ္စည်း စက်ရုံ အစရှိသော စက်ရုံပေါင်း မြောက်မြားစွာအနက် အရေးကြီးသော သွပ်နှင့်ဆိုင်ရာ ပစ္စည်းစက်ရုံများကို ပထမ သွားရောက်ကြည့်ရှုရန် ဦးအောင်ဒွေးက အစီအစဉ်ကို ပြောပြနေပေသည်။ စောစောက ဦးအောင်သန်းလှိုင်သည် တစ်ညမျှသာ နေမည်ဟု စဉ်းစားထားသော်လည်း ဦးအောင်ဒွေးနှင့် ခရိုင်မှူး ဦးဦးကျော်တို့ အပြောကောင်းသောကြောင့် နှစ်ရက် သုံးရက်နေရ နေရ နေပါမည်ဟု အာမဝန်ခံထားသည်။ ထို့ကြောင့် စကားတံ ည်သလောက် အလုပ်ကို ရှည်ရှည်ချဲ့တတ်သော ဦးအောင်ဒွေးက စက်ရုံ ခုံ လေ့လာရေးကို စီမံကိန်းချနေခြင်း ဖြစ်သည်။

ဤစီမံကိန်း ချပြီးသောအခါ စက်ရုံမှ ထွက်မည်ပြုရာ တပည့်ကျော် သာဝသည် အမျိုးသမီးနှင့်အတူ ခွက်ထိုးခွက်လန် ရယ်မောနေကြသည်ကို တွေ့ရပြန်သည်။

'ဟော့...တပည့်ရဲ့၊ စကားလက်ဆုံ ကျနေသလား။ လာပါကွယ်၊ အားလုံး ပြန်ကြတော့မယ်'

'ဟုတ်ကဲ့ဆရာ၊ ခဏကလေးပါ ဆရာ။ ဟောဒီ အမျိုးသမီးနဲ့ မိတ်ဆက် ပေးပါရစေဦး'

တပည့်ဩဇာကို နာခံတတ်သော ဦးအောင်သန်းလှိုင်သည် တပည့် ရာသို့ သွားသည်။ နောက်က လူအုပ်ကြီးကလည်း ထက်ကြပ်မကွာ လိုက်လာသည်။

သာဝက 'မှတ်မိသေးရဲ့လား ဆရာ'ဟု မေးပြန်သည်။ ဦးအောင် သန်းလှိုင်က မျက်တောင်ကြွတ်၍ စဉ်းစားသည်။

'ထနောင်းပင်လေ ဆရာရဲ့၊ ထနောင်းပင်အောက်မှာ လမ်းမှားတုန်း လမ်းညွှန်တဲ့ သူငယ်မ ဆိုတာ သူပါပဲ။ ကျွန်တော် မနေ့က ပြောတာ သွားပြီပလား။ ယခု ဒီစက်ရုံမှာ သူ အလုပ်လုပ်တယ်၊ သူ့ယောက်ျား တော့ ခဲပိုက်လုံးစက်ရုံမှာ လုပ်တယ် ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ ဦးအောင်သန်းလှိုင်သည် တွေးမိသည်။ အလုပ်သမကလေးကို ကြည့်လိုက်ရာ ငယ်မူ မပျောက်သေးသဖြင့် မှတ်မိသလိုလို ရှိလာသည်။ ထိုအခါမှ အလုပ်သမကလေးက 'ဟုတ်ပါတယ်ရှင်၊ ကျွန်မ ဒီမှာ အလုပ် လုပ်နေတာ ခြောက်နှစ်နီးပါး ရှိသွားပါပြီ ရှင်။ ကိုသာဝ ဘကြီးအကြောင်း ပြောပြမှ ကျွန်မလည်း ထနောင်းပင်ကြီးကို အမှတ်ရ တော့တယ်။ ကျန်းကျန်းမာမာနဲ့ ယခုလို တွေ့ရတာ ဝမ်းသာပါတယ်ရှင်'

'ရှင်...'ဟူ၍ လေကလေး ဆွဲကာ ချိုမြစွာ ပြောလိုက်သောအခါ ဦးအောင်သန်းလှိုင်သည် အံ့သြခြင်း လက္ခဏာကို ပြလိုသောအားဖြင့် မျက်လုံးကိုပြူး၍ ဖြဲလိုက်သည်။ ပြီးသော် စိတ်ကို မချုပ်တည်းနိုင်သောကြောင့် တခစ်ခစ် ရယ်လေသည်။ အလုပ်သမကလေးက မျက်နှာအမ်းသွားသည်။ အလိုက်သိသော သာဝက ဤမျှ အခြေမလှ ဖြစ်လာသည်ကို အဖြေဆယ်ရန် ဝင်ပြောသည်။

'ဟဲ...ဟဲ... ဆရာက မှတ်မိတယ်နော်၊ အင်မတန် မှတ်ဉာဏ်ကောင်းသေးတယ်၊ ခု...ဆရာရယ်တာ ဘာ့ကြောင့်လဲ၊ သိလား မချစ်ပု'

မချစ်ပုဟု အခေါ်ခံရသော အလုပ်သမက ခေါင်းခါပြသည်။ ပြီးလျှင် မျက်လွှာချလိုက်သည်။

'ဟိုတုန်းက မချစ်ပုကို ဆရာက လမ်းမေးတော့ မချစ်ပုက ခင်ဗျား ကျွန်တော်နဲ့ ပြောတာ မှတ်မိရဲ့လား'

သာဝက ဤသို့ လမ်းကြောင်းပေးသောအခါ မချစ်ပုလည်း ငယ်စဉ်က သဘာဝကို ပြန်တွေး၍ တခစ်ခစ် ရယ်လေသည်။

'ဟိုတုန်းက ဟုတ်ပါတယ်၊ ကျွန်မမှာ မောင်တွေနဲ့ နေရတော့ ခင်ဗျား၊ ကျွန်တော်နဲ့ ပြောတတ်တယ်။ အိမ်ထောင်ရက်သား ကျတော့လည်း သဘာဝအတိုင်း ဖြစ်လာပါတယ် ရှင့်။ ဘကြီးက ဒီအထိ မှတ်မိနေတုန်းပဲကိုး'

ဦးအောင်သန်းလှိုင်က 'ခင်ဗျား၊ ကျွန်တော်နဲ့ ပြောတာလည်း ချစ်





စရာပါပဲ။ ရှင်၊ ကျွန်မလို့ ပြောတာလည်း ချစ်စရာပါပဲ။ ဒီအရပ်က ခွဲခွာသွားတာ ဆယ်နှစ်ကြာပေမယ့် ချစ်စရာကလေးတွေကို မမေ့ပါဘူး'ဟု ဆိုရင်း နှုတ်ဆက်လိုက်လေသည်။

'သွားတော့မယ်နော်'

'ဟုတ်ကဲ့ ဘကြီး၊ ဟိုတုန်းကတော့ ဟိုတုန်းကပေါ့ရှင်၊ အခုတော့ အခုပါပဲ'

ဤချိုမြသော "ရှင့်"သံကို ကြားပြီးမှ ပင်လျှင် သနပ်စုံလုပ်ငန်းကိစ္စလည်း အပြီးသတ်လေသည်။ ထိုနောက် ဦးအောင်သန်းလှိုင်နှင့် တကွသော ဦးအောင်ဌေးတို့ လူစုလည်း ညောင်ရိပ်သာသို့ ပြန်ရောက်ကြသည်။

ညောင်ရိပ်သာ ခန်းမတွင် အားလုံး ထိုင်ကြပြီးသောအခါ ဦးအောင်ဌေးက 'ဘကြီးရဲ့၊ ဟိုတုန်းကတော့ ဟိုတုန်းကပေါ့ရှင်...'ဟု ဦးအောင်သန်းလှိုင်ကို နောက်လေသည်။

သည်တစ်ခါတော့ ဦးအောင်သိန်းလှိုင်က နှုတ်လှံ့ထိုးခြင်း အမှုကို မပြုတော့ချေ။ ပြုံးပြုံး.... ပြုံးပြုံး.... လုပ်နေသည်။

[ ငွေတာရီ၊ မေ၊ ၁၉၇၁ ]

www.burmeseclassic.com

www.burmeseclassic.com

# စိန်ခြူးကြာညောင်

ထိုနေ့က နေသည် ချစ်ချစ်တောက် ပူသည်။

အညာမှ ပြောင်းရွှေ့လာစ အထူးအာဏာရ မြို့အုပ်မင်း ဦးဖိုးနံ့၏ စိတ်ထဲတွင် "ဘယ့်နှယ်လဲ၊ အောက်အရပ်ဒေသလို့ ဆိုပေသမင့် အညာထက် ပိုပြီး ပူပါကလား"ဟု ထင်မိ၏။

ထင်မည် ဆိုလျှင် ထင်လောက်၏။

အောက်အရပ်ဒေသ၌ အညာမှာကဲ့သို့ တောရိပ်တောင်ရိပ် လုံး၀ မရှိ။ မည်သည့်အရပ်လေးမျက်နှာကို ကြည့်ကြည့် မြေပြင်သည် သင်ဖြူးခင်းဘိသကဲ့သို့ လယ်ကွင်းများဖြင့် ညီညာစွာ ပြန့်ပြူးလျက် ရှိသည်။ ယခု အချိန်အခါ၌ စပါးရိတ်သိမ်းပြီးသဖြင့် လယ်ကွင်းများထဲ၌ ရိုးပြတ်သာ ကျန်သည်။ နွေခေါင်ခေါင်တွင် လယ်ကွင်းထဲမှ အပူငွေ့တို့သည် ကောင်းကင်သို့ တရိပ်ရိပ် တက်နေကြသည်။ ကောင်းကင်၏ အထက် ဗဟိုခန့်တွင် ထွန်းလင်း တောက်ပနေသော နေမင်းကြီးသည် ပူပြင်းသော မျက်နှာထားဖြင့် လယ်ကွင်းများကို စူးစိုက်၍ ကြည့်နေသည်။

ထို့ကြောင့် အောက်ကလည်း ပူ၏။ အထက်ကလည်း ပူ၏။ အိမ်ဦး ခန်း ပက်လက် ကုလားထိုင်ပေါ်တွင် စံပယ်နေသော မြို့အုပ်မင်းမှာ ထို အထက်ပူ၊ အောက်ပူ အကြားတွင် ငါးဖယ်ပြန်၍ နေလေ၏။





မြို့အုပ်မင်း ဦးဖိုးနံ့၏ မဖိုင့်တဖိုင့် ကိုယ်ထဲမှ ချွေးသီးချွေးပေါက်တို့သည် မိုးမလုံသော အိမ်ခေါင်မိုးမှ ကျသော ရေပမာ ယိုစီးလျက် ရှိသည်။ လေငြိမ်တုန်း ချွေးထွက်သည်မှာ နေမထိ ထိုင်မသာ ဖြစ်သည်။ ဗလာကျင်းထားသော ရင်ဘတ်ပေါ်တွင် မျက်နှာသုတ်ပ၀ါကို တင်၍ မကြာခဏ ချွေးသုတ် ရသည်မှာ များစွာ လက်ညောင်းသည်။ အထူးသဖြင့် ဤနေ့ ဤရက်တွင် မိမိဘာသာ မိမိ ချွေးသုတ်ရသည်မှာ အတော် ကရိကထ များလှသည်။ ခါတိုင်းဆိုလျှင် ကိုယ့်ချွေး ကိုယ်သုတ်ဖို့ မလို။ တစ်ဖက်က မကြီးက ချွေးသုတ်ပေးလျှင်၊ တစ်ဖက်က မငယ်က ယပ်ခတ်ပေးသည်။ သူတို့ညီအစ်မနှစ်ယောက် ကုလားထိုင် အပေါ်တွင် ကျုံ့ကျုံ့ထိုင်၍ ပြုစုခြင်းကို ခံရသော အခါ မြို့အုပ်မင်းမှာ ဇိမ် အလွန်တွေ့သည်။

ယခုမှာမူ မင်းကတော် နံပါတ်တစ်နှင့် မင်းကတော် နံပါတ်နှစ် ညီအစ်မနှစ်ယောက် ရန်ဖြစ်ကြ၍ တစ်ယောက်က အိမ်ပေါ်ထပ် အိပ်ခန်းထဲ၌ လည်းကောင်း၊ တစ်ယောက်က အိမ်အောက်ထပ် အိပ်ခန်းထဲ၌ လည်းကောင်း နှစ်ယောက်သား စိတ်ကောက်၍ အိပ်ခန်းအောင်းနေကြသည်။

မြို့အုပ်မင်း ဦးဖိုးနံ့၏ အိမ်သည် အနောက်ဘက် ဆားကျင်းချောင်းကို မျက်နှာမူသည်။ ထိုအိမ်ကို မူလဆောက်သူမှာ မြို့အုပ်မင်း ဦးဖိုးနံ့ ရုံးစိုက်ရာ မြို့ရှိ ဗိုလ်တဲဒရ၀မ် ပသီမောင်ကလေး၏ အိမ်ဖြစ်သည်။ အိမ်ဆောက်စဉ်က အနောက်ဘက်ကို ခေါင်းရင်းထား၍ ဆောက်ခဲ့ရာ မြို့အုပ်မင်းသည် အိမ်ဦးခန်းမှ နေ၍ ကြည့်လိုက်သော် တောင်ဘက်၌ ရွှေမြစ်ပြင်ကျယ်ကြီးကို တွေ့ရသည်။ ဆားကျင်းချောင်းသည် တွန့်လိမ်ကောက်ကွေး၍ ရွှေမြစ်ထဲသို့ စီး၀င်သည်။ မြို့အုပ်မင်း ဦးဖိုးနံ့သည် အပူဓာတ်လျော့ရန် အလို့ငှာ ရွှေမြစ်၏ ရေအလျဉ်ကို ကသိုဏ်းရှုနေဟန်တူသည်။ သို့သော် ထိုအချိန်၌ ရွှေမြစ်သည် ရေပြည့်ပြီးဖြစ်၍ ငြိမ်နေသည်။ မိုးဥတုတွင် လှိုင်းလေတို့ဖြင့် သောင်းကျန်းတတ်သော ရွှေမြစ်သည် ချစ်ချစ်တောက် ပူသော နေမင်း၏ အောက်တည့်တည့်တွင် ပြားပြားဝပ်လျက် ရှိသည်။ သို့သော် တစ်ချီတစ်ချီတွင် လေတိုပြလို



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ရေမျက်နှာထက်၌ ဂယက်ရိုက်၍ ကြည့်သည်။ သို့သော် ရွှေမြစ်၏ အဖော်ဖြစ်သူ တောင်လေသည် ဤအချိန်တွင် လာရောက် ကူညီလေ့မရှိချေ။

နေမင်းသည် အပူကိုစုစည်း၍ ရွှေမြစ် မျက်နှာပြင်ပေါ်ကို သွန်ချသည်။ ထိုအခါ ရွှေမြစ်သည် ကြာကြာသည်းခံနိုင်ပုံ မပေါ်၊ သူ့မျက်နှာပေါ် ကျရောက်လာသော ရောင်ခြည်တို့ကို နေရှိရာသို့ ရောင်ပြန်ဟပ်၍ ပြန်ပို့သည်။ ဤသို့ နေမင်းနှင့် ရွှေမြစ်တို့ အပြန်အလှန် အတိုက်အခံ ပြုနေသော အချိန်တွင် တန်ဆာခံဖြစ်သော ရေခိုးရေငွေ့တို့သည် ကောင်းကင်သို့ ရိပ်ရိပ်တက်လေသည်။

လယ်ကွင်းထဲ၌ ရေခိုးရေငွေ့တို့ ရိပ်ရိပ်တက်သည်။ ရွှေမြစ်ထဲ၌လည်း ရေခိုးရေငွေ့တို့ ရိပ်ရိပ်တက်သည်။ ရွှေမြစ်ကမ်းပါး တစ်လျှောက်၌ တောတန်းကလေးများသည် ကွက်ကျားကွက်ကျား တန်းစီနေကြသည်။ ယင်းတောတန်းမှာ ခနိတော သော်လည်းကောင်း၊ လမုတော သော်လည်းကောင်း၊ သမဲ့တော သော်လည်းကောင်း၊ ကနစိုတော သော်လည်းကောင်း၊ ယင်းအပင်အမျိုးမျိုး ရောရာသော်လည်းကောင်း ဖြစ်သည်။ ယင်းတောတန်းသည် ရွှေမြစ်မှ တက်လာသော အခိုးအငွေ့တို့၏ နောက်ခံကားနှင့် တူသည်။ ထိုနောက်ခံကားသည် ရိပ်ရိပ်တက်နေသော အခိုးအငွေ့ သဘာဝကို လိုက်၍ သူကလည်း ရိပ်ရိပ်တက်မည့်ကဲ့သို့ ပြုသည်။ သို့သော် တကယ် မတက်နိုင်၊ လှုပ်ရှလှုပ်ရှနှင့် ယိမ်းကရုံသာ က နိုင်သည်။ အလားသဏ္ဌာန်မှာ ရွှေခေါင်ခေါင် ကတ္တရာလမ်း အငွေ့ပျံနေသောအခါ အရာဝတ္ထုတို့ ရိပ်ရိပ် ရိပ်ရိပ်နှင့် လှုပ်ရှားနေသည့် အလားသဏ္ဌာန် ဖြစ်သည်။

မြို့အုပ်မင်း ဦးဖိုးနံ့က ရွှေမြစ်ကို ကြည့်လျှင် အေးမည် ထင်၏။ သို့သော် လယ်ကွင်းကလည်း ပူ၊ ရွှေမြစ်ကလည်း ပူ၊ ပသီမောင်ကလေးအိမ် သွပ်မိုးကလည်း ပူ၊ ဤကဲ့သို့ တစ်ပူပေါ်၌ နှစ်ပူ သုံးပူ ဆင့်လာသောအခါ မြို့အုပ်မင်း ပါးစပ်ထဲမှ ဗုဒ္ဓဟူးနံ့ အတိုင်းအထွာတစ်ခု လွှတ်ခနဲ ထွက်သွား





သည်။ ထိုနောက် တစ်ဆက်တည်း 'ပူလိုက်တာ လွန်ပါရော့'ဟု ညည်းသည်။ ခါတိုင်းဆိုလျှင် ဤညည်းသံကို ကြားလျှင်ကြားချင်း မင်းကတော် နံ့ပါတ်တစ်နှင့် နံ့ပတ်နှစ်တို့ အပါးသို့ လာမြဲ။ ယခု သင်းတို့နှစ်ယောက် အိပ်ခန်းအောင်းနေကြသည်။ မနေ့က သူတို့ရန်ဖြစ်ကြ၍ ယနေ့ နေ့လယ်နေ့ခင်းတွင် ထမင်းချက်၊ စားပွဲထိုး စသည်တို့သည် တော်ရာ ရှောင်နေကြသည်။ သဟာကြောင့် ကိုယ့်ချွေး ကိုယ်သုတ်နေရသည်။ ဆင်းရဲလှလေစွာ့ တကား။

စင်စစ် ဆင်းရဲခြင်းမှ လွတ်ကင်းအောင် မယားနှစ်ယောက်ကို ထပ်၍ ယူခဲ့ခြင်းဖြစ်၏။ မယားနှစ်ယောက် ယူရာမှာလည်း ညီအစ်မနှစ်ယောက်ကို ယူခြင်းဖြစ်၏။ ဘုရားစူးစေ့၊ မူလက ဤကဲ့သို့ယူရန် စိတ်မကူးပါ။ မိမိရန်ကုန်ကောလိပ်တွင် ဘီအေအောင်သော နှစ်က မိဘများက မိမိတို့၏ ဇာတိချက်ကြွေ အညာမြေမှ ဆွေရိပ်မျိုးရိပ် မကင်းသူ တစ်ဦးနှင့် နေရာချထားပေးသည်။ ထိုခေတ်က ဘီအေအောင်လျှင် မြို့အုပ်လောင်းဟု ဆိုကြသည်။ ထို့ကြောင့် သမီးရှင်များက ဘီအေအောင်သူတို့ကို ၎င်းတို့၏ သမီးများအား ကိုယ်စားပြု၍ ဝန်းဝိုင်း ပိုးပန်းလေ့ ရှိသည်။

ထိုသဘာဝကို မြို့အုပ်မင်း၏ ခမည်းတော် ပဲဖြူကလေး ပွဲစားကြီးက ခိုးရိမ်ထိတ်လန့်သည်။ မိမိ၏သားကို သူတစ်ပါး အသိုက်အဝန်းထဲ မရောက်စေရ ဟူသော လက်သုံးဝါဒဖြင့် မိခင်၊ ဖခင်တို့က ဖိတ်ချင်းဖိတ် အိတ်ထဲဖိတ်အောင် သူတို့ကြိုက်သော မိန်းမနှင့် မြို့အုပ်လောင်းကို ပေးစားလိုက်သည်။ မိဘသဘောကို လိုက်လျော၍ ပေးစားသောမိန်းမကို ယူခဲ့ရသော်လည်း သားတော်မောင်မှာ နှစ်နှစ်ကာကာ မရှိ။ ဤသို့လျှင် မိန်းမယူပြီး ကလေးတစ်ယောက် မရ တရ အချိန်၌ မြို့အုပ် ဖြစ်လာလေသည်။

ထိုအခါ တစ်နယ်တစ်ကျေးကို ပြောင်းရန် ကိစ္စပေါ်လေ၏။ သို့သော် မြို့အုပ်ကတော်က သူတစ်ပါးမြို့ရွာမှာ မိးမဖွားချင်ဟု ဆို၍ နေရင်းရွာ၌အောက်ချန်၍ နေခဲ့၏။ တစ်ဖန် အောက်မြို့ကျေးရွာတို့ကို ရွှေ့ရ ပြောင်းရ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ထိုကျေးရွာ နယ်ပယ်တို့သို့ လိုက်ရန် ဝန်လေးသည်ဟု ဆိုပြန်သည်။

ထို့ကြောင့် မြို့နယ် အပြောင်းအရွှေ့ ရှိသောအခါ မင်းကတော်ကြီးအား ခရီးစရိတ်ထုတ်၍ ကောင်းရုံမျှဖြစ်ဖြစ် ခေတ္တခဏ လိုက်ပါရန် မကြာခဏ တောင်းပန်ခဲ့ရ၏။ ဤသို့ တောင်းပန်လွန်းသောကြောင့် မြို့သစ်နယ်သစ်သို့ ရောက်လျှင် တစ်ခေါက်တော့ သွားဖြစ်အောင် သွားသည်။ သို့ရာတွင် ကလေး တစ်ယောက်မှ နှစ်ယောက် ဖြစ်လာသောအခါ မင်းကတော်ကြီးက ကလေးတစ်ပြုံကြီးနှင့် ခရီးသွားရသည်မှာ ပင်ပန်းသည်ဟု ဆိုပြန်သည်။ ထိုနောက်၌ကား မြို့အုပ်မင်းမှာ အောက်သို့ချည်း စုန်၍ နေလေသောကြောင့် မင်းကတော်ကြီး လိုက်ရသောခရီးသည် ဝေးသထက် ဝေးလာလေသော် 'တော် ပြောင်းတိုင်း ကျုပ် မလိုက်နိုင်ပေါင်'ဟု ဖော်ထုတ် ပြောဆိုလေသည်။

ဤတွင် မြို့အုပ်မင်း၏ သံယောဇဉ် နှောင်ကြိုးလည်း ထောင်းခနဲ ပြတ်လေသည်။

နှောင်ကြိုးပြတ်နေသော ဦးဖိုးနံ့သည် မြို့အုပ်မင်း ကိုလူပျို ဘဝ၌ အတန်ကြာ ကျင်လည်ခဲ့ရလေသည်။ ဤသို့ ကျင်လည်ခဲ့ရာ၌ မြို့အုပ်မင်း ဦးဖိုးနံ့က "မိန်းမ မယူဘဲ နေလည်း ပြီးတာပါပဲဗျာ"ဆိုသော အတွေးအခေါ်ကို အခိုင်အမာ ဆုပ်ကိုင်ထားလိုသော အရိပ် နိမိတ်တို့ကို ပြစ ပြုလာလေသည်။

သို့ရာတွင် အောက်မြို့ ကျေးရွာ၌ အစိုးရ၏ အမှုတော်ကို တစ်မြို့ပြီး တစ်မြို့ ပြောင်း၍ ထမ်းဆောင်ခဲ့ရာ လူပျိုကြီး မြို့အုပ်မင်းကို သမက်ဖမ်းလိုသော အသိုက်အဝန်းသည် ပို၍ပင် ကြီးထွားလာလေသည်။ မိမိက လွတ်လွတ် လပ်လပ် နေလိုကြောင်း ထုတ်ဖော်လေလေ၊ မာရ်နတ်၏ သွေးဆောင်မှု ထုထည်လည်း ကြီးမားလေလေ။ ထို့ကြောင့် မြို့အုပ်မင်းသည် အတန်ငယ် မြာပွေလာလေသည်။





မီးရထားလမ်းဆုံးရှိ မြို့ကလေးတစ်မြို့သို့ ရောက်သောအခါ စက်ပိုင်ရှင် မုဆိုးဖိုတစ်ဦးနှင့် အသိအကျွမ်း ဖြစ်မိသည်။ ထိုအရပ်ဒေသ၌ စက်ပိုင်ရှင် ဟူသော အမည်နာမကို ခံယူလေ့ရှိကြသော်လည်း ထိုသို့ ခံယူသောသူတို့၏စက်မှာ ဂျာမနီလုပ် "ရှူးလေး"စက်ကလေးမျှသာ ဖြစ်၍ တစ်နေ့လျှင် ဆန်အိတ် တစ်ရာကို ပြည့်ပြည့်ဝဝ ကြိတ်ခွဲနိုင်သည် မဟုတ်ချေ။ သို့သော် ထိုမျှလောက်သော စက်ကိုပင် စနစ်တကျ လည်နိုင်လျှင် စက်ပိုင်ရှင်သည် နဝလီခနှင့်ပင် လူတန်းစေ့ နေနိုင်ရာသည်။ သို့သော် စက်ပိုင်ရှင်သည် စက်သူဌေး ဟူသော ဂုဏ်ပုဒ်ဖြင့် အပေါင်းအသင်း များ၍ အသောက်အစားနှင့် လောင်းကစား၌ ဝါသနာကြီးသည်။ ထိုဝါသနာကြောင့် ကြွေးထူလာသည်။ ကြွေးထူခြင်းကြောင့် သူ၏စက်ကို ရန်ကုန်မြို့ တရုတ်တန်းမှ ဆန်ပွဲစား သူဌေးလက်သို့ အပ်ရသည်။

ဤသို့ သူဌေးလက်သို့ စက်အပ်ရခြင်းကို လူသိမှာစိုး၍၊ မိမိစက်ကို မိမိ၏မြို့ရှင် သူဌေးထံမှ ပြန်၍ငှားရမ်းပြီးလျှင် စက်ကို ဣန္ဒြေမပျက် ဆက်၍ လည်သည်။ သို့သော် ကြွေးထပ်မံတင်၍ စီးပွားပျက်လုနီးနီး ရှိလာသည်။ ဤအချိန်တွင် စက်သူဌေးမှာ မြို့အုပ်မင်း ဦးဖိုးနံ့နှင့် အကျွမ်းတဝင် ဖြစ်လာသည်။

စက်သူဌေးက အဖအုပ်၍ ကြီးရသော မိမိ၏ သမီးနှစ်ယောက်ကို မြို့အုပ်မင်းက နမလို စောင့်ရှောက်ပါရန် အပ်နှံသည်။ ဤတွင် မြို့အုပ်မင်း ဦးဖိုးနံ့သည် စက်သူဌေး သမီးအကြီး မကြီးနှင့် အကျွမ်းတဝင် ဖြစ်သည့်ဘိုဘက် နှစ်ဘူတာ သုံးဘူတာ လွန်သွားသည်။ ထိုအခါ စက်သူဌေးက မြို့အုပ်မင်းကို အကျုပ်ကိုင်သည်။ မြို့အုပ်မင်းလည်း မြာမှုကြောင့် အလုပ်ပြုတ်ရမည့် အန္တရာယ်ကို မြင်သောအခါ ဖြစ်လိုရာ ဖြစ်စေဟုဆို၍ မကြီးကို သိမ်းပိုက်သည်။ ဘုရားစူးစေ့၊ မိမိမှုလက ယူတုန်းက မကြီးတစ်ယောက်ပါပဲ။ သို့သော် မကြီး၏ညီမ မငယ်က သူအစ်မနှင့်ခွဲ၍ မနေနိုင်ပါ ဆိုသောကြောင့်၊ ဆယာကူမ စက်သူဌေး မြို့မှတစ်ဆင့် ရထားလမ်း မရှိသော မြစ်ဝကျွန်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဒေသသို့ ပြောင်းရွှေ့ရသောအခါ ခယ်မကိုပါ သယ်ဆောင်လာရလေသည်။

ယောက္ခမကြီးနှင့် ဝေးလေသောအခါ ခယ်မနှင့် ပို၍ နီးစပ်လာပြီးလျှင်၊ နောက်ဆုံး၌ ဖူးစာနတ်ကြီး ပွေလီလာသောကြောင့် ခယ်မကိုပါ သိမ်းပိုက်လိုက်ရလေသည်။ မြို့အုပ်မင်း ဦးဖိုးနံ့က သူ ဤသို့ ဖြစ်ရသည့်အတွက် သူ့ကိုယ်သူ အများကြီး သနားမိသည်ဟု ဖွင့်ဆို ဝန်ခံလေ့ရှိသည်။ သို့သော် သူ့ခမျာမှာ နယ်ပြောင်းတိုင်း ပြောင်းတိုင်း မင်းကတော် နံပါတ်တစ်အတွက် အိပ်ခန်းတစ်ခု၊ မင်းကတော် နံပါတ်နှစ်အတွက် အိပ်ခန်းတစ်ခု ဤကဲ့သို့ အိပ်ခန်းနှစ်ခု ပါသော အိမ်ကို ရှာရသည်က လွဲ၍ အခြား ဘာမှ မတတ်နိုင်။ ယခု ပသိမောင်ကလေး၏ အိမ်ကို ငှားသောအခါ ကြမ်းတစ်ပြင်တည်း၌ အိပ်ခန်းနှစ်ခု ထား၍ မရသောကြောင့် အပေါ်ထပ် အိပ်ခန်းတွင် မင်းကတော် မကြီးကို သိပ်၍၊ အောက်ထပ် အိပ်ခန်းတွင် မင်းကတော် မငယ်ကို သိပ်သည်။

မြို့အုပ်မင်းသည် ပေါက်စဘဝက မိမိ၏အမည်နောက်တွင် မြို့နယ်ရာဇဝတ်တရားသူကြီး (၃)ဟု နံပါတ်တပ်သည်။ နောင်သောအခါ နံပါတ် (၂) ဖြစ်လာသည်။ မြို့အုပ် သမ္ဘာရင့်လာချိန်တွင် သူ၏နံပါတ်မှာ (၁) ဖြစ်သည်။ အဓိပ္ပာယ်မှာ တတိယတန်း အာဏာမှ ပထမတန်း အာဏာသို့ တစ်ဆင့်ပြီးတစ်ဆင့် တက်လာခြင်းပင်တည်း။ ဤအချိန်တွင် ဦးဖိုးနံ့ဟူ နာမည်ကြီးလာသည်။

စင်စစ် သူ့အမေ၊ အဖေက မှည့်သော အမည်မှာ ဦးဘိုးတန် ဖြစ်သည်။ သားကလေးတစ်ယောက် ထွန်းထွန်းပေါက်ပေါက်မို့ အဖိုးတန်ကြောင်း သိကြပါရစေရန် သူ့ကို မောင်ဘိုးတန်ဟု မှည့်ခေါ်ခဲ့ကြသည်။ သို့သော် မြန်မာဝေါဟာရတွင် ဗျည်းတို့သည် အလွန်ဗလောင်းဗလဲ လုပ်တတ်သည်။ ဗျည်းတို့တွင် အဦးဖြစ်သော ကကြီးက အစ ဖောက်လွဲ ဖောက်ပြန် လုပ်သည်။ ထို့ကြောင့် ကကြီးကလည်း ခခွေး ဖြစ်လိုဖြစ်၊ ခခွေးကလည်း





ဂငယ်ဖြစ်လို ဖြစ်နှင့်မို့ မည်သည့်ခေတ် ရောက်ရောက်၊ ယင်းတို့ကြောင့် ပညာရှိ အချင်းချင်း မကြာခဏ သတ်ပုတ်ကြသည်။

ယခုလည်း ဘကုန်းက ဖောက်ပြန်၍ ဖဦးထုတ် ဖြစ်လာလေသော အခါ၊ တဝမ်းပူကလည်း သူပါ လော်လီမည်ဟု ကြံပြီးလျှင် ဒထွေးဟန်ဆောင်လေသည်။ ဤတွင် ဦးဘိုးတန်သည် နေရင်းထိုင်ရင်းနှင့် ဦးဖိုးဒန် ဖြစ်လာလေသည်။ ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီး ဘဝ၌ ဦးဖိုးဒန်သည် ပုလိပ်က တင်သော အမှုမှန်သမျှတို့၏ တရားခံတို့ကို မလွတ်တမ်း ထောင်ချသော ဟူ၏။ ထိုအခါ သူ့ရုံးသို့ ရောက်လာသော တရားခံတို့ပါးစပ်မှ "နံ့ပဟ"ဟု အော်မြည်ကြကုန်၏။ ဤသည်ကို အစွဲပြု၍ ဒေါနဆီဘဝမှ ရေနံ့ဆီ ဘဝသို့ ကြောင်းမတန် ဖောက်ပြန်ရဘိ သကဲ့သို့ ဦးဖိုးဒန်တည်းဟူသော အမည်နာမလည်း ဦးဖိုးနံ့ ဟူသော အမည်နာမသို့ တစ်ဆင့် ဖောက်ပြန်လာလေသည်။

သို့သော် ဦးဖိုးနံ့ တည်းဟူသော အမည်သညာကို မြို့အုပ်မင်း ရှေ့မှာ မည်သူကမျှ ယောင်၍မှ မခေါ်ဝံ့ကြချေ။ အဘယ့်ကြောင့်ဆိုသော် ယခုအခါ မြို့အုပ်မင်းသည် မင်းကတော် နှစ်ယောက်ကို ဘယ် ညာ ထား၍ အထူး ရာဇဝတ် တရားသူကြီး အာဏာကို ရလာပြီ ဖြစ်သောကြောင့်တည်း။

အာဏာတိုးသည့်အလျောက် မြို့အုပ်မင်း ဦးဖိုးနံ့၌ အပေါင်းအသင်းလည်း တိုးလာလေသည်။ အပေါင်းအသင်း အဆက်အသွယ် များသည်နှင့် အိမ်သို့ လူဝင်လူထွက်လည်း များလာသည်။ လူဝင်လူထွက် များလာသော အခါ အပြင်စကား အတွင်းရောက်၊ အတွင်းစကား အပြင်ရောက်နှင့် ကူလီကမာ ဖြစ်လာသည်။ တစ်မိုးအောက်တွင် မင်းကတော် နှစ်ယောက် ဖြစ်နေခြင်းကြောင့် မင်းကတော် တစ်ထံသို့ ရောက်ရမည့်စကားသည် မင်းကတော် နှစ်၏နားထဲသို့ ဝင်လေသည်။ မင်းကတော်နှစ်၏ နားထဲသို့ သွင်းလိုက်သော စကားသည် မင်းကတော် တစ်ထံသို့ ရောက်သွားလေသည်။ ဤသဘောဝတို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာသောအခါ မင်းကတော် ညီအစ်မနှစ်ယောက်သည် မကြာခဏ သတ်ကြ ပုတ်ကြသော ဟူ၏။

ပူပြင်းသော နေမင်းသည် မြေကို လည်းကောင်း၊ ရေကို လည်းကောင်း အပူတိုက်၍ အားရဟန် မတူ။ ထို့ကြောင့် လေကိုပါ အပူကြွအောင် လုပ်သည်။ ထိုအခါ လေပူကြီးသည် ရွှေမြစ်ဝမှ နေ၍ ဆားကျင်းချောင်ဆီသို့ မတိုက်ချင် တိုက်ချင်နှင့် တိုက်လေသည်။ အမှန်စင်စစ် လေမတိုက်ချင်၍ မတိုက်ဘဲနေလျှင် မည်သည့်ပြဿနာမှ ပေါ်စရာ မရှိ။ သို့သော် မတိုက်ချင်ဘဲ တိုက်သောလေသည် ပက်လက်ကုလားထိုင်ပေါ်၌ ချွေးသုတ်နေသော မြို့အုပ်မင်း ဦးဖိုးနံ့ကို ဝင်၍ ရန်စသည်။ ပူလွန်း အိုက်လွန်းလှသည့်အထဲ လေပူကြီးက မီးငွေ့ ဟပ်သကဲ့သို့ ပါကလား။ မြို့အုပ်မင်း ဦးဖိုးနံ့သည် ရာဇမာန် ရှတော်မူသည်။

ဤအတွင်း ရွှေမြစ်ထဲမှ အသံသဲ့သဲ့ ကြားရသည်။ လေပူက တစ်ချက် တစ်ချက်မှသာ ဝေ့သောကြောင့် ထိုအသံကို ဘာသံပဲဟု မပြောနိုင်။ သို့သော် မြစ်လယ်ကောင်တွင် တက်ဖွေးဖွေး တစ်လက်ကို ရေးဦးစွာ မြင်နိုင်ပေသည်။ တက်ဖွေးဖွေးဟု ဆိုခြင်းကြောင့် လှေဖြစ်ရမည်ဟု မြို့အုပ်မင်း ဦးဖိုးနံ့က ယူဆသည်။ သို့သော် အတန်ငယ် မြင်သာသော နေရာသို့ ရောက်သောအခါ ထိုလှေဆိုသည်မှာ ဦး ပဲ့ မရှိပါတကားဟု မြို့အုပ်မင်း ဆင်ခြင်မိသည်။ ဩော် လက်စသတ်တော့ သင်းဥစ္စာက ဘောက်တူ ဖြစ်ပေသကိုး။ မြို့အုပ်မင်းက တောက်တစ်ချက် ခေါက်ပြီးလျှင် 'သည်အရပ်မှာ ဘောက်တူတဲ့ ဗျား၊ ထီးမဆန် နန်းမဆန်၊ ဘာစကားလဲ'ဟု ညည်းညူလိုက်သည်။ လေပူက အကြွ၊ မြင်ကွင်းက မလှ၊ ဝေါဟာရကလည်း နေရာမကျ၊ ဒေါသဖြစ်စရာချည်းပါကလား။

ဤသို့ ဒေါသမီး စ၍ ငြိဆဲတွင် ရွှေမြစ်ထဲ၌ ဘောက်တူကို လှော်ခတ်လာသော ကျေးတောသားထံမှ သုံး လေး ငါး မတြာမက ရှည်လျားသော





အသံတစ်သံသည် မြို့အုပ်မင်း ဦးဖိုးနံ့၏ နားထဲသို့ တိုးလျှိုပေါက် ဝင်သွားလေ၏။

အောင်မယ်.... နေပူကြီးထဲ သီချင်းဆိုနိုင်ရန်ကော၊ အေးလေ.... မိမိ ကိုယ်တိုင်ကလည်း ယခုလို အပူဓာတ်ကြီးကို ခံစားမိသောအခါ စိတ်ထဲက ပူတယ်လေ....ဆယ်နေကဲ....ဟု ရွတ်မိသည် မဟုတ်လော။ သူ့ခမျာ အပူဒဏ်ကို လေရှည်ဆွဲ၍ ဆိုနေဟန် တူသည်။ လောကကြီးထဲမှာ လူရယ်လို့ ဖြစ်လာရတာ မယားနှစ်ယောက် အပူက နေနှစ်စင်း အပူလိုပါပဲ ကလား။

မင်းကတော်နှစ်ဦးသည် မနေ့က နံနက်ပိုင်းမှာ ရှင်ရှင်ပျပျ ရှိကြသည်။ ထိုနေ့က မြို့အုပ်မင်းသည် စနေနေ့မို့ မွန်းတိမ်းသည်နှင့် တစ်ပြိုင်နက် ရုံးဆင်းသည်။ ရုံးဆင်း၍ အိမ်သို့ ရောက်သောအခါ၌ မကြီးက အိမ်ပေါ်ထပ်တွင် အခန်းအောင်းနေသည်။ မငယ်က အိမ်အောက်ဘက်တွင် အခန်းအောင်းနေသည်။ သူတို့နှစ်ဦး မည်သူမျှ ထွက်၍ မကြိုကြချေ။ သူရို့ ညီအစ်မနှစ်ယောက် မီးဖိုဆောင်ထဲမှာ ချက်ဖို့ပြုတ်ဖို့ စီမံခန့်ခွဲရင်းနှင့် ကတောက်ကဆတ် ဖြစ်သောအခါ၊ ဤကဲ့သို့ပင် အခန်းအောင်းလေ့ ရှိသည်။ ထို့ကြောင့် မြို့အုပ်မင်းက ဤကိစ္စ ဘာမျှ အရေးမကြီးဟု အောက်မေ့သည်။

ထို့ကြောင့် အိမ်ဦးခန်း ပက်လက်ကုလားထိုင်ပေါ်၌ ခဏ အပန်းဖြေသည်။ တစ်အောင့်လောက် ကြာသောအခါ လည်ရာမှ ပြန်လာသော ထမင်းချက် မဒရာဆီ ကုလားဆာမိသည် မြို့အုပ်မင်း အပါးသို့ ကျိုးကန်း တောင်းမှောက် မျက်နှာထားနှင့် ချဉ်းကပ်လာသည်။

မြို့အုပ်မင်းက ယော.... သည်တစ်ခါ အကြောင်းထူးပြီဟု ယူဆလိုက်သည်။ ထို့ကြောင့် ဆာမိကို မေးမည်ဟု ဟန်ပြင်ရုံရှိသေး၊ ဆာမိက အဖြစ်အပျက်တို့ကို အိတ်သွန်ဖာမှောက် အစီရင်ခံလေသည်။ 'တခင် ရုံးသွားဒယ်နော်၊ တော်ဒေါ်ကြာဒေါ် ပန်းထိမ်ဆရာ လာဒယ်နော်၊ ဗရားမမဲ့ဆပ်ကို အထုပ်တစ်ခု ပွေးဒယ်နော်၊ ချွတ်တားမမွဆပ်က တူ့ဥစ္စာလို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



ဒယ်နော်၊ ရန်ဖစ်ကြတာပဲ ဖယာ့’ဟု အစချီ၍ အကြောင်းစုံမျိုးကို လျှော
ထားလေသည်။

ထိုအခါ မြို့အုပ်မင်း ဦးဖိုးနံ့က “သောက်ကျိုးနည်း လွဲကုန်ပြီ”
စိတ်တွင် ရေရွတ်ကာ ဗရားမမ္မဆပ် သခင်မကြီးနှင့် ချွတ်တားမမ္မဆ
သခင်မကလေး နှစ်ပါးကို မရမက ခေါ်၍ ရှင်းပြသည်။

ဖြစ်ပုံကား ဤသို့။ မင်းကတော်နှစ်ဖြစ်သူ မငယ်က မင်းကတော
တစ်ဖြစ်သူ သူ့အစ်မကြီးပန်သော စိန်တစ်လုံး နားကပ်မျိုးကို လိုချင်သည်
ပူဆာသည်။ သူ့အကြောင်းပြချက်မှာ သူ ပန်နေသောနားကပ်မှာ စိန်ခြ
နားကပ်မျှသာ ဖြစ်သည်။ မကြီးနှင့် တန်းတူဖြစ်အောင် စိန်တစ်လုံးနားက
လိုချင်သည်ဟု အကြောင်းပြသည်။ ထိုအခါ မြို့အုပ်မင်းက မငယ် လိုချင်တာ
ကို ဝယ်ရလျှင် မကြီးအတွက် စိန်ခြယ်နားကပ်တစ်ရန် နောက်ထပ်လုပ်ပေ
ရလိမ့်မည်ဟု ဆိုသည်။ မငယ်က မကြီးဖို့ လုပ်ပေးလိုက်ပါဟု တိုက်တွ
သည်။ ထို့ကြောင့် ပန်းထိမ်ဆရာထံ စိန်တစ်လုံးနှင့် စိန်ခြယ်နားကပ် နှစ်
အပ်သည်။ ပန်းထိမ်ဆရာက မျက်နှာလုပ်ချင်လွန်း၍ စိန်တစ်လုံးနားက
ပြီးလျှင်ပြီးချင်း မြို့အုပ်မင်းအိမ်သို့ ယူလာပြီးလျှင် အဇာစ်အမြစ် ဘာမျှမသိ
နှင့် မင်းကတော်တစ်ထံ ပေးအပ်သည်။

ထိုအခါ မင်းကတော်နှစ်က စိန်တစ်လုံးနားကပ်ဆိုလျှင် သူ မှာထာ
တာပဲဟု ပြောသည်။ ထိုအခါ မင်းကတော်တစ်က စိတ်ဆိုးမာန်ဆိုးနှ
စိန်တစ်လုံးနားကပ်ဖြင့် မင်းကတော်နှစ်ကို ပေါက်သည်။ ဤသည်တွ
ညီအစ်မနှစ်ယောက် ဆွဲလား ငင်လားနှင့် သတ်ကြပုတ်ကြသည်။ ဆာမိ
ဝင်ဖျန်သည်။ စားပွဲထိုး ငပိန်က ‘မမတို့ လွှန်မယ်’ဟု ဝင်ပြောသည်
ထိုနောက် မင်းကတော်နှစ်ဦး အတော်မောသွားသည်နှင့် ကိုယ့်အိပ်ခန်း
ကိုယ် ဝင်၍ အောင်းကြသည်။

မြို့အုပ်မင်း ဦးဖိုးနံ့က မနေ့ကဖြစ်ပုံကို ဤသို့ စားမြုံ့ပြန်နေဆဲတွ
ရွှေးမြစ်ထဲမှ ဘောက်တူသည် ဆားကျင်းချောင်းဆီသို့ တူရှုလာနေသည်





ဘောက်တူကို လှော်ခတ်လာသော ကျေးတောသားက နောက်ထပ် တေး
ာစ်ပုဒ်ကို ဆွဲဆွဲငင်ငင် ဆိုနေဟန် တူသည်။ သို့သော် ထိုတေးသံမှာ ဆား
ာင်း ချောင်းဝသို့ မရောက်မီ မြစ်ထဲသို့ပြန်၍ လွင့်သွားဟန်တူသည်။
ထို့ကြောင့် မြို့အုပ်မင်း နားထဲ၌ ထိုအသံသည် မသဲကွဲချေ။ သို့သော် တစ်ချို
ာစ်ချို၌ ထိုအသံသည် မယားနှစ်ယောက် ယူမိသော မိမိ၏ဒုက္ခကို စောင်း
ြောင်း ရေရွတ်သည်ဟု ထင်မိ၏။

ထိုနောက် မြို့အုပ်မင်း ဦးဖိုးနံ့က မနေ့ကအကြောင်း ဆက်၍ စဉ်းစား
ြန်သည်။ မိမိက ဇနီးသည်နှစ်ဦးအား ညီတူမျှတူ မြတ်နိုးပါကြောင်း၊ ထို့
ကြောင့် မငယ်အတွက် စိန်တစ်လုံးနားကပ်ကို မှာစဉ်ကပင် မကြီးအတွက်
န်ခြယ်နားကပ်ကို မှာလိုက်ပြီ ဖြစ်ပါကြောင်း၊ စိန်ခြယ်နားကပ် မပြီးသေးမီ
န်တစ်လုံးနားကပ် လာပို့ခြင်း ဖြစ်ဟန်တူကြောင်း၊ ညီအစ်မနှစ်ယောက်
င့်သင့်တင့်တင့် နေကြပါမည့်အကြောင်း ဖျောင်းဖျပြောဆိုသည်။

ဤသည်တွင် မင်းကတော် တစ်က ‘တစ်ဆိတ်ရှိ မထွေးလေးဖို့
ည်းပဲ။ ကျွန်မက အကြီးပဲ၊ အကြီးကို တိုင်တိုင်ပင်ပင် မလုပ်တော့
ည်းလမ်း မကျဘူး’ဟု စောဒက တက်သည်။

ထိုအခါ မင်းကတော် နှစ်က ‘အကြီးမှန်း သိအောင် မထွာပ်တိုင်
ာက်ပြဖို့ မလိုပါဘူး’ဟု ဆတ်ဆတ်ကြဲ ပြောသည်။

ယခုမှ ကောင်းကောင်းကြီး ဒုက္ခရောက်သည်။ ဤသို့ အပြန်အလှန်
ာ်ယောက် တစ်ခွန်းစီ ပြောဆိုပြီးသည့် အခြားမဲ့၌ ညီအစ်မနှစ်ယောက်
ာ်ယမ္ပိ ဖက်သတ်ကြသည်။ မြို့အုပ်မင်း ဦးဖိုးနံ့က ရုတ်တရက် မငယ်ကို
လျှင် ဆွဲမိသည်။ ထိုအခါ မကြီးက သူ့အငယ်အနှောင်းကို ထိတော့
ချင်ဘူးလားဟု ဆို၍ မြို့အုပ်မင်း၏ ခါးပုံစကို ဆွဲသည်။ ထမင်းချက်
ာမိက ပုဆိုး မကျွတ်ရအောင် သူ့ဗရားဆပ်ခါးကို ဖက်သည်။ စားပွဲထိုး
ိန်က မင်းကတော် မမတို့ နှစ်ယောက်ကြားထဲ ခေါင်းလျှိုဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်မှာ မင်းကတော်နှစ်ပါး၏ ကုတ်ကြ ခြစ်ကြသော ဒဏ်ကို သူက အားလုံး ခံမည် ဆိုသော ရည်ရွယ်ချက် ဖြစ်သည်။

ယင်းသို့ ထွေးလုံးရစ်ပတ် ဖြစ်နေစဉ် မင်းကတော်နှစ်က ရုတ်တရက် ကိုယ်လွတ်ရုန်း၍ မီးဖိုဆောင်ထဲ ဝင်သည်။ ရန်ပွဲကို ဝင်ဖျဉ်နေကြသူများ လူအုပ်မှ မကွဲမီ မီးဖိုဆောင်ထဲမှ "ဂွမ်း"ခနဲ အသံများ ဆက်တိုက် ထွက်ပေါ် လာသည်။ ဤသည်တွင် မင်းကတော် တစ်ကလည်း အားကျမခံ အိမ်ပေါ် ထပ်သို့ ပြေးတက်သည်။

အကြောင်းသိသော မြို့အုပ်မင်း ဦးဖိုးနံ့က 'မွတ်ပြီ'ဟု အော်သည်။ 'ကုန်တော့မှာပဲ'ဟူ၍လည်း ညည်းတွားသည်။

မြို့အုပ်မင်း၏ စကားမဆုံးမီ အိမ်ပေါ်ထပ်မှ ပန်းကန်လုံး၊ ပန်းကန်ပြား၊ ဟင်းသောက်ပန်းကန်၊ ထမင်းအုပ်၊ ကြွေကရား၊ လက်ဖက်ရည် ပန်းကန်၊ သကြားပန်းကန်လုံး၊ နွားနို့ချိုင့် အစရှိသော တိုက်ပန်းကန် အစ တို့သည် လှေကားထစ်ကို တစ်ခုချင်း နင်း၍ ကျွမ်းထိုး ကျလာကြလေရာ ဂလောင်ဂလောင် ဂွမ်း ဟူ၍ မြည်ဟည်းသွားလေသည်။ ထိုပန်းကန် ခွက် ယောက်အစုံတို့မှာ အပေါ်ထပ် ကြောင်အိမ်ထဲတွင် အပိုဆောင်ထားသော ပစ္စည်းများ ဖြစ်သည်။ အားလုံး ရိုးကုမ္ပဏီတိုက်ထွက်ချည်း ဖြစ်သည်။

မြို့အုပ်မင်း ဦးဖိုးနံ့၏ နားထဲ၌ မနေ့က ပေါ်ထွက်ခဲ့သော ပန်းကန်ကွဲ သံများသည် ယနေ့တိုင် ထွက်မသွားသေး။ ထို့ကြောင့် ယနေ့ ဘောက်တူ သမား၏ အသံကွဲကြီးကို ကြားရသောအခါ အဟောင်းသည် အသစ် ဖြစ်လာ လေသည်။ သို့သော် မနေ့က အသံနှင့် ယနေ့ အသံတို့ကို ယှဉ်၍ နားသောတ ဆင်ကြည့်သော် မနေ့က အသံက မြိုင်သည်၊ ယခုကြားရသော ဘောက်တူ သမား၏ အသံကား လေးလေးတွဲ့တွဲ့နှင့်မို့ ငြီးငွေ့စရာ ကောင်းသည်။ ယခုလောက် ပူလောင်လှသော အချိန်အခါ၌ အသံရှည်လမျောကြီး ပေါ်လာ သည်မှာ နား မခံသာစရာကြီးပါ တကား။ သို့သော် ဘာသံလဲဟု သဲကွဲအောင် မြို့အုပ်မင်း ဦးဖိုးနံ့က နားစွင့်သည်။





ထိုအခိုက်အတန့်တွင် စားပွဲထိုး ငပိန်နှင့်အတူ ပြာတာတော်မင်း မောင်မြတို့သည် အိမ်နောက်ဖေးမှ ချွတ်နင်း၍ တက်လာကြသည်။ မောင်မြ ကား မြို့အုပ်မင်း နက်ဖြန်သန်ဘက် တောထွက်လျှင် အမှုတွဲခြင်းနှင့် ရုံးသုံး ကိရိယာများကို စီစဉ်ရန် ရောက်လာခြင်း ဖြစ်သည်။

ပြာတာမောင်မြသည် အရိပ်အကဲ သိတတ်သည်။ အိမ်ပေါ် ရောက် လျှင် ရောက်ချင်း မြို့အုပ်မင်း ဦးဖိုးနံ့၏ အိမ်တွင်းရေး ရာသီဥတု ထိုင်းမှိုင်း နေပုံကို သတိပြုမိ၏။ ထို့ကြောင့် မြို့အုပ်မင်း အာရုံပြောင်းစေရန် အလို့ငှာ အမှုတွဲများကို စာခြင်းထဲ စုဆောင်းထည့်သွင်းရင်းနှင့် ငှက်မွေးဖြင့် မရှိသော ဖုန်များကို ဖုန်းဖုန်းမြည်အောင် ရိုက်ထုတ်သည်။ ထို့ကြောင့် ဘောက်တူ သမား ထံမှ လာသော အသံကို မြို့အုပ်မင်းသည် ကောင်းစွာ မကျက်မိသေး ချေ။ သို့ရာတွင် ဘောက်တူသည် ရွှေမြစ်ထဲမှ နေ၍ ဆားကျင်းချောင်းထဲသို့ တစ်ဟုန်ထိုး ဝင်လာသော အခါ၌မူကား–

"စိန်ခြူး ကြာညောင် .... ကြာညောင် ....ဟောင် ....ဟောင်
လ ရောင်တွေ လင်း ....ဟင်း ....ဟင်း .... ပါလို့"

ဟူသော အသံကြီးမှာ ပုံတင်ထပ်၍ သွားလေသည်။

ပြာတာမောင်မြသည် ငှက်မွေးဖြင့် အမှုတွဲများကို ရိုက်နေဆဲပင်။ ဖုန်း၊ ဒိုင်း၊ ဖုန်း၊ ဖျန်း ဟူသော အသံတို့သည် စိန်ခြူးကြာညောင်ကို ဖုံးလွှမ်း ရန် အားထုတ်ကြသည်။ သို့သော် စိန်ခြူးကြာညောင်က ပို၍ မြည်ဟိန်းလာ သည်။ စိန်ခြူးကြာညောင် နောက်ထပ် တစ်ပတ်ကျော့ လာသောအခါ ဆိုပုံ ဆိုနည်း မူလည်း မဟာဂီတကဲ့သို့ အမျိုးမျိုး ကွဲသွားလေသည်။

"စိန်ခြူး ....ဟူး .... ဟု .... ကြာညောင် .... ကြာညောင် ....
ဝေါင် ....ဝေါင် ....
လ ရောင် ....ဟောင် .... ဟောင် .... တွေ ....လင်း .... ဟင်း ....
ဟင်း .... ပါလို့
မှန်ရွှေပြု ပြတင်းတင်း ....ဟင်း .... ရယ်က



www.burmeseclassic.com

www.burmeseclassic.com



မယ်ခု....ဥ....ဥ....မျှော်....ဝေါ်....ဝေါ်...."

'ဟော့....မောင်မြ'

'ဖယ'

မောင်မြက မြို့အုပ်မင်း ဦးဖိုးနှံကို လှည့်၍မျှ မကြည့်ဘဲ သံဖြတ်နှင့် ထူးသည်။

'ဟော့.... ငါခေါ်တာ လှည့်ကြည့်စမ်းပါဦး'

ထိုအခါမှ မောင်မြက ခေါင်းကလေး ငုံ့ ရုံငုံ့သည်။ သူ့ဆရာ အကြောင်း သူ သိသည်။ မြို့အုပ်မင်း ဦးဖိုးနှံသည် အိမ်တွင်း၌ ဖြစ်ပေါ်လာသော ဒေါမနဿတို့ကို အိမ်ပြင်ရောက်အောင် ပို့ချင်သောအခါ မီးလောင်လေပင့် လုပ်ပေးလျှင် အလွန် ဒုက္ခများတတ်သည်။ မြို့အုပ်မင်းနှင့် ပြာတာ အလိုတူ အလိုပါ မဖြစ်ရအောင် မိမိသိက္ခာနှင့်မိမိ မင်သေသေနေပါမှ တော်ရုံ ကျလိမ့်မည်။

လောကတစ်ခုလုံးကို မေ့၍နေဟန်ရှိသော ဘောက်တူသမားသည် မြို့အုပ်မင်း၏ အိမ်ရှေ့တည့်တည့်သို့ အရောက် တက်ကို တအားကျုံး၍ လှော်လေသည်။

'ဟို ဘောက်တူသမားကို လှမ်းခေါ်လိုက်စမ်း'

မိုးကား ပြိုတော့မည်။ သို့သော် အမိန့်သည် အမိန့်ပင်။ ထို့ကြောင့် မြို့အုပ်မင်း စေသည့်အတိုင်း မြို့အုပ်၏ ရာဇမာန်ကို အငှားတပ်၍ 'ဟိုဟာ ဘောက်တူဆရာ၊ ကမ်း ကပ်ခဲ့စမ်း'ဟု အမိန့်ပေးလေသည်။

ဘောက်တူသမားသည် သုံးချက်စည်တော်ကို ရိုက်ဆော်အံ့ဟု ပါးစပ် ဖြဲဆဲ ခဏ၌ ပြာတာတော်မင်း၏ အာဏာသံကို ကြား၍ ဘောက်တူကို အရှိန်သတ်ကာ မြို့အုပ်မင်းအိမ်ရှေ့ ရေဆင်းတံတားသို့ ကပ်လေ၏။ ထို နောက် ကပ္ပာကသီ ဘောက်တူကို တံတားတိုင်၌ ကြိုးချည်ပြီးသော် မြို့အုပ် မင်း၏ အိမ်ပေါ်သို့ ကုပ်ချောင်းချောင်းနှင့် တက်လာလေသည်။

ဘောက်တူသမားက မောင်မြကို ပြာတာတော်မင်းဟု သိ၏။





မောင်မြကလည်း ဘောက်တူသမားကို ရွှေးမြစ်ဝက ပိုက်သမားဟု သိ၏။ ပိုက်သမားသည် ရုံးသို့ ငါးဖမ်းလိုင်စင်ယူရန် လာတိုင်း လာတိုင်း မောင်မြက ကူညီဆောင်ရွက်ပေးရ၏။ သို့သော် မြို့အုပ်မင်း ဦးဖိုးနှံ၏ မျက်မှောက်၌ တစ်ယောက်က တစ်ယောက်ကို မသိသကဲ့သို့ ဆက်ဆံကြသည်။

'အစ်ကို.... ဘာကိစ္စပါလဲ ခင်ဗျာ' ဟု ပိုက်သမားက မောင်မြကို မေးသည်။

မောင်မြက 'မြို့အုပ်မင်းက ခေါ်တယ်၊ ဟိုမှာ မြို့အုပ်မင်း ထိုင်နေတာ မမြင်ဘူးလား'ဟု သတိပေးသည်။

ပိုက်သမားလည်း မြို့အုပ်မင်းကို မြင်သောအခါ မျက်စိထဲတွင် မိုက်ခနဲ ဖြစ်သွားလေသည်။

မြို့အုပ်မင်း ဦးဖိုးနှံသည် ပက်လက်ကုလားထိုင်ပေါ်မှ လူးလွန့်၍ ထ ပြီးလျှင် 'ဟော့....မင်းက ဘာဆိုတာလဲကွ'ဟု အရင်းမရှိ အဖျားမရှိ မေးသည်။

'ကျွန်တော်မျိုးက ဘာကိစ္စလဲလို့ ဆိုတာပါ ဖယ'

'သယ်၊ ငါမေးတာ ဒါ မဟုတ်ဘူး။ နင် နေပူကျဲကျဲမှာ သံကြောင် သံကျားနဲ့ အော်လာတာ ဘာလဲ'

'မှန်ပါ၊ စိန်ခြူးကြာညောင်ပါ'

'သယ်၊ ရာရာစစ သင်းက စိန်ခြူးကြာညောင် ဆိုသတဲ့လား။ စိန်ခြူး ကြာညောင်ဆိုတာ ဘွဲ့လား၊ ကြိုးလား၊ ပတ်ပျိုးလား'

'ဘောလယ်ပါ ဖယ'

'အံမယ်၊ မင်းရို့ အောက်သူအောက်သားကလည်း ဘောလယ်ကို ဘောလယ်မှန်း သိသကိုး'

ပိုက်သမားက မြို့အုပ်မင်းသည် အနုပညာလိုက်စားသူ ဖြစ်ရမည်၊ ထို့ကြောင့် ဘောလယ်မှန်းသိသူ ကျေးတောသားအပေါ်၌ စိတ်ညွတ်လာ လိမ့်မည် ဟူ၍ ထင်မှတ်ဟန် တူသည်။ ထို့ကြောင့် အတန်ငယ် ရဲတင်းလာ၍



www.burmeseclassic.com

www.burmeseclassic.com



'မှန်လှပါ၊ တေးထပ်တို့ ဘောလယ်တို့ကို ဒီအရပ်က ပိုက်သမားများ ဆိုတတ်ပါသဖယ'ဟု တင်လျှောက်လေသည်။

'ဟုတ်ပါ့ကွာ၊ တယ် တော်သဟေ့။ မင့်ဘောလယ်က ဘယ်လိုတုံးကွယ့်'

'အမျှော်စိုက် ဘောလယ်ပါ'

'သယ်....နေ့ခင်းကြောင်တောင် ဘယ်သူ့ကို အမျှော်စိုက်တာတုံး'

ခက်ကပြီ၊ သည်လောက်တော့လည်း ပိုက်သမား ခမျာ မဖြေတတ်ပါ။ ထို့ကြောင့် ပိုက်သမားက ပြာတာကို ကူနိုင် ကူပါဦး ဆိုသော မျက်နှာထားဖြင့် လှည့်ကြည့်သည်။ ပြာတာက မမြင်ချင်ယောင် ဆောင်နေသည်။

ပိုက်သမားသည် အတန်ကြာ ငိုင်နေသည်။ ပိုက်သမား ငိုင်လေလေ မြို့အုပ်မင်း ဦးဖိုးနံ့လည်း ဒေါသဖြစ်လေလေ။

'ကိုင်း .... မင်း အမျှော်စိုက်ကို ဆိုပြစမ်း'

'မှန်လှပါ၊ စိန်....ဟိန်....ဟိန်'

'ဟေ့ ရှည်ရှည် ဆွဲမနေနဲ့'

'ဟုတ်ကဲ့၊ စိန်ခြူး....အူး....အူး....ကြာညောင်....ကြာညောင်၊ လဟာ .... ဟာ .... ရောင်တွေ လင်းပါလို့'

'မောင်မြ'

မြို့အုပ်မင်းက ကုန်းအော်သည်။

မောင်မြက 'ဖျ'ဟု အသံပြတ်နှင့် အတိုချုံး၍ ထူးပြန်သည်။

'တောက်၊ နေမင်းက ပူပြင်းတဲ့အထဲမှာ လရောင်လင်းတဲ့ အကောင်ကို ဂါတ်ထဲ ခေါ်သွားစမ်း'

ဖြစ်မှ ဖြစ်ရပလေ။ နေမင်း ပူပြင်းသည်မှာ မှန်ပါ၏။ ကျွန်တော်မျိုးမိုက်သား ပိုက်သမားက လရောင် လင်းမိသည်မှာလည်း မှန်ပါ၏။ ပိုက်သမားသည် ဘာမျှ မထုချေတတ်ပါ။ မောင်မြက သွားမည်ဟု လက်ခေါ်သောအခါ တကောက်ကောက်နှင့် လိုက်ပါသွားရရှာသည်။





မောင်မြကမူကား သူ့သခင်က သူ့အမိန့်ကို ပြင်လိုပြင်ငြား သဘောထား၍ 'ဘာပုဒ်မနဲ့ ချုပ်ထားရမလဲ'ဟု မေးလိုက်ပါသေး၏။ သို့သော် မြို့အုပ်မင်း ဦးဖိုးနံ့က 'ငါ့အကြောင်း နင် အသိသားနဲ့၊ စကား မရှည်နဲ့'ဟု ငေါက်လေသည်။

မှန်သည်၊ စကားရှည်ရန် မလို။ အထူးအာဏာရ ရာဇဝတ်တရားသူကြီး မြို့အုပ်မင်း ဦးဖိုးနံ့က ချုပ်ထားလိုက်ဟု ဆိုလျှင် အလိုက်သိသော ဂါတ်စာရေးသည် လက်သင့်ရာ ပုဒ်မဖြင့် ချုပ်ထားစမြဲ ဖြစ်သည်။ တစ်ခါတစ်ရံ မသင်္ကာမှုပုဒ်မ၊ တစ်ခါတစ်ရံ အာဏာဖီဆန်မှုပုဒ်မ၊ တစ်ခါတစ်ရံ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်၊ ရှုံ့ချည်နှပ်ချည် လုပ်၍ရသော ပုဒ်မပေါင်းများစွာ ရှိနေသည့်အခါ ဘယ်အကောင်က ဘာစကား ပြောချင်သလဲ။

[ ငွေတာရီ၊ အောက်တိုဘာ ၁၉၇၁ ]

www.burmeseclassic.com

www.burmeseclassic.com

## လူ့ခွန်

တစ်နှစ်လျှင် လင်စုံမယားဖက် ငါးကျပ်၊ အိမ်ထောင်မရှိ နှစ်ကျပ်ခွဲ၊ အလွန်သက်သာသော နှုန်းဖြစ်သည်။ ဗြိတိသျှအင်ပိုင်ယာထဲမှာ ဤကဲ့သို့ အခွန်အကောက် သက်သာအောင် ကောက်ခံသော တိုင်းပြည်ဟူ၍ အခြားမှာ မရှိ။ ဤ မြန်မာပြည်မှာသာ ရှိသည်။

အင်္ဂလိပ်အစိုးရ ဆိုသဟာ တိုင်းသူပြည်သား ဆင်းရဲသားအပေါ် ထိုမျှလောက် ကြင်နာသနားတတ်ပေသည်။ မြန်မာပြည်တွင် ထမင်းငတ်သေသောမသာ မရှိ။ ဆီကို ရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံနေသော တိုင်းပြည်မှာ ကောက်စိုက်ပျိုးနုတ် တစ်နေ့ တစ်မတ်၊ ငါးပဲ ချောင်ချောင်ရနိုင်၏။ ဆန်ရှိလျှင် အခြားစားစရိတ် ကုန်ကျဖွယ် မရှိ။

အင်း အိုင် ချောင်း မြောင်းထဲမှာ ငါးကြင်း၊ ငါးပတ်၊ ငါးမြင်း၊ ငါးထွေတို့ကို တစ်နေ့စာ အဖို့ တစ်နေ့ရှာလျှင် အိမ်နီးပါးချင်းနှင့် ဝေစား၍လည်း မကုန်။ ငါးပိကောင် သိပ်ပြီး တစ်မိုးလုံး စားရ၏။ တောသူတောင်သားများပေပဲ၊ ငါးပိကလေး၊ တို့စရာကလေးနှင့် စားလိုက်ရလျှင် မြိန်လိုက်သည့်ဖြစ်ခြင်း။ တဲအနီး ပတ်ဝန်းကျင်မှာမူ ဘူးသီးကလေး၊ ခရမ်းသီးကလေး စိုက်ထားလျှင် ငါးချဉ်ရည်ဟင်း ကောင်းကောင်းတစ်ခွက် ရနိုင်သပါ့။

မိုးတွင်းအခါ ကန်စွန်းရွက်၊ ကနဖော့၊ မှိုနားတို တို့ကိုလည်း ခူး၍ပင် မကုန်နိုင်။ နွေမှ မိုးအကူး မြေသင်းနံ့ကလေး ပျံ့လာသောအခါ သစ်ဥ သစ်ဖုတို့ကလည်း မြေကြီးထဲမှ အလိုလို ပေါက်လာသည့်အတွက် ယင်းတို့





ကို တပင်တပန်း ရှာဖွေရန် မလို။ ကိုင်းဥ၊ အင်ဥအပြင် ရာသီအလိုက် အလိုလို ပေါက်သော ဝံမင်း၊ ပဒတ်စာ၊ ပတဲကော စသည်တို့ကလည်း စား၍ အရသာ ရှိပါပေ့။

ထိုမျှလောက် ပဒေသာပင်လို သီးနေသော နိုင်ငံ၌ တစ်ယောက် နှစ်ကျပ်ခွဲ၊ နှစ်ယောက်တွဲ ငါးကျပ် ဆိုသော အခွန်အကောက်သည် အင်္ဂလိပ် အစိုးရမင်းတို့၏ ကြီးမားသော ရွှေဉာဏ်တော်မှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ ဤအခွန်အကောက်ကို တစ်နှစ် တစ်နှစ်လျှင် ငွေတစ်ကုဋေကျော်ဖိုးမျှ ရနေခြင်းကြောင့်သာလျှင် ဤရာဇဝတ်မှု ပေါများသော မြန်မာပြည်ဝယ် ငြိမ်ဝပ်ပိပြားရေး လုပ်ငန်းကို ကျွန်ုပ်တို့ အစိုးရ အမှုထမ်း ရာထမ်းများ ကောင်းကောင်း လုပ်နိုင်ကြသည် မဟုတ်လော။

ယခု မြို့အုပ်လခ၊ စာရေးလခ၊ ပြာတာ လခဆို၍ ရနေကြသည်မှာ ဘယ်က ရသနည်း၊ ဤအခွန်အတုတ်များကြောင့် မဟုတ်ပါလော။ အကယ်၍ ဤအခွန်အတုတ်များကို မပေးဆောင်ဟု ဆိုပါက မြို့အုပ်တို့၊ စာရေးတို့၊ ပြာတာတို့ ဘယ်မှာ လခ ထုတ်နိုင်ပါမည်နည်း။

ဤကဲ့သို့ မနေ့က ညနေတွင် ကွင်းကောက် သူကြီး ဦးသာဗျော၏ နေအိမ်သို့ ရောက်ရှိလာသော မြို့အုပ်မင်း ဦးဖုးခေါင်က စဉ်းစားသည်။

စဉ်းစားသည် ဆိုသည်မှာ ဦးဖုးခေါင်၏ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားခြင်း မဟုတ်။ ဟသ်ာတ အရေးပိုင် ကျားကြီးသခင် ခေါ် ပရစ်ချတ်က သညာပေးသောအတိုင်း စဉ်းစားခြင်း ဖြစ်၏။ ဦးဖုးခေါင်၏ ဝါသနာမှာ မိမိ ဦးနှောက်နှင့် မိမိ စဉ်းစားလေ့မရှိ၊ အထက်လူကြီးများ၏ စဉ်းစားဉာဏ်မှ တစ်ဆင့်ခံသာလျှင် စဉ်းစားလေ့ရှိ၏။ အမှန်မှာ စဉ်းစားသော အလုပ်သည် ဦးဖုးခေါင်အဖို့ အလွန်ပင်ပန်းသော အလုပ်ဖြစ်သည်။ မိမိ၏ အထက်လူကြီးများက စဉ်းစားပေးသော အတိုင်း လိုက်၍ လုပ်ရခြင်းသည် အလွန်သက်သာ၏။ ယခုလည်း မိမိ စဉ်းစားချင်၍ စဉ်းစားနေသည် မဟုတ်ပါ။ လွန်ခဲ့သော တစ်ပတ်က ဟသ်ာတ ဒီစတြိတ် မြို့ပိုင်၊ နယ်ပိုင်များ အစည်းအဝေးတွင် အရေးပိုင် ကျားကြီးက မိန့်ခွန်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန့်ခွန်းပေးရခြင်း အကြောင်းရင်းမှာ အင်္ဂပူမြို့ အပိုင် ထူးကြီးကျေးရွာတွင် ဝံသာနု ဂျီစီဘီအေ အသင်း၏ လှုံ့ဆော်ချက်အရ ဘူးအသင်းများက လူခွန် မပေးရေး လုပ်မည်ဟု သတင်းကြားသောကြောင့် လည်းကောင်း၊ ယခုနှစ် လူခွန်တော် ဆောင်ချိန်တွင် လူခွန်တော်ငွေ မပြေ၊ ကျန်ငွေ များပြားနေသောကြောင့် လည်းကောင်း၊ မကြာမီက ဟင်္သာတမြို့တွင် မြန်မာ အမျိုးသား ဘုရင်ခံ ဆာဂျေမောင်ကြီးကလည်း လူခွန်တော် လျှော့ပေါ့ပယ်ဖျက်ရေးကို ဆောင်ရွက်မပေးနိုင်ဟု ယတိပြတ် ပယ်ချခဲ့သောကြောင့် လည်းကောင်း၊ ဤသို့ ပယ်ချပြီးသော နောက်ပိုင်းတွင် သာယာဝတီ ဒိစတြိတ်၌ လူဆိုးသူဆိုးတို့က အာဏာဖီဆန် ထကြွလာသည်ဟု သတင်းကြားရသောကြောင့် လည်းကောင်း မိန့်ခွန်းပေးရခြင်း ဖြစ်သည်။

ထိုအစည်းအဝေးတွင် အရေးပိုင်၊ နယ်ပိုင်၊ မြို့ပိုင် အင်္ဂလိပ်လူမျိုး ဒွတ် ဒက်နှင့် ပြောကြသည်။ စင်စစ် ထိုအချိန် ထိုအခါကစ၍ တောသူတောင်သား ဆင်းရဲသား လယ်သမားတို့က ပုန်ကန်ထကြွခြင်း ဖြစ်သည်။ သို့ရာတွင် အရေးပိုင်က "သူပုန်" ဟူသော စကားကို သုံးနှုန်းရန် များစွာ ဝန်လေးနေသည်။

ဗြိတိသျှ အုပ်ချုပ်ရေးသည် ကရုဏာတရားနှင့်ယှဉ်၍ အုပ်ချုပ်သော အုပ်ချုပ်ရေးဖြစ်ခြင်းကြောင့် သူပုန်ထရန် အကြောင်း မရှိနိုင်။ အခက်အခဲတို့ကြောင့် အနည်းငယ် အာဏာဖီဆန်၍ ဆူပူသော အခြင်းအရာများ ရှိချင်ရှိမည်။ ဥပမာ ယခု ပြောဆိုခဲ့သော လူခွန်တော် မပေးရေး ဘူးအသင်းတို့ကို ကြည့်ပါ။ သူတို့သည် အစိုးရတို့ ပုန်ကန်ရန် အင်အားရှိသည် မဟုတ်။ မဟာတ္တမဂန္ဓီကို အားကျပြီးလျှင် အစိုးရ ဆန့်ကျင်ရေးကိုသာ လုပ်နေခြင်း ဖြစ်သည်။ ကမ္ဘာလေးပုံတစ်ပုံကို ပိုင်ဆိုင်သော ဗြိတိသျှအစိုးရကို အသူလျှင် ထောင်ထား ပုန်ကန်ဝံ့မည်နည်း။ တကယ်ပဲ အစိုးရကို ပုန်ကန်သည်ဆိုလျှင် ဗြိတိသျှတို့ နာမည်ပျက်ဖို့ ရှိမည်။

ထို့ကြောင့် အရေးပိုင် ပရစ်ချက်သည် သူအုပ်ချုပ်သော စီရင်စု





နယ်ပယ်ထဲ၌ လှုပ်ရှားလာသော အခြင်းအရာတို့သည် လူခွန်တော် မဆောင်ချင်သော အကြောင်းသက်သက်ကြောင့်သာ ဖြစ်သည်ဟူ၍ "ပုန်ကန်မှု" ဆိုသော စကားကို မသုံးဘဲ လှိုးလွှဲပြောဆိုလေသည်။

အထက်တွင် ပြဆိုခဲ့သည့်အတိုင်း "လူခွန်တော်" ဆိုသည်မှာ ဆင်းရဲသားတို့အဖို့ အလွန်သက်သာ ချောင်ချိသော အခွန်တော်ဖြစ်ခြင်းကြောင့် မြို့ပိုင်မင်း၊ နယ်ပိုင်မင်းတို့၏ နယ်ပယ်ထဲ၌ လူခွန်တောင်း၍ မရပါဟူသော အကြောင်းပြချက်မျိုး မရှိစေရ။ လိုအပ်လျှင် လူဖမ်းဝရမ်း ထုတ်စေ။ ဤကဲ့သို့ အရေးပိုင်မင်းက ဗျာဒိတ်တော်မြွက် ခတ်နှိပ်လိုက်သောအခါ 'မှန်ပါ့ဘုရား' ဟု အမိပ္ပာယ် ပြန်၍ရသော "ယက်ဆား" သံများသည် သူ၏ ပတ်ဝန်းကျင်မှ တစ်ခဲနက် ထွက်ပေါ်လာလေသည်။ အခြေအနေမှန်ကို သိရှိသော အရာရှိတို့က သိသာသိစေ၊ မမြင်စေနှင့် ဟူသော အရာရှိတို့၏ လက်သုံးဝါဒအတိုင်း မည်သူမျှ စောဒက မတက်ကြချေ။

ထိုအခါ အရေးပိုင်မင်းက 'အောရိုက် ဘဲဒီးဂွတ်' ဟု ဆိုကြောင်း အရေးပိုင်အခန်းစောင့် ချာပရာဆီက ပြန်ပြောသောကြောင့် နောင်းလူတို့သည် ယင်းအရာရှိများ အစည်းအဝေးအကြောင်းကို တစေ့တစောင်း သိခွင့်ရခဲ့ကြလေသည်။

မြို့အုပ်မင်း ဦးဖူးခေါင်သည် အထက်ပါအတိုင်း အရေးပိုင်ဦးနှောက်ကို အငှားတပ်၍ စဉ်းစားရင်းမှ 'မင်းတို့ဥစ္စာ သက်သက်မဆောင်ချင်လို့ မဆောင်တာပဲ' ဟု ရာဇသံနှင့် အော်ငေါက်လိုက်လေ၏။

'မှန်ပါ၊ ဆောင်စရာ မရှိလို့ပါ ဘုရား' ဟု အတွေ့အကြုံ များဟန်တူသော အသက်လေးဆယ်ကျော် ငါးဆယ်နီးပါး ရွာသားကြီးတစ်ဦးက အုယားဖားယား တင်လျှောက်သည်။ သူ့အတွေ့အကြုံ အရာမှာ ယခုကဲ့သို့သော ကိစ္စမျိုး၌ မြို့အုပ်မင်းကို ဒက်ခနဲ ချေပမှ ပြဿနာ ပြေနိုင်သည်၊ ဆုတ်ဆိုင်းဆိုင်း အ ထစ်ထစ် လုပ်နေလျှင် ဆင်ခြေများသည်ဟု အဆူခံရစရာ အကြောင်းရှိသည် ဟူလေသည်။ ထိုပြင် ရွာသူရွာသားတို့က ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



မဆိတ် လုပ်နေလျှင်လည်း မြို့အုပ်မင်းက သူပြောသောစကားကို သူ အဟုတ် ချည်းဟု မှတ်ယူလိမ့်မည်။ ဤသို့မှတ်ယူ၍ တစ်ဖက်သတ် ဆောင်ရွက်လျှင် ရွာသူရွာသားများ နစ်နာဖွယ် ရှိသည်။ ရွာသားကြီးက ဤကဲ့သို့သော ကျိုးကြောင်း ဆင်ခြင်တုံတရားဖြင့် မြို့အုပ်မင်းကို ကပျာကသီ ပြန်ပြောလိုက် ခြင်း ဖြစ်၏။

မြို့အုပ်မင်းသည် ကွင်းကောက်သူကြီးမင်း၏ အိမ်ရှေ့ကနားဖျင်း အောက်တွင် သူကြီး၊ ဆယ်အိမ်ခေါင်း၊ ကျေးရွာ သမာဓိလူကြီး၊ တောလိုက် စာရေး၊ ပြာတာ စသော အခြွေအရံအပေါင်းတို့နှင့် စံပယ်လျက် ရှိသည်။ သူ စံပယ်နေသော ပက်လက်ကုလားထိုင်မှာ သူကြီးကတော် ကိုယ်တိုင် ခင်းပေးသော ကုလားထိုင် ဖြစ်သည်။ ပက်လက်ကုလားထိုင်၏ ဖျင်မှာ ဂုန်နီအိတ်တစ်လုံးကို ဖြန့်၍ ချုပ်ထားသော ဖျင်ဖြစ်သည်။ ကုလားထိုင် အဖုံးမှာ ဇာနားတပ်ထားသော ခုံခင်းဖြစ်သည်။ စပါးဆန်ရေ၊ ကျွန်းသစ်ရေနံ ဓာတ်သတ္တု ပေါကြွယ်ဝသော မြန်မာပြည်တွင် ကျေးရွာအုပ်ချုပ်ရသော လူတန်းစား၏ အဆင့်အတန်းကို အဆိုပါ ဂုန်နီအိတ် ပက်လက်ကုလားထိုင် နှင့် ဇာနားတပ် ခုံခင်းတို့က ဖော်ပြလျက် ရှိသည်။

အုပ်ချုပ်သူ လူတန်းစားတို့၏ ထိုအဆင့်ကို ချင့်ချိန်ခြင်းအားဖြင့် အုပ်ချုပ်ခြင်းခံရသူ ရွာသူရွာသားတို့၏ အဆင့်ကို အကဲခတ်နိုင်ရာသည်။ သို့သော် မြို့အုပ်မင်းအဖို့ ရှေးက ညွှန်းဆိုခဲ့သည့်အတိုင်းပင် ဦးနှောက်ထဲ ထည့်၍ အကဲခတ် ဆင်ခြင်ရသော အလုပ်သည် အလွန်ဆင်းရဲပင်ပန်းသော အလုပ်ဖြစ်သည်။ ဤအလုပ်မျိုးကို တောလိုက်စာရေးကြီး ကိုဟန်စိန်က တစ်ခါတစ်ရံ မြို့အုပ်မင်း ကိုယ်စား လုပ်သည်။ ကိုဟန်စိန် လုပ်ပေးသည့် အခါကျမှ မြို့အုပ်မင်း လုပ်ပေးသမျှကို လက်ခံလေ့ရှိသည်။ ထို့ကြောင့် ငွေမရှိလို့ မဆောင်နိုင်ပါ ဘုရား ဆိုသော စကားရပ်၌ စာရေးကြီး၏ ထောက် ခံချက် မပါသောကြောင့် မြို့အုပ်မင်း သဘောမပေါက်ချေ။

မြို့အုပ်မင်း သဘောပေါက်နေသည်မှာ အရေးပိုင်က မိမိအား ခေါ်ယူ





ကြိမ်းမောင်းသည်ကိုသာ သဘောပေါက်သည်။ အရေးပိုင် ကျားကြီးက မိမိအား ကျိတ်၍ကြိမ်းသောကြောင့် အခြားတစ်ပါးတို့က ကြိမ်းမှန်း မသိ လိုက်ကြ။ သို့သော် အရေးပိုင်၏ကြိမ်းပုံမှာ အလုပ်ပင် ပြုတ်စေနိုင်မည့် ကြိမ်းပုံ ဖြစ်လေရာ မြို့အုပ်မင်းသည် များစွာ ကြောက်ဒူးတုန်ခဲ့ရသည်။

အရေးပိုင်က 'မြို့အုပ်မင်း နောက်မီးအင်းခံဝန်းယူးဒွဲ ကိစ္စမှာ လူးပြော သူပြော တယ်များပါကလား။ ယခု ချွန်နုပ်ဆီးမှာ ပစ်စာဒေ ရှိဒယ်။ ဒါပေ မဲ့ ချွန်နုပ် မြို့အုပ်မင်းကို သနားဒယ်၊ အရေးမယူချင်ပါဘူး။ သို့သော်လည်း လူးခွန်ကျန်ငွေ များဒယ်ဆိုးရင် ချွန်နုပ် မြို့အုပ်မင်းကို ကယ်နိုင်ဖို့ ခက်တယ်' ဟူ၍ ပြောသည်။

မြို့အုပ်မင်း ဦးဖူးခေါင်သည် အရေးပိုင်ကို စောဒက တက်လျှင် နောက်မီးအင်းခံဝန် အမှုတွဲ၌ နွားငါးကောင်ကို အကောင်ငါးဆယ်ဖြစ်အောင် ဒန်ဆင်းထားသော အကြောင်းကိစ္စများ ဘူးပေါ်သကဲ့သို့ ပေါ်မည် စိုးသော ကြောင့် ထုံးစံအတိုင်း ယက်ဆား ယက်ဆားနှင့်ချည်း ဦးခေါင်းကို ညိတ်ခဲ့ရ သည်။ သို့သော် လူခွန်တော်ငွေ ပြေလည်အောင် ကောက်ခံရန် အရေးသည် များစွာ မလွယ်လှချေ။

ယခုနှစ် စပါးဈေး အလွန်အမင်း ကျဆင်းနေသည်ကို သူ ကောင်း ကောင်း သိသည်။ နိုင်ငံရေး ထကြွ လှုပ်ရှားလာသည်ကိုလည်း ကောင်း ကောင်း သတိပြုမိသည်။ အထူးသဖြင့် တောင်သူလယ်သမားများက အဖွဲ့ အသင်းနှင့် အစိုးရကို ဆန့်ကျင်လာသည်ကို မြို့အုပ်မင်းက မသိကျိုးကျွန်ပြု၍ မရချေ။ အရေးပိုင် ကျားကြီးသခင်က ဘုရင်မင်းမြတ်ကို စစ်ကြေညာခြင်းနှင့် ဆိုင်သော ရာဇသတ်ပုဒ်မကို စကားထဲမှာ မဖော်ပြဘဲ ပြောဆိုခဲ့သော်လည်း အင်ပူမြို့ပေါ်၌ အချို့သော ရှေ့နေ ရှေ့ရပ်တို့က သူပုန် ထ တော့မည်ဟု ဘိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ ပြောသံဆိုသံကိုလည်း ကြားခဲ့ဖူး၏။

အင်ပူ ပုလိပ် ဂါတ်တန်းလျားမှ ထွက်လာသော ကောလာဟလ သတင်းစကားမှာလည်း အစိုးရ မှုထမ်းရာထမ်းများကို လယ်သမားခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်တို့က များစွာ ဆန့်ကျင်ဘက် လုပ်နေကြောင်း ဟူ၍ ဖြစ်သည်။ လူခွန်တော်ကီစွနှင့် ကွင်းကောက်ရွာသို့ ထွက်မလာခင် တစ်နေ့က အင်္ဂပူ ဌာနာအုပ်နှင့် တွေ့ရာ စကားစပ်မိ၍ မိမိက တောအခြေအနေကို မေးသည်။

ဌာနအုပ်က 'ဘာမှ မဖြစ်ပါဘူး နောင်ကြီးရယ်၊ တောင်သူလယ်သမား လက်ထဲမှာ ဓားမတို တစ်ချောင်းတောင် ပြည့်ပြည့်စုံစုံ မရှိဘဲနဲ့၊ အင်္ဂလိပ်အစိုးရကို ထ ချမယ် ဆိုတာ ဖြစ်နိုင်ပါ့မလား'ဟု ပြောသည်။

ထို့ပြင် သူက 'ကျွန်တော် တခြားနယ်တွေအကြောင်းတော့ မပြောတတ်ဘူး ခင်ဗျာ။ ကျွန်တော်တို့ ရာဇဝတ်ဝန်မင်းက ပြောတယ်၊ ဒီဟင်္သာတနယ်မှာတော့ ထမယ့်ကြွမယ့်အမှုမျိုး မရှိဘူးလို့ ပြောတယ်။ ထဝံ့ရင် ထကြည့်စမ်း၊ ငါတို့ အင်္ဂလိပ်အစိုးရ အင်အားအကြောင်းကို သိစေ့မယ် လို့လည်း ဆိုတယ်။ ဒါကို ထောက်ကြည့်တော့ မြို့အုပ်မင်း စိတ်ချပါ၊ ကျွန်တော်တို့ ရှိပါတယ်၊ ဘာမှ မပူပါနဲ့။ ရာဇဝတ်ကောင်တွေကို ကျွန်တော် နှိမ်နင်းလာခဲ့တာ အမှုထမ်းကောင်းလက်မှတ်နဲ့ ခြောက်လုံးပြူး၊ နာရီ၊ ဖောင်တိန် ဆိုတာတွေ ကျွန်တော့်ဆီမှာ မနည်းပါဘူး။ အဲ .... တစ်ခုတော့ ရှိတာပေါ့လေ၊ နောင်ကြီး သွားတဲ့အခါ ခြေစောင့်လက်စောင့် အတွက်ဆိုရင် ဂါတ်ထဲရှိတဲ့ သေနတ်အပို တစ်လက်၊ နှစ်လက်ကို ကျွန်တော် ထုတ်ပေးလိုက်ပါ့မယ်။ ဒါမှ မဟုတ်ရင်လည်း ဆင်းရဲသား တစ်ယောက်၊ နှစ်ယောက်ကို ခေါ်သွားပေါ့' ဟူ၍ အကြံဉာဏ်များ ပေးလိုက်သေးသည်။

ထိုခေတ် ထိုအချိန်၌ ယေဘုယျအားဖြင့် အင်္ဂပူတစ်ပိုင်လုံး ငြိမ်နေသောအချိန် ဖြစ်လေရာ ဌာနအုပ်က ဖုံးဖုံးဖိဖိ ပြောလိုက်သောစကားကို အတွန့်တက်နေစရာ မလိုချေ။ လက်ခံရမည်သာ ဖြစ်သည်။ ထို့ပြင် တကယ်ပင် ဆူပူထကြွမည်ဆိုပါက ပုလိပ်က အလျင် သတင်းရစမြဲဖြစ်ရာ ယခုကိစ္စမှာ ပုလိပ်တို့ပင်လျှင် အမှုအရာပျက်ခြင်း မရှိသောကြောင့် ဘာမှ စိုးရိမ်ကြောင့်ကြရန် မရှိ ဟူ၍လည်း မိမိကိုယ်ကို မိမိ နှစ်သိမ့်ရန် တွက်ဆမိသည်။ ထို့ကြောင့်လည်း ကွင်းကောက်သို့ ဖွတ်ချက်ဖွတ်ချက် မြည်သော ကုလားသင်္ဘောကလေးကို စီးကာ ခါတိုင်းကဲ့သို့ပင် တောထွက်ခဲ့ခြင်း ဖြစ်သည်။





အဲ .... သို့သော် သတိထားစရာ တစ်ခုတော့ ရှိ၏။ သင်္ဘောလမ်းတစ်လျှောက်လုံး၌ စနည်းနာကြည့်ရာ ရွာသူရွာသားတို့သည် စိုးရိမ်ကြောင့်ကြသော အမူအရာနှင့် ခရီးသွားလာပုံကို အကဲခတ်မိ၏။ သည်လို နေရာမျိုးကျတော့ မြို့အုပ်မင်း ဦးဖူးခေါင်၏ ဦးနှောက်က လှုပ်ရှားသင့်သလောက် လှုပ်ရှားပါသည်။ သို့သော် သူ့ဦးနှောက် လှုပ်ရှားခြင်းမှာ စာရေးကြီး ဦးဟန်စိန်က အခရာ ဖြစ်ပါသည်ဟု ဆိုချင်လျှင် ဆိုနိုင်ပါသည်။

လှုတကာနှင့် နီးနီးစပ်စပ် နေရသော စာရေးကြီးသည် လမ်းတစ်လျှောက်တွင် သူနှင့် သိဖူး၊ ကျွမ်းဖူးသူ ရွာသူရွာသား အချို့နှင့် စကားစမြည် ပြောဆိုသည့်အခါ ဝံသာနု အသင်းသူ အသင်းသားများ လူခွန်မပေးရေး စည်းရုံးနေကြကြောင်း နားစွန်နားဖျား ကြားရသည်။ တစ်ခါတစ်ခါ သူတို့ ပြောကြဆိုကြသော စကားထဲမှာ ဂျွန်အဖွဲ့လိုလို၊ ဂဠုန်အသင်းလိုလို၊ ဘာလိုလို ညာလိုလို ဝေါဟာရ အသစ်အဆန်းများ ပါသည်ကိုလည်း သတိပြုမိသည်။

ထို့ကြောင့် ကုလားသင်္ဘောကလေး ကျဉ်းကျဉ်းထဲမှာပင် ဆရာဖြစ်သူ ဦးဖူးခေါင်အား ပဲ့ပိုင်း အိမ်သာခန်းဆီသို့ လက်တို့ ခေါ်သွားပြီးလျှင် လေသံဖြင့် နှစ်ကိုယ်ကြား တိုင်ပင်နှီးနှောကြသည်။ ဦးဖူးခေါင်ကို ကိုဟန်စိန်က နှစ်ကိုယ်ကြား ပြောလိုလျှင် အစ်ကိုဟု ခေါ်လေ့ရှိသည်။ အများတကာရှေ့မှာမူ မြို့အုပ်မင်းနှင့် ကိုယ်တော် ဟူသော စကားတို့ကို မှီးမွန်အောင် သုံးတတ်သည်။

'အစ်ကို၊ အခြေအနေ မကောင်းဘူး ထင်တယ်'

'ထူးကြီးက ဘူး အသင်းသားတွေ ဒီကို ရောက်လာကြလို့လား'

'ဘူးအသင်းထက် ဆိုးမယ် ထင်တယ်၊ ကျွန်တော်မျိုးလည်း သိပ်နားမလည်ဘူး၊ ဂဠုန်သင်းလို့ ပြောသံဆိုသံ ကြားတယ်'

'လူခွန်မပေးဖို့ ဖွဲ့စည်းတဲ့ အသင်းလား'

'အခွန်မပေးရေးလို့ ပြောတာပဲ၊ ဒါပေမဲ့ ခါတ်သိတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီအသင်းဟာ မှုထမ်းရာထမ်းတွေကို ရန်ရှာဖို့ အကြံရှိတယ်လို့လည်း ပြောကြတယ်'

'ဟာ မင်းဥစ္စာ မဖြစ်နိုင်ပါဘူး၊ တို့က အမြဲတမ်း လက်နက်ကိုင်နေတာပဲ။ မင်းကို ငါ ပေးထားတဲ့ ခြောက်လုံးပြူးကော ဘယ်မှာလဲ။ ခါးထဲ ပတ်ထားပါလား'

'အို....အစ်ကိုဟာ ပတ်မထားချင်ပါဘူး၊ သဘော်က အတက်အဆင်း လူရှုပ်တဲ့အခါ ခြောက်လုံးပြူး လုသွားရင် ဘယ့်နှယ်လုပ်မလဲ။ အဲ....လူမမြင်အောင်တော့ လွယ်အိတ်ထဲ ထည့်ပြီး ကိုင်ထားပါတယ်။ ကြည့်လေ ဒီမှာ...'

'အေး....အေး၊ ဟုတ်ပါပြီ။ မင်း ငွေ့ရန်ဆိုတာက ဘယ်လို ဟာလဲ သေသေချာချာ သတင်းရသလား'

'အသေးစိတ်ကိုတော့ ဘယ်သူမှ မပြောတတ်ကြသေးဘူး ထင်ပါရဲ့၊ ပြီးတော့ သဘော်ထဲ အစ်ကိုတစ်ယောက်လုံး ပါနေတော့ သူတို့က အကုန် သတင်းမပေးတာလဲ ရှိမယ်'

'ကိစ္စ မရှိပါဘူးကွယ် တပည့်ရယ်၊ ဆရာတစ်ယောက်လုံး ရှိပါသေးတယ်၊ ငါတို့ ကွင်းကောက်ကနေပြီး လူခွန်ကို ဖိတောင်းလိုက်ရင် တစ်ဝက်လောက်တော့ ရစရာ ရှိပါတယ်။ ရရင် နောက်ကျန်ငွေများ လျှော်ပစ်ပါလို့ အရေးပိုင်ဆီကို အသနားခံမယ်ကွာ'

'အဲဒီ ဖိတောင်းမယ်ဆိုတာကိုပဲ ကျွန်တော် ကြောက်တယ် အစ်ကိုရယ်၊ သူကြီးအိမ်ရောက်ရင် အရေးပိုင် မှာတဲ့အတိုင်း အတင်းအကျပ် မလုပ်ပါနဲ့'

'အိုကွာ၊ မင်းက စိုးရိမ်မနေပါနဲ့။ ဒီတောသူတောင်သားတွေဟာ တို့ကို မလှန်ဝံ့ပါဘူး။ အကျိုးသင့် အကြောင်းသင့် ပြောလို့ ရရင်ရ၊ မရရင်တော့ လူဖမ်းသင့် ဖမ်းရမှာပဲ။ မင်းမှာ လူဖမ်းဝရမ်းပုံစံတွေ ပါရဲ့ မဟုတ်လား'

ကိုဟန်စိန်သည် ဆရာဖြစ်သူ မြို့အုပ်မင်းအား ဖျောင်းဖျကြည့်သော်





လည်း သဘောပေါက်ပုံ မပေါ်သောကြောင့် နောက်ထပ် စကားဆက်၍ မပြောလိုတော့ချေ။ ထို့ကြောင့် လူဖမ်းဝရမ်း အဆင်သင့် ရှိကြောင်းကို ခေါင်းညိတ်၍ ပြသည်။

ယခုလည်း မြို့အုပ်မင်း ဦးဖူးခေါင်သည် ရွာသားတို့နှင့် တိုင်ပင်ဆွေးနွေးပြီးလျှင် လူဖမ်းဝရမ်းကို ထုတ်ရန် စိတ်ထဲတွင် ကြံလျက်ရှိသည်။ ၎င်းအကြံကို သူကြီးက ရိပ်မိဟန် တူ၏။ ကိုဟန်စိန်နှင့် သူကြီး ဦးသာဗျော တို့မှာ လွန်စွာ ရင်းနှီးကြသည်။ ထို့ကြောင့် သူတို့နှစ်ဦးသည် မနေ့က အိပ်ရာဝင်ချိန်မှ စ၍ ယနေ့ နံနက်လင်းချိန်အထိ နှစ်ဦးသား မကြာခဏ ခေါင်းချင်း ရိုက်ခဲ့ကြသည်။ နှစ်ဦးစလုံး စိုးရိမ်တကြီးနှင့် အထူး ဂရုဓမ္မ ပြုနေကြသည်။ သူကြီးက မကြာခဏ အိမ်ပေါ် တက်လိုက်၊ အောက်ဆင်းလိုက် လုပ်သည်။ လူခွန်နှင့်လာသော သူတို့ကို ဆီးကြိုစကား ပြောသည်။ သေိသည့်ရွာက မည်သူမည်ဝါ မာရဲ့လား၊ ချာရဲ့လားဟု လောကွတ်ပျူငှာ မေးသည်။ သူကြီး၏ စိတ်ထဲမှာ လူခွန်ဆောင်စရာ ငွေ ပါ မပါ မေး၍ ငွေ မပါသေးဆိုလျှင် ငွေပြန်ယူချေဟု အမိန့်ချမှတ်ပြီး ပြန်လွှတ်လိုက်လျှင် အဆင်ပြေမည်ဟု အောက်မေ့သည်။

ထို့ကြောင့် တစ်ချီတစ်ချီတွင် မြို့အုပ်မင်း သတိတရား ရလေအောင် 'ငွေပြန်ယူခိုင်းပါဦး မြို့အုပ်မင်း'ဟူ၍ အကြံပေးသည်။ မြို့အုပ်မင်းက ဘာမျှ ပြန်ပြောဖော် မရချေ။

'ဟေ့ စဉ်းစားကြဦးကွ၊ အစိုးရ အခွန်ဆိုတာ မဆောင်ဘဲနေလို့ မပြီးဘူးကွယ့်'

'ပိုက်ဆံမှ မရှိဘဲ ကိုယ်တော်'

'မရှိရင် ရှိအောင် လုပ်ရမှာပေါ့ကွ၊ မင်းတို့ စဉ်းစားကြည့်ကြစမ်း။ တစ်အိမ်ထောင်ကို ငါးကျပ်ဆိုတော့ ပိုက်ဆံ ဘယ်နှပြားလဲ'

မြို့အုပ်မင်းရှေ့ ပရိသတ်ကြီးထဲမှာ ယောကျ်ား မိန်းမ ကလေးပါ ထည့်၍ရေလျှင် အစိတ်သုံးဆယ်လောက် ရှိမည်။ မူလက စာရေးကြီး ကိုဟန်



www.burmeseclassic.com

www.burmeseclassic.com



စိန် သမ္မန်စာရေးသည်မှာ လူပေါင်း ခြောက်ဆယ်ကျော်အတွက် ချသည်။ သို့သော် လာသောအခါ လူတစ်ဝက်မျှပင် မရှိ။ ရှိသော လူစာရင်းထဲတွင် လူခွန် ဆောင်ရမည့် ယောကျ်ားကိုယ်စား မိန်းမများက အများဆုံး ပါဝင်သည်။ သည်အထဲ နို့စို့ နို့ညှာ ကလေးများကလည်း မနည်းပေ။ ယောကျ်ားကြီးထဲမှာ သက်ကြီးရွယ်လွန် မလုပ်နိုင် မကိုင်နိုင်သော လူအများ ပါဝင်သည်။ ထိုပရိသတ်သည် ငွေငါးကျပ်မှာ ပိုက်ဆံဘယ်လောက်ရှိသည်ကို ကျွက်ကျွက်ညံအောင် တွက်ချက်ကြည့်ကြသည်။

နောက်ဆုံးတွင် ကလေးကို နို့တိုက်နေသော အသက် ၁၈ နှစ်ရွယ် မိန်းမတစ်ယောက်က 'ငွေတစ်ကျပ်မှာ ၆၄ ပြားဆိုတော့ ငါးကျပ်မှာ ပြား ၃၂၀ ဖြစ်ပါတယ်'ဟု စဉ်းစား၍ ဖြေသည်။

ထိုအခါ တစ်ယောက်သော ယောကျ်ားကြီးက 'အဲ....အဲ....နင်ကတော့ ဈေးရောင်းနေလို့ အတွက်အချက် တော်သဟဲ့'ဟု ချီးမွမ်းသည်။ ထို့နောက် မြို့အုပ်မင်းက စကားဆက်၍ ဆိုသည်။

'ငွေငါးကျပ်မှာ ပြား ၃၂၀ ဆိုတော့ စဉ်းစားစမ်း၊ ခင်ဗျားတို့ လင်မယားဖက် တစ်နေ့တစ်ပြားပဲ စုဦးတော့ ဆယ်လနဲ့ အရက်နှစ်ဆယ် စုလိုက်ရင် လူခွန်တော်ဖိုး ငွေငါးကျပ် ရတာပဲ။ မိန်းမ မရှိတဲ့ လူပျိုကာလသားဆိုရင် နှစ်ရက်မှာမှ တစ်ပြားစု၊ နှစ်မကုန်ခင် ငွေနှစ်ကျပ်ခွဲ စုမိဆောင်းမိဖြစ်မယ် မဟုတ်လား။ တစ်နှစ်ပတ်လုံး အခွန်တော် ပေးစရာ ရှိတာကို ပေးနိုင်အောင် ပိုက်ဆံစုမထားဘဲ ယခု နှစ်ကုန်တော့မှ ဆင်ခြေအမျိုးမျိုး ပေးတာကို ကျုပ်လက်မခံနိုင်ဘူး'

'အရှင်ဘုရား စဉ်းစားပါ၊ ကျွန်တော်မျိုးတို့မှာ စပါးပေါ်ချိန်ကျမှ ငွေကို မြင်ဖူးတာပါ။ ဒီတော့ ပိုက်ဆံကို နေ့စဉ်မှန်မှန် မပြောပါနဲ့၊ လစဉ်တောင်မှ စုလို့ မရပါဘူး'

'စပါးပေါ်ချိန် ငွေကို မြင်ရင်မြင်ချင်း အခွန်ဆောင်ဖို့ ချန်ထားပါလား'





'ချန်ထားချင်ပါရဲ့၊ ဒါပေမဲ့ ငွေပေါ်တာနဲ့ တစ်ပြိုင်နက် တစ်မိုးလုံး တစ်နွေလုံး အကြွေး ဝယ်စားတာတွေကို ပြန်ဆပ်ရပါတယ် ကိုယ်တော်ဘုရား'

မြို့အုပ်မင်းနှင့် ရွာသား အချီအချ စကားပြောလိုက်ကြသဟာ သူ့ဘက်ကလည်း မှန်ကောင်းမှန်ပေလိမ့်မည်၊ ငါ့ဘက်ကလည်း မှန်ကောင်းမှန်ပေလိမ့်မည်။ သို့သော် နံနက် ၈ နာရီ လူစုသည်မှာ နံနက် ၁၁ နာရီ ရှိပြီ။ လူခွန်ဆောင်စရာ လူကလည်း မပြည့်စုံ၊ ငွေကလည်း တစ်ပြားမှ ထွက်မလာ။ သူကြီးကတော်နှင့် ပြာတာ နှစ်ဦးသားမှာ မီးဖိုဆောင်ထဲမှ နေ၍ ထမင်းပြင်ရန်အတွက် မျှော်နေကြသည်။ စာရေးကြီး ကိုဟန်စိန်မှာလည်း စားပွဲဝိုင်းပေါ်မှ အမှုတွဲများကို ဖြန့်ကြဲ၍ လက်နှစ်ဖက်ဖြင့် မေးစေ့ကို ထောက်ကာ ဆာလောင်မွတ်သိပ်သော မျက်နှာဖြင့် မြို့အုပ်မင်းကို ကြည့်၍ နေသည်။

တစ်ချီတစ်ချီ မြို့အုပ်မင်းက စာရေးကြီးကို စောင်းငဲ့၍ ကြည့်သောအခါ စာရေးကြီးက ထမင်းစားချိန် ရောက်ပြီ ဟူသော အထိမ်းအမှတ်ဖြင့် မိမိဗိုက်ကို ပုတ်၍ မြို့အုပ်မင်းအား ပြပါ၏။ သို့သော် မြို့အုပ်မင်းကား လူခွန်တော်အတွက် ငွေကလေး တစ်ကျပ်၊ တစ်ပြားကိုမျှ စတီအားဖြင့် မရသေးသောကြောင့် စိတ်ထဲ၌ ဒေါသူပုန် ထ နေသည်။ စိတ်ထဲ ထသော ဒေါသူပုန်ကို အကောင်အထည်နှင့် တကွ မမြင်နိုင်ချေ။ သို့သော် လယ်သမားသူပုန် ထ လျှင်မူကား အကောင်အထည်နှင့်တကွ ဆော်ကြလိမ့်မည်။ ဤသားဥပဒ်တို့ကိုမူ မြို့အုပ်မင်းက ဆင်ခြင်တတ်ပါ၏။ သို့သော် လူခွန်တော်ကောက်မရလျှင် နောက်မီးအင်းခံဝန်မှုကြီးကို အကြောင်းပြု၍ အရေးပိုင်က မြို့အုပ်မင်း၏ ထမင်းအိုးကို ရိုက်ခွဲပစ်တော့မည်။ ရှေ့တိုး ထမ်းပိုး၊ နောက်ဆုတ် လှည်းထုတ်။ ဟယ်....သို့သော်လည်း....တတ်နိုင်ပါဘူး၊ သူ့ဆန္ဒအတိုင်း ရုံမှ။

'ကိုင်း.... သူကြီးမင်း၊ ဟောရ ပြောရတာ လေကုန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသိရအောင် ပြမှပဲ နေရာကျမယ် ထင်တယ်။ လူခွန်သမားတွေ ကိုယ့်ရွာ ကိုယ်ပြန်ကြ။ ညနေ ခင်ဗျားတို့ရှိရာ ကျုပ် လာမယ်။ အဲဒီတော့ ဆောင်နိုင်သူ ဆောင်ကြ။ မဆောင်နိုင်ရင် သိကြရောပေါ့'

မြို့အုပ်မင်း၏ အမိန့်တော်ကို ကြားရသောအခါ လူခွန်ကြွေးကျန် သော ပရိသတ်တို့သည် ထ၍ ပြန်ကြလေ၏။ ထိုအခါကျမှ မြို့အုပ်၊ သူကြီး စာရေးကြီး စသော သူတို့သည် သူကြီးကတော်နှင့် ပြာတာတို့က တည်ခင်း ပေးသော ထမင်းကို ကပျာကသီ စားကြရ၏။ ထမင်းဝိုင်းထဲတွင် သူကြီးနှင့် စာရေးကြီးတို့က ဆင်းရဲသားတို့ ငွေကျပ်သည်မှာ အမှန်ဖြစ်ကြောင်း၊ ကျေး ရွာ နယ်ပယ်ထဲ၌ နိုင်ငံရေးပယောဂလည်း ဝင်၍ နေကြောင်း၊ လူဖမ်းဝရမ်း ထုတ်လျှင် စဉ်းစဉ်းစားစားဖြင့် ထုတ်သင့်ကြောင်းဖြင့် မြို့အုပ်မင်းကို နားချ ကြသည်။ မြို့အုပ်မင်းကမူကား ဝတ္တရား ရှိသည့်အတိုင်း ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ အရေးပိုင် ကျားကြီးက ပို၍ ကြောက်စရာ ကောင်း ကြောင်း၊ မှတ်လောက်သားလောက်ရုံပဲ ဖြစ်ဖြစ် အရေးယူရမည် ဖြစ်ကြောင်း သူ၏ဘက်မှ နေ၍ ခုခံ ချေပ ပြောဆိုသည်။

စောဒကတက်၍ မရကြောင်း သိသောအခါ စာရေးကြီးနှင့် သူကြီး မင်းတို့သည် မျက်နှာသေကလေးဖြင့် စားကြသောက်ကြပြီးသော် တရေး တမော အိပ်ကြလေ၏။ စောစောပိုင်းက လူခွန်တော်ကိစ္စ ပူညံပူညံ ကြားခဲ့ ရပြီး ယခု ရုတ်တရက် တိတ်ဆိတ်သွားလေသော စာရေးကြီးနှင့် သူကြီးမင်း တို့မှာ တခေါခေါနှင့် ချက်ချင်း အိပ်ပျော်သွားလေသည်။ သူတစ်ပါး အိပ်မော ကျသည်ကို မြင်ရသော မြို့အုပ်မင်းလည်း ပက်လက်ကုလားထိုင်ပေါ်၌ သမ်းဝေ ငိုက်မျဉ်းရင်းနှင့် အိပ်ပျော်သွားသည်မှာ မည်မျှကြာသည် မသိ နိုးလာသောအခါ စာရေးကြီးနှင့် ပြာတာတို့က အမှုတွဲများ ဟန်တပြင်ပြင်နှင့် ကျေးရွာများသို့ သွားရောက်ရန် သူကြီးနှင့် အတူတကွ တာစူနေကြသည်ကို တွေ့ရလေ၏။

မြို့အုပ်မင်းသည် စောစောပိုင်းက ဝတ္တရားကို ဝတ္တရားဟု ဆို၍





ပြောခဲ့သည်မှာ ရာဇပရိယာယ်ဖြင့် ပြောခြင်းမျှသာ ဖြစ်ကောင်း ဖြစ်မည်။ ယခု အကယ်ပင် ခရီးထွက်မည် ပြုသောအခါ စိတ်ထဲ၌ အင်တင်တင် ရှိလာသည်။ ထို့ကြောင့် အတန်ငယ် အထ နှေးသွား၏။ သို့သော် ထွက်ပြီး သော ဆင်ခွယ်သည် ဝင်သည်ဟု မရှိစကောင်း။

ထို့ကြောင့် မြို့အုပ်မင်းသည် ကာကီဘောင်းဘီကို ကပျာကသီ ကောက်၍ဝတ်ပြီးလျှင် ပတ္တူဘွတ်ဖိနပ်ကို စီး၍ သူကြီးမင်း၏ အိမ်ခေါင်းရင်း ဘက် ဖိနပ်ချွတ်ကို တစ်ချက်နင်းကာ မြေပြင်သို့ လွှားခနဲ ခုန်ချလိုက်သည်။

ရှေ့ဆုံးက သူကြီးမင်း၏ ဆုရစားကို ကိုင်ဆောင်သော ရှေ့တော်ပြေး ဆယ်အိမ်ခေါင်းကြီး၊ သူ၏နောက်က မြို့အုပ်မင်း၏ ခြောက်လုံးပြူးကို ခါးတွင် ချိတ်ထားသော တောလိုက် စာရေးကြီး၊ ထိုနောက်မှ လက်ချည်း သက်သက် မြို့အုပ်မင်း၊ ထိုနောက်မှ အမှုတွဲ သယ်ဆောင်သူ ပြာတာ၊ ထိုနောက်မှ တစ်လုံးပြူးသေနတ်ကိုင် သူကြီးမင်း၊ ထိုနောက်မှ သူကြီးမင်း၏ လက်သုံးတော် ရွာသား သုံးဦး။ ဤကဲ့သို့ ကြီးစဉ်ငယ်လိုက် စီတန်း၍ ကွင်းကောက်ရွာမှ ခရီး တစ်မိုင်၊ နှစ်မိုင် ဝေးရာ ရွာသိမ်ရွာငယ်များသို့ ခရီးထွက်လာခဲ့ကြလေ၏။

ပထမရွာ အဝင်တွင် ရွာထဲ၌ ယောကျ်ားဟူ၍ တစ်ယောက်ကိုမျှ မတွေ့ရသည်ကို မြို့အုပ်မင်း သတိပြုမိသည်။ ကျွန်မတို့၏ ယောကျ်ားများ သည် ငါးရှာထွက်နေပါသည်၊ ထင်းခွေသွားနေပါသည် ဟူသော ဆင်ခြေမျိုး ကို မြို့အုပ်မင်း ကြားဖူးလှပြီဖြစ်၍ အထွေအထူး ဘာမျှ မပြော။ သို့သော် ရွာသူရွာသားတို့၏ အခြေကို အကဲခတ်နိုင်အောင် ရွာထဲ၌ ကျန်ရစ်သော မိန်းမသားတို့နှင့်ပင် စကားစမြည် ပြောကာ တစ်အိမ်တက် တစ်အိမ်ဆင်း လိုက်လံ ကြည့်ရှုသည်။

ပျမ်းမျှပြောရလျှင် အိမ်တိုင်းအိမ်တိုင်း၌ ဗိုခုံလောက်အဖြစ် ဒီလုံးခဲ သုံးလုံးစီ ရှိကြစမြဲ ဖြစ်သည်။ ထမင်းအိုး ဟင်းအိုး နှစ်လုံး သုံးလုံး၊ ထင်းရှူး ... သို့မဟုတ် ထန်းခေါက်ဖာ တစ်လုံးစ နှစ်လုံးစ၊ ပုဆိုး တစ်ထည် နှစ်ထည်၊



www.burmeseclassic.com

www.burmeseclassic.com



ထဘီ တစ်ထည် နှစ်ထည်၊ ငါးမျှားတံ ငါးမျှားချိတ် တစ်ချောင်း နှစ်ချောင်း၊ ဓားမတို တစ်လက် နှစ်လက်၊ ကလေးရှဉ့်မြီးအင်္ကျီ တစ်ထည် နှစ်ထည်၊ ရေညှိတက်နေသော သောက်ရေအိုးတစ်လုံး၊ ဘုရားစင်တွင် ကပ်ထားသော ဘုရားပုံတော်တစ်ချပ်၊ ညောင်ရေအိုးတစ်အိုး၊ ဤကဲ့သို့ ကာကဝလ္လိယ မောင်နှံတို့၏ အဆက်အနွယ်များ ဖြစ်ကြသော လယ်သမားလူထု၏ ပစ္စည်းပစ္စယ အစိုင်အခဲများကို တစ်ခုစ၊ နှစ်ခုစ တွေ့ရလေသည်။

ဤရှုခင်းသည် မြို့အုပ်မင်း အဖို့ မဆန်းချေ။ သူ အားလုံး သိပြီး ဖြစ်ပါသည်။ သို့သော် လူခွန်ကောက်ခံ၍ ရမှ ကျားကြီးက ကျေနပ်မည်။ ထို့ကြောင့် မြို့အုပ်မင်းသည် မြင်လျက်နှင့် မမြင် ဖြစ်နေဟန် တူသည်။ သို့ပါသော်ငြားလည်း စင်စစ်မှာ မျက်မြင်ဒိဋ္ဌသည် မျက်မြင်ဒိဋ္ဌပင် ဖြစ်လေရာ၊ သူကြီးမင်းက သူတို့တစ်တွေ ဆင်းရဲလှပါသည်ဟု ထောက်ခံ ပြောဆိုသော အခါကျမှ ရှိပါစေတော့လေဟု ဆို၍ နောက်တစ်ရွာသို့ ခရီးဆက်ကြသည်။

သည်ရွာမှာ ယောကျ်ားကြီး နှစ်ယောက်၊ လူပျိုကာလသားအရွယ် သုံးယောက်၊ အမယ်အိုကြီးများ၊ အိမ်ထောင်သည်များ၊ ပုဆိုးကွင်းသိုင်းအရွယ်၊ နှပ်ချေးတွဲလောင်းအရွယ် ကလေးသူငယ်များ စသည်တို့ကို မြိုင်မြိုင်ဆိုင်ဆိုင် တွေ့ရ၏။ သို့သော် လူကြီးတစ်ယောက်မှာ အသက် ၆၀ ကျော်ပြီ ဖြစ်၍ လူခွန်တော် လွတ်ငြိမ်းခွင့်ရပြီး ဖြစ်သည်။ လူပျိုကလေး နှစ်ယောက်မှာ အသက် ၁၆ နှစ် ပတ်ဝန်းကျင်မျှသာ ဖြစ်၍ လူခွန်ဆောင်ရန် အသက်မစေ့သေး။ ကျန်လူပျိုပေါက်မှာ အသက် ၂၀ ကျော်ပေပြီ။

သူ့အမည်ကို လူခွန်ခွဲတမ်းစာရင်းနှင့် အမှုတွဲတို့တွင် တွေ့ရှိရသည်။ သို့သော် သူ့အမည်ရင်းက မောင်ပိန်၊ အမှုတွဲ၌ မောင်စိန် ဟူ၍ တကွဲတပြား ပြထားသောကြောင့် မြို့ပိုင်မင်းက သံသယအကျိုးကို ခံစားစေဟု အမိန့်ချသည်။ ကျန်ယောကျ်ားကြီးကား အသက် ၄၀ ကျော်၊ သန်တုန်း မြန်တုန်းနှင့်မို့ အမှုတွဲ၌လည်း စာရင်းပါပြီး ဖြစ်ရကား မြို့အုပ်မင်းက လူခွန်တော်





ငွေငါးကျပ်၊ သမ္မန်စာချွန်ခငွေ တစ်ကျပ်၊ ပေါင်းခြောက်ကျပ် ပေးဆောင်စေဟု အမိန့်ချ၏။

သို့သော် စာရေးကြီးက ရုံးစရိတ်တစ်ကျပ်ကို မြို့အုပ်မင်း၏ အာဏာဖြင့် ခွင့်လွှတ်ပေးပါ ဟူ၍ အခွန်ထမ်းဘက်မှ နေ၍ ခုခံ ပြောဆိုပေးဘိသကဲ့သို့ ပြောဆိုရင်းနှင့် မြို့အုပ်မင်း အတွက် ဒလန် လုပ်ပေးသည်။

ဤ အတောအတွင်း သူကြီးနှင့် ကျေးရွာသူများ တီးတိုးစကားပြောကြသည်။ ဘာမှန်းမသိ။ သို့သော် မြို့အုပ်၊ စာရေးကြီး၊ ပြာတာတို့မှာ မရသာလျှင် ရသာ ချိုင်ရမည် ဟူသော သဘောဖြင့် ထိုအခွန်ထမ်း ရွာသားကြီးကိုပင် ဖိ၍ ထောင်းနေကြလေသည်။ နောက်ဆုံး တစ်ပြားမှ ငွေထွက်ပုံမပေါ်သောကြောင့် ၎င်းရွာသားကြီးကို လူဖမ်းဝရမ်း ထုတ်ကာ သူကြီးလက်သို့ အပ်သည်။

ရွာရှိ မိန်းမများ၊ ကလေးများသည် လူကုန် စု၍ လာပြီးလျှင် 'ဘကြီးကို မဖမ်းပါနှင့်' ဟု ဟစ်သူဟစ်၊ ငိုသူငိုနှင့် အုတ်အော်သောင်းတင်း ဖြစ်သွားသည်။ ဤအထဲ ခွေးများကလည်း ဝိုင်းဟောင်ကာ ကန့်ကွက်ကြသေး၏။ ပထမသော် မြို့အုပ်မင်းက ဤကန့်ကွက်ပွဲကြီးသည် ကြီးကျယ်လာလေမလားဟု စိုးရိမ်မိသည်။ သို့သော် ဤကဲ့သို့ အခွန်တောင်းလျှင် ငိုသူငို၊ ယိုသူယို ဖြစ်တတ်သည်မှာ ဤအင်္ဂလိပ် အစိုးရမင်း၏ ပိုင်နက်ထဲ၌ ဖြစ်ရိုးဖြစ်စဉ် ဖြစ်သည် မဟုတ်ပါလော။

ထို့ကြောင့် ကလေးများအား 'နင်တို့ဘကြီး လွှတ်စေချင်ရင် သူကြီးအိမ် လာပြီးတော့ ငွေငါးကျပ်နဲ့ ရွေးဟော့' ဟု မြို့အုပ်မင်းက အကြံပေးလေသည်။

လူခွန် မပေးနိုင်၍ ဖမ်းရသော ယောကျ်ားကြီးကို ရှေ့သို့ တင်၍ မြို့အုပ်မင်း၏ လူခွန်တော်ပါတီသည် နောက်တစ်ရွာသို့ ခရီးဆက်လေသည်။

ဤတတိယရွာသို့ ဝင်မည် ကြံလိုက်လျှင် ထိုရွာထဲမှ အုတ်အော်ကျက်ကျက် အသံများ ပေါ်ထွက်လာလေသည်။ ခွေးများ တစီစီ ဟောင်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြက် ငှက်တို့ကလည်း ထ၍ ပျံကြ၏။ ခပ်လှမ်းလှမ်းမှ 'လာနေပြီ၊ ပြေးကြဟေ့' ဆိုသော အသံသဲ့သဲ့ကိုလည်း ကြားရ၏။ ရွာနား နီးလာသောအခါ ထိုအသံတို့ကို ထင်ရှားစွာ ကြားရလေရာ မြို့အုပ်မင်းက လူခွန်မဆောင်နိုင်သူတို့ကို လိုက်ဖမ်းသဖြင့် ရွာလုံးကျွတ် ထွက်ပြေးကြသည် ဟူသော သဘာဝမှာ လယ်ပြင် ဆင်သွားသကဲ့သို့ ထင်ရှားလာလေရာ မြို့အုပ်မင်းက သူကြီးမင်းကို အကြောင်း ဘယ်သို့ ဟူ၍ မေးစရာပင် မလိုတော့ချေ။

သို့သော် လူခွန်မဆောင်လို၍ ပြေးစရာရှိလျှင် ပုန်းလျှိုး ငုက်လျှိုးနှင့် ပြေးရမည့်ဥစ္စာ၊ ယခုတော့ လူစုပြီး ညာသံပေးနေကြသည်မှာ မရိုးဘူးဟု သူကြီးမင်း ဦးသာဗျောက တွေးမိသည်။ အဘယ့်ကြောင့်ဆိုသော် ပထမရွာဝင်စကပင်လျှင် ရွာတွင် ကျန်ရစ်သော မိန်းမသားများထံ စနည်းနာသောအခါ လူခွန် မပေးရေး တိုက်ပွဲဆင်မည်လိုလို စကားသန့်သန့် ထွက်လာသည်။ နောက်တစ်ရွာသို့ ဝင်စဉ်ကလည်း မြန်အောင်မြို့နယ် ငှက်ကြီးကွင်းကျေးရွာ၌ ဝံသာနုခေါင်းဆောင်များ ရောက်နေသလိုလို ပြောသံကြားသည်။

သည်တစ်ခါ ယခင်ထက် အနည်းငယ် ထူးသည်မှာ ဂျွန်သင်းဖွဲ့သည်လိုလို ဆိုကြခြင်းဖြစ်သည်။ ထို့ကြောင့် စာရေးကြီးနှင့် တိုင်ပင်ကြည့်၏။ မိန်းမများ ပြောကြဆိုကြပုံမှာ မရေမရာ မသေချာ၍ အရေးမကြီးသေးဟု ယူဆကြသည်။ ရွာသားများ စု၍ လှုပ်ရှားနေပုံကို မြင်ရပြန်သောအခါ နည်းနည်းတော့ သတိထားရလိမ့်မည်ဟု သူကြီးမင်းက အောက်မေ့မိသည်။ ထို့ကြောင့် အတန်ငယ် မျက်စိမျက်နှာ ပျက်သည်။ စာရေးကြီး ကိုဟန်စိန်၏ မျက်နှာမှာကား ဆီးရွက်ကဲ့သို့။

ထို့ကြောင့် 'မဟန်ဘူး ကိုယ်တော်၊ အချိန်ရှိတုန်း ကွင်းကောက်ပြန်မှပဲ' ဟု သူကြီးမင်းက မြို့အုပ်မင်းကို တီးတိုး နှိုးဆော်သည်။

မြို့အုပ်မင်းလည်း ရာဇဣန္ဒြေကို မပျက်စေဘဲ 'ပြန်ဖို့ အချိန်တော်ရင်လည်း ပြန်ကြတာပေါ့လေ။ ဒါပေမယ်လို့ ဖမ်းထားတဲ့ လူကိုတော့ အသားလွှတ် မလွှတ်နိုင်ဘူး' ဟု ကတ်သီးကတ်သတ် ချေးကိုင်လိုက်သေးသည်။





ထိုအခါ ၎င်းလူဖမ်းဝရမ်း ကိစ္စကို သူကြီးမင်းက သူ၏ ဖြတ်ထိုးဉာဏ်နှင့် ဖြေရှင်းရလေသည်။ အဖမ်းခံရသူ၏ ရွာကို ဖြတ်သွားသောအခါ သူကြီးမင်းက အဖမ်းခံရသူ၏ မိန်းမကို ငွေငါးကျပ် လက်သိပ်ထိုး၍ သူ့ယောကျ်ားအတွက် လူခွန်ဆောင်ခိုင်းသည်။ ထိုအခါကျမှ ပြဿနာပြေသည်။ ပြဿနာကို ယင်းသို့ ပြေအောင် မလုပ်လျှင် မြို့အုပ်မင်း ဩဇာကျဖို့သာ ရှိမည်။

မြို့အုပ်မင်းသည် ကွင်းကောက်သို့ ပြန်ရောက်သောအခါ သူကြီးမင်းနှင့် စာရေးကြီးတို့က သူတို့ ရထားသော သတင်းစကားများကို တိုးတိုးပြောပြကြသည်။ ဤသည်တွင် မြို့အုပ်မင်းမှာ ညစာထမင်း စားမဝင် ဖြစ်သွားသည်။

ညအိပ်ချိန်တွင် သူကြီးမင်းက လုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်သည်။ သူက သူကြီးကတော်ကို 'မင်းကြီးတော်အိမ် ရွှေ့အိပ်' ဟု ဆိုသည်။ အကယ်၍ အကြောင်းတစ်စုံတစ်ရာ ရှိသောကြောင့် နက်ဖြန် သူကြီး အိမ်ပြန်မရောက်လျှင် လိုက်မရှာနှင့်၊ ဣန္ဒြေမပျက် ဟင်္သာတကို သွား၍ အမျိုးများနှင့် အတူနေ ဟူ၍လည်း မှာသည်။ နောက်မှ သူကြီးမင်းက ဟင်္သာတသို့ လိုက်လာခဲ့မည်။

ဤအမှာစကားများကို ကြားရသောအခါ မြို့အုပ်မင်းသည် ဤကိစ္စကား မိမိထင်သည်ထက် ကြီးကျယ်နေပါပကောဟု သဘောပေါက်သည်။ သူကြီးမင်းက မြို့အုပ်မင်းအပေါ် သစ္စာရှိစွာနှင့် နက်ဖြန် ဝေလီဝေလင်းမှို့တွင်းအရောက် လိုက်ပို့မည်ဟု ဆိုသည်။ သူကြီးမင်း၏ စီစဉ်ပုံမှာ မိန်းမသားများကို ရှောင်သာ တိမ်းသာအောင် တခြားသို့ လွှတ်ပြီးနောက် ညဘက်ဒွင် လူယုံများနှင့် ကင်းအထပ်ထပ်ချကာ နံနက်မိုးမလင်းတလင်း လူမှန်းသိတသိ အချိန်တွင် ကွင်းကောက် ချောင်းရိုးတစ်လျှောက် ခြေကျင်သွား၍ သုံးလေးမိုင် ခရီး၌ ရှိသော သူ၏ တူတော်မောင်၏ ကိုင်းတဲမှ တစ်ဆင့် လှေနှင့် မြို့ကွင်းဘူတာသို့ စုံဆင်းရန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လုံ့လဝီရိယနှင့် ပြည့်စုံသော သူကြီးမင်းသည် ကြက်အိပ်ကြက်နိုး အိပ်သောကြောင့် အချိန်တော်ပြီဟု ယူဆသည်နှင့် တစ်ပြိုင်နက် မြို့အုပ်မင်း၊ စာရေးကြီးနှင့် ပြာတာတို့ကို နှိုးသည်။ နှိုးရသည်မှာ များစွာ မခက်ချေ။ အဘယ်ကြောင့်ဆိုသော် မြို့အုပ်မင်းနှင့် နောက်ပါတို့မှာ ထိုည တစ်ညလုံး အိပ်၍ မရခြင်းကြောင့် ဖြစ်သည်။ ထို့နောက် သူကြီးသည် သူ၏လူယုံတော် တစ်ယောက်ကိုပါ ခေါ်၍ မြို့အုပ်မင်း လူသိုက်နှင့်အတူ ကွင်းကောက်မြစ်ရိုး ကမ်းပါးသို့ ထွက်လာခဲ့သည်။ ကွင်းကောက်ရွာ အပြင်သို့ ရောက်သည်အထိ ရွာထဲမှ ခွေးတစ်ကောင် နှစ်ကောင် ဟောင်သည်မှတစ်ပါး အခြား အခြေပျက် အနေပျက် ကိစ္စများကို လုံးဝ မတွေ့ရချေ။ ထို့ကြောင့် နံနက်ခင်း အညောင်းပြေ အညာပြေ လမ်းလျှောက်ဘိသကဲ့သို့ မှန်မှန် လျှောက်လာကြသည်။

သို့သော် ထမင်းအိုးတစ်လုံးချက်မျှ မကြာမီ မိမိတို့သွားရာ လမ်း၏ မြောက်ဘက်မှ ဆူဆူညံညံ အသံများနှင့်တကွ ရွာလုံးကျွတ် ခွေးဟောင်သံများကို ကြားရသည်။ ဤအချိန်တွင် ရောင်နီလာနေပြီ ဖြစ်သည်။ အသံဗလံမှာ ဝေးလွန်း၍ လူစုအနည်းငယ်၏ အသံလော၊ လူအုပ်ကြီး၏ အသံလောဟု မှန်းဆ၍ မရနိုင်သေးချေ။ သို့သော် ထူးဆန်းသည်မှာ မိမိတို့သွားရာ လမ်းဘက်သို့ ကြို၍ လာနေကြသည့် ပုံသဏ္ဌာန် ရှိခြင်းပင် ဖြစ်သည်။ မိမိတို့ လူသိုက်သည် အနောက်ဘက်မှ အရှေ့ဘက်သို့ ချီတက်နေကြသည်။ မြောက်ဘက်၌ ကွင်းပြင် လယ်ပြင်များ ရှိသည်။ တောင်ဘက်၌ကား စောက်မတ်သော ကွင်းကောက်မြစ် ကမ်းနဖူး ရှိသည်။ ယခု လာသောအသံမှာ မိမိတို့၏ ရှေ့ ဓားလွယ်ခုတ် အရပ်မှ လာသော အသံဖြစ်သည်။

မြို့အုပ်မင်းသည် အလွန်တရာ ဘုန်းလက်ရုံးနှင့် ပြည့်စုံသော အင်္ဂလိပ် အစိုးရကို တောသူ တောင်သားများက အန်တုသည် ဟူသော အချက်သည် လက်ခံနိုင်ဖွယ် ကောင်းသော အချက် မဟုတ်ဟု ယူဆလို့ သည်။ သို့တည်းမဟုတ် ဤကဲ့သို့ ယူဆရမည့် အရေးကို ရှောင်တိမ်းလို သည်။ ထို့ကြောင့် သူက 'ကိုင်းသမားတွေ ကိုင်းထဲ ဆင်းတာနဲ့ တူပါရဲ့'





ဟု မိမိ ဖြစ်စေလိုသော ဆန္ဒကို ပြောလိုက်သည်။ သူကြီးက အခြား ဘာမျှ မပြော၊ ခပ်သုတ်သုတ် လျှောက်ကြရန်သာ နှိုးဆော်သည်။

ဤအတွင်း ရောင်နီသည် ပို၍လင်းလာသည်။ အသံဗလံတို့ကလည်း ပို၍ ကွဲပြားလာသည်။ အဝေးက ကြားရသမျှကို မှန်းဆ၍ နားထောင်သော အခါ "ဗန္ဓက ဗန္ဓက" ဟု လူအုပ်ကြီးက အော်သောအသံ ဖြစ်သည်ဟု စာရေးကြီးက ထင်၏။ သူကြီးမင်းက 'ဗန္ဓက မဟုတ်ဘူးဗျာ၊ ဗန္ဓက မင်း လောင်း ပေါ်တာ ကြာခဲ့ပြီ။ ယခု အော်တာက သုပဏ္ဏကတဲ့ ခင်ဗျာ၊ အဲဒါ ဂဠုန်သင်းက အကြီးအကဲနှင့် တူတယ်' ဟု ရှင်းပြသည်။ ရှင်းပြရင်း ရှင်းပြ ရင်းနှင့်ပင် "သုပဏ္ဏကတဲ့ဟေ့" ဟူသော အသံများ ကျယ်လောင်လာ လေသည်။

သူကြီးမင်းက သူ့တူတော်မောင်၏ တဲနားကို ရောက်လုနီးပါပြီ၊ ခပ်သုတ်သုတ် လျှောက်ကြပါဟု တိုက်တွန်းပြန်သည်။ သို့သော် လူအုပ်ကြီး ၏ အသံမှာ တစ်ခဲနက်ဖြစ်သောကြောင့် မြို့အုပ်မင်းသည် ကြောက်ဒူးတုန် လာသည်။ ထို့ကြောင့် မိမိကိုယ်ကို မိမိ နှေးကွေးသည်ဟု ထင်သည်။ သို့သော် အမှန်မှာ မြို့အုပ်မင်းတို့ လူအုပ်သည် တစ်စ တစ်စနှင့် ခြေကုန် သုတ်၍ ပြေးနေကြခြင်း ဖြစ်သည်။

ခြေကုန်သုတ်၍ ပြေးရခြင်းမှာ ပြေးရန် အကြွက်ပေါ်လာခြင်းကြောင့် ဖြစ်သည်။ မိမိတို့ ပြေးရာ လမ်းကြောင်း၏ လက်ဝဲဘက်၌ လှံများ၊ ဝါးချွန် များ၊ ဓားရှည်များကို ကိုင်ဆောင်လာသော လယ်သမား၊ ကိုင်းသမား လူအုပ် ကြီးမှာ စိတ်အထင် တစ်ရာပျော့ပျော့ ရှိလိမ့်မည်။ မိမိတို့ဘက်၌ သူကြီး၏ လူယုံတော်ပါနှင့်မှ စုစုပေါင်း ငါးယောက်ရှိသည်။ မြို့အုပ်မင်း လက်ထဲတွင် ဘာမျှမပါ။ စာရေးကြီးက မြို့အုပ်မင်း၏ ခြောက်လုံးပြူးကို ခါးတွင် ပတ် ထားသည်။ သူကြီးမင်း၏ ပခုံးပေါ်၌ တစ်လုံးပြူးသေနတ် တစ်လက်ရှိသည်။ လူယုံတော်ကြီး၌ ငှက်ကြီးတောင် ဓားတစ်ချောင်း ပါသည်။ ထိုပါလာသော လက်နက်တို့မှာ လူအုပ်ကြီးကို မဟန့်နိုင်သည်အပြင် ပို၍ပင် ဝန်လေးမည်

www.burmeseclassic.com



ဟု သိကြသည်။ သို့သော် မစွန့်ရက်သောကြောင့် ဝန်လေးနေလျက်နှင့်ပင် ဝိုင်၍ ဝိုင်၍ လျှင်မြန်စွာ ပြေးကြရသည်။

ဤသဘာဝကို မြင်လာသော လူအုပ်ကြီးကလည်း အမိလိုက်သည်။ သူကြီးကလည်း မိမိ တူတော်မောင်၏ တဲသို့ ရောက်လျှင် လေ့နှင့်စုန်၍ ပြေးနိုင်ပြီ ဖြစ်၍ ယောဟဲ–ယောဟဲ ဖြစ်နေသော မြို့အုပ်မင်းကို အသော့နှင် လေသည်။ သို့သော် မြို့အုပ်မင်း ခမျာမှာ ကျောင်းနေစဉ်ကပင် ပြေးပွဲခုန်ပွဲတို့၌ တစ်ခါမျှ ပါဝင်ဆင်နွှဲခဲ့သည် မဟုတ်သောကြောင့် တစ်နေရာသို့ ရောက် သောအခါ သာခွေယိုင် ဖြစ်သွားလေသည်။ ထိုအခါ ပြေးပွဲတွင် သူကြီးမင်း နှင့် သူ့လူယုံတော်တို့က မြို့အုပ်မင်းကို ကျော်၍ သွားလေသည်။

စာရေးကြီးနှင့် ပြာတာတို့က မြို့အုပ်မင်းကို တွဲ၍ ခေါ်သည်။ တွဲခေါ် သည် ဆိုသည်မှာ မြို့အုပ်မင်းကို လယ်ကွင်းပြင် ပပ်ကြားအက်ထဲ၌ အတင်း တရွတ်တိုက်၍ ဆွဲခြင်းဖြစ်သည်။

လူအုပ်ကြီးကား နီးသထက် နီး၍ လာလေပြီ။ ၎င်းတို့ အထဲတွင် မည်သူက မည်သည့်ပုဆိုးကို ဝတ်၍ မည်သည့် ခေါင်းပေါင်းကို ပေါင်းထား ကြောင်းကိုပင်လျှင် အထင်းသား မြင်ရပြီ ဖြစ်သည်။ လူအုပ်ကြီးကို မြင်ရ သကဲ့သို့ မြို့အုပ်၊ သူကြီး၊ စာရေး၊ ပြာတာ၊ နောက်လိုက်တို့ ငါးဦးသား ပြေးနေသည်ကိုလည်း လူရုပ်ကွဲအောင် မြင်သာသည်။

ထို့ကြောင့် အတန်ကြာသောအခါ လူအုပ်ကြီးထဲမှ 'လူဖမ်းဝရမ်း ထုတ်တဲ့ မြို့အုပ်နဲ့ သူကြီးကို လိုက်ဟ၊ ပြေးနိုင်မှ လွတ်စေ့မနော်၊ သုပဏ္ဏ က တဲ့ကွ' ဟူသော အသံသည် နေမင်း ခေါင်းပြုသော အချိန်မှ အစပြု၍ ကွင်းကောက်ကျေးရွာအုပ်စု ကိုင်းတော၊ လယ်တောထဲမှ တစ်ခဲနက် ထွက် ပေါ်လာခြင်း ဖြစ်လေသည်။

မြို့အုပ်၊ သူကြီး လူစုသည် ခရီးသဘော၌ လူအုပ်ကြီးထက် အကျော ရပြီး ဖြစ်သောကြောင့် မှန်မှန်သာ ပြေးလျှင် ကောင်းကောင်းကြီး လွတ်နိုင် သည်။ သို့သော် ပြေးရင်းနှင့် မြို့အုပ်မင်း ဦးဖူးခေါင်သည် ဒူးချောင်လာသည်





ဖြစ်ရာ ပြေးမည့်အစား ပုန်းအောင်းနိုင်လျှင် လွတ်လိမ့်မည်ဟု တွေးသည်။ သူ့စိတ်ထဲ၌ ဤသို့ အကြံပေါ်ခိုက်တွင် မိမိတို့ ပြေးရာ လမ်းကြောင်း၌ ကောက်ရိုးပုံကြီး ဟိန်းနေသည်ကို မြင်ရသည်။

ထိုအရပ်ဒေသရှိ လယ်သမားတို့သည် ကောက်ရိုးကို စင်ဖြင့် သေ သပ်စွာ သိုမှီးကြစမြဲ ဖြစ်သည်။ သို့သော် အခိုက်အတန့်အားဖြင့် ကောက်ရိုး စင်ပေါ်သို့ ကောက်ရိုးများများ မရောက်သေး။ တိုင်သုံးတိုင်ကို စိုက်ထူထား သော လှေ့စင် အနီး၌ပင် ကောက်ရိုးများကို ယာယီပုံထားသည်။ ယာယီ ကောက်ရိုးပုံမှာ လှေ့စင်တိုင်သုံးတိုင်ကို အမှီပြု၍ နေလေရာ ကောက်ရိုးပုံဟု ဆိုသော်ငြားလည်း လူနှစ်ရပ် သုံးရပ်စာမက မြင့်သည်။ သို့သော် လှေ့စင်ကို ကောက်ရိုးပုံက မှီနေသောကြောင့် ကောက်ရိုးပုံပေါ်သို့ လှေ့စင်ပေါင်များကို နင်း၍တက်လျှင် ကောက်ရိုးပုံထိပ်သို့ ရောက်နိုင်သည်။ ကောက်ရိုးပုံ ထိပ်တွင် ဝပ်၍နေလျှင် ရုတ်တရက် လူမမြင်နိုင်ချေ။

အရေးကြုံလာသောအခါ မြို့အုပ်မင်း ဦးဖူးခေါင်၏ ဦးနှောက်သည် သွက်၍ လာလေသည်။ ထို့ကြောင့် သူ့ကို တရွတ်ဆွဲခေါ်နေသော သူများ၏ သက်ထဲမှ အလွတ်ရုန်း၍ တစ်ဟုန်ထိုးထွက်ပြီးလျှင် လှေ့စင်တိုင်နှင့် ပေါင် မှားကို ဖက်၍ ကောက်ရိုးပုံပေါ် တက်ပြေးလေ့သည်။ ထိုအချိန်လောက်တွင် သူကြီးမင်း ဦးသာဗျောသည် သူ့တူ၏ ကိုင်းတောထဲ ကြို၍ ရောက်နှင့်နေပြီ။

ဤအခိုက်အတန့်၌ စာရေးကြီးနှင့် ပြာတာတို့က မြို့အုပ်မင်း သွေးရူး သွေးတန်းနှင့် ကောက်ရိုးပုံပေါ် တက်ပြေးသည်ကို အမီလိုက်၍ ဆွဲချရန် ကြိုးစားကြသည်။ သို့သော် မြို့အုပ်မင်းကား ကောက်ရိုးပုံပေါ် ရောက်နေလေ ပြီ။ ဘယ်သူမှ မမြင်လျှင် ကောက်ရိုးပုံသည် အမှန်ပင် ဘေးလွတ်ရာဌာန ဖြစ်ကောင်း ဖြစ်လိမ့်မည်။ သို့သော် အဝေးက လူအုပ်ကြီးမှာ နီးသထက် နီးလာသောအခါ မြို့အုပ်မင်း ကောက်ရိုးပုံပေါ် တက်သည်ကို အကွင်းသား မြင်လိုက်ကြသည်။

ထို့ကြောင့် လူအုပ်ထဲက လူတစ်ယောက်က 'ကောက်ရိုးပုံပေါ် တက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးတယ်ဟေ့။ ကောက်ရိုးပုံကို မီးရှို့ကြ၊ မီးတုတ်နဲ့ ရှို့လကွာ' ဟု အော်လေသည်။

ထိုအခါ စာရေးကြီးက ကောက်ရိုးပုံအောက်မှ နေ၍ မြို့အုပ်မင်းကို 'အစ်ကို ဆင်းခဲ့ ဆင်းခဲ့'ဟု တရစပ် အော်သည်။ ပြာတာကား သူ့ဆရာကို သည်အတိုင်း မထားရက်သောကြောင့် ကောက်ရိုးပုံပေါ် အတင်းတက်၍ မြို့အုပ်မင်းကို တရကြမ်း ဆွဲ ချသည်။ မြို့အုပ်မင်းက အတင်း ရုန်းသည်။

ပြာတာက 'ကောက်ရိုးပုံကို မီးတိုက်တော့မယ် ကိုယ်တော်၊ မြန်မြန် ဆင်းမှ ဖြစ်မယ်'ဟု အသံခပ်အုပ်အုပ်နှင့် ပြောရင်း မြို့အုပ်မင်း၏ ခါးထဲမှ လုံချည်စကို အတင်းဆွဲသည်။ အရှိန်လွန်သောအခါ မြို့အုပ်နှင့် ပြာတာတို့သည် ကောက်ရိုးပုံပေါ်မှ တလိမ့်ခေါက်ကွေး ကျလာကြသည်။ စာရေးကြီးက အောက်က နေ၍ ဖမ်းသည်။ သို့သော် မနိုင်သောကြောင့် သုံးဦးသား မြေပြင်ပေါ် ထွေးလားလုံးလား ဖြစ်ကုန်ကြသည်။

ဤအချိန်တွင် မီးတုတ်သမားတို့သည် မီးတုတ်ကိုင်၍ ဝင်လာကြသည်။ လူအုပ်ကြီးသည် မီးတုတ်ကို ပြင်ဆင်ရာ၌ အတန်ငယ် အချိန်ကြာသွားသည်။ ဤအချက်သည် မြို့အုပ်မင်း၏ ကံကောင်းချင်၍ ဖြစ်သည်။ ဤကဲ့သို့ အချိန်လင့်ခိုက်၌ မြို့အုပ်၊ စာရေး၊ ပြာတာ သုံးဦးသားသည် ဦးသာဗျော တူ၏ ကိုင်းတောထဲသို့ တစ်ဟုန်းထိုး ပြေးဝင်ကြလေသည်။

ထိုအခါ အကြောင်းမျိုးစုံကို သိမြင်ရပြီး ဖြစ်သော သူကြီးမင်း ဦးသာဗျောက မြို့အုပ်မင်းကို သူ၏တူနှင့် အတူ ပွေ့ချီ၍ ကမ်းစပ်ရှိ လှေထဲသို့ ပစ်ချသည်။ စာရေးကြီးက လှေထဲ အလိုက်သင့် ခုန်ဆင်းသည်။ ပြာတာက လှေပေါ် အတက်တွင် ခြေတစ်ဖက်ဖြင့် ကမ်းပါးကို ဆောင့်၍ လှေခွာသည်။ သူကြီးမင်း၏ တူက ပဲ့ဘက်သို့ ကပျာကယာ ပြေး၍ လှော်တက်နှင့် ပဲ့ထေးသည်။ သူကြီးမင်းက မြို့အုပ်မင်းကို နှာနှပ်သည်။ သူကြီး၏ နောက်လိုက်ကား လှေဦးတွင် ထိုင်၍ တက်တစ်ချောင်းဖြင့် လှော်သည်။

ဤကဲ့သို့ ရုန်းရင်းဆန်ခတ်နှင့် ဗျာများနေကြသော အခိုက်အတန့်





တွင် ရွာသူရွာသားတို့က မီးတုတ်နှင့် လှမ်းပစ်လိုက်သောကြောင့် ကောက်ရိုးပုံကြီး မီးစွဲပြီးလျှင် ကိုင်းတောထဲ၌ လင်းသွားသည်။ သို့သော် လူအုပ်ကြီးသည် မြို့အုပ်မင်းတို့ လူသိုက်ကို ရုတ်တရက် မျက်ခြည်ပြတ်သွားသည်။ မျက်ခြည် ပြတ်ရခြင်းမှာ အခြားကြောင့် မဟုတ်၊ မြစ်ကမ်းပါးက ကမ်းစောက်ဖြစ်သောကြောင့် မြို့အုပ်လူစု မြစ်တွင်းသို့ ဆင်းသွားသည်ကို မမြင်လိုက်ကြခြင်းကြောင့် ဖြစ်သည်။

သူတို့ မြင်လိုက်သောအချိန်တွင် မြို့အုပ်မင်းနှင့် အပေါင်းပါတို့သည် ဘာမျှအသုံးမဝင်သော အဆောင်အယောင် ခြောက်လုံးပြူး၊ တစ်လုံးပြူး၊ ငှက်ကြီးတောင် ဓားတို့ကို လှေဦးခေါင်းထဲ သွင်းပြီးလျှင် တက်ကုန်သုတ်၍ မြစ်ကြောင်းတစ်လျှောက် လှော်ပြေးကြပြီ ဖြစ်သည်။ လူအုပ်ကြီးက ကမ်းစပ်သို့ ပြေးလာပြီးလျှင် တုတ်များ၊ ခဲများနှင့် ပစ်ရင်း ဟစ်အော် ကြိမ်းမောင်းကြလေသည်။ သို့သော် ရေစုန်မိသော လှေကလေးသည် မြင်းပြေးသကဲ့သို့ ပြေးလေရာ ကောက်ကွေ့သော မြစ်တစ်နေရာသို့ ရောက်သောအခါ မြို့အုပ်လူသိုက်ကို လူအုပ်ကြီးက မမြင်ရဘိသကဲ့သို့ပင် လူအုပ်ကြီးကိုလည်း မြို့အုပ်လူသိုက်က မမြင်ကြတော့ချေ။

ထိုအခါကျမှ လှေဝမ်းခေါင်းထဲတွင့် စောင်းစောင်းကလေး ခွေနေသော မြို့အုပ်မင်းကို ဒဏ်ရာ အနာတရ ရ မရ စစ်ဆေး ကြည့်ရှုကြသည်။ မြို့အုပ်မင်းက ဒူးပြဲသော ဒဏ်ရာကို ပြသည်။ ထို့နောက် ခြေပွတ်တိုင် လည်သွားကြောင်း ပြောဆိုသည်။ စာရေးကြီးက အသင့် ဆောင်ထားသော ဘမ်းဘူးနှင့် ပွန်းပဲ့ဒဏ်ရာများကို သုတ်လိမ်းပေးပြီးလျှင် ခြေမျက်စိကို လက်ကိုင်ပဝါနှင့် စည်းပေးသည်။ တစ်နေ့လုံး မည်သည့်ရွာ၊ မည်သည့် ဆိပ်ကမ်းကိုမျှ မကပ်ဘဲ လှော်ခတ်လာကြလေရာ မြို့အုပ်မင်းမှာ တစ်လမ်းလုံး နေပူမိလာသဖြင့် မြို့တွင်းသို့အဝင် မြစ်ကွေ့တစ်ဆစ်ချိုးသို့ အရောက်တွင် အဖျား တက်ချင်သလိုလို ဖြစ်လာလေသည်။

ထိုအချိန်ကား မွန်းလွဲချိန်ပင် ဖြစ်သော်လည်း ဟသ်ာတမြို့ခြင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်သော ညနေပိုင်း မီးရထားသည် မြို့ကွင်းဘူတာသို့ ဝင်သော အချိန် မဟုတ်သေးချေ။ ထို့ကြောင့် မြို့အုပ်မင်းတို့ လူသိုက်သည် မြို့ကွင်းဘူတာနှင့် ခပ်လှမ်းလှမ်း မြစ်ဆိပ်တစ်နေရာတွင် ဆိုက်ပြီးလျှင် ခေတ္တ နားရသည်။ နားနေခိုက်တွင် သူကြီးမင်းက သူ၏ နောက်လိုက်နှင့်အတူ ဆုံကုန်းရွာသို့ သွား၍ ဆုံကုန်းသူကြီးနှင့် တွေ့ဆုံကာ စနည်းနာသည်။ ထိုအချိန်တွင် ဆုံကုန်းရွာ၌ သုပဏ္ဏက ဂဠုနရာဇာအကြောင်း သတင်းစကားများ ပြန့်လာပြီ ဖြစ်သော်လည်း ဟင်္သာတမြို့၌မူ အစိုးရဘက်မှ လှုပ်လှုပ်ရှားရှား ထထကြွကြွ မရှိသေးချေ။

ထို့ကြောင့် ဆုံကုန်းသူကြီးက သူ့အိမ်မှာ မြို့အုပ်မင်း နားနားနေနေ တစ်ညအိပ်ပါစေ၊ ဘေးရန်အတွက် စိတ်မပူပါနဲ့၊ အစွမ်းကုန် စောင့်ရှောက်ပါမည်၊ ယခုချက်ချင်း အင်္ဂပူပြန်လိုသော် ရထားမီနိုင်လိမ့်မည် မထင်ပါဟု ဆိုသည်။ ဤကဲ့သို့ ပြောဆိုတိုင်ပင်ပြီးသော် ကွင်းကောက်သူကြီးနှင့် ဆုံကုန်းသူကြီးတို့သည် မြို့အုပ်မင်း ခေတ္တ နားရာ ကမ်းစပ်သို့ လာခဲ့ကြသည်။ ထိုနေရာမှာ မြို့ကွင်းဘူတာနှင့် သော်လည်းကောင်း၊ ဆုံကုန်းရွာနှင့် သော်လည်းကောင်း မလှမ်းမကမ်းဟု ဆိုသော်လည်း တစ်နာရီနီးနီး သွားမှ ရောက်နိုင်သည်။

ဤကဲ့သို့ အသွား တစ်နာရီနီးနီး၊ အပြန် တစ်နာရီနီးနီး ခေါက်တုံ့ခေါက်ပြန် သွားနေကြသည့်အတွင်း ကြံခင်းရထားသည် ဂျုံးဂျုံးဂျက်ဂျက်နှင့် မြို့ကွင်းဘူတာသို့ ဝင်လာပြီးလျှင် တစ်မိနစ်ကျော်မျှ ရပ်နား၍ ထုံးစံအတိုင်း ထွက်ခွာသွားလေ၏။ ထို့ကြောင့် ရထားကြီးသည် သုပဏ္ဏကကိုလည်း မသိရှာ၊ ဂဠုန်သင်း ဆိုသဟာကိုလည်း နားမလည်၊ မြို့အုပ်မင်း တစ်ယောက် ဒုက္ခရောက်နေသည်ကိုလည်း မရိပ်မိ။

ဆုံကုန်း သူကြီး၏ ကျေးဇူးကြောင့် ထိုည၌ မြို့အုပ်မင်း ကောင်းစွာ အိပ်ရပါသည်။ သို့သော် နံနက်လင်း၍ အိပ်ရာမှ ထသောအခါ တစ်ကိုယ်လုံး ရိုက်ထားသကဲ့သို့ နာကျင်လာသည်ကို သတိပြုမိ၏။ သူကြီးမင်းက နံနက်စာ





အတွက် ကြက်ဥ၊ ဘဲစကွတ်၊ ပေါင်မုန့်ထောပတ်သုတ်၊ ကောက်ညှင်းပေါင်း၊ ကြက်ကြော်၊ ငါးရံ့ခြောက်၊ ငှက်ပျောသီး၊ လက်ဖက်ရည် စသည့် သဗ္ဗရန်ပေါင်း အစားအစာများကို တည်ခင်းကျွေးမွေးရာ၊ အားလုံးက တစ်ဖြုန်စ်ဖြုံ စားနိုင်ကြသော်လည်း၊ မြို့အုပ်မင်းမှာ တို့ကနန်း ဆိတ်ကနန်းမျှသာ စားနိုင်သည်။ ထို့နောက် မြို့အုပ်မင်းတို့လူသိုက်သည် ဆုံကုန်းမှ မြို့ကွင်းဘူတာသို့ ကူးလာကြပြီးလျှင် နံနက် ရထားဖြင့် အင်္ဂပူသို့ ထွက်ခွာလာခဲ့ကြလေသတည်း။

မြို့အုပ်မင်း ဦးဖူးခေါင်အဖို့ မိမိရုံးထိုင်ရာ အင်္ဂပူမြို့သို့ပြန်၍ ရောက်သည်အထိ သုပဏ္ဏက ဂဠုနရာဇာ တည်းဟူသော စကားတို့သည် ပဟေဠိပင် ဖြစ်နေသည်။ သို့ရာတွင် အဖြစ်အပျက်တို့၏ နောက်ပိုင်းမှ အစပြု၍ ဆရာစံ ခေါင်းဆောင်သော တောင်သူလယ်သမား အရေးတော်ပုံကြီးသည် သမိုင်းဝင် ဖြစ်ရပ်တစ်ခု ဖြစ်လာလေသည်။

မြို့အုပ်မင်းကား သမိုင်း ဝင်မည်၊ မဝင်မည်ကို ထိုစဉ်က ဘာမျှ မစဉ်းစားနိုင်။ ကွင်းကောက်အလွန် ကိုင်းတောအနီး ကောက်ရိုးပုံကြီးကို အရေးပိုင် ကျားကြီးနှင့် ဆက်စပ်၍သာ စဉ်းစားနိုင်သည်။ စဉ်းစားရင်းနှင့် ရင်တုန်လာသည်။ ထိုအခါ မြို့အုပ်ကတော်က 'ရှင် ခွင့်ယူတော့'ဟု ပြောသည်။

ထို့ကြောင့် မြန်မာသတင်းစာများထဲ၌ ဂဠုန်ဆရာစံ၏ အကြောင်းများ စေ့စေ့ဆာဆာ ပါသော အခါသမယ၌ မြန်မာပြည် အစိုးရပြန်တမ်း ဖြစ်သော ဘားမားဂေဇက်ထဲတွင် မြို့အုပ်မင်း ဦးဖူးခေါင်အား ဆေးစာနှင့် ပေးသော ခွင့်ရက်များနှင့် အလုပ်ခွင်၌ ခံစားခွင့်ရှိသော ခွင့်ရက်များ နှစ်ရပ်ပေါင်း၍ လစာအပြည့် ခွင့်လေးလ ပေးလိုက်ကြောင်း ကြေညာချက်များကို အများပြည်သူတို့ ဖတ်ရှုကြရလေသည်။

[ ငွေတာရီ၊ မတ် ၁၉၇၂ ]

www.burmeseclassic.com

www.burmeseclassic.com

## ဆံမှု

ဆရာတပည့်နှစ်ယောက် လိုက်ဖက်ပါမှ။ တစ်ယောက်က အမေမှာလျှင် မှာသလို လုပ်တတ်၏။ တစ်ယောက်ကလည်း ခိုင်းစရာရှိလျှင် ခရေစေ့တွင်းကျ မှာတတ်၏။ ထို့ကြောင့် ရေးကြီးခွင့်ကျယ် အကြောင်းကိစ္စတစ်ခု ပေါ်ပြီဟု ဆိုလျှင် ဆရာဖြစ်သူက အနုစိတ် ညွှန်ကြားချက် ထုတ်နေသောကြောင့် လုပ်ငန်းကို တော်တော်နှင့် စတင်၍ မလုပ်နိုင်။ တပည့်ကလည်း အသေးအဖွဲတို့ကို ဆရာ့ညွှန်ကြားချက်နှင့် ညီ မညီ စစ်နေသောကြောင့် မည်သည့်လုပ်ငန်းမျှ ပြီးဆုံးသည် မရှိ။

သာဓကတစ်ခု ပြပါရစေ။

မြေနုကျွန်းပေါ် ခွဲဝေရန် အကြောင်းကိစ္စတစ်ခု ပေါ်ပြီဟု ဆိုလျှင် သူတစ်ပါး လုပ်ရိုးလုပ်စဉ်မှာ မည်သည့်ကျေးရွာ အုပ်စု၌ မည်သည့်မြေနုကို နီးစပ်ရာ မည်သည့် ကျေးရွာသားတို့အား အောက်မြန်မာနိုင်ငံ မြေခွန်တော် အက်ဥပဒေ မည်သည့်ပုဒ်မအရ မည်သည့်မြို့နယ်အရာရှိက တရားမျှတစွာ ဝေခြမ်းပေးစေဟု အမိန့်ချမှတ်လိုက်လျှင် ပြီးလေသည်။ သို့သော် ယခုမှာမူကား ဤသို့မဟုတ်၊ ဆရာလုပ်သူက တပည့်လုပ်သူအား ရှေးဦးစွာ မြေနုဟူသော အဓိပ္ပာယ်ထကို မှန်အောင် ဝိဂြိုဟ်ပြုစေဟု အမိန့်ချမှတ်၏။ ထို့နောက် ထိုမြေနုသည် မည်သည့်ကျေးရွာနှင့် တစ်စပ်တည်းတည်ကြောင်း ယုတ္တိ ယုတ္တာ ခိုင်လုံစွာ ရှာစေ ဟူ၍လည်း ညွှန်ကြား၏။





ဤသည့်နောက်ပိုင်းတွင် ညွှန်ကြားလွှာ၊ ထပ်ဆင့် ညွှန်ကြားလွှာ၊ ပြင်ဆင်ချက်၊ ထပ်ဆင့် ပြင်ဆင်ချက်တို့ကို ထုတ်လိုက်သေး၏။ မြေဝေငှပေးခြင်းကို မည်သည့်ရွာသူရွာသားတို့က ခံယူထိုက်ကြောင်း သူကြီး၊ မြေသမာဓိ၊ ဆယ်အိမ်ခေါင်းတို့ကို စစ်ဆေးစေ၊ ကန့်ကွက်သူ ရှိ မရှိ မေးစေ၊ လျှောက်သူနှင့် ကန့်ကွက်သူတို့ အသီးသီး အကြောင်းပြကြစေ၊ ကန့်ကွက်သူ အကြောင်းပြချက် မခိုင်လုံလျှင် ပယ်စေ၊ လျှောက်ထားသူ အကြောင်းပြချက် ခိုင်လုံလျှင် မြေနုကိုမဲချ၍ ဝေငှစေ၊ မဲချရာ၌ ဘုန်းကြီးကျောင်းများ၌ ငှက်ပျောသီး ဝေရာတွင် အသုံးပြုသော တုတ်ချောင်းမဲကို မသုံးရ၊ စက္ကူလိပ်မဲကိုသာ သုံးစေ၊ ယင်းဝေငှခြင်းကို အယူခံ ဝင်လိုသူရှိလျှင် အယူခံဝင်စေ၊ အယူခံမှုတွင် အယူခံသူတို့ တရားနိုင်လျှင် မြို့အုပ်မင်း သတ်သော ထားပေရော့ အစရှိသောစေ အလုံးပေါင်း နှစ်ဆယ်ကျော်၊ သုံးဆယ်တို့ကို ဆရာလုပ်သူက တပည့်ဖြစ်သူ၏ ပခုံးပေါ်သို့ တစ်ခုပြီးတစ်ခု ပစ်၍ ချလေ့ ရှိသည်။

ဤကဲ့သို့ ဆရာက လုပ်ထုံးနည်းနာတို့ ပတ်ပတ်နပ်နပ် စေ့စေ့စပ်စပ် ရေပက်မဝင်နိုင်လေအောင် လမ်းညွှန် ပြသပြီးသောအခါ တပည့်ဖြစ်သူသည် မိမိကိုယ်တိုင် မြေဝေငှခြင်းကို ကြီးကြပ်ရန် ဆိုင်ရာကျေးရွာသို့ ဒေသစာရီ ပြန့်ချိလေ့ရှိသည်။ သို့သော် ထိုအခါ ဝေငှစရာရှိသော မြေနုကျွန်းကြီးသည် ဧရာဝတီမြစ်ရေထဲတွင် ငုပ်လျှိုး ကွယ်ပျောက်သွားခဲ့ပြီ။ တန်ဆောင်မုန်းလမရောက်မီကပင်လျှင် မြေနုကျွန်းပေါ် အမှုတွဲကြီးကို ဖင်လှည့် ခေါင်းလှည့် ပြင်ဆင်ခဲ့ရာ ဝါဆို၊ ဝါခေါင်သို့ ရောက်မှပင်လျှင် စုဋ္ဌနိဒါန်းနှင့် မဟာနိဒါန်းတို့ ပြီးစီး၏။ ထိုအချိန်၌ ဧရာဝတီမြစ်ရေသည် ပြည့်ရှံမျှမက အကောက်ဆောင်မှ စ၍ ညောင်တုန်းအထိ လျှံ၍ တက်နေချေပြီ။

ဆရာတပည့်နှစ်ဦး စေ့စပ်သေချာကြသည်မှာ အကြောင်းမဲ့ မဟုတ်။ တပည့်ကလည်း မြို့အုပ်ပေါက်စ၊ ဆရာကလည်း အရေးပိုင် ပေါက်စ ဖြစ်သောကြောင့်ပင်တည်း။ နှစ်ပေါင်းများစွာ သပြုသီးမြို့အုပ်ဘဝ၌ ကျင်လည်ခဲ့ရသူမှာ ယခုမှ မြို့နယ်ကို လုံးဝ တာဝန်ယူရသော မြို့ပိုင်စင်စစ် ဖြစ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာရဘိသကဲ့သို့ နှစ်ပေါင်းအနည်းငယ် နယ်ပိုင်လိုလို၊ မြို့မဝန်ထောက်ကြီး လိုလို၊ ဟိုစပ်စပ် သည်စပ်စပ် လုပ်ခဲ့ရသူမှာလည်း ယခုမှ ဒိစတြိတ်ခေါ် ခရိုင်တစ်ခုလုံးကို အပိုင်စီးနိုင်သော အရေးပိုင်ရင့်မကြီး ဖြစ်လာသည်။

တံမြက်စည်းလှည်းသမား လူသစ်သည် အလုပ်လုပ်စဉ် ကြမ်းကိုပြောင်အောင် လှည်းဘိသော ဥပမာအတိုင်း ဆရာတပည့် နှစ်ယောက်သားသည် ပြောင်သလင်းခါအောင် လှည်းကျင်း သုတ်သင်လိုကြသည်။ ဆရာကမိမိအပေါ်၌ လစ်ဟင်းသည်ဟု ပြောစရာအကွက် မရှိရအောင် စေ့စပ်သေချာစွာ တပည့်အား မှာသည့်နည်းတူ၊ တပည့်ကလည်း ဆရာမှာလျှင် မှာသည့်အတိုင်း မလုပ်မိဟု မရှိရလေအောင် သေချာစေ့စပ် လုပေသည်။ စင်စစ်ဆရာတပည့် နှစ်ဦးသည် လူတောထဲဝင်၍ အုပ်ချုပ်နေကြသည် မဟုတ်၊ အမှုတွဲထဲ၌ ခိုလှုံ၍ အုပ်ချုပ်နေကြခြင်း ဖြစ်သည်။

ဆရာတပည့်နှစ်ဦး ကိုင်တွယ်သော အမှုတွဲသည် မင်တစ်စက် မစွန်းအလွန် သေသပ် သန့်ရှင်းလှပေ၏။ သို့သော် ဆရာတပည့်နှစ်ဦး၏ စီရင်ဆုံးဖြတ်ခြင်းကို ခံယူရရှာသော ကိုင်းသမား၊ ကျွန်းသမားတို့ကား အိမ်ကြက်ချင်း အိုးမည်းသုတ်ပေးတတ်သော အာဃာတ ညွန်ပျောင်းထဲတွင် ညစ်ပတ်ပေရေ ရှုပ်ထွေးလျက် ရှိကြကုန်သည်။

ယခုလည်း အမွေလက်ကြားကျွန်း မြေဝေမှုသည် မပြီးမပြတ်ဘဲနှင့်နှစ်တစ်ပတ်လည် လာခဲ့လေပြီ။ ဤနှစ်ပတ်လည် အထိမ်းအမှတ် အဖြစ်ဖြင့် (၁) ရာဘက် အထူးအာဏာရ ရာဇဝတ် တရားသူကြီးရုံးတွင် ရာဇသတ်ကြီးပုဒ်မ ၃၂၄၊ ၃၂၅၊ ၃၂၆ ဟု နံပါတ်တပ်ထားသော ထိုးခုတ်ရိုက်နှက် သတ်ဖြတ်မှုများ ရောက်ရှိနေလေသည်။ ထိုအမှုများ၌ မြို့ပိုင်မင်းသည် တိုက်ရိုက်ပတ်သက်ခြင်း မရှိ။ သို့သော် အမှုကို မကြာ ကြာအောင် တရားခံများကအလွန် အလုပ်များသော မြို့ပိုင်မင်းကို သက်သေစာရင်းထဲ ဆွဲ၍ ထည့်သည်။ မြို့ပိုင်မင်းကလည်း သက်သေမခံလိုသဖြင့် အမှုရက်ချိန်း ရှိတိုင်း ရှိတိုင်းတောသို့ နယ်လှည့်လေ့ ရှိ၏။





တစ်နေ့သော် ယင်းသို့ နယ်လှည့်ရန် ပြင်ဆင်နေခိုက် (၁) ရာဘက် အထူးအာဏာရ ရာဇဝတ်တရားသူကြီးမင်းက သူ့အမှု ကြန့်ကြာလွန်းသဖြင့် ငါးမိနစ်လောက် ရုံးလာပြီး သက်သေခံပါဟု တောင်းပန်သောကြောင့် အားတုံ့ အားနာနှင့် လိုက်ပါသွားမိသည်။ သက်သေခံသောအခါ တရားလိုဘက်မှ ရှေ့နေသည် လျှာမွေးကို ဗာရာဏသီ ချဲ့ကာ မေးမြန်းနေသောကြောင့် ငါးမိနစ်မှာ မိနစ် ငါးဆယ်ကျော်မက ကြာသွားလေသည်။ မြို့ပိုင်မင်းသည် မိမိကသာ မေးခွန်းထုတ်မြဲဖြစ်သည်။ ယခုကဲ့သို့ သူတစ်ပါးက မေးခွန်းထုတ်ခြင်းကို တစ်ခါမျှ မခံခဲ့ရဖူးချေ။ ထို့ကြောင့် ရှေ့နေက မဆိုင်သည်ကို မေးလိုက်၊ မိမိက မဆိုင်သော မေးခွန်းကို ဖြေသင့် မဖြေသင့် ရုံးတော်ကို အဆုံးအဖြတ် တောင်းလိုက်၊ ငြင်းလိုက် ခုံလိုက်၊ စာဒက တက်လိုက်၊ အတွန့်တက်လိုက်နှင့် လေကြောရှည်ရသောကြောင့် အတော်မောလာသည်။

ထို့ကြောင့် မြို့ပိုင်မင်းသည် သက်သေခံ၍အပြီး မိမိရုံးသို့ ခဏဝင်၍ တောလိုက်စာရေး၊ ပြာတာ စသည်တို့ကို ခေါ်ပြီးလျှင် 'တောထွက်မယ်ဟေ့' ဟု ဒေါနှင့်မောနှင့် အော်ဟစ်ပြောဆိုကာ အိမ်သို့ ပြန်လာခဲ့လေသည်။

မြို့ပိုင်မင်း တောထွက်သည်မှာ နိဗ္ဗာန်ရောက်ရာ ရောက်ကြောင်းအတွက် နိက္ခမ ပါရမီကို ဖြည့်ရန် မဟုတ်၊ ရုံးထိုင်ရ၍ စိတ်ရောလူရောပင်ပန်းသောအခါ အညောင်းဆန့်သော သဘောဖြင့် ရွာစဉ်လျှောက်ကာ သူကြီးကတော်များ ကျွေးမွေးညှိခံသည်ကို စားသောက်ရန်လည်း မဟုတ်။ အရေးပိုင်မင်း၏ စေအလုံးပေါင်း နှစ်ဆယ်ကျော် သုံးဆယ်ကို ပခုံးထမ်း၍ တောထွက်ရခြင်း ဖြစ်သည်။ ယခုလည်း မြို့ပိုင်မင်း တောထွက်တော့မည်ကြားသဖြင့် အရေးပိုင်မင်းက မှာစရာရှိသည် ဆိုသောကြောင့် အမှုတွဲများနှင့် အမင်းပုံးစိမ်းကြီးကို ပြင်ဆင်ရင်း မတ်တတ်က အမိန့်တော်မြတ် နာခံရန်သွားလိုက်ရသေးသည်။

အရေးပိုင်မင်းက မြို့ပိုင်မင်း နယ်လှည့်သည့်အခါ သူကြီးမင်းတို့၏ ရာဇဝတ်မှု စီရင်ရေးမှတ်ပုံတင် စာအုပ်များကို အထူးဂရုစိုက်၍ စစ်ဆေးရန်



www.burmeseclassic.com

www.burmeseclassic.com



မှာကြားသည်။ မှာကြားသူက တတွတ်တွတ် ပြော၏။ မှာကြားချက်ကို ခံယူသူက ခေါင်းတညိတ်ညိတ် လုပ်ပြ၏။ သက်သေခံစဉ်က အမောမပြေသေးသည့် အထဲတွင် ခေါင်းညိတ်ရပါ များသောကြောင့် မြို့ပိုင်မင်းမှာ ဇက်ကြောတင်းလာလေသည်။

သို့သော် ယခုနောက်မြီးဆွဲ ကျေးရွာ အထူး အာဏာရ သူကြီးမင်း ဦးဘိုးသောင်၏ နေအိမ်သို့ ရောက်သောအခါ မြို့ပိုင်မင်းသည် အတန်ငယ် အညောင်းအညာပြေ၍ စိတ်အေးလက်အေး ရှိလာသည်။ သို့သော် လာလျှင် လာချင်း ဆောက်နှင့်ထွင်း ဟူသော စကားပုံကဲ့သို့ သူကြီးနှင့် မြို့ပိုင် နှစ်ယောက်သား တွေ့လျှင်တွေ့ချင်း အထစ်အငေါ့တစ်ခု ဖြစ်ခဲ့ရသေး၏။

မြို့ပိုင်မင်းက သူကြီးမင်းကို 'ဦးဖိုးသောင်း'ဟု ခေါ်၏။ သို့သော် သူကြီးမင်းက လှည့်၍မျှပင် မကြည့်။ ထိုအခါ မြို့ပိုင်မင်းက 'သူကြီးမင်း နားလေးတယ် ထင်ပါရဲ့'ဟု ဆို၏။ ထိုအခါ သူကြီးမင်းက ဆတ်ခနဲ လှည့်ကြည့်၍ 'အသက် ခြောက်ဆယ် ကျော်ပေမယ့် သွားခိုင်တုန်းပါပဲ။ မျက်စိကလည်း အပ်ပေါက်ကို မြင်ပါတယ်။ မြို့အုပ်မင်းတို့လို မျက်မှန် မဆောင်ရပါဘူး။ နားကိုတော့ မပြောပါနဲ့၊ အလဲလေးဆယ် လယ်တစ်ကွက်ဝေးတဲ့ ချုံထဲက ချွတ်ခနဲမြည်ရင် တောဝက်လား၊ ချေလား ဆိုတာ အသံကြားတာနဲ့ ခွဲခြားသိပါတယ်'ဟု မဟုတ်မခံ ပြန်ပြောလေသည်။

'နို့ ကျုပ်က ဦးဖိုးသောင်းလို့ ခေါ်နေတာ ဘာ့ကြောင့် မထူးတာတုံး ဗျာ'

'ကျွန်တော်မျိုး အမေ အဖေက ဘိုးသောင်လို့ မှည့်ထားတာ။ မြို့အုပ်မင်းက ဦးဖိုးသောင်းလို့ ခေါ်လိုက်တော့ ဘယ်သူ့ခေါ်မှန်း မသိပေါင်ဗျာ'

'သိပါဘူးဗျာ၊ ကျုပ်ကလည်း ခင်ဗျားနာမည်ကို အင်္ဂလိပ်လို ရေးထားတဲ့ အတိုင်း ဦးဖိုးသောင်းလို့ချည်း မှတ်ထားမိတယ်'

'အင်္ဂလိပ်စာကလည်း သောင်နဲ့သောင်းကိုတောင် ခွဲခြားပြီး ရေးလို့ မရဘဲကိုး'





'ဟုတ်သဗျာ၊ သောင်နဲ့ သောင်းကို မပြောနဲ့၊ ပိုးနဲ့ ဖိုးကိုတောင် အင်္ဂလိပ်လို ခွဲခြားပြီး ရေးလို့မရဘူး သူကြီးမင်းရဲ့'

'မြို့အုပ်မင်းနှယ် အင်္ဂလိပ်လို ခွဲခြားရေးလို့ မရတာဖြင့် မြန်မာလိုပဲ ရေးလိုက်ပါတော့လား'

'အင်္ဂလိပ်ခေတ်မှာ အမှုတွဲကို အင်္ဂလိပ်စာနဲ့ချည်း ရေးရသကိုးဗျ။ မြန်မာလိုဆိုတော့လည်း အလွယ်သားပဲ၊ ဖဦးထုပ် လုံးတင် ချောင်းငင်'

'ကျွန်တော်မျိုးနာမည်က ဘကုန်းနဲ့ ရေးရပါတယ်'

'နို့ ခုခေတ်မှာ ဖဦးထုပ်နဲ့ ဖိုးရမယ် ဆို'

'ဖဦးထုပ်နဲ့ ဖိုးချင်သူတွေ ဖိုးတာ ကျွန်တော်မျိုးတို့နဲ့ မဆိုင်ပါဘူး။ ကျွန်တော်မျိုးတို့ကတော့ ဘိုးတော်ဘုရားလက်ထက်က အတိုင်း ဘကုန်းနဲ့ချည်း ဘိုးခဲ့တာပါ'

ယော သည်တစ်ခါ ခက်ချေပြီ။ တက္ကသိုလ်မှာ ပညာရည်နို့ သောက်ခဲ့သော်ငြားလည်း ဘိုးတော်ဘုရား လက်ထက်က စာလုံး ဘယ်လိုပေါင်းသည်ကို မြို့ပိုင်မင်း မသိ။ သတင်းစာ အတိုအထွာတို့ကို တစ်ခါတလေ မလွဲသာ မရှောင်သာ၍ ဖတ်မိသည့်အတွက် ဖဦးထုပ်အကြောင်း ကြားဖူးနားဝ ရှိ၍ ပြောလိုက်မိသည်။ အတော်ခက်တဲ့ သူကြီးပဲ။ သို့သော် သူ့နာမည် စာလုံးပေါင်းကို သူ့ဘာသာ သေသေချာချာ ပြဋ္ဌာန်းထားသူ ဖြစ်သောကြောင့် သူကြီးမင်းသည်လည်း မြို့ပိုင်မင်း၊ အရေးပိုင်မင်းတို့လောက်နီးနီး တိတိကျကျ မှန်မှန်ကန်ကန် သေသေချာချာ ပိပိရိရိ အလုပ် လုပ်တတ်ပေလိမ့်မည်။ ဤ အချက်ကလေးကို တွေးမိသော မြို့ပိုင်မင်းသည် သူကြီးမင်းအပေါ်၌ စိတ်ညွတ်လာလေသည်။

ထို့ကြောင့် အခြား ထွေရာလေးပါး စကားစမြည် ပြောပြီးနောက် သူကြီးကတော် ကျွေးမွေးဧည့်ခံသော နံနက်စာထမင်းနှင့် ငါးမြင်းချဉ်ရည် ဟင်းကို တဝတပြဲ စားသောက်ပြီးသော် အိမ်ဦးခန်း၌ ခင်းကျင်းထားသော ကွပ်ပျစ်ပေါ်၌ ခဏတစ်ဖြုတ် လှဲလိုက်ရာ မည်မျှကြာအောင် အိပ်ပျော်သွား



www.burmeseclassic.com

www.burmeseclassic.com



သည် မသိ။ နိုးလာသောအခါ မြို့ပိုင်မင်း အိပ်ရာမှအထ နေ့လယ် လက်ဖက်ရည် သောက်ဖို့ ဖျော်ထားသော လက်ဖက်ရည်နှင့် မုန့်ပဲသရေစာတို့မှာ အေးစက်လျက် ရှိနေလေပြီ။

စားရင်း သောက်ရင်းနှင့်ပင် အလုပ် လုပ်ရချေဦးမည်။ သို့သော် ဤကျေးရွာမှာ အေးချမ်းလှဘိချင်း၊ လူဆိုးသူဆိုး မရှိ။ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ် ဆိုသော စကားကို ရွာသူရွာသားတို့ နားမှု လေသံ မကြားဖူးဘူး။ လူတိုင်း အလုပ်နှင့် လက်နှင့် ပြတ်သည်မရှိ၊ အလုပ် လုပ်ကြရဟန် တူ၏။ အခွန်အကောက် မပြေ၊ ကျန်ငွေလည်း မရှိ။ မြေမှု အငြင်းအခုံလည်း မရှိ။ အထူးသဖြင့် မြေနကျွန်းပေါ်အမှု ဟူ၍ နတ္ထိ။ အဘယ့်ကြောင့်ဆိုသော် ဤရွာကလေးမှာ ဧရာဝတီမြစ်ကမ်းခြေနှင့် မိုင်ပေါင်းများစွာ ဝေးကွာသော အနောက်ရိုးမတောင်ခြေ အစပ်၌ တည်ရှိခြင်းကြောင့် ဖြစ်၏။

သို့သော် ရွာထဲမှာ ကလေးတွေ များလှချည်။ မွေးသေစာရင်း ကြည့်လိုက်လျှင် "လျှော့မွေး"ဟု ရေးသားထားသည်ကို မတွေ့ရသောကြောင့် မွေးသမျှ အားလုံး ကောင်းကောင်း မွေးကြသည်ဟု မှတ်ယူစရာ ရှိသည်။ သေစာရင်း၌လည်း အသက် ခြောက်ဆယ်၊ ခုနစ်ဆယ်၊ ရှစ်ဆယ်တို့ကိုသာ အများဆုံး တွေ့ရသည်။

သူကြီးမင်း ဦးဘိုးသောင်က မိမိရွာတွင် တစ်နှစ်ကြာလို့ တစ်ခါ မသာကိစ္စ ပေါ်သည်ဟုပင် မရှိဖူးပါဟု အစီရင်ခံသည်။ ကျန်းမာကြမှာပေါ့၊ အသက်ရှည်ကြမှာပေါ့။ ရွာသူရွာသားတို့သည် ခြံနှင့် ဥယျာဉ်နှင့် ကျယ်ကျယ်ပြန့်ပြန့် နေထိုင်ကြသည်။ အိမ်သာ ဟူ၍ မည်မည်ရရ မရှိသော်ငြားလည်း မကောင်းသော အနံ့အသက် ဟူ၍ကား မရှိ။ ဖွက်ထသည် ဟူ၍လည်း မတွေ့ရ။ ကျေးရွာလက်စွဲ ဥပဒေ၌ ပြဋ္ဌာန်းထားသော ကျေးရွာဆိုင်ရာ သန့်ရှင်းရေးလုပ်ငန်းတို့ကို ကျေးရွာဓလေ့ထုံးစံအတိုင်း မှန်မှန် လုပ်ကိုင်သည် ဟု ယူဆရန် ရှိသည်။ ထို့ကြောင့် စစ်ဆေးပြီးသမျှကို အားလုံးကောင်းပါ၏ဟု မြို့ပိုင်မင်းက စိတ်ထဲတွင် ယာယီမှတ်ချက် ချလိုက်လေသည်။





မြို့ကိုစီး၍ မြို့ပိုင်လုပ်ရသည်ထက် ယခုလို ကျေးလက်တောရွာမှာ သူကြီးလုပ်ရသည်က ပို၍ စိတ်အေးချမ်းလိမ့်မည်ဟု မြို့ပိုင်မင်းက စိတ်ကူးထုတ်မိသည်။ သို့သော် စိတ်ကူးရင်းနှင့် မင်းကတော်၏ မျက်နှာကလေးကို ကွက်၍ မြင်လာပြီးလျှင် ချက်ချင်း အိမ်ပြန်ချင်သလိုလိုလည်း ဖြစ်မိသေးသည်။ မင်းကတော်က မြို့အုပ်ကတော် ဘဝမှ နယ်ပိုင်ကတော် ဘဝသို့ သံသရာ တစ်ဖက်ကမ်းသို့ အမြန်ဆုံး ကူးခပ်ဘိသကဲ့သို့ ကူးခပ်ချင်ကြောင်း ခဏခဏ နားပူနားဆာ လုပ်ဖူးသည်။ ထို့ကြောင့်လည်း အရေးပိုင် အမိန့်ရှိသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာလုပ်ကိုင်နေခြင်း ဖြစ်သည်။ အရေးပိုင်ကို သတိရလာသောအခါ အရေးပိုင်မင်း မှာသည်ကို သတိမရဘဲ မနေနိုင်။

အရေးပိုင်မင်း ပြောသည်မှာလည်း ဟုတ်တုတ်တုတ်။

ကျွန်ုပ်တို့ အမိမြန်မာပြည်ကြီးမှာ ကျေးရွာအုပ်ချုပ်ရေးသည် အရေးကြီးဆုံးပင် မဟုတ်ပါလော။ ဤအုပ်ချုပ်ရေးသည် အုတ်မြစ်ကြီးနှင့် တူ၏။ ဤအုတ်မြစ်ကြီး အခြေခိုင်မှ အုပ်ချုပ်ရေး အခြေခိုင်မည်။ အုပ်ချုပ်ရေး အခြေခိုင်မှ ကျွန်ုပ်တို့ ကျေးရွာသူ ကျေးရွာသားများ အသိဉာဏ်ပညာ တိုးပွားပြီးလျှင် ကျွန်ုပ်တို့ချစ်သော မြန်မာပြည်ကြီးသည်လည်း ကြီးပွားချမ်းသာမည်။ အမျိုးကို ချစ်သောကိစ္စ၌ ကျွန်ုပ်တို့ ရွာသူကြီး၊ မြို့ပိုင်၊ အရေးပိုင်များကော မချစ်ရဘူးလား။ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံကို ချစ်တတ်သော မင်းမှုထမ်းတို့သည် ကျေးရွာအုပ်ချုပ်ရေး အဆင့်အတန်း ကောင်းမွန်တိုးတက်လာအောင် ဂရုစိုက်ကြရမည်။ အုပ်ချုပ်ရေး အဆင့်အတန်းသည် သူကြီးမင်းတို့၏ ဉာဏ်ပညာ ဗဟုသုတ အပေါ်၌ ရာနှုန်းပြည့် တည်ရှိသည်။

သူကြီးလုပ်ပြီး စာမဖတ်တတ်လျှင် ဥပဒေ နားလည်မည် မဟုတ်။ ဥပဒေ နားမလည်လျှင် ကိုယ်ထင်ရာ ကိုယ် လုပ်ကုန်ကြလိမ့်မည်။ ကိုယ်ထင်ရာ ကိုယ်လုပ်လျှင် အစိုးရကို မည်သူကမျှ ကြည်ညိုလိမ့်မည် မဟုတ်။ အစိုးရကို လူ မကြည်ညိုလျှင် အစိုးရက အုပ်ချုပ်ရေး ကောင်းမွန်အောင် သုပ်သမျှကို တိုင်းသူပြည်သား လူအများက ဆန့်ကျင် တိုက်ခိုက်ကြလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်။ ထိုအခါ အုပ်ချုပ်ရေး တိုးတက်ကောင်းမွန်ခြင်း ဖြစ်နိုင်တော့မည် မဟုတ်။ ယင်းအခြေသို့ ရောက်လျှင် နစ်နာစရာ ရှိပါက မြန်မာပြည်ဖွား တိုင်းရင်းသားတို့သာ ပထမဦးဆုံး နစ်နာမည်။ အင်္ဂလိပ်တို့မှာ နစ်နာစရာ မရှိ။ အရေးပိုင်မင်းက ဤဝံသာနုတရားကို ဟောကြားပြီးလျှင် သူကြီးမင်းတို့ ရာဇဝတ်မှုကို ကောင်းစွာ စစ်ဆေး ဆုံးဖြတ်တတ်အောင် မြို့ပိုင်မင်းက လုပ်ပေးရမည်။

သူကြီးမင်းတို့၏ တရားစီရင်ရေး အခြေအနေကို သူကြီးလက်ထဲ၌ ရှိသော ရာဇဝတ်မှု ရေစစ္စတြီ စာရင်းစာအုပ်က သက်သေခံနေသည်။ ထို့ကြောင့် 'ထိုစာရင်းစာအုပ်ထဲမှာ သူကြီးက သော်လည်းကောင်း၊ သူကြီး ကတော်က သော်လည်းကောင်း၊ သူကြီး၏တူ တူမ စသော ကိုယ်စားလှယ် တို့က သော်လည်းကောင်း ဘာကို ဘယ်လိုရေးထားကြောင်း မြို့ပိုင်မင်းတို့က စစ်ဆေး၍၊ နည်းလမ်း မမှန်ကန်သည်ကို တွေ့ရှိလျှင် အရေးပိုင်မင်း၏ ရုံးတော်သို့ ချက်ချင်း အစီရင်ခံရမည်။ အရေးပိုင်မင်းက ဤကဲ့သို့ ဗျာဒိတ် တော် တဲဆိပ်ခပ်နှိပ်သည်ကို သူကြီးလက်ဝယ် ရှိသော ရေစစ္စတြီစာရင်း အမျိုးမျိုးကို စစ်ရင်း မြို့အုပ်မင်း သတိရလာလေသည်။

ဆရာဖြစ်သူ အရေးပိုင်မင်း ပြောသည်မှာ မှန်ပေသည်။

မြန်မာပြည်အုပ်ချုပ်ရေး အတိတ်ရာဇဝင်ကို လေ့လာကြည့်သော အခါ အင်္ဂလိပ်တို့သည် ငြိမ်ဝပ်ပိပြားရေးနှင့် အခွန်ကောက်ခံရေးတို့တွင် ထိရောက်သော အကူအညီ ရနိုင်မည့် ဈေးပေါပေါ ကျေးရွာအုပ်ချုပ်ရေးကို တီထွင်ခဲ့ကြောင်း တွေ့ရမည် မဟုတ်ပါလော။ သူကြီးတို့က ရပ်ရွာငြိမ်ဝပ် အောင် ထိန်းသိမ်း၍ အခွန်ဘဏ္ဍာကို အချိန်မှန် ပြေလည်အောင် ကောက်ခံ ပေးလျှင် သူကြီးကို ရွာသားက အရက်သမား ဘိန်းစားဟု စာထုပ်ပစ်ပစ် နှိပ်စက်ညှဉ်းပန်းပါသည်ဟု စွပ်စွဲ စွပ်စွဲ၊ အရှင်သခင် အင်္ဂလိပ်အစိုးရမင်းတို့ က ဘာမျှ အရေးမယူ၊ မသိကျိုးကျွန် ပြု၍သာ နေတတ်သည်။

ဗြိတိသျှတို့၏ တရားမျှတမှုသည် အလွန် ဆန်းကြယ်၏။ သူတို့





ဥရောပတိုက်သား အချင်းချင်း ဖြစ်ပွားသော မှုခင်းတို့တွင် တရားဥပဒေသည် မည်သည့်ဘက်မှ မလိုက်၊ ချိန်ခွင်လျှာ အလွန်တည့်မတ်သည်။ ဥရောပတိုက် သား၊ အထူးသဖြင့် အင်္ဂလိပ်အဆက်အနွယ် စသည်တို့နှင့် တိုင်းရင်းသားတို့ မှုခင်းဖြစ်ပွားသော အခါ၌လည်း ဥရောပတိုက်သားဘက်က မတော်တဆ လွန်လွန်ကျွံကျွံ ဖြစ်သည့်တိုင်အောင် တရားကို ကရုဏာနှင့်ဖက်၍ သက်သာ အောင် စီရင်လေ့ ရှိသည်။ တစ်ခုတော့ ပြောစရာ ရှိပါ၏။ တိုင်းရင်းသား အချင်းချင်း မှုခင်းဖြစ်ပွားသော အရေး၌မူကား တိုင်းရင်းသားတို့၏ အတွေး အခေါ် အယူအဆ ဓလေ့ထုံးစံတို့ကို ဝင်ရောက် စွက်ဖက်ခြင်း မပြုလိုဟု ဆို၍ မှားမှားမှန်မှန် လျစ်လျူရှုလေ့ ရှိသည်။

ထို့ကြောင့်လည်း အင်္ဂလိပ်တို့ စိုးမိုး အုပ်ချုပ်လာသည်မှာ နှစ်ပေါင်း တစ်ရာကျော်ခဲ့သော်လည်း များစွာသော သူကြီးတို့သည် စာမတတ်ကြချေ။ တချို့မှာ မိမိလက်မှတ်ကို မိမိ ထိုးရုံသာ ထိုးတတ်၏။ ထို့ကြောင့်လည်း စီရင်အုပ်ချုပ်ရေး၌ ချီးမြှင့်ခြင်းငှာထိုက်သော ကျေးရွာသားတို့သည် သူကြီး အဆောင်းခံရ၍၊ ရှုတ်ချခြင်းငှာ ထိုက်သော ကျေးရွာသားတို့သည် နာမည် ကောင်း လက်မှတ်များကို ရကြလေသည်။ ယင်းသို့တပြီးကား ဝံသာနု အရေးပိုင်မင်း၏ အန္တေဝါသိက ဖြစ်သူ မြို့ပိုင်မင်းက စည်းစနစ် ကျနသေချာ စွာဖြင့် သူကြီးမင်း၏ အမှုအခင်း မှတ်ပုံတင်စာအုပ်ကြီးကို စစ်ပါတော့မည်။

သို့သော် မှတ်ပုံတင်စာအုပ်ကြီးမှာ ရှိ၍နေသည်။ ထို့ကြောင့် ရှိသေ စွာ ကိုင်တွယ်ရသည်။ သူကြီးမင်း ဦးဘိုးသောင်မှာ လွန်ခဲ့သော အနှစ် နှစ်ဆယ်အထက် သူ သူကြီးဖြစ်ခါစက မြို့ပိုင်မင်း ရုံးတော်က ထုတ်ပေးသည့် အတိုင်း ဖြစ်ပါသည်ဟု ဆိုသည်။ ထိုမှတ်ပုံတင်ထဲတွင် မှုခင်းစာရင်း တင် ထားသည်မှာ စာမျက်နှာ သုံးမျက်နှာမျှပင် မပြည့်ချေ။ မှတ်ပုံတင်စာအုပ်တွင် စာတစ်မျက်နှာလျှင် ၂၂ ကြောင်း ရှိသောကြောင့် သုံးမျက်နှာ မပြည့်တပြည့် ဆိုလျှင် အနည်းဆုံး အမှုပေါင်း ငါးဆယ်လောက် ရှိဖို့ကောင်း၏။ သို့သော် မှတ်ပုံတင်ထဲတွင် အမှုစာရင်း ရေးသွင်းသောအခါ တစ်ကြောင်းနှင့် ရေး၍



www.burmeseclassic.com

www.burmeseclassic.com



လုံလောက်သော နေရာတို့၌ လေးကြောင်း ငါးကြောင်းမက မျဉ်းခြား၍ ရေးသားထားခြင်းကြောင့် မှတ်ပုံတင် သုံးမျက်နှာအတွက် စုစုပေါင်းအမှု တစ်ဒါဇင်မျှပင် မပြည့်ချေ။

'သူကြီးလုပ်တာ နှစ်ပေါင်းနှစ်ဆယ်ကျော် ကြာခဲ့ပြီ မဟုတ်လား။ ဒီအတောအတွင်း အမှုက တစ်ဒါဇင်တောင် မပြည့်ဘူးဆိုတော့ တော်တော် အမှုနည်းတာပဲနော်'

မြို့ပိုင်မင်းက စကားမရှိ စကားရှာ၍ ပြောလိုက်သောအခါ သူကြီးမင်းက 'ဒီသူကြီးတစ်ပိုင်မှာ တစ်နှစ်ကြာလို့ တစ်ခါ အမှုဖြစ်တယ်ဆိုတာ မရှိပါဘူး။ အဲ ပြောစရာတစ်ခုတော့ ရှိပါတယ်၊ မနှစ်ကဆိုရင် အမှုနှစ်မှုပဲ ရှိတယ်။ အပရိုက အမှုတွေပါပဲ' ဟူ၍ စကားနည်း ရန်စဲဖြစ်အောင် ပြောသည်။ သို့သော် အရေးပိုင် ဦးလှျာရှည်၏ တပည့်ဖြစ်သော မြို့ပိုင် ဦးသေချာကို ဤကဲ့သို့ ပြီးစလွယ် စကား ပိတ်၍ပြောရန် မဖြစ်နိုင်ပါ။

'မနှစ်က အမှုနှစ်မှုဆိုတာ ဘယ်သင်းလဲ'

'အဲသည် ဘုတ်အုတ်ထဲမှာ ရေးထားပါတယ်။ ဆဲမှုတစ်မှုနဲ့ လက်ရောက်မှု တစ်မှုပါပဲ'

'အင်း အင်း၊ ဒီမှာ တွေ့ပြီ၊ ဆဲမှုနဲ့ လက်ရောက်ကျူးလွန်မှု ဆိုပြီး စာကြောင်း ခြောက်ကြောင်းလောက် ခြားပြီး ရှေ့ဆင့်နောက်ဆင့် စာရင်းသွင်းထားတာလား'

'ဟုတ်မှာပါပဲ၊ ဒီပြင် ဆဲမှုရယ်လို့လည်း မရှိပါဘူး'

'အင်း၊ သူကြီးမင်းက အမှုအခင်း နည်းလွန်းတော့ တော်တော်လျော့ပဲ ရေးထားဟန် တူတယ်။ လက်ရောက်မှု ဆိုတဲ့ စကားဟာ အင်မတန် ကျယ်ဝန်းတာပဲ။ ရာဇသတ်ကြီး ပုဒ်မအတိုင်း ပြောရရင်တော့ ဒီစကားဟာ မတိမကျ မသေမချာ စကားဖြစ်လို့ တရားဝင်တယ်လို့ မဆိုနိုင်ဘူး'

'ကျွန်တော်မျိုးတို့ ဒီနယ်မှာ ဒီစကားမျိုးသုံးပြီး အမှုစီရင်လာလိုက်တာ နှစ်ပေါင်း နှစ်ဆယ်ကျော်ပါပြီ။ ဘာမှု အရှုပ်အထွေး မရှိခဲ့ပါဘူး'





'အေးလေ၊ ဟုတ်တာပေါ့။ ကာယကံရှင်က အယူမခံလို့ ဒီလို အမှုမျိုးတွေ မြို့ရုံးကို မရောက်သရွေ့ ကာလပတ်လုံး ဘာမှု မဖြစ်နိုင်ပါဘူး။ ဒါပေမယ်လို့ ရာဇသတ်ကြီး အဆိုအတိုင်း နာကျင်စေမှုဆိုရင် ပုဒ်မ ၃၂၃၊ စော်ကားရန်စလို့ ဒေါသအလျောက် သူတစ်ပါး နာကျင်အောင် ရိုက်မိရင်လည်း ပုဒ်မ ၃၃၄၊ ထိုးမဟဲ့၊ ခုတ်မဟဲ့၊ ရိုက်မဟဲ့လို့ ကြိမ်းမောင်းပြီး အနိုင်အထက် လုပ်ရင်လည်း ပုဒ်မ ၃၅၂၊ မိန်းကလေးကို ကာယိန္ဒြေ မဲ့အောင် စော်ကားရင်လည်း ပုဒ်မ ၃၅၄၊ အဲသလို တိတိကျကျ ရေးမှတ်ထားမှ နေရာကျတယ်ဗျာ။ ဒီတော့မှ အယူခံတဲ့အမှုမှာ ကိုယ့်ဘက်က အရေးသာနိုင်တယ်။ ခုတော့ ခင်ဗျားတို့ သူကြီးများဟာ များသောအားဖြင့် တုတ်တပြက် ဓားတပြက် ကြိမ်းမောင်း ရိုက်ပုတ်လုပ်တဲ့ အမှုမှန်သမျှကို လက်ရောက်ကျူးလွန်မှုထဲမှာချည်း ဆွဲသွင်းလိုက်တော့ တစ်နေ့မှာ ဖြေရှင်းစရာ ရှိရင် ဒုက္ခရောက်တတ်တယ်'

'အိုး၊ ကိုယ်တော်တစ်ယောက်လုံး ရှိပါလျက်နဲ့ ဒီက ကျွန်တော်မျိုးကြီး ဒုက္ခရောက်ရမယ် ဆိုရင် ဆယ်ပြန် ရောက်ပေ့စေ'

သူကြီးမင်းက အိုကို အိုးဟု ဆိုခြင်းကြောင့် အတော်ခံပြင်းလာပြီကို မြို့ပိုင်မင်းက သတိမူမိသည်။

'ဒီလိုလည်း ဟုတ်သေးပါဘူးလေ။ ကျုပ်ကတော့ လုပ်နည်းကိုင်နည်း မှန်ကန်အောင် တာဝန် ဝတ္တရားအရ ပြောတာပါ။ သူကြီးမင်းတို့ မှန်မှန်ကန်ကန် လုပ်ရင် တရားကို နတ်စောင့် ဆိုတာ ဖြစ်လာနိုင်ပါတယ်။ တရားနဲ့အညီ အုပ်ချုပ်တော့ အုပ်ချုပ်ရေး တိုးပြီး ကောင်းလာတာပေါ့ဗျာ။ ပြီးတော့လည်း ဒီမှာ....ဒီမှာ....ကြည့်စမ်းပါဦး။ ဆဲမှု၊ လက်ရောက်ကျူးလွန်မှု ဆိုတာတွေကို ရေးထားပြီး ဒီအမှုတွေ အပေါ်မှာ ကြက်ခြေခတ်ထားတာက ဘယ်လို အဓိပ္ပာယ်လဲ ဗျာ့'

'အို.... ဒါကတော့ သူတို့ချင်း ပြေငြိမ်းကြလို့ပါ။ ဒီဇာလာန်ဟာ အတော်မိုက်တဲ့ အကောင်။ ဘာ မဟုတ်တာကလေးနဲ့ အမျိုးမှန်း မသိ၊

www.burmeseclassic.com



အဆွေမှန်း မသိ၊ ကမူးရှူးထိုး လုပ်တတ်တယ်။ အမှုကို သေသေချာချာ စစ်ကြည့်လိုက်တော့ အလကားအမှု ဖြစ်နေတယ်။ ဒါကြောင့် နှစ်ဦးနှစ်ဖက် ပြေငြိမ်းကြပြီး အမှုကို နုတ်တယ်။ ဒီတော့ ကျွန်တော်မျိုးလည်း စိတ်ပေါက် ပေါက်နဲ့ စာတစ်အုပ်လုံး ကြက်ခြေခတ်ပစ်တာပါ'

'ပြေငြိမ်းသင့်တဲ့အမှုမှာ ပြေငြိမ်းအောင် ဖျောင်းဖျ ပြောဆိုတာဟာ ကျုပ်တို့ မြန်မာထုံးစံပါပဲ။ တရားဥပဒေနဲ့လည်း မဆန့်ကျင်ပါဘူး။ ဒါပေ မယ်လို့ သူကြီးမင်းရယ်၊ ပြေငြိမ်း ဆိုတာကလေးတော့ စာအုပ်ထဲမှာ ရေးမှတ် ထားသင့်ပါတယ်'

'ကိုယ်တော်က ကျွန်တော်မျိုး ပြောတာ မယုံဘူးလား'

'ဟာ.... မယုံလို့ ပြောနေတာ မဟုတ်ပါဘူး။ နည်းနိသဃရည်း မှန်ကန်ဖို့ ပြောနေတာပါ။ ယခု ခင်ဗျားက သည်လိုကြက်ခြေခတ်ထားတော့ ခတ်မသိတဲ့ မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်တို့က ဒီအမှုနှစ်မှုမှာ သူကြီးက ဒဏ်ငွေရိုက်ပြီး ရုံးတော်မသွင်းဘဲ ထိမ်ချန်ထားတယ်လို့ ယူဆရင် ဘာမဟုတ် တာလေးနဲ့ ခင်ဗျားကြီး ဒုက္ခရောက်သွားနိုင်တယ်'

မြို့ပိုင်မင်းက သူကြီးမင်းဟု ခေါ်ခေါ်ပြောပြော လုပ်နေရာမှ ခင်ဗျား ကြီး ဘာကြီးညာကြီးနှင့် ပြောလာသောအခါ သူကြီးမင်းက အနည်းငယ် လေပြေထိုးလိုက်သည်။

'ဟုတ်ပါဘူး၊ ကိုယ်တော်က ဗာလာနံအကြောင်း မသိသေးလို့ပါ။ ဒီမှာတော့ တစ်ရွာလုံးက သူ့ကို သိတယ်။ ဒါကြောင့် ကျွန်တော်မျိုးက ဘုတ်အုပ်ထဲမှာ ရေးမိတာ ဖြစ်ဖြစ်၊ မရေးမိတာ ဖြစ်ဖြစ် တစ်ရွာလုံးက ကျွန်တော်မျိုးဘက်က လိုက်ပြီး သက်သေခံကြမှာပါ'

'ရွာသားတွေက သက်သေလိုက်လိုက် မလိုက်လိုက် သူကြီးမင်းကို ကျုပ်က မယုံ မရှိပါဘူး'

ဤကဲ့သို့ ပြောတုန်းဆိုတုန်း၌ သူကြီးကတော်က မီးဖိုချောင်ထဲမှ ရေနွေးယူလာပြီးလျှင် မြို့ပိုင်မင်း စားပွဲပေါ်ရှိ လက်ဖက်ရည်ကြမ်း အိုးထဲသို့





ရေနွေးဖြည့်သည်။ သူကြီးကတော်သည် ဘာပုဒ်မ၊ ညာပုဒ်မတို့ကို နားလည် သူ မဟုတ်။ သို့သော် သူ့လင်နှင့် မြို့ပိုင်မင်းတို့ အချီအချ အချေအတင် စကားပြောပွဲကြီးကို လေပြေထိုးမပေးကြလျှင် ထုချေလွှာတွေ ဘာတွေ ညာတွေနှင့် အလုပ်များလာမည်ကို နားလည်သည်။ မြို့ပိုင်မင်းကလည်း သူကြီးကတော် ကြောင့်ကြနေသည် ဆိုသည်ကို ရိပ်မိသည်။ ထို့ကြောင့် ကရားထဲသို့ ရေနွေး လောင်းထည့်နေသော သူကြီးကတော်ကို ကြည့်၍ ရယ်ရွှန်းပတ်ရွှန်း စကားကို ပြောသည်။

'သူကြီးမင်းကို မယုံရဘူး ဆိုတောင်မှပဲ သူကြီးကတော်ကို ကျွန်တော် က လုံးဝ ယုံပါတယ် ခင်ဗျား'

ထိုအခါမှ သူကြီးနှင့် မြို့ပိုင်အနီးတွင် ဝိုင်း၍ နေကြသော စာရေးကြီး နှင့် တကွ ရွာသူရွာသားတို့သည် မပြုံးဘဲနှင့် ဝါးလုံးကွဲ ဝိုင်း၍ ရယ်ကြသည်။ သူကြီးမင်းကမူကား 'ခက်တာပဲ ရှင်မရဲ့၊ မြို့အုပ်မင်းက ဗာလာနံအကြောင်း မသိသေးလို့ကွယ့်' ဟု ညည်းတွားသည်။

'သူကြီးမင်းက ဗာလာနံ ဗာလာနံနဲ့ ဘယ်သူ့ကို စောင်းပြောနေတာ လဲ ဗျာ'

မြို့ပိုင်မင်းက ဤကဲ့သို့ စိတ်မပါဘဲ စကားမရှိ စကားရှာသော သဘောဖြင့် ခြေဦးတည့်ရာ ပြောလိုက်သောအခါ နောက်ထပ် ရယ်လိမ့်မည် ဟု အများက ဝိုင်း၍ ထင်ကြရသော်ငြားလည်း ဘယ်သူမျှ မရယ်နိုင်ဘဲ ကျိုးကန်းတောင်းမှောက်နှင့် ဟိုကြည့်သည်ကြည့် ကြည့်ကြလေသည်။ သူကြီး မင်း ကိုယ်တိုင်ကလည်း စိတ်ထဲမှာ "ဒီမြို့အုပ်ဟာ ဒီအကြောင်း ဘယ်လို သိတာလဲ"ဟု ထင်မြင်မိသည်။ ထို့ကြောင့် မိမိဘာသာမိမိ စိတ်မလုံ ဖြစ်လာ ပြီးလျှင် 'အဲဒါကြောင့် ခက်တာပေါ့ မြို့အုပ်မင်းရဲ့၊ ဗာလာနံ ဗာလာနံနဲ့ စောင်းမြောင်းပြောတယ် ထင်ပြီး အမှုဖြစ်လာခဲ့တာ အမှုသည်နှစ်ယောက် စလုံးကို စိတ်ပေါက်ပေါက်နဲ့ ဆဲဆိုကြိမ်းမောင်း လုပ်တော့မှ အဲဒီအမှုဟာ ခြေပြသွားတယ်'ဟု စကားစပ်ကို ဖော်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူကြီးမင်း ပြောခါမှ အမှုကြီးသွားသည်ဟု မြို့ပိုင်မင်းက ထင်မြင်ယူဆမိသည်။ ပြေငြိမ်းခွင့် ဆိုသည်မှာ ယခုလို ဆဲဆို ကြိမ်းမောင်းမှု ပြေငြိမ်းသည်ဟု ဆိုလျှင် တရားဥပဒေ သဘောအရ ဟုတ်မှ ဟုတ်ပါ့မလား ဟု တွေးတောစရာ ရှိသည်။ ထို့ကြောင့် မြို့ပိုင်မင်းသည် မိမိ အလွန်ယုံကြည် ပါသည် ဆိုသော သူကြီးမင်း ဦးဘိုးသောင်ကို ဒွိဟ သံသယဖြင့် စိန်းစိန်း ကြည့်မိသော ဟူ၏။

ထိုအတွင်း အသက်ကြီးသူ ရွာသားတစ်ယောက်က 'ဟဲ့ အေးပုံရဲ့ နှင့်ယောကျ်ား ပြောပုံက ငုံးတိတိနဲ့၊ မြို့အုပ်မင်း ဘယ်မှာ နားလည်နိုင်ပါ့ မလဲ' ဟု ဝင်၍ ထောက်သည်။

ထိုအခါ အေးပုံဟု အခေါ် ခံရသော သူကြီးကတော်က 'အို...ဒီ အကောင့်အကြောင်း မပြောချင်ပါဘူး။ သူက ကျွန်မမောင် တစ်ဝမ်းကွဲရဲ့ သားပဲ။ ငယ်ငယ်ကတည်းက ဆိုးတေနေလို့ ဘယ်သူကမှ ဘာမှ မပြောတဲ့ နေခဲ့ကြတာ။ သူနဲ့ဖြစ်တဲ့ ကောင်မကလေးက ကိုဘိုးသောင်ရဲ့ ဝမ်းကွဲညီမရဲ့ သမီးတော်တယ်။ ဒီတော့ ကျုပ်က ဟုတ်တာပြောရင် လင့်ဘက် လိုက်တယ် လို့တောင် ထင်ကြဦးမယ်' ဟူ၍ ပြောလေ၏။

'အစက စပြောလိုက်ပါ ရှင်မရယ်၊ နို့မဟုတ်ရင် ဒီကိစ္စ လိပ်ပတ် လည်တော့မှာ မဟုတ်ပါဘူး' ဟူ၍ သူကြီးမင်းက ထောက်ပေးပြန်သည်။

ထိုအခါ သူကြီးကတော်က သူကြီးမင်း၏ မှတ်ပုံတင်စာအုပ်ထဲတွင် တရားလိုဟု စာရင်းသွင်းခြင်း ခံရသူ ဆိုးပုံ၏ အကြောင်းကို ပြောပြလေ သည်။ သို့သော် ပထမဦး ဆိုးပုံတို့၏ မိဘ အကြောင်း၊ သူကြီးမင်း၏ အမျိုးအဆွေများ အကြောင်း၊ မိမိဘက်က ဆွေမျိုးဉာတိ မိတ်သင်္ဂဟများ အကြောင်း စသည်တို့ကို ဋီကာဖွင့်နေခြင်းကြောင့် လိုရင်းသို့ တော်တော်နှင့် မရောက်ချေ။ ဆွေမျိုးစပ်ရာ၌ လင့်ဆွေမျိုး၊ မယားဆွေမျိုး ထွေးရော ယှက်တင် ဖြစ်နေသောအခါ သူကြီးကတော် ပြောစကားကို သူကြီးမင်းက





မကြာခဏ ထောက်ထောက် ပေးနေရသောကြောင့် သူကြီးကတော်၏ ပုံပြင်သည် တော်တော်နှင့် ပြီးနိုင်ပါ့မလားဟု မြို့ပိုင်မင်းက စဉ်းစားသည်။

'ဆိုးပုံက ငယ်ငယ်ကတည်းက အင်မတန်ဆိုးလို့ ဆိုးပုံလို့ မှည့်တာ ပါပဲ မြို့အုပ်မင်းရဲ့။ ဘယ်အထိ ဆိုးသလဲဆိုရင် အသက် လေး ငါး ခြောက် နှစ် အရွယ်မှာ ကိုင်းတဲမြက်စည်းကို ရေနံချေးလူးပြီး သူ့အဖေ စပါးပုတ်ကို မီးမြှိုက်လိုက်တာ တစ်ရွာလုံး မီးလောင်ကရော အောက်မေ့တယ်။ သူ့ကို သူ့အဖေက ဝါးခြမ်းပြားနဲ့ရိုက်ပြီး နင် ဘာ့ကြောင့် ဒီလို လုပ်ရတာလဲလို့ မေးတော့ စပါးပုံထဲက မီးခိုးအူတာကို ကြည့်ချင်လို့တဲ့ မြို့အုပ်မင်းရေ့၊ ကြား ကြားဖူးရဲ့လား။ အဲဒီအရွယ်က စပြီး ရွာရိုးကိုးပေါက်မှာ လောက်လေး တစ်လက်နဲ့ လောက်စာလုံးတွေ ခါးပုံစထဲ ထည့်ပြီး ဟိုပစ် ဒီပစ်နဲ့။ တစ်နေ့ မှာ သူ့ကြောင့် ဒေါ်အိုဇာကြီးရဲ့ နဖူး လောက်စာလုံးမှန်လို့ မိဘဆွေမျိုး တစ်တွေ ဝိုင်းပြီး အမယ်ကြီးကို တောင်းပန် ပြုစုလိုက်ရတာ၊ မလုပ်နိုင် မကိုင်နိုင်တဲ့ အမယ်ကြီးအတွက် တစ်နွေတစ်မိုး အလကား ကျွေးလိုက်ရ သေး။ ဒါနဲ့ပဲ စပါး တင်းသုံးဆယ်လောက် ကုန်သွားသေးတယ်'

ထိုအခါ သူကြီးက စကားဖြတ်ပြီး ဝင်ပြောသည်။

'ဆိုးပုံက လောက်လေးနဲ့ ပစ်ပုံကို ပြောဦးမှ စကားရှည်လည်တော့ ပေါ့'

'အဲဒါ ပြောမလို့ပါ၊ ဆိုးပုံက ဒေါ်အိုဇာကြီး ခေါင်းပေါ်က ကွမ်းသီး လုံးလောက် ရှိတဲ့ သျှောင်ထုံးကို မှန်အောင်ပစ်မယ် ဆိုပြီး လောင်ကြေး စားကြေး ပစ်ပြတာ မြို့အုပ်မင်းရဲ့။ ဘယ်အထိ မိုက်လုံးကြီးတဲ့ သူငယ်လဲ ဆိုတာ မပြောနဲ့တော့'

သူကြီးမင်းက တစ်ခါ ဝင်၍ တောပြန်သည်။

'သူက ဒီလောက် မိုက်တိုက်တိုက်ဆိုတော့ သူ့ကို ရတ်တရက် ဆေတော်ကြီးဆီကို မပို့ဝံ့သေးဘူး။ ကျောင်းထားမယ် လုပ်တိုင်း လုပ်တိုင်း သူနဲ့ပတ်သက်ပြီး အမှုက ပွေလွှန်းလို့ ကျွန်တော်မျိုးရဲ့ ညီဝမ်းကွဲတစ်ယောက်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပဥ္စင်းတက်တဲ့ နှစ်ကျမှ မောင်ပဥ္စင်းနဲ့အတူ နေရအောင်ဆိုပြီး ဆတော်ကြီးဆီ ပို့တယ်'

ယခု သူကြီးကတော် အလှည့် ရောက်လာပြန်ပြီ။

'ကျောင်းပို့တာတောင်မှ မိဘဆွေမျိုး အားလုံး ဝိုင်းပြီး လိုက်ပို့ရတယ်။ အဲဒီတော့ သူ့အသက် ဆယ်နှစ်ကျော်ပြီ'

'ဆယ်နှစ် ဘယ်ကမလဲ၊ ဆယ့်နှစ်နှစ် ရှိပြီ။ အဲဒီတုန်းက အဖေကရော အမေကရော တစ်ယောက်တစ်လှည့်စီ ဝါးခြမ်းပြားနဲ့ ရိုက်ပြီး ကျောင်းကို ပို့တယ်။ ကျောင်းမနေချင်ဘူး ဆိုလို့ ကျောင်းထိုင်ဆတော်ကြီးက ဟန့်ယူရတယ်။ ထုံးနန္ဒင်းတောင် သိပ်ပေးရတယ်'

'မှန်ပါတယ် မြို့အုပ်မင်းရဲ့၊ ကျွန်မကိုယ်တိုင် ချော့မော့ပြီး ထုံးနန္ဒင်း သိပ်ပေးရပါတယ်'

'ဒါပေမဲ့ ဆိုးပုံဟာ ဆက်ပြီး မိုက်တုန်းပါပဲ။ ဆတော်ကြီးက ဆိုးပုံဟာ ကျောင်းအောက်မှာ ဒိုးထိုးရင်း ခဏခဏ ရန်ဖြစ်လို့ သူတစ်ပါး ကျောင်းသားကလေးတွေ ထိပ်ပေါက် ခေါင်းကွဲ ဖြစ်တယ်လို့ ခဏခဏ အမိန့်ရှိပါတယ်။ ဒါပေမယ်လို့ ဆတော်ကြီးက သည်းခံတယ်။ တစ်နေ့မှာ ဆိုးပုံဟာ ညချမ်း ဘုရားဝတ်တက်ချိန်မှာ ချက်အရက်မူးပြီး ဦးပဥ္စင်းတွေကို မဟားဒရား ဆဲရေးတိုင်းထွာ လုပ်တယ်။ ဆတော်ကြီးက မှတ်ထားပြီး မနက်ဆွမ်းစားပြီးချိန်မှာ ကျောင်းသားအများရှေ့ ခေါ်ပြီး ကုန်းကြိမ်ကြီး တစ်လုံးလောက်နဲ့ လိမ့်ပြီး ရိုက်လိုက်တာ အားလုံးက မှတ်လောက်သားလောက်ပဲလို့ ပြောကြတယ်'

'အဲဒီတုန်းက ဆိုးပုံဟာ ဆယ့်လေးငါးနှစ် ရှိပြီ။ အဲဒီနောက် ကိုယ်ရင်ဝတ်ရတယ် မဟုတ်လား ဟင်း....ကိုဘိုးသောင်'

'အေး....ဘုန်းတော်ကြီးက ဆုံးမပြီးတဲ့နောက်မှာ သူ ကိုရင် ဝတ်တာပဲ။ ဒါပေမယ်လို့ အဲဒီအချိန်မှာ ဆိုးပုံကို ဘုန်းတော်ကြီးက "မိုက်လုံးကြီးလှချည်ကလား ဇာလာနံရဲ့"လို့ ဆိုပြီး ကြိမ်နဲ့ ဆော်တဲ့အတွက် သူ့ကို တစ်





ကျောင်းလုံးက ကိုရင်ဇာလာနံလို့ ခေါ်လာကြတယ်။ အဲဒီမှာ အတော်ရှက်လာသပေါ့လေ။ ဆိုးပုံရဲ့ မိဘဆွေမျိုးတွေကတော့ သူ့ကို ပဥ္စင်းတက်ခိုင်းမလို့ ကြံထားတာပဲ။ ဒါပေမဲ့ ကိုရင်ဝတ်ကြီးနဲ့ မဗျိုင်း သမီးကို လက်နဲ့ဆွဲတဲ့ကိစ္စ ပေါ်လာတာနဲ့ ဆတော်ကြီးက သူ့ကို လူဝတ်လဲခိုင်းတယ်။ ဒီအထိ ဆတော်ကြီးက သည်းခံဦးမယ်လို့ အောက်မေ့တယ်နဲ့ တူပါရဲ့။ ဒါကြောင့် သူ့ကို ကိုရင်လူထွက် အဖြစ်နဲ့ပဲ ကျောင်းမှာ ဆက်ပြီး လက်ခံထားတယ်'

'ဒါပေမဲ့ မဟန်ပါဘူးတော်။ ကိုရင် လူထွက်ပြီးတဲ့ နောက်ပိုင်းမှာ ကြက်တိုက်၊ ဖဲရိုက် လုပ်လာပြီ။ ဒီလို လူမိုက်မျိုးဟာ ဇာတိကို မစွန့်နိုင်ဘူး'

'နေပါဦးလေ၊ ငါ စကားဆုံးအောင် ပြောပါရစေဦး'

'နို့ ကိုဘိုးသောင်က နင်ပဲ ဒီအကြောင်း ပြောပါဆိုလို့ ကျုပ် ပြောနေတာပဲ။ ကျုပ် ပြောတော့လည်း တော်က ဝင်ဝင် ဖောက်လာတယ်။ တော်ပဲပြော၊ တော်ပဲ ပြော၊ ကျုပ် ကြာတော့ စိတ်မရှည်တော့ဘူး'

'အေးပါ၊ ဟုတ်ပါတယ်၊ မင်းပဲ ပြောပါ။ ငါ အရေးကြီးတာ ကျန်မှာစိုးလို့ ထောက်ပေးနေတာပါ ဟဲ့'

ထိုအခါ မြို့ပိုင်မင်း၊ စာရေးကြီး၊ ဆယ်အိမ်ခေါင်း စသော ပရိသတ်တို့က သူကြီးမင်းနှင့် သူကြီးကတော်တို့ စကားပြော အဝေမတည့်သည်ကို ရှုန်ဖြေရသည်။ မြို့ပိုင်မင်းကလည်း လိုရင်းကို မြန်မြန် နားထောင်ချင်သောကြောင့် သူကြီးမင်းပဲ ဆုံးအောင် ဆက်ပြောပါ ဟူ၍ အဘိယာစက ပြုရလေသည်။

'ဆတော်ကြီးဟာ ဒီကလောက် မိုက်သားဝတဲ့ ဆိုးပုံကို ပြုပြင်ဦးမယ်ဆိုပြီး ဖဲရိုက်၊ ကြက်တိုက် လုပ်သည်အထိ သည်းခံပါတယ်။ ဒါပေမယ်လို့ တစ်နေ့သောအခါမှာ ဆိုးပုံက မင်္ဂလသုတ်ရွတ်နေတဲ့ ကျောင်းသားကလေးကို ဖနောင့်နဲ့ ပေါက်တဲ့အမှု ဖြစ်တော့ ဆတော်ကြီးလည်း သည်းမခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ "ကိုင်း….ဗာလာနံရေ့၊ လူမိုက်လမ်းစဉ်အတိုင်း နင် သွားပေရော့" ဆိုပြီး ကျောင်းတိုက်က နှင်ထုတ်လိုက်တယ်'

မြို့ပိုင်မင်းသည် သူကြီး ပြောလျှင် ရှင်းမည်ထင်၍ သူကြီးအား အကြောင်းစုံ ပြီးအောင် ပြောစေဟု တာဝန်ပေးခဲ့သည်။ ယခု နားထောင်ရင်း ပို၍ ရှုပ်လာပြန်သည်။

'မင်္ဂလသုတ် ရွတ်နေတဲ့ ကလေးတွေကို ဆိုးပုံက ဘာ့ကြောင့် ဖနှောင့်နဲ့ ပေါက်ရတာလဲ ဗျာ'

'အဲဒါပေါ့ ကိုယ်တော်၊ ဒါကြောင့် ခက်တာပေါ့။ ယခု ကိုယ်တော် စစ်ဆေးနေတဲ့ တရားလို ဆိုးပုံ တိုင်ကြားတဲ့ ဆဲမှုမှာလိုပါပဲ မြို့အုပ်မင်းရေ၊ ဒီအကောင်ဟာ ဒီကနေ့အထိ ဒီလိုပဲ။ သူကြီးမင်းက အကျယ်ကို အမိန့်ရှိမှ ကျုပ် နားလည်ရမှာပါ ခင်ဗျာ'

'ဆိုးပုံဟာ ကျွန်တော်မျိုးဆီကို ပထမ အူယားဖားယား လာပြီးတော့ "ဦးကြီးတူမ စောမေက ကျွန်တော့်ကို ဆဲပါတယ်၊ အဲဒါ တရားအတိုင်း လုပ်ပေးပါ" လို့ တိုင်ကြားပါတယ်။ ကျွန်တော်မျိုး သူ့အကြောင်း သိတာပေါ့။ ဒါပေမယ်လို့ စောမေက ကျွန်တော်မျိုးဘက်က တူမ၊ သူက မအေးပုံဘက်က တူ၊ ဒီတော့ မျက်နှာလိုက်တယ်လို့ ပြောမှာစိုးတာနဲ့ ကျွန်တော်မျိုးပဲ သူ့နာမည်ကို မှတ်ပုံတင်စာရင်းထဲမှာ စာရင်းသွင်းပြီး ဆဲမှုလို့ ရေးထားပါတယ်။ တော်တော်ကြာတော့ စောမေတို့ သားအမိ လာပြီး "စောမေကို ဆိုးပုံက သျှောင်ဆွဲပြီး နားထင်ကို လက်သီးနဲ့ ထိုးတယ်"လို့ လာတိုင်ပါတယ်။ တိုင်တဲ့အခါမှာ ကျွန်တော်မျိုးလည်း ဝတ္တရားအရ တိုင်တဲ့အတိုင်း စာရင်းသွင်းလိုက်တာပဲ။ ကျွန်တော်တို့ မြန်မာစကားမှာ ထိုးတယ်၊ ရိုက်တယ်၊ လက်ဆွဲတယ်၊ တွန်းတယ် ပြောရင် စာရင်းရေးတဲ့အခါ လက်ရောက်ကျူးလွန်မှုလို့ ရေးတာ များပါတယ်။ အင်္ဂလိပ်ဥပဒေအရ ပုဒ်မခွဲပေးဖို့ကတော့ မြို့ပိုင်မင်းတို့ အလုပ်ပဲလို့ ယူဆပါတယ်'

'အေးလေ ထားပါတော့၊ ဒါကတော့ ကျေးရွာရဲ့ဓလေ့မို့လို့ ကျုပ်





အပြစ်မထားပါဘူး၊ စာရင်းသွင်းတာ မှန်သရွေ့ချင်လို့ ပြောတာပါ။ ဒါထက်ယ် လို့ ခင်ဗျားတူနဲ့ တူမအကြောင်းကို ကောင်းခန်းမှာ ရပ်မထားပါနဲ့ဦးဗျာ'

'ဟဲ….ဟဲ အဟမ်း အဟမ်း၊ မြို့အုပ်မင်းကလည်း အတော်သဘော ပေါက်လာပြီနဲ့ တူတယ် အေးပုံရေ့'

'အမယ်လေး အေးပုံရေ့တွေ ဘာတွေနဲ့ ကျုပ်ဘက် လှည့်မလာပါနဲ့၊ တော့်ဟာတော် ဆုံးအောင် ပြောစမ်းပါ'

'ဟဲ….ဟဲ ပြောမလို့ပါပဲ ရှင်မရေ့၊ တို့အမျိုးထဲက ထူးခြားတာတွေကို မပြောလို့ မပြီးဘူးကွယ့်။ အဲသလို တရားလို တရားခံ နှစ်ဖက်သား အပြန်အလှန် စွဲဆိုတာကို မှတ်သားပြီး နောက်တစ်နေ့မှာ ကျေးရွာသမာဓိတွေကို အကုန်ဆင့်ခေါ်ပြီး သူတို့ရှေ့မှာပဲ အမှုကို စစ်ပါတယ်။ ဒီအမှုမှာ ကျွန်တော်မျိုးတစ်ယောက်တည်း မစစ်ပါဘူး၊ ကျေးရွာခုံရုံး အနေနဲ့ စစ်ပါတယ်။ ကိုယ့်အမျိုးထဲက အမှုဆိုတော့ တော်တော်ကြာ လူပြောစရာ ဖြစ်လာမယ်။ အဲသလို စစ်လိုက်တော့ စောမေဟာ မင်္ဂလသုတ်ကို ရွတ်နေတုန်း ဆိုးပုံက သျှောင်ဆွဲပြီး လက်သီးနဲ့ ထိုးတယ် ဆိုတာ ထင်ရှားနေတယ်။ ဆိုးပုံကတော့ ပြောတာပေါ့၊ သူ့ကိုမြင်လို့ စောမေက ဗာလာနံလို့ ဆဲပါတယ်လို့ ပြောပါတယ်'

'နေပါဦးဗျာ၊ စောမေက မင်္ဂလသုတ် ရွတ်တာနဲ့ ဘာကြောင့် ဗာလာနံလို့ ဆဲကြောင်း တိုင်ကြားရတာလဲ'

'မြို့အုပ်မင်းနှယ်…. အဲဒါကြောင့် ခက်ပါတယ်၊ မင်္ဂလသုတ်ထဲမှာ ဆိုရင် ကျွန်တော်တို့ရဲ့ သုံးလူ့ထွတ်ထား မြတ်စွာဘုရားဟာ လူမိုက်တို့နဲ့ ဆေးစွာ ရှောင်ကြဉ်အပ်ကြောင်း ပထမဆုံး ဩဝါဒစကား ဟောကြားတော်မူ ဘယ် မဟုတ်လား။ "အသေဝနာစ ဗာလာနံ" အို နတ်သား။ ဗာလာနံ၊ သူမိုက်တို့ကို။ ယာအသေဝနာစ၊ အကြင်မမှီဝဲ မဆည်းကပ်ရခြင်းသည် လည်းကောင်း။ ပဏ္ဍိတာနံ၊ ပညာရှိသောသူကို။ ယာသေဝနာစ၊ အကြင်မှီဝဲ ပူဇော်ရခြင်းသည် သည်းကောင်း။ အတ္ထိ၊ ရှိ၏။ စေ၊ ဤသုံးပါးသော တရားသည်။ မင်္ဂလံ၊



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဟူ၍။ တွဲ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့” အဲသလို ရှိတယ် မဟုတ်လား။

‘စောမေက သင်ပုန်းကြီး ကုန်ခါစမို့လို့ မင်္ဂလသုတ်ကို တက်နေတာ ကိုး၊ အဲဒါမှာ သူ့အမေကလည်း စာထောက်ပေးနေတယ်။ အဲဒီအခါ ငမိုက်သား ဆိုးပုံက အိမ်ရှေ့က ဖြတ်သွားတယ်။ သူ ငယ်ငယ်က ဆတော်ကြီးက သူ့ကို အမြဲ ဗာလာနံလို့ ခေါ်လေ့ရှိတယ်။ တစ်ကျောင်းလုံးကလည်း သူ့ကို ဗာလာနံလို့ လှောင်ကြ ပြောင်ကြတယ်။ အရပ်ထဲကလည်း ဗာလာနံလို့ ဆိုရင် ဆိုးပုံပဲပေါ့လို့ နားလည်ကြတယ်။ မင်္ဂလသုတ်ထဲမှာလည်း အသေဝနာစ ဗာလာနံလို့ ပါတယ်။ ကျောင်းသားကလေးတွေက စာအံတဲ့အခါ အသေဝနာစ ဗာလာနံပုဒ်ကို တအားအော်ပြီး ရွတ်လေ့ရှိတယ်။ ဒါကို ဆိုးပုံက သူ့ကို စောင်းမြောင်း ဆဲဆိုပါတယ် ဆိုပြီး ဖနောင့်နဲ့ ပေါက်ခဲ့ဖူးလို့ ဘုန်းကြီးကျောင်းက ထွက်ခဲ့ရတယ်။

‘ယခုလည်း သူနဲ့ ဆွေရိပ်မကင်း မျိုးရိပ်မကင်း ဖြစ်တဲ့ စောမေက ဗာလာနံ၊ သူမိုက်တို့ကို။ ယာအသေဝနာစ၊ အကြင်မမှီဝဲ မဆည်းကပ်ခြင်း သည်လည်းကောင်းလို့ ရွတ်လိုက်တဲ့အခါ ကေဝဋ္ဋ ပုဏ္ဏားကြီးဟာ သူ့နဖူးက အမာရွတ်ကို စမ်းမိတဲ့အခါမှာ မဟော်သဓာကို ဒေါဖောင်းတာလိုပဲ စောမေ အပေါ်မှာ ဒေါသပုပုန် ထပြီး သူ့အမေ ရှေ့မှာပဲ အိမ်ပေါ်တက်ပြီး လက်သီးနဲ့ ထိုးပါလေရော့။ ဆိုးပုံ ဆိုတဲ့ ငမိုက်သားဟာ မိုက်စွဲ ခုထက်ထိ မပျောက်သေး ဘူး မြို့အုပ်မင်းရဲ့။ ဒီတော့ အမှုသွားအမှုလာ အားလုံး ဆင်ခြင်ပြီးတော့ ဟိုဘက်ဒီဘက် နှစ်ဖက်စလုံးဟာ အမျိုးချည်း ဖြစ်နေလို့ ကျွန်တော်က ပြေစကား ပြောရတယ်။ စောမေရဲ့ အမေက ရှောရှောရှူရှူ ပါပဲ၊ ပြေပါ့မယ် တဲ့။ ဒါပေမဲ့ ဆိုးပုံကို တရားချကြပါ တဲ့။

‘ဒီတော့ ကျေးရွာသမာဓိလူကြီးတွေကလည်း ဗာလာနံလို့ မင်္ဂလ သုတ်ကို ရွတ်တိုင်း ရွတ်တိုင်း ဆဲနေတယ်လို့ ထင်မှတ်တဲ့ အစွဲဟာ မသင့်တဲ့ အကြောင်း ပြောကြတယ်။ ဒါတောင်မှ ငမိုက်သား ဗာလာနံဟာ ဆင်ခြေဆ[illegible]





ပေးနေလို့မို့ ကျွန်တော်မျိုးလည်း စိတ်ကမရှည်တော့ ကြိမ်းမောင်းမိပါတယ်။ ဒါက ကောင်းစေချင်တဲ့ စေတနာနဲ့ ကြိမ်းမောင်းတာပါပဲ။ အဲဒီနောက် လူတွေအားလုံး ပြန်ကြတော့ ကျွန်တော်မျိုးလည်း ဆဲမှုနဲ့ လက်ရောက် ကျူးလွန်မှု ဆိုတဲ့ စာရင်းကို ကြက်ခြေခတ်ပစ်လိုက်တော့တာပါပဲ’

သူကြီးမင်း ပြောပြချက်မှာ ယုတ္တိမရှိဟု မဆိုနိုင်။ ရာဇဝတ်မှုခင်း ရေစစ္စတြီ စာအုပ်ထဲတွင် သူကြီးမင်း ကြက်ခြေခတ်ပုံကို ပြန်ကြည့်လျှင် ၎င်းကြက်ခြေထဲ၌ ဒေါတွေ အများကြီးပါမည်ကို ခန့်မှန်းနိုင်သည်။ ကြက်ခြေခတ်ရန် ခဲတံနှင့် ဆောင့်၍ ထိုးလိုက်သော နေရာတွင် ဆွေးလုနီးနီး စာရွက်သည် ထုတ်ချင်းခပ် ပေါက်နေသည်ကို တွေ့နိုင်ပါသည်။ သို့သော် မြို့ပိုင်မင်း စိတ်ထဲ၌ ဘဝင်မကျသော ကိစ္စတစ်ခု ရှိဟန်တူသည်။ ယင်းမှာ ဆိုးပုံက အိမ်ပေါ်တက်၍ စောမေ၏ သျှောင်ကို ဆွဲကာ လက်သီးနှင့် ထိုးခြင်း မှာ ရာဇသတ်ကြီး ဥပဒေတွင် ဖွင့်ဆိုသော စကားအဓိပ္ပာယ်များအရ ရာဇ သတ်ကြီးပုဒ်မ ၄၅၂ ကျူးလွန်မှု ဖြစ်နိုင်သည်ဆိုသော ကိစ္စဖြစ်သည်။

မြို့ပိုင်မင်းသည် ထိုကိစ္စကို အမှန်အတိုင်း ထုတ်ဖော်၍ သူကြီးမင်း အား ရာဇောဝါဒ ကထာ တစ်ခုလောက်တော့ ပေးလျှင် သင့်လေမည်လား ဟူ၍ စဉ်းစားမိသည်။ သို့သော် စကားဝိုင်းမှာ အတော်ကြာသွားသည်။ နေ့လယ် လက်ဖက်ရည် သောက်ချိန်က ဝိုင်းဖွဲ့ ပြောခဲ့ကြသည်မှာ ယခု နေဝင်၍ ညစာ စားရန် အချိန်သို့ပင် ရောက်လာပြီ။ ထို့ကြောင့် မီးဖိုချောင် ထဲ၌ ချက်ပြုတ်နေကြသော သူကြီးသမီး နှစ်ဦးက ‘အမေ၊ တော်တော်ကြာ ထမင်းပြင်တော့မယ်နော်’ ဟု အချက်ပေးနေကြသည်။ ထို့ကြောင့် မြို့ပိုင်မင်း ခိတ်ထဲတွင် အားနာသောစိတ် ဝင်လာလေသည်။ ထိုအားနာသော စိတ် ကြောင့်လည်း စဉ်းစားစရာ အချက်တစ်ခုကို ထင်မြင်လာသည်။

ထိုအချက်ကား လူ့ဘဝ အဖြစ်အပျက်တို့ကို ရာဇသတ်ကြီးက ဘိတိကျကျ ပြဋ္ဌာန်းလေသလော၊ သို့တည်းမဟုတ် လူ့ဘဝ အဖြစ်အပျက်တို့ က ရာဇသတ်ကြီးကို ဖန်တီးလေသလော ဟူသော အချက်ဖြစ်၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ဤအချက်ကို ဤနေရာမှာ တစ်ထိုင်တည်း စဉ်းစား၍ ပြီးနိုင်မည် မဟုတ်။ ကျူးကျော်မှု၊ လက်ရောက်မှုဟု စာရင်းသွင်းခြင်းမှာ တကယ့်အဖြစ်ကို ကြည့်၍ စာရင်းသွင်းခြင်း ဖြစ်တန်ရာ၏။ ရာဇသတ်ကြီးပါ ဝေါဟာရ တစ်ခုစီကို ကြည့်၍ စာရင်းသွင်းခြင်း ဟုတ်ဟန် မတူချေ။ အသေဝနာစဟု ပြောတိုင်း ပြောတိုင်း မိမိအား သူတစ်ပါးက စောင်းမြောင်း ဆဲဆိုနေသည်ဟု ယူဆသော အဖြစ်မျိုးကို ဥပဒေ စာအုပ်ထဲတွင် ရှာဖွေ တွေ့နိုင်စရာ အကြောင်း မရှိသော်ငြားလည်း သူကြီးမင်း ဦးဘိုးသောင်၏ ကျေးရွာနယ်မြေ၌ကား အကယ်ပင် တွေ့ခဲ့ကြရလေပြီ။

သို့သော် အမှန်တရား ဆန်းကြယ်လာလျှင် အရေးပိုင်မင်းက လက်ခံချင်မှ လက်ခံပေမည်။ ထို့ကြောင့် သူကြီးသမီး နှစ်ဦး ချက်ပြုတ် ကျွေးမွေးသော ထမင်းဟင်းကို မြိန်မြိန်ရှက်ရှက် စားနိုင်အောင် ကျေးရွာအနီးအနား တစ်ပတ်၊ နှစ်ပတ်လောက် လမ်းလျှောက်ထွက်လျှင် အကောင်းဆုံးဟု စိတ်တွင် ပိုင်းဖြတ်ပြီးလျှင် သူကြီးမင်း၏ ရေစစ္စတြီ မှတ်ပုံတင်စာရင်း စစ်ဆေးခြင်း၊ လုပ်ငန်းကို အားလုံး ကောင်းပါသည်ဟု အတည်ပြုချက် ချရင်း အဆုံးသတ်လိုက်လေသည်။

[ ရှုမဝ၊ နိုဝင်ဘာ ၁၉၇၂ ]

BURMESE CLASSIC .com

## ရာပြည့်စာအုပ်တိုက်တွင် ရနိုင်သော စာအုပ်များ

| | | | |
|---|---|---|---|
| ၁။ | ပါရဂူ | သိဒ္ဓတ္ထ | ၂၀၀ ကျပ် |
| ၂။ | ပါရဂူ | ဇုဒ္ဓစကား | ၃၀၀ ။ |
| ၃။ | ပါရဂူ | တမ္မပဏ္ဏိ | ၃၇၅ ။ |
| ၄။ | ပါရဂူ | စရက | ၁၇၅ ။ |
| ၅။ | ပါရဂူ | သားတော်ရာဟုလာ | ၂၀၀ ။ |
| ၆။ | ပါရဂူ | ဓမ္မစကား | ၃၀၀ ။ |
| ၇။ | ပါရဂူ | ဒီဗျာ | ၁၀၀၀ ။ |
| ၈။ | ဒေါက်တာကျော်စိန် | သင့်ဘဝတွက်တာ အသုံးချစိတ်ပညာ | ၅၀၀ ။ |
| ၉။ | ဒေါက်တာကျော်စိန် | လူငယ်လမ်းညွှန် | ၃၅၀ ။ |
| ၁၀။ | ဒေါက်တာကျော်စိန် | သင်သိလိုသမျှ စိုးရိမ်သောကအကြောင်း | ၂၀၀ ။ |
| ၁၁။ | ဒေါက်တာကျော်စိန်(နှင့်–) | မသိစိတ်၏အစွမ်းသတ္တိနှင့် စိတ်ပညာပဒေသာ | ၂၀၀ ။ |
| ၁၂။ | ဒေါက်တာကျော်စိန်(နှင့်–) | စိတ်နယ်လွန်ပညာနှင့် စိတ်ပညာပဒေသာ | ၃၅၀ ။ |
| ၁၃။ | မောင်ပေါ်ထွန်း | ဟားဗတ်စီးပွားရေးတက္ကသိုလ်မှာ မသင်ခဲ့ရသမျှ | ၃၅၀ ။ |
| ၁၄။ | မောင်ပေါ်ထွန်း | ကန္တာရ စမ်းရေအိုင် | ၄၀၀ ။ |
| ၁၅။ | မောင်ပေါ်ထွန်း | စံပြ အရောင်းသမား | ၃၀၀ ။ |
| ၁၆။ | မောင်ပေါ်ထွန်း | လုပ်ငန်းအောင်မြင်ရေး လျှို့ဝှက်ချက်များ | ၃၅၀ ။ |
| ၁၇။ | မောင်ပေါ်ထွန်း | ကိုယ်စွမ်းကိုယ်စပြင့် ကြီးပွားရေး | ၃၀၀ ။ |
| ၁၈။ | မောင်ပေါ်ထွန်း | စွန့်စားမှ အောင်မြင်မည် | ၃၀၀ ။ |
| ၁၉။ | မောင်ပေါ်ထွန်း | ယက်ဝံတူရှင်ကို (ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ) | ၄၀၀ ။ |
| ၂၀။ | မောင်ပေါ်ထွန်း | ငါ့ဘဝ ငါသာသခင် ငါသာဘုရင် | ၃၀၀ ။ |
| ၂၁။ | မောင်ပေါ်ထွန်း | မိန်းမတစ်ယောက်၏ ဘဝ | ၁၂၀၀ ။ |
| ၂၂။ | ကြည်အေး | မေတ္တာမီးအိမ် | ၃၀၀ ။ |
| ၂၃။ | ကြည်အေး | အိပ်မက်နှင်းမြူ ဝတ္ထုတိုစု | ၄၀၀ ။ |
| ၂၄။ | ရွှေဥဒေါင်း | ပထမ်ဆရာသိန်း | ၆၀၀ ။ |
| ၂၅။ | ရွှေဥဒေါင်း | ဂမုန်းနက် | ၃၅၀ ။ |
| ၂၆။ | ရွှေဥဒေါင်း | လမ်းနှစ်သွယ် | ၃၀၀ ။ |
| ၂၇။ | ရွှေဥဒေါင်း | ရတနာသိုက် | ၁၀၀၀ ။ |
| ၂၈။ | ရွှေဥဒေါင်း | သူတော်စိန် | ၄၀၀ ။ |
| ၂၉။ | ရွှေဥဒေါင်း | စောလမုန်သိုက် | ၃၀၀ ။ |
| ၃၀။ | ရွှေဥဒေါင်း | ဘတ်စကာဗျိုလ် ခွေးကြီး | ၃၅၀ ။ |
| ၃၁။ | ရွှေဥဒေါင်း | ဆေတစ်လုံးပိုင်ရှင် | ၅၀၀ ။ |

www.burmeseclassic.com